www.dhammaransi.com

ကျေးဇူးရှင်

လယ်တီဆရာတော်ဘုရားကြီး

၏

# အာဟာရဒီပနီ

အဖြေပေါင်းချုပ်

သာသနာရေး ဦးစီးဌာန သို့
အရှင်ကောဝိဒ မှ
လှူဒါန်းပါသည်။

ဟံသာဝတီ

www.dhammaransi.com

## မုံရွာမြို့

ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး

စီရင်တော်မူအပ်သော

# ဘာသာရေးပုစ္ဆာအဖြေ
# ပေါင်းချုပ်

ဧဝံဂေလိပုစ္ဆာအဖြေ

ဇီးကုန်းကြီးခရစ်ယန်ပုစ္ဆာအဖြေ

ခရစ်ယန်အဆို ၁၁-ချက်အဖြေ

ခရစ်ယန် ရွှေချိန်ခွင် အဆိုအဖြေ

နှစ်ဘာသာ ရှင်းလင်းချက် ပုစ္ဆာအဖြေ

အသားစားခြင်း ပုစ္ဆာအဖြေ

ကမ္ဘာ့ဝိဝါဒပုစ္ဆာအဖြေ

## ၇-ကျမ်းတွဲ

☆

ရန်ကုန်မြို့
ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်
၁၉၅၆-ခု

H 341—A [ဟံသာဝတီ]

www.dhammaransi.com

# နိဒါန်း

**ဘာသာရေး ပုစ္ဆာအဖြေ**

ကမ္ဘာပေါ်တွင်ထင်ရှားသော ဘာသာကြီး များမှာ-ဗုဒ္ဓဘာသာ, ဗြာဟ္မဏဘာသာ, ခရစ်ယန်ဘာသာ,မဟာမက်ဘာသာ-ဟု လေးမျိုးရှိရာ သတ္တဝါများအားဒုက္ခမှကယ်တင်၍ချမ်းသာသုခကိုပေးမှု၌ ရည်ရွယ်ချက်ချင်းတူညီကြသော်လည်း ထိုချမ်းသာကိုရအောင် အားထုတ်မှု၌ကား-မတူသော အချက်ကများလေသည်၊ယင်းသို့ မတူညီမှုကြောင့် မိမိတို့မသိနိုင်၍ ဉာဏ်မပိုင်နိုင်သော ပြောဆိုဝေဘန်ချက်များကို လယ်တီဆရာတော်ဘုရားကြီးအား လျှောက်ထားကြရာ ဆရာတော်ဘုရားကြီးသည်-ဗုဒ္ဓဘာသာလူမျိုးများသာမက အခြားဘာသာဝင် လူမျိုးတို့လည်း မိမိတို့ကိုယ်ပိုင် ဉာဏ်ဖြင့် နှိုင်းချိန်ဝေဘန်နိုင်ကြရန် ရည်သန်တော်မူလျက် ခိုင်လုံသောအထောက်အထား, သင့်လျော်သော ယုတ္တိစကားတို့ဖြင့် အကျယ်တဝင့် ခွဲခြားဝေဘန်၍ ဖြေဆိုတော်မူခဲ့လေသည်။

**ကျမ်းပြုအမော် ဇာတာတော်**

ယင်းသို့ဘာသာရေးနှင့် စပ်သော ဖြေဆိုတော်မူချက်များကို ပေါင်းစုထားသော ဤဘာသာရေး ပုစ္ဆာအဖြေ ပေါင်းချုပ်ကျမ်းကို ပြုစုတော်မူသော **"ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး"** သည် ဒီပဲရင်းမြို့နယ်စိုင်ပြင်ရွာအဘဦးထွန်းသာ,အမိ ဒေါ်ကျုံးတို့မှ ကောဇာသက္ကရာဇ် ၁၂၀၈-ခုနှစ် နတ်တော်လဆန်း ၁၃-ရက် အင်္ဂါနေ့ ညဉ့်တချက်တီးကျော် ၂-ပါဒ်၊ ၂-ဗီဇနာ၊ ၅-ပြန်၊ ၈-ခရာ၊သိဟ်လဂ်၊တူ စန်း၊တနင်္ဂနွေ ကြွင်း၊ တနင်းလာ နဝင်း၊ ၉-လုံး၂-ပါဒ်ထက် လဂ်စီးလျက် ဗီရဏီနက္ခတ် မွန်းတည့်လတ်သော မင်္ဂလာအချိန်တွင် သားမြတ် သားဦး ။မီးရှူးသန့်စင် ဖွားမြင်တော်မူလေသည်။

**နိမိတ်ပေါ်ပြ အမည်တော်ရ**

ဖွားမြင်တော်မူပြီး မကြာမြင့်မီပင် ဖွားသန့်စင်ရာ မင်္ဂလာအိမ်တော်၏အနီး မန်ကျည်းပင်၌ ထောင်၍ ထားအပ်သော ဝါးလုံးမှ သက်တံပေါက်ပြီးလျှင် ၎င်းသက်တံသည် ဖွားသန့်စင်ရာ မင်္ဂလာအိမ်တော်ကို လက်ျာရစ်လှည့်လျက် အိမ်ခေါင်မှ အထက်ကောင်းကင်သို့ **တက်သွားသည်ကို**

www.dhammaransi.com



# နိဒါန်း

လူအများတွေ့ရှိရသဖြင့် မင်္ဂလာနိမိတ်ကို အစွဲပြု၍ **မောင်တက်ခေါင်** ဟု ဗျူပ္ပတ္တိနိမိတ် ကောင်းဟိတ်မင်္ဂလာနှင့်အညီ အမည်နာမ ဘွဲ့ချီသ၍ ခေါ်ဝေါ်ကြလေသည်။

**ဗျူပ္ပတ်အညီ ဘွဲ့တော်ချီ**

၎င်းမောင်တက်ခေါင်သည် အရွယ်တော်မြောက်ကျောင်းနေချိန်သို့ ရောက်လျှင် ရွာဦးကျောင်း ဆရာတော်ကြီး ဦးဓမ္မ မဟာထေရ် အထံတော်၌ အပ်နှံထားရာ သူငယ်တို့တတ်အပ်သော အရပ်ရပ် အတတ်ပညာများကို တတ်မြောက်ပြီးနောက် ရှင်သာမဏေ အဖြစ်ဖြင့် သာသနာ့ဘောင်သို့ တက်ရောက်တော်မူရကား-မောင်တက်ခေါင်-ဟူသော ဝေါဟာရမှ ထက်မြက်စူးရှ လျင်မြန်လှသော**ဉာဏ်**ရှိမှုကိုစွဲ၍ **ရှင်ဉာဏ**-ဟု ဗျူပ္ပတ္တိနိမိတ် ကောင်းဟိတ်မင်္ဂလာနှင့်အညီ အမည်နာမ ဘွဲ့ချီသ၍ နောက်မှတဖန် ခေါ်ဝေါ်ကြပြန်လေသည်။

**ဓမ္မာစရိယ ဆန် ထောက်ရ**

၎င်းနောက် သက်တော် ၂၀-ကျူး၍ ရဟန်းဘဝသို့ ကူးတော်မူပြီးလျှင် [သုဒဿနဝရ ဓမ္မသာမိ မဟာဓမ္မရာဇဂုရု, သုဒဿနဓဇ အတုလဓိပတိ သိရီပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု] ဟူသော တံဆိပ်တော် ၂-ထပ်ရ သံဃာ ၁၀၀၀-ကျော် စာချ **မန္တလေးမြို့ စံကျောင်းဆရာတော်** မဟာထေရ် ကျော်ကြီးထံတော်ဝယ် ပညာရင်နို့ သောက်စို့မှီဝဲ နေစဉ်မှာပင် ၎င်းဆရာတော်ကြီး၏ အန္တေဝါသိက တပည့်ကြီးဖြစ်သော [လုံပဏ်,လင်းပဏ်၊ ဤနှစ်တန်၊ ဘယ်ပဏ်သာ၍ တတ်သနည်း]ဟု ပညာရှိများ နှုတ်၌ အထပ်ထပ် ရွတ်ဆိုခံရသော **စလင်းဦးပဏ္ဍိစ္စမထေရ်** ထံတော်၌ ပိဋကတ်အခြေ တတ်မြောက်နိုင်မြဲတော်မူလေသဖြင့် ပဋ္ဌမစာချ ဆန်ထောက်တော်ရလျက် တပည့်အများ စာပေပို့ချ သင်ကြားပေးနေစဉ်မှာပင် ၁၂၄၀-ခု နှစ်၌ ပါရမီဒီပနီကျမ်းကို ပြုစုတော်မူလေ၏။

**ကျော်စောသတင်း တံဆိပ်နှင်း**

၁၂၄၀-ခုနှစ်သို့ရောက်လတ်သော်ရတနာပုံနေပြည်တော် မန္တလေးမြို့ စံကျောင်းတိုက်ဝိဟာရမှပြောင်းရွှေ့တော်မူခဲ့၍ **မုံရွာမြို့ လယ်တီ ကျောင်းတိုက်ကြီး**

www.dhammaransi.com



ကိုတည်ထောင် ဖန်ဆင်းတော်မူကာ အရပ်ရပ်မှ ပညာရင်နို့သောက်စို့ရန် ရောက်လာကြသော များစွာ သောင်းသောင်း တပည့် သံဃာအပေါင်းတို့အား စာပေပို့ချတော်မူခြင်း တကာ-တကာမအပေါင်းတို့အား တရားရေအေး တိုက်ကျွေးဆုံးမတော်မူခြင်း, ပါဠိဘာသာ-မြန်မာဘာသာ ၂-ဖြာသောကျမ်းဂန်တို့ကို ရေးသားပြုစုတော်မူခြင်း, အမြှုမြှု အရွှာရွှာသို့ လှည့်လည်တော်မူလျက် တရား အမြိုက်မိုယ်းကို တဖြိုးဖြိုးသွန်ချတော်မူခြင်း, အမေးပုစ္ဆာ ပြဿနာအရပ်ရပ်တို့ကို တပ်အပ်သေချာ ဖြေကြားရှင်းလင်းတော်မူခြင်း-စသော ဂုဏ်အပေါင်းတို့ကြောင့် လယ်တီဆရာတော်ကြီး-ဟုအာရှ,ဥရောပ အနှံ့ တအံ့တသြကျော်စောကိတ္တိ ဂုဏ်ရှိန်ညီ၍ ထွန်းလင်းဘိရကား တိုင်းကြီး,ပြည်ကြီးရှင်-ဘုရင်မင်းတို့က **အဂ္ဂမဟာပဏ္ဍိတ**-ဟူသောပါဠိဂုဏ်ဟိတ်ဘွဲ့တံဆိပ်တော်ဖြင့်၎င်း, **ဒီလစ်**-ဟူသော အင်္ဂလိပ်ဂုဏ်ဟိတ် ဘွဲ့တံဆိပ်တော်ဖြင့်၎င်း ဆက်ကပ်လှူဒါန်း ပူဇော်သည်ကို ခံယူရရှိတော်မူလေသည်။

**ကရုဏာရှေးရှု ကျမ်းဂန်ပြု**

ကျေးဇူးရှင် လယ်တီ ဆရာတော်ဘုရားကြီးသည် သာမဏေဖြစ်စဉ်က ကျေးစေခဏ်း ရတုကို စီရင်တော်မူလေသည်၊ ရဟန်းအဖြစ်သို့ ရောက်တော်မူသောအခါ စီရင်ပြုစုတော်မူသော ကျမ်းများမှာ—

| | |
|---|---|
| ၁။ ပရမတ္ထဒီပနီခေါ် [သင်္ဂြိုဟ်မဟာဋီကာသစ်ပါ၌] | ၁၀။ နိဗ္ဗာနဒီပနီ |
| ၂။ နိရုတ္တိဒီပနီခေါ် [ဝုတ္တိမောဂ္ဂလာန်ဋီကာပါ၌] | ၁၁။ မဟာသယနဒီပနီ |
| ၃။ ပဋ္ဌာနုဒ္ဒေသဒီပနီပါ၌ | ၁၂။ ဥတ္တမပုရိသဒီပနီ |
| ၄။ သမ္မာဒိဋ္ဌိဒီပနီပါ၌ | ၁၃။ ပဋိစ္စသမုပ္ပါဒဒီပနီ |
| ၅။ အနုဒီပနီပါ၌ | ၁၄။ အာဟာရဒီပနီ |
| ၆။ ရူပဒီပနီ | ၁၅။ အနတ္တဒီပနီ |
| ၇။ လက္ခဏာဒီပနီ | ၁၆။ ကမ္မဋ္ဌာနဒီပနီ |
| ၈။ ပါရမီဒီပနီ | ၁၇။ အာနာပါနဒီပနီ |
| ၉။ ဝိဇ္ဇာမဂ္ဂဒီပနီ | ၁၈။ စတုသစ္စဒီပနီ |
| | ၁၉။ သစ္စတ္ထဒီပနီ |
| | ၂၀။ ဗောဓိပက္ခိယဒီပနီ |

www.dhammaransi.com



# နိဒါန်း


၂၁။ သောမနဿုပေက္ခာဒီပနီ
၂၂။ ဘာဝနာဒီပနီ
၂၃။ သုကုမာရမဂ္ဂဒီပနီ
၂၄။ သာသနဒါယဇ္ဇဒီပနီ
၂၅။ ရောဂန္တရဒီပနီ
၂၆။ ဓမ္မဒီပနီ
၂၇။ ဒါနာဒိဒီပနီ
၂၈။ မဂ္ဂင်ဒီပနီ
၂၉။ ဂေါဏာသုရာဒီပနီ
၃၀။ နိယာမဒီပနီ
၃၁။ ဝိပဿနာဒီပနီ
၃၂။ အနတ္တဒီပနီကျမ်းသစ်
၃၃။ သီလဝိနိစ္ဆယ
၃၄။ ဝိရတိသီလဝိနိစ္ဆယ
၃၅။ ဣဏပရိဘောဂဝိနိစ္ဆယ
၃၆။ ဒီဃာသနဝိနိစ္ဆယ
၃၇။ သရဏဂုံဝိနိစ္ဆယ ကျမ်းသစ်
၃၈။ အသင်္ခါရ, သသင်္ခါရဝိနိစ္ဆယ
၃၉။ သိက္ခာဂဟဏဝိနိစ္ဆယ
၄၀။ စေတိယင်္ဂဏဝိနိစ္ဆယ
၄၁။ ဥပသမ္ပဒ ဝိနိစ္ဆယ
၄၂။ အာဇီဝဋ္ဌမက သီလအဆုံး အဖြတ်။
၄၃။ ဝိကာလဘောဇန သိက္ခာပုဒ် အဆုံးအဖြတ်။
၄၄။ ပရမတ္ထသံခိပ်
၄၅။ ဝိနယသံခိပ်
၄၆။ သဒ္ဒသံခိပ်
၄၇။ သတ်ပုံသံခိပ်
၄၈။ သင်ပုန်းကြီးသံခိပ်
၄၉။ ပရမတ္ထဒီပနီခေါ် [သင်္ဂြိုဟ် မဟာဋီကာသစ်နိဿယ]
၅၀။ နိရုတ္တိဒီပနီခေါ်[ဝုတ္တိမောဂ္ဂလာန်ဋီကာနိဿယ]
၅၁။ ပဋ္ဌာနသုတ် ပါဠိတော် နိဿယသစ်
၅၂။ အနတ္တဝိဘာဝနာပါဠိ နိဿယ
၅၃။ အာဝေဏိကဂုဏ်တော်ပါဠိ အနက်
၅၄။ လန်ဒန်ပါဠိဒေဝီပုစ္ဆာ ဝိဿဇ္ဇနာပါဠိ
၅၅။ သောတာပန်ပုစ္ဆာ
၅၆။ လယ်တီပုစ္ဆာ အဖြေပေါင်း ချုပ်
၅၇။ နိဗ္ဗာနဝိဿဇ္ဇနာ
၅၈။ ရုပ်ပိုင်းအကျဉ်း
၅၉။ သာသနဝိသောဓနီ ပဌမတွဲ
၆၀။ ၎င်း ဒုတိယတွဲ
၆၁။ ၎င်း တတိယတွဲ
၆၂။ ဓာတ်ကမ္မဋ္ဌာန်းကျမ်းသစ်
၆၃။ ဂမ္ဘီရကဗျာကျမ်း
၆၄။ ဥရောပဗုဒ္ဓဘာသာ အလင်းပြ
၆၅။ ပဋိစ္စသမုပ္ပါဒ်အကျဉ်းလင်္ကာ
၆၆။ သံဝေဂလေးချိုးနှင့်အဓိပ္ပါယ်
၆၇။ ကမ္မဋ္ဌာန်းကျမ်းကြီး
၆၈။ ပုဗ္ဗော ဝါဒ ကမ္မဋ္ဌာန်း
၆၉။ လယ်တီမင်္ဂလာသုတ္တန်
၇၀။ အလင်းကျမ်း

www.dhammaransi.com



**သဗ္ဗေသန်ါရာ အနိစ္စာ** ဤသို့အစရှိသည်ဖြင့် ဒီပနီ,ဝိနိစ္ဆယ, သံခိပ်,ပါဠိ-နိဿယ, ပုစ္ဆာ-ဝိဿဇ္ဇနာ, ဝိသောဓနီ ကျမ်းပေါင်းမြောက်မြားစွာကိုရေးသားစီရင်တော်မူခဲ့ပြီးသည့်နောက်—

**စိံ မဟာနုဘာဝဿ၊ ယံ နာမေတံ မဟေသိနော။**
**န ဘယေန န လဇ္ဇာယ၊ မရဏာဝသမာဂတံ။ ။**

ဟူသော ဒေသနာတော်နှင့်အညီ ကြီးကျယ် မြင့်မြတ်သော အာနုဘော်တော်တို့နှင့် ပြည့်စုံတော်မူသည့် သဗ္ဗညုရှင်တော်မြတ်ဘုရားကြီးသော်မှရှောင်ကွင်း၍ မလွတ်နိုင်၊ကြောက်ရွံ့မဲ့ကင်း သေမင်းအလိုသို့ပါတော်မူရဘိသို့၊ ဘုရားရှင်၏တပည့်သာဝက ကျေးဇူးရှင် လယ်တီဆရာတော် မထေရ်မြတ်ကြီးသည်လည်း ၁၂၇၅-ခုနှစ် ပဌမဝါဆိုလပြည့်ဗုဒ္ဓဟူးနေ့ ၂-နာရီ မိနစ် ၃၀-အချိန်တွင် ပျဉ်းမနားမြို့၌ ကြောက်ရွံ့မဲ့ကင်း သေမင်းအလိုသို့ ပါတော်မူရချေပြီ။

**ပုံနှိပ်စေခြင်း နှလုံးသွင်း** ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ပျံလွန်တော်မူပြီးနောက်၌ စီရင်တော်မူခဲ့သော ကျမ်းစာများ **မတိမ်ကော မပပျောက်စေရန်ရင်း,** တပည့် နောက်သား လူအများတို့ မှတ်သားကြည့်ရှု သတိပြုသဖြင့် ဉာဏ်စဉ်တိုးပွား **နိဗ္ဗာန်တိုင် အကျိုးများစေရန်ရင်း** ရည်သန်ရိုးရင်း နှလုံးသွင်းရှိရကား ပါဠိဆရာကြီး **ဦးခင်စိုး သိရီပဝရ ဓမ္မာစရိယ** အမှူးရှိသော ဟံသာဝတီ ပါဠိဆရာကြီးများက အက္ခရာပုဒ်ရင်း မချွတ်ယွင်းစေရအောင် သုတ်သင် ပြင်ဆင်လျက် ဤဘာသာရေးပုစ္ဆာအဖြေပေါင်းချုပ်ကျမ်းကို စက်တင် ပုံနှိပ်အပ်သည်ဖြစ်ပါကြောင်း။

**"ဟံသာဝတီ"**

www.dhammaransi.com

# မာတိကာ

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

## ဝေံဂေလိပုစ္ဆာအဖြေ


၁။ လယ်တီဆရာတော်ဘုရားကြီးထံလျှောက်လွှာ .... ၁
၂။ ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး
ဖြေဆိုတော်မူချက် .... ၄


## ဇီးကုန်းကြီးခရစ်ယန်ပုစ္ဆာအဖြေ


၁။ ပုစ္ဆာ ၁၆—ချက်ကိုအကျဉ်းဖြေဆိုချက် .... ၁၃


## ခရစ်ယန်အဆို ၁၁—ချက်အဖြေ


၁။ ခရစ်ယန်အဆို ၁၁—ချက် .... ၃၇
၂။ လယ်တီဆရာတော်ဘုရားကြီး၏ ခရစ်ယန်
အဆို ၁၁—ချက်အဖြေ
၁-၂။ ပဌမ,ဒုတိယခရစ်ယန်အဆို
ရှင်းလင်းချက် .... ၄၅
၃။ တတိယခရစ်ယန်အဆိုရှင်းလင်းချက် .... ၅၁
၄။ စတုတ္ထခရစ်ယန်အဆိုရှင်းလင်းချက် .... ၅၈
၅။ ပဥ္စမခရစ်ယန်အဆိုရှင်းလင်းချက် .... ၅၉
၆။ ဆဋ္ဌမခရစ်ယန်အဆိုရှင်းလင်းချက် .... ၆၀
၇။ သတ္တမခရစ်ယန်အဆိုရှင်းလင်းချက် .... ၆၅
၈။ အဋ္ဌမခရစ်ယန်အဆိုရှင်းလင်းချက် .... ၆၇
၉။ နဝမခရစ်ယန်အဆိုရှင်းလင်းချက် .... ၇၂
၁၀—၁၁။ ဒသမ,ဧကာဒသမခရစ်ယန်အဆို
ရှင်းလင်းချက် .... ၇၃


## ခရစ်ယန်ရွှေချိန်ခွင်အဆိုအဖြေ


၁။ ပဌမရွှေချိန်ခွင်အဆိုရှင်းလင်းချက် .... ၇၇
၂။ ဒုတိယရွှေချိန်ခွင်အဆိုရှင်းလင်းချက် .... ၇၈


**H 341—B** [ဟံသာဝတီ]

www.dhammaransi.com

# (ည) မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၃။ | တတိယရွှေချိန်ခွင်အဆိုရှင်းလင်းချက် | .... | ၈၁ |
| ၄။ | စတုတ္ထရွှေချိန်ခွင်အဆိုရှင်းလင်းချက် | .... | ၈၄ |
| ၅။ | ပဥ္စမရွှေချိန်ခွင်အဆိုရှင်းလင်းချက် | .... | ၈၅ |
| ၆။ | ဆဋ္ဌမရွှေချိန်ခွင်အဆိုရှင်းလင်းချက် | .... | ၈၇ |
| ၇။ | သတ္တမရွှေချိန်ခွင်အဆိုရှင်းလင်းချက် | .... | ၈၈ |
| ၈။ | အဋ္ဌမရွှေချိန်ခွင်အဆိုရှင်းလင်းချက် | .... | ၈၉ |
| ၉။ | နဝမရွှေချိန်ခွင်အဆိုရှင်းလင်းချက် | .... | ၉၀ |
| ၁၀။ | ဒသမရွှေချိန်ခွင်အဆိုရှင်းလင်းချက် | .... | ၉၀ |
| ၁၁။ | ဧကာဒသမရွှေချိန်ခွင်အဆိုရှင်းလင်းချက် | .... | ၉၂ |
| ၁၂။ | ဒွါဒသမရွှေချိန်ခွင်အဆိုရှင်းလင်းချက် | .... | ၉၄ |
| ၁၃။ | တေရသမရွှေချိန်ခွင်အဆိုရှင်းလင်းချက် | .... | ၉၉ |
| ၁၄။ | စုဒ္ဒသမရွှေချိန်ခွင်အဆိုရှင်းလင်းချက် | .... | ၁၀၀ |
| ၁၅။ | ပန္နရသမရွှေချိန်ခွင်အဆိုရှင်းလင်းချက် | .... | ၁၀၁ |
| ၁၆။ | သောဠသမရွှေချိန်ခွင်အဆိုရှင်းလင်းချက် | .... | ၁၀၃ |


**မြန်မာ့တမန်စာ့ကြော်ငြာကိုဆရာတော်ရှင်းလင်းချက်**
**နောက်ဆက်တွဲ**


| | | | |
|---|---|---|---|
| ၁။ | ရွှေချိန်ခွင်ဘုရားချင်းနှိုင်းယှဉ်ချက် | .... | ၁၁၁ |
| ၂။ | ရုပ်ပွားဆင်းတုချင်းနှိုင်းယှဉ်ချက် | .... | ၁၂၀ |
| ၃။ | တရားချင်းနှိုင်းယှဉ်ချက် | .... | ၁၃၁ |
| ၄။ | သာသနာချင်းနှိုင်းယှဉ်ချက် | .... | ၁၃၂ |
| ၅။ | ကျမ်းစာချင်းနှိုင်းယှဉ်ချက် | .... | ၁၃၃ |
| ၆။ | အချက်ကြီးလေးပါးကိုရှင်းလင်းချက် | | |
| | ၁။ ဇမ္ဗူဒီပါအတိုင်းအထွာ | .... | ၁၃၅ |
| | ၂။ ဗောဓိပင်အတိုင်းအထွာ | .... | ၁၃၇ |
| | ၃။ ဇမ္ဗူသပြေပင်-ရှိမရှိ,ကျွန်းကြီး ၄-ကျွန်း-ရှိမရှိ | .... | ၁၄၀ |
| | ၄။ မြင်းမိုရ်တောင်စသည်ရှိမရှိ | .... | ၁၄၂ |
| ၇။ | သံဃာချင်းနှိုင်းယှဉ်ချက် | .... | ၁၄၃ |

www.dhammaransi.com



ဦးရေ အကြောင်းအရာ စာမျက်နှာ

## နှစ်ဘာသာရှင်းလင်းချက်ပုစ္ဆာအဖြေ


၁။ စကားချီ

၁။ ပုရာဏဗြာဟ္မဏဘာသာကြီး ထွန်းကားလာပုံ .... ၁၄၉

၂။ ထိုဘာသာကြီးပျက်စီးပုံ .... ၁၅၁

၃။ ကမ္ဘာဦး မိစ္ဆာကျမ်းပေါ်လာပုံ .... ၁၅၄

၂။ လယ်တီဆရာတော်ရှင်းလင်းချက်

၁။ ပုရာဏဗြာဟ္မဏဘာသာနှင့်ဗုဒ္ဓဘာသာ တူညီသောအချက်များအကြောင်း .... ၁၅၀

၂။ နှစ်ဘာသာကွဲပြားသောအချက်များ အကြောင်း .... ၁၅၉

၃။ ဗြာဟ္မဏဘာသာ၌အာသဝက္ခယဝိဇ္ဇာ မရှိခြင်းအကြောင်း .... ၁၆၀

၄။ နှစ်ဘာသာလုံး၌အနတ္တဉာဏ်ပေါက်ရန် ခဲရင်းပုံအကြောင်း .... ၁၆၄

၅။ နိဗ္ဗာန်သုံးမျိုး၏အကြောင်း .... ၁၆၅

၆။ အတ္တဒိဋ္ဌိနှင့်အပါယ်ဘုံအကြောင်း .... ၁၆၅

၇။ နိဗ္ဗာန်သို့ဆိုက်ရောက်ခြင်းအကြောင်း .... ၁၆၀

၀။ အတ္တ,အနတ္တစစ်တမ်းစစ်ချက်အကျယ်

၁။ ပရမတ်,ပညတ်ခွဲပြခြင်း .... ၁၇၀

၂။ အတ္တခေါ်ဆိုခြင်း .... ၁၇၃

၃။ အနတ္တကိုပြခြင်း .... ၁၇၄

၉။ စွဲလမ်းချက် သုံးရပ်ကို ပြဆိုခြင်း အကြောင်း .... ၁၇၀

၁၀။ အတ္တ,အနတ္တစစ်ချက်အကျဉ်း .... ၁၀၁

www.dhammaransi.com



# မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | **အသားစားခြင်းပုစ္ဆာအဖြေ** | | |
| ၁။ | မောင်ချစ်ဘော၏ပုစ္ဆာလျှောက်ချက် | .... | ၁၈၉ |
| ၂။ | ၎င်းအမေး၌စစ်ဆေးချက် | .... | ၁၉၀ |
| ၃။ | လယ်တီဆရာတော်ဘုရားကြီးဖြေဆိုချက် | | |
| | ၁။ ပဌမစကားအဖြေ | .... | ၁၉၁ |
| | ၂။ ဒုတိယစကားအဖြေ | .... | ၂၀၃ |
| | **ကမ္ဘာ့ဝိဝါဒပုစ္ဆာအဖြေ** | | |
| ၁။ | ကမ္ဘာ့ဝိဝါဒလျှောက်ထားချက် | .... | ၂၀၅ |
| ၂။ | လယ်တီဆရာတော်ဖြေဆိုတော်မူချက် | | |
| | (က) ဗုဒ္ဓဘာသာပါဠိတော်လာကမ္ဘာမြေပိုင်းကြီးကို ပြဆိုချက် | | |
| | ၁။ ကမ္ဘာမြေကြီး လုပ်ပုံကိုပြဆိုချက် | .... | ၂၀၈ |
| | ၂။ ကမ္ဘာလောကဓာတ်အနန္တရှိပုံကို ပြဆိုချက် | .... | ၂၁၂ |
| | ၃။ မြင်းမိုရ်တောင်ရှိပုံကိုပြဆိုချက် | .... | ၂၁၇ |
| | ၄။ မြင်းမိုရ်တောင်ကိုနေမိမာန် လှည့်လည်ပုံပြဆိုချက် | .... | ၂၂၂ |
| | ၅။ အတွင်းသမုဒ္ဒရာရှိပုံပြဆိုချက် | .... | ၂၂၄ |
| | ၆။ အံ့ဘွယ်ရှစ်ဖြာအပသမုဒ္ဒရာပြဆိုချက် | .... | ၂၂၅ |
| | ၇။ စကြဝဠာတောင်နှင့်လောကန္တရိက် ငရဲကြီး | .... | ၂၃၀ |
| | (ခ) ပထဝီဝင်စာအုပ်များ၌ပါသောမြေလုံးဝါဒ ရှင်းလင်းချက် | .... | ၂၃၅ |

www.dhammaransi.com



# ဘာသာရေးပုစ္ဆာအဖြေ
# ပေါင်းချုပ်
## ဇေဝဂေလိပုစ္ဆာအဖြေ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

## လျှောက်လွှာ

နိုင်ငံသုံးဆိုင်ရာ-ဗုဒ္ဓဘာသာကောင်စီ
၁၃—ကျုံးကြီးလမ်း
လမ်းမတော်ရပ်
ရန်ကုန်မြို့။

## လယ်တီဆရာတော် ဘုရားကြီးထံ
## လျှောက်လွှာ

ရှိသေလေးမြတ်စွာ ခြေတော်ဦးခိုက်လျှောက်ထားပါသည် သီလ, သမာဓိ, ပညာနှင့်ပြည့်စုံတော်မူပါသော ကျေးဇူးတော်ရှင် ဆရာတော်ကြီးဘုရား။

www.dhammaransi.com



အောက်၌ (မူရင်း) ရေးသားပါရှိပါသော ခရစ်ယန်ဘာသာ လူမျိုးတို့ ထုတ်ဝေသည့် "ဝေံဂေလိသတင်းစာ"ပါ အကြောင်း အရာနှင့် စပ်လျဉ်း၍ ဉာဏ်ပညာနုနယ်သော အင်္ဂလိပ်ပညာသင် ကျောင်းသားတို့မှာ များစွာယုံမှားခြင်းဖြစ်ကြရုံမျှမက အလွန်မှပင် နာကျင်ဘွယ်ရာကောင်းသော အကြောင်းအရာ စကားများဖြစ်သည်-ဟု ထင်ယူသဘောရရှိသဖြင့် ၎င်းတို့အဆင့်ဆင့် ပြောဆိုနှိုးနှောကြပြီးလျှင် ဘုရားတပည့်တော်တို့ နိုင်ငံလုံးဆိုင်ရာဗုဒ္ဓဘာသာအဘွဲ့ အစည်းအဝေးပြုလုပ် စဉ်းစားကြရာ ၎င်းကော်မိတီစုံညီတို့ကပင် အရှင် ဆရာတော်ဘုရားကြီးထံ အဖြေရေးသားချီးမြှင့်တော်မူပါမည့် အကြောင်းနှင့် ပန်ထွာလျှောက်ထားရန် သဘောတူညီ လွှဲအပ်ကြသည့်အတိုင်း ဘုရားတပည့်တော်-အောက်အမည်ပါသူက လျှောက်ထားပါသည်- ကျေးဇူးတော်အရှင် ဆရာတော်ဘုရားကြီးဘုရား။

## ဝေံဂေလိသတင်းစာမူရင်း

### ဗျာဒိတ်ခံရာအင်္ဂါရှစ်ပါး

မည်သည့်ဗုဒ္ဓမဆို ရှေးဦးစွာ ဗုဒ္ဓဖြစ်အောင်ဗျာဒိတ်ကိုဗုဒ္ဓတပါး၌ ခံရမည်၊ ထိုဗျာဒိတ်ခံပြီးမှသာ ဗုဒ္ဓအဖြစ်သို့ရောက်နိုင်လေသည်၊ ယခုနောက်ဆုံးဗုဒ္ဓဖြစ်သော ဂေါတမဘုရားသည်ဒီပင်္ကရာဗုဒ္ဓထံ၌ ဗျာဒိတ်ရ၍ ဗုဒ္ဓအဖြစ်သို့ ရောက်သည်-ဟု ကျမ်းစာ၌အဆိုရှိ၏၊ထိုသို့ဗျာဒိတ်ခံရန်လိုအပ်သောအင်္ဂါ ၈-ပါးမှာ—

၁။ လူစင်စစ်ဖြစ်ခြင်း,
၂။ ယောကျ်ားစင်စစ်ဖြစ်ခြင်း,
၃။ တိဟိတ်ပုဂ္ဂိုလ်ဖြစ်ခြင်း,
၄။ ရသေ့ ရဟန်းပြုသည်လည်းဖြစ်ခြင်း,
၅။ ဘုရားရှင်ကို ကိုယ်တိုင်ကိုယ်ကြပ်ဖူးတွေ့ရခြင်း,
၆။ ဈာန်သမာပတ်နှင့်လည်း ပြည့်စုံခြင်း,
၇။ ဘုရားဆုကို အလိုဆန္ဒလည်းရှိခြင်း,
၈။ ဘုရားဆုကိုလည်းတောင်းယူခြင်း,

www.dhammaransi.com



**မှတ်ရန်။** ဤအင်္ဂါ ၈-ပါးနှင့်ပြည့်စုံမှ ဗုဒ္ဓဖြစ်ရမည်-ဟု ကျမ်းလာသောကြောင့် ယခုဘဒ္ဒကမ္ဘာတွင်ပွင့်တော်မူပြီးသော နောက်ဆုံးဗုဒ္ဓမှာ ဒီပင်္ကရာဗုဒ္ဓထံ ဆုပန်သည် မှန်ပါစေတော့၊ဒီပင်္ကရာမှစသော နှစ်ကျိပ်ရှစ်ဆူသော ဗုဒ္ဓတို့သည် ဘယ်ဗုဒ္ဓထံ၌ အထက်အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသောလူဖြစ်၍ဗျာဒိတ်ခံယူဘူးပါသနည်း၊"ဂင်္ဂါဝါဠုကဗုဒ္ဓ" တို့တွင် လက်ဦးပဌမဗုဒ္ဓကား အခြား ဗုဒ္ဓတဦးတဆူထူးမှ မပွင့်ဘူးသေးသဖြင့် မည်သူ့ထံ၌ ဗျာဒိတ်ခံပါသနည်း၊ စဉ်းစား၍ယုံကြည်ကြပါလေကုန်။

ပညာနုနယ်သော အင်္ဂလိပ်ပညာသင်ကျောင်းသားတို့အား ယုံမှားကင်းပျောက်ရန်တကြောင်း၊ ခရစ်ယန်ဘာသာယူ လူမျိုးတို့၌ အထင်အယူမှားယွင်းခြင်းမှ ကင်းရှင်းရန်တကြောင်း၊ ဗုဒ္ဓဘာသာယူ အပေါင်းတို့၌ ကောင်းစွာနှစ်ခြိုက် အစဉ်တစိုက် မှတ်ပိုက်ရန် တကြောင်း၊ စုပေါင်းများပြားသောအကြောင်းအရာတို့ကို ရှုမြော်တော်မူသောအားဖြင့် ကရုဏာ ရှေ့ထားတော်မူပြီးလျှင် အဖြေရေးသားချီးမြှင့်တော် မူပါမည့်အကြောင်း လျှောက်ထားပါသည်- ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးဘုရား။

မောင်စိန်
အကျိုးဆောင်စက္ကရီတေရီ

www.dhammaransi.com



# ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး ဖြေဆိုတော်မူချက်

''ဝေံဂေလိ''အဖြေ၌ ရှေးဦးစွာဗုဒ္ဓဘာသာ အလိုကို ပြဆိုရာ၏။

အနမတဂ္ဂေါယံ ဘိက္ခဝေ သံသာရော ပုဗ္ဗကောဋိ န ပညာယတိ အဝိဇ္ဇာနီဝရဏာနံ သတ္တာနံ တဏှာသံယောဇနာနံ သန္ဓာဝတံ သံသရတံ။

[အနမတဂ္ဂိယသံယုတ်ပါဠိတော်။]

**အနက်ကား။** ဘိက္ခဝေ၊ ရဟန်းတို့။ အယံသံသာရော၊ ဤသံသရာကြီးသည်။ အနမတဂ္ဂေါ၊ အစမရှိ။ အဝိဇ္ဇာနီဝရဏာနံ၊ အဝိဇ္ဇာ နီဝရဏရှိနေကြကုန်သော။ တဏှာသံယောဇနာနံ၊ တဏှာသံယောဇဉ် ရှိကြကုန်သော။ သန္ဓာဝတံ-သန္ဓာဝန္တာနံ၊ တဘဝမှသည်တဘဝသို့ ပြေးသွား၍ နေကြကုန်သော။ သံသရတံ-သံသရန္တာနံ၊ တဘဝမှသည်တဘဝသို့ကျင်လည်၍ နေကြကုန်သော။သတ္တာနံ၊သတ္တဝါတို့အား။ ပုဗ္ဗကောဋိ၊ ရှေ့အစွန်းသည်။နပညာယတိ၊ သဗ္ဗညုတဉာဏ်၌ပင်မထင်လေ။

ဤပါဠိတော်၌ သဗ္ဗညုတဉာဏ်တော်မည်သည် အလုံးစုံသောအရာမျိုးကို အကြွင်းအကျန်မရှိသိတော်မူ၏၊ ထို့ကြောင့် ''နပညာယတိ၊ သဗ္ဗညုတဉာဏ်၌မထင်လေ'' ဟူ၍ဆိုသဖြင့် ထိုပုဗ္ဗကောဋိဆိုသောရှေ့အစွန်းသည်မရှိ၍မထင်သည်၊ မထင်သောကြောင့် မရှိပြီ-ဟုအမှန်သိအပ်၏၊ ဤအနမတဂ္ဂိယသုတ် ပါဠိတော်ကိုထောက်၍ သံသရာသည်လည်း အစမရှိ၊ကမ္ဘာသည်လည်း အစမရှိ၊ သတ္တဝါသည်လည်း အစမရှိ၊ ဘုရားသည်လည်း အစမရှိ-ဟု ဗုဒ္ဓဘာသာပညာရှိကြီး အဆက်ဆက်တို့ ယူရိုးယူစဉ်,ပြောရိုးပြောစဉ်ဖြစ်၏။

ထိုတွင်သံသရာဆိုသည်ကား—

အသက်ရှိကြသော သတ္တဝါခန္ဓာတို့၏ တဘုံမှသည်တဘုံ, တဘဝမှသည်တဘဝသို့ ပြောင်းရွှေ့ကျင်လည်၍နေကြရသည်ကို သံသရာဆို၏၊ ထို့ကြောင့် သံသရာသည် အစမရှိ-ဟုဆိုသဖြင့် ကမ္ဘာလည်းအစမရှိ၊

www.dhammaransi.com



သတ္တဝါလည်း အစမရှိ-ဟုဆိုခြင်းကိစ္စပြီး၏၊ သတ္တဝါအစမရှိ-ဟု ဆိုသဖြင့်ဘုရားလည်း အစမရှိ-ဟုဆိုခြင်းကိစ္စပြီး၏၊ကမ္ဘာအစမရှိဆိုသောစကားမှာလည်း ဖြစ်တုံပျက်တုံ အစဉ်အဆက်၌ အစမရှိ-ဟုဆိုလိုသည်၊တခုတခုသောကမ္ဘာ၌မူကား အစလည်းရှိ၏၊ အဆုံးလည်းရှိ၏။

အဘယ်သို့အစရှိသနည်းဟူမူကား ရှေးရှေးကမ္ဘာ ပျက်ဆဲအခါ၌ သတ္တဝါအပေါင်းတို့သည် ကမ္ဘာပျက်ဘေးလွတ်ရာ အထက်ဘုံတို့၌ဖြစ်၍နေကြရကုန်၏၊ ထိုအခါ၌ သတ္တဝါတို့သည်အလွန်စိတ်နှလုံးကောင်းကြကုန်၏၊ မေတ္တာ,ကရုဏာ,မုဒိတာ,ဥပေက္ခာဟူသော ဗြဟ္မဝိဟာရတရားအမြဲတည်ရှိကြကုန်၏၊ ထိုကုသိုလ်ကံ၏ အစွမ်းကြောင့် ကမ္ဘာသစ်တည်ထောင်ရန် ကမ္ဘာပြုမိုယ်းကြီးသည် ကြီးကျယ်စွာရွာရလေ၏၊ ယခုရှိနေကြသော မဟာပထဝီမြေကြီး, မြင်းမိုရ်တောင်အစရှိသောကမ္ဘာ့အဆောက်အဦတို့သည် ထိုကမ္ဘာပြုမိုယ်းကြီး, ထိုကမ္ဘာပြုရေကြီးတို့မှစ၍ဖြစ်ပွားကြကုန်၏။

ဤစကား၌ ယုတ္တိသက်သေကား လောက၌ မင်းစိုးရာဇာတို့မှစ၍ကမ္ဘာသူကမ္ဘာသားတို့ ဗြဟ္မဝိဟာရတရားလေးပါး အမြဲတည်ရှိကြကုန်သောအခါ မိုယ်းသည်ကောင်းစွာရွာမြဲဓမ္မတာဖြစ်၏၊ ဗြဟ္မဝိဟာရတရားပျက်ပြယ်ကြသောအခါ မိုယ်းသည် ကောင်းစွာမရွာမြဲဓမ္မတာဖြစ်၏၊ ဤဓမ္မတာတရားကြီးသည် ကမ္ဘာပေါ်တွင်အစဉ်အဆက်ထင်ရှား၍လာခဲ့သောဓမ္မတာတရားရိုးကြီးပေတည်း။

ဤဓမ္မတာ တရားရိုးကြီးကိုထောက်၍ ဗြဟ္မဝိဟာရတရားကြီးလေးပါးသည် မိုယ်းကိုကောင်းစွာ ရွာစေနိုင်သော အကြောင်းရင်းကြီးဖြစ်သည်ဟုသိရ၏၊ ကမ္ဘာပျက်၍ နေဆဲအခါ၌ သတ္တဝါတို့သည် ကမ္ဘာပျက်မီးဘေးကြီး ခြိမ်းချောက်မှုအတွက်ကြောင့် ထိတ်လန့်ခြင်းသံဝေဂတရား အလွန်အားကြီးကြကုန်သည် ဖြစ်၍ ဗြဟ္မဝိဟာရတရားလေးပါးအလွန်မြဲကြလေကုန်သတည်း၊ ကမ္ဘာပျက်မှုမည်သည်လည်း စကြဝဠာပေါင်းကုဋေတသိန်းတပြိုင်နက် ပျက်မြဲဓမ္မတာဖြစ်၏၊ ထို့ကြောင့်ထိုအခါ၌ စကြဝဠာပေါင်းကုဋေတသိန်း၌ရှိနေကြကုန်သော သတ္တဝါတို့သည် ထိုဗြဟ္မဝိဟာရတရားလေးပါး အမြဲတည်ရှိကြလေကုန်၏။

www.dhammaransi.com



ဤမျှလောက်ကြီးကျယ်သောဖြတ္တဝိဟာရတရား အထုကြီး၏ အရှိန်အဝါကြောင့် စကြဝဠာကုဋေတသိန်းလုံးမှာ အလွန်ကြီးကျယ်စွာသော ကမ္ဘာပြုမိုယ်းကြီးသည် ရွာရလေသတည်း၊ ထိုကမ္ဘာပြုမိုယ်းကြီး, ကမ္ဘာပြုရေကြီးသည်မဟာပထဝီအစရှိသောကမ္ဘာအဆောက်အဦတို့၏ အကြောင်းဖြစ်ပုံ ဥပမာကား-လူသတ္တဝါ, နွား,ကျွဲ,မြင်း, ဆင် အစရှိသော ဂဗ္ဘသေယျက သတ္တဝါတို့သည် ရှေးဦးစွာအမိဝမ်း၌ ကလလရေကြည်မှစ၍ ဖြစ်ကြရကုန်၏။

**ဖြစ်ပုံကား။** ရှေးဦးစွာကလလရေကြည် ၇-ရက်၊ထိုနောက်အမြှုပ် ၇-ရက်၊ ထိုနောက်သွေးခဲ ၇-ရက်၊ ထိုနောက်သားတစ် ၇-ရက်၊ ထိုနောက် ၇-ရက်မှစ၍ ဦးခေါင်း,ခြေလက်,ခက်မငါးဖြာကိုယ်အင်္ဂါတို့သည် ဖြစ်ပေါ်ကြကုန်၍ လူကောင်, နွားကောင်, ကျွဲကောင်,မြင်းကောင်, ဆင်ကောင်စသည်တို့ဖြစ်လာကြကုန်၏၊ ဤအတူ မဟာပထဝီမြေကြီးအစရှိသောကမ္ဘာ့ အဆောက်အဦတို့သည်လည်း ထိုကမ္ဘာပြုမိုယ်းကြီး, ကမ္ဘာပြုရေကြီးမှစ၍ ဖြစ်ပွားကြရကုန်၏။

[ဤကား-တခုတခုသောကမ္ဘာ၏အစဖြစ်ပုံတည်း။]

တခုတခုသောကမ္ဘာ၏ ပျက်ဆုံးမှုမှာမူကား-သဝ်ါရမျိုး, အနိစ္စမျိုးဖြစ်၍ ဖြစ်လျှင်ပျက်မြဲဓမ္မတာအတိုင်း ပျက်ကြရကုန်၏။

[ကမ္ဘာတည်ပုံပျက်ပုံကိုစေ့စုံစွာသိလိုမူ ''ဥရောပအလင်းပြကျမ်း'' မှာကြည့်လေ။]

ဤသို့လျှင် အနမတဂ္ဂသံသရာ၌ ကမ္ဘာအဆက်ဆက်တို့၏ ဖြစ်တုံ, ပျက်တုံ အစဉ်မပြတ် ရှည်လျား၍ နေမှုသည် ရှေး၌လည်း အစမရှိ၊ နောက်၌လည်းအဆုံးမရှိ-ဟု ဗုဒ္ဓဘာသာ တရားထင်ရှားရှိ၏၊ ကမ္ဘာအစအဆုံးမရှိလျှင်လည်း သတ္တဝါအစ,အဆုံးမရှိခြင်းသည်ဆိုဘွယ်မရှိပြီးစီးလေ၏။

ဤ၌သတ္တဝါ အဆုံးမရှိဆိုသည်ကား–

ကမ္ဘာပေါ်မှာသတ္တဝါတွေ အကုန်ကွယ်ဆုံးမှုကြီးမရှိသည်ကို ဆိုသတည်း၊ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာအဖြစ်သို့ ရောက်ကြကုန်သောသတ္တဝါတို့မှာမူကား ရှေး၌အစကားမရှိ၊ နောက်၌မှာမူကား-အဆုံးရှိကြ

www.dhammaransi.com



ကုန်၏၊ သတ္တဝါအစအဆုံးမရှိလျှင်လည်းဘုရားလည်းအစ အဆုံးမရှိ-ဟု သိအပ်မှတ်အပ်၏၊ ယုံကြည်အပ်၏၊ ဘုရားအစ,အဆုံးမရှိဆိုသည်မှာလည်း- ရှေးဘုရားအစဉ်အဆက် အစ,အဆုံးမရှိသည်ဆိုသတည်း၊ ရှေး လွန်လေပြီးသော ဘုရားအစဉ်အဆက်မှာလည်း အစဟူ၍မရှိ အနန္တ ဖြစ်လေ၏၊ နောက်လာလတ္တံ့သော ဘုရားအစဉ်အဆက်မှာလည်း အဆုံးဟူ၍မရှိ အနန္တဖြစ်လေ၏။

ဤမျှသောစကားရပ်တို့ဖြင့် ''မောင်စိန်'' ၏လျှောက်လွှာတွင် ပါရှိသော''ဝေဠုဝေလိသတင်းစာပါ ကြောင်းရာအဖြေသည်''ပြီးပြေလေ၏။

**ပြီးပြေပုံကား။** ဒီပင်္ကရာမှစသော နှစ်ကျိပ်ရှစ်ဆူသော ဗုဒ္ဓတို့သည် ဘယ်ဗုဒ္ဓထံ၌အထက်အင်္ဂါ ၈-ပါးနှင့်ပြည့်စုံသော လူဖြစ်၍ဗျာဒိတ်ခံယူပါသနည်း-ဟူသော ပဌမပုစ္ဆာ၌ ဒီပင်္ကရာဘုရားမှ ရှေးအတိတ်ကာလ၌ ဘုရားတွေအနန္တရှိကြောင်းကို ဗုဒ္ဓဘာသာအလို ပြဆိုခဲ့ပြီးဖြစ်၍ ဒီပင်္ကရာမှစသော နှစ်ကျိပ်ရှစ်ဆူသော ဗုဒ္ဓတို့သည် အသီးအသီးအင်္ဂါရှစ်ပါးနှင့် အညီအညွတ်ကြုံကြိုက်ရာဗုဒ္ဓထံ၌ ဗျာဒိတ်ခံရကုန်သည်-ဟု ပြီးပြေလေသတည်း။

''ဂင်္ဂါဝါဠုကာ ဗုဒ္ဓတို့တွင် လက်ဦးပဌမ ဗုဒ္ဓကား- အခြားဗုဒ္ဓတဦးတဆူထူးမှ မပွင့်ဘူးသေးသဖြင့် မည်သူ့ထံ၌ ဗျာဒိတ်ခံယူပါသနည်း''ဟူသော ဒုတိယပုစ္ဆာ၌ ပြင်ဆင်ရန်အချက်ရှိ၏၊ (ဂင်္ဂါဝါဠုကာ ဗုဒ္ဓတို့တွင်) ဟူသော စကားသည် မပြည့် မစုံဖြစ်၍ နေ၏၊ ဗုဒ္ဓဘာသာဆိုရိုးမှာမူကား ''ဂင်္ဂါဝါဠုသဲစုမက'' ဟူ၍ သာ ဆိုရိုးဖြစ်၏၊ ဤ၌''မက''ဟူသော စကားဖြင့် ဂင်္ဂါဝါဠုသဲစုထက် အဆတရာမက၊ အဆ တထောင်မက၊ အဆ တသောင်းမက၊အဆတသိန်း, တသန်း, တကုဋေ မက-ဟုဆိုလို၏၊ ဤသို့အပြည့်အစုံဆိုခဲ့သော် လက်ဦးပဌမ ဗုဒ္ဓ-ဟူ၍ပင်မရှိသောကြောင့် လက်ဦးဗုဒ္ဓသည်ဘယ်ဗုဒ္ဓထံမှာ ဗျာဒိတ်ခံပါသနည်း-ဟူ၍လည်း မေးဘွယ်မရှိ၊စဉ်းစား၍ ယုံကြည်ကြပါလေကုန်-ဟူ၍လည်း သတိပေးဘွယ်မရှိ-ပြီးပြေလေ၏။

ဤ၌ ''ဂင်္ဂါဝါဠုသဲစုမက'' ဟူသော ဗုဒ္ဓဘာသာ ဆိုရိုးစကား၏ အထောက်ပါဠိတော်ကား-မြတ်စွာဘုရား လက်ထက်တော်၌ ပုဏ္ဏားတယောက်သည် မြတ်စွာဘုရားအား ဤသို့ လျှောက်၏၊ အရှင်

www.dhammaransi.com



ဂေါတမ….လွန်လေပြီးသော ကမ္ဘာတို့သည် အဘယ်မျှများပြားကုန်ပါသနည်း-ဟူ၍ လျှောက်ထား၏၊ မြတ်စွာဘုရားက ဤသို့ဖြေတော်မူ၏။

သေယျထာပိ ဗြာဟ္မဏ ယတောစာယံ ဂင်္ဂါ နဒီ ပဘောတိ၊ ယတ္ထ စ မဟာသမုဒ္ဒံ အပ္ပေတိ၊ ယာ ဧဝ တသ္မိံ အန္တရေ ဝါလိကာ၊သာ န သုကရာ သင်္ခါတုံ၊ တတော ဗဟုတရာ ခေါ ဗြာဟ္မဏ ကပ္ပါ အဗ္ဘာတီတာ အတိက္ကန္တာ၊ တေ န သုကရာ သင်္ခါတုံ။

[နိဒါနဝဂ္ဂသံယုတ်,အနမတဂ္ဂိယသံယုတ် ပဌမဝဂ်အဋ္ဌမသုတ်ပါဠိတော်။]

**အနက်ကား။** ဗြာဟ္မဏ၊ပုဏ္ဏား။ သေယျထာပိ၊ ဥပမာဆိုသည်ရှိသော်ကား။ယတောစ၊အကြင်အရပ်မှလည်း။အယံ ဂင်္ဂါနဒီ၊ဤဂင်္ဂါမြစ်ကြီးသည်။ ပဘောတိ၊ အစဖြစ်၍စီးလာ၏။ ယတ္ထစ၊ အကြင်အရပ်၌လည်း။မဟာသမုဒ္ဒံ၊မဟာသမုဒ္ဒရာသို့။အပ္ပေတိ၊စီးဝင်လေ၏။ တသ္မိံ အန္တရေ၊ထို၏အတွင်း၌။ ယာဝါလိကာ၊အကြင်သဲမှုန့်အစုသည်။ အတ္ထိ၊ရှိ၏။ သာ၊ ထိုသဲမှုန့်အစုသည်။ သင်္ခါတုံ၊ ရေတွက်ခြင်းငှာ။ နသုကရာ၊ မလွယ်လေ။ဗြာဟ္မဏ၊ပုဏ္ဏား။ တတော၊ ထိုဂင်္ဂါသဲစုထက်။ အဗ္ဘာတီတာ၊လွန်လေကုန်ပြီးသော။ အတိက္ကန္တာ၊လွန်လေကုန်ပြီးသော။ကပ္ပါ၊ ကမ္ဘာတို့သည်။ ဗဟုတရာ၊ အလွန်များကုန်၏။ တေ၊ ထိုလွန်လေပြီးသော ကမ္ဘာတို့သည်။သင်္ခါတုံ၊ရေတွက်ခြင်းငှာ။နသုကရာ၊မလွယ်ကုန်။

ဤပါဠိတော်၌ လွန်လေပြီးသော ကမ္ဘာတို့ကို ဂင်္ဂါသဲစုထက် အလွန်များကုန်၏-ဟူ၍ ဟောတော်မူသဖြင့် အတိတ်သံသရာ၌ ပွင့်တော်မူကြကုန်သော ဘုရားတို့သည်လည်း ဂင်္ဂါသဲစုထက် အလွန်များကုန်၏-ဟု သိအပ်လေသတည်း။

[ဤကား ဂင်္ဂါသဲစုမျှမက- ဟူသော စကား၏ သက်သေပေတည်း။]

ကမ္ဘာ၏ အစသည်ရှိ၏၊သတ္တဝါ၏ အစသည်ရှိ၏-ဟု ယူသော ဒိဋ္ဌိအတွက် ဒိဋ္ဌိအဆင့်ဆင့်ဖြစ်ပွား၍ သွားပုံကား—

တပါးသောဘာသာတို့၌ ကမ္ဘာသည်အစရှိ၏၊သတ္တဝါသည်လည်း အစရှိ၏ဟုယူသောကြောင့် ထိုအခါ၌ကမ္ဘာဖြစ်ပေါ်နိုင်ရန်အကြောင်း

www.dhammaransi.com



သတ္တဝါဖြစ်ပေါ်နိုင်ရန် အကြောင်းကို ရှာကြံမရရှိနေကြသည့်အတွက် ကမ္ဘာကိုဋင်း, သတ္တဝါကိုဋင်း ဘန်ဆင်းသူရှိသည်ဟု အခိုင်အမြဲယူကြ၏၊ထိုအယူကို ဗုဒ္ဓဘာသာ၌ ဝိသမဟေတုဒိဋ္ဌိအယူဟူ၍ဋင်း, ဣဿရ နိမ္မာနဒိဋ္ဌိအယူဟူ၍ဋင်း ကျမ်းဂန်တို့၌ဆို၏။

၁။ ဝိသမဟေတုဒိဋ္ဌိဆိုသည်ကား ကမ္ဘာဖြစ်ပေါ်ရန်,သတ္တဝါဖြစ် ပေါ်ရန် ဟုတ်မှန်သော အကြောင်းကိုလွှတ်၍ မဟုတ် မမှန်သော အကြောင်းကိုယူခြင်းတည်း။

၂။ ဣဿရနိမ္မာနဒိဋ္ဌိဆိုသည်ကား ကမ္ဘာကို အစိုးရသောကမ္ဘာ့ သခင်ကြီးသည်ရှိ၏၊ထိုသခင်ကြီးသည် ကမ္ဘာကိုဋင်း, သတ္တဝါကိုဋင်း ဘန်ဆင်းသည်ဟုယူခြင်းတည်း။

[ဤကား ကမ္ဘာသည်အစရှိ၏၊ သတ္တဝါသည် အစရှိ၏-ဟု ယူသည့် အတွက် ဒုတိယဒိဋ္ဌိဖြစ်ပွား၍ သွားပုံတည်း။]

၃။ တဘန်-ထိုကမ္ဘာကို ဘန်ဆင်းသော သခင်ကြီးသည် အစရှိသ လော,အစမရှိသလောဟုမေးရန်ရှိ၏၊အစရှိသည်ဟုဆိုခဲ့သော်ထိုသခင် ကြီးကို ဘန်ဆင်းသူပေါ်ရလိမ့်မည်ဖြစ်၏၊ ဤသို့ဖြစ်ခဲ့သော် အဆင့်ဆင့် ဘန်ဆင်းသောသူ မဆုံးနိုင်ဖြစ်ရာ၏၊ ထို့ကြောင့် ထိုသခင်ကြီးကို အစ လည်းမရှိ၊ အဆုံးလည်းမရှိ၊ နိစ္စထာဝရဖြစ်၏-ဟု ခိုင်မြဲစွာယူရပြန်၏၊ ဤအယူကို ဗုဒ္ဓဘာသာ၌ သဿတဒိဋ္ဌိဟုခေါ်၏။

[ဤကား တတိယဒိဋ္ဌိဖြစ်ပွား၍ သွားပုံတည်း။]

၄။ ထိုအစမရှိ အနန္တကာလ၌ ကမ္ဘာ,သတ္တဝါကို မဘန်ဆင်းဘဲ တပါးတည်းတကိုယ်တည်းနေခဲ့လေသလော၊သို့မဟုတ်ကမ္ဘာ,သတ္တဝါ ကို ဘန်ဆင်းလိမ့်မည်လောဟု တွေးတောဘွယ်ရှိ၏၊ မဘန်ဆင်းဘဲ တပါးတည်း တကိုယ်တည်းနေခဲ့သော်အကျိုးမရှိ၊ ကေန်ဘန်ဆင်းလိမ့် မည်-ဟု ကြံဘွယ်ရှိ၏၊ ဘန်ဆင်းခဲ့သော်ထိုသခင်ကြီးသည်လည်း အစ မရှိသောကြောင့် ကမ္ဘာသည်လည်းအစမရှိ၊ဖြစ်တုံ-ပျက်တုံ-အဆက် ဆက်ရှည်လျား၍ နေသည်-ဟု ဗုဒ္ဓဘာသာနှင့် ရောမိကြ၏၊ ထိုသခင် ကြီးသည်လည်း ကမ္ဘာ, သတ္တဝါတို့ကိုဘန်ဆင်းနိုင်သော အလွန်ကြီး ကျယ်သော တန်ခိုးရှိသည်ဖြစ်၍ မိမိကိုယုံကြည်စွာ ကိုးကွယ်သောသူတို့

www.dhammaransi.com



ကို ဒုစရိုက်အပြစ်တို့မှ ပ-ပျောက်စေ၍သေကြသည်မှနောက်၌ အထက် ကောင်းကင်ဘုံသို့ ကယ်တင်နိုင်သောတန်ခိုးရှိသည်-ဟူ၍လည်းယုံကြည် ကြ၏။

[ဤကား စတုတ္ထဒိဋ္ဌိဖြစ်ပွား၍သွားပုံတည်း။]

သို့သော်-ကမ္ဘာကိုဖန်ဆင်းသည်-ဟူသော အချက်သည် ပင်လျှင် တွေးပုံ,ကြံပုံထုတ်၍ ယူဆရသော အချက်မျှသာဖြစ်၍ အခိုင်အမြဲ ယူသင့်မည်,မယူသင့်မည်-ကြံဆရန်ရှိသေး၏၊ ကမ္ဘာကို ဖန်ဆင်းသည် ဟူသော အယူမဟုတ်မမှန်ဘဲ ချော်လွဲခဲ့သည်ရှိသော် ဒုစရိုက်အပြစ်တို့ ကို တန်ခိုးတော်ဖြင့် ပ-ပျောက်စေနိုင်သည်၊ ကောင်းကင်ဘုံသို့ ကယ် တင်နိုင်သည်-ဟူသော ယုံကြည်ခြင်းများသည်လည်း ကေန် ချော်လွဲ လေရာ၏၊ ဤသည်လည်းတကြောင်း။

ခရစ်တော်ဆရာသည် တပည့်များကိုဆုံးမခဏ်းတခု၌—

၁။ မျက်စိကို မတော်ရာကိုမကြည့်စေရန် နိုင်နင်းအောင်ဆုံးမရ မည်၊ ဆုံးမ၍ မနိုင်လျှင် မျက်စိကိုဖောက်၍ထားရမည်၊ မျက် စိကိုဖောက်၍ထားခဲ့သော်-ဒုက္ခကြီးမရောက်ပါလောဆိုမူ ဤ ဒုက္ခသည် မပြောစလောက်၊မျက်စိကိုမဆုံးမနိုင်၍ မတော်ရာ ကို ကြည့်သည့်အတွက် သေသည်မှနောက်၌ အနန္တငရဲကြီးသို့ ကျတတ်၏။

၂။ ယို့အတူနားကိုဆုံးမရမည်၊ နှာခေါင်း,နှုတ်, လျှာတို့ကို ဆုံးမ ရမည်၊ခြေ,လက်တို့ကိုဆုံးမရမည်၊ ဆုံးမ၍မရနိုင်ခဲ့သော်ဖြတ်၍ ထားရမည်၊ ဖြတ်၍ထားခဲ့သော်-ဒုက္ခကြီး မရောက်ပါလော ဆိုမူ ဤဒုက္ခသည်မပြောစလောက်၊ ခြေ, လက်ကို မဆုံးမနိုင်၍ မတော်ရာသို့ သွားသည့်အတွက် မတော်ရာကို ပြုလုပ်သည့် အတွက် သေသည်မှနောက်၌ အနန္တငရဲကြီးသို့ ကျတတ်၏—

ဟု ခရစ်တော် ဆုံးမချက်များကိုဘတ်ရှုရဘူး၏၊ အလွန်ကောင်း လှပေ၏၊ ဗုဒ္ဓဘာသာ၌ ဣန္ဒြိယသံဝရသီလ ခေါ်၏၊ ဤဆုံးမချက်ကို ထောက်သော် ထာဝရဘုရားကို ယုံကြည်စွာ ကိုးကွယ်လျှင် ဒုစရိုက် အပြစ်မှ ပ-ပျောက်သည်-ဟူသော အယူသည် ဟုတ်မှဟုတ်ပါမည် လား-ဟုတွေးတောဘွယ်ရှိ၏၊အကြောင်းမူကား-ဒုစရိုက်ကို ပ-ပျောက်

www.dhammaransi.com



စေနိုင်သော တန်ခိုးရှိသည် မှန်ခဲ့သော် ခရစ်တော်သည် ဤဆုံးမခက်း ကို ဟောဘွယ်မရှိ၊ မျက်စိကိုမဆုံးမနိုင်၍ ဒုစရိုက်အပြစ်ပင် ရောက် သော်လည်း ထာဝရ ဘုရားအမြဲကိုးကွယ်သော သူတို့မှာ ထိုဒုစရိုက် အပြစ်သည် ပ-ပျောက်ရမည်ကေန်ဖြစ်၏၊ ထိုသို့ကား မဟုတ်၊ခရစ် တော်သည် မျက်စိကိုဖောက်၍ ပစ်ရမည်-အစရှိသည်ဖြင့်အလွန်ကြပ် တည်းစွာဆုံးမပေ၏၊ ထို့ကြောင့် ဒုစရိုက်အပြစ်ကို တန်ခိုးတော်ဖြင့်ပယ် ဖျောက်နိုင်သည်-ဟူသောယုံကြည်ခြင်းသည်ဟုတ်မှဟုတ်ပါမည်လော- ဟု တွေးတော်ဘွယ်ရှိ၏၊ ဤသည်လည်းတကြောင်း။

ခရစ်တော်သည် လက်ဝါးကပ်တိုင်၌ အသတ်ခံရသည်မှာ ထာဝရ ဘုရားကို ယုံကြည်စွာကိုးကွယ်သောသူတို့၏ ဒုစရိုက် အပြစ်များကိုပြေ ပျောက်စေခြင်းငှါ အသေခံတော်မူသည်-ဟု ပြောဟောကြသည်များ ကို များစွာကြားဘူးရ၏၊ ထာဝရဘုရားကို ယုံကြည်စွာ ကိုးကွယ်ကြ လျှင် ဒုစရိုက်အပြစ်တို့မှ ပပျောက်ရိုး မှန်ခဲ့သော် ခရစ်တော်သည် သတ္တဝါတို့၏ ဒုစရိုက်အပြစ်ပပျောက်စေခြင်းငှါ အသေခံဘွယ်ကိစ္စမရှိ၊ အသေခံရမှုသည် အကြီးဆုံးသော ဆုံးရှုံးမှုကြီးဖြစ်၏၊ တန်ခိုးတော် ဖြင့် ဒုစရိုက်အပြစ်ကို ပယ်ဖျောက်နိုင်သည်-ဟူသော အယူသည် ပျက် ကွက်သော အယူဖြစ်လျှင်လည်း တန်ခိုးဖြင့် နိဗ္ဗာန်ဘုံသို့ ကယ်တင် နိုင်သည်-ဟူသော အယူသည်လည်း ပျက်ကွက်သော အယူဖြစ်လေ တော့သည်၊ အဘယ့်ကြောင့်နည်းဆိုသော် ဒုစရိုက်ပျောက်ကင်းမှုမရှိ လျှင် ကောင်းကင်ဘုံသို့ရောက်နိုင်ခွင့်မရှိသောကြောင့်တည်း၊ စဉ်းစား ၍ ယုံကြည်ကြပါလေကုန်။

ဤသို့သောအကြောင်းများကြောင့် ထိုကမ္ဘာ့သခင်ကြီးသည် "တန် ခိုးတော်ဖြင့် ဒုစရိုက်အပြစ်ကိုပယ်နိုင်သည်၊ကောင်းကင်ဘုံသို့ကယ်တင် နိုင်သည်"ဟူသော အယူ၌ အလွန်စဉ်းစားချက်များကြောင်းကို သတိ ထားကြရန်ကောင်းလှ၏၊ စဉ်းစား၍ ယုံကြည်ကြပါလေကုန်။

၁၂၇၁-ခု၊တန်ဆောင်မုန်းလပြည့်ကျော် ၁၀-ရက်နေ့ရန်ကုန်မြို့ ဆင်လမ်း ခြံနံပါတ် ၃၃၊မာဖီရား- လယ်တီစံကျောင်း၌ နေစဉ် ဤအ ဖြေမှုကို "လယ်တီဦးဝဏ္ဏိတ"ရေးကူးစုဆောင်းအပ်သည်။

ဝေံဂေလိပုဏ္ဏာအဖြေပြီး၏။

www.dhammaransi.com

# ဇီးကုန်းကြီးခရစ်ယန်ပုစ္ဆာအဖြေ

## နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## မီးရထားလမ်း ဇီးကုန်းကြီးမြို့ ခရစ်ယန်အသင်းသားတို့၏ ပုစ္ဆာ ၁၆-ချက်ကို အကျဉ်းဖြေဆိုချက်

မြို့စဉ် ရွာစဉ် လှည့်လည်လျှောက်သွားခိုက် ကြုံကြိုက်သည် တကြောင်း၊ ရောက်လေရာရာ မြို့ရွာတို့၌ လူပရိသတ်, ရှင်ပရိသတ်တို့နှင့် နေ့မစဲ, ညဉ့်မစဲ ရောနှောဆက်ဆံ၍ နေရသည်တကြောင်း၊ ထိုအကြောင်းများကြောင့် ဗုဒ္ဓဘာသာကျမ်းဂန်၌လာရှိသော ပါဠိဘာသာစကားတော်များကို ထုတ်ဘော်ညွှန်ပြ၍ အကျယ်ဝိတ္ထာရအားဖြင့်ဖြေဆိုခွင့်မရ၊ ကျမ်းဂန်လာရှိသည့်အတိုင်း သိမှတ်၍နေသော အနက်သဘောကို ပြောပြဖြေဆိုပေအံ့။

**၁-အမေး။** အရိယာသူတော်တို့၏ ရှေးကာလနေရင်းအရပ်သည် အဘယ်ဒေသမှာရှိပါသနည်း။

**အဖြေ။** ဣန္ဒိယနိုင်ငံအလယ်ပိုင်းမှာရှိသည်၊ ကာသိတိုင်း ဗာရာဏသီပြည်, ကောသလတိုင်းသာဝတ္ထိပြည်, မာဂဓတိုင်းရာဇဂြိုဟ်ပြည်, ဝဇ္ဇီတိုင်းဝေသာလီပြည်-အစရှိသောအရပ်ဒေသများသည်ရှေးကာလမှစ၍အရိယာသူတော်တို့၏ နေရပ်ဒေသများဖြစ်ကြပေသတည်း။

**၂-အမေး။** ထိုအရိယာလူမျိုးတို့ကို အဘယ့်ကြောင့် အရိယာဟုခေါ်ပါသနည်း။

**အဖြေ။** အရိယာဟူသောစကားသည် စင်ကြယ်ခြင်းအနက်, မြင့်မြတ်ခြင်းအနက်ကိုဟော၏၊ ပစ္စန္တရာဇ်ခေါ်သော အစွန်အဖျားကျသောတိုင်းသားပြည်သားတို့ထက် ထိုအရိယာသားတို့သည် အယူသီလစင်ကြယ်ကြကုန်၏၊ အယူသီလစင်ကြယ်ကြကုန်သည်ဖြစ်၍ မြင့်မြတ်ကြကုန်၏၊ ထို့ကြောင့် ထိုလူမျိုးတို့ကိုအရိယာဟုခေါ်သည်။

www.dhammaransi.com



၃—အမေး။ ထိုအရိယာလူမျိုးတို့သည် ဘယ်အတွက်ကြောင့်မဇ္ဈိမတိုက်သို့ရောက်ကြပါသနည်း။

အဖြေ။ ထိုလူမျိုးတို့သည် ရှေးအခါ၌မဇ္ဈိမတိုက်တွင်တိုင်းရင်းသား ပြည်ရင်းသားများဖြစ်ကြ၏၊ တခြားတပါးသော ပစ္စန္တရာဇ်တိုင်းပြည်တို့မှ လာရောက်ကြသော တတိုင်းသား တပြည်သားမဟုတ်ကြကုန်။

၄—အမေး။ ယခု ထိုအရိယာလူမျိုးတို့သည် ဘယ်မှာ ရှိကြပါကုန်သနည်း။

အဖြေ။ ယခုကာလ၌ ထိုအရိယာခေါ်သော ဟိန္ဒူလူမျိုးတို့သည် မဇ္ဈိမဒေသခေါ်သောဟိန္ဒူတို့ပြည်မှာရှိကြကုန်၏၊အချို့အချို့သောသူတို့သည် အယူသီလဘောက်ပြားကြကုန်သဖြင့် တိုင်းချင်းပြည်ချင်းတိုက်ခိုက်ကြကုန်၍ရှင်ဂေါတမဘုရားမပေါ်ထွန်းမီရှေးအနှစ်သုံးရာခန့်ကာလကပင် အရှေ့ဘက်သို့အချို့ရောက်လာကြကုန်၍သလ္လာဝတီမြစ်စဉ်တလျှောက်, ရောဝတီမြစ်စဉ်တလျှောက် မြို့ပြ-ပြည်ရွာများတို့ကို တည်ထောင်၍နေကြကုန်သည်၊ မြန်မာလူမျိုး,တလိုင်းလူမျိုး,ရခိုင်လူမျိုးတို့သည် အရိယာလူမျိုးတို့၏ အနွယ်အဆက်ဖြစ်ကြောင်းကို ရှေးရာဇဝင်ဟောင်းများတွင်လာရှိသည်။

မြန်မာသက္ကရာဇ်-၁၂၅၇-ခုနှစ်တွင် မာဂဓတိုင်းရာဇဂြိုဟ်ပြည်သို့ ဘုန်းကြီးကိုယ်တိုင်ရောက်ရှိ၍ ထိုအရပ်သားပညာရှိကြီးများနှင့်တွေ့ဆုံကြရာ မြန်မာလူမျိုးတို့သည် ဇာတ်ပျက်သဖြင့် ဇမ္ဗူဒီပ မဇ္ဈိမဒေသမှအရှေ့ဘက်သို့နှင်ထုတ်ထွက်သွားရသော ဇမ္ဗူဒီပမဇ္ဈိမ အနွယ်အဆက်ဖြစ်ကြောင်းပြောဆိုသည်ကို ကြားသိခဲ့ရသည်၊မြန်မာရာဇဝင်ဟောင်းများအထွက်နှင့် မာဂဓတိုင်းသား ပညာရှိကြီးများပြောဆိုချက် ညီညွတ်သကဲ့သို့ထင်ပေသည်။

၅-အမေး။ ရှေးကာလမှာရှိခဲ့လျှင် ယခုကာလမှာ မရှိသင့်ပါလော။

အဖြေ။ ရှေးကာလမှာရှိသကဲ့သို့ ယခုကာလမှာလည်းထိုဒေသမှာရှိကြပါ၏၊ရှိကြသော်လည်းရှေးကာလမှာရှိကြသော အရိယာလူ

www.dhammaransi.com



မျိုးတို့သည် စည်းစိမ်ချမ်းသာ,ဉာဏ်ပညာ, ဘုန်းတန်ခိုးကြီးကြကုန်၏၊ နောက်ကာလ၌အရိယာတရားဘောက်ပြားကြသဖြင့်တတိုင်းနှင့်တတိုင်း တပြည်နှင့်တပြည်တိုက်ခိုက်ခြင်းကြောင့် မိုယ်းခေါင်ရေရှားများပြားကြသဖြင့် ယခုကာလရှိနေကြသော အရိယာလူမျိုးတို့သည် စည်းစိမ်ချမ်းသာ,ဉာဏ်ပညာ,ဘုန်းတန်ခိုးသေးသိမ် ပုတ်ညံ့လျက်ရှိကြကုန်၏၊ ဤလူမျိုးတို့သည် ရှေးအခါ၌ ဘုန်းတန်ခိုးကြီးဘူးသည်-ဟု ပြော၍ပင် မယုံနိုင်လောက်အောင်ရှိနေကြကုန်၏။

မြန်မာသက္ကရာဇ် ၁၂၅၇-ခုနှစ်တွင် ဘုန်းကြီးကိုယ်တိုင် ဗင်္ဂလားမြို့သို့ရောက်၍ ဗင်္ဂလားမြို့ရှိဆေးရုံတော်ကြီးများ၌ ဆေးပညာကို သင်ကြား၍ နေကြကုန်သော ဆေးရုံတော်သားများနှင့်တွေ့ဆုံကြရာ အစိုးရဆေးရုံတော်မှာရှိနေကြကုန်သော ဆေးပညာကြီးများသည် ဤဇမ္ဗူဒီပတိုင်းမှ အရင်းမူလဖြစ်ကြောင်း၊ ဥရောပတိုက်တိုင်းများ၌ ယခုအခါရှိနေကြသော ဗေဒင်ပညာ,လောကဓာတ်ပညာများသည် ဤဇမ္ဗူဒီပနိုင်ငံမှ နည်းဟောင်းမှုဟောင်းတို့ကိုတွေ့ရှိကြ၍ ဉာဏ်ပညာပွားများကြကြောင်း ဆရာဝန်ကြီးတို့ မိန့်ဆိုကြကုန်သည်-ဟု ပြောဆိုကြသည်ကို ကိုယ်တိုင်ကြားသိခဲ့ရသည်။

၆—**အမေး**။ ဇမ္ဗူဒီပ်ကျွန်းသည် ဘယ်မှာရှိပါသနည်း၊ ၎င်းကိုနယ်နိမိတ်သတ်၍ပြပါ။

**အဖြေ**။ ဥရောပတိုက်, အာဖရိကတိုက်, အာရှတိုက်-တည်းဟူသော တိုက်ကြီးသုံးတိုက်တို့ဖြင့် ခြားနားလျက် တည်ရှိသော ဇမ္ဗူဒီပ်ကျွန်းကို နယ်နိမိတ်နှင့်တကွသိလိုသော် ပထဝီဝင်ချုပ် အဟောင်းအသစ်,အကျယ်အကျဉ်းနှင့်တကွ ပထဝီမြေပုံအကျယ်အကျဉ်းရှိလေ၏၊ ဗုဒ္ဓဘာသာကျမ်းဂန်တို့၌ ဇမ္ဗူဒီပ်ကျွန်းသည် ယူဇနာ တသောင်းရှိသည်-ဟု လာ၏၊ ပထဝီဝင်ကျမ်းအလို ယူဇနာ တသောင်းမရှိ၊ ကမ္ဘာဦးအခါ၌ ယူဇနာတသောင်းပင်ရှိပေရာ၏၊ နောက်ကာလ၌ အချို့အချို့သော နိုင်ငံအရပ်ဒေသများသည် ပင်လယ်ရေ လွှမ်းသဖြင့် ပင်လယ်ရေပြင်ဖြစ်သည်လည်း အလွန်များ၏၊ သတင်းစာများမှာပင် မကြာမကြာတွေ့ရှိရ၏၊ ယခုအခါ၌ ယူဇနာတသောင်းမရှိနိုင်ပြီ၊ ကျမ်းစာနှစ်ပါးလုံးပင် အမှန်ဖြစ်သည်-ဟုယုံကြည်ရသည်၊ဇမ္ဗူဒီပ်ကျွန်းကြီး

www.dhammaransi.com



မှာ ကျွန်းငါးရာအရံရှိသည်-ဟူသော ဗုဒ္ဓဘာသာကျမ်းဂန်စကားများ သည်လည်း ကမ္ဘာဦးအခါနှင့် ညီပေရာ၏၊ ယခုအခါ၌ကား ကျွန်းငယ် အထောင်မကများပြားသည်ကို ပထဝီဝင်ကျမ်းများ၌ တွေ့မြင်ရ၏၊ ရှေ့ကိုလည်း ကျွန်းငယ်အများတိုးပွားလိမ့်ဦးမည်၊ ရေကြောင်း, လေ ကြောင်းမည်သည် အတည်အမြဲမရှိ၊ ရေကြောင်း, လေကြောင်းရွေ့ ပြောင်းတိုင်း ကျွန်းသောင်အများပေါ်ထွန်းရ၏။

**၇-အမေး။** မြင်းမိုရ်တောင်ဘယ်မှာရှိပါသနည်း။

**အဖြေ။** ဇမ္ဗူဒိပ်ကျွန်းမှ မြောက်အရပ်မျက်နှာမှာရှိသည်- ဟု ဗုဒ္ဓဘာသာကျမ်းတို့မှာလာ၏၊ ဥရောပတိုက်သားတို့သည် သင်္ဘော ဖြင့် မြောက်စူးစူးသို့ သုံးလတိုင်တိုင်သွားကြ၏၊ ဓူဝံကြယ်၏ အောက် သို့ရောက်၏၊ မြင်းမိုရ်တောင်ကို မတွေ့၊မြင်းမိုရ်တောင်မရှိ-ဟုဆိုကြ၏၊ မြင်းမိုရ်တောင်ကိုပတ်ဝိုက်၍ နေသော မဟာသမုဒ္ဒရာသည် အနံအား ဖြင့် ယူဇနာရှစ်သောင်း,လေးထောင်ကျယ်သည်-ဟုလာ၏၊ အင်္ဂလိပ် မိုင်ပေါင်းတသန်း, ကိုးသောင်း, နှစ်ထောင်ခန့်ကျယ်၏၊ ပြင်ဘက်မှာ သတ္တရဘန်နှင့် သမုဒ္ဒရာခုနစ်ထပ်အရံရှိသေး၏၊ ဥရောပတိုက်သင်္ဘော သည် တနေ့တနေ့လျှင် မိုင်ပေါင်းသုံးရာပင်သွားသော်လည်း မြင်းမိုရ် တောင်အကွာခရီးကိုမမှီနိုင်၊ဓူဝံကြယ်၏ အောက်သို့ရောက်၏-ဟူသော စကားသည် အမှန်ပင်ဖြစ်ပေရာ၏၊ဓူဝံကြယ်သည် တခုသောကောင်း ကင်အဘို့၌ အမြဲတည်သော ကြယ်တခုပေတည်း၊ မြောက်အရပ်သို့ ခရီးတာရှည်သွားခဲ့လျှင်ထိုကြယ်၏မြောက်သို့ပင် ရောက်နိုင်လတံ့။

**၈-အမေး။** မြစ်ကြီးငါးသွယ်, မြစ်ငယ်ငါးရာသည် ဘယ်မှလာ သနည်း။

**အဖြေ။** မဇ္ဈိမဒေသမြောက်အရပ်၌ရှိသောဟိမဝန္တာတောကြီး မှလာ၏၊ ထိုတောကြီးကိုပထဝီဝင်ကျမ်းများ၌ ဟိမလတောင်, ဟိမလ တောဟုလာ၏။

[ဤပုစ္ဆာ ၈-ချက်သည် ခရစ်ယန်ဘာသာနှင့်မဆိုင်၊ဓမ္မဟောင်းကျမ်း ဓမ္မသစ်ကျမ်းတို့မှာ ထိုဝေါဟာရမျိုးမလာမရှိ၊ ပထဝီဝင်ကျမ်း လောကီ မှတ်စုစာအုပ်များမှာ တွေ့ရှိ၍ ဖြစ်လာသောပုစ္ဆာစုပေတည်း။]

www.dhammaransi.com



**၉-အမေး။** ရှင်ဂေါတမဘုရား မပေါ်ထွန်းမီ မာဂဓတိုင်းတွင် ဘယ်ဘာသာများ ရှိပါသနည်း၊ ရှင်ဂေါတမဘုရား ပေါ်ထွန်းပြီးမှဘယ်ဘာသာများရှိပါသနည်း၊ရှိသော ဘာသာများကို အတိုချုပ်ပြပါ။

**အဖြေ။** ထိုအခါ၌ မာဂဓတိုင်းမှာ အကျဉ်းအားဖြင့်ကြိယဘာသာ,အကြိယဘာသာဟူ၍နှစ်ပါးရှိ၏၊ အလတ်အားဖြင့် ဗြာဟ္မဏဘာသာ, ပုရာဏဘာသာ, မက္ခလိဘာသာ စသည်တို့ဖြင့် ခုနစ်ပါးရှိ၏၊ **အကျယ်အားဖြင့်** ၉၉-ပါးရှိ၏။

၁။ ကြိယဘာသာဆိုသည်ကား ဒါနသီလစသော သုစရိုက်မှုကိုပြုခဲ့လျှင် နောက်ဘဝ၌ ကောင်းကျိုး ချမ်းသာကို ခံစားရ၏၊ အသက်ရှိသောသတ္တဝါကိုသတ်ခြင်း အစရှိသော ဒုစရိုက်မှုကိုပြုခဲ့လျှင် နောက်ဘဝ၌မကောင်းဒုက္ခကို ခံစားရ၏ဟူသော အယူဘာသာတည်း။

၂။ အကြိယဘာသာသည် နှစ်ပါးရှိ၏၊ ဣဿရနိမ္မာနဘာသာတပါး,အဟေတုကဘာသာတပါး။

(က) ဣဿရနိမ္မာနဘာသာ ဆိုသည်ကား-လောက၌ ကောင်းကျိုး, မကောင်းကျိုးဟူသမျှကို ထာဝရဘုရားသည်သာ ပြုလုပ်နိုင်၏၊ ကောင်းကျိုးကိုလည်း ထာဝရ ဘုရားသာ ပေးနိုင်၏၊ မကောင်းကျိုးကိုလည်း ထာဝရ ဘုရားသာပေးနိုင်၏၊ထာဝရဘုရားသည်သာအစိုးရ၏၊ကုသိုလ်ကံ,အကုသိုလ်ကံသည် ကောင်းကျိုး,မကောင်းကျိုးကို မပေးနိုင်ဟူသော အယူဘာသာတည်း။

(ခ) အဟေတုကဘာသာဆိုသည်ကား ကောင်းကျိုးမကောင်းကျိုးမည်သည် ကုသိုလ်ကံ, အကုသိုလ်ကံကြောင့် ဖြစ်သည်လည်းမဟုတ်၊ ထာဝရဘုရားဘန်ဆင်း၍ ဖြစ်သည်လည်းမဟုတ်၊ တွေ့ကြုံလာသော အခွင့်အားလျော်စွာ ဘောက်သောက် လျောက်လျားသာဖြစ်၏ ဟူသော အယူဘာသာတည်း။

[အလတ်အကျယ်တို့ကို သရုပ်မထုတ်ပြီ။]

www.dhammaransi.com



ဤကား-ရှင်ဂေါတမဘုရားမပေါ်ထွန်းမီ မာဂဓတိုင်း၌ရှိသော ဘာသာအပြားတည်း၊ ရှင်ဂေါတမဘုရား ပေါ်ထွန်းလာသောအခါ၌ ဗုဒ္ဓဘာသာတိုး၍လာ၏၊ဗုဒ္ဓဘာသာဆိုသည်ကား ကြိယဘာသာပင်ဖြစ်၏၊ ရှေးအခါ၌ရှိနှင့်သော ကြိယဘာသာသည် သံသရာနယ်အတွင်း၌သာကောင်း၏၊ သံသရာနယ်ကိုလွန်၍ မသွားနိုင်၊ ဗုဒ္ဓဘာသာသည်မူကား သံသရာနယ်အတွင်း၌လည်းကောင်း၏၊သံသရာကို အလိုမရှိသောအခါ၌ သံသရာကိုလွန်နိုင်၏။

**၁၀-အမေး။** ရှင်ဂေါတမ ဘိုး, ဘွား, မိတ်ဆွေတို့ ကိုးကွယ်သော ဘာသာကား အဘယ်ဘာသာပါနည်း၊ထိုဘာသာကို သိခဲ့ပါလျှင်ငင်းဘာသာ၏မူလ,၎င်းဘာသာ၏အဆုံး ထိအောင်အတိုချုပ်ပြပါ။

**အဖြေ။** ရှင်ဂေါတမ ဘိုး, ဘွား, မိတ်ဆွေတို့ ကိုးကွယ်သော ဘာသာကား ကြိယဘာသာပေတည်း၊ ၎င်းဘာသာ၏ မူလကား ကမ္မဿကတာဉာဏ်ပညာပေတည်း၊၎င်းဘာသာ၏ အဆုံးကား ဘဝဂ်ခေါ်သောဘုံသို့ ပေါက်ရောက်နိုင်၏၊ ၎င်းထက်မလွန်နိုင်၊ ဘဝဂ်ခေါ်သော ဘုံဆိုသည်ကား ဗြဟ္မာဘုံ နှစ်ဆယ်တွင်အထက်ဆုံးဘုံပေတည်း။

ဗြဟ္မာဘုံနှစ်ဆယ်ဆိုသည်ကားပဌမဈာန်သုံးဘုံ,ဒုတိယဈာန်သုံးဘုံ တတိယဈာန်သုံးဘုံ,စတုတ္ထဈာန်တဆဲ့တဘုံ၊ထိုဘုံနှစ်ဆယ်တို့တွင် ထာဝရဘုရား-ဟု ခေါ်ဆိုကြသော မဟာဗြဟ္မာမင်းကြီးသည်ကား–ပဌမဈာန် ဗြဟ္မာမင်းကြီးပေတည်း၊ ၎င်းဗြဟ္မာမင်းကြီးကို–

၁။ ပုဏ္ဏားလူမျိုးပတို့မှာ"မဟာဗြဟ္မာမင်းကြီး"ဟူ၍ပင် ခေါ်ဆိုကိုးကွယ်ကြ၏။
၂။ ခရစ်ယန်ဘာသာမှာ "ဂေါ့"ဟူ၍ခေါ်ဆိုကိုးကွယ်ကြ၏။
၃။ မိုဟာမက်ဘာသာမှာ "အာလာ"ဟူ၍ ခေါ်ဆို ကိုးကွယ်ကြ၏။

ထိုမဟာဗြဟ္မာမင်းကြီးသည်အလွန်တန်ခိုးကြီးသည်-ဟုရှင်ဂေါတမလည်း ဟော၏၊ ထိုမဟာဗြဟ္မာမင်းကြီးနေရာ ပဌမဈာန်ဘုံမှာ အထက်၌ ဗြဟ္မာဘုံပေါင်း တဆဲ့ခုနစ်ဘုံ အဆင့်ဆင့်တည်ရှိ၏၊ တဆင့်

www.dhammaransi.com



တဆင့်သည် ယူဇနာပေါင်း ငါးသိန်း,ငါးသောင်း, ရှစ်ထောင်စီ ကွာ လှမ်းကြသည်-ဟု ဗုဒ္ဓဘာသာကျမ်းဂန်၌ဆို၏။

ရှင်ဂေါတမ ဘိုး,ဘွား, မိတ်ဆွေတို့ကိုးကွယ်ကြသော ကြိယ ဘာ သာသည် ဗြဟ္မာနှစ်ဆယ်တွင် အထက်ဆုံးဖြစ်သော ဘဝဂ်ခေါ်သော ဘုံသို့ ပေါက်ရောက်နိုင်၏၊ ထိုထက်မလွန်နိုင်၊ ပဌမဈာန် ကုသိုလ်သုံး မျိုး, ဒုတိယဈာန် ကုသိုလ်သုံးမျိုး, တတိယဈာန် ကုသိုလ်သုံးမျိုး, စတုတ္ထဈာန် ကုသိုလ်တဆဲ့တမျိုး၊ ဗြဟ္မာနှစ်ဆယ်၏ ဆိုင်ရာ ကုသိုလ် ကံ ပေါင်းနှစ်ဆယ်ဖြစ်၏၊ ရသေ့ရဟန်းပြုလုပ်၍ တောထွက်၍ အထက် ဆုံးကုသိုလ်ကံသို့ရောက်အောင် အားထုတ်နိုင်သောသူသည်သေသည်မှ နောက်၌ ဘဝဂ်ခေါ်သောအထက်ဘုံသို့ ပေါက်ရောက်နိုင်၏၊ ထိုထက် မလွန်နိုင်။

[ဤကား-၎င်းဘာသာ၏ အဆုံးထိအောင် အကျဉ်းချုပ်ပြချက်တည်း။]

**၁၁—အမေး။** ရှင်ဂေါတမသည် မိဘ,ဘိုးဘွား၏ ဘာသာကို ဘယ့် အတွက်စွန့်ပစ်လိုပါသနည်း။

**အဖြေ။** ရှင်ဂေါတမသည် ထိုမိဘ, ဘိုးဘွားတို့၏ ဘာသာကို လုံးလုံးစွန့်ပစ်ပေသည်မဟုတ်၊ ထို ကမ္မကြိယဘာသာကို အရင်းမူလ ထား၍ ထိုဘာသာမှအထက်ကို အဆင့်ဆင့် တိုးတက်ရန်နည်းလမ်း, သံသရာနယ်ကို လွန်နိုင်သော နည်းလမ်းတို့ကို အမှန်အကန် သိမြင်နိုင် သော သဗ္ဗညုတဉာဏ်သို့ ပေါက်ရောက်အောင် ကျင့်ဆောင်တော်မူ၍ သဗ္ဗညုတဉာဏ်သို့ပေါက်ရောက်တော်မူသဖြင့် ထိုမိဘ, ဘိုးဘွားတို့၏ ဘာသာကို ပဌမတန်း, ဒုတိယတန်း, တတိယတန်း ထားတော်မူ၍ တတိယတန်းမှစ၍ အထက်ငါးတန်းတို့ကို ကိုယ်တိုင် ပေါက်ရောက် အောင် ကျင့်ဆောင် ထမြောက်တော်မူသဖြင့် သတ္တဝါအများတို့ကို လည်း ကျင့်ဆောင်ကြစေခြင်းငှါ ဗုဒ္ဓဘာသာတရားတို့ကို ဟောကြား တော်မူပေသတည်း။

၁။ သီလဝိသုဒ္ဓိ,

၂။ စိတ္တဝိသုဒ္ဓိ,

၃။ ဒိဋ္ဌိဝိသုဒ္ဓိ,

၄။ ကင်္ခါဝိတရဏဝိသုဒ္ဓိ,

www.dhammaransi.com



၅။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ,
၆။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ,
၇။ လောကုတ္တရာဉာဏဒဿနဝိသုဒ္ဓိ,
[ဤကား-တန်းခုနစ်ဆင့်တည်း။]

ထိုခုနစ်ဆင့်တို့တွင်—

၁။ ပဌမတန်း ကုသိုလ်ကံစုသည် သေသည်၏အခြားမဲ့၌ လူ့ပြည်နှင့် နတ်ပြည်ခြောက်ထပ်သို့ရောက်နိုင်၏။

၂။ ဒုတိယတန်း ကုသိုလ်ကံစုသည် ဗြဟ္မာဘုံနှစ်ဆယ်သို့ရောက်နိုင်၏၊လူ့လောက,နတ်လောက,ဗြဟ္မာလောက-ဟူသောသံသရာလောကတွင်း၌ အလွန်ကြီးကျယ်သော ဘုန်းတန်ခိုးကို ဖြစ်စေနိုင်၏၊ လောက၌ထာဝရဘုရားခေါ်ကြသော မဟာဗြဟ္မာမင်းကြီးသည် ရှေးဘဝ၌ ဒုတိယတန်းတွင် ပဌမရျာန်ခေါ်သော ဘာဝနာကံ အလုပ် ထမြောက်သောသူဖြစ်ပေ၍ ယခုဘုန်းတန်ခိုးကြီးကျယ်သော မဟာဗြဟ္မာမင်းအဖြစ်သို့ ရောက်ပေ၏၊ အသက်လည်းကမ္ဘာဆိုးအောင်ရှည်ပေ၏။

မဟာ ဗြဟ္မာမင်းကြီးနေရာဘုံမှအောက်တခွင်၌ရှိကြသော ဘုံသားတို့သည် အလွန်အသက်တိုကြကုန်၏၊ ထိုမဟာဗြဟ္မာမင်းကြီး တသက်ကို အသက်ပေါင်းတသောင်း, တသိန်းလိုက်သော်လည်း မမှီနိုင်ကြကုန်၊ ထို့ကြောင့် မဟာဗြဟ္မာမင်းကြီးကို မအိုမသေ အမြဲနေသော ထာဝရမင်းကြီး-ဟု အယူရှိကြကုန်၏၊ ထို မဟာဗြဟ္မာမင်းကြီးသည် မူကားလောဘ,ဒေါသ,မောဟ-ဟူသောအမိုက်တရားကြီးသုံးပါးနှင့် ဒိဋ္ဌိ,မာန, ဣဿာ, မစ္ဆရိယအစရှိသော အမိုက်တရားများတို့ကို လုံးလုံးမစွန့်နိုင်သေး၊ကမ္ဘာဦးကျမ်းမှစ၍ဓမ္မဟောင်းကျမ်းစု,ဓမ္မသစ်ကျမ်းစုကို ကြည့်ရှုဆင်ခြင်ရာ ထာဝရဘုရား၏ လောဘအချက်, အမျက်ဒေါသအချက်, မောဟအချက်,ဒိဋ္ဌိ, မာန, ဣဿာ, မစ္ဆရိယအချက်တို့ကို အလွန်များစွာပင် တွေ့မြင်ရ၏။

ဤစိတ္တဝိသုဒ္ဓိဟူသော ဒုတိယတန်းအစုသည် လောဘ,ဒေါသ စသည်တို့ကိုအပြီးတိုင် မစွန့်နိုင်ကြသေးသောကြောင့် သံသရာလောကကို မလွန်နိုင်ကြကုန်၊အိုခြင်း,သေခြင်း,စုတေခြင်း, အပါယ်လေးပါးသို့

www.dhammaransi.com



တဖန်ကျရောက်လာကြ ပြန်ခြင်းကို လုံးလုံး မလွန်နိုင်ကြကုန်သေး၊ အသက်အရှည်ကြီးရှည်ကြာစွာနေပြီးနောက် စုတေ့၍ လူ့ပြည်လူ့ရွာသို့၎င်း, အပါယ်လေးပါးသို့၎င်း၊ တဖန် ကျရောက်လာကြရကုန်လတ္တံ့။

ထို့ကြောင့် ထိုအမိုက်တရားတို့ကို ပယ်သတ်ခြင်းအကျိုးငှာ ငါတို့ သခင် အရှင်ဂေါတမဘုရားသည် ဒိဋ္ဌိဝိသုဒ္ဓိအစရှိသော အထက်တန်း, ငါးတန်းတို့ကို ကျင့်ဆောင်ပေါက်ရောက် ထမြောက်တည်ထောင်တော်မူပေသတည်း။

၁၂-အမေး။ ရှင်ဂေါတမလက်ထက်တွင်စာရှိ-မရှိ၊ရှိခဲ့လျှင်-၎င်းစာကိုရှင်ဂေါတမတတ်-မတတ်၊ တတ်ခဲ့လျှင်- ရှင်ဂေါတမကို ဘယ်သူသင်ပေးသနည်း။

အဖြေ။ ရှင်ဂေါတမ လက်ထက်တွင် သင်ရိုး, ကြားရိုး, မိရိုး ဘလာကျမ်းစာများပင် အမှန်ရှိ၍၊ ၎င်းစာကို ရှင်ဂေါတမငယ်ရွယ်စဉ်ကပင်တတ်သည် အမှန်ဖြစ်၍၊ကပိလဝတ်ပြည့်ရှင် ဘုရင်မင်းမြတ်၏ သားတော်မြတ်ဖြစ်ပေ၍ သင်ကြားပေးသည့်သူ ဆရာအများပင်ရှိပေရာ၏၊၎င်းပုစ္ဆာကိုမူကား ရှင်ဂေါတမကို သင်ကြား၍ပေးသူဆရာရှိခဲ့ပါလျှင် ရှင်ဂေါတမသည်ဆရာထက်တတ်နိုင်မည်လော၊ရှင်ဂေါတမသည် အလုံးစုံကိုအကုန်သိမြင်နိုင်သော သဗ္ဗညုတဘုရားဖြစ်ခဲ့လျှင် ဆရာလည်း သဗ္ဗညုတဘုရားဖြစ်သင့်သည်မဟုတ်လော၊ဆရာဘုရားမဟုတ်ခဲ့လျှင် တပည့်ဖြစ်သူရှင်ဂေါတမလည်း ဘုရားမဟုတ်ရာ-ဟူသော အနက်သွားကိုရည်ရွယ်၍ ထုတ်သည်ထင်၏။

အနောက်နိုင်ငံများ၌ ရှေးအခါက မပေါ်ဘူးသော အချို့သော ပညာကြီးများသည်ရှိကြ၏၊မည်သည့်ပညာကြီးမှာ မည်သူသည်အစဟူ၍မှတ်သားချက်များကို ကြားသိဘူးရ၏၊ အဆင့်ဆင့်သင်ကြား၍တတ်မြောက်ပေါက်ရောက်ကြသော ပညာကြီးမျိုးလည်းရှိ၏၊ဝီရိယအစွမ်း, အကြံအစည်-ဉာဏ်စွမ်းရှိသူတို့သည် ဆရာမရှိဘဲ မိမိသဘောဉာဏ်နှင့်မဖြစ်လျှင် ဖြစ်အောင်ကြံဖန်လုပ်ဆောင်၍ ဖြစ်မြောက်ပေါ်ပေါက်လာသောပညာသစ်ကိုလည်း ကြားသိရသည်၊ ရှင်ဂေါတမသည် လောကီပညာမျိုးမှာ ဆရာထံတွင်သင်ကြား၍ တတ်မြောက်ပေါ်ပေါက်သော

www.dhammaransi.com



ပညာမျိုးလည်းရှိ၏၊ဗုဒ္ဓဘာသာပညာမျိုးမှာ ဝီရိယအစွမ်းကိုအားကိုး၍ ဆရာမရှိဘဲ မိမိသဘောဉာဏ်နှင့်မဖြစ်လျှင် ဖြစ်အောင်ကြံဖန်လုပ်ဆောင်၍ ဖြစ်မြောက်ပေါ်ပေါက်သောသူဖြစ်ပေသတည်း။

ပုစ္ဆာဆရာများအလိုမှာ ရှေးကမီးရထားမရှိဘူးလျှင် နောက်မှမီးရထားမပေါ်လာသင့်၊ ရှေးကမီးသင်္ဘောမရှိဘူးလျှင် နောက်မှ မီးသင်္ဘောမပေါ်လာသင့်၊ရှေးကလျှပ်စစ်ဓာတ်မီးမရှိဘူးလျှင် နောက်မှလျှပ်စစ်ဓာတ်မီးမပေါ်သင့်-ဟူ၍ ဆိုရာကျ၏၊ရှေးကမရှိဘူးဘဲ နောက်အကြံအစွမ်းအလျောက် ပေါ်ပေါက်ကြသော ပညာကြီးများသည် ယခုအခါ၌ အများပင်ရှိကြပေသတည်း၊ ထို့ကြောင့်သင်ကြား၍ ပေးသောဆရာ - ဘုရားမဟုတ်လျှင် ရှင်ဂေါတမသည် ဘုရားမဟုတ်သင့်၊ ရှေးအခါက ဗုဒ္ဓဘာသာမရှိခဲ့ဘူးလျှင် နောက်အခါ ရှင်ဂေါတမလက်ထက်မှာမှ ဗုဒ္ဓဘာသာမပေါ်ပေါက်သင့်- ဟူသော အကြံကိုအခိုင်အမြဲမစွဲလမ်းရာ။

**၁၃-အမေး။** ရှေးအနှစ် သုံးရာကျော်လောက်က နှုတ်ဖြင့်မှတ်သားသောအရာကိုယခုမှန်ကန်စွာဘော်ပြနိုင်မည်၊ မပြနိုင်မည်။

**အဖြေ။** အချို့ဘော်ပြနိုင်ရာ၏၊ အချို့မဘော်ပြနိုင်ရာ။

၁။ အဘယ်သို့ အချို့ဘော်ပြနိုင်ရာသနည်း ဟူမူကား-ပြောဟောသောသူသည် အလွန်ဘုန်းတန်ခိုးကြီးသောသူဖြစ်၍ ထိုသူ၏အမိန့်ဩဇာဒေသနာစကားကို ခံယူကြသူ အသိန်းများစွာ, အသန်းများစွာ, အကုဋေများစွာ,အသင်္ချေများစွာရှိခဲ့သည်ဖြစ်အံ့၊ အနှစ်သုံးရာ လောက်မျှမက, အနှစ် သုံးထောင်လောက်က နှုတ်ဖြင့်မှတ်ထားသောအရာကိုပင် ယခုမှန်ကန်စွာဘော်ပြနိုင်ရာ၏။

၂။ အဘယ်သို့အချို့မဘော်ပြနိုင်ရာသနည်း ဟူမူကား-ပြောဟောသောသူသည် ဘုန်းတန်ခိုးနည်းပါးသောသူဖြစ်၍ ထိုသူ၏ အမိန့်ဩဇာကိုခံယူသူအနည်းငယ်မျှဖြစ်ခဲ့အံ့၊ အနှစ်သုံးရာကိုမဆိုထားဘိ၊ ဆယ်နှစ်လောက်ကပင် နှုတ်ဖြင့်မှတ်ထားသောအရာကို ယခုမှန်ကန်စွာမဘော်ပြနိုင်ရာ။

www.dhammaransi.com



၁၄—အမေး။ ဘိုး, ဘေး, ဘီ, ဘင်လက်ထက်က သုံးစွဲကြသော စကားနှင့် တီ, တွတ်, ကျွတ်, ဆတ် ကာလလောက်တွင်ပြောသော စကားများသည် အသုံးအားလုံး, အမျိုးအားလုံးတူနိုင်ကြမည်လော။

[ဤအမေးပုစ္ဆာအဖြေမှာ အထက်ပုစ္ဆာအဖြေနှင့်ပြီးပြေသင့်ပြီ။]

၁၅—အမေး။ ဆရာတော်၏ကျမ်းစာအရ-ဓာတ် ၁၀-ပါးအားဖြင့် အရာခပ်သိမ်း ဖြစ်ပျက်ပုံတို့ကို သရုပ်နှင့်တကွ ဘော်ပြပါ။

အဖြေ။ ဓာတ် ၁၀-ပါးဖြင့် အရာခပ်သိမ်း ဖြစ်ပျက်ပုံသရုပ်နှင့်တကွဘော်ပြနိုင်မည်ပင်ဖြစ်၏၊ သို့သော်လည်း အရာခပ်သိမ်း ဖြစ်ပျက်ပုံမည်သည် အသချေ်ယျ အနန္တများပြားလှ၏၊ ဓာတ် ၁၀-ပါး မန္တစပ်နိုင် ရှိလိမ့်မည်ထင်သော ဝတ္ထုမျိုး,အမှုမျိုးကို ဝိသေသရွေး ကောက်၍ပုစ္ဆာထုတ်ဘိုကောင်း၏။

[ဤပုစ္ဆာကို နောက်ပုစ္ဆာနှင့်ပေါင်း၍ဖြေမည်။]

၁၆—အမေး။ တစုံတခုသောအရာသည် အကြောင်းနှင့်ကင်း၍မဖြစ်၊ ပြုသူမရှိလျှင်အမှုဖြစ်မည်လား။

အဖြေ။ လောကဌရှိကြသော တစုံတခုသော အရာသည် အကြောင်းနှင့်ကင်း၍မဖြစ်၊ ကောက်စပါးမည်သည် လယ်မြေ,မိုယ်းရေနှင့် တောင်သူယောကျ်ား၏ လုပ်ဆောင်မှုဟူသော အကြောင်းတရားစု စုံလင်ပါမှဖြစ်နိုင်သကဲ့သို့ ခပ်သိမ်းသောသက်ရှိသက်မဲ့သင်္ခါရဝတ္ထုမျိုး, သင်္ခါရအမှုမျိုးဟူသမျှသည် ဖြစ်ပေါ်ရန်အကြောင်းရှိမှ ဖြစ်ပေါ်နိုင်ကြသည်၊ ဤအရာဌ ရန်ကုန်မြို့ ဟိုက်စကူးကျောင်းကြီးမှာ ဘုန်းကြီးဟောဘူးသော တရားကို အကျဉ်းအားဖြင့်ပြဆိုလိုက်အံ့။

## ရုပ်ဓာတ်,နာမ်ဓာတ်တို့၏အလား

သဘာဝံ ဓါ ကိစ္စံ ဓါ ဓာရေတီတိ ဓာတု။

**အနက်ကား။** သဘာဝံဝါ၊ မိမိသဘောကိုငှင်း။ ကိစ္စံဝါ၊ မိမိကိစ္စကိုငှင်း။ ဓာရေတိ၊ ရွက်ဆောင်တတ်၏။ ဣတိ၊ထို့ကြောင့်။ ဓာတု၊ ဓာတ်မည်၏။

www.dhammaransi.com



မီးသည်ပူခြင်းဟူသော မိမိသဘောကို ရွက်ဆောင်တတ်၏၊ မီးစာဝတ္ထုကိုကျက်စေခြင်းဟူသော ကိစ္စကိုရွက်ဆောင်တတ်၏၊ ထို့ကြောင့်မီးကိုဓာတ်ဟူ၍ခေါ်၏၊ ထို့အတူခပ်သိမ်းသောရုပ်ဓာတ်,နာမ်ဓာတ်တို့သည် မိမိသဘော,မိမိကိစ္စကို မိမိတို့ အားရှိသလောက်ရွက်ဆောင်ကြကုန်သောကြောင့် ဓာတ်မည်ကုန်၏၊ထိုဓာတ်တို့သည် အကျဉ်းအားဖြင့်ရုပ်ဓာတ်, နာမ်ဓာတ်ဟူ၍နှစ်ပါးရှိ၏၊ အလတ်အားဖြင့် တဆယ့်ရှစ်ပါးရှိ၏၊ အကျယ်အားဖြင့်မူကား ရုပ်ဓာတ်မျိုးတို့တွင် ခက်မာမှု, နူးညံ့မှု ဟူသောပထဝီမြေဓာတ်သည် အထွေထွေအပြားပြားအသင်္ချေယျ အနန္တများပြား၏။

ထို့အတူ ရေဓာတ်,မီးဓာတ်,လေဓာတ် အစရှိကုန်သောရုပ်ဓာတ်တို့သည်လည်း အသင်္ချေယျ အနန္တများပြားကြကုန်၏၊ စိတ်ဝိညာဉ်ဓာတ်,ဖဿဓာတ်, ဝေဒနာဓာတ်, သညာဓာတ်, စေတနာဓာတ်, ဝိတက်ဓာတ်, ဝိစာရဓာတ်, ဝီရိယဓာတ်, ပီတိဓာတ်, ဆန္ဒဓာတ်, လောဘဓာတ်, ဒေါသဓာတ်,မောဟဓာတ်, မာနဓာတ်,သဒ္ဓါဓာတ်, ပညာဓာတ်အစရှိကုန်သော နာမ်ဓာတ်အပြားတို့သည်၎င်း, ထိုနာမ်ဓာတ်အပြားတို့တွင် တခု,တခုသော နာမ်ဓာတ်အပြားသည်၎င်း အသင်္ချေယျအနန္တ များပြား၏၊ လောကီသားတို့သည် ရုပ်ဓာတ်တို့ကိုလည်း ခွဲခြမ်း၍မသိကြကုန်၊ နာမ်ဓာတ်တို့ကိုလည်းခွဲခြမ်း၍မသိကြကုန်၊ နာမ်ဓာတ်တို့၏ တန်ခိုးအစွမ်းကိုလည်း ခွဲခြမ်း၍မသိကြကုန်။

ထိုထိုသောဝတ္ထုကို တွေ့မြင်ကြသောအခါ စိတ်ထင်ရာအမည်ပေး၍ သစ်ပင်ဟူ၍၎င်း, အချို့ကိုသရက်ပင်ဟူ၍၎င်း, အချို့ကိုပိန်းနဲပင်ဟူ၍၎င်း၊ ဤသို့အစရှိသဖြင့်ခေါ်ဝေါ်ကြကုန်၏၊ လူဟူ၍၎င်း,နွားဟူ၍၎င်း၊ ဤသို့အစရှိသဖြင့်ခေါ်ဝေါ်ကြကုန်၏၊ နောင်လာနောက်သား အစဉ်အဆက်တို့သည်လည်း ရှေးရှေးသူတို့ခေါ်ဝေါ်ကြသည့်အတိုင်း သိမှတ်ခေါ်ဝေါ်ကြကုန်၏၊ လူတို့သစ်ပင်ခေါ်ကြသောဝတ္ထုမျိုးမှာ ရှိသောဓာတ်အထွေအပြားကို မသိကြကုန်၊ လူဟုခေါ်ကြသောဝတ္ထုမျိုးမှာရှိနေသောဓာတ်အထွေအပြားကိုလည်း မသိကြကုန်၊ ဆေးပညာကိုကောင်းစွာတတ်ကြကုန်သော ဆရာဝန်ကြီးတို့သည် လူသတ္တဝါတို့၌ရှိသော အချို့သောဓာတ်,အစားအစာတို့၌ရှိသော အချို့သောဓာတ်တို့၏

www.dhammaransi.com



တန်ခိုးအစွမ်းကို သိကြကုန်သော်လည်း ရုပ်ခတ်အချို့သာ သိကြကုန်၏၊ နာမ်ခတ်ဘက်၌ မသိကြကုန်။

ပညာကိုကောင်းစွာ တတ်ကြကုန်သော ခတ်စက်ပညာဆရာကြီးတို့သည်လည်း စိန်,ဆေးဒန်း, ကန့်,ဒုတ္တာ အစရှိသည်တို့၌ အချို့သောခတ်တို့၏ တန်ခိုးအစွမ်းကိုသိကြ၍ ခတ်အိုး အမျိုးမျိုးတို့ကို ပြုလုပ်စီရင်၍ မိုယ်းရွာခြင်း,မိုယ်းကြိုးပစ်ခြင်း,လျှပ်စစ်ပြက်ခြင်းအစရှိသော အံ့ဩဘွယ်အမျိုးမျိုးတို့ကို ခတ်တို့၏ တန်ခိုးဖြင့်ဘော်ပြကြကုန်သော်လည်း ရုပ်ခတ်အချို့သာ သိကြကုန်၏၊ နာမ်ခတ်ဘက်၌မသိကြကုန်။

မြေ,ရေ,တော,တောင်, သစ်ပင်, နွယ်,မြက် အစရှိသောသက်မဲ့ ဝတ္ထုမျိုး၊လူ,နတ်,ဗြဟ္မာ,ဘုရား, ရဟန္တာ, နွား,ကျွဲ, ဆင်,မြင်း အစရှိကုန်သောသက်ရှိဝတ္ထုမျိုးတို့သည် ခတ်ကုံးခတ်ခဲတို့သာတည်း၊ ခတ်သည်လည်း—

၁။ တန်ခိုးအစွမ်းငယ်သောခတ်,
၂။ တန်ခိုးအစွမ်းကြီးသောခတ်,
၃။ တန်ခိုးအစွမ်း ကြီးသည်ထက်ကြီးသောခတ်—

ဟူ၍ အယုတ်,အလတ်, အမြတ် အဆင့်ဆင့် အသင်္ချေယျ အနန္တ များပြားကုန်၏၊ ယုတ်ညံ့သောခတ်တုံးခတ်ခဲတို့ကို ယုတ်ညံ့သော သစ်ပင်မျိုး, ယုတ်ညံ့သောလူမျိုး, ယုတ်ညံ့သောနတ်မျိုး, ဗြဟ္မာမျိုး ဟူ၍ခေါ်ဝေါ်ကြကုန်၏၊ တန်ခိုးအစွမ်းရှိသော ခတ်တုံးခတ်ခဲတို့ကို ကောင်းမြတ်သောသစ်ပင်မျိုး, ကောင်းမြတ်သောလူ, ကောင်းမြတ်သောနတ်, ကောင်းမြတ်သောဗြဟ္မာဟူ၍ ခေါ်ဝေါ်ကြကုန်၏။

သစ်ပင်,နွယ်, မြက်,ကောက်စပါး ခေါ်ဝေါ်ကြကုန်သော ရုပ်ခတ်ခဲတို့သည် မြေကောင်း ရေကောင်းတို့နှင့် ပေါင်းဘက်ရလျှင် ပေါက်ရောက်စည်ကား ကြီးပွါးတိုးတက်၍သွားကုန်၏၊ သို့မဟုတ်လျှင် ဆုတ်ယုတ်သိမ်ဖျင်း၍သွားကြကုန်၏၊နာမ်ခတ်တို့သည်လည်း အပြုအပြင်မရှိခဲ့သော် အဆင့်ဆင့် ယုတ်ညံ့သွားကုန်၏၊ အလိမ်မာခတ်မျိုးနှင့်အဆင့်ဆင့်ချီးပင့်ပြုပြင်၍သွားခဲ့သော် တဆင့်ထက်တဆင့် မြင့်ထက်

www.dhammaransi.com



မြင့် မြတ်ထက်မြတ် တိုးတက်ကြီးပွါး၍ သွားကုန်၏၊ တန်ခိုးခေါ်သော ဣဒ္ဓိခေတ်မျိုး, ပညာခေါ်သောဗုဒ္ဓိခေတ်မျိုးဟူ၍နှစ်မျိုးရှိ၏။

၁။ ဣဒ္ဓိခေတ်မျိုးကို အဆင့်ဆင့်ချီးပင့်ပြုပြင်၍သွားခဲ့သော် အထက်ကောင်းကင်ဘုံကြီးတို့၌ တန်ခိုးကြီးကျယ်လှသော မဟာဗြဟ္မာမင်းကြီးအဖြစ်သို့ ရောက်နိုင်၏။

၂။ ဗုဒ္ဓိခေတ်မျိုးကို အဆင့်ဆင့် ချီးပင့်ပြုပြင်၍ သွားခဲ့သော် လောဘ-ဒေါသ-မောဟအစရှိသော အမိုက်ခေတ်မျိုး ကုန်ဆုံးသောဘုရားရဟန္တာအဖြစ်သို့ ရောက်နိုင်၏။

ထာဝရဘုရားခေါ်သော မဟာဗြဟ္မာမင်းကြီးသည် ဣဒ္ဓိခေတ်မျိုးဖြစ်၍တန်ခိုးအလွန်ကြီး၏၊ ဗုဒ္ဓိခေတ်မျိုးမဟုတ်သောကြောင့် လောဘ,ဒေါသ,မောဟတို့ကို ကုန်ဆုံးအောင် မတတ်နိုင်၊ခရစ်ယန်ဘာသာ၌လည်း ဓမ္မဟောင်းကျမ်း, ဓမ္မသစ်ကျမ်းများကို ကြည့်ရှုဆင်ခြင်ရာထာဝရဘုရား၏လောဘ,ဒေါသ,မောဟအချက်တို့ကိုများစွာတွေ့မြင်ရ၏၊ယခုလူ့လောက၌လည်း အတတ်ပညာ အကြီးအကျယ် မတတ်ဘဲဘုန်းတန်ခိုးကြီး၍ နေကြသော မင်းစိုးရာဇာစသော သူတမျိုး၊ ဘုန်းတန်ခိုးကား-မရှိ၊အတတ်ပညာအကြီးအကျယ် တတ်ကြသော လူဆရာကြီး, ရသေ့, ရဟန်းဆရာကြီးတမျိုး-ဟူ၍ ဣဒ္ဓိလမ်း, ဗုဒ္ဓိလမ်း နှစ်လမ်း ခြားနားထင်ရှားလျက် ရှိကြ၏၊ တဦးတယောက် ဖြစ်လျက်ပင် ဣဒ္ဓိလမ်း,ဗုဒ္ဓိလမ်း နှစ်လမ်းပေါက်ရောက်သူလည်း ရှိကြ၏။

[ဤကား-ရုပ်ခေက်,နာမ်ခေတ်တို့၏အလားကို အကျဉ်းအားဖြင့် ပြဆိုခြင်းတည်း။]

### ကမ္ဘာတည်ပုံနှင့် သက်ရှိသက်မဲ့ဝတ္ထုတို့၏အစဖြစ်ပုံ

ကမ္ဘာတည်ပုံ၊ ကမ္ဘာပေါ်မှာ ရှိနေကြကုန်သော သက်မဲ့ဝတ္ထုမျိုး, သက်ရှိဝတ္ထုမျိုးတို့၏ကမ္ဘာဦးအခါ၌ အစစွာဖြစ်ပေါ်ပုံကို ဗုဒ္ဓဘာသာအလိုတချက်,ကမ္ဘာဦးကျမ်းခေါ်သောခရစ်ယန်ဘာသာအလိုတချက်၊ ဤနှစ်ချက်တို့ဖြင့် ပြဆိုရာ၏။

ဗုဒ္ဓဘာသာအလို၌—

ဤကမ္ဘာမြေကြီးသည် တည်ချည်, ပျက်ချည် ကမ္ဘာအစဉ်အဆက်အားဖြင့် ရှေး၌လည်းအစမရှိ၊နောက်၌လည်းအဆုံးမရှိ၊တခုတခုသော

www.dhammaransi.com



ကမ္ဘာ၌မူကား-အစအဆုံးရှိ၏၊ တခုတခုသော ကမ္ဘာ၏အစစွာ တည်ထောင်ပုံကို ပြဆိုရာ၏၊ ကမ္ဘာပျက်သော အခါ၌ ဤမဟာပထဝီမြေကြီးမှစ၍ လူ့ဘုံ,ဎင်းအထက် နတ်ပြည်ခြောက်ဘုံ, ဎင်းအထက် ထာဝရဘုရားခေါ်ကြသော မဟာဗြဟ္မာမင်းကြီးတည်နေရာ ပဌမဈာန်သုံးဘုံ, ဎင်းအထက် ဒုတိယဈာန်သုံးဘုံ,ဎင်းအထက်တတိယဈာန်သုံးဘုံ တိုင်အောင်ပျက်၏၊ ဎင်းအထက် ၁၁-ဘုံတို့ကား-ကမ္ဘာပျက်-ဟူ၍ မရှိပြီ။

သက်မဲ့ဝတ္ထုမျိုး, သက်ရှိဝတ္ထုမျိုးတို့ကို အသစ်အသစ်ဖြစ်ပေါ်လေအောင် ဘန်ဆင်းတည်ထောင်သော ပဓာနဓာတ်ကြီးနှစ်ပါးရှိ၏။

၁။ ဥတုခေါ်သော ရုပ်ဓာတ်ကြီးတပါး,

၂။ စေတနာကံခေါ်သောနာမ်ဓာတ်ကြီးတပါး,

ထို ၂-ပါးတို့တွင်—

၁။ သက်မဲ့ဝတ္ထုမျိုးတို့ကို ဥတုခေါ်သော ရုပ်ဓာတ်ကြီးသည် ဘန်ဆင်း၏။

၂။ သက်ရှိဝတ္ထုမျိုးတို့ကို စေတနာကံခေါ်သော နာမ်ဓာတ်ကြီးသည် ဘန်ဆင်း၏။

၃။ ဥတုခေါ်သော ရုပ်ဓာတ်ကြီးမှာလည်း အကူအပံ့ ဖြစ်သောဓာတ်ကောင်း, ဓာတ်ဆိုးအလွန်များပြား၏။

၄။ စေတနာကံခေါ်သော နာမ်ဓာတ်ကြီးမှာလည်း သဒ္ဓါ, ပညာစသော ဓာတ်ကောင်း လောဘ, ဒေါသအစရှိသောဓာတ်ဆိုးအမျိုးမျိုးအကူအပံ့အလွန်များပြား၏။

၁။ ဥတုခေါ်သော ရုပ်ဓာတ်ကြီးသည် ကမ္ဘာအဆက်ဆက်အစဉ်မပြတ်တည်ရှိ၏၊ ထိုဓာတ်ကြီးသည် ကမ္ဘာမြေကြီးကိုလည်း တည်ထောင်၏၊ ကမ္ဘာပေါ်မှာ သစ်ပင်,တော, တောင်, နေ, လ, နက္ခတ်တာရာအစရှိသော ကမ္ဘာအဆောက်အဦတို့ကိုလည်း တည်ထောင်၏၊ လောက၌ ညောင်မျိုးစေ့တွေသည် ညောင်ပင်ကြီးတွေကို ဘန်ဆင်းတည်ထောင်သကဲ့သို့တည်း။

ဓာတ်ကိုမသိကြသော လောကီသားတို့အလိုအားဖြင့် ညောင်ပင်ကြီးသည် ညောင်စေ့မှ ဖြစ်သည်-ဟု ဆိုရ၏၊ ဓာတ်ကို သိသောသူတို့၏

www.dhammaransi.com



အလိုအားဖြင့်ညောင်စေ့၏အတွင်းမှာဥတုခေါ်သောဓာတ်စွမ်းကောင်း ရှိ၏၊ ထိုဥတုမှညောင်ပင်ဖြစ်သည်၊ ကမ္ဘာဦးအခါ၌ မူကား-ကမ္ဘာ အဆက်ဆက် အစဉ်မပြတ်တည်ရှိသော ထိုဥတုမှ ဤကမ္ဘာတွင် ညောင် စေ့,ညောင်ပင် အစဉ်အဆက်ဆက်ဖြစ်ပွါး၍နေရ၏၊ခပ်သိမ်းသောသစ် ပင်,နွယ်,မြက်,ကောက်စပါးစသည်တို့မှာလည်း ဤနည်းအတူတည်း။

၂။ စေတနာ ကံခေါ်သော နာမ်ဓာတ်ကြီးမူကား-တယောက် တ ယောက်သော သတ္တဝါတို့၏ သန္တာန်တွင် အစဉ် အဆက်ဆက်တည်ရှိ ၏၊တယောက်တယောက်သော သတ္တဝါ ဘဝအစဉ်မှာ ဦးခေါင်း,ခြေ, လက်အစရှိသော ရုပ်ဓာတ်ခဲစုသည်သာ တဘဝလျှင် တခါတခါအစဉ် ပြတ်၏၊ နာမ်ဓာတ်မူကား- အစဉ်ပြတ်သည်-ဟူ၍မရှိ၊ အနန္တဖြစ်၍ ဤဘဝအဆက်ဆက် အစဉ်မပြတ်ဆက်တည်း သွားကြ၏။

အောက်တခွင်၌ ကမ္ဘာပျက်၍ နေသောအခါ ကမ္ဘာမပျက် သော အထက်ဘုံတို့၌ ဖြစ်၍ နေကြကုန်၏၊ အောက်တခွင်၌ ကမ္ဘာ တည်ထောင်၍ လာသောအခါ အထက်အထက်ဘုံတို့မှ သေလွန်ကြ သောအချို့အချို့သော သတ္တဝါတို့သည် စေတနာကံ ဘန်ဆင်းချက်နှင့် အောက်အောက်ဘုံတို့၌ ဖြစ်ပေါ်လာကြကုန်၏၊ ထိုမှဆက်လက်၍ ယခုထက်တိုင် သားစဉ်,မြေးဆက်ဖြစ်ပွါး၍ နေကြကုန်၏၊ ယခုတည် ရှိ၍နေသော ဤကမ္ဘာပျက်ပြန်သောအခါ ကမ္ဘာမပျက်သောအထက် ဘုံသို့ရောက်ကြပြန်ကုန်လတ္တံ့၊ နောင်ကမ္ဘာသစ် တည်ထောင်ပြန်သော အခါ အောက်အောက်ဘုံတို့၌ ဖြစ်ပေါ်လာကြကုန်လတ္တံ့။

[ဤကား-ဗုဒ္ဓဘာသာအလိုတည်း။]

ခရစ်ယန်ဘာသာအလိုကား—

ကမ္ဘာမြေ,ရေ,မိုယ်းကောင်းကင်မှစ၍သက်ရှိသက်မဲ့အလုံးစုံသည် ထာဝရဘုရားဘန်ဆင်း၍ဖြစ်ရသည်၊ အကျယ်ကိုမူကား-ကမ္ဘာဦးကျမ်း ခေါ်သော ဓမ္မဟောင်းကျမ်းမှာကြည့်လေ။

## တွေးတောဆင်ခြင်ဘွယ်

၁။ ရေသတ္တဝါ, ကုန်းသတ္တဝါအပေါင်းတို့တွင် တတ်သိလိမ္မာရှိ သောသတ္တဝါသည် အလွန်နည်းပါး၏၊ မတတ်မသိသော

www.dhammaransi.com



သတ္တဝါ, မိုက်မဲသော သတ္တဝါတို့သည်သာ အလွန်များပြားကုန်၏၊ လူသတ္တဝါတို့မှာပင် လိမ်မာသောလူ အလွန်နည်းပါး၏၊ မိုက်မဲသောလူ အလွန်များ၏၊ ထာဝရဘုရားသည် မိုက်မဲသောလူ,မိုက်မဲသောစိတ်, မိုက်မဲသောဒုစရိုက်တို့ကို အဘယ့်ကြောင့် ဖန်ဆင်းရလေသနည်း။

၂။ လူတို့၌လည်း ချမ်းသာသောသူ အလွန်နည်းပါး၏၊ ဆင်းရဲသောသူအလွန်များပြား၏၊ ထာဝရဘုရားသည် ဆင်းရဲသောသူတို့ကို အဘယ့်ကြောင့် ဖန်ဆင်းလေသနည်း။

၃။ ထာဝရဘုရားကို မကိုးကွယ်သောသူတို့သည် အလွန်များပြားကုန်၏၊ ထာဝရဘုရားသည် ထိုသူတို့ကို အဘယ့်ကြောင့် ဖန်ဆင်းလေသနည်း။

၄။ လူတို့တွင်အနာဆိုး, ရောဂါဆိုးတို့သည် များစွာရှိကြကုန်၏၊ လူတို့တွင် မကောင်းသောအမှုမျိုးတို့သည် များစွာရှိကြကုန်၏၊ ထာဝရဘုရားသည် ရောဂါဆိုး,အနာဆိုး,မကောင်းသောအမှုမျိုးတို့ကို အဘယ့်ကြောင့် ဖန်ဆင်းလေသနည်း။

၅။ ရေ,မြေ,တော,တောင်,ကျောက်လုံး,ကျောက်ပြား,သစ်ပင်,ချုံ,မြက်တို့မှာလည်း အကောင်းကား-အလွန်နည်း၏၊ မကောင်းသည်သာ အလွန်များ၏၊ ထာဝရဘုရားသည်မကောင်းသည်ကို များများကြီး အလိုရှိလေသလော၊ သို့တည်းမဟုတ် ဖန်ဆင်းတော်မူသော တန်ခိုးတော်က မျိုးမစင်ကြယ်၍ မကောင်းမှုတွေ များများဖြစ်ထွန်း၍ နေရသလော၊ သို့တည်းမဟုတ် ထာဝရဘုရားဖန်ဆင်းသည်- ဆိုသောစကားသည် ရှဥ္စိစကားပင်ဖြစ်လေသလော-

ဟု တွေးတောဆင်ခြင်ဘွယ်ရှိချေသည်။

ဗုဒ္ဓဘာသာအလိုကား—

၁။ ဥတုခေါ်သော ရုပ်ဓာတ်ကြီးသည် အကောင်း အမျိုးမျိုး, အဆိုးအမျိုးမျိုး အနန္တရှိသည်တွင်-

www.dhammaransi.com



(က) အကောင်းအမျိုးမျိုးတို့မှ ကောင်းသော ရွှေ,ငွေ, စိန်, ကျောက်,သရက်,ပိန်းနဲ,ပြောင်း,ပဲ,စပါးစသောဝတ္ထုတို့ ဖြစ်ပေါ်ပွါးများ၍ နေကြကုန်သည်။

(ခ) အဆိုးအမျိုးမျိုး အနဋ္ဌတို့မှ မကောင်းသောမြေ, ရေ, ကျောက်,သံ,သစ်ပင်,ဟော,ချုံ,နွယ်,မြက် စသည်တို့ဖြင့် ဖြစ်ပေါ်ပွါးများ၍နေကြကုန်သည်။

၂။ စေတနာကံခေါ်သော နာမ်ဓာတ်ကြီးသည်လည်း ဒါန,သီလ, ဘာဝနာ,သဒ္ဓါ,ပညာ,မေတ္တာ,ကရုဏာ, မုဒိတာ စသည်တို့နှင့်ယှဉ်သော အကောင်းအမျိုးမျိုး၊လောဘ, ဒေါသ,မာန, ဣဿာ, မစ္ဆေရ စသည်တို့နှင့်ယှဉ်သော အဆိုးအမျိုးမျိုးအနဋ္ဌမှုံသည်တွင်—

(က) အကောင်းအမျိုးမျိုးတို့မှ လူခေါ်သော ဓာတ်တုံးဓာတ်ခဲအမျိုးမျိုး,နတ်ခေါ်သော ဓာတ်တုံးဓာတ်ခဲအမျိုးမျိုး, ဗြဟ္မာခေါ်သောဓာတ်တုံးဓာတ်ခဲအမျိုးမျိုး၊ ဖြစ်ပေါ်ပွါးများ၍ နေကြကုန်သည်။

(ခ) အဆိုးအမျိုးမျိုးအနဋ္ဌတို့မှနွား,ကျွဲ,ခွေး,ဝက်,ကြက်,ငှက်, တိရစ္ဆာန်, ငရဲ၊ ပြိတ္တာ၊ အသုရကာယ်ခေါ်ကြသောဓာတ်တုံးဓာတ်ခဲအနဋ္ဌဖြစ်ပေါ်ပွါးများ၍ နေကြကုန်သည်။

ရုပ်ဓာတ်, နာမ်ဓာတ် နှစ်မျိုးလုံးသည် အားရှိသော အကောင်းအမျိုးမျိုးတို့နှင့်ရောနှောမိပြန်လျှင် အကောင်းဖြစ်၍သွားကုန်၏၊အားရှိသော အဆိုးအမျိုးမျိုးတို့နှင့် ရောနှောမိပြန်လျှင် အဆိုးဖြစ်၍သွားကုန်၏၊ သူ့အလိုအလျောက် ပေါက်လွှတ်ထားခဲ့လျှင် အဆိုးဘက်သို့သာ လဲမြဲဖြစ်၏၊ အပြုအပြင်ကောင်းပြန်လျှင် ဣဒ္ဓိလမ်း,သမာဓိလမ်းဖြစ်ပြီးအံ့၊ ထာဝရဘုရားခေါ်သော မဟာဗြဟ္မာမင်းကြီး အဖြစ်တိုင်အောင်ငင်း တိုမှအထက် အဆင့်ဆင့်သော ဗြဟ္မာမင်းကြီးတို့ အဖြစ်တိုင်အောင်ငင်း ပေါက်ရောက်နိုင်၏၊ဗုဒ္ဓိလမ်း, ပညာလမ်းဖြစ်ပြီးအံ့၊ သဗ္ဗညုဘုရားအဖြစ်တိုင်အောင် ပေါက်ရောက်နိုင်၏။

[ဤကား-ဗုဒ္ဓဘာသာအလိုတည်း။]

www.dhammaransi.com



ဤကား-ခပ်သိမ်းသောသက်ရှိ,သက်မဲ့ဝတ္ထုမျိုး အမှုမျိုးသည် အကြောင်းနှင့်ကင်း၍ ဖြစ်နိုင်မည်, မဖြစ်နိုင်မည်-ဟူရာ၌ အကြောင်းနှင့်ကင်း၍ မဖြစ်နိုင်၊ အကြောင်း-ဟူသည်လည်း—

၁။ ဗုဒ္ဓဘာသာအလို—ဥတုခေါ်သော ရုပ်ဓာတ်ကြီး, စေတနာကံခေါ်သော နာမ်ဓာတ်ကြီးပေတည်း။

၂။ ခရစ်ယန် ဘာသာ အလို-ထာဝရဘုရား၏ တန်ခိုးတော်ပေတည်း။—

ဟု-ထုတ်ဘော် ဖြေဆိုချက်ပေတည်း။

"ပြုသူမရှိလျှင် အမှုဖြစ်နိုင်မည်လော" ဟူသော နောက်ဆုံးစကား၌-ပြုသူဆိုသည်ကား-ဗုဒ္ဓဘာသာအလို-ဓာတ်တုံး ဓာတ်ခဲစုတို့ပေတည်း၊ လူခေါ်သော ဓာတ်တုံးဓာတ်ခဲကြီးတစုဟူ၍—

၁။ ရုပ်ဓာတ်အမျိုးမျိုးဆိုသည်ကား-မြေဓာတ်,ရေဓာတ်,မီးဓာတ်, လေဓာတ်, အဆင်းဓာတ်, အသံဓာတ်,အနံ့ဓာတ်,ရသဓာတ်, ဩဇဓာတ်, စက္ခုဓာတ်, သောတဓာတ်, ဃာနဓာတ်အစရှိသည်တည်း။

၂။ နာမ်ဓာတ်အမျိုးမျိုးဆိုသည်ကား-အမြင်ဓာတ်,အကြားဓာတ်, အနံ့ဓာတ်, အရသာကို သိသောဓာတ်, အတွေ့အထိကိုသိသောဓာတ်,ထွေထွေလာလာကြံမှုသိမှုကို ပြုသောဓာတ်, လောဘဓာတ်, ဒေါသဓာတ်, သဒ္ဓါဓာတ်,ပညာဓာတ်, ကိုယ်အင်္ဂါချီကြွလှုပ်ရှား သွားလာမှုတို့ကို ပြုပြင်သော ဓာတ်စု, စကားပြောဆိုမှုကို ပြုပြင်သောဓာတ်စုအစရှိသည်တည်း။

[ထိုရုပ်ဓာတ်,နာမ်ဓာတ်တို့သည် သဘောအားဖြင့် အသီးအခြားတို့သာတည်း။]

ဥရောပတိုက်သား ဆရာဝန်ကြီးတို့သည်၎င်း၊ "ဆိုင်းယင်း" ပညာကို တတ်ကြကုန်သော လောကဓာတ်ပညာ ဆရာတို့သည်၎င်း ထိုထိုသောဝတ္ထုတို့၌ ဓာတ်ထုတ်မှု,ဓာတ်ဘော်မှု, ဓာတ်ခွဲမှုတို့ကိုလေ့ကျက်ကြကုန်၏၊ထိုပညာရှိတို့သည် ရုပ်ဓာတ်တုံး ရုပ်ဓာတ်ခဲတို့ကိုသာ ဓာတ်ခွဲနိုင်ကြကုန်သည်၊ နာမ်ဓာတ်စုကို မခွဲနိုင်ကြကုန်၊ လောက၌ ထိုထို

www.dhammaransi.com



ကောင်းသောအမှု, မကောင်းသောအမှုတို့ကို ခါတ်တို့သည်သာပြု လုပ်နိုင်သည်၊ ဓာတ်တို့ကိုလွှတ်၍ ထိုထိုသောအမှုကို ပြုနိုင်သောပုဂ္ဂိုလ် ဟူ၍မရှိ၊ သတ္တဝါ-ဟူ၍မရှိ၊ ကောက်စပါးတို့၏ ဖြစ်ထွန်းမှု၌ လောကီ သားတို့၏အလိုအားဖြင့် လယ်မြေ,မိုးရေ,မျိုးစပါး, လုပ်ဆောင်သူ ယောကျ်ား-ဟူ၍ အကြောင်း လေးပါးကို ပြဆိုရာ၏၊ ဗုဒ္ဓဘာသာ အဘိဓမ္မာအလိုအားဖြင့်—

၁။ လယ်မြေ-ဟူသည် မြေဥတုပေတည်း။

၂။ မိုးရေ-ဟူသည် ရေဥတုပေတည်း။

၃။ မျိုးစပါး-ဟူသည် ပေါက်ပွါးတတ်သော ဥတုဓာတ်အထူးပင် တည်း။

၄။ လုပ်ဆောင်သူ ယောကျ်ား-ဟူသည် ရုပ်ဓာတ်, နာမ်ဓာတ် အစုအခဲသာတည်း။

ရုပ်ဓာတ်စုသည် အကောင်အထည်ဖြစ်၏၊နာမ်ဓာတ်စုတွင်ဝိညာဏ် ဓာတ်, သညာဓာတ်တို့သည် လယ်လုပ်မှုတို့၌ တတ်သိ လိမ်မာသော ဓာတ်ပေတည်း၊ စေတနာဓာတ်, ဝီရိယဓာတ်တို့သည် လယ်လုပ်မှု, ကိုယ်အင်္ဂါ,နှုတ်အင်္ဂါ, စိတ်အင်္ဂါတို့ကို လှုံ့ဆော်တိုက်တွန်းသောဓာတ် တို့ပေတည်း၊ ဤနည်းအတူလယ်ယာလုပ်မှုတမျိုး၌ပင်လျှင် မီးသဘော, မီးရထားစသော ဓာတ်စက် ကြိယာမျိုးတို့၌ကဲ့သို့ ဆိုင်ရာ ဆိုင်ရာလှုံ့ ဆော်ကြသော ဓာတ်မျိုးတို့သည် လယ်လုပ်သော ယောကျ်ားသန္တာန် မှာ များစွာရှိနေ၏၊ ရုပ်ဓာတ်,နာမ်ဓာတ်တို့ကို မသိကြကုန်သော လောကီသားတို့သည် လူဟူ၍, ယောကျ်ား-ဟူ၍သာ ခေါ်တတ်ကြကုန် ၏၊ ရုပ်ဓာတ်,နာမ်ဓာတ်တို့ကို တတ်သိလိမ်မာကြသော သူတို့သည်မူ ကား-လောကီသားတို့အလိုက်လူဟူ၍,ယောကျ်ား-ဟူ၍လည်းခေါ်၏။

အဘိဓမ္မာဒေသနာတော် အလိုက် အမှန်မုချအားဖြင့် ဓာတ်တုံး ဓာတ်ခဲ-ဟူ၍ရင်း မြင်သည်ကား-ဘယ်ဓာတ်, ကြားသည်ကား- ဘယ် ဓာတ်,လှုပ်ရှားသွားလာပြုလုပ်သည်ကား-ဘယ်ဓာတ်, စကားစမြည် ပြောဆိုသည်ကား-ဘယ်ဓာတ်, ထွေထွေလာလာ ကြံဘန်သည်ကား- ဘယ်ဓာတ်-ဟူ၍လည်းခေါ်ဝေါ်ပြောဆိုကြကုန်၏၊ ဓာတ်တို့၏အစွမ်း

www.dhammaransi.com



သတ္တိ, တန်ခိုးဗုဒ္ဓိဆန်းကြယ် ကြီးကျယ်မှုကို မသိကြကုန်သည့်အတွက် လောကကြီးကို သိကြွားဘန်ဆင်းသည်၊ ဖြဟ္မာမင်း ဘန်ဆင်းသည်၊ ထာဝရဘုရားဘန်ဆင်းသည်-ဟု ကြံဘန်တွေးဆ မှတ်ယူကြကုန်၏။

[ဤကား ''ပြုသူမရှိလျှင် အမှုဖြစ်နိုင်မည်လော'' ဟူသော ပုစ္ဆာ၌ ဗုဒ္ဓဘာသာ အလိုအားဖြင့် ဓာတ်တို့သည်သာ ပြုသူဖြစ်သည်၊ခပ်သိမ်း သောအမှုတို့သည် ဓာတ်ပြုလုပ်မှဖြစ်နိုင်ကြသည်-ဟူ၍ဖြေဆိုခြင်းတည်း။]

ခရစ်ယန်ဘာသာ အလိုအားဖြင့်မူကား—

ထာဝရဘုရားသည်သာ ပြုသူဖြစ်သည်၊ထာဝရဘုရား တန်ခိုးတော်နှင့်ပြုမှ အမှုခပ်သိမ်းဖြစ်နိုင်သည်-ဟူ၍ဖြေဆိုရာ၏၊ ထိုသို့ဖြေဆိုခဲ့သော် အမှုဟူသောပုစ္ဆာစကား၌ ဖြစ်မှု,ပျက်မှု, ရှင်မှု,သေမှု, သာမှု,နာမှု, လိမ်မာမှု, မိုက်မဲမှုစသည်ဖြင့် ကောင်းသောအမှု, မကောင်းသော အမှုအလွန်များပြား၏။

၁။ အသက်ခန္ဓာ ချမ်းသာစီးပွါး ဖြစ်သမျှသည် ထာဝရဘုရား ပြုလုပ်၍ဖြစ်သည်။

၂။ အသက်ခန္ဓာ ချမ်းသာစီးပွါး ပျက်သမျှသည် ထာဝရဘုရား ဖျက်၍ပျက်ရသည်။

၃။ အသက်ရှင်သမျှသည် ထာဝရဘုရားပြု၍ ရှင်ရသည်။

၄။ လောက၌ သေကြသမျှသည် ထာဝရဘုရားသတ်၍ သေကြရသည်။

ဤသို့စသည်ဖြင့် ထာဝရဘုရားအပေါ်၌ အပြစ်တင်ဆိုဘွယ် မများလောဟု တွေးတောဆင်ခြင်ဘွယ် ရှိချေသည်။

အပြစ်တင်ဆိုဘွယ်မဟုတ်၊ ထိုကဲ့သို့ဖြစ်မှု, ပျက်မှု, ရှင်မှု, သေမှု စသည်အလုံးစုံကို အကုန်ပြုလုပ်နိုင်သော အနန္တ တန်ခိုးရှင်ဖြစ်၍ ဘုရားဟုခေါ်ရသည်တကား-ဟူငြားအံ့၊ထိုသို့ဖြစ်ခဲ့သော် ထာဝရဘုရားကို မကိုးကွယ်ကြသောသူတို့မှာလည်း ဖြစ်မှု,ပျက်မှု, ရှင်မှု,သေမှု အပြည့်ရှိနေကြသည်၊ ထာဝရဘုရားကို ကိုးကွယ်ကြသောသူတို့မှာလည်း ဖြစ်မှု,ပျက်မှု,ရှင်မှု,သေမှု, အပြည့်ရှိနေကြသည်၊ ကိုးကွယ်သည့် အတွက် ကိုးကွယ်သူတို့အား ထာဝရဘုရား၏ ညာတာချက်ဟူ၍အပိုအ

www.dhammaransi.com



မိုမရှိသောကြောင့် ထာဝရဘုရားကို ကိုးကွယ်ကြမှုသည် အကျိုးမရှိ အချည်းနှီးသာဖြစ်သည်ဟု ဆိုဘွယ်ရှိပြန်သည်။

ယခုဘဝ၌ကား-အကျိုးမထင်ရှား၊ သေသည်မှနောက်၌ ကောင်းကင်ဘုံကြီးသို့ ရောက်အောင်ကယ်တင်၍ ထာဝရအသက်, ထာဝရစည်းစိမ်ကိုရကြကုန်လိမ့်မည်-ဟူငြားအံ့၊ ကိုးကွယ်ကြသော သူတို့အား တခြားတပါးသူတို့ကိုမဆိုထားဘိဦး၊ သားတော်ဟူ၍ ယုံကြည်ကြသော ခရစ်တော်ကိုပင် မင်းဘေး,သေဘေးမှမကယ်၊ လောက၌ ကိုးကွယ်ကြသောသူအများ ထင်ရှားတွေ့မြင်ကြရသော ကယ်တင်ချက်ဟူ၍မရှိပါဘဲလျက် သေသည်မှနောက်၌ ကယ်တင်လိမ့်မည်ဟူသော စကားကို စိတ်ချ၍ အလွတ်ယုံကြည်ရမည် မခက်လော။

ခရစ်တော်သေဆုံးရသည်မှာ- ကိုးကွယ်ကြသူအများတို့အား ဒုစရိုက်အပြစ်တို့မှလွတ်ငြိမ်းကြစေရန် အသေခံတော်မူမှုဖြစ်သည်၊ ထာဝ-ရဘုရားမကယ်နိုင်၍သေရသည်မဟုတ်-ဟူငြားအံ့၊ထိုသို့ဖြစ်ခဲ့သော် ထာဝရဘုရားကိုကိုးကွယ်လျှင် ဒုစရိုက်အပြစ်တို့မှ လွတ်ငြိမ်းသည်၊ ထာဝရဘုရားသည် သတ္တဝါတို့ကို ဒုစရိုက်အပြစ်မှ လွတ်ငြိမ်းစေနိုင်သည်ဟူ၍ ယုံကြည်ကြလျက်ရှိသည်၊ ထိုစကားမှန်ခဲ့ပါလျှင် သတ္တဝါတို့၏ ဒုစရိုက်အပြစ်လွတ်ငြိမ်းစေရန် ကိစ္စနှင့် ခရစ်တော် အသေခံဘွယ် ကိစ္စမရှိ၊ သတ္တဝါတို့၏ဒုစရိုက်အပြစ်လွတ်ငြိမ်းကြစေရန်ခရစ်တော်အသေခံသည် မှန်ခဲ့ပါလျှင်လည်း ထာဝရဘုရားသည် သတ္တဝါတို့ကို ဒုစရိုက်အပြစ်မှ လွတ်ငြိမ်းစေနိုင်သည်၊ ကယ်တင်နိုင်သည်-ဟူသော စကားသည်၊ရှုဒ္ဓိစကားမျှသာဖြစ်သည်၊ မုချအမှန်ယူရသောစကားမဟုတ်ဟု ဆိုဘွယ်မရှိလော။

[ဤကား-''ပြုသူမရှိလျှင် အမှုဖြစ်နိုင်မည်လော''ဟူသောပုစ္ဆာ၌ဖြေဆိုချက်တည်း။]

ယခုမျက်မြင်လောက၌ရှိနေကြသောခပ်သိမ်းသောအမှုတို့မှာယခုမျက်မြင်လောက၌ ရှိနေကြသူအပေါင်းတို့သည် ပြုသူ အမှုသည်တို့ပေတည်း၊ ကမ္ဘာဦးအခါ၌ အစစွာကမ္ဘာကိုပြုသူ သက်ရှိသက်မဲ့ဝတ္ထုတို့ကို ကမ္ဘာဦးအစ၌ ပြုသူကိုဆိုလိုသောပုစ္ဆာပါ-ဟူငြားအံ့၊ ခရစ်ယန်ဘာသာအလို ထာဝရ ဘုရားသည် ပြုသူပေတည်း၊ ထာဝရဘုရား

www.dhammaransi.com



တည်း-ဟူသော ပြုသူရှိ၍ ကမ္ဘာတည်ထောင်မှု,သက်ရှိ သက်မဲ့တို့ဖြစ်ပေါ်မှု-ဟူ၍ ရှိနိုင်လေသည်-ဟု ဖြေရန်ရှိ၏။

ထာဝရဘုရားကိုအလွန်ချစ်မြတ်နိုးသော ခရစ်တော်ကိုပင်မင်းဘေးသေဘေးမှ မကယ်နိုင်ပါဘဲလျက် ကမ္ဘာကိုဖန်ဆင်းနိုင်သည်၊ ကမ္ဘာပေါ်၌ သက်ရှိသက်မဲ့တို့ကို ဖန်ဆင်းနိုင်သည်-ဟူသော စကားကို "ပြုသူမရှိလျှင် အမှုဖြစ်နိုင်မည်လော" ဟူသော အတွေးအဆယုတ္တိမျှနှင့် မှုချယုံကြည်ရ မခက်လော။

ထာဝရဘုရားသည် ယခုပစ္စက္ခဘဝအကျိုး၌ ကြောင့်ကြမစိုက်၊ သေသည်မှနောက်၌ ကယ်တင်မှုကိုသာ ကြောင့်ကြစိုက်သည်၊ ခရစ်တော်ကိုလည်း ကောင်းကင်ဘုံသို့ ကယ်တင်သည်-ဟူငြားအံ့၊ ခရစ်တော်သည် သေသည်မှနောက်၌ကောင်းကင်ဘုံသို့ရောက်သည်ကိုခရစ်တော်၏ တပည့်လက်သားတို့ ပြောဆိုကြသော အရာသာဖြစ်သည်ဖြစ်၍ ယုံကြည်ရမည် မခက်တော့။

[ဤကား "ပြုသူမရှိလျှင် အမှုဖြစ်နိုင်မည်လော" ဟူသောပုစ္ဆာ၌ ခရစ်ယန်ဘာသာအလိုတနည်းဖြေဆိုချက်၊ ၎င်းအဖြေမှာ အပြစ်ဆိုဘွယ်ကို ပြဆိုချက်တည်း။]

ဗုဒ္ဓဘာသာအလို၌—

ရုပ်ဓာတ်,နာမ်ဓာတ်တို့မှတပါး ကမ္ဘာကိုပြုသူဖန်ဆင်းသူ-ဟူ၍မရှိ၊ ရုပ်ဓာတ်,နာမ်ဓာတ်တို့သည်လည်း ကမ္ဘာအဆက်ဆက်မျိုးစ ပြတ်ဆုံးသည်-ဟူ၍မရှိကုန်၊ ဤအရာ၌ ရှေးဖြစ်သော အတိတ်ကာလ,အတိတ်သံသရာ,အတိတ်ကမ္ဘာအဆက်ဆက်တို့သည် အစ-ဟူ၍ မရှိကုန်၊အစမရှိဟူသည်ကို အချို့သူတို့ မယူကြကုန်၊ အစ-ရှိတန်ရာသည်-ဟု ပြောဆိုကြကုန်၏၊ အတွေးအဆ, ယုတ္တိမျှနှင့် ပြောဆိုကြသည်ကို ပမာဏ မပြုအပ်။

ဇီးကုန်းကြီးခရစ်ယန် ပုစ္ဆာအဖြေပြီး၏။

www.dhammaransi.com

# ခရစ်ယန်အဆို ၁၁-ချက်အဖြေ

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ခရစ်ယန်အဆို ၁၁-ချက်

၁။ သံသရာ၌ကျင်လည်ရခြင်းကိုဗုဒ္ဓဘာသာကမကောင်းဟု ဟော၏၊ နိဗ္ဗာန်သို့မရောက်မီအတွင်း ဗုဒ္ဓဘာသာ တရားအတိုင်း ကျင့်သော်လည်း ကောင်းသောအကျိုးကိုမပေးဘဲ မကောင်းသောသံသရာအကျိုးကိုသာပေး၏။

၂။ ဗုဒ္ဓဘာသာတရားအတိုင်း အကုန်လွှတ်ကျင့်သောအခါလည်း သံသရာမှထုတ်ပြီးလျှင် ရှိနှင့်ရင်းကိုယ်ခန္ဓာ, နာမ်ဝိညာဉ်ကို တခါပြန်မဖြစ်လေအောင် အစဉ်ပျက်စီးခြင်းဟူသော-နိဗ္ဗာန်အကျိုးကိုသာပေး၏၊ ထို့ကြောင့်အမှုယ်ကို လုပ်သောအခါ ထောင်မှာချသည်၊ ကြီးသောအမှုကို လုပ်မိပြန်သော် ထောင်က ထုတ်သတ်သည့်အရာနှင့်တူ၏၊ ဗုဒ္ဓဘာသာတရားမှားသည် မှားသောတရားကိုကျင့်သောကြောင့် ကောင်းသောအကျိုးကို မပေး-ဟုသဘောရသည်။

၃။ နာမ်ဝိညာဉ်နှင့်ကိုယ်ခန္ဓာရှိသရွေ့သံသရာ၌အနိစ္စ, ဒုက္ခ, အနတ္တတည်းဟူသော မကောင်းကျိုးကိုခံရမည်၊သို့နှင့် နိဗ္ဗာန်ဝင်၍ ဘာမျှ မကျန်လိုက်ဘဲ လုံးလုံးပျက်စီး သေကြေခြင်းကိုပင် ကောင်းသည်ဟု-ဗုဒ္ဓဘာသာကဟောပြန်၏၊ ဟောသည့် အတိုင်း ကောင်းသည်ဟု ဗုဒ္ဓဘာသာဝင်တို့အယူရှိကြ၏၊ ဤအယူသည် မကောင်းသောဆေးသမား၏ ဆေးကိုစားမိ၍ သေသောအခါ လူနာမှာ ဝေဒနာကင်းသည်ဟု ဆိုသောအရာနှင့်တူ၏၊ သေသောအခါ ဝေဒနာကင်းသည်ဟုဆိုသော စကားမှန်၏၊ မသေဘဲ ဆရာကောင်းကိုတွေ့၍ ဆေးကောင်းကိုစားရသောကြောင့် ဝေဒနာကင်းသည်လည်းမှန်၏၊ ဤနည်းနှစ်

www.dhammaransi.com



နည်းမှာ မသေဘဲ ဝေဒနာကင်းသောနည်း ကောင်း၏၊ ဗုဒ္ဓဘာသာကဘုရားမရှိ- ဆိုသောကြောင့် ရှိသည့် အခါလည်း ဘုရားမတတ်နိုင်၊ သဗ္ဗေသတ္တာကမ္မဿကာ- ဆိုသောကြောင့် မသေရဘဲ ဝေဒနာကို ကင်းစေနိုင်သောဆေးသမားသည် ဗုဒ္ဓဘာသာ၌ မရှိ။

၄။ ကိုယ်ခန္ဓာနှင့် နာမ်ဝိညာဉ်သည် အနိစ္စ, ဒုက္ခ, အနတ္တဖြစ်၏၊ အနိစ္စ, ဒုက္ခ, အနတ္တကို ဘယ်သူမျှမဖြစ်ချင်၊ မဖြစ်ချင်သောကြောင့်အနိစ္စ,ဒုက္ခ, အနတ္တကိုညည်းတွား၍ ပုတီးစိပ်ကြ၏၊ အနိစ္စ,ဒုက္ခ,အနတ္တကိုအလိုမရှိလျှင်နိစ္စ,သုခ,အတ္တကိုလိုချင်ကြ၏၊ အနိစ္စ-သေခြင်းဖြစ်၍ နိစ္စ-မသေအမြဲနေရခြင်းကိုဆို၏၊ ဒုက္ခ-နာခြင်းဖြစ်၍၊ သုခ-ချမ်းသာခြင်းကိုဆို၏၊ အနတ္တ-မိမိလိုဘာရှိ သည်အတိုင်း မအို-မသေဘဲမနေရ အိုရ-သေရသောကြောင့်၊အတ္တ, မအို-မသေဘဲနေနိုင်ခြင်းကိုဆို၏၊ ထို့ကြောင့် နိစ္စ,သုခ,အတ္တကို လိုချင်သည်ဆို၍၊ပုတီးစိပ်ပြီးနောက် နိဗ္ဗာန်သို့ရောက်၍ အစဉ်သေကြေပျက်စီးရပါလို၏-ဟု ဆုတောင်းရသော တရားသည် မှားကြောင်းထင်ရှား၏။

၅။ အကုသိုလ်အတွက် ကိုယ်ခန္ဓာ, နာမ်ဝိညာဉ်နှင့်တကွ အမေ, အဘေကို တ-ရအောင် ငရဲတွင်ခံစေ၏၊ကုသိုလ်အတွက် ကိုယ်ခန္ဓာ,နာမ်ဝိညာဉ်နှင့်တကွ ရှင်လန်းခြင်းဖြစ်စေရအောင် မစံစားဘဲဖျက်ဆီး နိဗ္ဗာန်သို့ပို့သည်ဟု ဗုဒ္ဓဘာသာက ဆိုချက်သည် အသွားအလာ မညီသောကြောင့် မကောင်းမမှန်ဟု သဘောရ၏။

၆။ ဗုဒ္ဓံ သရဏံဂစ္ဆာမိ၊အနက်ကား-ဘုရားသည် လည်းလျှောင်းမှီခိုကိုးကွယ်ရာဆို၏၊ သို့ဖြစ်သောကြောင့် မိမိ၌ရှိသော ဝေဒနာကို ကွယ်ပျောက်စေလို၍ နတ်ကို-ကိုးဘိသကဲ့သို့ မိမိတို့၌ရှိသော မကောင်းမှု ဒုစရိုက်အပြစ် ကွယ်ပျောက်ရအောင် ဘုရားကို ကိုးရမည်၊ ဘုရားတန်ခိုးကို ခိုလှုံရမည်ဖြစ်၏၊ ဘုရားသည် လည်းလျှောင်းမှီခိုကိုးကွယ်ရာဆိုသောကြောင့် ကိုးလျှင်-ကွယ်မည်၊ ခိုလျှင်-လှုံမည်မှန်၏၊ ကိုးကွယ် လည်းလျှောင်းမှီခို

www.dhammaransi.com



လို၍ ဗုဒ္ဓဘာသာတွင် ဘုရားကိုရှာသော်မတွေ့၊ ဘုရားမရှိ၊ ရှိသည့်အခါလည်းမကွယ်နိုင်၊ သဗ္ဗေသတ္တာကမ္မဿကာ-ဟုသာ ဘုရားကဆို၏၊ ဘုရားကိုယ်တော်တိုင်ပင် ဝဋ်တော်ဆိုက် အနိစ္စ ဖြစ်ရသည်၊ထို့ကြောင့် ဗုဒ္ဓဘာသာ၌ ကိုးကွယ်ရာမရှိ၊ မရှိ၍ ပျက်စီးရာလမ်းဟု နေရကျ၏။

၇။ ဘုရားမရှိသော်လည်း မိမိကိုယ်ကျင့်တရားရှိ၏၊ ကိုယ်ကျင့်တရားကိုပင် အားကိုးဟုဗုဒ္ဓဘာသာကဝိရိယစိုက်ဟောပြန်၏၊ ဤအရာသည် ဘုရားဂုဏ်တော်ကို အားမကိုးနှင့်၊ မိမိဂုဏ်ကိုသာ အားကိုးဟု သွန်သင်ရာရောက်၏၊ အနတ္တကောင်မှာ တန်ခိုးဘာယ်မှာရှိသနည်း၊ ရှိလျှင် အနတ္တဟု ခေါ်ဦးမည်လော၊ ထို့ကြောင့် ဟောသောသူသည် အနတ္တအကြောင်းကို လုံးလုံး မသိရာ ထင်ရှားသည်၊သတ္တဝါတို့သည် အနတ္တဖြစ်၍ မိမိလိုဘ ရှိသည့်အတိုင်းဖြစ်စေရအောင်အစွမ်းမရှိ၊လောက၌ မင်းမှုကို ထမ်းသည့်အခါဖြစ်စေ၊ကုန်သွယ်ရောင်းဝယ်ဖေါက်ကားသည့် အခါဖြစ်စေ၊လယ်ယာလုပ်စားသည့်အခါဖြစ်စေ၊ တဦးဦးကို မခိုမလှုံရလျှင် မဖြစ်ထွန်းနိုင်၊ လောကီ အကျိုးစီးပွါးထက် လောကုတ္တရာအကျိုး အလွန်ကြီးကျယ်၏၊ ဘာမျှမဟုတ်သည့် လောကီအကျိုးကိုမျှ မိမိစွမ်းအားနှင့်မရနိုင်, မတတ်နိုင်ခဲ့လျှင် လောကုတ္တရာအကျိုးကို မိမိစွမ်းအားနှင့် ရနိုင်၏-ဟု ဟောသောတရားကို အဘယ်သို့ကြည်ညိုနှစ်သက်နိုင်ပါမည်နည်း။

၈။ လောဘနှင့်ဒေါသသည် လာနိုင်သမျှအပြစ်တကာတို့မှာမိနှင့်ဘ ဖြစ်၏၊ထို့ကြောင့် လောဘနှင့်ဒေါသကို ရှေးဦးစွာဖြတ်ရမည်တရားရှိ၏၊လောဘကိုမတိုက်မလှန်ဘဲဗုဒ္ဓဘာသာက ကြီးစေသည်ကိုမသိ၊ အမှတ်မဲ့ကောင်းသည်ထင်၍ ဗုဒ္ဓဘာသာဝင်တို့ ဘုရားဆုကိုတောင်းကြ၏၊ ဘုရားသည် အကြီးဆုံးအမြတ်ဆုံးဖြစ်၏၊ဘာမျှမဟုတ်သည့် အနတ္တဒုစရိုက်ကောင်သည် မိမိအပြစ်ကိုမမြင်ဘဲ ဘုရားဖြစ်ရပါလို၏ဟု တောင်းသောအရာသည် လောဘမဟုတ်လား၊ သည်လောဘထက် ကြီးနိုင်စရာမရှိ၊ သူကြီးတယောက်သည် အရေးပိုင်မင်းအရာကို ရလိုပါ

www.dhammaransi.com



သည်ဟု လျှောက်လျှင် လူတကာတို့ကဲ့ရဲ့ဘွယ်ဖြစ်၏၊အရေးပိုင်မင်းအရာနှင့်ဘုရားအရာကိုပြိုင်နှိုင်းဘွယ်မရှိ၊ဘုရားအရာသည်အတိုင်းမသိကြီး၏၊အရေးပိုင်မင်းအရာကိုမရနိုင်သောဗုဒ္ဓဘာသာဝင်တို့သည် ဘုရားအရာကို ရလိုကြောင်းနှင့် လျှောက်ကြ၏၊အဘယ်မျှ လောဘကြီးသလဲဟု စဉ်းစားကြပါ၊ထိုအတွက် အပြစ်မှလွတ်နိုင်ရာ မထိုက်မတန်ဘဲ အရေးပိုင်မင်းအရာကို လျှောက်မိသော သူကြီးသည် ဤလောကမှာပင် အရှုးဟု အခေါ်ခံရလျှင် ဘုရားအရာကိုခံလိုသော ဗုဒ္ဓဘာသာဝင်တို့ကို အဘယ်သို့ဆိုဘွယ်ရှိအံ့နည်း၊ထို့ပြင် အချို့သူတို့သည် ဘုရားဆုကိုမတောင်းဘဲ အဆုံးစွန်သောဘဝ၌ နိဗ္ဗာန်သို့ရောက်လိုပါ၏ဟုဆုတောင်းကြ၏၊ဘုရားမရှိ၊ဘုရားမရှိသော်လည်း နိဗ္ဗာန်ကို ဘုရားပင်လိုချင်၍ တောင့်တရသေးသည် ဖြစ်သောကြောင့် ဗုဒ္ဓဘာသာမှာ ဘုရားကမပေးနိုင်၊သို့ဖြစ်၍ ဘုရားထံနိဗ္ဗာန်ကို တောင်းသောသူတို့သည် မှားလေပြီဘကား။

၉။ ဘာသာကိုင်းက-ဘုရားသည် အမြတ်ဆုံး, အကြီးဆုံး-ဟု ဆိုကြ၏၊ ဗုဒ္ဓဘာသာကသာမဆို၊ နိဗ္ဗာန်ကိုပင် ဘုရားတို့တောင့်တရသေးသည်-ဟု ဗုဒ္ဓဘာသာက ဆိုသောကြောင့် ဘုရားထက် နိဗ္ဗာန်ကသာ၍ မြတ်သည်ကြီးသည်-ဟု ဆိုစရာဖြစ်၏၊ ဘုရားကိုပင် အမြတ်ဆုံးမဆိုသောကြောင့် ဗုဒ္ဓဘာသာသည် မှန်သော ဘာသာ-ဟု ဆိုနိုင်စရာအခွင့်မရှိ။

၁၀။ အဘယ့်ကြောင့် ဤကဲ့သို့ရှေ့အဆိုနှင့်-နောက်အဆို မညီလွဲချွတ်မှားယွင်းရသနည်း၊အကောင်းကိုကျင့်သောအခါလည်း ကောင်းကျိုးကိုမပေး၊ မကောင်းသော သံသရာအကျိုးကိုသာ ပေးသည်ကိုယောက်၍ဗုဒ္ဓဘာသာတရားကိုဘုရားထားသည်၊မထားသည်-ဟု လိုက်စစ်စရာသင့်၏၊ ဘုရားထားခဲ့လျှင် မှန်ရမည်၊ ဤကဲ့သို့ ချွတ်ယွင်းသောကြောင့် ဘုရားမထား-ဟု ထင်ရ၏၊ ထင်သည့်အတိုင်း မှန်-မမှန်ကိုလိုက်စစ်သော် တရားကို ဘုရားထားသည်-ဟု ဗုဒ္ဓဘာသာကမဆို၊ ဂေါတမလည်းမထား၊ရှိနှင့်ရင်းကရားကိုမြင်၍သာ ဟောပြောသည်၊တရားကိုကျင့်မှဘုရား

www.dhammaransi.com



ဖြစ်သည်-ဟု ဆိုသောကြောင့် ဘုရားမဖြစ်ခင်ကပင်-တရားရှိနှင့်ပြီး ဖြစ်၍ ဘုရားထားသည်-ဟု ဆိုရန်အခွင့်မရှိ၊ ဘုရားမထားလျှင် လူထား၏၊ လူထားသည်-ဟုဆိုသော် လူထားသောတရားကို မကျင့်ဘဲရှိလိမ့်မည်၊ မရှိသေဘဲရှိလိမ့်မည်ကို မြင်သောကြောင့်ဘယ်သူမျှမထား၊ဓမ္မနိယာမဟုဆို၏၊ဓမ္မနိယာမ-အနက်ကား-တရားသည် အစဉ် ထာဝရရှိ၏-ဟုဆို၏၊ စာတစောင်ကို ဘယ်သူမှ မရေးဘဲ အလကားဖြစ်သည်-ဟု ဆိုလျှင် မယုံနိုင်, မယုံသင့်-ဟု လူတိုင်းက ဆိုကြ၏၊ တရားသည် လောကီ,လောကုတ္တရာအချုပ် အချာဖြစ်သော ကြောင့် ထိုစာတစောင်ထက် တရားသာမြတ်၏၊ ဤကဲ့သို့ ကြီးကျယ်သော တရားကို ဘယ်သူမျှမထား-ဆိုလျက် ယုံလျှင် သည်ထက် မယုံသင့်သော အရာရှိနိုင်သေး၏လား၊ ဘုရားသာလျှင် အစိန္တေယျ မကြံစည်နိုင်, မကြံစည်အပ်၊တရားသည်အစိန္တေယျ မဟုတ်၍ တဦးဦးက ထားရမည်၊ ဓမ္မနိယာမဆိုသည့် အတိုင်း ဘယ်သူမျှ မထားလျှင် အလကား ဖြစ်လာသည်-ဟုဆို၏၊ ထို့ကြောင့် ဗုဒ္ဓဘာသာတရားသည် အလကားတရားဖြစ်၏၊ အလကားတရားကို အလကားလူများ ကျင့်စရာဖြစ်၏၊ အလကားတရားကို ကျင့်လျှင် အလကားပင်ဖြစ်ရမည်မှန်၏ ဆိုသည့်အတိုင်းလည်း အလကားတရားကို ကျင့်မိသောကြောင့် မကောင်းသော သံသရာ၌ ကျင်လည်ရ၏၊အဆုံးမှာ ဘာမျှမရှိဘဲ နိဗ္ဗာန်၌ အလကားပင် ဖြစ်လေ၏။

၁၁။ ဗုဒ္ဓဘာသာတရားသည် အလကားတရားဖြစ်၍ အထက်ကပြခဲ့သည့်အတိုင်း အချွတ်ချွတ်အလွဲလွဲမမှန်ဘဲ ရှေ့နောက် မညီ အလကားဖြစ်ရကြောင်းကိုသဘောရ၍ "ဗုဒ္ဓနိယာမ, ဓမ္မနိယာမ-ဘုရားအစဉ်, တရားအစဉ်"ရှိတော်မူသည်၊ဘုရားအစဉ်ရှိတော်မူသောကြောင့် တရားတော်ကို ဘုရားထားတော်မူသည်၊ ဘုရားနှင့် တရားအတူတူအစဉ်ရှိတော်မူ၏၊ ဘုရားမရှိဘဲ တရားမဖြစ်နိုင်-ဟု ခရစ်ယန်ဘာသာကပြသည်၊မရှိဘဲလျက် ဖြစ်နိုင်သည်ဆိုသော အရာသည် ဘုရားကို ကိုးကွယ် လည်းလျော်း

www.dhammaransi.com



မှိခိုရာမရောက်၊ ဘုရားကိုပယ်ထားရာရောက်၍၊ ဘုရားမရှိဘဲ မဖြစ်နိုင်ဆိုသောအရာသည် ဘုရားကို လည်းလျှောင်းမှီခိုရာကျ၍၊ ခရစ်ယန်ဘာသာသည် ယုံဘွယ်ကောင်းသောကြောင့်-အဟံ၊ အကျွန်ုပ်သည်လည်းလျှောင်းမှီခိုဆည်းကပ်ပါ၏။

ခရစ်ယန်အဆို ၁၁-ချက်ပြီး၏။

## လယ်တီဆရာတော်ဘုရားကြီး၏ ခရစ်ယန်အဆို ၁၁-ချက် အဖြေ

ခရစ်ယန် ဘာသာဝင်သူ တဦးက ဗုဒ္ဓဘာသာကို အပြစ်ဆိုချက် ၁၁-ချက်ကို ဖြေဆိုတော်မူပါမည့်အကြောင်းနှင့် တောင်းပန်လျှောက်ထားလိုက်သော စာလွှာသည် မြန်မာသက္ကရာဇ် ၁၂၆၂-ခု၊ပြာသိုလဆုတ် ၃-ရက်နေ့တွင် ရောက်လာသည်ဖြစ်၍ ၎င်းအပြစ်ဆိုချက် ၁၁-ချက်ကို ဖြေဆိုပေအံ့သတည်း။

### အဖြေကိုသိနိုင်ရန်အခြေပါဒ

ဖြေဆိုလတံ့သော အချက်စုကို ပြက်ပြက်ကွင်းကွင်း ရှင်းလင်းစွာ ထင်ရှားမြင်နိုင်ရန် အခြေပါဒ သဘာဝဓာတ်ရင်းစုကို ခင်းကျင်း၍ ပြဦးအံ့—

၁။ စက္ခုဓာတ်,
၂။ သောတဓာတ်,
၃။ ဃာနဓာတ်,
၄။ ဇိဝှါဓာတ်,
၅။ ကာယဓာတ်,
၆။ ရူပဓာတ်,
၇။ သဒ္ဒဓာတ်,
၈။ ဂန္ဓဓာတ်,
၉။ ရသဓာတ်,
၁၀။ ဖေါဋ္ဌဗ္ဗဓာတ်,
၁၁။ စက္ခုဝိညာဏဓာတ်,

www.dhammaransi.com



၁၂။ သောတဝိညာဏဓာတ်,
၁၃။ ဃာနဝိညာဏဓာတ်,
၁၄။ ဇိဝှါဝိညာဏဓာတ်,
၁၅။ ကာယဝိညာဏဓာတ်,
၁၆။ မနောဓာတ်,
၁၇။ မနောဝိညာဏဓာတ်,
၁၈။ ဓမ္မဓာတ်—

ဟူ၍ ဓာတ်ရင်းဓာတ်မှန် ၁၈-ပါးပင်တည်း။

အနမတဂ္ဂသံသရာဓမ္မ-ဟူသည်လည်း ဤဓာတ် ၁၈-ပါးပင်တည်း၊ ၃၁-ဘုံဟူသည်လည်း ဤဓာတ် ၁၈-ပါးပင်တည်း၊ အဘိဓမ္မာ ၇-ကျမ်းသည်လည်း ဤဓာတ် ၁၈-ပါးပင်တည်း။

စကြဝဠာအနန္တ ဆိုသည်လည်း ဤဓာတ် ၁၈-ပါးပင် တည်း၊ သတ္တဝါအနန္တဆိုသည်လည်း ဤဓာတ် ၁၈-ပါးပင်တည်း။

ဤဓာတ် ၁၈-ပါးသည်ပင်လျှင် အဘိဓမ္မာ ၇-ကျမ်းဖြစ်၏၊ဤဓာတ် ၁၈-ပါးသည်ပင်လျှင် အနမတဂ္ဂသံသရာကြီးဖြစ်၍နေ၏၊ဤဓာတ် ၁၈-ပါးသည်ပင်လျှင် ၃၁-ဘုံဖြစ်၍ နေ၏၊ ဤဓာတ် ၁၈-ပါးသည်ပင်လျှင် စကြဝဠာ အနန္တတွေဖြစ်၍နေ၏၊ ဤဓာတ် ၁၈-ပါးသည် ပင်လျှင် သတ္တဝါအနန္တတွေဖြစ်၍နေ၏၊ဤဓာတ် ၁၈-ပါးသည်ပင်လျှင် ပုထုဇဉ် သတ္တဝါတွေဖြစ်၍ နေ၏၊ ဤဓာတ် ၁၈-ပါးသည်ပင်လျှင် သောတပန် ပုဂ္ဂိုလ်, သကဒါဂါမိပုဂ္ဂိုလ်, အနာဂါမိပုဂ္ဂိုလ်, ရဟန္တာ ပုဂ္ဂိုလ်တွေ ဖြစ်ရ၏၊ ဤဓာတ် ၁၈-ပါးသည်ပင်လျှင် ပစ္စေကဗုဒ္ဓါတွေ, သဗ္ဗညု မြတ်စွာဘုရားတွေဖြစ်ရ၏၊ မုချဆတ်ဆတ်အားဖြင့် ဤဓာတ် ၁၈-ပါး ကိုလွှတ်၍ အကျွန်ုပ်မျှ သဘာဝဟူ၍ မရှိပြီ။

[ဤကား-အတိတ်, အနာဂတ်, သံသရာ, ကမ္ဘာအနန္တ, စကြဝဠာ နန္တ, သတ္တဝါအနန္တ, သင်္ခါရအနန္တ, ဓမ္မအနန္တတို့ကို သဗ္ဗညုတဉာဏ် တော်ဖြင့် ညက်စွာထောင်းထု အမှုန့်ပြု၍ သတ္တုချတော်မူသော အခါ အမှန်ရရှိသော ဓာတ်သားသတ္တုဓမ္မစုပေတည်း။]

www.dhammaransi.com



ဥပမာကား။ ယူဇနာပေါင်း ၁၄၀၀၀-နှစ်ပြန်ဆောင်သောမြင်းမိုရ်တောင်ကြီးကို ဉာဏ်မီးမှာချ သတ္တုရအောင်ထုတ်ယူခဲ့လျှင်—မြေဓာတ်-၁၊ ရေဓာတ်-၁၊ မီးဓာတ်-၁၊ လေဓာတ်-၁၊ အဆင်းဓာတ်-၁၊ အနံ့ဓာတ်-၁၊ ရသဓာတ်-၁၊ ဩဇဓာတ်-၁၊ ဤဓာတ်မှန် ဓာတ်စစ် ရှစ်ပါးသာ အသားတင်ရ၏၊ စကြဝဠာ တောင်ကြီး, မဟာပထဝီမြေကြီးတို့မှာလည်း ထိုနည်းအတူပင်တည်း၊ ယခုရှိသောမြင်းမိုရ် စကြဝဠာ, မဟာပထဝီမြေကြီးမှာ ကဲ့သို့ ထို့အတူ အနမတဂ္ဂ သံသရာမှာရှိဘူးသမျှ ရှိလတ္တံ့သမျှသော မြင်းမိုရ်စကြဝဠာ, မဟာပထဝီ မြေကြီးဟူသမျှမှာလည်းထို့နည်းအတူဓာတ်ရှစ်ပါးသာသတ္တုအသားမှန်ရ၏၊ ဉာဏ်တည်း-ဟူသော လှော်အိုးမိုက်လုံမှာချ၍မီးကုန်ကျိုချက်သည်ရှိသော် အဟုတ်အမှန်ရှိရင်းဖြစ်သောထိုဓာတ် ၁၀-ပါးသာ အသားတင်တွေ့မြင်ရ၏၊ပုဂ္ဂိုလ်,သတ္တဝါ,ဗြဟ္မာ,နတ်,လူ-ဟူသမျှသည်ပပျောက်၍ကုန်၏၊ မြင်းမိုရ်စကြဝဠာ, မဟာပထဝီစုလည်း ပပျောက်၍ ကုန်၏၊ ထို့ကြောင့် အနိစ္စ, ဒုက္ခ,အနတ္တ, နိဗ္ဗာန်နှင့် ဆိုင်သော တရားစကားကို ပြောဆိုသောသူသည် အဟုတ်ရှိ အမှန်ရှိ ဖြစ်သော ထိုဓာတ် ၁၀-ပါးကိုလက်ကိုင်ပြု၍ ပြောဆိုတတ်မှ အဟုတ်အမှန် နေရာကျနိုင်မည်၊ မျက်လှည့်ဆရာဘန်ဆင်း၍ ပြသောဝတ္ထုနှင့် အလားတူသောလူ,နတ်,ဗြဟ္မာ,သတ္တဝါ,ပုဂ္ဂိုလ်ဟူသောအသဘာဝ, သညာနပညတ်, ဒြပ်အထည်စုကိုလက်ကိုင်ပြု၍ပြောခဲ့လျှင် သဘောထွေးရှုပ်၍ ယုတ္တိအဆင်ကောင်းရာကို ဟုတ်သလို မှန်သလို ထင်ယောင်ထင်မှား ပါ၍သွားတတ်သည်၊ သတိကြပ်ကြပ်မူကြလေ။

ထို ၁၀-ရပ်သော ဓာတ်စစ်ဓာတ်မှန်တို့တွင် ဓမ္မဓာတ်ဆိုသည်ကား—

စေတသိက် ၅၂-ခု၊ သုခုမရုပ် ၁၆-ခု၊ နိဗ္ဗာန်၊ဤသုံးမျိုးကို ဆိုသည်၊ စေတသိက် ၅၂-ခုမှာ ပညာဆိုသော ဓမ္မဓာတ်ပါသည်၊ ထိုပညာသည် လောကီပညာ,လောကုတ္တရာပညာဟူ၍ ၂-ပါးရှိ၏၊လောကီပညာသည် အနည်းငယ်သာ သိသောပညာ, ထိုထက်အများသိသောပညာ, ထိုထက်အများကြီးသိသောပညာဟူ၍ အဆင့်ဆင့်အားဖြင့်အသိန်းအသန်းမကများရာ၏၊သဗ္ဗညုတဉာဏ်အဖြစ်သို့ရောက်သော

www.dhammaransi.com



ပညာသည် အကြီးဆုံးသောပညာဖြစ်၏၊ ဘယ်ဟာတခုမျှအကြွင်း အကျန်မရှိသိနိုင်၏၊မဂ်ဉာဏ်,ဖိုလ်ဉာဏ်သည် လောကုတ္တရာပညာမည်၏၊ ထိုလောကုတ္တရာ ပညာသည်ကား- နိဗ္ဗာန်တခုကိုသာ အာရုံပြု၏၊ သစ္စာလေးပါး၌ ဖုံးလွှမ်းသော မောဟကို ပယ်ဖျက်ပေးသည့်အတွက် သစ္စာလေးပါးကိုသိနိုင်သည်ဟူ၍လည်းဆိုရ၏။

ထိုစေတသိက် ၅၂-ခုတွင် လောဘခေါ်သော အလိုချင်ဓာတ်တခု, ဆန္ဒခေါ်သောအလိုချင်ဓာတ်တခုဟူ၍ အလိုချင်ဓာတ် ၂-ပါးပါရှိ၏။

၁။ မကောင်းသောအရာကိုလိုချင်သည်ကား-လောဘတည်း။

၂။ ကောင်းသောအရာကိုလိုချင်သည်ကား- လောဘမဟုတ်ဆန္ဒသာတည်း။

[ထို ၂-ပါးတို့၏အထူးသည် နောက်ထင်ရှားလာလတံ့။]

ဤဓာတ် ၁၈-ပါးတို့တွင် နောက်ဆုံးဖြစ်သော ဓမ္မဓာတ်တွင်ပါဝင်သောနိဗ္ဗာန်သည်ကား-အသင်္ခတဓာတ်တည်း၊ နိဗ္ဗာန်မှကြွင်းသော ဓာတ် ၁၈-ပါးစုကား- သင်္ခတဓာတ်စုသာတည်း၊ ဤသင်္ခတ ဓာတ်စုကား-ဖြစ်ချည်, ပျက်ချည်,ရှင်ချည်,သေရှည်, အတည်မမြဲ ဘောက်လဲဘောက်ပြန်မှုရှိနေသောအနိစ္စဓာတ်စုတည်း၊နိဗ္ဗာန်ဟူသော အသင်္ခတဓာတ်တခုသည်ကား- ပျက်မှု,သေမှုမရှိသော နိစ္စဓာတ်ပေတည်း၊ ဤနိဗ္ဗာန်ဓာတ် တခုသည်သာ အစဉ်ထာဝရမြဲသော နိစ္စဓာတ်ဖြစ်သည်။

[ဤကား-ဖြေဆိုလတံ့သောအချက်စုကိုပြက်ပြက်ကွင်းကွင်းရှင်းလင်းစွာ သိသာနိုင်ရန် အခြေပါဒ သဘာဝဓာတ်ရင်းစုကို အကျဉ်းမျှ ပြဆိုလိုက်သောစကားရပ်တည်း။]

ယခုအခါ ထိုဗုဒ္ဓဘာသာ-သာသနာပြု သတင်းစာတွင် ပါရှိသော ခရစ်ယန်ဘာသာဆရာ၏စကားကို အစဉ်အတိုင်း ထုတ်ပြရှင်းလင်း၍ အကျဉ်းသိသာရုံမျှဖြေဆိုအံ့။

## ခရစ်ယန်အဆို

၁။ သံသရာ၌ ကျင်လည်ရခြင်းကို ဗုဒ္ဓဘာသာက မကောင်းဟု ဟော၏၊နိဗ္ဗာန်သို့ မရောက်မီအတွင်း ဗုဒ္ဓဘာသာ တရားအတိုင်း ကျင့်သော်လည်း ကောင်းသောအကျိုးကို မပေးဘဲ မကောင်းသောသံသရာ အကျိုးကိုသာပေး၏။

[ဤကား-တစ်ဂဏန်းအရ ပဌမအပြစ်ဆိုချက်တည်း။]

www.dhammaransi.com



**အဓိပ္ပါယ်အကျဉ်းကား။** "ဗုဒ္ဓဘာသာမှာ သံသရာကို မကောင်းဆို၏၊ ဘုရားဟောတိုင်း ကျင့်ပြန်လျှင် နိဗ္ဗာန်မရောက်မီအကြား၌ ထိုအကျင့်ကြောင့် ထိုမကောင်းသောသံသရာ၌ပင် ကျပြန်၏၊ ထို မကောင်းသော သံသရာ၌ ကျစေတတ်သော ထိုအကျင့်ကို အကျင့်ကောင်း, အကျင့်မှန်မဟုတ်၊အကျင့်ဆိုး,အကျင့်မှားဟူ၍သာ သိအပ်၏၊အကျင့်ကောင်း အကျင့်မှန် ဟုတ်ခဲ့လျှင် ကောင်းမြတ်ရာသို့သာ ချရမည်၊ မကောင်းသောသံသရာသို့ ချဘို့မဟုတ်၊ ထို့ကြောင့် နိဗ္ဗာန်သို့ မရောက်မီအကြား၌ လူ,နတ်, ဗြဟ္မာသံသရာ၌ အကျိုးပေးတတ်သော ဗုဒ္ဓဘာသာလူများတို့၏ ဒါနမှု, သီလမှု, ဘာဝနာမှုကုသိုလ်စုသည် မကောင်းသောအမှု, မှားသောအမှုသာဖြစ်၏-ဟု သိသာထင်ရှား၏-ဟူလိုသည်။

၂။ ဗုဒ္ဓဘာသာတရားအတိုင်း အကုန်လွှတ်၍ ကျင့်သောအခါ၌လည်း သံသရာမှထုတ်ပြီးလျှင် ရှိနှင့်ရင်း ကိုယ်ခန္ဓာ, နာမ်ဝိညာဉ်ကိုတခါပြန်၍ မဖြစ်လေအောင် အစဉ်ပျက်စီးခြင်းဟူသောနိဗ္ဗာန်အကျိုးကိုသာပေး၏၊ထို့ကြောင့် အမှုငယ်ကိုလုပ်သောအခါ ထောင်မှာချသည်၊ကြီးသောအမှုကိုလုပ်မိပြန်သော် ထောင်မှထုတ်၍ သတ်သည့်အရာနှင့်တူ၏၊ ဗုဒ္ဓဘာသာတရားများ၏၊ မှားသောတရားကိုကျင့်သောကြောင့် ကောင်းသော အကျိုးကိုမပေးဟုသဘောရ၏။

[ဤကား-နှစ်ဂဏန်းအရ ဒုတိယအပြစ်ဆိုချက်တည်း။]

**အဓိပ္ပါယ်အကျဉ်းကား။** နိဗ္ဗာန်မည်သည် ဝိညာဉ်နှင့်တကွ ခန္ဓာပျက်ကြွေသေဆုံးမှုကြီးတခုဖြစ်၏၊အလွန်အားထုတ်၍ ကောင်းကောင်းကြီးကျင့်သည့်အတွက် သံသရာထက် မကောင်းကျိုးနက်လှသော အသေကြီးသေရလေ၏၊သင့်လျော်ရုံကျင့်လျှင် သေပြီးနောက် တဘန် ရှင်ပြန်ရသော အသေငယ်သာသေရ၏၊ ကောင်းကောင်းကြီးကျင့်လျှင် တဘန်မရှင်ရသော အသေကြီးသေရ၏၊ ထို့ကြောင့် အသေကြီးသေရသော-ထိုအကုန်လွှတ်၍ ကျင့်မှုသည်လည်း အမှားကြီး မှားသော အကျင့်သာဖြစ်သည်ဟု သိသာထင်ရှား၏-ဟူလိုသည်။

www.dhammaransi.com



## ဆရာတော်ရှင်းလင်းချက်

ထို ၂-ချက်ကိုပေါင်း၍ဖြေဆိုအံ့—

၁။ ဗုဒ္ဓဘာသာ၌ သံသရာကိုမကောင်းဆိုသည်မှာ-

နိဗ္ဗာန်နှင့်ထောက်စာ၍ဆိုပေသည်၊ အပါယ်လေးပါးနှင့် ထောက်စာသော် လူ့ဘဝ,နတ်ဘဝ ကောင်း၏၊ ထိုထက်ဗြဟ္မာ့ဘဝကောင်း၏၊ ထိုထက်နိဗ္ဗာန်သည် အကောင်းဆုံးဖြစ်၏၊ ထိုအကောင်းဆုံးဖြစ်သော နိဗ္ဗာန်နှင့်ထောက်စာသော် လူ့ဘဝ,နတ်ဘဝ,ဗြဟ္မာ့ဘဝဟူသောသံသရာကိုမကောင်းဆိုရ၏၊ အပါယ်ဘဝ အပါယ်သံသရာကို ထောက်စာသော် လူ့ဘဝ,နတ်ဘဝ,ဗြဟ္မာ့ဘဝ,သံသရာကိုအကောင်းဆိုထိုက်သည်မှာ သိသာထင်ရှားလှပြီ၊လူ့ဘဝ,နတ်ဘဝ,ဗြဟ္မာ့ဘဝ, သံသရာထက် နိဗ္ဗာန်ကို အကောင်းဆုံးဆိုသည်မှာ ထိုလူ့ဘဝ, နတ်ဘဝ,ဗြဟ္မာ့ဘဝ ဆိုရသောခေတ်စုသည် သင်္ခတခေတ်စုသာတည်း၊ အနိစ္စခေတ်စုသာတည်း၊ဖြစ်ချည်,ပျက်ချည်,သေချည်,အတည်မမြဲ, ဘောက်လဲဘောက်ပြန်မှုရှိနေသော ဝိပရိဏာမ ခေတ်စုသာတည်း။

လူ့ဘဝ,လူ့ဝိညာဉ်, လူ့ခန္ဓာဟုဆိုအပ်သောခေတ်စုသည် အနိစ္စခေတ်စု, ဝိပရိဏာမခေတ်စုဖြစ်ခဲ့၍ ယခုနေ့လူ့ဘဝမှာ ပဋိသန္ဓေနေ၍ ရရှိပြီးသောလူ့ဝိညာဉ်,လူ့ခန္ဓာသည် ယခုနေ့ပင် သေပျက်ချုပ်ကွယ်၍ အပါယ်ငရဲမီးပုံထဲမှာ ယခုနေ့ပင်ကျကြသူမရေမတွက်နိုင်များပြား၏၊ပဋိသန္ဓေနေ၍ လူ့ဝိညာဉ်,လူ့ခန္ဓာကိုရပြီးနောက် ၂-ရက်မြောက်တွင်သေ၍ အပါယ်ငရဲမှာ ကျရောက်လေသောသူ မရေမတွက်နိုင်၊ ၃-ရက်မြောက်တွင် ၄-ရက်၊ ၅-ရက်၊ ၁၀-ရက်၊၁-လ၊၂-လ စသည် အသက်တမ်းဆုံးအောင် နေ့စဉ်,လစဉ်,နှစ်စဉ်ပိုင်းခြား၍ဆိုလေ၊ အမိဝမ်းတွင်းမှ မျက်မြင်မဟုတ်သော်လည်း ဘွားမြင်၍ ပြီးသည့်နောက် တရက်တွင် ပျက်ဆုံးမှု,နှစ်ရက်တွင်ပျက်ဆုံးမှုစသည်ကား- မျက်မြင်ပင်ဖြစ်ကြ၏။

ဗုဒ္ဓဘာသာလူမျိုးမှာသာမဟုတ်၊ ခရစ်ယန်ဘာသာဝင်စသော ခပ်သိမ်းသောလူမျိုး,သတ္တဝါမျိုး,ခန္ဓာမျိုးမှာပင် ဤနည်း နှင်နှင်ချည်းသာတည်း၊ ပဋိသန္ဓေနေသောနာရီမိနစ်မှစ၍ အသက်တမ်းဆုံးသည့် တိုင်အောင်နာရီတွေကိုစဉ်၍ထား၊မိနစ်တွေကို စဉ်၍ထား၊လက်ပစ်တတွက်

www.dhammaransi.com



လျှပ်စစ်တပြက်တွေကို စဉ်၍ထား၊ထိုနာရီမိနစ်လက်ပစ် လျှပ်စစ်ပြက်တို့တွင် သေဘေးလာလျှင် မသေနိုင်၊ကောင်းသောနာရီဟူ၍ တနာရီမရှိ၊ တမိနစ်မရှိ၊တလက်ပစ်မရှိ၊ တလျှပ်စစ်မရှိ၊သေအံ့သောနာရီမိနစ် လက်ပစ် လျှပ်စစ်ပြက်ချည်းသာ ဖြစ်၏။

ဥပမာကား။ အလွန်ထက်မျက်လှစွာသော ဘိလပ်ဓားငယ်တွေကို ကိုယ်တွင်းမှာ တကိုယ်လုံး အပြည့်သွင်းထားသောသူသည် အလှုပ်အလက် အခန့်မသင့်ခဲ့လျှင် ဘယ်နာရီ မိနစ် လက်ပစ် လျှပ်စစ်မှာမဆို သေခွင့်သေပေါက် အပြီးပါရှိ နေသကဲ့သို့တည်း၊ ဘယ်နာရီ မိနစ် လက်ပစ် လျှပ်စစ်ပြက် မဆိုနိုင်ကောင်းသော ခန္ဓာ ဝိညာဉ်ဓာတ်စုံ ဓာတ်ခဲဖြစ်သည်၊ဖြစ်၍လည်း ဘယ်နာရီ မိနစ် လက်ပစ် လျှပ်စစ်ပြက်မှာမဆို အပါယ်ငရဲ ကျပေါက် ကျလမ်းလည်း ထက်ကြပ်ပါရှိ၍ နေသည်သာဖြစ်၏၊ လေက်တို့နှင့်ညှိ တချက်ထည်း ဆိုဘိသကဲ့သို့ အပါယ်ငရဲသို့ချတတ်သော လောဘ, ဒေါသ,မောဟ, ဒိဋ္ဌိတို့နှင့် ထိုသေမှုအနိစ္စတရားသည် တချက်ထည်းဖြစ်ကြ၏။

ပုထုဇဉ်သတ္တဝါတို့၏ အမြစ်မှာ လောဘ, ဒေါသ, မောဟတို့လည်း မနိုင်တရားဖြစ်ကြ၏၊ မိမိ၏ ဝိညာဉ်ခန္ဓာတို့၏ သေခြင်းအမှုလည်း မနိုင်တရားဖြစ်ကြ၏၊သေသောအခါတွင်လောဘ,ဒေါသ,မောဟ, ဒိဋ္ဌိတို့ဝင်၍ကပ်လာခဲ့သည်ရှိသော် အပါယ်ငရဲသို့ ကျရောက်၏၊ လောဘ,ဒေါသ,မောဟ,ဒိဋ္ဌိတို့သည်ရှေးရှေး၌ပြုသမျှသောမကောင်းမှုဒုစရိုက်တို့၏ သဟဲ့တို့ပေတည်း၊ သေခါနီးမှာ လောဘ, ဒေါသ, မောဟ, ဒိဋ္ဌိကပ်ဝင်ခဲ့လျှင် ပြုပြုခဲ့သမျှသော မကောင်းမှုဒုစရိုက်ကံဟောင်းတို့သည် အပါယ်ချခွင့် ရကြကုန်၏။

ဤလူ့ဝိညာဉ်, လူ့ခန္ဓာစုသည် သေတတ်သော ဓာတ်မျိုးမဟုတ်ခဲ့လျှင် လောဘ,ဒေါသ,မောဟ,ဒိဋ္ဌိတို့ပင်ရှိနေသော်လည်း အပါယ်ကျပေါက်မရှိ၊ သေတတ်သော ဓာတ်မျိုးပင်ဖြစ်သော်လည်း လောဘ,ဒေါသ,မောဟ,ဒိဋ္ဌိမရှိခဲ့လျှင် အပါယ်ကျပေါက်မရှိ၊နှစ်ပါးစုံ ရှိနေကြသည့်အတွက် အနမတဂ္ဂသံသရာမှာ အပါယ်ငရဲသို့ ကျရောက်ခဲ့သည်လည်း ဘဝ အနန္တမျှားလှပြီး၊ ယခုဘဝမှာလည်း ကျမည်ကို စိုးရိမ်ရလျက်ရှိ

www.dhammaransi.com



နေ၏၊ နောင်သံသရာမှ မလွတ်သမျှလည်း ကျကိန်း, တင်းလင်း ထက် ကြပ်ပါရှိ၍ နေသည်သာဖြစ်၏။

ထို့ကြောင့် သေခြင်းအနိစ္စသဘော ထက်ကြပ်တင်းလင်းပါရှိ၍နေသော လူ့ဝိညာဉ်, လူ့ခန္ဓာ-ဟူသော ဓာတ်စုဓာတ်ခဲသည် အပါယ် ပေါက်တင်းလင်းပါရှိ၍ နေသောကြောင့် မသေနိုင်သော နိဗ္ဗာန်ဓာတ်ကို ထောက်ဆသော် မကောင်းဆိုရသတည်း။

နတ်ဝိညာဉ်, နတ်ခန္ဓာ, ဗြဟ္မာ့ဝိညာဉ်, ဗြဟ္မာ့ခန္ဓာ-ဆိုသော ဓာတ်ခဲစုသည်လည်း လူ့ဝိညာဉ်, လူ့ခန္ဓာစုနှင့်အတူသေမှု ထက်ကြပ် တင်းလင်း အမြဲနိစ္စပါရှိ၍ နေသည်သာဖြစ်၍လူ့ဝိညာဉ်, လူ့ခန္ဓာစုနှင့် အတူတူသိလေ။

[ဤကား-နိဗ္ဗာန်-ဟူသော နိစ္စဓာတ်ကိုထောက်စာ၍ လူ,နတ်,ဗြဟ္မာ သံသရာ-ဟူသော အနိစ္စဓာတ်မျိုးကို မကောင်းဆိုရရာ၌ သိသာအောင်ပြ ဆိုသော စကားရပ်တည်း။]

အနိစ္စဓာတ်မျိုးချင်းပင် ဖြစ်သော်လည်း အပါယ်ဝိညာဉ်,အပါယ် ခန္ဓာစုကို ထောက်စာသော် လူ, နတ်, ဗြဟ္မာခန္ဓာစုသည် အလွန် ကောင်းမြတ်သော ဝိညာဉ် ခန္ဓာစုပင်ဖြစ်၏၊ကောင်းမြတ်သော်လည်း နိဗ္ဗာန်ကဲ့သို့ နိစ္စဓာတ်မျိုး မဟုတ်သည်ဖြစ်၍ အစဉ်ထာဝရ စိတ်ချရ သော ဓာတ်မျိုးမဟုတ်၊ ထို့ကြောင့် ဗုဒ္ဓဘာသာမှာ သံသရာ၌ ကျင် လည်ရခြင်းကို မကောင်းဆိုပေသည်၊အပါယ်ခန္ဓာစုထက်မူကား-အဆ အရာ, အဆအထောင်, အသိန်းအသန်းမက ကောင်းမြတ်လှသည်သာ ဖြစ်၏။

**ကောင်းပုံကား။** အပါယ် ဝိညာဉ်စုမှာ-သုစရိုက်,ဒုစရိုက်ကိုသိနိုင် သောပညာ-ဟူသော ဓမ္မဓာတ်မဖြစ်နိုင်ကြ၊လောဘ,ဒေါသ,မောဟ- ဟူသော ဓာတ်ဆိုးဓာတ်ဝါးစုနှင့်သာ နေကြ၏၊ လူ,နတ်,ဗြဟ္မာ သုဂ တိဝိညာဉ်စုမှာ ပညာဟူသော အသိဓာတ်ဖြစ်နိုင်ကြ၏၊ သုစရိုက်, ဒုစရိုက်စသော တရားဓမ္မကို သိနိုင်သော ပညာဆိုသော ဓာတ်သည် တနေ့တနေ့အဘို့တွင် အနည်းငယ်မျှပင် ဖြစ်သော်လည်း အဘိုးဘယ်မျှ ထိုက်တန်သည်-ဟု ပြတ်ဆိုနိုင်သော ဓာတ်မဟုတ်ပေ၊ ပညာ၏ ကျေး ဇူးကို ခရစ်ယန်ဆရာတို့လည်း သိနိုင်ရပါ၏၊ အနေအထိုင်နှင့်တကွ

www.dhammaransi.com



အသက်ရှည်သမျှအကျိုးပေးပုံ,အပါယ်ခန္ဓာစုထက် လူ့ခန္ဓာကကောင်းမြတ်ပုံမှာ ထင်ရှားမျက်မြင်ရှိပြီ။

ဗုဒ္ဓဘာသာ လူမျိုးတို့ပြုကြသော ဒါနမှု, သီလမှု, ဘာဝနာမှုစုသည် နိဗ္ဗာန်သို့မရောက်မီအကြားမှာ အပါယ်ခန္ဓာသို့ မကျစေမူ၍ လူ့ခန္ဓာ,နတ်ခန္ဓာ,ဗြဟ္မာ့ခန္ဓာ-ဟူသော သုဂတိသံသရာ ကောင်းမြတ်ရာဘုံဘဝတို့သို့ရောက်စေတတ်သော အမှုစုဖြစ်ပေ၍ ကောင်းမြတ်သောအကျင့်စုပင်ဖြစ်၏၊အလတ်အားဖြင့်အကျင့်ကောင်းအကျင့်မှန်ပင်ဖြစ်၏၊ ခရစ်ယာန်ဆရာခိုတိုင်း အကျင့်ဆိုး အကျင့်မှား မဟုတ်။

> ထိုသို့မဟုတ်ဘဲသော် သံသရာ၌ ကျင်လည်ခြင်းကို မကောင်းဟု ဗုဒ္ဓဘာသာမှာ အဘယ့်ကြောင့် ဟောသနည်း ဆိုသော် နိဗ္ဗာန်လောက် မကောင်းသောကြောင့် ဟောပေသည်။

**ဥပမာကား။** တနေ့တနေ့လုပ်လျှင် ဝကျပ်တန်မျှသာရသောပညာလည်း ရှိသတတ်၊ တနေ့လုပ်လျှင် ရွှေတသိန်းရ၍ အသက်ထက်ဆုံး ချမ်းသာစေနိုင်သော ပညာအလုပ်လည်းရှိသတတ်၊ ထိုသို့ရှိရာမှာ-ရွှေတသိန်းတန်ပညာကိုထောက်စသော် တရာတန်ပညာကိုပင်မကောင်း ဆိုရ၏၊ မဆိုခဲ့လျှင် ကရာတန်နှင့်အားရ၍ နေလိမ့်မည်၊ တကျပ်တန်နှင့်အားရ၍ နေလိမ့်မည်၊ ကကျပ်တန်အလုပ်နှင့်နေသည်ကိုပင် တရာတန်နှင့်အားရ၍နေလိမ့်မည်၊ထိုသို့အားရ၍မနေရအောင် တရာတန်အလုပ်နှင့်နေသည်ကိုပင် မကောင်းဆိုရသကဲ့သို့တည်း၊ သိသာလှပြီ။

၂။ "ဗုဒ္ဓဘာသာတရားကို အလွန်ကြိုးကျင့်ပြန်လျှင် အသေကြီးသေရသော နိဗ္ဗာန်သို့ရောက်ရသည်ဖြစ်၍ အမှားကြီးမှားပြန်၏"-ဟူသော နောက်အဆိုမှာ—

သံသရာဆိုရသော ဝိညာဉ်စု,ခန္ဓာစု, ဓာတ်စုသည်သာ ဖြစ်ချည်, ပျက်ချည်,ရှင်ချည်,သေချည် နေကြသော အသေဓာတ်မျိုး,အနိစ္စဓာတ်မျိုးစုဖြစ်သည်၊ နိဗ္ဗာန်ဆိုသော အသင်္ခတဓာတ်သည်မူကား- ထာဝရဓာတ်,နိစ္စဓာတ်ဖြစ်ပေ၍ သေတတ်သော ဓာတ်မျိုးမဟုတ်၊ အထက်၌ သတ္တုချ၍ ပြခဲ့သည့်အတိုင်း ပုဂ္ဂိုလ်,သတ္တဝါ, ဗြဟ္မာ,နတ်, လူ,ငါ,သူ ကပါး,ယောကျ်ား,မိန်းမ-ဟူ၍ အစစ်အမှန်အားဖြင့်မရှိ၊ တဆယ့်ရှစ်

www.dhammaransi.com



ရပ် ဓာတ်သဘာဝစုသည်သာ အဟုတ်အမှန်အားဖြင့်ရှိသည်၊ထိုဓာတ်သဘာဝစုတွင်လည်း နိဗ္ဗာန်မှတပါးသော ဓာတ်စုသည်ကား- အနိစ္စဓာတ်,ဝိပရိဏာမဓာတ်စုသာဖြစ်သည်၊နိဗ္ဗာန်ဆိုသောဓမ္မဓာတ်တပါးသည်သာလျှင် နိစ္စဓာတ်,ထာဝရဓာတ်ဖြစ်သည်။

နိဗ္ဗာန်သို့ရောက်မှုဆိုသည်မှာ အနိစ္စဓာတ်, ဝိပရိဏာမဓာတ်စုကိုချုပ်ဆုံးစေ၍ နိစ္စဓာတ်,ထာဝရဓာတ်ပြောင်းမှုသာဖြစ်သတည်း၊လောက၌ ဂန္ဓာရီဝိဇ္ဇာလမ်းကိုလုပ်ကြ၍ အထမြောက်ကြကုန်သော သူတို့သည် ပကတိသော လူ့ခန္ဓာကိုလဲ လှယ်ပယ်ရှား၍ ပညာဖြင့်ပြီးသော ဝိဇ္ဇာခန္ဓာသို့ပြောင်းသကဲ့သို့တည်း၊ ခရစ်ယန်ဆရာသည်ကား-နိဗ္ဗာန်ကို အသခ်တဓာတ်ကြီးတပါးဟု မသိသည့်အတွက် ထောင်မှထုတ်၍သတ်သောသူ ဥပမာကိုဆိုမိလေသည်။

ခရစ်ယန်ဘာသာမှာလည်း ထာဝရနိဗ္ဗာန်ကြီးဟု အယူရှိသည်သာဖြစ်၏၊ မိုဟာမက်ဘာသာမှာလည်း အယူရှိ၏၊ ထိုဘာသာတို့မှာလည်း ယခုရှိမြဲတိုင်းသော လူ့ခန္ဓာနှင့်ရောက်နိုင်ကြသည်ဟု မယူကြ၊ ခန္ဓာပြောင်းမှရောက်နိုင်ကြသည်ဟု ယူကြသည်ပင်၊ငါတို့ဗုဒ္ဓဘာသာနိဗ္ဗာန်မှာလည်း အနိစ္စဓာတ်စုကို အဆုံးတိုင်စွန့်ပစ်ပြီးမှ နိစ္စဓာတ်ကြီးသို့ပြောင်းနိုင်သည်။

ပဉ္စမ,ဒုတိယ ခရစ်ယန်အဆိုရှင်းလင်းချက်ပြီး၏။

## ခရစ်ယန်အဆို

၃။ နာမ်ဝိညာဉ်နှင့် ကိုယ်ခန္ဓာရှိသရွေ့သံသရာ၌ အနိစ္စ, ဒုက္ခ, အနတ္တတည်းဟူသောမကောင်းကျိုးကို ခံရမည်၊သို့နှင့် နိဗ္ဗာန်ဝင်၍ ဘာမျှမကျန်လိုက်ဘဲ လုံးလုံးပျက်စီး သေကြေခြင်းကိုပင်ကောင်းသည်ဟုဗုဒ္ဓဘာသာကဟောပြန်၏၊ဟောသည့်အတိုင်းကောင်းသည်ဟု ဗုဒ္ဓဘာသာဝင်တို့ အယူရှိကြ၏၊ ဤအယူသည် မကောင်းသောဆေးသမား၏ဆေးကိုစားမိ၍သေသောအခါ လူနာမှာ ဝေဒနာကင်းသည်ဟုဆိုသော အရာနှင့်တူ၏၊ သေသောအခါဝေဒနာကင်းသည်ဆိုသောစကားမှန်၏၊မသေ

www.dhammaransi.com



ဘဲဆရာကောင်းကိုတွေ့၍ ဆေးကောင်းကိုစားရသောကြောင့် ဝေဒနာကင်းသည်လည်းမှန်၏၊ ဤနည်းနှစ်နည်းမှာ မသေဘဲ ဝေဒနာကင်းသောနည်း ကောင်း၏၊ဗုဒ္ဓဘာသာက ဘုရားမရှိဆိုသောကြောင့် ရှိသည့်အခါလည်း ဘုရားမတတ်နိုင်"သဗ္ဗေ-သတ္တာကမ္မဿကာ" ဆိုသောကြောင့် မသေရဘဲ ဝေဒနာကို ကင်းစေနိုင်သော ဆေးသမားလည်း ဗုဒ္ဓဘာသာ၌မရှိ။

[ဤကား-၃-ဂဏန်းအရ တတိယအပြစ်ဆိုချက်တည်း။]

### ဆရာတော်ရှင်းလင်းချက်

ဤတတိယဆိုချက်မှာ "ကိုယ်ခန္ဓာရှိသရွေ့သံသရာ၌ အနိစ္စ, ဒုက္ခ, အနတ္တ တည်းဟူသော မကောင်းကျိုးကိုခံရသည်"-ဟူရာ၌–

အထက်ပြဆိုချက်တွင် ဖြေဆိုခဲ့သည့်အတိုင်း အမြဲနိစ္စထာဝရမဟုတ်သော, လူ, နတ်,ဗြဟ္မာ သံသရာဓာတ်စုသည် အနိစ္စဓာတ်မျိုးပင် အမှန်ဖြစ်၏၊ အနိစ္စဓာတ်မျိုးဖြစ်သည့်အတွက် လူ့ခန္ဓာ,နတ်ခန္ဓာ,ဗြဟ္မာ့ခန္ဓာကို ယခုရရှိသော်လည်း သေခွင့်ဆိုက်လျှင် သေဆုံးမြဲဓမ္မတာဖြစ်ချေ၍ နောင် လူ့ခန္ဓာသစ်, နတ်ခန္ဓာသစ်, ဗြဟ္မာ့ခန္ဓာသစ် ဖြစ်ပြန်ရအောင် ဒါနပြုမှုဒုက္ခ,သီလပြုမှုဒုက္ခ, ဘာဝနာပြုမှုဒုက္ခကို အားထုတ်မှုဒုက္ခဖြစ်ရပြန်သည်နှင့် ဒုက္ခဓာတ်မျိုးအမှန်ဖြစ်၏၊ မသေအောင်လည်း အစိုးမရ၊ဒါန, သီလ, ဘာဝနာမှုကိုမပြုဘဲ မိမိအလိုရှိရာမှာ ဖြစ်နိုင်ဘို့လည်းအစိုးမရသောကြောင့် အနတ္တဓာတ်မျိုးလည်း အမှန်ဖြစ်၏၊ ထို အနိစ္စ,ဒုက္ခ,အနတ္တဓာတ်မျိုးကို မကောင်းကျိုးဆိုသည်မှာလည်း နိစ္စ, သုခဖြစ်သောနိဗ္ဗာန်နှင့်ထောက်စာ၍ ဆိုသင့်၏။

**ဥပမာကား။** လူ့ပြည်၌ အလွန်ချမ်းသာ၍ထမင်း တထပ်တထပ်ကို တယောင်တန်စားသောသူရှိသတတ်၊နတ်ပြည်မှာတကြိမ်စားသော နတ်သြဇာသည် အနှစ်ခုနစ်ရာ,ရှစ်ရာစသည် မဆာမငွတ်ဝဖြိုး၍ နေသတတ်၊ ထိုနတ်သြဇာကိုထောက်စာသော် တနေ့တနေ့လျှင် နှစ်ခါ,နှစ်ခါစားရသောတထောင်တန်ထမင်းကို အနိစ္စ,ဒုက္ခ, အနတ္တမကောင်းကျိုးဟု ဆိုရသကဲ့သို့တည်း၊ ထိုတထောင်တန်ထမင်းသည် တနေ့တနေ့ တထပ်တထပ်လျှင် တကျပ်တန်မျှကိုစားရသောသူ၏ထမင်းနှင့်ထောက်

www.dhammaransi.com



စာသော် အဆပေါင်း,ကိုးရာ့ကိုးဆယ် ကိုးဆ သာသော ချမ်းသာ ကောင်းကျိုးသာ ဖြစ်၏။

သို့သော်လည်း-တထပ်စားလျှင် အနှစ်ခုနစ်ရာ,ရှစ်ရာအိ၍ အချမ်းသာကြီး ချမ်းသာစေနိုင်သော နတ်သြဇာကိုမသိက တထောင်တန် ထမင်းမျှနှင့် အားရတင်းတိမ်၍ နတ်သြဇာကို နောက်နောက်ဘဝ ၁စား ရအောင် ဒါန,သီလ,ဘာဝနာမှုကို မပြုဘဲနေတတ်သည်ဖြစ်၍ ထိုတ ထောင်တန်ထမင်းကို အနိစ္စမျိုး,ဒုက္ခမျိုးမကောင်းကျိုးဟုပြောဟော ရပြန်သကဲ့သို့ နိဗ္ဗာန်သို့ရောက်သောအကျင့်ကို အားမကျဘဲ နေမည်စိုး၍ လူ့ခန္ဓာ,နတ်ခန္ဓာ,ဗြဟ္မာ့ခန္ဓာ သံသရာဓမ္မကို အနိစ္စ,ဒုက္ခ,အနတ္တ မကောင်းကျိုးဟု ပြောဟောရပြန်သတည်း၊ ခရစ်ယန်ဆရာကား-ဤကဲ့သို့ဗုဒ္ဓဘာသာ အလိမ်မာမှုကိုမသိ၍ အနိစ္စ,ဒုက္ခ,အနတ္တမျိုး ဆိုသံကြားဘူးရုံမျှနှင့် ရစရာမရှိ အတိဒုက္ခကြီးအသံနှင့် အပြစ်ဆိုလေသည်၊

"သို့နှင့် နိဗ္ဗာန်ဝင်၍ ဘာမျှမကျန်လိုက်ဘဲ လုံးလုံးပျက်စီးသေကြေခြင်းကိုပင် ကောင်းသည်-ဟု ဗုဒ္ဓဘာသာက ဟောပြန်၏"-ဟူသော စကားမှား—

အနိစ္စသင်္ခတဓာတ်ညံ့ ဓာတ်နုတ်စုမှ နိစ္စထာဝရဖြစ်သောအသင်္ခတ ဓာတ်ကြီးသို့ပြောင်းသောအမှုမှာ ဘာမျှမကျန်လိုက်ဘဲ အနိစ္စသင်္ခတ ဓာတ်ညံ့, ဓာတ်နုတ်စုပျက်ဆုံးမှုသည် အလွန်ဝမ်းမြောက်ဘွယ်သာ ဖြစ်၏။

**ဥပမာကား။** ခဲတပိဿာနှင့် ရွှေတပိဿာရောနှော၍နေရာ ရွှေကိုမသုံးရ ရှိနေသည်နှင့် ဗိုလ်သို့ချရာခဲအညစ်အကြေးလုံးလုံး ကုန်ဆုံးလေလေ၊ ကောင်းမြတ်လေလေဖြစ်သကဲ့သို့ငှင်း,တယောက်သောသူသည် အလွန်ရှုန့်ရင်းသော ထန်းရွက်သက်ကယ်မိုးသော ဝါးသစ်သားအိမ် တခုမှာနေရ၍ ပြုမှုပြင်မှုနှစ်စဉ် ဒုက္ခဖြစ်ရရာ၏၊ထိုသူကို သူဌေးကြီးတဦးကဆိုပေရာ၏၊ သင့်အိမ်လုံးလုံးမရှိလျှင် တသောင်းတန် အခိုင်အလုံ တိုက်ကြီးတခုကိုယူတော့ဟုဆိုပေရာ၏၊ဆို၍မကြာမီ ထိုထန်းရွက် သက်ကယ်မိုးအိမ်ကြီးကိုမီးလောင်လေ၏၊ အကုန်လောင်လေလေ အဘိုးတန်တိုက်ကြီးပေါ်သို့ စိတ်ချလက်ချ ပြောင်းတွဲရရန် အခွင့်နှင့် ဝမ်းမြောက်ဘွယ်ကောင်းလေလေသာဖြစ်၏။

www.dhammaransi.com



ထို့ကြောင့် မိထွေးတော်ဂေါတမီပရိနိဗ္ဗာန်စံမည်ရှိရာ များစွာသော သူအပေါင်းတို့ ငိုကြသည်ကို မိထွေးတော်ဂေါတမီက မငိုကြကုန်လင့် ငိုရမည့်အခွင့်မဟုတ်၊ ဝမ်းမြောက်ရမည့် အခွင့်ဖြစ်သည်ဟု ဆိုပေ၏။

ခရစ်ယန်ဆရာကား- အနိစ္စသင်္ခတဖြစ်သော ဓာတ်နုတ် ဓာတ်စုံတွေကို ဓာတ်ကောင်းဓာတ်မြတ်တွေထင်၍ အပြစ်တင်ဆိုမိလေသည်၊သေတတ်သောဓာတ်စုကိုစွန့်၍ မသေသောဓာတ်သို့ပြောင်းသည်ကိုမသိ၊ မသေသောဓာတ်ကြီးတပါးရှိသည်ကို မသိဘူး၍ အပြစ်တင်ဆိုမိလေသည်၊လူသေသည်ဟု ဆိုရန်အမှန်စင်စစ်အားဖြင့် လူဟူ၍တစုံတယောက်မျှမရှိ၊ ပရမတ္ထဓာတ် သဘာဝမျှ သာရှိသည်၊ အနိစ္စသင်္ခတဓာတ်စုပျောက်ကွယ်၍ နိစ္စအသင်္ခတဓာတ်သို့ ပြောင်းလဲမှုသာ ဖြစ်လေရကား-ပရိနိဗ္ဗာန်ဝင်မှုသည် သူနာရောဂါသည် ဆေးသမားကောင်းနှင့်တွေ့၍ ရောဂါရုပ်စုပျောက်၍ ပကတိမာရုပ် ကျန်းရုပ်ကို ရသည်နှင့်သာတူသည်၊ ခရစ်ယန်ဆရာဆိုတိုင်း ဆေးသမားမကောင်းနှင့်တွေ့၍ သေဆုံးသောအားဖြင့် ရောဂါပျောက်ငြိမ်းသည်နှင့် မတူပေ။

ခရစ်ယန်ဆရာကား-အသင်္ခတနိစ္စ ဓာတ်ကြီးသို့ ပြောင်းကူးမှုကို မသိ၍ သေသောသူနှင့်တူ၏-ဟု ဥပမာပြုလေသည်၊ ပကတိ လူ့ခန္ဓာ, နတ်ခန္ဓာ, ဗြဟ္မာ့ခန္ဓာဖြစ်၍နေသော ဓာတ်စုသည် ရောဂဓမ္မ,ဂဏ္ဍဓမ္မ, အာဗာဓဓမ္မစုဖြစ်ချေ၍ အနာမျိုးတွေ ရောဂါမျိုးတွေသာ ဖြစ်၏၊ မရဏဓမ္မဖြစ်ချေ၍ အသေမျိုးတွေသာဖြစ်၏၊ အသင်္ခတနိဗ္ဗာန ဓာတ်ကြီးကား-"အဇာတိမဇရာဗျာဓိံ၊ အမတံနိဗ္ဗုယံ ဂတံ" ဟူသည်နှင့် အညီ ရောဂါအနာဟူ၍ မတွေ့နိုင်၊သေခြင်း-ဟူ၍ မတွေ့နိုင်သော ဓာတ်ကြီးဖြစ်၏၊ ထို့ကြောင့် ထိုဓာတ်ကြီးသို့ ရောက်သည်ကို သေသူနှင့်တူသည်-ဟု မဆိုသင့်၊ သေခြင်းသဘောမှ ထွက်မြောက်သူဖြစ်၍ အမြဲနိစ္စ မာကျန်းမှုသို့ ရောက်သည်-ဟူ၍သာ ဆိုသင့်သတည်း။

"ဗုဒ္ဓဘာသာမှာ ယခုဘုရားမရှိ-ဟု ဆိုသည်တရပ်၊ ဘုရားရှိစဉ်အခါ၌လည်း မသေအောင် ဘုရားမတတ်နိုင်၊ "သဗ္ဗေသတ္တာ ကမ္မဿကာ"-ဟူ၍ ဆိုသည်တရပ်၊ သည်နှစ်ရပ်ကြောင့် မသေဘဲဝေဒနာကို ကင်းစေနိုင်သော ဆေးသမားသည် ဗုဒ္ဓဘာသာမှာမရှိ"-ဟူရာ၌—

www.dhammaransi.com



ယခုရှိသော လူ့ခန္ဓာကို ဘယ်တော့မှ မသေဘဲ ဝေဒနာကို ကင်း စေနိုင်သော ဆေးသမားသည် ဗုဒ္ဓဘာသာမှာသာ မရှိသည်မဟုတ်၊ ခရစ်ယာန်ဘာသာမှာလည်း မရှိသည်သာဖြစ်၏၊ မသေအောင် တတ်နိုင် သော ဆေးသမားရှိ၍ ခရစ်ယာန်ဘာသာမှာ အနှစ်တထောင်မက မအိုမသေနေရသော ခရစ်ယာန်ဆရာကြီးမည်သူမည်ဝါတဦးတယောက် ရှိသည်-ဟု မကြားဘူးပေ၊ ယခု-လူ့ပကတိခန္ဓာကို ရောဂါရှိလျှင်ကုစား သော ဆေးသမားမှာ ခရစ်ယာန်မှာလည်း ဆေးဆရာဝန်ကြီးအများ ရှိကြ၏၊ ဗုဒ္ဓဘာသာမှာလည်း ဆေးဆရာအများရှိကြ၏၊ ယခုရှိသော လူ့ခန္ဓာသေဆုံးကွယ်လွန်ပြီးသောနောက် မသေရအောင် ဆေးသမား များရှိနိုင်သည်။

လောက ဆေးသမားအရာမှာ-ခရစ်ယာန်ဘာသာမှာ ယခုဆရာ ဝန် တို့လက်ကိုင်ပြု၍ ကုကြသော နည်းနိဿယစုသည် ယခုရှိကြသောဆရာ ဝန်တို့တွင်မှ ဖြစ်ကြသော နည်းချည်းမဟုတ်၊ သေလွန်လေပြီးသော ရှေးရှေးသော ပညာရှိကြီးတို့ ကြံစည်၍ ထားခဲ့သော နည်းနာနိဿယ သာ များချေသည်၊ ထိုပညာရှိကြီးတို့ပင် မရှိသော်လည်း နည်းနာ နိဿယ ရှိရစ်လေသည့်အတွက် ယခုလူနာကို ကုစားနိုင်ကြသည်သာ ဖြစ်၏၊ ဗုဒ္ဓဘာသာမှာလည်း ဘုရားရှိစဉ်အခါ ဇီဝကဆရာကြီးရှိ၏၊ ထိုဆရာကြီး သေလွန်သည့်နောက် ထိုဆရာကြီး နည်းနာနိဿယကို ယခုတိုင် လက်ကိုင်ပြု၍ ကုစားကြ၏။

ထို့ကြောင့် လောကမှာ အထက်အထက်သော ဆရာကြီးများ သေလွန်၍မရှိကာမျှနှင့် လောကမှာ သူနာကို ကုစားနိုင်သော ဆေး သမားမရှိ-ဟု မဆိုသင့်၊ ဤအတူ ဗုဒ္ဓဘာသာမှာ ယခုသဗ္ဗညုမြတ်စွာ ဘုရားပရိနိဗ္ဗာန်စံလွန်၍ မရှိကာမျှနှင့် ဗုဒ္ဓဘာသာမှာ မသေရဘဲ ဝေ- ဒနာကိုကင်းစေနိုင်သော ဆေးသမားမရှိ-ဟု မဆိုသင့်၊ မြတ်စွာဘုရား ဟော၍ ထားခဲ့သော ဓမ္မက္ခန္ဓာအပေါင်းရှစ်သောင်းလေးထောင်သည် မသေဘဲဝေဒနာကို ကင်းစေနိုင်သော ဆေးသမားပေါင်း ရှစ်သောင်း လေးထောင်ပင်ထင်ရှားရှိ၏။

ယောဝေါအာနန္ဒ မယာဓမ္မောစ ဝိနယောစ ဒေသိတော ပညတ္တော၊ သောဝေါမမစ္စယေ နသတ္ထာ—

www.dhammaransi.com



ဟူ၍ ဘုရားဗျာဒိတ်တော်မြတ်လည်းရှိ၏၊ ယခုရှိကြသောကျမ်းတတ် ဂန်တတ်ရဟန်းတော် သံဃာတော် ဆရာတော်တို့သည် ထိုဓမ္မက္ခန္ဓာ အပေါင်း ရှစ်သောင်းလေးထောင်ကို လက်ကိုင်ပြု၍ ကုနေကြသော ဆေးသမားတို့ပေတည်း၊ ဤလောကုတ္တရာဆေးသမားတို့မှာ ယခုလူ့ ခန္ဓာကို မအိုမသေအမြဲနေရအောင် ဗုဒ္ဓဘာသာ, ခရစ်ယန်ဘာသာ- ဘယ်ဘာသာမှာမျှမရှိပြီ၊ ဗုဒ္ဓဘာသာမှာလည်း အမြိုက်ဆေးဆရာဖြစ်သူ ဆရာတော်တို့ပင် ပြန်လွန်တော်မူကြကုန်သေးသည်၊ ခရစ်ယန်ဘာသာမှာလည်း ခရစ်ယန်ဘာသာဆရာကြီးတွေပင် သေလွန်ကြသည်၊ များလှလေတော့မည်၊ ထို့ကြောင့် ဘုရားမရှိ ဆိုရုံမျှနှင့်၊ ယခုဗုဒ္ဓဘာသာမှာ မသေအောင်တတ်နိုင်သော ဆေးသမားမရှိဟု မဆိုသင့်။

''ဘုရားရှိစဉ်အခါ၌လည်း မသေရအောင်မတတ်နိုင်၊ ''သဗ္ဗေသတ္တာ ကမ္မဿကာ''ဆိုသောကြောင့် ဘုရားရှိစဉ်ကပင်ဗုဒ္ဓဘာသာမှာ မသေ ရအောင် ကိုးကွယ်ရန်မရှိ''-ဟူရာမှာလည်း-

သဗ္ဗေသတ္တာကမ္မဿကာ-ဆိုသည်မှာ-လောကမှာ ဆေးသမား ဆရာဝန်ကြီးဒုတ်ဟုတ်ရှိသော်လည်းရောဂါကြီး ဝေဒနာကြီးရှိသောသူ အားတို့ဆရာဝန်ကြီးကိုရှိခိုး၍,ကိုးကွယ်၍နေရုံမျှနှင့်ထိုရောဂါမပျောက်၊ ထိုဆရာဝန်ကြီးပြောဆိုရာကိုနားထောင်၍ဆေးကိုသောက်ခြင်းဟူသော မိမိပြုထိုက်သောအမှုကို မိမိပြုမှပင် ပျောက်သည်၊ ထိုသို့ဆရာဝန်ကြီး ပြောဆိုတိုင်း နေရာကျအောင် မိမိပြုထိုက်သောအမှုကို မိမိကပြုပေလျှင် ဆရာဝန်ကြီးရှိရာသို့ မလာမရောက်ဘဲ တတိုင်းတနိုင်ငံကနေ၍ သောက် သော်လည်း ပျောက်၏၊ ဤသို့လျှင် လောကမှာပင် ''သဗ္ဗေသတ္တာ ကမ္မဿကာ'' ဆိုသည့်အတိုင်း မိမိပြုထိုက်သောအမှုကို မိမိပြုမှပင် အကျိုးခံရသည်၊ ဆရာဝန်ကြီးမှာ နေရာကျပြရုံပြောရုံဆေးပေးရုံသာ တတ်နိုင်သည်။

ဤအတူ ငါတို့မြတ်စွာဘုရားမှာလည်း မအိုမသေအမြဲနေရသော နိဗ္ဗာန်သို့ရောက်ကြအောင် နည်းလမ်းကိုပြရုံ, ပြောရုံ, တရားဒေသနာ တည်းဟူသောအမြိုက်ဆေးကို ပေးရုံမျှသာတတ်နိုင်သည်၊ သတ္တဝါတို့ ဆုံးမပြောဟောသည်ကိုနာခံခြင်း, တရားဒေသနာကို နာခံ၍ကောင်း

www.dhammaransi.com



စွာကျင့်ခြင်းဟူသော မိမိတို့ပြုထိုက်သောအမှုကိုမိမိတို့ပြုကြမှ မိမိတို့ပြုသောအကျိုးကိုမိမိတို့ခံကြစံကြရသည်။

ခရစ်ယန်တို့ ထာဝရဘုရားမှာလည်း သူ့တရားကို နာယူမှု ကျင့်ကြံမှုဟူသောမိမိတို့ပြုထိုက်သော အမှုကိုဘာသာဝင်လူတို့က ပြုကြမှသာ ကယ်ဆယ်နိုင်သည်ဟု ရှိရာသည်၊ခရစ်ယန်ဘာသာသို့မဝင် မိမိပြုထိုက်သောခရစ်ယန်တရား အနည်းငယ်မျှမရှိသော အခြားတပါးသော သတ္တဝါတွေကို ကယ်ဆယ်နိုင်၏-ဟု မရှိလေရာ၊ထိုသို့ ကယ်ဆယ်နိုင်ခဲ့လျှင် တရားဟူ၍ပင် ထားရန်မရှိပြီ၊ ထို့ကြောင့် ဗုဒ္ဓဘာသာတရား, ခရစ်ယန်ဘာသာတရားနှစ်ပါးမှာပင်"သဗ္ဗေသတ္တာကမ္မဿကာ"ချည်းဖြစ်သတည်း၊ ယခုဘဝမှနောက်၌ မအိုမသေအမြဲနေရအောင် အမှုကိုမဆိုထားလင့်၊ခရစ်ယန်ဘာသာသို့ဝင်အောင်အမှုကိုပင်၊ခရစ်ယန်ဆရာတို့ကပြောရုံဟောရုံသာတတ်နိုင်ကြကုန်သည်၊သတ္တဝါတို့က မိမိတို့စိတ်နှင့်ယုံကြည်ခြင်း၊ သက်ဝင်ခြင်း၊ ဝန်ခံခြင်း၊ ဘာသာဝင်ခြင်းဟူသော မိမိတို့ပြုထိုက်သော အမှုကိုကမ္မဿကာဖြစ်အောင် ပြုကြမှခရစ်ယန်ဘာသာဝင်ဖြစ်ကုန်ကြသည်။

လောကမှာလည်း အနာပျောက်ငြိမ်းရာသော နည်းလမ်းကို ပြောဟောဘော်ရ, ဆေးပေးဘော်ရသော ဆရာဝန်ကြီးရှိခဲ့သော် ၎င်းဆရာဝန်ကြီးပင်မရှိသော်လည်း ဆေးနှင့်တကွ လက်ထောက်တပည့်တို့ရှိခဲ့သော် ၎င်းလက်ထောက်တပည့်တို့ပင် မရှိကုန်သော်လည်းအမှာနံပါတ်နှင့်တကွ ဆေးပုလင်းဆေးဘူးရှိခဲ့သော်၎င်း, ဆေးပင်မရှိသော်လည်း ဆေးနည်းစာအုပ်ရှိခဲ့သော်၎င်း ရောဂါဖြစ်သူတို့မှာ ကိုးကွယ်ရာရှိသည်သာဖြစ်၏၊ ဤအတူ ဘုရားရှိခဲ့သော်၎င်း, ဘုရားတရားကို တတ်သိသူဆရာရှိခဲ့သော်၎င်း, ဆရာပင်မရှိသော်လည်း ပေစာတုတ်စာနှင့်နည်းနာနိဿယထင်ရှားရှိခဲ့သော်၎င်း ထိုဘာသာဝင်တို့မှာ မသေရအောင် ကိုးကွယ်ရာရှိသည်သာဖြစ်၏၊ ခရစ်ယန် ဆရာသည်ကား- ဤမျှသော လမ်းကိုမျှ မြော်မြင်နိုင်သော ဉာဏ်ပညာမရှိရှာ၍ "ဗုဒ္ဓဘာသာကို ကိုးကွယ်ရာမရှိ" ဟုဆိုပေသည်။

တတိယခရစ်ယန်အဆိုရှင်းလင်းချက်ပြီး၏။

---

www.dhammaransi.com



**ခရစ်ယန်အဆို**

၄။ ကိုယ်ခန္ဓာနှင့်နာမ်ဝိညာဏ်သည် အနိစ္စ,ဒုက္ခ,အနတ္တ,ဖြစ်၏၊ အနိစ္စ,ဒုက္ခ,အနတ္တကို ဘယ်သူမျှမဖြစ်ချင်၊ မဖြစ်ချင်သောကြောင့် အနိစ္စ, ဒုက္ခ,အနတ္တ ကိုညည်းတွား၍ ပုတီးစိပ်ကြ၏၊ အနိစ္စ, ဒုက္ခ, အနတ္တကိုအလိုမရှိလျှင် နိစ္စ, သုခ, အတ္တကိုလိုချင်ကြ၏၊ အနိစ္စ၊သေခြင်းဖြစ်၍၊ နိစ္စ၊မသေ အမြဲနေရခြင်းကိုဆို၏၊ ဒုက္ခ၊နာခြင်းဖြစ်၍၊သုခ၊ချမ်းသာခြင်းကိုဆို၏၊အနတ္တ၊မိမိလိုဘရှိသည့်အတိုင်း မအိုမသေဘဲမနေရ အိုရ သေရသောကြောင့်၊ အတ္တ၊မအိုမသေဘဲ နေနိုင်ခြင်းကိုဆို၏၊ ထို့ကြောင့် နိစ္စ,သုခ,အတ္တကိုလိုချင်သည်ဆို၍ ပုတီးစိပ်ပြီးနောက် နိဗ္ဗာန်သို့ရောက်၍ အစဉ်သေကြေပျက်စီးရပါလို၏—ဟု ဆုတောင်းရသော တရားသည် မှားကြောင်းထင်ရှား၏။

**ဆရာတော်ရှင်းလင်းချက်**

ဤစတုတ္ထဆိုချက်မှာ—နိဗ္ဗာန်သည်သာ နိစ္စဖြစ်၏၊အမြဲထာဝရတည်နေသောသုခဖြစ်၏၊ထိုအတုမရှိ မြင့်မြတ်သောနိစ္စကြီး, သုခကြီးကိုရနိုင်ရန်အခွင့်မှာလည်း လူ့ခန္ဓာ, နတ်ခန္ဓာ, ဗြဟ္မာ့ခန္ဓာဟူသော တေဘုမ္မကသံသရာဝဋ္ဋတို့နှင့်တကွ ယခုရရှိ၍နေသော မိမိကိုယ်ခန္ဓာဝဋ္ဋတို့ကိုငြီးငွေ့မှ, မုန်းမှ,စက်ဆုတ်မှ,တွယ်တာခြင်းကင်းမှ ထိုနိစ္စ, သုခကြီးကိုရောက်နိုင်သည်။

**ဥပမာကား။** အကျင့်အမူ ယုတ်မာညစ်ငြမ်းလှသော မယားနှင့်ပေါင်းဘော်၍နေရသောယောကျ်ားသည် ကိုယ်စိတ်နှလုံးပင်ပန်းခြင်းဖြစ်၍နေလေရာ ထိုဒုက္ခဝန်မှလွတ်၍ ရဟန်းပြု၍ ချမ်းသာစွာ နေလိုသော် ထိုမယား၌ ခင်တွယ်ခြင်းပြတ်ကင်းမှ နေနိုင်ခွင့် ရှိသကဲ့သို့တည်း၊ မိမိကိုယ်ခန္ဓာနှင့်တကွ သံသရာဝဋ္ဋတို့ကိုတပ်ခြင်း,ခင်တွယ်ခြင်းကင်းပြတ်ရန်အခွင့်မှာလည်း မိမိကိုယ်ခန္ဓာ သံသရာဝဋ္ဋတို့၌ရှိသော အနိစ္စဘေး, ဒုက္ခဘေး,အနတ္တဘေးတို့ကို လင်းလင်းထင်ထင်မြင်နိုင်မှ တပ်ခြင်း,ခင်တွယ်ခြင်း ပြတ်ကင်းနိုင်သည်၊ ထိုမယား၏အကျင့်ဆိုး အမူဆိုးတို့ကိုများများကြီးမြင်နိုင်မှ, အဘန်ဘန်အခါခါ အပြစ်ရှာ၍ကြည့်နိုင်မှ ထိုမယား၌ခင်တွယ်ခြင်း ပြတ်ကင်းနိုင်သကဲ့သို့တည်း။

www.dhammaransi.com



ထို့ကြောင့် ဗုဒ္ဓဘာသာမှာက သံသရာဝဋ်တို့နှင့်တကွ မိမိကိုယ်ခန္ဓာကို အနိစ္စ,ဒုက္ခ,အနတ္တဟု ပုတီးစိပ်မှုသည် အကျိုးမရှိသော နိစ္စ, သုခကြီးသို့ ရောက်နိုင်ရန် ဖြောင့်မှန်သောအကျင့်စင်စစ်ဖြစ်၏။

"နိစ္စ,သုခ,အတ္တကိုလိုချင်၍ ပုတီးစိပ်ပြီးနောက်နိဗ္ဗာန်ကိုဆုတောင်း ပြန်သည်မှာ အစဉ်သေကြေပျက်စီးရခြင်း ဒုက္ခကြီးကို တောင်းမှုဖြစ် ပြန်၍ မှားကြောင်းလင်ရှား၏"ဟူသောစကားကိုကား-သည်းချေပျက် ၍ သွက်သွက်ရူးသောအရူးသည် ရွှေတောင်ကြီးကို မီးပုံကြီးထင်၍ မီး ပုံကြီးကိုရွှေတောင်ကြီးထင်သကဲ့သို့ ခရစ်ယန်ဆရာသည်-

အစောတိမရောဟျာမိ၊ အမတံနိဗ္ဗာယံ ဂတံ။

ဟူသည်နှင့်အညီ-နိဗ္ဗာန်ကရားကပါးသည်သာလျှင် သေကြေပျက် စီးခြင်းအခါခပ်သိမ်းကင်းသောတရားဖြစ်၏၊ လူ့ခန္ဓာ,နတ်ခန္ဓာ,ဗြဟ္မာ့ ခန္ဓာ သံသရာဝဋ်တရားတို့သည်သာ အစဉ်သေကြေပျက်စီး၍ နေကြ သောမရဏဓမ္မမျိုးအစစ် ဖြစ်ကြကုန်၏၊ ထိုသို့ဖြစ်ပါလျက် ခရစ်ယန် ဆရာသည် အမတံ-သေကြေပျက်စီးခြင်း အစဉ်ကင်းသော အသင်္ခတ ဓာတ်ကြီးကိုပင်လျှင် အစဉ်သေကြေပျက်စီးမှုနှင့်အဘန်ဘန်စွပ်စွဲဘိ၏။

စတုတ္ထခရစ်ယန်အဆိုရှင်းလင်းချက်ပြီး၏။

## ခရစ်ယန်အဆို

၅။ အကုသိုလ်အတွက်ကိုယ်ခန္ဓာ,ဝိညာဉ်နှင့်တကွ အမေ, အဘေ ကိုဘုရားအောင် ရဲတွင်းခံစေ၏၊ ကုသိုလ်အတွက် ကိုယ်ခန္ဓာ, ဝိညာဉ်နှင့်တကွ ရှင်လန်းခြင်းဖြစ်စေရအောင် မစံစားဘဲဖျက် ဆီးနိဗ္ဗာန်သို့ပို့သည်ဟု ဗုဒ္ဓဘာသာကဆိုချက်သည် အသွား အလာမညီသောကြောင့် မကောင်းမမှန်ဟု သဘောရ၏။

## ဆရာတော်ရှင်းလင်းချက်

ဤပဥ္စမဆိုချက်မှာ အထက်၌ ပြဆိုခဲ့ပြီးသောအတိုင်း ကိုယ်ခန္ဓာ, ဝိညာဉ်မည်သည် သေခြင်းဘေး ထက်ကြပ်ပါ၍နေ၏၊ လူဖြစ်စေ,နတ် ဖြစ်စေ,ဗြဟ္မာဖြစ်စေ၊ ပဋိသန္ဓေနေမိသည့်နောက်ဘယ်နာရီ,ဘယ်မိနစ် ဘယ်လက်ပစ်,ဘယ်လျှပ်စစ်ပြက်မဆိုသေကြေပျက်စီးတတ်သောအလေ့

www.dhammaransi.com



ရှိ၏၊ လောဘဒိဋ္ဌိတင်းလင်းရှိနေသည်ဖြစ်၍လည်းသေပြန်လျှင် ဘယ်ဘုံ, ဘယ်ဘဝကိုရောက်လိမ့်မည်၊ ကျလိမ့်မည်ဟု မသိနိုင်၊ ပေါက်လွှတ်ထား ကြရသောသတ္တဝါအများ ထုံးနည်းဖြစ်၏၊ သည်ကသေလျှင် ဘယ်ဘုံ ဘယ်ဘဝသို့သွားမည်ဟု မှတ်ချက်ရည်ရွယ်ချက်နှင့် သွားနိုင်ကြသော သတ္တဝါထုံးမရှိ၊ ကုသိုလ်တရားအားရှိလှသသူဖြစ်၍သေခါနီးမှာအလော ဘ, အဒေါသတရားများကပ်၍ သေပါမှ ကောင်းရာမြတ်ရာသို့ရောက် နိုင်၏၊ ထိုတဘဝစွပ်မိ၍ရောက်သော်လည်း နောက်ဘဝစောက်ထိုးသွား လိုလျှင်သွားပြန်၏။

ဤသို့ကိုလေသာဘေး, မရဏဘေး, အပါယ်ဘေး, အမြဲအစဉ် သုံးလွန်းတင်ထွေး၍ မအေးစရာအကွက် လျှပ်တပြက်မျှမရှိသော ကိုယ် ခန္ဓာဝိညာဉ်ကိုပင် ရှင်လန်းခြင်းဖြစ်စေရအောင် မစံစားဘဲ-ဟု ခရစ် ယန်ဆရာဆိုခြင်းသည် ယခုရှိသော မိမိကိုယ်,မိမိခန္ဓာ, မိမိဝိညာဉ် သေရမည့် ဖြစ်အင် လူတကာမြင်ကြသော ထုံးအစဉ် ဓမ္မတာကြီးကိုပင် မြင်စရာမျက်စိမရှိ၍ ဆိုသကဲ့သို့ဖြစ်၏၊ ထိုကဲ့သို့ သုံးလွန်းတင်ထွေး၍ နေကြသည့်အတွက် အပါယ်ဘေးတင်းလင်းနှင့် နေကြရသော ကိုယ် ခန္ဓာဝိညာဉ်သည် အလျှင်အမြန်ကွယ်ပျောက်၍ ထိုဘေးသုံးပါး အ လျဉ်းလွတ်ကင်းရာ မဟာအမတဓာတ်ကြီးသို့ပို့နိုင်မှ ချမ်းသာ သုခစစ် ရသတည်း။

ပဉ္စမခရစ်ယန်အဆိုရှင်းလင်းချက်ပြီး၏။

## ခရစ်ယန်အဆို

၆။ ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ အနက်ကား-ဘုရားသည် လည်းလျှောင်း မှီခိုကိုးကွယ်ရာဆို၏၊ သို့ဖြစ်သောကြောင့် မိမိ၌ရှိသောဝေဒနာကို ကွယ်ပျောက်စေလို၍ နတ်ကိုကိုးဘိသကဲ့သို့ မိမိ၌ ရှိသော မကောင်းမှုဒုစရိုက်အပြစ်ကွယ်ပျောက်ရအောင် ဘုရားကို ကိုး ရမည်၊ ဘုရားတန်ခိုးကို ခိုလှုံရမည်ဖြစ်၏၊ ဘုရားသည် လည်း လျှောင်းမှီခို-ကိုးကွယ်ရာ ဆိုသောကြောင့် ကိုးလျှင်-ကွယ်မည်၊ ခိုလျှင်-လုံရမည်မှန်၏၊ ကိုးကွယ် လည်းလျှောင်းမှီခိုလို၍ ဗုဒ္ဓ ဘာသာတွင် ဘုရားကိုရှာသော်မတွေ့၊ ဘုရားမရှိ၊ ရှိသည့်အခါ

www.dhammaransi.com



လည်း မကွယ်နိုင်၊"သဗ္ဗေသတ္တာကမ္မဿကာ"-ဟူ၍သာ ဘုရားကဆို၏။ ဘုရားကိုယ်တော်တိုင်ပင် ဝဋ်တော်ဆိုက် အနိစ္စဖြစ်ရသည်၊ ထို့ကြောင့် ဗုဒ္ဓဘာသာ၌ကိုးကွယ်ရာမရှိ၊ မရှိ၍ ပျက်စီးရာလမ်း-ဟု နေရာကျ၏။

## ဆရာတော်ရှင်းလင်းချက်

၌ဆဋ္ဌမအဆို၌-ဗုဒ္ဓဘာသာတို့ကိုးကွယ်ကြသော ဘုရားသည် ကိုးကွယ်ရာအမှန်ဖြစ်ခဲ့လျှင် မိမိပြုကျင့်သော ဒုစရိုက်အပြစ်တို့ကို ပျောက်ငြိမ်းစေလို၍ ကိုးကွယ်လျှင် ကေန်ပျောက်ငြိမ်းခွင့်ရရမည်၊ "သဗ္ဗေသတ္တာ ကမ္မဿကာ"-ဟု ဘုရားကဆို၍ထားသောကြောင့် မိမိပြုသော ဒုစရိုက်တို့ကို ဘုရားပျောက်ငြိမ်းအောင် မတတ်နိုင်-ဟု သိရ၏၊ပျောက်ငြိမ်းအောင် မတတ်နိုင်လျှင် ကိုးကွယ်ရာမဟုတ်-ဟု ဆိုလို၏၊ ခရစ်ယန်ဘုရားမှာ ဒုစရိုက်အတွက်ကိုးကွယ်လျှင် ဒုစရိုက်ပျောက်ငြိမ်း၏-ဟု ဆိုလို၏၊ ဒုစရိုက်ပျောက်ငြိမ်းသည် မပျောက်ငြိမ်းသည်မှာရှိစေဦး၊ သက်သေရှိသော အချက်မဟုတ်၊ နောက်ဘဝမှ သိရမည့် အချက်ဖြစ်သည်၊ နောက်ဘဝကိုမြင်နိုင်ကြသည်လည်းမဟုတ်၊၌ကား-ထားဘိဦး၊ခရစ်ယန်ဘာသာဝင်လူတို့မှာ ကိုယ်တွင်း၌ ကိုးဆဲ့ခြောက်ဖြာဝေဒနာကပ်ရောက်သူအများပင်ရှိကြလိမ့်မည်၊ ဆေးဝါးမစားဘဲ ထာဝရ ဘုရားကို ကိုးကွယ်က ထာဝရဘုရားကွယ်မှုနှင့်ချည်း ပျောက်ငြိမ်းရာ၏၊ဆရာဝန်တွေ ဆေးဝါးတွေ,ဆေးရုံတွေသည်အပိုသက်သက်သာဖြစ်ရာ၏။

## စဉ်းစားနှိုင်းချိန်ရန်

၁။ ထာဝရဘုရားကို ကိုးကွယ်သည့်သူတိုင်း ရောဂါဝေဒနာ ဖြစ်ခဲ့လျှင် ဆေးဝါးစားရိုးမရှိ၊ ဘုရားကွယ်မှုနှင့်ချည်း ပျောက်ငြိမ်းရိုးအစဉ်ဖြစ်ခဲ့ပေလျှင် ဒုစရိုက်ပျောက်ငြိမ်းမှု၌ ရောဂါဝေဒနာပျောက်ငြိမ်းမှုသည် ဒိဋ္ဌသက်သေဖြစ်ထိုက်၏၊ ရောဂါဝေဒနာဖြစ်သည်အခါ ဘုရားကွယ်မှုနှင့် ပျောက်ငြိမ်းရိုးမရှိ၍ ဆေးရုံသို့ တက်ရ, ဆေးဝါးစားရမှု ရှိခဲ့လျှင် ထိုအမှုသည် ထာဝရဘုရားကို ကိုးကွယ်သည့်အတွက် ဒုစရိုက်ပျောက်ငြိမ်းသည် ဆိုသော စကားအမှား စင်စစ်မှန်ကြောင်း၌ ဒိဋ္ဌသက်သေဖြစ်၏။

www.dhammaransi.com



၂။ ကိုးကွယ်၍ ရောဂါဝေဒနာ ပျောက်ငြိမ်းခဲ့လျှင် အကျွန်ုပ်မှာ ရောဂါဝေဒနာဆို၍ အဏုမြူမျှမရောက်ပါစေလင့်ဆို၍ ကိုးကွယ်လျှင် အဏုမြူမျှ မရောက်ရအောင် ဘုရားက ကွယ်နိုင်ရလိမ့်မည်၊ခရစ် ယန်ဘာသာဝင်လူမျိုး မကျန်းမမာသည်-ဟူ၍မရှိရ၊ မရှိပေလျှင် ဒုစရိုက်ပျောက်ငြိမ်းမှု၌ဒိဋ္ဌသက်သေဖြစ်၏၊မကျန်းမမာသည်ရှိခဲ့လျှင် ဒုစရိုက် ပျောက်ငြိမ်းမှု မဟုတ်ကြောင်း ဒိဋ္ဌသက်သေဖြစ်၏။

၃။ ဘုရားကို ကိုးကွယ်၍ အစိုးရဥပဒေကို လွန်ကျူးခဲ့သော်ငငြား, သူတပါးကိုသတ်ခဲ့သော်ငငြား,သူခိုးဓားပြလုပ်ခဲ့သော်ငြားမင်းပြစ်မင်းဒဏ်လွတ်ငြိမ်းရမည်၊ မင်းပြစ် မင်းဒဏ်သင့်သည်ဟု မရှိရ၊ မရှိပေလျှင် ဒုစရိုက်လွတ်ငြိမ်းမှု၌ သက်သေရ၏၊ မလွတ်လျှင် ဒုစရိုက်၌မလွတ်မှုသက်သေဖြစ်၏။

ဤသို့လျှင် အရာအထောင်မကသော လောကမှုတို့မှာ ခရစ်ယန်ဘာသာဝင်လူတို့လည်း ဘုရားကိုကိုးကွယ်၍ မရသောကြောင့် ကိုယ့်အမှုနှင့် ကိုယ့်ကမ္မဿကာဖြစ်၍ နေကြသော မျက်မြင်ဒိဋ္ဌတွေ အထောင်မကရှိကြပါလျက် မျက်မြင်မဟုတ်,သက်သေမရှိရာ ဒုစရိုက်မှုမှာ ဘုရားကို ကိုးကွယ်လျှင်ပျောက်ငြိမ်းသည်ဟု ပြောဆိုမှုသည် ဉာဏ်မျက်စိ သက်သက်မရှိသော လူပြိန်းတို့ကို လှည့်စယ်မှုသာဖြစ်၏-ဟု သိသာလှ၏။

၁။ လူတို့မှာအတတ်ပညာသင်ကြားမှုသည် အလွန်ဆင်းရဲ၏၊ခရစ်ယန်ဘာသာဝင်လူများသည်အတတ်ပညာကို မသင်ဘဲ ဘုရားကိုအတတ်ပညာတတ်ပြီးဖြစ်အောင် ကိုးကွယ်လျှင်တတ်ပြီးဖြစ်ပါမည်လော၊ တတ်ပြီးဖြစ်ရိုးမှန်ခဲ့လျှင် ကမ္မဿကာဟူသောဗုဒ္ဓဘာသာများ၏၊ ကိုယ့်ဟာကိုကိုယ်သင်မှ တတ်ရိုးမှန်ခဲ့လျှင် ကမ္မဿကာသာ အမှန်ဖြစ်၏။ ဒုစရိုက်ကို ကွယ်နိုင်သည်ဆိုသော ခရစ်ယန်စကားများ၏။

၂။ အသက်မွေးမှုအလုပ်စုသည် ဆင်းရဲ၏၊ တစုံတခုကိုမျှမလုပ်ဘဲ ဘုရားကို ကိုးကွယ်မှုနှင့် ကြွယ်ဝချမ်းသာကြသော မျိုးရိုးမှန်

www.dhammaransi.com



> ခဲ့လျှင် ကမ္မဿကာဟူသောစကားမှား၏၊ ဒုစရိုက်ပျောက်ငြိမ်းမှုမှန်၏၊ ကိုယ့်ဘို့ကိုကိုယ်လုပ်ကိုင်မှ စားသောက်ရမျိုးအမှန်ဖြစ်ခဲ့လျှင် ကမ္မဿကာသာ အမှန်ဖြစ်၏၊ ကိုးကွယ်၍ ဒုစရိုက်ငြိမ်းသည် ဆိုသောစကားမှား၏။

ဤစကားရပ်စုနှင့်ပင် ခရစ်ယန်တို့ ကိုးကွယ်သောဘုရားလည်း ကမ္မဿကာမှုမျိုးမှာ ကိုးသော်လည်း မကွယ်နိုင်၊ ခိုသော်လည်း မလုံစေနိုင်ဟု ထင်ရှား၏။

“ဗုဒ္ဓဘာသာမှာဘုရားရှာ၍မတွေ့” ဟူသောစကား၌- ခရစ်ယန်မှာ ဘုရားရှာ၍ တွေ့သည်ဟုဆိုလို၏၊ တွေ့လျှင်ကြည့်ရှုပါရစေ၊ ထာဝရဘုရားကြီးကို မြင်အောင်ပြပါဆိုလျှင် ခရစ်ယန်ဆရာအဘယ်သို့ ဒိဋ္ဌမြင်အောင်ပြရှာလိမ့်မည်နည်း၊ ယခုကောင်းကင်ဘုံမှာ ဝိညာဏ်တော်နှင့်ထင်ရှားရှိကြောင်းကို ကျမ်းစာဆိုအရနှင့်ပြောလိမ့်မည်၊ ငါတို့ဗုဒ္ဓဘာသာဘုရားလည်း ယခုအသင်္ခတမဟာနိဗ္ဗာန်ကြီးမှာ ရှိသည်ပင်ဖြစ်၏၊ အနိစ္စသင်္ခတဖြစ်သော ဝိညာဉ်နှင့်တကွသော ဓာတ်ကြမ်းစုကိုစွန့်တော်မူ၍ နိစ္စထာဝရဖြစ်သော အသင်္ခတ အမတဓာတ်ကြီးအနေနှင့် ထာဝရတည်နေတော်မူ၏၊ ကုသိနာရုံပြည်မှာ ခန္ဓာတော်ကိုသာစွန့်တော်မူသည်၊ ကိုယ်တော်မြတ်သည်မူကား- အနန္တဂုဏ်တော်တို့နှင့်တကွအမတမဟာနိဗ္ဗာန်ဟူသော လောကုတ္တရာဘုံကြီးမှာ အသင်္ခတဓာတ်ကိုယ်တော်မြတ်အဖြစ်ဖြင့် စံတော်မူလျက်ရှိသည်ပင်ဖြစ်၏။

ထာဝရဘုရားမှာ ဝိညာဏဓာတ်တော်, ငါတို့ဘုရားမှာ အသင်္ခတဓာတ်တော်၊ ဤမျှသာကွဲကြသည်၊ ကုသိနာရုံပြည်မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်တော်မှာ ရှေ့ပြည်နိဗ္ဗာန်စံတော်မူသည်ဟု ခရစ်ယန်ဆရာ မကြားဘူးသလော။

“ဗုဒ္ဓဘာသာမှာ ကိုးကွယ်ရာမရှိ၊ မရှိ၍ ပျက်စီးရာလမ်းဟုနေရကျ၏” ဟူသောစကားမှာ—

ဗုဒ္ဓဘာသာဘုရားမှာ လူမှဖြစ်သည်ဖြစ်၍ တိုင်းတော်ပြည်တော်, ဆွေတော် မျိုးတော်အစရှိသော ယုံဘွယ်ရာသော သက်သေအခြေ

www.dhammaransi.com



အမြစ်တို့သည် ယခုထက်တိုင် အထင်အရှားများစွာရှိကုန်၏၊ ခရစ်ယန်တို့ဘုရားမှာ တစွန်းတစမျှမရှိ၊ ထိုသို့သက်သေဒိဋ္ဌပြရန်မရှိသည့်အတွက်ကြောင့်ဘုရားဟူက အတုမရှိဖြစ်၍ လူကဖြစ်သည်, နတ်ကဖြစ်သည်မရှိရ၊ ဘယ်ကမှ ဖြစ်သည်မဟုတ်၊ အစဉ်ထာဝရ မြဲ၍နေသောဝိညာဉ်တော်တဆူသာ ရှိရသည်ဟု ခြေရာပျောက် ပြောကြကုန်၏၊ ခရစ်ယန်တို့ဘုရားနှင့် ဗုဒ္ဓဘာသာဘုရားသည် နိဗ္ဗာန်ဘုံကြီးမှာ ထင်ရှားရှိနေကြခြင်းအတူတူဖြစ်၍ ရှိ,မရှိအတွက်နှင့် အထူးပြောဆိုဘွယ်မရှိ၊ ပျက်စီးရာလမ်းလည်းမဟုတ်။

၁။ ခရစ်ယန်မှာလည်း နိဗ္ဗာန်ဘုံမှာစံနေရာကိုမှန်း၍ စိတ်ထဲမှာတွေ့သည်ကို အတွေ့လုပ်ရသည်။

၂။ ဗုဒ္ဓဘာသာဘုရားကိုလည်း နိဗ္ဗာန်ဘုံကြီးမှာ စံနေရာကိုမှန်း၍ စိတ်ထဲမှာအတွေ့လုပ်နိုင်သည်သာဖြစ်၏။

စိတ်ထဲမှာတွေ့၍သာ ဘုရားကို ကိုးကွယ်သောစိတ်၊ ကြည်ညိုသောစိတ်, ရှိခိုးပူဇော်မှု, ဘုရားစကားပြောမှု ဖြစ်နိုင်ကြသည်၊ စိတ်ထဲမှာမတွေ့လျှင် အောက်မေ့ရုံမျှမှ စိတ်ထဲမှာပေါ်တော့မည်မဟုတ်၊ပျက်စီးရာလမ်းမဟုတ်ပုံမှာ-အထက်ဆရာကြီးကိုယ်တိုင် ဤတိုင်းပြည်မှာ ရှိသော်လည်း ဆရာဝန်ကြီးနည်းကို လက်ကိုင်ရရှိသော နောက်ဆရာဝန်တို့ရှိခဲ့သော်၎င်း၊ အမှာန်ပါတ်နှင့် အပြည့်အစုံဆေးဝါးရှိခဲ့သော်၎င်း၊ ဆေးကျမ်း, ခတ်ကျမ်း, ဆေးစာ, ခတ်စာအုပ်ထင်ရှားရှိခဲ့သော်၎င်း၊ ဤတိုင်းပြည်မှာ ရောဂါရှိသူအား ကိုးကွယ်ရာမရှိ မဆိုရသကဲ့သို့ ပျက်စီးရာလမ်းလည်းမဆိုရ၊ ဤအတူ သတ္တဝါတို့ အကျိုးငှါ ပစ္စုပ္ပန်သံသရာ,လောကီလောကုတ္တရာ နည်းလမ်းတို့ကို မကြွင်းမကျန်အကုန်အစင် ဟောပြ၍ထားခဲ့သော ဓမ္မက္ခန္ဓာအပေါင်း ရှစ်သောင်းလေးထောင်နှင့်တကွ တပည့်တပန်း ရဟန်းတော်အဆက်ဆက် ဆောင်ရွက်လေ့လာသူ အစဉ်မပြတ် ယခုထက်တိုင် ရှိနေသည်ဖြစ်၍ ပျက်စီးရာလမ်းမရှိ၊နောက်နောင်ဘဝအဆက်ဆက်နှင့်တကွမဂ်ဉာဏ်,ဖိုလ်ဉာဏ်နိဗ္ဗာန်ဆိုက်ရောက်အောင်ပွါးစီးရာလမ်းသာဖြစ်သတည်း။

ဆဋ္ဌမခရစ်ယန်အဆိုရှင်းလင်းချက်ပြီး၏။

www.dhammaransi.com



## ခရစ်ယန်အဆို

၇။ ဘုရားမရှိသော်လည်း မိမိကိုယ်ကျင့်တရားရှိ၏၊ ကိုယ်ကျင့်တရားကိုပင်အားကိုးဟုဗုဒ္ဓဘာသာကဝိရိယစိုက်ဟောပြန်၏၊ ဤအရာသည် ဘုရားဂုဏ်တော်ကို အားမကိုးနှင့် မိမိဂုဏ်ကိုသာကိုးဟုသွန်သင်ရာရောက်၏၊အနတ္တကောင်မှာတန်ခိုးဘယ်မှာရှိသနည်း၊ရှိလျှင် အနတ္တဟု ခေါ်ဦးမည်လော၊ထို့ကြောင့်ဟောသောသူသည် အနတ္တအကြောင်းကို လုံးလုံးမသိရာထင်ရှားသည်၊ သတ္တဝါတို့သည် အနတ္တဖြစ်၍ မိမိလိုဘရှိသည့်အတိုင်းဖြစ်စေရအောင် အစွမ်းမရှိ၊ လောက၌ မင်းမှုကိုထမ်းသည့်အခါဖြစ်စေ, ကုန်သွယ် ရောင်းဝယ် ဘောက်ကားသည့်အခါဖြစ်စေ,လယ်ယာလုပ်ဆောင်သည့်အခါဖြစ်စေ တဦးဦးကိုမခိုမလှုံရလျှင် မဖြစ်ထွန်းနိုင်၊ လောကီ အကျိုးစီးပွါးထက်လောကုတ္တရာအကျိုး အလွန်ကြီးကျယ်၏၊ ဘာမျှမဟုတ်သည့်လောကီအကျိုးကိုမျှမိမိအစွမ်းအားနှင့်မရနိုင်မတတ်နိုင်ခဲ့လျှင် လောကုတ္တရာအကျိုးကို မိမိအစွမ်းနှင့်ရနိုင်၏ဟု ဟောသောတရားကို အဘယ်သို့ကြည်ညိုနှစ်သက်နိုင်ပါမည်နည်း။

## ဆရာတော်ရှင်းလင်းချက်

ဤသတ္တမအဆို၌ ဘုရားမရှိသော်လည်း မိမိကိုယ်ကျင့်တရားကိုပင်အားကိုးဟု ဗုဒ္ဓဘာသာကဝိရိယစိုက်ဟောသည်မှာ—

ဘုရားဂုဏ်တော်ကို အားမကိုးနှင့်ဟုဟောသည်မဟုတ်၊ဘုရားဂုဏ်တော်ကိုကား—"နမော-တဿ၊ ဗုဒ္ဓံသရဏံ၊ ဣတိပိသောဘဂဝါ" ဂုဏ်တော်များကို ငယ်စဉ်ကာလကပင် မိဘတို့က သားငယ်,သမီးငယ်ကို သင်ကြားမြဲထုံးစံပြု၍ထားကြသည်၊ ဘုရားဂုဏ်တော်, တရားဂုဏ်တော်, သံဃာဂုဏ်တော်များကို မမေ့မလျော့အောင် တဦးတဦးနှီးဆော်ကြမြဲအထင်အရှားရှိနေသည်၊ ဝတ်တက်ဝတ်ကပ် မပြတ်မလပ်အောင် ကြိုးစားကြသည်၊ဤအရာစုသည် ဗုဒ္ဓဘာသာနိုင်ငံအလုံး အုန်းအုန်းဆူထင်ရှား၍နေသည်ကိုခရစ်ယန်ဆရာမကြားသလော၊ကြားလျှင်လည်း ဂုဏ်တော်ကို အားမကိုးနှင့်ဟု သွန်သင်ရာကျသည်ဟု ဆိုခွင့်မ

www.dhammaransi.com



ရှိ၊ ခန္ဓာတော်ကြီးမရှိသည့်အတွက်နှင့်သာ ဘုရားမရှိသော်လည်း-ဟုဆို ကြပေသည်၊ ဂုဏ်တော်များကိုကား- အားကိုးအားထား စွဲမြဲကြရန် ပြောဟောတိုက်တွန်းမှုအလွန်ထင်ရှားလျက်ပင်။

အနတ္တကောင်မှာတန်ခိုးဘယ်မှာရှိသနည်း၊ ရှိလျှင်အနတ္တဟု ခေါ် ဦးမည်လော၊ ထို့ကြောင့်ဟောသောသူမှာ အနတ္တကို လုံးလုံးမသိရာ ထင်ရှားသည်'' ဟူသောစကား၌—

ခရစ်ယန်ဘာသာတို့မှာ တန်ခိုးအစွမ်းဟူသမျှသည် ဘုရားကပေး မှရရှိနိုင်သည်ဟု ယူရိပ်ထင်သည်၊ထိုသို့ယူခဲ့သော်-သူခိုးဓားပြတို့ကို ခိုး စွမ်း,တိုက်စွမ်းပေးသည်ကား-ခရစ်ယန်ဘုရား အတတ်သာဖြစ်သည်၊ မိုက်လိုသောသူတို့ကိုမိုက်စွမ်းပေးမှု ဆိုးလိုသောသူတို့ကို ဆိုးစွမ်းပေးမှု ဒုစရိုက်ကိုကျင့်ကြံလိုသောသူတို့ကို ကျင့်စွမ်းပေးမှု ခြင်္သေ့,သစ်,ကျား, သားရဲ, ငါးရဲတို့ကို ရဲစွမ်းပေးမှုစသော လောက၌ မကောင်းညစ်ညမ်း ဆိုးစွမ်းမိုက်မဲသမျှကို ခရစ်ယန်ဘုရား ပေးသောအစွမ်းနှင့်ညစ်ညမ်းနိုင် ကြသည်၊ ဆိုးစွမ်းနိုင်ကြသည်၊မိုက်မဲနိုင်ကြသည်-ဟု ထင်ရှား၏၊ဘုရား ပေးသောအစွမ်းမဟုတ်၊ သူ့အစွမ်းနှင့်သူ ဆိုးစွမ်းမိုက်မဲပါသည်ဆိုပြန် လျှင် အနတ္တကောင်မှာ တန်ခိုးအစွမ်းမရှိဆိုသော ခရစ်ယန်ဆရာ စကားပျက်၏။

အနတ္တကောင်ကို မဆိုထားလင့်၊ အသက်ဝိညာဉ်မရှိသော ဆေး ဝါးမှာပင် ဆေးတန်ခိုး,ဝါးတန်ခိုး အနာမျိုး ရောဂါမျိုးကို ပျောက် ငြိမ်းစေနိုင်သောအစွမ်းရှိသည်ပင်ဖြစ်သည်၊ ထို့အတူ မီးအခွင့်မှာမီး တန်ခိုး, ရေအခွင့်မှာရေတန်ခိုး, လေအခွင့်မှာလေတန်ခိုး, မြေအခွင့် မှာမြေတန်ခိုး-အစရှိသဖြင့် သက်ရှိသက်မဲ့အလုံးစုံမှာပင် တန်ခိုး အ စွမ်းအသီးသီး ရှိကြသည်ချည်းဖြစ်သည်၊မရှိဘူး-ဘုရားပေးမှ အစွမ်းရ သည်ဆိုလျှင် အထက်စကားအတိုင်း ခရစ်ယန်ဘုရားအပေါ်ကို အမှု လဲ၍ သွားလိမ့်မည်။

တန်ခိုးအစွမ်းအသီးသီးရှိကြသည်ရှိသော် အဘယ့်ကြောင့် အနတ္တဆိုသနည်းဟူမူ-အိုခြင်း, နာခြင်း,သေခြင်း, ဖေါက်ပြန် ဖေါက်လဲဖြစ်ခြင်းတို့၌ အစိုးမရ၍ အနတ္တဆိုသတည်း။

www.dhammaransi.com



ထို့ကြောင့် မိမိကိုယ်ကျင့်တရားကို အားကိုးရမည် ဟောသောသူသည် အနတ္တကိုလုံးလုံးမသိရာမကျ၊ ခရစ်ယန်ဆရာသည်သာ အနတ္တအနက်သွားကို လားလားမှမသိရာကျလေသည်။

"သတ္တဝါတို့သည် အနတ္တဖြစ်၍ မိမိလိုဘရှိသည့်အတိုင်း ဖြစ်စေရအောင်အစွမ်းမရှိ" ဟူသောစကားသည် အထက်က ပြဆိုခဲ့သည့်အတိုင်း ခရစ်ယန်ဘုရားအပေါ်ကိုလဲဘို့ စကားဖြစ်သည်။

"ဘာမျှမဟုတ်သော လောကီအကျိုးမျှကိုပင် တဦးဦးခိုလှုံရမှ ဖြစ်ထွန်းနိုင်သည်၊ ထိုထက်ကြီးကျယ်သော လောကုတ္တရာအကျိုးမှာ ဆိုဘွယ်ရာမရှိ၊ မိမိကိုယ်ကျင့်တရားကို အားကိုးရမည်ဟု ဟောသောသူသည်ကား-အလွန်ကြီးကျယ်စွာသော လောကုတ္တရာအကျိုးကြီးသို့ပင် မိမိအစွမ်းနှင့်ရနိုင်၏-ဟု ဟောသည်ကို အဘယ်သို့ ကြည်ညိုနိုင်ဘွယ်ရှိမည်နည်း"– ဟူရာမှာ–

မိမိကိုယ်ကျင့်တရားကို အားကိုးရမည်ဟောသည်မှာ- မြတ်စွာဘုရားတရား၏ တရားဒေသနာနည်းလမ်းတော်ကြီးကို အကျင့်တိုက်တွန်းမှုဖြစ်ပေသည်၊ ကျင့်သောသူသည်လည်း ဒေသနာ နည်းလမ်းနှင့်ကျင့်ပေသည်၊ ထို့ကြောင့်ဟောသောသူ,ကျင့်သောသူ နှစ်ဦးလုံးသည်ပင်လျှင် ဘုရားကိုခိုလှုံရင်းပင်ဖြစ်သတည်း၊ မြတ်စွာဘုရား၏ ဉာဏ်စွမ်းဒေသနာစွမ်း ထင်ရှားရှိပြီ၊မိမိက လုံ့လအစွမ်းလို၍နေတတ်သည်၊လုံ့လအစွမ်းကိုသာ ကြပ်ကြပ်အားကိုး-ဟု လို၍နေတတ်ရာကိုသိ၍ ဟောသောစကားသာ ဖြစ်ပေသည်၊ ဒေသနာတော်ကိုအားမကိုးနှင့် ဂုဏ်တော်ကိုအားမကိုးနှင့်-ဟု ဆိုလိုသည်မဟုတ်၊ မဟုတ်ကြောင်းသည်လည်း ဒေသနာတော်ကို စွဲမြဲကြ,ဂုဏ်တော်များကို စွဲမြဲကြသောအရာသည် နိုင်ငံပေါ်မှာ အလွန်ထင်ရှားပါ၏။

သတ္တမခရစ်ယန်အဆိုရှင်းလင်းချက်ပြီး၏။

## ခရစ်ယန်အဆို

၈။ လောဘနှင့်ဒေါသသည် လာနိုင်သမျှအပြစ်တကာတို့မှာ အမိနှင့်အဘဖြစ်၏၊ ထို့ကြောင့်လောဘနှင့်ဒေါသကို ရှေးဦးစွာဖြတ်ရမည့် တရားရှိ၏၊ လောဘကို မတိုက်မလှန်ဘဲ ဗုဒ္ဓဘာ

www.dhammaransi.com



သာက ကြီးစေသည်ကို မသိ၊ အမှတ်မဲ့ကောင်းသည်ထင်၍ ဗုဒ္ဓဘာသာဝင်တို့ဘုရားဆုကိုတောင်းကြ၏၊ဘုရားသည် အကြီးဆုံးအမြတ်ဆုံးဖြစ်၏၊ ဘာမျှမဟုတ်သည့် အနတ္တဒုစရိုက်ကောင်းသည် မိမိအပြစ်ကိုမမြင်ဘဲ ဘုရားဖြစ်ရပါလို၏-တောင်းသောအရာသည် လောဘမဟုတ်လား၊သည်လောဘထက် ကြီးနိုင်စရာမရှိ၊ သူကြီးတယောက်သည် အရေးပိုင်မင်းအရာကို ရလိုပါသည်ဟုလျှောက်လျှင် လူတကာကဲ့ရဲ့ဘွယ်ဖြစ်၏၊ အရေးပိုင်မင်းအရာနှင့်ဘုရားအရာကိုပြိုင်နှိုင်းဘွယ်မရှိ၊ ဘုရားအရာသည်အတိုင်းမသိကြီး၏၊ အရေးပိုင်မင်းအရာကိုပင် မရနိုင်သောဗုဒ္ဓဘာသာဝင်တို့သည်ဘုရားအရာကိုရလိုကြောင်းနှင့်လျှောက်ကြ၏၊ဘယ်မျှလောဘကြီးသလဲ-ဟု စဉ်းစားကြပါ၊ သို့အတွက်အပြစ်မှလွတ်နိုင်ရာ မထိုက်မတန်ဘဲ အရေးပိုင်မင်း အရာကိုလျှောက်မိသောသူကြီးသည် ဤလောကမှာပင် အရူး-ဟု ခေါ်ခံရလျှင် ဘုရားအရာကို ခံလိုသောဗုဒ္ဓဘာသာဝင်တို့ကိုအဘယ်သို့ ဆိုဘွယ်ရှိအံ့နည်း။

ထို့ပြင် အချို့တို့သည် ဘုရားဆုကိုမတောင်းဘဲ အဆုံးစွန်သောဘဝ၌ နိဗ္ဗာန်သို့ ရောက်လိုပါ၏-ဟု ဆုတောင်းကြ၏၊ ဘုရားမရှိ၊ ဘုရားရှိသော်လည်း နိဗ္ဗာန်ကို ဘုရားပင်လိုချင်၍တောင့်တရသေးသည်ဖြစ်သောကြောင့် ဗုဒ္ဓဘာသာမှာ ဘုရားကမပေးနိုင်သူဖြစ်၍ ဘုရားထံမှာနိဗ္ဗာန်ကိုတောင်းသော သူတို့သည် မှားလေပြီတကား။

### ဆရာတော်ရှင်းလင်းချက်

ဤအဋ္ဌမဆိုချက်၌-ခရစ်ယန်ဆရာသည် လိုချင်သမျှသည် လောဘချည်း-ဟု မှတ်ထင်၏၊ လောဘနှင့်ဒေါသသည် လာနိုင်သမျှ အပြစ်တကာတို့မှာ မိနှင့်ဘဖြစ်၏-ဟူသောစကားဖြင့်လည်း လောဘနှင့်ဒေါသသည် အပြစ်တကာတို့၏ အမြစ်လည်းဖြစ်၏၊ အကြီးဆုံးသော အပြစ်တရားစုလည်းဖြစ်၏-ဟု ဆိုလို၏။

လိုလုံး-ပါရှိသမျှကိုလောဘဆိုခဲ့သော် ခရစ်ယန်ဆရာတို့သည် ဇမ္ဗူဒိပ်၌ ရှိသမျှသော လူစုကို ခရစ်ယန်ဘာသာဝင် ဖြစ်စေလိုချင်ကြ၍

www.dhammaransi.com



များစွာအားထုတ်ကြ၏၊ အပြစ်ကြီးမားလှ၏၊ ကြီးမားသောမကောင်းမှုကို ပြုကြသော သူများဖြစ်၏၊ သေသည်မှ နောက်၌ ထာဝရဘုရားစံနေရာ နိဗ္ဗာန်ဘုံသို့ ရောက်လိုကြ၍ ကျင့်ကြံမှုသည်လည်း ကြီးမားသောမကောင်းမှုကြီး, လောဘမှုကြီးဖြစ်ရာ၏၊ ခရစ်ယန်ဘာသာတရားကိုသင်ကြားစေလိုခြင်းသည် မိမိတတ်လိုသည်၊ သွားလိုသည်၊ လာလိုသည်-အစရှိသည်ဖြင့် ပြုလို၍ ပြုသမျှသည် လိုလုံးနှင့်ချည်းဖြစ်၍ လောဘမှု မကောင်းမှုချည်းဖြစ်ရာ၏၊ လောဘမှု မကောင်းမှုမည်သည် ယုတ်ညံ့သောခွေး,ဝက်,ကြက်,ငှက်စသောအပါယ်သို့ ချတတ်ချေ၏၊ဒုစရိုက်မှုကို ထာဝရဘုရားပျောက်ငြိမ်းအောင်မတတ်နိုင်မှုမှာ အထက်က ထင်ရှားခဲ့၏။

ဗုဒ္ဓဘာသာ တရား၌ကား–

လိုချင်မှုသည်မကောင်းသော ကိလေသာအစီးအပွါးကို လိုချင်မှု လောဘ, ကုသိုလ်ကိုလိုချင်သည်၊ မဂ်ဖိုလ်ကိုလိုချင်သည်၊ နိဗ္ဗာန်ကိုလိုချင်သည်၊သာဝကဆုကိုလိုချင်သည် ပစ္စေကဆုကိုလိုချင်သည်၊ဘုရားဆုကိုလိုချင်သည်-စသော အလိုချင်မျိုးကား-အလွန် ကောင်းမြတ်သော ကုသလစ္ဆန္ဒသာတည်း၊ လောဘနှင့်ဝေးစွာ့ စပါးဆန်ရေ, ရွှေ, ငွေ, ရတနာစသည်ကို လိုချင်မှုမှာ လောဘအလိုချင်လည်းရှိ၏၊ ဆန္ဒအလိုချင်လည်းရှိ၏။

၁။ မိမိခံစား စံစားဘို့ အလိုရှိမှု-လောဘ,

၂။ လှူဘို့ဒါန်းဘို့ ကုသိုလ်ပြုဘို့အလိုရှိမှု-ကုသလဆန္ဒ,

ဒါနဝတ္ထုံ ဝိဿဇ္ဇနဝသပဝတ္တကာလေပိ စေသ ဝိဿဇ္ဇိတဗ္ဗေန တေန အတ္ထိကောယေဝ၊ ဒိပိတဗ္ဗဥသုနံ ဂဟဏေ အတ္ထိကော၊ ဣသာသော ဝိယ။

[ဆန္ဒအဖွင့်ဋီကာကျော်။]

**အနက်ကား–** ဒါနဝတ္ထုံ ဝိဿဇ္ဇနဝသပဝတ္တကာလေပိ စ၊ လှူဘွယ်ဝတ္ထုကို စွန့်သည်၏အစွမ်းဖြင့် ဖြစ်သော ကာလ၌လည်း။ သေ၊ ဤဆန္ဒသည်။ ဝိဿဇ္ဇိတဗ္ဗေန၊ စွန့်ခြင်းငှါထိုက်သော။ ဝါ၊ စွန့်စရာဘို့ဖြစ်သော။ တေန၊ ထိုလှူဘွယ်ဝတ္ထုဖြင့်။ အတ္ထိကောယေဝ၊ အလိုရှိသည်သာလျှင်

www.dhammaransi.com



တည်း။ ကောဝိယ၊ အဘယ်ကဲ့သို့နည်း-ဟူမူ။ဒိဗိတဗ္ဗဥဿုနံ၊ ပစ်ရန်ဘို ဖြစ်သော မြှားတို့ကို။ ဂဟေဏ၊ ယူခြင်း၌။ အတ္ထိကော၊ အလိုရှိသော။ ဝူသာသောဝိယ၊ လေးသမားကဲ့သို့တည်း။

**အဓိပ္ပါယ်ကား။** မြှားတို့မည်သည် ရန်သူရှိလျှင် ပစ်ဘို့သာဖြစ်ကုန်၏၊ မိမိအိမ်မှာ အဲတွယ်အရာ-သုံးဆောင်ဘို့ မဟုတ်ကုန်၊ ပစ်လိုက်စရာ သက်သက်ဖြစ်သောမြှားကိုပင် လေးသမားတို့ယူလို ရလိုကုန်၏၊ မြှားအလို့ငှါဝါးစသည်ကိုရှာကြ၍ များစွာသောမြှားတို့ကိုလုပ်ဆောင်၍ ထားကြကုန်၏၊ထိုအတူ အလျှုဝတ္ထုမည်သည် အလျှုခံပုဂ္ဂိုလ်တို့အား စွန့်လျှုဘို့သာဖြစ်၏၊မိမိအိမ်တွင် သုံးဆောင်ဘို့မဟုတ်၊ ထိုသို့မဟုတ်ဘဲ လျက် ထိုအလျှုဝတ္ထုမျိုးကို အလိုရှိကြရကုန်၏၊ ကျောင်းဆောက်၍ လှူလိုသောသူသည် ကျောင်းဆောက်ဘို့ကြေးငွေကို အလိုရှိကြကုန်၏၊ သားကိုရှင်ပြုလိုသောသူသည် သားကိုရှင်ပြုရန် တောင်းသူအမှုကို ပိုမို၍လုပ်၏၊ကြေးငွေကို အားထုတ်၍ရှာ၏၊ဤသို့လှူဘို့ ဒါန်းဘို့ ကုသိုလ်ပြု ဘို့လိုချင်သမျှသည် ကုသိုလ်ဆန္ဒသာဖြစ်၏၊ လောဘမဟုတ်ဟု လောဘနှင့် ဆန္ဒအထူးအပြားကိုဋီကာရှင်ပြတော်မူသည်။

အယူဝါဒအထူးထူးအထွေထွေများကြသောပါဠိဖြစ်၍ ပါဠ်အနက်နှင့်တကွ နေရာကျပြဆိုလိုက်သည်၊ ဤသို့လျှင်ဗုဒ္ဓဘာသာမှာ လောဘလိုချင်မှု,ဆန္ဒလိုချင်မှုနှစ်ပါးခြားနားလျက်ရှိသည်။

[ခရစ်ယာန်ဆရာသည် အဘိဓမ္မာနှင့်ဝေးလှ၍ရောက်တတ်ရာကို ဆိုမိလေသည်။]

"ယခုဘဝတွင် အရေးပိုင်အရာမျှကိုမှရအောင် မတတ်နိုင်သော ဗုဒ္ဓဘာသာဝင်လူသည် အလွန်ကြီးကျယ်လှ၍ အရာမျှမဟုတ်သော ဘုရားဆုကြီးကို တောင်းသည်မှာ အရူးဆိုဘွယ်သာ ဖြစ်၏"-ဟူရာ၌—

အရေးပိုင်အရာကို ယခုဘဝရအောင် မတတ်နိုင်သော်လည်း ဘုရား ဆုကိုတောင်းထိုက်သည်သာဖြစ်၏၊ အရေးပိုင်အရာမှာ အင်္ဂလိပ်မင်း တို့သည် အမျိုးကဲ့ဖြစ်သောသူကို အရေးပိုင်အရာခန့်ခြင်းမရှိသော ဥပ ဒေအတွက်ကြောင့် ယခုဘဝဗုဒ္ဓဘာသာဝင်လူသည် အရေးပိုင်ဖြစ် အောင်မကြံနိုင်ရှိရသည်၊ ဘုရားဆုမှာမူကား-ယခုဘဝဘုရားဖြစ်ထည့်

www.dhammaransi.com



ဘို့မဟုတ်၊ ဝါသနာဘာဂီ ပါရမီ မျိုးစေ့ဖြစ်ဘို့မျှသာရှိပေသည်၊ ယခုဘဝကဝသီ ဝါသနာအထုံပါသဖြင့် ဖြစ်လေရာရာဘဝတို့၌လည်း ပြုပြုသမျှကုသိုလ်သည် ဘုရားပါရမီ အနေတည်သဖြင့် ရှည်မြင့်လှသောအခါ ဘုရားဖြစ်ဘို့ဖြစ်နိုင်ရန်အခွင့်ရှိသည်သာ ဖြစ်၏''။

အရေးပိုင်အရာကို ယခုဘဝမရနိုင်မှုနှင့် ဘုရားဆုပန်သူကို ခြိုးစူသောအချက်မှာ—

အခွင့်မဟုတ်က ယုတ်သည်ဖြစ်စေ, မြတ်သည်ဖြစ်စေ၊ ယခုဘဝရအောင်မကြံနိုင်သည်သာဖြစ်၊ ယခုဘဝခန္ဓာမပြောင်းဘဲ သန်းဖြစ်အောင်မျှမကြံနိုင်ဘဲလျက် နောက်ဘဝ ဆင်ပြောင်ကြီးဖြစ်အောင်ကြံနိုင်မည်ဝေးစွ့ဟု မဆိုအပ်၊ ယခုဘဝဖြစ်နိုင်သော အခွင့်မရှိ၍ သန်းဖြစ်အောင်မကြံနိုင်သည်၊နောက်ဘဝ၌ ဆင်ပြောင်ကြီးဖြစ်အောင်မူကား-အခွင့်ရှိ၍ကြံနိုင်၏၊ယခုဘဝ တီဖြစ်အောင်မကြံနိုင်က နောက်ဘဝ နဂါးမင်းကြီး ဖြစ်အောင်ကြံနိုင်မည်ဝေးစွ့ဟုမဆိုအပ်၊ ယခုဘဝ ဖြုတ်ကောင်ဖြစ်အောင်မျှမကြံနိုင်မူ နောင်ဘဝဂဠုန်ငှက်ကြီး ဖြစ်အောင်ကြံနိုင်မည်ဝေးစွ့ဟု မဆိုအပ်၊ ယခုဘဝသာ အရေးပိုင်ဖြစ်အောင်မကြံနိုင်သည်၊ နောက်နောက်ဘဝ၌ကား- အင်္ဂလိပ်တိုင်းပြည်မှာ ရှင်ဘုရင်ဖြစ်အောင် ကြံနိုင်ခွင့်ရှိ၏၊ ထို့ကြောင့် ခရစ်ယန်လူပျက် ကတောက်ကတက်ဆိုမျှည်၍ထားသည်ကို နားမယောင်ကြလေလင့်။

ထို့ပြင်အချို့တို့သည် ဘုရားဆုကိုမတောင်းကြဘဲ အဆုံးစွန်သောဘဝ၌ နိဗ္ဗာန်သို့ရောက်လိုပါ၏-ဟု ဆုတောင်းကြ၏၊ ဘုရားမရှိ ဘုရားရှိသော်လည်း နိဗ္ဗာန်ကိုဘုရားပင် လိုချင်၍တောင့်တရသေးသည် ဖြစ်သောကြောင့် ဗုဒ္ဓဘာသာမှာဘုရားကမပေးနိုင်၊သို့ဖြစ်၍ ဘုရားထံမှာ နိဗ္ဗာန်ကိုတောင်းသောသူတို့သည် မှားလေ၏''-ဟူရာ၌—

ဆုတောင်းဆိုသည်ကား-ဝေဿန္တရာမင်းကြီးထံမှာ ထမင်းကိုလို၍တောင်းလျှင် ထမင်းပေးသည်၊ အဝတ်ကိုလို၍တောင်းလျှင် အဝတ်ပေးသည်၊ ငွေကိုလို၍တောင်းလျှင် ငွေပေးသကဲ့သို့ မိမိပြုသောကုသိုလ်အတွက်နှင့် ဘုရားထံမှာနိဗ္ဗာန်ကို ဆုတောင်းရာ ဘုရားက ယခုလက်ငင်း ဘန်ဆင်းယူငင်၍ နိဗ္ဗာန်ကိုပေးနိုင်သည်မဟုတ်၊ ခရစ်ယန် ဘုရား

www.dhammaransi.com



လည်း ပေးနိုင်မည်မဟုတ်၊ ပေးနိုင်ခဲ့လျှင် ခရစ်ယန် ဘာသာဝင်လူစုံသည် အရေးပိုင်ဆု,မင်းကြီးဆု, သူဌေးဆုကိုတောင်းကြ၍ အရေးပိုင်မင်းကြီး, သူဌေးချည်းဖြစ်၍ကုန်လတံ့၊ မျက်မြင်ဆုကို မပေးနိုင်လျှင် နိဗ္ဗာန်ကိုပေးနိုင်သည်၊ ဘယ်ဟာကိုပေးနိုင်သည်ဆိုသော မျက်ကွယ်ဆုကိုလည်း တခုမျှ မယုံလင့်။

၁။ ဆုတောင်းဆိုသည်မှာ- မိမိပြုသော ကုသိုလ် အတွက်နှင့် ဘုရားကိုတိုင်တည်၍ အလိုရှိရာ တောင်းမှုသာဖြစ်၏၊ ဘုရားလည်းရတန်လောက်သောအခွင့်ရှိလျှင်တောင်းတိုင်းပြည့်စုံစေဟုဆုပေး၏၊ပြည့်စုံအံ့သောအခွင့်မရှိသူကိုမူကား-ဆုပင်မပေး။

၂။ ဆုပေး ဆိုသည်ကား- သူတောင်းသောဆုကို တောင်းတိုင်းပြည့်ပါစေဟု ကူညီ၍ ပေးရုံမျှသာတည်း။

[ရဟန်းတို့မှာမူကား-သူတောင်းတိုင်းပြည့်မည် မပြည့်မည်ကိုမသိနိုင်ကြ၊ဆုပေးရိုး ထုံးအစဉ်ကဲ့သို့ ဖြစ်နေ၍ ဆိုရိုးနှုတ်တက်ရာ ပတ္တနာစကားနှင့် ဆုပေးကြရတော့သည်။]

၁။ ဗုဒ္ဓဘာသာမှာ ဘုရားထံဆုတောင်းမှုသည် ဘုရားမရှိပါဘဲနှင့် တောင်းသည့်အတွက် အမှားတချက်,

၂။ ဗုဒ္ဓဘာသာဘုရားသည် နိဗ္ဗာန်ကို သူတပါးအား ပေးနိုင်မည်ဝေးစွ၊မိမိပင်နိဗ္ဗာန်ကိုတောင့်တရလျက်ရှိသည်ဖြစ်၍ ဘုရားထံနိဗ္ဗာန်ဆုတောင်း မှားပုံတချက်,

ပြဆိုသော စကားများမှာလည်း ဆုတောင်းမှု, ဆုပေးမှုအချက်များကို အထက်ကပြဆိုခဲ့ပြီးသောအမှုသွားကိုမသိ၍ "ဗလိဗလစ်"ဆိုမြည်သောစကားစုသာမှတ်။

အဋ္ဌမ ခရစ်ယန်အဆိုရှင်းလင်းချက်ပြီး၏။

### ခရစ်ယန်အဆို

၉။ ဘာသာတိုင်းက-ဘုရားသည် အကြီးဆုံးအမြတ်ဆုံးဟု ဆိုကြ၏၊ဗုဒ္ဓဘာသာကသာမဆို၊ နိဗ္ဗာန်ကိုပင် ဘုရားတို့တောင့်တရသေးသည်ဟု ဗုဒ္ဓဘာသာကဆိုသောကြောင့် ဘုရားထက်

www.dhammaransi.com



နိဗ္ဗာန်သာ၍ ကြီးမြတ်သည်ဟု ဆိုစရာဖြစ်၏၊ ဘုရားကိုပင် အမြတ်ဆုံး မဆိုသောကြောင့် ဗုဒ္ဓဘာသာသည် မှန်သော ဘာသာဟု ဆိုနိုင်စရာအခွင့်မရှိ။

## ဆရာတော်ရှင်းလင်းချက်

ဤနဝမဆိုချက်၌ နိဗ္ဗာန်ကို ဘုရားကတောင့်တရသည့် အတွက်ကြောင့် ဘုရားထက် နိဗ္ဗာန်ကြီးမြတ်သည်ဟု တောင့်တမှုကိုစွဲ၍ ဆို၏၊ တောင့်တမှုကိုစွဲ၍ဆိုလျှင် လူသည်ထမင်းကို တောင့်တရသည်၊ ရေကို တောင့်တရသည်၊ထမင်း-ရေတို့သည်လူထက်ကြီးမြတ်ကုန်၏ဟုဆိုမည်လော၊ လောကမှာအလိုရှိသမျှ အသုံးကျသောအခါ တောင့်တကြရသည် အလွန်များ၏၊တောင့်တတိုင်းတောင့်တသူက အယုတ်အညံ့၊ထိုထိုဝတ္ထုက အကြီးအမြတ် ဆိုရမည်လော၊ ခရစ်ယန်ဆရာ-ကတောတ်ကတက် ဆိုမြည်ချက်မျှသာတည်း။

နဝမခရစ်ယန်အဆိုရှင်းလင်းချက်ပြီး၏။

## ခရစ်ယန်အဆို

၁၀။ အဘယ့်ကြောင့် ဤကဲ့သို့ရှေ့အဆိုနှင့်နောက်အဆိုမညီလွဲချွတ်မှားယွင်းရသနည်း၊အကောင်းကိုကျင့်သောအခါလည်းကောင်းကျိုးမပေး၊ မကောင်းသော သံသရာအကျိုးကိုသာပေးသည်ကိုထောက်၍ ဗုဒ္ဓဘာသာတရားကို ဘုရားထားသည်, မထားဟု လိုက်စစ်စရာသင့်၏၊ ဘုရားထားခဲ့လျှင် မှန်ရမည်၊ ဤကဲ့သို့ချွတ်ယွင်းသောကြောင့် ဘုရားမထားဟုထင်ရ၏၊ ထင်သည့်အတိုင်းမှန်မမှန်ကိုစစ်ဆေးသော် တရားကိုဘုရားထားသည်ဟု ဗုဒ္ဓဘာသာကမဆို၊ရှင်ဂေါတမလည်းမထား၊ ရှိနှင့်ရင်းတရားကိုမြင်၍သာ ဟောပြောသည်၊တရားကိုကျင့်မှ ဘုရားဖြစ်သည်ဟုဆိုသောကြောင့် ဘုရားမဖြစ်ခင်ကပင် တရားရှိနှင့်ပြီးဖြစ်၍ ဘုရားထားသည်ဟု ဆိုရန်အခွင့်မရှိ၊ဘုရားမထားလျှင်လူထား၏၊လူထားသည်ဟုဆိုသော် လူထားသောတရားကို မကျင့်ဘဲ ရှိလိမ့်မည်၊မရှိသေဘဲ ရှိလိမ့်မည်ကိုမြင်သောကြောင့် ဘယ်သူမှမထား၊ဓမ္မနိယာမဟု ဆို၏။

www.dhammaransi.com



ဓမ္မနိယာမအနက်ကား-တရားသည် အစဥ်ထာဝရရှိ၏ဟု ဆို၏၊စာတစောင်ကိုဘယ်သူမှမရေးဘဲ အလကားဖြစ်သည်ဟု ဆိုလျှင် မယုံနိုင်မယုံသင့်ဟု လူတိုင်းကဆိုကြ၏၊ တရားသည် လောကီ,လောကုတ္တရာ အချုပ်အချာ ဖြစ်သောကြောင့် ထိုစာ တစောင်ထက် တရားသာမြတ်၏၊ ဤကဲ့သို့ ကြီးကျယ်သော တရားကို ဘယ်သူမျှမထား-ဆိုလျက် ယုံလျှင် သည်ထက်မယုံ သင့်သောအရာ ရှိနိုင်သေး၏လား၊ ဘုရားသာလျှင် အစိန္တေယျ မကြံစည်နိုင်-မကြံစည်အပ်၊တရားသည် အစိန္တေယျမဟုတ်၍ တဦးဦးက ထား ရမည်၊ဓမ္မနိယာမဆိုသည့်အတိုင်း ဘယ်သူမျှ မထားလျှင် အလကားဖြစ်လာသည်ဟုဆို၏။

ထို့ကြောင့် ဗုဒ္ဓဘာသာတရားသည် အလကားတရားဖြစ် ၏၊ အလကားတရားကို အလကားလူများကျင့်စရာဖြစ်၏၊အလ ကားတရားကိုကျင့်လျှင် အလကားပင်ဖြစ်ရမည်မှန်၏၊ဆိုသည့် အတိုင်းလည်းအလကားတရားကိုကျင့်မိသောကြောင့်မကောင်း သော သံသရာ၌ကျင်လည်ရ၏၊ အဆုံးမှာ ဘာမျှမရှိဘဲနိဗ္ဗာန်၌ အလကားပင် ဖြစ်ရလေ၏။

### ဆရာတော်ရှင်းလင်းချက်

ဤဒသမ အဆို၌-ရှေ့အဆိုနောက်အဆိုမညီ၊လွဲချွတ်မှားယွင်းသည်-ဟု ခရစ်ယန်ဆရာဆိုချက်မှာ-၎င်းဆရာ ဉာဏ်သေးလှ၍ အဆိုမညီရှိ သည်ကိုဖြေဆိုခဲ့ပြီ၊ တရားကိုစစ်မည်-ဟု ခရစ်ယန် ဆရာဆိုချက်သည် တခုသော ရွံ့အိုင်တွင်းမှာရှိသော တီကောင်တခုသည် ယူဇနာ နှစ်သိန်း, လေးသောင်း အထုရှိသော မဟာပထဝီမြေကို ငါကုန်အောင်စား မည်-ဟု ကြိမ်းဝါးသည်နှင့် အလားတူချေသည်၊ တရားကို ဘုရားထား သည်-မထားသည်၊ ဘုရားနှင့်တရားဘယ်သူက အလျှင်ဖြစ်သည်-ဟု စစ်မှုမှာ တရားအချက်ကိုသက်သက် မသိဘဲ ရိပ်ဘမ်းသံဘမ်းနှင့် စစ် သောအရာဖြစ်သည်။

တရားမည်သည် အလွန်များပြားသည်၊အနမတဂ္ဂသံသရာကြီးသည် တရားချည်းပင်ဖြစ်သည်၊ သုံးဆယ့်တဘုံနှင့်တကွ စကြဝဠာ အနန္တတွင် ရှိရှိသမျှသည်၊ တရားချည်းပင်ဖြစ်သည် ဘုရားနှင့်စပ်၍ ဆိုပြန်လျှင်—

www.dhammaransi.com



၁။ လေးသင်္ချေနှင့် ကမ္ဘာတသိန်းအတွင်း ဘုရားမဖြစ်မီ ရှေးရှေးဘဝတို့၌ ဖြည့်ကျင့်တော်မူသော ပါရမီတရားလည်းရှိသည်။

၂။ ဘုရားမဖြစ်မီ တောထွက်ပြီးနောက် ကျင့်တော်မူသော တရားလည်း ရှိသည်။

၃။ ဗောဓိပင်နှင့် ရွှေပလ္လင်ပေါ်မှ ရတော်မူသော မဂ်လေးပါး, ဖိုလ်လေးပါး, သဗ္ဗညုတဉာဏ်, ဒသဗလဉာဏ်-စသော တရားလည်းရှိသည်။

၄။ ခန္ဓာတော်တည်း-ဟူသော တရားလည်းရှိသည်။

၅။ မိဂဒါဝုန်တော၌ ဟောတော်မူသော ဓမ္မစကြာ တရားတော်မှစ၍ လေးဆယ့်ငါးဝါကာလပတ်လုံး ဟောကြားတော် မူသော ဝိနည်း,သုတ္တန်, အဘိဓမ္မာ-ဟူသော ပိဋကတ်အားဖြင့် သုံးပါး၊ နိကာယ်အားဖြင့် ငါးပါး၊ အင်္ဂါအားဖြင့် ကိုးပါး၊ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင်သော ဒေသနာတရားလည်းရှိသည်။

ဓမ္မနိယာမဟူရာ၌-ဓမ္မအရသည် ဘုရားအလောင်းတော် ပဋိသန္ဓေယူသောအခါစသည်၌ စကြဝဠာတသောင်း တုန်လှုပ်ခြင်း စသည်ကို ဓမ္မနိယာမဆိုသည်၊ အနမတဂ္ဂသံသရာ၌ တယောက်-တယောက်သော သတ္တဝါ၏ ခန္ဓာအစဉ်ဖြစ်မှုပဋိစ္စသမုပ္ပါဒ်ကိုလည်း ဓမ္မနိယာမဆိုသည်၊ ခရစ်ယန်ဆရာကား-ရိပ်ဘမ်း သံဘမ်းနှင့်-စမ်းရမ်း၍ ဓမ္မနိယာမကို ဆို၏။

''ဗုဒ္ဓဘာသာတရားကို ဘယ်သူထားသည်''ဟူရာ၌—

ဘုရားအဖြစ်သို့ ရောက်တော်မူသည်မှစ၍ လေးဆယ့်ငါးဝါကာလပတ်လုံး မြတ်စွာဘုရား ဟောကြားတော်မူသည်၊ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူသည့်နောက် လေးဆယ့်ငါးဝါ ကာလပတ်လုံး ဟောတော်မူသည့် တရားတော်တို့ကို ပိဋကတ်သုံးပုံဖွဲ့စည်း၍ ပဌမသင်္ဂါယနာ, ဒုတိယသင်္ဂါယနာ, တတိယသင်္ဂါယနာ, စတုတ္ထသင်္ဂါယနာတင်၍ အစဉ်မပျက်ဆောင်ရွက်ခြင်းဖြင့် ယခုရှိနေသည်။

www.dhammaransi.com



ဤသို့ဗုဒ္ဓဘာသာတရားသည်–

၁။ ရှေးဦးစွာ မြတ်စွာဘုရား ဟောထားကြောင်း။

၂။ ဘုရားပရိနိဗ္ဗာန်စံလွန်သည့်နောက် မဇ္ဈိမ တိုင်းတွင်၊ ပဌမသင်္ဂါယနာ, ဒုတိယသင်္ဂါယနာ, တတိယသင်္ဂါယနာတင်၍ အစဉ်လာရှိကြောင်း။

၃။ ၎င်းနောက် သီဟိုဠ်သို့ရောက်၍ ပေါတ္ထ ကာရုဠ္ဍ-စတုတ္ထသင်္ဂါယနာတင်၍ အစဉ်အဆက်လာရှိကြောင်း။

၄။ ၎င်းနောက် သုဓမ္မ ပုရ သထုံပြည်မှ-စ၍ တလိုင်းပြည်, ယိုးဒယားပြည်, မြန်မာပြည်,ရာဇဝင် သာသနာဝင် အစဉ်အဆက်လာကြောင်း။

မဟာဝင်, ရာဇဝင်, သာသနာဝင်, မိရိုးဘလာပြောရိုးဆိုစဉ် လူရှင်အများ အလွန်ထင်ရှားသောအစဉ်အလာကြီးဖြစ်ပါလျက် ခရစ်ယန်ဆရာသည် ဗုဒ္ဓဘာသာ တရားကို မည်သူထားသည်-ဟု ရှာကြံမရရှိရသည်မှာ ခရစ်ယန်ဆရာသည် ဗုဒ္ဓဘာသာလူမျိုးထဲကမဟုတ်၊ အရိုင်းအစိုင်းမျိုးထဲက ဖြစ်ရာသည်-ဟု တွေးထင်ရန်ရှိချေသည်။

[ဤဒသမဆိုချက်နှင့်တကွ နောက်ကောဒသမ ဆိုချက်များသည် ကတောက် ကတက် ဆိုမြည်ချက်မျှသာဖြစ်၍ အဖြေစကား ရေးသားဘွယ် မရှိပြီ။]

ဒသမ,ကောဒသမခရစ်ယန်အဆို ရှင်းလင်းချက်ပြီး၏။

ခရစ်ယန်အဆို ၁၁-ချက်အဖြေပြီး၏။

www.dhammaransi.com

# ခရစ်ယန်ရှေ့ချိန်ခွင်အဆိုအဖြေ

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

### ရှေ့ချိန်ခွင်အဆို

၁–(က) ခရစ်ယန်ဘာသာကမသေ, မနာ, မအို, ထာဝရဘုရား ရှိသည်ဟု ဆို၏။

(ခ) ဗုဒ္ဓဘာသာက ယခုဘုရားမရှိဟု ဆို၏။

### ဆရာတော်ရှင်းလင်းချက်

ဘုရား၏ကိုယ်တော်သည် ၁-ရူပကာယ ကိုယ်တော်၊ ၂-ဓမ္မကာယ ကိုယ်တော်ဟူ၍ ၂-ကိုယ်တော်ရှိပါသည်။

၁။ ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန်စံယူရာတွင် ချုပ်ငြိမ်းသောခန္ဓာတော်ကို ရူပကာယကိုယ်တော် ခေါ်ပါသည်။

၂။ ဂုဏ်တော် ကျေးဇူးတော်အနန္တကိုရင်း, ပိဋကတ်သုံးပုံတည်းဟူသော တရားတော်ကိုရင်း ဓမ္မကာယ ကိုယ်တော်ခေါ်ပါသည်။

ထိုနှစ်ပါးတို့တွင်–

ရူပကာယကိုယ်တော်မှာ–အချို့သာ ချုပ်ငြိမ်းပါသည်၊ သုံးကုဋေ့ခြောက်သန်းမျှ မကသော ဆံတော်,သွားတော်လေးဆယ်,ညှပ်တော်နှစ်စုံ,နဖူးသင်းကျစ်တော်,ညှပ်ရိုးတော်နှစ်ချောင်း,ရှစ်စရွတ်မျှလောက်သော အရိုးတော်တို့မှဖြစ်သော ဓာတ်တော်ဟူသော ဤရူပကာယကိုယ်တော်တို့မှာမူကား- ကမ္ဘာမြေပေါ်တွင် ယခုပင် အနှံ့အပြားရှိလျက်ဖြစ်ပါသည်။

ဓမ္မကာယ ကိုယ်တော်မှာမူကား–ခံယူသူရှိပါသမျှ ကာလပတ်လုံး အဘယ်အခါမှ မကွယ်ပါ၊ခံယူသူရှိရာမှာ တည်ထွန်းပါသည်၊အကနိဋ္ဌ

www.dhammaransi.com



ခေါ်သော အထက်ကောင်းကင် ဘုံကြီး၌ကား- မဟာကမ္ဘာကြီး တသောင်းခြောက်ထောင်မက တည်ထွန်းလျက် ရှိနေပါသည်၊ ထို့ကြောင့် "ဗုဒ္ဓဘာသာ၌ ယခုဘုရားမရှိ" ဆိုသော စကားသည် ဘုရား၏ ကိုယ်တော်နှစ်ပါးတွင် ပရိနိဗ္ဗာန်စံရာ၌ ချုပ်ငြိမ်းလေသော အချို့သော ရူပကာယကိုယ်တော် တစိတ်မျှကိုသာ ရည်၍ဆိုသော စကားဖြစ်ပါသည်၊ အထက်၌ပြခဲ့သော ဆံတော်အစရှိသော ရူပကာယကိုယ်တော်စုနှင့် ဓမ္မကာယ ကိုယ်တော်မြတ်များမှာ ယခုထင်ရှားရှိပါသည်။

[ဦးစောလှဖြူဆိုတိုင်း ယခုဘုရားလုံးလုံး မရှိသည်မဟုတ်ပါ။]

ပဌမရွေချိန်ခွင်အဆို ရှင်းသင်းချက်ပြီး၏။

## ရွှေချိန်ခွင်အဆို

၂–(က) ခရစ်ယန်ဘာသာက ဘုရား၌ အနန္တတန်ခိုးတော်ရှိ၍ မတတ်နိုင်သော အရာတစုံတခုမရှိ၊ ထို့ကြောင့် လူကို ကယ်မ-နိုင်သည်ဟု ဆို၏၊

(ခ) ဗုဒ္ဓဘာသာကလည်း အနန္တတန်ခိုးတော် ရှိသည်ဟုဆို၏၊ဆိုပြီးလျှင် ဘုရားသည် သူတပါးကို မ-မနိုင်၊မကယ်နိုင်၊ မိမိဖို့ကိုပင် မတတ်နိုင်၍ ဝင့်ဆိုက်သေရသည်ဆို၏။

## ဆရာတော်ရှင်းလင်းချက်

"ခရစ်ယန်ဘာဘာက ဘုရား၌အနန္တတန်ခိုးတော်ရှိ၍ မတတ်နိုင်သောအရာ တစုံတခုမရှိ" ဟူသောစကားမှာ–

၁။ လောက၌ သေခြင်းသဘော မရှိရအောင် တတ်နိုင်ပါမည်လော။

ကမ္ဘာမြေပေါ်တွင် ခရစ်ယန်ဘာသာဝင် လူမျိုးတို့၏ သင်းချိုင်းသည် အနှံ့အပြားပင်ရှိလျက်ပါတကား။

၂။ မအိုရအောင်တတ်နိုင်ပါမည်လော။

ကမ္ဘာမြေပေါ်တွင် ခရစ်ယန် ဘာသာဝင် လူမျိုးတို့၏ ခေါင်းဖြူစွယ်ကျိုးတွေ အနှံ့အပြားပင် ရှိလျက်ပါတကား။

www.dhammaransi.com



၃။ နာခြင်းသဘောမရှိရအောင် တတ်နိုင်ပါမည်လော။
ကမ္ဘာမြေပေါ်တွင်ခရစ်ယန်ဘာသာဝင်လူမျိုးတို့၏အကျိုးတွေ,အကန်းတွေ,အနူတွေ,အရွဲ့တွေ,ထိုထိုရောဂါ အနာကပ်ရောက်သူတွေ,ဆရာဝန်တွေ,ဆေးရုံတော်တွေ အနံ့အပြားပင်ရှိလျက်ပါတကား။

၄။ လောက၌ မိုက်မဲသောသဘော မရှိရအောင် တတ်နိုင်ပါမည်လော။
ကမ္ဘာမြေပေါ်တွင်မိုက်မဲသောသူ သာ၍ပေါများသည်တကား။

၅။ ခရစ်ယန်ဘာသာကို မခံယူသူ တယောက်မျှ တခဏချင်းမရှိရအောင် တတ်နိုင်ပါမည်လော။
ခရစ်ယန်ဘာသာကို မခံယူသူ သာ၍များသည်တကား။

၆။ ကမ္ဘာမြေပေါ်တွင် အရုပ်အဆင်းမလှသူ မရှိရအောင် တတ်နိုင်ပါမည်လော။

၇။ ဥစ္စာပစ္စည်းမွဲသူ မရှိရအောင် တတ်နိုင်ပါမည်လော။

၈။ ကမ္ဘာမြေပေါ်တွင် လူအားလုံးအညီအမျှ အသက်ရှည်ရှည်ချည်းနေရအောင် တတ်နိုင်ပါ၏လော။

၉။ ခရစ်ယန်ဘာသာဝင် လူမျိုးတို့မှာ မွေးဖွါးစနှင့် သေကြသည်မရှိပါသလော၊တလတွင်သေသူ,တနှစ်တွင်သေသူ, စသည်မရှိပါသလော။

၁၀။ ကမ္ဘာမြေပေါ်၌ ရှိသမျှသော သတ္တဝါတွေကို ခဏချက်ချင်းနိဗ္ဗာန်ဘုံသို့ရောက်အောင် ပြုနိုင်ပါမည်လော။

ဤသို့စသည်ဖြင့် ကမ္ဘာမြေပေါ်တွင် မသင့်မမြတ်သော အမှုအရာတွေအနန္တရှိပါလျက် ထာဝရဘုရားမတတ်နိုင်၍ နေသောအရာတွေကို ဝန်ထောက်မင်း ဦးစောလှဖြူ မမြင်ပါသလော။

[ထာဝရဘုရား ကယ်မ-နိုင်သောအရာ မရှိပါတကား။]

## မိမိဖက်ပါအောင် ငွေနှင့်မျှားခြင်းကား–ဘုရားတန်ခိုးမဟုတ်

ဘာသာတပါးက ခရစ်ယန်ဘာသာသို့ ဝင်သောသူကို စာဖြူဆရာတို့က ကြေးငွေပေးသည်၊ အစိုးရများထံ အားထုတ်၍ပေးသည်၊ သည်

www.dhammaransi.com



အရာများကို ထာဝရဘုရားစောင်မသည်ဟု စာဖြူဆရာက ပြောဟော လေ့ရှိသည်။

လောက၌ နဂိုကခေါ်ပြမဟုတ်ဘဲ နောက်မှ ခေါ်ပြကွဲသို့ဝင်လာသော သူကို အပေါင်းအသင်းများခြင်းကို အလိုရှိသော ခေါ်ပြဟောင်းတို့က ပစ္စည်းဥစ္စာ အဝတ်ပုဆိုးပေးသည်၊ သူခိုး-သူခိုးချင်းလည်း ထို့အတူ၊ မုဆိုး-မုဆိုးချင်း,တံငါ-တံငါချင်း, သူတောင်းစား-သူတောင်းစားချင်း လည်း ထို့အတူ၊ မိမိတို့အပင်းအသင်းများခြင်းကို အလိုရှိသောသူတို့ သဘောသည် မိမိတို့အလေ့အကျက်သို့ ဝင်လာသူတို့ကို တတ်နိုင်သ လောက် ချီးမြှောက်ထောက်ပံ့မြဲ လောကထုံးစံတည်း။

ဤသို့သောထုံးစံဖြင့် များခြင်းကိုအလိုရှိသော စာဖြူဆရာတို့က စာ ဖြူသို့ မဝင်သောသူတို့ကိုဝင်ချင်အောင် တတ်နိုင်သလောက် ချီးမြှောက် ထောက်ပံ့သည်ကို ထာဝရဘုရားပေးသည်,ကယ်မ-သည်ဟုပြောဟော ကြခြင်းသည် ဟုတ်နိုင်ပါမည်လော။

[အဘယ်မှာ ထာဝရဘုရား ကယ်မ-နိုင်သောအရာရှိပါသနည်း။]

### ဂေါတမဘုရားရှင်၏အနန္တတန်ခိုးတော်များ

ငါတို့ဘုရားသည် အနန္တတန်ခိုးတော် ရှိသည်မှန်၏၊ ကောင်းကင်, မြေမိုယ်း, ပုံလျှိုးနိုင်၏၊ အနန္တကမ္ဘာ, အနန္တစကြဝဠာ၌ ရှိသရွေ့ကို အကုန်အစင်မြင်နိုင်၏၊ယူဇနာတရာတထောင်က အသံကြားနိုင်၏၊ သူ တပါးစိတ်ကို အကုန်သိနိုင်၏၊ ကိုယ်တော်ကို နတ်ယောင်, သိကြား ယောင်,ဗြဟ္မာယောင်, တရာတထောင်မက ခဏချင်း ဖန်ဆင်းနိုင်၏၊ ဤသို့စသည်ဖြင့် သူတကာတို့မတတ်နိုင်,ဘုရားသာတတ်နိုင်သောအရာ သည် အနန္တများပြား၏။

[ထို့ကြောင့် ငါတို့ဘုရားမှာ တန်ခိုးတော်အနန္တရှိသည် ဆိုပါသည်။]

### မအို,မသေ,အမြဲနေရအောင် ဘယ်ဘုရားမှမတတ်နိုင်

ကမ္ဘာမြေပေါ်တွင်ရှိသော သတ္တဝါတွေကို မသေဘဲနေနိုင်အောင်, မအိုဘဲနေနိုင်အောင်, မနာဘဲနေနိုင်အောင် စသည်ဖြင့် အထက်ကဆို ခဲ့သော အရာများကိုမူကား- ဘယ်ဘုရားမှပင် မတတ်နိုင်ကြ၊ မိမိတို့ ခန္ဓာကိုယ်ကိုလည်း, မအို,မသေ, မနာအောင် မတတ်နိုင်ကြ၊ နိဗ္ဗာန် ဘုံသို့ ရောက်သောကာလမှသာ တတ်နိုင်ကြသည်။

www.dhammaransi.com



## နိဗ္ဗာန်ရောက်မှ ဒုက္ခငြိမ်းမည်

ငါတို့ဘုရားသည်နိဗ္ဗာန်ဘုံသို့ ရောက်တော်မူသောနေ့ကစ၍ မိမိကိုယ်ကိုလည်း မအို, မသေ, အမြဲနေရအောင် တတ်နိုင်ပါ၏၊ နိဗ္ဗာန်ဘုံသို့ရောက်လာသမျှသော သူအပေါင်းတို့ကို မအို,မသေ,အမြဲနေရအောင် တတ်နိုင်ပါ၏။

ဒုတိယ ရွှေချိန်ခွင်အဆို ရှင်းလင်းချက်ပြီး၏။

## ရွှေချိန်ခွင်အဆို

၃—(က) ခရစ်ယန်ဘာသာက ဘုရား၌ အနန္တကရုဏာတော် ရှိသည်ဆို၏။

(ခ) ဗုဒ္ဓဘာသာကလည်း ဆို၏။

(က) အပြစ်ရှိသော သူသည် အကျွတ်တရားကိုရ၍ နောင်ထပ်မံမပြုမကျင့်ပါပြီ၊ ပြုမိသော ဒုစရိုက် အပြစ်အတွက် ချမ်းသာပေးသနားတော်မူပါဟု ခွင့်တောင်းလျှင် အနန္တကရုဏာတော်ရှိသည်ဟု ဆိုသောအတိုင်း ဘုရားက ခွင့်လွှတ်သည်ဟု ခရစ်ယန်ဘာသာကဆို၏။

(ခ) ဗုဒ္ဓဘာသာက မလွှတ်၊ လွှတ်လည်း မလွှတ်နိုင်ဆို၍ ဘုရား၌ အနန္တကရုဏာတော် ရှိသည်ဟု ဆိုချက်နှင့် မညီ၊ အနန္တတန်ခိုးတော် ရှိသည်ဟု ဆိုချက်နှင့်လည်း မညီ။

## ဆရာတော်ရှင်းလင်းချက်

"ထာဝရဘုရားသည် အနန္တကရုဏာတော်လည်းရှိသည်၊ အနန္တတန်ခိုးတော်လည်း ရှိသည်နှင့်အညီ ဒုစရိုက်အပြစ်ရှိသော သူအားလွန်သမျှကိုဝန်ချ၍ ခွင့်တောင်းလျှင် ဒုစရိုက်အပြစ်လွှတ်ခွင့်ပေးနိုင်သည်" ဟူသော စကား၌—

"အနန္တ တန်ခိုးတော်ရှင်ဖြစ်၍ မတတ်နိုင်သည်မရှိ"- မှန်ပါလျှင်

၁။ ကမ္ဘာမြေပေါ်မှာ ဒုစရိုက် အပြစ်ဟူ၍ မရှိရအောင်ပြု၍ ထားလျှင်မပြီးပါလော။

www.dhammaransi.com



၂။ အကျွတ်တရားကိုရ၍ ခွင့်တောင်းလာမှ ခွင့်လွှတ်နိုင်သည်ဆိုသောကြောင့် အကျွတ်တရားကို မရသူကိုလည်း ပြုမိသောဒုစရိုက်မှ လွှတ်ခွင့်မပေးနိုင်။

၃။ အကျွတ်တရားကိုပင် ရပါသော်လည်း ခွင့်မတောင်းမိသောသူကို လွှတ်ခွင့်မပေးနိုင်။

"အနန္တ တန်ခိုးတော်ရှင်ဖြစ်၍ မတတ်နိုင်သည်မရှိ"- မှန်ပါလျှင် ကျွတ်ခွင့်ကိုမရသောသူကိုလည်း လွှတ်ခွင့်ပေးနိုင်ရမည်၊ မတောင်းပန်သောသူကိုလည်း လွှတ်ခွင့်ပေးနိုင်ရမည်၊ ကျွတ်ခွင့်ကိုရသည့်သူမှသော, ခွင့်တောင်းသည့်သူမှသော စကား မရှုပ်သင့်၊ "မတတ်နိုင်သည်မရှိ" ဟူသော စကားနှင့်မညီ။

ဒုစရိုက်ဟူသောအပြစ်သည်—

၁။ ယခုမျက်မြင်၌ ခံရသောအပြစ်,

၂။ သေပြီးသော နောက်မှခံရသော အပြစ်ဟူ၍ နှစ်ဌာနရှိသည်။

ထိုနှစ်ဌာနတွင်—

သေပြီးသောနောက်မှ ခံရသောအပြစ်မှာ သေသောသူက ပြန်၍မပြောလာသောကြောင့် လွှတ်ခွင့်ရသည်,မရသည်ကိုသက်သေမရှိ-ရှိစေဦး၊ယခုမျက်မြင်၌ ခံရသောအပြစ်မှာ ခရစ်ယန်ဘာသာကိုဝင်သောသူသည် လူတယောက်ကို သတ်ပြီးလျှင် အကျွတ်ယူ၍ နောင်မသတ်ပါပြီ၊ ယခုသတ်မိသော ဒုစရိုက်အပြစ်ကို လွှတ်ခွင့်ပေးပါဟု ထာဝရဘုရားမှာ ခွင့်တောင်းလျှင် မင်းဒဏ်မင်းပြစ် လွတ်ပါ၏လော။

နိုင်ငံရှင်မင်းတို့ကို ပုံကန်ပုံစားပြုပြီးလျှင် ကျွတ်ခွင့်ယူ၍ ဘုရားထံခွင့်တောင်းသော်ငြား၊ ခိုးပြုလုပ်ပြီးလျှင်, သူခိုးလုပ်ပြီးလျှင်,သူ့မယားကို ခိုးပြီးလျှင်, အရှင်မင်းကေရာဇ် အာဏာဥပဒေကို လွန်ကျူးကျော်နင်းပြီးလျှင် မင်းပြစ်မင်းဒဏ် မပေးမီ အကျွတ်တရားယူ၍ လွှတ်ခွင့်တောင်းသော်ငြား ဘုရားက လွှတ်ခွင့်ပေးနိုင်ပါမည်လော။

"မျက်မြင်၌ ခံရသောအပြစ်ကို လွှတ်ခွင့်ပေးနိုင်သည်" မှန်ပါလျှင် သေပြီးသောနောက်မှ ခံရသော အပြစ်ကိုလည်း ပေးနိုင်ပေရာ၏-ဟု

www.dhammaransi.com



ယူရန်ရှိ၏၊ယခုမျက်မြင်၌ ခံရသော အပြစ်ကို ထာဝရဘုရား လွှတ်ခွင့် မပေးနိုင်သည်အမှန်-မျက်မြင်ဖြစ်၍ သေပြီးသောနောက်မှ ခံရသော အပြစ်ကို ထာဝရဘုရား လွှတ်ခွင့်ပေးနိုင်သည် ဟူသော စကားသည် မဟုတ် စင်စစ်သာဖြစ်၏။

"အနန္တ တန်ခိုးတော်ရှင်ဖြစ်၍လည်း မတတ်နိုင်သည်မရှိ၊ အနန္တ ကရုဏာတော် ရှင်ဖြစ်၍လည်း သတ္တဝါအများကို ရင်ဝယ်သားကဲ့သို့ သနားခြင်းကြီးလှသည်" မှန်ပါလျှင်-ဒုစရိုက်အပြစ်ကို မဆိုထားဘိဦး၊ ယခုမျက်မြင်၌ မျက်စိကန်း၍ သနားဖွယ်ကောင်းလှသောသူ၊ နားပင်း၍, ခြေလက်ကျိုး၍, ရောဂါဆိုး အနာဆိုးမိ၍,မင်းပြစ် မင်းဒဏ် သင့်၍ သနားဖွယ်ကောင်းလှသောသူ ဥစ္စာပစ္စည်း ပျက်စီးပြုန်းတီး၍ သား သမီး သေဆုံး၍ သနားဖွယ်ကောင်းလှသော သူများသည် လောက၌ အနန္တများပြားပါသည်။

[ထာဝရဘုရား မမြင်သလော၊ သနားစရာ ကရုဏာ မရှိသလော၊ မတတ်နိုင်၍နေရသည် အမှန်မဟုတ်လော။]

## ဂေါတမဘုရားရှင်၏ အနန္တကရုဏာတော်များ

ငါတို့ဘုရားသည် အနန္တ ကရုဏာတော်ရှိသည်မှန်၏၊ သတ္တဝါအ များကို ရင်ဝယ်သားကဲ့သို့ သနားတော် မူလှသောကြောင့် သတ္တဝါ များအတွက်နှင့် ၄-သင်္ချေနှင့်ကမ္ဘာတသိန်း ကာလပတ်လုံး သူတပါး တို့ မကြုံဝံ့လောက်သောဆင်းရဲတွေကိုခံတော်မူ၍ ဘုရားဖြစ်အောင် အားထုတ်တော်မူပေသောကြောင့် ပိဋကတ်သုံးပုံတည်းဟူသောတရား တော်တွေကို ဟောနိုင်ပေသည်၊ ဟောနိုင်ပေသောကြောင့် သတ္တဝါတို့ ကြားရ,နာရ,သိကြရသဖြင့် ကောင်းစွာ ကျင့်နိုင်သူတို့သည် နိဗ္ဗာန်ဘုံ သို့ရောက်နိုင်ကြကုန်သည်၊ မကျင့်နိုင်သူတို့ မရောက်ကုန်၊ ကောင်းစွာ မကျင့်နိုင်သူတို့ကို မတတ်နိုင်။

[သတ္တဝါအနန္တအတွက်နှင့် ဘုရားဖြစ်ရအောင် ရှည်မြင့်စွာကာလ၌ ကြီးစွာသောဆင်းရဲ အပင်အပန်းကို ခံနိုင်တော်မူခြင်းသည်အနန္တကရုဏာ တော်ရှင်ဖြစ်ပေ၍ ခံနိုင်သည်။]

တတိယ ရွှေချိန်ခွင်အဆို ရှင်းလင်းချက်ပြီး၏။

www.dhammaransi.com



### ရှေးချိန်ခွင်အဆို

၄–(က) ခရစ်ယန် ဘာသာဝင်တို့သည် ဘုရားမှာ အနန္တကရုဏာ,အနန္တ တန်ခိုးတော်ရှိသည်-ဟု ဆိုသည့်အတိုင်း ယုံ၍ သုခဘုံ၌ အနိစ္စ, ဒုက္ခ, အနတ္တ မရှိနိုင်သော ကိုယ်ခန္ဓာနှင့် မသေ, မနာ,မအို-နိစ္စ,ထာဝရ ခံစားရပါလို၏-ဟု ဆုတောင်းကြ၏။

(ခ) ဗုဒ္ဓဘာသာဝင်တို့က ဘုရား၌ အနန္တကရုဏာတော် ရှိသော်လည်း မ-မနိုင်၊ အနန္တတန်ခိုးရှိသော်လည်း မ-မနိုင်၊ ဘုရားကိုယ်တော်တိုင်မှ ဝင့်ဆိုက်သေရသည်-ဟု အယူရှိသည့်အတိုင်း လူတခါ ပြန်မဖြစ်ရဘဲ နိဗ္ဗာန်၌ ခန္ဓာ, နာမ် ဝိညာဉ်ပျောက်ပျက် အစဉ်သေနေ ရပါလို၏-ဟု ဆုတောင်းကြ၏။

### ဆရာတော်ရှင်းလင်းချက်

[ဆုတောင်းနှစ်ရပ် ကွဲလွဲကြသည်တွင် သုခဘုံ၌ ကိုယ်ခန္ဓာနှင့်တကွ အမြဲစံစားခါ နေရပါလို၏-ဟု ကရုဏာတော်, တန်ခိုးတော်များကို ယုံကြည်အားကိုး၍ ဆုတောင်းကြသောအရာမှာ တန်ခိုးတော်, ကရုဏာတော်များကိုပင် မယုံသာကြောင်း, အားမကိုးသာကြောင်းကို အထက်၌ ထင်လင်းခဲ့ပါပြီ။]

"သေပြီးသောနောက်၌ သုခဘုံမှာ အမြဲခံစား၍ နေရသည်" ဆိုသည်မှာ ယခုမျက်မြင်၌ပင် ထာဝရဘုရားမတတ်နိုင်၍ ခရစ်ယန်ဘာသာဝင်လူတို့မှာပင် မွေးဖွါးစကာလ၌ သေသည်၊တလ, နှစ်လ,တနှစ်, နှစ်နှစ်စသည်၌ သေကြရသည်၊ နာကြရသည် အထင်အရှားဖြစ်သည်၊ ကရုဏာတော် တန်ခိုးတော်များသည် ယခုမျက်မြင်မှာပင် မတတ်နိုင် မကယ်နိုင်ကြောင်း အထင်အလင်း သိသာပါလျက်၊ သေပြီးနောက် သက်သေမရှိရာ သုခဘုံ၌ အမြဲနေရအောင် ကရုဏာတော်, ဉာဏ်တော်များကို ယုံကြည်ကြခြင်းသည် ရှေ့တွင်အုန်းသီးတလုံးကိုမှ မခွဲနိုင်သော မျောက်ယ်တခုက နောင်နှစ်ခါတိုင်ရောက်လျှင် ဟိမဝန္တာ တောင်ကြီးကိုငါခွဲ၍ ရတနာ,ရွှေ,ငွေ,တွေကို သင်တို့အား ပေးမည်ဟု ဆိုသည်ကို ယုံကြည်အားကိုးလှ၍ မျောက်ယ်ထံမှာ ခစားသောသူတို့နှင့် ခြားနားဦးမည်လော။

www.dhammaransi.com



ခန္ဓာဟူသောခေတ်,ဝိညာဉ်ဟူသော ခေတ်တို့သည် ခေတ်ကြမ်း, ခေတ်ယုတ်တွေဖြစ်၍ ထိုခန္ဓာ, ဝိညာဉ်တို့နှင့် မကင်းသမျှကာလပတ်လုံး ဘယ်ဘုံမှာပင်နေသော်လည်း အိုခြင်း,နာခြင်း,သေခြင်းနှင့် မလွတ်နိုင်၊ အနိစ္စ,ဒုက္ခ,အနတ္တတို့ လက်တွင်းမှ မလွတ်နိုင်၊ ထိုခန္ဓာဟူသော ဝိညာဉ်ဟူသော ခေတ်ကြမ်း- ခေတ်ဖြုန်း ခေတ်သွံ့တွေကိုအရှင်း စွန့်ပစ်၍ အတုမရှိနူးညံ့သိမ်မွေ့လှစွာသော အနှစ်သာရအတိဖြစ်သော အတုမရှိ ခိုင်ခံ့ကောင်းမြတ်လှစွာသော အသင်္ခတ ခေါ်သော ခေတ်ကြီးတခုသည်ရှိ၏၊ ထိုအသင်္ခတခေတ်သို့ ကူးနိုင်မှ အိုခြင်း, နာခြင်း, သေခြင်းမရှိဘဲ၊ အမြဲနေရသည်ဟု ငါတို့မြတ်စွာဘုရား ဟောထားတော်မူသည်၊ ထိုခေတ်ကြီးသို့ ကူးနိုင်အောင်,ခေတ်ပြောင်းနိုင်အောင်လည်း ဘုရားသခင်ဟောတော်မူသော တရားတော်ကိုကောင်းကောင်းကြီး ကျင့်လည်းကျင့်မှ,ဆုလည်းတောင်းမှ ခေတ်ပြောင်းနိုင်သည်။

အကျင့်သည်ကား—လှေမှာလှော်ရ, ထိုးရ,ခတ်ရသော အလုပ်နှင့်တူသည်၊ ဆုတောင်းခြင်းသည်ကား-ပဲ့ရသော အလုပ်နှင့်တူသည်၊ မလှော်မခတ်ဘဲ ပဲ့ကာမျှနှင့် လှေမဆန်၊ မပဲ့ဘဲ လှော်ကာ,ခတ်ကာမျှနှင့် လိုရာရေကြောင်းသို့ ဖြောင့်ဖြောင့် မသွား။

ကောင်းကောင်းမကျင့်သောသူကိုလည်း ခေတ်ပြောင်းရအောင် ဘုရားမတတ်နိုင်ကောင်း၊ အရာမဟုတ်ပေ။

အနန္တကရုဏာတော်ရှင်, တန်ခိုးတော်ရှင်ဖြစ်သော်လည်း ဖြစ်ကောင်းသောအရာမှာသာ တတ်နိုင်သည်၊ မဖြစ်ကောင်းသော အရာမှာ မတတ်နိုင်။

[ထာဝရဘုရားသည် မတတ်နိုင်သောအရာ မရှိဟူသောစကား မဟုတ်ကြောင်းကို ဆိုခဲ့လှပြီ။]

စတုတ္ထရွှေချိန်ခွင်အဆို ရှင်းလင်းချက်ပြီး၏။

## ရွှေချိန်ခွင်အဆို

၅—(က) ခရစ်ယန်ဘာသာက ကိလေသာ တဏှာရာဂကို မြစ်တား၏။

www.dhammaransi.com



(၁) ဗုဒ္ဓဘာသာက မမြစ်တားခွင့်ပြု၏၊ ခွင့်ပြုသောကြောင့် မိမိသဘော ရှိသည့်အတိုင်း မယားများများနေတတ်ကြ၏၊ ကွာရှင်းကြ၏၊ လောကမှာသာ ခွင့်ပြုသည် မဟုတ်၊နတ်ပြည်၌နတ်သမီးငါးရာ,ခုနစ်ရာဘုံခုနစ်ဆင့် တွင် ခံစားစေသေး၏။

### ဆရာတော်ရှင်းလင်းချက်

[ဤစကားကို ဦးစောလှဖြူသည် ဗုဒ္ဓဘာသာနှင့် အလွန်ဝေးသူဖြစ်၍ ဆိုမိလေသည်။]

ငါတို့ဘုရားသည် ကိလေသာ တဏှာရာဂများကို မစင်ဘင်ပုပ်ထက်မက အလွန် စက်ဆုပ်တော်မူလှသည်၊ စက်ဆုပ်တော်မူသောကြောင့်ပင်လျှင် ထီးနန်းစည်းစိမ်ကို စွန့်ပစ်၍ တကိုယ်တော်တည်း တောထွက်တော်မူကြောင်း, တပည့်သားရဟန်းတို့ကိုလည်း ကိလေသာ တဏှာရာဂတို့ကို ကုန်စင်အောင် စွန့်ပစ်ခြင်းငှါ ဥစ္စာစီးပွါး သားမယားနှင့် မစပ်ရကြောင်းကိုမျှ ဦးစောလှဖြူ မကြားဘူးဘဲ ရှိရလေသည်။

ယခုမျက်မြင်၌ တပည့်သားတော် အဆက်အနွယ် ဖြစ်၍ကောင်းစွာကျင့်ပေသော ရဟန်းတော်, သံဃာတော်တွေ အနန္တရှိပါသည်ကို မျှလည်း ဦးစောလှဖြူ အမြင်မျက်စိ မရှိရလေ။

ကိလေသာအပေါင်းတို့တွင်–

၁။ မြင်ကောင်းသောအရာကိုမမြင်နိုင်ဘဲ မိုက်မဲ့ဖုံးပိတ်၍နေသော မောဟကိလေသာနှင့်,

၂။ အမှားကို အားကျ၍ သွားတတ်သော ဒိဋ္ဌိကိလေသာသည် အဆိုးဆုံးဖြစ်ပါသည်။

ထို့ကြောင့် မယားတယောက်မှပင် မယူငြားသော်လည်း ထိုကိလေသာကြီး နှစ်ပါးဖက်သို့ ပါသောသူသည် မယားတထောင် ယူသောသူထက်ပင် အပြစ်ကြီးလှသည်ဟု တရားတော်ရှိသည်။

မယားများများယူသောသူသည် ဘုရားစကားကို ကောင်းကောင်းကြီး နားမထောင် နိုင်သေးသော သူတို့သာတည်း၊ ဘုရားစကားကို

www.dhammaransi.com



ကောင်းကောင်းနားထောင်နိုင်သော သူတို့မှာမူကား- ရဟန်းပြုကြရသည်။

နတ်ပြည်၌ နတ်သမီးငါးရာ,ခုနစ်ရာနှင့် စံစားခြင်းသည် နတ်ပြည်၏ အလေ့ပေတည်း၊ဘုရားတရားနှင့်မစပ်၊ဘုရားစက်ဆုပ်တော်မူသောအမှုသာတည်း။

ပဋ္ဌမရှေ့ချိန်ခွင်အဆို ရှင်းလင်းချက်ပြီး၏။

## ရှေ့ချိန်ခွင်အဆို

၆–(က) ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ,ဓမ္မံ သရဏံ ဂစ္ဆာမိ,သံဃံသရဏံ ဂစ္ဆာမိ-ဆိုသည့် အတိုင်း ခရစ်ယန်ဘာသာမှာ ကိုးကွယ်ရာ သရဏဂုံ သုံးပါးရှိ၏၊ ထိုသုံးပါးသည်ကား- ထာဝရ မြတ်စွာဘုရားသခင်, ယေရှု ခရစ်တော်နှင့်, ဝိညာဉ်တော်ဖြစ်၏။

(ခ) ဗုဒ္ဓဘာသာမှာ ထိုသုံးပါးအနက် တရားတပါးသာ ရှိသည်၊ဘုရားနှင့်သံဃာမရှိ၍ မစုံလင်။

## ဆရာတော်ရှင်းလင်းချက်

ခရစ်ယန်ဘာသာမှာ သရဏဂုံသုံးပါးနှင့်ပြည့်စုံသည်ဆို၍ သုံးပါးကိုပြရာမှာ-

၁။ ထာဝရဘုရားသခင်တပါး,

၂။ ယေရှု ခရစ်တော်တပါး,

၃။ ဝိညာဉ်တော်တပါးကို ပြသည်။

ဤသုံးပါးကို ဦးစောလှဖြူကိုယ်တိုင် မြင်ဘူးရသလော၊ မြင်ဘူးပါသည်ဆိုသူနှင့် တွေ့ဘူးရသလော။

[စာတွေ့မျှလောက်ကို အစွဲပြု၍ ပြောရှာရသည်။]

ငါတို့မှာမူ အထက် ပဌမစကားအချက်၌ ဆိုခဲ့ပြီးသော-

၁။ ဆံတော်,သွားတော်,စွယ်တော်, ညှပ်ရိုးတော်, နဖူးသင်းကျစ်တော်,ရှစ်စ်ရွှတ်မျှလောက် အရိုးဓာတ်တော်တို့ကို ဘုရားပရိနိဗ္ဗာန်စံတော်မူသည့် နေ့မှစ၍ ယနေ့ထက်တိုင် ဆက်လက်

www.dhammaransi.com



မပြတ် စောင့်ရှောက်ကိုးကွယ်၍ လာကြသည်၊ အကျော်စေရ ဖြစ်တော်မူသော စေတီပုထိုးတွေ အထင်အရှားဖြစ်၍ ဘုရားလည်း မျက်မြင်ကိုယ်တွေ့ဖြစ်သည်။

၂။ ပိဋကတ်သုံးပုံဟူသောတရားတော်လည်း အထင်အရှား ဖြစ်သည်။

၃။ ကလျာဏပုထုဇဉ် ဖြစ်ပေကုန်သော သမ္မုတိ သံဃာတော်လည်း အထင်အရှားပင်ဖြစ်ပါသည်။

သူဆင်းရဲတယောက်သည် အိပ်၍နေစဉ်အခါ စိတ်-တန်းမိတန်းရာနှင့် အတောင်တရာခန့်ရှိသော ရွှေပုံ,ငွေပုံတွေကို အိပ်မက် မြင်မက်သည်ကိုတကယ်မှတ်၍ ကစုန်း,ကပွါးထ၍ ကုဋေရှစ်ဆယ်ကြွယ်သော သူဌေးကြီးထံသွားပြီးလျှင် ယနေ့မှစ၍ ငါသူဌေးကြီးလုပ်မည်၊ သင်သူဌေးငယ်သာ လုပ်ရမည်ဟု ဆိုမှားသောသူနှင့် ခြားနားဦးမည်လော။

ဆဋ္ဌမရွှေချိန်ခွင်အဆို ရှင်းလင်းချက်ပြီး၏။

## ရွှေချိန်ခွင်အဆို

၇–(က) ဗုဒ္ဓဘာသာ၌ ဘုရားအစဉ်မရှိ၊တရားကိုကျင့်မှဖြစ်သည်၊ နောက် နိဗ္ဗာန်ဝင်၍ ပျက်စီး ပြန်သည်ဟု ဆို၏၊

(ခ) ပဌမ ဗုဒ္ဓ ကျင့်သောတရားကို အဘယ်သူ ထားခဲ့သနည်း, ကျင့်သည့်အခါ ဘယ်ဘုရားထံ ဆုတောင်းပါသနည်း-ဟု မေးစရာရှိ၏၊ ပဌမဗုဒ္ဓသည် အဦးဆုံးဖြစ်၍ သူ့အထက်ကပေါက်သော ဗုဒ္ဓမရှိသေးသောကြောင့် မပေါက်ဘဲ နိစ္စထာဝရတည်နေသော မြတ်စွာဘုရား၏ တရားတော်ကို ကျင့်သည်၊ထိုဘုရားထံ ဆုတောင်းသည်-ဟု သိသင့်၏၊ ထိုနှင့်ပေါက်ရသော ဗုဒ္ဓသည် သမ္မာသမ္ဗုဒ္ဓမဟုတ်၊ သုတဗုဒ္ဓသက်သက်ဖြစ်၏။

## ဆရာတော်ရှင်းလင်းချက်

[ဤစကားကိုလည်း ဦးစောလှဖြူသည် ဗုဒ္ဓဘာသာ တရားကျမ်းဂန်နှင့် အနားအနီးမျှ မသိဘူးသောကြောင့် စကားဖြစ်ရသည်၊ ဗုဒ္ဓဘာသာတရားကျမ်းဂန်နှင့် သိဘူးလျှင် စကားဖြစ်ဖွယ်မရှိ။]

www.dhammaransi.com



အနမတဂ္ဂေါယံ ဘိက္ခဝေ သံသာရော-ဟူသော ဒေသနာတော်မြတ်နှင့် အညီ-သံသရာလည်း အစမရှိ, ကမ္ဘာလည်း အစမရှိ, သတ္တဝါလည်း အစမရှိ၊ ဘုရားလည်းအစမရှိသည်ဖြစ်၍ အဘယ်မှာ"ပဌမ ဗုဒ္ဓ အဦးဆုံးဖြစ်သော ဘုရား"ဟူ၍ ရှိပါအံ့နည်း။

အဦးဆုံးဖြစ်သော ဘုရား-ဟူ၍ မရှိခဲ့သော် ဘုရားဖြစ်အောင်ကျင့်သော တရားလည်း လောက၌ အလျဉ်မပြတ်, ဆုတောင်းရန် ဘုရားလည်း အလျဉ်မပြတ်သည်ဖြစ်၍ ထာဝရဘုရား ဝင်စရာအကွက်ပင်မရှိ၊ ထာဝရဘုရား၏ တရားလည်း ညှပ်စရာအကြားပင်မရှိ၊ ထာဝရဘုရားထံလည်း ဆုတောင်းဖွယ်မရှိ။

ရှေးရှေးသောဘုရားတို့ထံ၌ ဆုတောင်း၍ဖြစ်ရသော ဘုရားပင်ဖြစ်သော်လည်း နောက်ဆုံးဘဝ၌မူကား- ဆရာ-ဟူ၍မရှိဘဲ မိမိအလိုလိုကိုယ်တိုင်လည်းသိသည်, အကြွင်း အကျန်မရှိလည်း သိသည်ဖြစ်၍ သမ္မာသမ္ဗုဒ္ဓသည်သာ ကေန်စင်စစ်ဖြစ်၏၊ သုတဗုဒ္ဓ မဖြစ်လေ။

သတ္တမရွှေချိန်ခွင်အဆို ရှင်းလင်းချက်ပြီး၏။

### ရွှေချိန်ခွင်အဆို

၈—(က) ပဌမသတ္တဝါနှင့် တိရစ္ဆာန်တို့ အဘယ်ကဖြစ်သနည်း- မေးလျှင် ကံကြောင့် ဖြစ်သည်-ဟု ဗုဒ္ဓဘာသာကဆို၏။

(ခ) အထက်က ဖြစ်ဘူးသောဘဝ မရှိသေးသော ကြောင့် ကံကိုမလုပ်ရသေး၍ ကံမရှိနိုင်၊ ကံမရှိလျှင် ကံကြောင့် ဖြစ်သည်-ဟု ဆိုသော အယူဝါဒ မမှန်-ဟု သိရ၏။

### ဆရာတော်ရှင်းလင်းချက်

ရှေး၌ ဆိုခဲ့ပြီးသော အတိုင်း သံသရာလည်း အစမရှိ,ကမ္ဘာလည်း အစမရှိ, တယောက်တယောက်သော သတ္တဝါလည်း အစမရှိ, ကံလည်း အစမရှိသည်သာဖြစ်၍ ဦးစောလှဖြူစကား၌ "အထက်ကဖြစ်ဘူးသောဘဝ မရှိသေး-ဟူသော စကား, ကံကိုမလုပ်ရသေး-ဟူသော စကား"များသည် ရယ်ဖွယ်သာဖြစ်၏။

အဋ္ဌမရွှေချိန်ခွင်အဆို ရှင်းလင်းချက်ပြီး၏။

www.dhammaransi.com



### ရွှေချိန်ခွင်အဆို

၉-(က) ထာဝရဘုရားမရှိလျှင် ကမ္ဘာဦးသူများသည် အလင်းကို အဘယ်သူ့ထံ တောင့်တသနည်း။

(ခ) တောင့်တသည်အတိုင်း နေကို အဘယ်သူ ပေးတော်မူသနည်း။

(ဂ) ကမ္ဘာဦးက ဘယ်သူမျှ မရှိသေးသောကြောင့် ထာဝရဘုရား ပေးတော်မူသည်-ဟု သိသင့်၏။

### ဆရာတော်ရှင်းလင်းချက်

ရှေးရှေးသော ကမ္ဘာအဆက်ဆက်တို့က ပြုခဲ့သော ကံတွေများစွာရှိပြီးသော ကမ္ဘာဦးသူတို့အား စိတ်နှင့်နှုတ်နှင့် တ-သ-လိုက်လျှင်ပင် အများတကာ ကံတွေကြောင့် နေ, လ, နက္ခတ်, တာရာတို့သည် ပေါ်လာမြဲဓမ္မတာ ဖြစ်လေရကား-အလင်းကို အဘယ်သူ့ထံ ခ-ခ, စား-စား တောင့်တရတော့အံ့နည်း၊ ထိုသတ္တဝါတို့ ရှေးရှေးကမ္ဘာအဆက်ဆက်က ပြုခဲ့ပြီးသော ကံတရား ထင်ရှားရှိလေပြီဖြစ်သောကြောင့် ကမ္ဘာဦးအခါ၌ ထာဝရဘုရားကို အသုံးချရန် အကွက်မရှိပြီ။

နဝမရွှေချိန်ခွင်အဆိုရှင်းလင်းချက်ပြီး၏။

### ရွှေချိန်ခွင်အဆို

၁၀--သိကြား,နတ်များ ရှိသည်ကို မမြင်ရဘဲနှင့်ပင် ယုံသောကြောင့် ဘုရားလည်း အရူပ ဖြစ်တော်မူ၍ မမြင်နိုင်သော်လည်း ရှိသည်ကို ယုံသင့်၏။

### ဆရာတော်ရှင်းလင်းချက်

ပကတိသော လူတို့၏ မျက်စိနှင့် မြင်ကောင်းသော သတ္တဝါတို့ကား--

၁။ လူ့ဘုံသား,

၂။ တိရစ္ဆာန်ဘုံသား,

ဤနှစ်ဘုံသားသာ ရှိသည်။

၃။ ပြိတ္တာဘုံသား,

www.dhammaransi.com



၄။ ပြိတ္တာဘုံသားတို့လည်း အကောင်အထည် ကြီးမားကြလျက် မမြင်ကောင်းသည်သာ များ၏။

လူ့ဘုံမှအထက် တဆင့်ထက်-တဆင့် အလွန်ကြီးကျယ်လှစွာသော ကောင်းကင်ဘုံကြီးပေါင်း ၂၆-ဆင့်ရှိ၏၊ ထိုကောင်းကင်ဘုံကြီးသားတို့ကိုလည်း လူတို့ပကတိမျက်စိနှင့် မမြင်နိုင်၊ဈာန်,အဘိညာဉ်အကျင့်ကို ကျင့်နိုင်သောသူတို့သာ မြင်နိုင်သည်၊ ရောက်အောင်လည်းသွားနိုင်သည်။

ထိုကောင်းကင်ဘုံတို့ကို မြင်နိုင်သော သူတို့ကား-ကမ္ဘာဦးအခါ၌လည်း ပေါများ၏၊ ငါတို့ဘုရားလက်ထက်တော်၌ကား- မဇ္ဈိမဒေသအရပ်တွင် ကုဋေမကများ၏၊သီဟိုဠ်ကျွန်း၌ သာသနာသက္ကရာဇ် ခုနစ်ရာ ရှစ်ရာခန့်တိုင်အောင် ပေါများ၏၊နောက်မှတရွေ့ရွေ့ကွယ်ပျောက်သည်၊ထိုကောင်းကင်ဘုံကြီး ၂၆-ဆင့်၌နေကြကုန်သောနတ်,သိကြား,ဗြဟ္မာတို့သည် ငါတို့ဘုရား၏ တပည့်တပန်းလည်းများ၏၊ အလွတ်လည်းများ၏။

[ကောင်းကင်ဘုံ၌ မအို,မသေ အမြဲနေသော လောက၌ ရှိရှိသမျှကို ဖန်ဆင်းနိုင်သော ထာဝရဘုရားရှိ၏-ဟူသောအယူသည် ခရစ်တော်ပေါ်မှသာ ဖြစ်သောအယူမဟုတ်၊ ကကုသန်,ကောဏာဂုမ်,ကဿပ,ဂေါတမဟူသောဘုရား ၄-ဆူမပွင့်မီ ကမ္ဘာဦးအခါကပင် ဖြစ်၍လာခဲ့သော အယူတည်း။]

သဗ္ဗညုမြတ်စွာဘုရားတို့ပွင့်တော်မူ၍ သာသနာတော်မြတ်ထွန်းကားတုန်းအခါ ထွန်းကားရာအရပ်တို့၌သာ ထိုအယူ ကွယ်ပ၍နေသည်၊ သာသနာကွယ်ပြန်လျှင် ထိုအယူထွန်းကားမြဲ ထွန်းကားပြန်၏၊ သာသနာကွယ်သောအခါမှာလည်း ဉာဏ်ပညာကြီးလှသောမင်း,ပုဏ္ဏား,ရသေ့,ရဟန်းတို့ဖြစ်ထွန်းရာ နိုင်ငံကြီးများ၌ ထိုအယူ မထွန်းနိုင်ရှိ၏။

[ဤအယူကို ဗုဒ္ဓဘာသာကျမ်းဂန်၌ "ကေဝလသဿတဝါဒ" ခေါ်သည်၊ ဗြဟ္မဇာလ သုတ်တွင်လာသည်။]

ထိုသုတ်၌ လာသောဗြဟ္မာမင်းကြီးကိုပင် ခရစ်ယန်ဘာသာ, ပသီဘာသာတို့၌"ထာဝရဘုရား"ခေါ်သည်၊ဟိန္ဒူပုဏ္ဏားဘာသာ၌ကား- "ဗြဟ္မာ" ဟူ၍ပင်ခေါ်သည်။

www.dhammaransi.com



ထိုဗြဟ္မာမင်းကြီးသည် နတ်,သိကြားကဲ့သို့ ထင်ရှားရှိပေသောကြောင့် နတ်,သိကြားရှိသည်ကို ယုံကြည်အပ်သကဲ့သို့ ထာဝရဘုရားရှိ၏ဟူသည်ကို ယုံကြည်သင့်၏ဟု ဦးစောလှဖြူဆိုပေသည်။

ဒသမမွေချိန်ခွင်အဆို ရှင်းလင်းချက်ပြီး၏။

## မွေချိန်ခွင်အဆို

၁၀–(က) ခရစ်ယာန် ဘာသာ၌ မြတ်စွာဘုရားထင်ရှားရှိ၍ "ဗုဒ္ဓသရဏံဂစ္ဆာမိ"ဟုကျမ်းဂန်လာသည်နှင့်အညီ-ဘုရားထံ ခိုမှီးကိုးကွယ်ကြ၏၊ ခိုမှီးကိုးကွယ်ခြင်းနှင့် ဘုရားရှိသည်ဟု ဆိုခြင်းညီ၍ မှန်သည်ဟုသိသင့်၏။

(ခ) ဗုဒ္ဓဘာသာက ယခုဘုရားမရှိဟုဆို၍ ရှိခိုးပူဇော် ကိုးကွယ်ခြင်းနှင့်မညီ၊ မှားပြီဟု-သိသင့်၏။

## ဆရာတော်ရှင်းလင်းချက်

ဤစကား၌–

"ထာဝရဘုရားထင်ရှားရှိသည်"- ဟူသောစကားမှာ- ခရစ်ယာန်ဘာသာစာအုပ်ငယ်များကအဆိုနှင့်သာ ပြောရသည်၊ဗုဒ္ဓဘာသာနှင့် စာ၍ကြည့်သော် ကျမ်းဂန်အနေချင်းသည် အနန္တကွာကြသည်၊ ဗုဒ္ဓဘာသာကျမ်းဂန်ကြီးသည် မဟာသမုဒ္ဒရာလေးစင်း,မြစ်ကြီးငါးသွယ်, မြစ်ငယ်ငါးရာ, ကိုင်းကြီးခုနစ်တိုင်းနှင့် အလားတူသည်၊ ခရစ်ယာန်ဘာသာ စာအုပ်ငယ်များသည် နွားခွါရာခွက်ရေမျှသာ ဖြစ်ချေသည်၊

ဗုဒ္ဓဘာသာသည် ရွှေ,ငွေ,ပုလဲ,ပတ္တမြား စသောရတနာဆယ်မျိုးတို့ဖြင့် ပြည့်နှက်သော မြင်းမိုရ်တောင်ကြီးနှင့် အလားတူသည်၊ ထို့ကြောင့် ဤဗုဒ္ဓဘာသာကိုကောင်းကောင်း တတ်ကျွမ်းကုန်သောအရှင်တို့သည် အနှစ်သာရနှင့်ပြည့်စုံသော များစွာသော ကျမ်းဂန်ကြီးတို့ကို ထုတ်နိုင်ကြကုန်သည်ဖြစ်၍ လှည်းအစီးများစွာ တိုက်၍ မကုန်နိုင်လောက်အောင် ပိဋကတ်ကျမ်းဂန်တွေထွန်းကားသည်။

ခရစ်ယာန်ဘာသာသည် မြေအတိပြည့်သောတောင်ပို့ပျက်,တောင်ပို့ဟောင်းငယ်နှင့် တူပါသည်၊ ထို့ကြောင့် ထိုခရစ်ယာန်ဘာသာကို ကောင်းကောင်း တတ်ကျွမ်းသည်ဆိုသော သူတို့သော်မှလည်း မဖြစ်စ

www.dhammaransi.com



လောက် ရောက်တတ်ရာရာ စာငယ်ဘုတ်အုပ် နုပ်နုပ်ဖွဲ့ဖွဲ့သာ အနိုင်ထုတ်နိုင်ပါသည်။

ထို့ကြောင့်ပင်လျှင်-

၁။ ခရစ်ယန်ဘာသာကို ကောင်းကောင်းတတ်သည်ဟု ဆရာတယောက်လုပ်သောသူတို့သည် ဗုဒ္ဓဘာသာကိုအတော်အလျော်တတ်သောသူနှင့်တွေ့၍ ဘာသာစကားပြောဆိုကြလျှင် အရေလယ်အောင် မပြောနိုင်ကြကုန်။

၂။ ဗုဒ္ဓဘာသာကို တတ်ကျွမ်း၍ နေရာကျမေးတတ်သောသူ ရှိရာသို့ တခေါက်ပြင် နှစ်ခေါက် မလာဝံ့ရှာကြကုန်။

၃။ ကောင်းကောင်း မေးနိုင်သောသူနှင့် တွေ့ရမည်ကို အလွန်ကြောက်ရှာကြကုန်သည်။

၄။ ဗုဒ္ဓဘာသာကို အကျွမ်းအကျင် နည်းပါးလှ၍ အဆစ်အပိုင်းကိုမသိသေးသောလူပြိန်းတို့ရှိရာသို့သာလာဝံ့ရှာကြကုန်သည်။

၅။ ဗုဒ္ဓဘာသာကို ကောင်းကောင်းတတ်ကျွမ်းသည်ဖြစ်၍အဆစ်အပိုင်းကို သိပြီးသောသူတယောက်သည်ကား- ခရစ်ယန် ဘာသာကို အကုန်တတ်ကျွမ်းသူတထောင်ကို အမှုမထား။
[ဤကား - ယခုလောကဟွင် မြင်ရသောအခြေအနေချင်း ကွာလှမ်းပုံတည်း။]

ထို့ကြောင့်-

ဦးစောလှဖြူသည် ရေပြည့်သော နွားခွါရာ ခွက်ငယ်များနှင့်၎င်း, မြေအတိပြည့်သောခြတောင်ပို့ပျက်ငယ်နှင့်၎င်းအလွန်တူလှစွာသော ခရစ်ယန်စာအုပ်ငယ်များကိုသာ အမြင်မျက်စိရှိ၍ ဆိုခဲ့ပြီးသော မဟာသမုဒ္ဒရာစသည်တို့နှင့်၎င်း, ရတနာဆယ်ပါး အတိပြည့်သော မြင်းမိုရ်တောင်ကြီးတွေနှင့်၎င်း အလွန်တူလှစွာသော ဗုဒ္ဓဘာသာကျမ်းကြီးတွေကို အမြင်မျက်စိ မရှိရှာသောကြောင့် အယူမှောက်မှား၍-

၁။ သရဏဂုံသုံးပါးဟူ၍ အစ-အနပြစရာ ယခုလည်းမရှိ၊ရှေးကလည်းမရှိစဘူး၊နောင်လည်းရှိမည်မဟုတ်သော ခရစ်ယန်ဘာသာမှာ သရဏဂုံသုံးပါး ထင်ရှားရှိသည်ဟု ဆိုမှားခြင်း,

www.dhammaransi.com



၂။ သရဏဂုံသုံးပါးမျက်မြင်ကမ္ဘာမြေပေါ်တွင် အနှံ့အပြားထင်ရှားရှိပါသော ဗုဒ္ဓဘာသာကြီးမှာ သရဏဂုံသုံးပါး အစွေအစုံမရှိဟု ဆိုမှားခြင်းများသည်-

ဘုရားအလောင်းတော် မဟောသဓောတ်၌—

ပဲဝက်မျှသော ဥစ္စာ,လည်ပင်း၌ရှိသော ပုတ်သင်ငယ်သည် မိဓိလာပြည်ကြီးရှင် ဝိဒေဟရာဇ်မင်းကြီးကို ငါ့လောက်ဥစ္စာမရှိဟု ဆိုမှားသည်နှင့် မခြားနားဖြစ်ချေသည်။

၁။ ခရစ်ယန်ဘာသာ၌ ဘုရားထင်ရှားရှိသည်သာဆို၍ ဘုရားရှိကြောင်းကို အစွန်းအစ သက်သေပြစရာ တခုမျှမရှိ။

၂။ ဗုဒ္ဓဘာသာမှာ ရူပကာယကိုယ်တော်တစိတ်နှင့် ဓမ္မကာယကိုယ်တော်မြတ် ထင်ရှားရှိကြောင်းကို ကမ္ဘာမြေပေါ်တွင် မျက်မြင်သက်သေ အစွန်းအစပေါများလှပါ၏။

[ဦးစောလှမြ အမြင်မျက်စိမှိုက်၍ မမြင်ပါသည်။]

ထို့ကြောင့်-

ဗုဒ္ဓဘာသာမှာ ဘုရား, တရား, သံဃာ ဟူသော သရဏဂုံသုံးပါးယခုမျက်မြင်ထင်ရှားရှိသည်နှင့် ရှိုးပူဇော် ကိုးကွယ်ခြင်းသည် ညီညွတ်လှ၏။

ခရစ်ယန်ဘာသာမှာ ဘုရားလည်းပြစရာအစအနမရှိ, တရားလည်းပြစရာအစအနမရှိ,သံဃာလည်း ပြစရာအစအနမရှိသည်ဖြစ်၍ မှိုခိုကိုးကွယ်ကြသော အမှုသည်၊ "ဤရေသဖန်းပင်ကြီးသည် ပွင့်လိမ့်မည်၊ ရေသဖန်းပွင့်တပွင့်လျှင် ခဲတပိဿာကိုရွှေဖြစ်စေနိုင်၏-"ဟုလူလိမ်တယောက်က စာရေး၍ချထားသည်ကိုမြင်၍ ရွှေသူဌေးလုပ်ရအောင် ရေသဖန်းပင်ကို ပွင့်နိုးနိုးကိုးကွယ်စောင့်ရှောက်၍ နေသော သူတို့၏ အမှုနှင့်မခြား ဖြစ်ချေသည်၊ ရေသဖန်းပင်တို့သည် ပွင့်ရိုးမရှိကုန်။

ကောဒသမ ရွှေချိန်ခွင်အဆို ရှင်းလင်းချက်ပြီး၏။

## ရွှေချိန်ခွင်အဆို

၁၂-(က) ဂေါတမရှိသည့် အခါမှ ခို၍မလုံ၊ငါမတတ်နိုင်၊ငါသော်မှ သေရဦးမည်ဖြစ်၍ "သဗ္ဗေသတ္တာ ကမ္မဿကာ"ဟု

www.dhammaransi.com



ဆို၏၊ ဘုရားမရှိ-ဟု ယူသောကြောင့် တချက်, ဘုရား မဟုတ်နိုင်၊ ဝင့်ဆိုက်၍ သေရသေးသည်-ဟု ယူသော ကြောင့် တချက် ဤအချက်နှစ်ချက် အကြောင်းကြောင့် ဗုဒ္ဓဘာသာ၌ ဘုရားကို ကိုးကွယ် ဆုတောင်း ဝတ်ပြု ရန်မလို။

(ခ) ခရစ်ယန်ဘာသာက ဘုရားမရှိခဲ့သော် သတ္တဝါတို့သည် အနန္တ သက်သက်ဖြစ်၍ တစုံတခုကို မိမိစွမ်းအားဖြင့် မတတ်နိုင်-ဟု အယူရှိ၍ ဘုရားကို ရှိခိုးဆည်းကပ် ကိုး ကွယ်ကြ၏။

## ဆရာတော်ရှင်းလင်းချက်

"ဂေါတမဘုရားရှိသည့် အခါမှ ခို၍ မလို"ဟူသော စကား၌—

၁။ ခို၍လိုသည့် အမှုလည်း ရှိသည်။

၂။ မလိုသည့် အမှုလည်း ရှိသည်။

ခို၍လိုသည့်အမှုအပြစ်ဟူသည်ကား-မသိသောအပြစ်,မတတ်သော အပြစ်, မလိမ္မာသောအပြစ်, မိုက်မဲတတ်သောအပြစ်, မှားယွင်း တတ်သောအပြစ်, ကြမ်းတမ်းယုတ်မာသော အပြစ်, နောက်နောက် ဘဝတို့၌ ကာလအရှည်အပါယ်ငရဲ၌ ခံရတတ်သောအပြစ်၊ ဤအပြစ် မျိုးသည် ဘုရားကိုဆည်းကပ်ကိုးကွယ်၍ ဘုရားဟောသော တရားကို နေ့ရက်ကျ ကျင့်သော သူတို့အား ထိုနေ့ကစ၍ မနှိပ်စက်နိုင်ပြီ၊လွတ်ငြိမ်း ချမ်းသာ၏၊ထိုမသိတတ်သောအပြစ်,မလိမ္မာတတ်သောအပြစ်,မိုက်မဲ မှောက်မှားတတ်သော အပြစ်များကို ဘုရားမှသာ ကယ်နိုင်သည်။

ကယ်နိုင်သည်ဆိုသည်မှာ အမှန်ကို နေ့ရက်ကျ သိအောင် ဟော၍ ပေးနိုင်သည်၊ လိမ္မာအောင်, မမှောက်မမှားရအောင် ဟော၍ပေး နိုင်သည်၊ ဘုရားမှတပါး ကောင်းကောင်းကြီးလိမ္မာအောင် ဟော၍ ပေးနိုင်သောသူ တဦး တယောက်မျှ မရှိ၊ အမိုက်ဘေးမှ လွတ်ကင်းလို လျှင် ဘုရားကိုခိုမှ လိုသည်။

[အမိုက်ဘေးကင်းလွတ်၍ အလိမ္မာကို ရနိုင်ခြင်းသည် ဘယ်လောက် အဘိုးတန်သည်-ဟု ဦးစောလှဖြူ မြင်၏လော။]

www.dhammaransi.com



မေး။ လူတယောက်သည် ဥစ္စာပစ္စည်း အလွန်မွဲ၍ အလွန်ဆင်းရဲ၏၊ အလိမ်မာမရှိ၍ အလွန်လည်း မိုက်မဲ၏၊ ထိုသူကို တဦးသောသူက ရွှေတကုဋေ၊ ငွေတကုဋေပေး၍ ဆင်းရဲပျောက်အောင် ကယ်မ-ပေ၏၊ အမိုက်ကိုကား-ပျောက်အောင် မတတ်နိုင်။

တဦးသောသူက အမိုက်အမဲကို ပျောက်အောင် ဟောပြော၍ အလိမ်မာကို ကောင်းကောင်းပေးပေ၏၊ ဥစ္စာပစ္စည်းကိုကား-မပေးနိုင်၊ ထို လူနှစ်ယောက်မှာ ဘယ်သူသာ၍ ကျေးဇူးကြီးသနည်း။

ဖြေ။ အလိမ်မာကိုပေးပေသောသူ၏ ကျေးဇူးသာ၍ ကြီးပါသည်၊ အလိမ်မာကိုရလျှင် ဥစ္စာပစ္စည်းလည်း တည်ထွန်း၍ လာတော့မည်၊ ဥစ္စာပစ္စည်းတွေကိုသာ များများကြီး ပေး၍ အမိုက်မပျောက်လျှင် ထိုဥစ္စာတို့သည် မိုက်၍ ကုန်ဦးမည်၊ ဆင်းရဲမြဲ ဆင်းရဲဦးမည်။

ထို့ကြောင့် ရွှေတကုဋေ၊ ငွေတကုဋေထက် အလိမ်မာကြီးတခုက သာ၍ အဘိုးတန်သည်, သာ၍ မြတ်သည်-ဟု သိသာပါသည်။

ထိုအလိမ်မာကြီးကိုမူကား—ဘုရားသာ ဟော၍ ပေးနိုင်ပါသည်၊ အလိမ်မာကြီးတခုလုံးရလျှင် အပါယ်ငရဲမှလည်း လွတ်အောင်ကြံနိုင်ပါသည်၊ လူဆင်းရဲ မဖြစ်ရအောင်လည်း ကြံနိုင်ပါသည်၊ လူ့ချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာ့ချမ်းသာကိုလည်း ရအောင်ကြံနိုင်ပါသည်၊ အကျွတ်တရားကိုလည်း ယူနိုင်ပါသည်၊ နိဗ္ဗာန်တည်းဟူသော သုခဘုံသို့လည်း ရောက်နိုင်ပါသည်။

[ဤကား-ဘုရားကိုခို၍လုံသော အမှုအပြစ်တွေတည်း။]

ဘုရားကိုခိုသော်လည်း မလုံသောအမှုကား- ဘုရားကို မခိုရဘူးသေးသောကြောင့် မလိမ်မာနိုင်သည်ဖြစ်၍ ရှေးရှေးကမ္ဘာက ရှေးရှေးဘဝတို့က အမိုက်တရားတွေကို များစွာလက်လွန်ခဲ့ပြီးသော သူတို့အား တခုတခုသော အမိုက်တရားက အကျိုးပေးချိန်ရောက်၍ မိမိ

www.dhammaransi.com



မိုက်ခဲ့သောအပြစ်အားလျော်စွာ မကောင်းကျိုးကို ခံနေရသောသူတို့ကို ဘုရားမကယ်နိုင်၊ ခို၍မလုံ။

ခို၍မလုံဆိုသော်လည်း အနည်းငယ်သော အပြစ်မှန်လျှင် ခို၍လုံပါသေး၏၊ ရှေးကမိုက်ချက်အားကြီးလှသော အပြစ်မှန်လျှင် ခို၍မလုံ၊ ဘုရားကိုဖက်၍နေသော်လည်း မပျောက်၊ ရှေးရှေးကအမိုက်လက်လွန်အားကြီးလှ၍ အပါယ်ငရဲ၌ခံ၍နေရသောသူကို ဘုရားမတတ်နိုင်။

[ငါတို့ဘုရားသာ မတတ်နိုင်သည်မဟုတ်၊ ထာဝရဘုရားလည်း မကတ်နိုင် မကယ်နိုင်။]

အကျွတ်တရားကိုရ၍ လက်လွန်ခဲ့သောအပြစ်ကို ဝန်ချ၍ တောင်းပန်လာလျှင် ထာဝရဘုရားက ချမ်းသာခွင့်ပေးနိုင်၏'' ဟူသောစကားသည်–

လားလားမဟုတ်၊ ထာဝရဘုရားကို ကိုးကွယ်သူ အကန်းတွေ, အကျိုးတွေ, အနူတွေ, အရူးတွေ, အမွဲအတိတွေ, မင်းပြစ် မင်းဒဏ်ခံနေရသောသူတွေ အထောင်မက များသည်ကို မြင်၍ ထိုစကားမဟုတ်ကြောင်းကို သိသာလှပါသည်။

ရှေးရှေးက အမိုက်လက်လွန်ခဲ့ပြီးဖြစ်သော်လည်း ထိုအမိုက်မှုတို့အကျိုးပေးချိန် မရောက်သေးမီ ဘုရားကိုအခိုဦး၍ ဘုရားစကားကိုကောင်းကောင်းကြီး နားမထောင်နိုင်ပြန်လျှင် လုံးလုံးပျောက်အောင် ဘုရားမတတ်နိုင်။

(က) ၁-ရှေးရှေးသော ဘဝတို့ကလက်လွန်ခဲ့သော မိုက်ပြစ်တွေ အားကြီးလှသောသူ၊ ၂-ဘုရားကို အခိုနောက်ကျသောသူ၊ ၃-ခိုရုံသာခို၍ ဘုရား စကားတော်ကို ကောင်းကောင်းကြီး နားမထောင်နိုင်သောသူတို့ကိုလည်း ငါဘုရားမတတ်နိုင်ဟု ဟောတော်မူပေသည်။

(ခ) အသင်္ခတဓာတ်ခေါ်သော ဓာတ်နု, ဓာတ်မြတ်သို့မကူးနိုင်သေး၍ ခန္ဓာ,နာမ်ဝိညာဉ်ဟူသော ဓာတ်ကြမ်း, ဓာတ်သုဉ်း, ဓာတ်သွံ, ဓာတ်ခွံတွေနှင့် ဖြစ်နေရသေး

www.dhammaransi.com



သော သတ္တဝါတို့ကိုလည်း မနာရအောင်, မအိုရအောင်, မသေရအောင် ငါမတတ်နိုင်ဟု ဟောတော်မူပေသည်၊ မှန်ပါ၏—

(၈) ဘုရားကိုယ်တော် မြတ်မှာလည်း သတ္တဝါအများကို လိမ်မာဖို့ရာ ပိဋကတ်သုံးပုံကို စွဲစုံအောင် ဟော၍ မပြီးသေးသောကြောင့် ခတ်မပြောင်းသော သေးမိ ဖြစ်၍ ငါသော်မှ သေရဦးမည်ဟု ဟောတော်မူပေသည်။

[ခတ်ပြောင်း၍သုခဘုံ၌တည်မိသည့်နောက်အိုသည်,နာသည်, သေသည်ဟူ၍မရှိပြီ၊ ထာဝရဖြစ်ပါတော့သည်။]

ငါတို့ဗုဒ္ဓဘာသာ၌ ခန္ဓာတော်, ပိညာဉ်တော်ဆိုသော ခတ်များသည် ခတ်ကြမ်း, ခတ်သွံတွေဖြစ်သည်၊ မအို, မသေ အမြဲနေသော ထာဝရခတ်မျိုးမဟုတ်၊ အတုမရှိ မြတ်သော အနှစ်သာရဖြစ်သော အသင်္ခတခတ် တခုသည်သာလျှင် မအို, မသေ အမြဲနေသော ထာဝရခတ်ဖြစ်သည်။

[ခရစ်ယန်ဘာသာဝင်တို့ ထိုခတ်ကို မှိုမှန်းမသိကြ။]

"ယခုဘုရားမရှိပြီ-ဟု ယူသောကြောင့် မရှိသော ဘုရားကို ကိုးကွယ်ဆုတောင်းဝတ်ပြုရန် မလို" ဟူသောစကားမှာ—

အဘယ့်ကြောင့်မလိုဘဲ ရှိရအံ့နည်း။

ငါတို့ဘုရားသည် သုခဘုံသို့မပြောင်းမီ ပိဋကတ်သုံးပုံကို ဟောကြား၍ ငါတို့ကို အလိမ်မာပေးခဲ့သော ကျေးဇူးတော် ပိဋကတ်သုံးပုံ ထင်ရှားထားခဲ့ပေ၍ မိမိလုံ့လရှိသလောက် ယခုလည်း လိမ်မာကြရပေသည်၊ နောင်လည်း လိမ်မာကြလိမ့်ဦးမည်၊ ဘယ်အခါမှ ဗုဒ္ဓဘာသာဝင် ငါတို့အပေါ်၌ ကျေးဇူးတော်မြတ် မကွာပါတကား။

၁။ သို့-ကျေးဇူးတော် အနန္တကြီးရင် ဖြစ်ပေ၍ ကိုးကွယ်ဆုတောင်း ဝတ်ပြုကြသည်ကို ဦးစောလှဖြူက အမှား ဆိုမည်လား။

www.dhammaransi.com



၂။ ဘုရား ကျေးဇူးတော်မြတ်ကြီးကို မဆိုထားဘိဦး၊ ဤလောက၌ ခံရပေသော ဆရာသမား, မိဘဂုဏ်ကျေးဇူးများကိုပင် ထိုသူတို့ မရှိသော်လည်း မမေ့ကောင်း, မမေ့ထိုက်-ဟူသော သူတော်ကောင်းတရားကြီး တပါးသည် လူမျိုးတိုင်းမှာပင် ရှိကြသည်ကို ဦးစောလှဖြူ မသိရှာသလား။

၃။ ချင်းရိုင်း,ကရင်ရိုင်းတို့မှာပင် သည်တရား ရှိပါသည်၊ ဦးစောလှဖြူသည် ချင်းရိုင်း, ကရင်ရိုင်းထက်ပင် ရိုင်းသေးသလား။

[ငါတို့လိမ်မာဖို့ ပိဋကတ်သုံးပုံကို ဟောနိုင်အောင် ငါတို့အတွက် သက်သက်နှင့် ပါရမီဖြည့်တော်မူရ၍ ၄-သင်္ချေနှင့် ကမ္ဘာတသိန်း အပင်ပန်းခံတော်မူသော ဘုရားကျေးဇူးတော်မြတ်ကို ရှေး၌ဆိုခဲ့ပြီ။]

"ဝင့်ဆိုက်သေရဦးမည်"ဟူသော စကားမှာ—

ဘုရားတို့မည်သည် ဝင့်ဆိုက်သေရသည်-ဟူ၍ မရှိ၊ ဦးစောလှဖြူ မသိ၍ ဆိုခြင်းမျှဖြစ်သည်။

ခရစ်ယန်ဘာသာဝင် လူတို့သည် သူတို့ထာဝရ ဘုရားမတတ်နိုင်, မမ-နိုင်, မကယ်နိုင်သော အရာတွေများစွာရှိသည်ကို မသိရှာကြ၍ သူတို့ဘုရားကို ကိုးကွယ်လျှင်ပင် အပြစ်ခပ်သိမ်း အကုန်ငြိမ်းသည်-ဟု အယူမှောက်မှားသဖြင့် တရားကို များစွာ မကျင့်ကြဘဲ ဘုရားကိုသာ အားကိုး၍ ရှိခိုးဆည်းကပ် ကိုးကွယ်ကြခြင်းသည် သူတို့ဘုရားကိုကပင် တရားကို စေ့စေ့စုံစုံ မဟောတတ်ရှာ၍ ငါ့ကို ကိုးကွယ်လျှင် အပြစ်ခပ်သိမ်း အကုန်ငြိမ်း၏-ဟု အပြီးစလွယ် လိမ်လည်လှည့်ဖြား၍ ထားခဲ့သော တရားနှင့် ညီကြပေ၏။

[ထာဝရဘုရား မကယ်နိုင်သော အပြစ်တွေကို ရှေး၌ဆိုခဲ့ပါပြီ။]
ဒွါဒသမရှေ့ချိန်ခွင်အဆို ရှင်းလင်းချက်ပြီး၏။

## ရှေ့ချိန်ခွင်အဆို

၁၃—ဗုဒ္ဓဘာသာမှာ ဘုရားမရှိဘဲလျက် မိမိကိုယ်ကျင့် တရားကို ကျင့်လျှင်ပင် ဖြစ်နိုင်၏-ဆို၍ ဘုရားကို အားမကိုး, ဘုရားကို မခိုမှီးရာကျ၏။

www.dhammaransi.com



**ဆရာတော်ရှင်းလင်းချက်**

ဤစကား၌—

မိမိကိုယ်ကျင့်တရားကို မိမိကျင့်မှ ဖြစ်နိုင်သည် မှန်ပါ၏၊ မိမိကိုယ်ကျင့် တရားကိုမူကား—

၁။ ဘုရားက ဟောၡ်ပေးမှ နေရာကျ ကျင့်တတ်သည်၊ ကျင့်တတ်အောင် ဟောၡ်ထားခဲ့ပေသော ကျေးဇူးတော်တွေသည် အနန္တရှိပေသည် ဖြစ်၍ ဘုရားကို အားလည်းကိုးရသည်၊ ခိုလည်းခိုမှီးရသည်။

၂။ ဘုရား၏ ကျေးဇူးတော် ဂုဏ်တော်မြတ်ကို သိ၍-ယုံကြည်၍ အားကိုးခြင်း, ကိုးကွယ်ခြင်း, ဝတ်ပြုခြင်း, လှူဒါန်းပူဇော်ခြင်းများသည်လည်း မိမိကိုယ်ကျင့် တရားတွေပင် ဖြစ်သည်။

[ဦးစောလှမြို့ ဆိုခွင့်မရှိ။]

တေရှသမရွေချိန်ခွင်အဆို ရှင်းလင်းချက်ပြီး၏။

**ရွှေချိန်ခွင်အဆို**

၁၄—ဘုရားမရှိဘဲဖြစ်နိုင်လျှင် ။လ။ သွန်သင်ရာကျ၏။

**ဆရာတော်ရှင်းလင်းချက်**

ဤစကား၌-

၁။ အတုမရှိသော ကျေးဇူးရှင်ကြီး ဖြစ်သော ဘုရားကိုကြည်ညို စိတ်နှင့် မ-ပါ, ကယ်-ပါ, ဆုပေးတော်မူပါ-ဟု တောင့်တခြင်းများသည်လည်း ကိုယ်ကျင့် တရားတွေပင် ဖြစ်သည်။

၂။ ဘုရားတည်းဟူသောအာရုံကို လိုက်လိုက်လှဲလှဲ အာရုံခံခြင်းဖြစ်၍ယခုအနီးအနား၌ဘုရားမရှိသော်လည်း ရှိသလောက်ပြု၍ အာရုံခံနိုင်သောသူဖြစ်ပေ၍ အလွန်ကောင်းမြတ်သော ကိုယ်ကျင့်တရားကို အားထုတ်သောသူ ဖြစ်ပေသည်။

[ဘုရားအဓိပ္ပါယ်မလကားဟု ဆိုခွင့်မရှိပေ။]

ဘုရားကိုကိုးကွယ်ခြင်းအမှုသည် ကိုယ်ကျင့် တရားကောင်းကြီးတခု ပင်ဖြစ်၍ ဤကိုယ်ကျင့်တရားသည်လည်း လိုပတ်အကျိုးကို ပေးနိုင်ပါ၏။

စုဒ္ဒသမရွေချိန်ခွင်အဆို ရှင်းလင်းချက်ပြီး၏။

www.dhammaransi.com



## ရှေ့ချိန်ခွင်အဆို

၁၅–လူတို့သည် အနန္တပြစ်၍ ။လ။ လျော်ကန်သင့်မြတ်၏။

### ဆရာတော်ရှင်းလင်းချက်

ဤစကားမှာ သတ္တဝါတို့သည် အနန္တပင်ဖြစ်သော်လည်း–

၁။ ဘုရားဟောသော တရားကို ငါသိအောင်, လိမ်မာအောင် အားထုတ်ရမည်။

၂။ သိတိုင်း ကျင့်နိုင်အောင် ငါကျင့်မည်။

၃။ ဘုရားကို ကိုးကွယ်သော အကျင့်ကိုလည်း ငါကျင့်နိုင်အောင် ကျင့်မည်ဟု မိမိအားကိုလည်း မိမိကိုးရမည်၊ ဘုရားကိုလည်း အားကိုးမည်။

ခရစ်ယန်ဘာသာဝင်တို့မှာ ဘုရားတရားကို သိအောင်, လိမ်မာအောင်,ကျင့်နိုင်အောင်ဟူသော မိမိအားကိုပယ်ထား၍ ဘုရားကိုသာ သက်သက်အားကိုးခြင်းသည်အပြစ်ခပ်သိမ်းကုန်ငြိမ်းအောင် ကယ်နိုင်သောဘုရား မဟုတ်၍ မသင့်။

"အနန္တတန်ခိုး ရှိတော်မူသောကြောင့် ဘုရား မတတ်နိုင်သော အရာ တစုံတခုမရှိ၍ မိမိ၌ဘေးဥပဒ်ရောက်သည့်အခါ ကယ်-ပါ,မ-ပါ ဟုဆုတောင်းကြခြင်းသည် လျော်ကန်သင့်မြတ်၏" ဟူသောစကား၌–

ဘေးဥပဒ်ရောက်သည့်အခါ ကယ်-ပါ,မ-ပါဆိုလျှင် ခဏချက်ချင်း ဘေးဥပဒ်ပျောက်ငြိမ်းပေလျှင် လျော်ကန်သင့်မြတ်ပေ၏၊ ကယ်-ပါ, မ-ပါဆိုကာမျှနှင့် ခဏချက်ချင်း ပျောက်ငြိမ်းသည်ကို တယောက်မျှ မမြင်ဘူး,မကြားဘူးရ၊မပျောက်ငြိမ်းနိုင်၍ ဆေးရုံတော်တွေ-ဆရာဝန်တွေနှင့် တကဲကဲနေရသူ,-မပျောက်နိုင်ဘဲ သေ၍သွားသူတို့ကိုမူကား-မြင်ဘူးလှပါပြီ။

[ထို့ကြောင့် ထာဝရဘုရား မတတ်နိုင်သောအရာ တစုံတခုမရှိဟု ယုံကြည်၍ အားကိုးကြခြင်းသည် အမှားစင်စစ်ဖြစ်၏။]

www.dhammaransi.com



"တရားတော်အတိုင်း ကျင့်ဆောင်သည့်အခါလည်း ဆုပေးတော်မူပါဟု ဆုတောင်းသည်"ဟူသော စကား၌— ·

၁။ ထာ၀ရဘုရား မတတ်နိုင်သောအရာ တစုံတခုမရှိသည်မှန်လျှင် ဗုဒ္ဓဘာသာမှာကဲ့သို့ အဘယ့်ကြောင့် တရားတော်အတိုင်း ကျင့်ဆောင်သည်ဟု ရှိရပြန်သနည်း။

မကျင့်ဘဲနှင့်ပင် ဆုသာတောင်း၍ နေပါတော့လော။

၂။ တရားတော်အတိုင်း ကျင့်ဆောင်သူကိုမှဆုပေးနိုင်သည်၊မကျင့်ဆောင်သူကိုမူကား-ဆုမပေးပိုင်သလော၊မပေးနိုင်လျှင် ငါတို့ဗုဒ္ဓဘာသာနှင့် ဘာထူးသေးသနည်း။

ကိုယ်ကျင့်တရားကိုလည်း တဖက်အားကိုး ရသေးသည် မဟုတ်လော။

၃။ ငါတို့ဘုရားလည်းသုခဘုံမှာထာ၀ရအမြဲတည်နေတော်မူသည်၊ ထာ၀ရဘုရားလည်း သုခဘုံမှာ ထာ၀ရအမြဲနေသည်။

ငါတို့ဘုရားလည်း တရားတော်အတိုင်း ကျင့်ဆောင်သောသူကိုသာ ကယ်နိုင်, ဆုပေးနိုင်သည်၊ထာ၀ရဘုရားလည်းတရားတော်အတိုင်း ကျင့်ဆောင်သောသူကိုသာ ကယ်နိုင်, ဆုပေးနိုင်သည်၊ ဘာထူးသေးသနည်း။

၄။ ငါတို့ဘုရားမှာ ခန္ဓာတော်, ဝိညာဉ်တော်ဟူသော ဓာတ်ကြမ်းကြီးတွေကို စွန့်ပစ်ပြီးလျှင် အသခ်တဓာတ်ဟူသောအတုမရှိသော နာမ်ဓာတ်တော်နှင့် စံနေသည်၊ ထာ၀ရဘုရားမှာ ခန္ဓာတော်, ဝိညာဉ်တော်ဟူသော ဓာတ်ကြမ်းကြီးတွေနှင့် နေရသည်၊ သည်မျှသာ ထူးကြသည်မဟုတ်လော။

· ငါတို့ဗုဒ္ဓဘာသာ၌ ခန္ဓာတော်,ဝိညာဉ်တော်ဟူသော ဓာတ်ကြမ်းကြီးတွေကိုမစွန့်ဘဲ သုခဘုံတမျိုး၌နေသော သူများကို "ဗြဟ္မာ" ဟူ၍သာခေါ်သည်၊ "ဘုရားရဟန္တာ" မခေါ်၊ခန္ဓာတော်,ဝိညာဉ်တော် ဟူသောဓာတ်ကြမ်း,ဓာတ်ဖြုန်းတွေကို အကုန်လုံးလဲ၍ အတုမရှိ အထွတ်အထိပ်ဖြစ်သော အသခ်ကဟူသော ထာ၀ရဓာတ်သို့ ကူးပြောင်း၍နေသော သူများကိုသာ"ဘုရားရဟန္တာ"ခေါ်သည်။

www.dhammaransi.com



ခရစ်ယန်ဘာသာ၌ ထာဝရစခန်းသို့ ကူးပြောင်းရန်ကို မဆိုထားလင့်၊ ဗြဟ္မာ့ဘုံသို့ ရောက်စေတတ်သော အကျင့်ပင်သက်သက်မရှိ။

ငါတို့ဗုဒ္ဓဘာသာမှာသာ သူတို့ထာဝရ ဘုရားခေါ်သော ဗြဟ္မာ့ဘုံသို့ရောက်စေတတ်သော အကျင့်တို့ထက် အဆသချေမက မြတ်ထွတ်လှသော ထာဝရစခန်းအစစ်သို့ ရောက်စေတတ်သော အကျင့်တို့သည် အထင်အရှားများစွာရှိသတည်း။

ပန္နရသမရှေ့ချိန်ခွင်အဆို ရှင်းလင်းချက်ပြီး၏။

## ရှေ့ချိန်ခွင်အဆို

၁၆—ဗုဒ္ဓဘာသာကလည်း ဘုရား၌ အနန္တတန်ခိုးတော်, အနန္တကရုဏာတော်ရှိသည်ဟုဆို၏၊ လ၊ အဘယ်သူကို မှီခိုကိုးကွယ်ရမည်နည်း။

## ဆရာတော်ရှင်းလင်းချက်

၌စကားမှာ ဦးစောလှဖြူသည်-

၁။ တန်ခိုးတော်နှင့် တတ်နိုင်ကောင်းသောအရာ, မတတ်နိုင်ကောင်းသောအရာ,

၂။ ကရုဏာတော်နှင့် ကယ်နိုင်ကောင်းသော အရာ, မကယ်နိုင်ကောင်းသောအရာများကို ခွဲခြမ်း၍ သိနိုင်သောဉာဏ် မရှိရှာ၍ အထပ်ထပ် အလည်လည်မြည်တွန်တောက်တီးခြင်းမျှသာ ဖြစ်သည်။

[ရှေး၌ပင် ပြီးပြေပြီးဖြစ်၍ အသစ်ဖြေဆိုဖွယ် မရှိတော့ပြီ။]

သို့သော်လည်း ၌စကား၌-

၁။ အနန္တကရုဏာရှိတော်မူသောဘုရားကို ကရုဏာမရှိဟု ဆိုရာကျသည် ဟူသောစကားတချက်,

၂။ ဘုရားကို ပုတ်ခတ်ရာကျသည်ဟူသော စကားတချက်,

၃။ ဘုရားသည် အပိုဖြစ်သည်ဟူသော စကားတချက်,

၄။ တရားတော်ကိုလည်း ပုတ်ခတ်ရာကျသည် ဟူသော စကားတချက်,

၅။ ငရဲမှ လွတ်ကင်းနိုင်ရာ မရှိဟူသော စကားတချက်,

www.dhammaransi.com



ဤသို့ အချက်များစွာအပြစ်တင်၍ အလိုင်းတကြီးဆိုလေသည်မှာ-

၁။ ဘုရားတို့၏ အနန္တကရုဏာတော်နှင့် ကယ်နိုင်ကောင်းသော အရာလည်းရှိသည်။

၂။ မကယ်နိုင်ကောင်းသော အရာလည်းရှိသည်။

၃။ အနန္တတန်ခိုးတော်နှင့် တတ်နိုင်ကောင်းသော အရာလည်းရှိသည်။

၄။ မတတ်နိုင်ကောင်းသော အရာလည်း ရှိသည်များကို ခရစ်ယန်ဘာသာဝင်တို့ ခွဲခြမ်း၍ မသိရှာကြ၍ ဆိုမိရှာကြလေသည်။

[အနန္တကရုဏာတော်, အနန္တတန်ခိုးတော်များနှင့် မ-နိုင်ကောင်းသောအရာ,မ မ-နိုင်ကောင်းသောအရာများကို ရှေး၌ ခွဲခြမ်း၍ပြခဲ့ပါပြီ။]

"ထာဝရဘုရားသည် မတတ်နိုင်သောအရာ တစုံတရာမျှ မရှိ"ဟု-ခရစ်ယန်ဘာသာဝင်တို့ ယုံကြည်ကြခြင်းသည် မယုံတန်သည်ကိုယုံကြည်မိ၍ သူ့ကျွန်ဖြစ်ရသောသူနှင့် တူလှလေ၏။

**တူပုံကား။** လူလိမ်တယောက်သည် သူငယ် လေးယောက်ကိုမြင်၍ တသက်လုံးကျွန်အနေနှင့်စေခိုင်းရအောင် ကြံဖန်၍ တခုသော သစ်ပင်၏ အခေါင်း၌ စာရေး၍ထားပြီးသော် သူငယ်လေးယောက်ကို ဆို၏၊ငါ့မိဘသည် ဤရွာဝယ် ကုဋေရှစ်ဆယ်ကြွယ်သော သူဌေးကြီးဖြစ်သည်၊ထိုအခါ သင်တို့ကိုအပေါင်ပြု၍ သင်တို့မိဘတို့သည် ငွေတသိန်းယူဘူးသည်၊ငွေတသိန်းရင် ပေးကြ,ငါ့ကျွန်ရင် လုပ်ကြဟု ဆို၏။

သက်သေပြပါဆိုသော်—သစ်ပင်စောင့် နတ်သိသည်၊ သင်တို့မယုံလျှင် သစ်ပင်ခေါင်းမှာ လက်နှင့်နှိုက်ကြ၊သစ်ပင်စောင့်နတ်က စာရေး၍ ထွက်ဆိုလိမ့်မည်-ဟု ဆို၏၊ သစ်ပင်ခေါင်းကို နှိုက်လေသော် စာကိုတွေ့မြင်၍ သူငယ်လေးယောက်တို့ ယုံကြည်ကြသဖြင့် အသက်ထက်ဆုံး သူ့ကျွန်ခံရလေကုန်၏။

## နှိုင်းယှဉ်ပြချက်

၁။ ဓမ္မဟောင်းကျမ်း,နှင့် ဓမ္မသစ်ကျမ်းခေါ်သော စာအုပ်ကို လုပ်ကြံရေးထားပေသော ပဌမဆရာသည် လူလိမ်နှင့်တူ၏။

www.dhammaransi.com



၂။ အကယ်မဟုတ်သော ထာဝရဘုရားသည် သစ်ပင်စောင့်နတ်နှင့် တူ၏။

၃။ ခရစ်ယန် ဘာသာဝင်တို့သည် သူငယ် လေးယောက်နှင့်တူ၏။

"ဘုရားမရှိလျှင် ဗုဒ္ဓဘာသာဝင်တို့ တရားတော်အတိုင်း မကျင့်၊ မကောင်းမှုကို ပြုမိသောကြောင့် ဘေးရောက်သောအခါ ကယ်ပါ-ဟု အဘယ်သူကို မှီခိုကိုးကွယ်ရပါအံ့နည်း"ဟူ၍ အပြစ်တင်ရာ၌ လည်း–

ငါတို့မြတ်စွာဘုရားသည်-ခန္ဓာ, နာမ်ဝိညာဉ်တော်-ဟူသောခတ်ယုတ်,ခတ်ကြမ်းတွေကို စွန့်ပြီးလျှင် အသင်္ခတခေါ်သော အထွတ်အထိပ်ဖြစ်သော ခတ်ကောင်း,ခတ်မြတ်သို့ ကူးပြောင်း၍ နိဗ္ဗာန်ဘုံသို့ တက်တော်မူပြီးလျှင် အနိစ္စ,ဒုက္ခ, အတ္တမနိုင်သော နိဗ္ဗာန်ဘုံမှာ အိုခြင်း,နာခြင်း,သေခြင်းမရှိ၊အမြဲစံနေတော်မူသည်၊ လောကသို့တဖန် မပြန်လာတော့ပြီ။

ထို့ကြောင့်–

၁။ ဤလောကမှာ"ငါတို့ဘုရား မရှိပြီ"ဟူ၍လည်း ဆိုရပါ၏။

၂။ ဘုရားမရှိသော်လည်း ဘုရားကိုယ်တော်မြတ်၏ အစိတ်ဖြစ်သော ခတ်တော်, မွေတော်, ဒေသနာတော် ထင်ရှားရှိပေသောကြောင့် "ငါတို့ဘုရား ထင်ရှားရှိသည်" ဟူ၍လည်း ဆိုရပါ၏။

၃။ ဒေသနာတော် ထင်ရှားရှိပေသောကြောင့် တရားတော်အတိုင်း ကျင့်လိုလျှင် ကျင့်နိုင်ကြပါ၏။

မကျင့်လို၍ မကျင့်လေဘဲ မိုက်မဲသဖြင့် မကောင်းမှုကို ပြုမိသောကြောင့် ဘေးရောက်သော အခါ မူကား-ငါတို့ဘုရားလည်း မကယ်နိုင်၊ ထာဝရဘုရားလည်း မကယ်နိုင်၊ပြုမိသော မကောင်းမှုကြေကုန်အောင် ခံရမြဲ ဓမ္မတာပေတည်း။

လောကတံထွာဓမ္မတာကား–

၁။ ခရစ်ယန်ဘာသာဝင် လူတယောက်သည် ခရစ်ယန်ဘာသာကို မခံယူသော နိုင်ငံအတွင်း၌ နေ၍ ထိုနိုင်ငံရှင်မင်းကို ပုန်ကန်ပုန်

www.dhammaransi.com



စားပြုလေအံ့၊ ဘေးရောက်မည်၊ ထိုအခါ ထာဝရဘုရား ကယ်ပါဆိုသော် လွတ်ငြိမ်းပါမည်လော။

၂။ ခရစ်ယန်ဘာသာကို ခံယူသော နိုင်ငံအတွင်း၌ ဖြစ်ပေမူကား- လိုနိုင်ငံရှင်မင်းတို့သည် ယေရှုခရစ် ဆရာကြီးတို့ကို ရှိသေသောအားဖြင့် လွတ်ပေရာ၏။

[ထာဝရဘုရားကယ်၍ လွတ်သည်မဟုတ်။]

"ခရစ်ယန်ဘာသာ၌ ဘုရားသခင်, ယေရှုခရစ်နှင့်, ဝိညာဉ်တော်တပါး, သရဏဂုံသုံးပါးနှင့် ပြည့်စုံတော်မူသောကြောင့် အားကိုးမှီခိုရာရှိ၍ မှီခိုအားကိုးသည့် အတွက် အကျိုးဖြစ်၏၊ မြတ်စွာဘုရား၌ အနန္တတန်ခိုးတော်, အနန္တကရုဏာတော်ရှိသောကြောင့် ကယ်မ-တတ်သည်-ဟု စိတ်ချယုံကြည်သင့်ပေ၏"-ဟူသောစကား၌—

၁။ "ခရစ်ယန်ဘာသာ၌ သရဏဂုံသုံးပါးပြည့်စုံသည်" ဆိုသောစကားမှာ-သရဏဂုံသုံးပါး မှိုကြောင်းကို ယုံကြည်လောက်သောမျက်မြင်သက်သေ မရှိ။

၂။ ဝါတ္တိဗုဒ္ဓဘာသာမှာသာ သရဏဂုံသုံးပါး ရှိကြောင်းကို ယုံကြည်လောက်သော မျက်မြင်သက်သေရှိသည်။

သောဠသမ ရှေ့ချိန်ခွင်အဆို ရှင်းလင်းချက်ပြီး၏။

---

## မြန်မာတမန်စာ ကြော်ငြာကို ဆရာတော်ရှင်းလင်းချက်

"ရန်ကုန်မြို့ ၁၂၆၅-ခု ဝါဆိုလ နံပါတ် ၇" ဟူ၍ ပါရှိသော ခရစ်ယန် မြန်မာတမန်စာ အဝေးသာသနာ၏ အကြောင်း ၂-ဂဏန်း အချက်မှာ ထုတ်ဖေါ်ကြော်ငြာ ချက်ပါရှိသည်ကား-

၂-(က) အမှုတော်ကိုဆောင်ရွက်ခြင်း၌ ဘုရားသခင်သည် အသရေထင်ရှားကျော်စောသော သူတို့ကိုဌင်း, လိမ်မာစွာ တန်ခိုးနှင့်စီမံသူတို့ကိုဌင်း, လောကီပညာရှိတို့ ကိုဌင်း, မင်းအမျိုးအနွယ်ဖြစ်သူ တို့ကိုဌင်း များစွာ အသုံးပြုတော် မမူတတ်ပါ။

www.dhammaransi.com



(ခ) လောကီအရာ၌ မိုက်မဲသောသူ, အားနည်းသောသူ, ဆင်းရဲလှသောသူ, စိတ်နှိမ်ချ နူးညံ့သောသူ, ယုတ်ညံ့သောသူတို့ကို ရွေးကောက် ခန့်ထား၍ အသုံးပြုတော်မူ၏ဟူ၍ ထုတ်ဖော်ကြော်ငြာချက်ရှိပေ၏။

**ဆရာတော်ရှင်းလင်းချက်**

ဤကမ္ဘာမြေပေါ်၌-

၁။ အသရေထင်ရှားကျော်စောသောသူတမျိုး,

၂။ လိမ်မာစွာတန်ခိုးနှင့်စီမံသူတမျိုး,

၃။ လောကီပညာရှိတမျိုး,

၄။ မင်းမျိုးမင်းနွယ်ဖြစ်သူတမျိုး,

ထာဝရဘုရားသခင် အသုံးမပြု၊ ပယ်ထားသူ လူလေးမျိုးတရပ်။

၁။ မိုက်မဲသောသူ,

၂။ အားနည်းသောသူ,

၃။ ဆင်းရဲလှသောသူ,

၄။ စိတ်နှိမ်ချ နူးညံ့သောသူ,

၅။ ယုတ်ညံ့သောသူ,

ဤကမ္ဘာမြေပေါ်၌ ထာဝရဘုရားသခင် ရွေးကောက် ခန့်ထား၍ အသုံးပြုတော်မူသောသူ လူငါးမျိုးတရပ် ခြားနား၍ မှတ်ရမည်ဟု ထုတ်ဖေါ်ကြော်ငြာချက် ဖြစ်ပေသည်။

**သက်သေခံချက်နှင့် သတိပေးချက်**

ဤထုတ်ဖေါ်ကြော်ငြာချက်ဖြင့် ဤသို့သောသက်သေကို ခံပေ၏။

၁။ မာရီဟူသော သူဆင်းရဲမမှ မွေးဖွါးသော ခရစ်ယန်ဆရာကို သားတော်အရာနှင့် ရွေးကောက်ခန့်ထား၍ ကယ်ချွတ်မှု၌ အသုံးပြုတော်မူ၏။

၂။ ဓမ္မဟောင်း ကျမ်းပေါင်း(၃၉) ဓမ္မသစ်ကျမ်းပေါင်း (၂၇) တို့ကို ပြုကြကုန်သော သူတို့ကိုလည်း ကျမ်းပြုအရာနှင့် ရွေးကောက်ခန့်ထား၍ အသုံးပြုတော်မူ၏။

www.dhammaransi.com



၃။ ထိုမှတပါး (က)တမန်တော်အရာနှင့် အသုံးပြုသောသူ,(ခ) တရားဟောပရောဖက်အရာနှင့် အသုံးပြုသောသူ, (ဂ)သာသနာပြုဆရာ အရာနှင့် အသုံးပြုသောသူ,

ဤအလုံးစုံသော သူတို့သည် မိုက်မဲသောသူ အစရှိသော ထာဝရဘုရား အသုံးပြုတော်မူသောသူ လူငါးမျိုးထဲကချည်း ဖြစ်ကြကုန်သည်ဟု ထုတ်ဖေါ်ကြော်ငြာ၍ သက်သေခံပေ၏။

ထာဝရဘုရား အသုံးမပြု ပယ်ထားသောအသရေ ထင်ရှားကျော်စောသောသူ အစရှိသော လူလေးမျိုးထဲက မဟုတ်ကြကုန်ဟု ထုတ်ဖေါ်ကြော်ငြာ၍ သက်သေခံပေ၏။

[ဤကား-သက်သေခံချက်တည်း။]

ဂုင်းသက်သေခံမှုသည် ယခုဤနိုင်ငံပေါ်တွင် မျက်မြင်ဒိဋ္ဌနှင့်လည်း ညီညွတ်လှပေ၏၊ဤနိုင်ငံပေါ်တွင် မျက်မြင်ဒိဋ္ဌနှင့် ညီညွတ်လှသည်ကို တွေ့မြင်ကြရသဖြင့်လည်း အရပ်ရပ်ကမ္ဘာမြေပြင်ပေါ်ရှိ နိုင်ငံတို့မှာလည်း ဤနည်းအတိုင်းဟု ယုံကြည်ကိုက်လှပေ၏။

"ထာဝရဘုရား အသုံးပြုတော်မူသော လူငါးမျိုး"တို့ကို ထုတ်ဖေါ်ကြော်ငြာ၍ ပြပေသဖြင့်-

၁။ ထာဝရဘုရား ရွေးကောက်ခန့်ထား၍ အသုံးပြုတော်မူကုန်သော ကျမ်းပြုဆရာတို့၏ ကျမ်းစကားများကိုဂုင်း,

၂။ သာသနာပြု တရားဟောဆရာတို့၏ တရားစကားများကိုဂုင်း, နာခံသူ အများတို့သည် သတိကြီးကြီးထား၍ နာကြပါလေကုန်ဟူသော အချက်ကိုလည်း သတိပေးပေ၏။

[ဤကား-သတိပေးချက်တည်း။]

[သက်သေခံချက်, သတိပေးချက်အတိုင်း ရွေချိန်ခွင်စာအုပ်ကို ကြည့်ရှုဆင်ခြင်ကြရာ ထိုစာအုပ်ကိုပြုလုပ်စီရင်သော ဆရာသည် ထာဝရဘုရား အသုံးပြုတော်မူသော လူငါးမျိုးထဲက မှန်လှပေသည်-ဟု ဒုတိယသက်သေကို တွေ့ရှိရပြန် ပေသတည်း။]

www.dhammaransi.com



## ရွှေချိန်ခွင်သည်ဒုတိယသက်သေ

အဘယ်သို့တွေ့ရှိရပြန်သနည်း-ဟူမူကား—

ဗုဒ္ဓဘာသာပိဋကတ်၌ တရားအရေအတွက် အစုအပေါင်းအားဖြင့် ဓမ္မက္ခန္ဓာအပေါင်း ရှစ်သောင်းလေးထောင် အရေအတွက် ရှိသည်-ဟု ဗုဒ္ဓဘာသာ၌ ပြောရိုး,ဆိုရိုးအစဉ်ထင်ရှားရှိပါ၏၊ ရေတွက်ပိုင်းခြား၍ ထားအပ်သော တရားအစုအပေါင်းလည်း ထင်ရှားရှိ၏။

ရွှေချိန်ခွင်ဆရာသည်ကား—တရား ၂-ပါး နှိုင်းချိန်ခန်း ဖြစ်သော နံပါတ် ၁၀-၌ ရှင်ဂေါတမတရားရင်း-ဟူသည်ကား—

၁။ သူ့အသက်ကို မသတ်နှင့်,

၂။ သူ့ဥစ္စာကို မခိုးနှင့်,

၃။ သူ့အိမ်ရာကို မပြစ်မှားနှင့်,

၄။ လိမ်၍ ဝါ၍ မပြောနှင့်,

၅။ သေရည်သေရက်ကို မသောက်နှင့်-ဟု ပဉ္စသီ ၅-ပါးသာရှိ၏၊ ထိုသို့ဆိုသော် ကာယကံ, ဝစီကံကိုသာ ပညတ်၍ မနောကံကို မပညတ်-ဟု ဆို၏။

ရွှေချိန်ခွင်ဆရာသည် ပဉ္စသီငါးပါးမျှကိုသာ ကြားဘူးရှာ၏၊ပဉ္စသီငါးပါးသည် ဗုဒ္ဓဘာသာမှာ အစမျှသာ ဖြစ်၏၊ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်း လေးထောင်နှင့် အလွန်ကွာလှမ်းလျက်ရှိ၏၊ ဤအချက်ကို တွေ့မြင်ကြသဖြင့် ရွှေချိန်ခွင်ဆရာသည် ဗုဒ္ဓဘာသာတရား၌ သိနိုင်, လိမ်မာနိုင်ရန် စခန်းအဘယ်မျှလောက် ကွာသည်-ဟု ဆင်ခြင်မိကြကုန်ရာ၏။

**ဥပမာကား။** အမိဝမ်းမှ မျက်စိအင်္ဂါချို့တဲ့၍ လာခဲ့သော ဇစ္စန္ဓ ဖြစ်သူတယောက်သည် တဦးသောသူကို ဆိုရာ၏၊ မဟာသမုဒ္ဒြာသည် ကျော်စောလှ၏၊မဟာသမုဒ္ဒြာသို့ ငါ့ကို ပို့ပါ၊ရောက်ဘူးသည်ရှိရပါစေ ဟု ဆိုပေရာ၏၊ ထိုအခါ မဟာသမုဒ္ဒြာ ဆိပ်ကမ်းသို့ ရောက်အောင် ဆောင်ပို့၍ မဟာသမုဒ္ဒြာသို့ သက်ဆင်းရာ ရေဆိပ်အစ၌ တသစ်, နှစ်သစ်, သုံးသစ်, လေးသစ်,ရှစ်သစ်,တထွာမျှ နက်သော ရေသို့ရောက်အောင်ပို့၍ မိမိနေရာသို့ ပြန်ခဲ့ကြရာ၏။

www.dhammaransi.com



ယိုဇစ္စန္ဒအား မိမိဆင်းသက်ရာဖြစ်သော တဖျာရာ, တညောင်စောင်းရာဌာန အလွတ်ဖြစ်သော မဟာသမုဒ္ဒရာအပြင်ကို မြင်နိုင်သော မျက်စိအလိမ်မာလည်းမရှိ၊ မဟာသမုဒ္ဒရာမည်သည် အနက်အကျယ် ယူဇနာပေါင်းရှစ်သောင်းလေးထောင် ရှိသည်-ဟူသော စကားကိုမျှ ကြားဘူးသော နားအလိမ်မာလည်း မရှိ။

ထိုသူ၏နေရာ ရပ်ရွာဌာန၌ကား-ရွာတံခါး၀တို့၌ မိုယ်းလအခါမှာ ပုဆစ်ဒူးပန့်, ရေအိုးတင်ခန့်တိုင်အောင် ကျွံနစ် နက်ရှိုင်းသော နွားအိုင်ပွက်ကြီးတခုရှိရာ၏၊ ထိုသူသည် ရပ်ရွာဌာနသို့ ရောက်သောအခါ မဟာသမုဒ္ဒရာနှင့် ရပ်ရွာတံခါး၀ နွားအိုင်ကိုယှဉ်ပြိုင်၍ ဤသို့ပြောဆိုလေ့ရှိရာ၏၊ မဟာသမုဒ္ဒရာသည် ငါတို့ရွာတံခါး၀ နွားအိုင်မျှ အနက်အကျယ်မရှိ-ဟု ပြောဆိုလေ့ရှိရာ၏။

## နှိုင်းယှဉ်ပြချက်

၁။ ဗုဒ္ဓဘာသာ ပိဋကတ်ကျမ်းစာသည် မဟာသမုဒ္ဒရာနှင့် တူ၏။

၂။ ဓမ္မက္ခန္ဓာ ရှစ်သောင်း လေးထောင်သည် မဟာသမုဒ္ဒရာ၏ အနက်အကျယ် ယူဇနာရှစ်သောင်းလေးထောင်နှင့် တူ၏။

၃။ ငါးပါးသီလသည် ထိုသူဆင်းသက်မိရာ သမုဒ္ဒရာဆိပ်ကမ်းအစ လေးသစ်, ရှစ်သစ်, တတ္တာခန့်မျှ တည်ရှိသော ရေအစိတ်နှင့် တူ၏။

၄။ ခရစ်ယန်ဘာသာသည် ထိုသူနေရာ ရပ်ရွာ၌ ရွာတံခါး၀မှာ ရှိနေသော နွားအိုင်ပွက်နှင့်တူ၏။

၅။ ရွှေချိန်ခွင်ဆရာသည် ထိုသူနှင့်တူလှ၏။

မဟာသမုဒ္ဒရာနှင့် ထိုနွားအိုင်ပွက် အတိမ်အနက် ပြိုင်ဆိုင်မှုမှာ—

၁။ ထိုသူကို အကြီးအချုပ် မိုသမတ်ပညာရှိ တင်မြှောက်၍ ယုံကြည်ထိုက်မည်လော။

၂။ ယုံကြည်သူတို့ ရှိခဲ့ပြန်လျှင် ထိုယုံကြည်သူတို့ကား-အဘယ်လို လူစားမျိုး ဖြစ်ကြရာသည်ဟု သိနိုင်ရန်မရှိလော။

ထို့အတူ ဗုဒ္ဓဘာသာတရားနှင့် ခရစ်ယန်ဘာသာတရား အတိမ်အနက် ပြိုင်ဆိုင်မှုမှာ—

www.dhammaransi.com



၁။ ငါးပါးသီလမျှ ကြားဘူးသူကို အကြီးအချုပ် ခုံသမတ်ပညာရှိတင်မြှောက်၍ ယုံကြည်ထိုက်မည်လော။

၂။ ယုံကြည်သူတို့ ရှိခဲ့ပြန်လျှင် ထိုယုံကြည်သူတို့ကား-အဘယ်လိုလူစားမျိုး ဖြစ်ကြရာသည်ဟု သိနိုင်ရန်မရှိလော။

[ဤကား-မြန်မာတမန်စာတွင် ထုတ်ဖေါ်ကြော်ငြာ၍သက်သေခံချက်အတိုင်း ရွှေချိန်ခွင်စာအုပ်သည် ဒုတိယသက်သေ ဖြစ်ပေကြောင်းကို ပြဆိုချက်တည်း။]

တမန်စာကြော်ငြာ ရှင်းလင်းချက်ပြီး၏။

---

## နောက်ဆက်တွဲ

### ရွှေချိန်ခွင်ဘုရားချင်းနှိုင်းယှဉ်ချက်

ထိုမှတပါးလည်း ရွှေချိန်ခွင်စာတွင် မျက်နှာနံပါတ် ၅-ဂဏန်းမှစ၍ ၁၀-ဂဏန်းတိုင် ဘုရားချင်း ချိန်စက်ပြိုင်ချက်ပါရှိ၏။

### ရွှေချိန်ခွင်အဆို

၁–(က) အနှစ် ၄၅-နှစ်သာ ဘုရားအဖြစ်၌ တည်သော ရှင်ဂေါတမကား-မြတ်သလား။

(ခ) အစမထင်,အဆုံးမရှိ ကမ္ဘာအဆက်ဆက် အနန္တကာလပတ်လုံး ဘုရားဇာတိနှင့် ပြည်စုံတော်မူသော ထာဝရဘုရားကား-မြတ်သလား။

[ဤကား-ပဌမအချက်တည်း။]

### ဆရာတော်ရှင်းလင်းချက်

ဤပဌမအချက်၌ အထက်ကောင်းကင်ဘုံ၌ရှိသော ထာဝရဘုရားဆိုသူသည်–

၁။ ဘယ်အကျင့်ကို ထမြောက်အောင် ကျင့်၍ ထိုအဖြစ်သို့ရောက်သည်။

၂။ အသက်ကမ္ဘာမည်မျှလောက် ရှည်သည်။

၃။ အရောင်အဝါ မည်မျှလောက် ထွန်းလင်းသည်။

www.dhammaransi.com



၄။ တန်ခိုးဣဒ္ဓိပါဒ် မည်မျှလောက် ကြီးကျယ်သည်။
၅။ မည်သည့်တရားကို အစွဲအမြဲယူ၍ ဟောလေ့ရှိသည်–

အစရှိသည်ဖြင့် ထိုထာဝရဘုရားဆိုသူ၏ အရင်းမူလအမြစ်အခြေနှင့်တကွ အတ္တုပ္ပတ္တိ အလုံးစုံသည် "ဗုဒ္ဓဘာသာကျမ်းရင်းကြီး" များ၌သာ အသေအချာလာရှိသည်၊ ထိုကျမ်းရင်းကြီးများကို တတ်သောသူတို့မှသာ ထာဝရဘုရားဆိုသူ၏ ဇာစ်မြစ်ကို အကုန်သိနိုင်သည်။

ခရစ်ယန်ဘာသာ၌ ဓမ္မဟောင်း,ဓမ္မသစ်ကျမ်းပြုဆရာတို့ကား-ထာဝရဟူသော အသံမျိုး,တန်ခိုးကြီးကျယ်လှ၏ ဟူသောအသံမျိုး, လောကကိုဖန်ဆင်းသည် ဟူသောအသံမျိုးကိုသာ ကြားဘူးကြကုန်သည်။

ဗုဒ္ဓဘာသာ၌ ငါးပါးသီလမျှကိုသာ ကြားဘူးသော ရွှေချိန်ခွင်ဆရာသည် ထာဝရဘုရား ဆိုသူ၏ ဇာစ်မြစ်ကို အဘယ်မှာ သိနိုင်ရှာအံ့နည်း။

## ထာဝရဘုရား၌ ဘုရားဇာတိရှိမရှိ

"အစမထင်, အဆုံးမရှိ ကမ္ဘာအဆက်ဆက် အနန္တကာလပတ်လုံး ဘုရားဇာတိနှင့်ပြည့်စုံတော်မူသည်" ဟူသော အယူ့စကားသည်လည်း–

ထာဝရဟူသော အသံမျှကို အစွဲပြု၍ ရိပ်ဖမ်း,သံဖမ်း တွေးတောကြံဆ ပြောဟောယုံကြည်ကြသော ပရိကပ္ပစကား သက်သက်သာတည်း၊ သက်သေသာဓက တစုံတခုမျှရှိသော စကားမဟုတ်၊ ထာဝရဘုရားဆိုသူကို အများဒိဋ္ဌ တွေ့မြင်ဘူးကြသည် မဟုတ်၊ တပည့်ရင်းပြုလုပ်၍ ကျမ်းထုတ်လိုသော ဓမ္မဟောင်း,ဓမ္မသစ် ကျမ်းပြုဆရာတို့သည် ထွေထွေလာလာ မာယာပရိယာယ်တို့ဖြင့်–

၁။ ကိုယ်တိုင်မြင်ရလေဟန်,
၂။ ကိုယ်တိုင်ကြားရလေဟန်,
၃။ ကောင်းကင်တမန် ကြွေးကြော်သံကို ကြားရလေဟန်,
၄။ ဝိညာဉ်တော် လာရောက်ပူးကပ်လေဟန် လုပ်ကြံလှည့်ပတ်သော မုသားသက်သေမျှသာ ရှိကြ၏။

www.dhammaransi.com



ထာဝရဘုရားဆိုသူသည် သူတို့ပြောဆိုထင်မှတ် ယုံကြည်ကြသည့်အတိုင်း တန်ခိုးဣဒ္ဓိပါဒ် ရှိခဲ့သည်ဖြစ်အံ့၊ ဘယ်အခါမဆို တထောင်သောပရိသတ်,တသောင်းသော ပရိသတ်,တရွာလုံး,တမြို့လုံး, တနိုင်ငံလုံး မျက်မှောက်ထင်ထင် မြင်ကြရအောင် အရောင်အဝါတောက်ပစွာနှင့်တကွ အလွန်အံ့ဩဖွယ် အလွန်ကြည်ညိုဖွယ်သော ကိုယ်သဏ္ဌာန်ကိုထင်ရှားစွာပြ၍ တရားဓမ္မကိုဟောပြောရမည်အမှန်ဖြစ်၏၊ တရံတဆစ်မျှ ထိုကဲ့သို့ဟောပြောဘူးသည်မရှိ။

### ခရစ်ယန်ကျမ်းစု ဒဂ်ါးတုနှင့်တူပုံ

ခရစ်ယန်ဘာသာ၌ရှိသမျှသော ''ဓမ္မဟောင်း,ဓမ္မသစ်''ကျမ်းစုသည် ထိုကဲ့သို့သော ပရိသတ်အများတို့၏ မျက်မှောက်၌ ကိုယ်သဏ္ဌာန်ကို ထင်ရှားစွာပြ၍ ထာဝရဘုရားကိုယ်တိုင်ဟောသော ကျမ်းဟူ၍ တတိုတစမျှမရှိ၊ တပည့်ရင်းကြီး ပြုလုပ်သူတို့သည် ယုတ်ညံ့လှသောသူတို့ ယုံကြည်သဖွယ် ပရိယာယ်မာယာတို့ကို လုပ်ကြံလှည့်ပတ်၍ ဘုရားပူးကပ်လေဟန်ပြုလျက် မိမိတို့စိတ်အလိုရှိရာကိုရေးသား၍ ထုတ်ကြသော မသူတော်ကျမ်းစု,ကျမ်းလိမ်,ကျမ်းကောက်စုချည်းသာတည်း။

[လူသူတို့မမြင်ကြရာအိမ်ကြိုအိမ်ကြား ချုံကြိုချုံကြား၌ ပြုလုပ်ပြီးလျှင် ဈေးနှာရှိရာ၌ ထုတ်သုံးသော ဒဂ်ါးလိမ်,ဒဂ်ါးတုနှင့်တူလှ၏။]

### ထာဝရဘုရား လူ့ဇာတိနှင့်ပြည့်စုံပုံ

၁။ ဤပဌမအချက်၌-အစမထင် အဆုံးမရှိ ကမ္ဘာအဆက်ဆက် အနန္တ ကာလပတ်လုံး ဘုရားဇာတိနှင့် ပြည့်စုံသည်ဟု ဆို၏။

၂။ စာမျက်နှာဂဏန်း ၆-ချက်၌''ဘုရားဇာတိနှင့်ပြည့်စုံသည်ဖြစ်၍ သတ္တဝါအများကို ကယ်ချွတ်ခြင်းငှါသာ ယေရှု ခရစ်ဟူသော နာမတော်နှင့် လူ့ဇာတိကိုယူဆောင်၍ ကိုယ့်အပြစ်မရှိ သူ့အပြစ်ကို ဖြေလိုသောငှါ အသက်တော်ကိုစွန့်၍ သေပြီးလျှင် သုံးရက်မြောက်သောနေ့၌ သေခြင်းမှထမြောက်ရှင်ပြန်သည်''ဟူ၍ဆို၏။

ဤစကား၌—

သတ္တဝါအများကို ကယ်ချွတ်ခြင်းငှါ ယေရှုခရစ်ဟူသော အမည်နာမတော်နှင့် လူ့ဇာတိကိုယူဆောင်သည် ဆိုသောကြောင့် ထာဝရဘုရားဆိုသူအား လူ့အဖြစ်သို့မရောက်ဘဲ ပကတိသောကောင်းကင်ဘုံ

www.dhammaransi.com



ရှိ ဇာတိအတိုင်းအားဖြင့် သတ္တဝါအများကို ကယ်ချွတ်ခြင်းငှါ စွမ်းနိုင်သောတန်ခိုးဟူ၍ အကျဉ်မြူမျှမရှိဟု သိသာထင်ရှားလှပေ၏၊လူ့ဘဝသို့ပြောင်း၍ လူ့ဇာတိ,လူ့ပဋိသန္ဓေကိုယူ၍ လူသားစင်စစ် ဖြစ်ပြီးမှသာ သတ္တဝါအများကို ကယ်ချွတ်နိုင်သည်ဟု ပြဆိုပေ၏၊ သတ္တဝါအများကို ကယ်ချွတ်မှုမည်သည် ယခုကမ္ဘာမှာသာ ရှိရမည်မဟုတ်၊ အစမထင် အဆုံးမရှိ ကမ္ဘာအဆက်ဆက် အနန္တကာလပတ်လုံး ရှိရမည် ကေန်ဖြစ်၏။

[အဘယ့်ကြောင့်နည်း ဆိုသော်- ကမ္ဘာရှိတိုင်း ရှိတိုင်း သတ္တဝါအနန္တလည်း ရှိသည်ချည်း ဖြစ်သောကြောင့်တည်း။]

၎င်းကဲ့သို့ဖြစ်ခဲ့သော်-အစမထင်သော ရှေးရှေးသော ကမ္ဘာအဆက်ဆက်တို့၌၎င်း, ၎င်းကမ္ဘာမှ နောက်လာလတ္တံ့သော အဆုံးမရှိသော နောက်နောက်သော ကမ္ဘာအဆက်ဆက်တို့၌၎င်း သတ္တဝါအများကို ကယ်ချွတ်ခြင်းငှါ ကမ္ဘာတိုင်း ကမ္ဘာတိုင်း လူမိန်းမ ဝမ်းပိုက်တွင်း၌ လူ့ဇာတိ, လူ့ပဋိသန္ဓေကိုယူမှု, လူသားစင်စစ် ဖြစ်ရမှုသည် ကေန်ထင်ရှားလှပေ၏၊၎င်းကမ္ဘာ၌ မာရီဆိုသူ လူမိန်းမဝမ်း၌ ပဋိသန္ဓေယူ၍ ယေရှုခရစ်လူသားစင်စစ် ဖြစ်လာရသကဲ့သို့ အတိတ်,အနာဂတ်ကမ္ဘာအနန္တတို့၌လည်း လူမိန်းမဝမ်း၌ ပဋိသန္ဓေယူ၍ ယေရှုခရစ်အမည်နာမတော်နှင့်ဖြစ်စေ,ထိုထိုအမည်နာမတော်နှင့်ဖြစ်စေ လူသားစင်စစ် အဖန်ဖန် အနန္တဖြစ်၍ သတ္တဝါအများကို ကယ်ချွတ်မြဲ အရိုးအစဉ်မမှတာဖြစ်သည်ဟု ထင်ရှားလှပေ၏။

တခုတခုသော ကမ္ဘာမှာလည်း တခါချွတ်၍ ပြီးနိုင်သည် မဟုတ်၊ ၎င်းကမ္ဘာတွင်ပင် ယေရှုခရစ်အဖြစ်နှင့် တသုတ်ကယ်ချွတ်ပေ၏၊ ယေရှုခရစ်မဖြစ်မီ ရှေးရှေး ကာလ၌လည်း လူသားစင်စစ် အကြိမ်များစွာ ဖြစ်၍ အသုတ်ပေါင်းများစွာ သတ္တဝါတို့ကို ကယ်ချွတ်လှပေပြီ၊ နောက်နောက် ကာလ၌လည်း ထို့အတူ လူသားစင်စစ် အကြိမ်များစွာ ဖြစ်၍ အသုတ်ပေါင်းများစွာ သတ္တဝါတို့ကို ကယ်ချွတ်ပေလတ္တံ့-ဟု သိသာထင်ရှား၏။

စာမျက်နှာ ၇-ဂဏန်း၌-

''ခပ်သိမ်းသောစကြဝဠာတကာတို့ကို အုပ်ချုပ်စိုးစံတော်မူသည်'' ဟု အဆိုပါရှိသောကြောင့်-

www.dhammaransi.com



ခပ်သိမ်းသော စကြဝဠာ အနန္တတို့၌လည်း ခပ်သိမ်းသော ထိုထို စကြဝဠာသူ သတ္တဝါအနန္တတို့ကို ကယ်ချွတ်မှုသည် ထာဝရဘုရား၏ တာဝန်ချည်းဖြစ်၏၊ ကယ်ချွတ်မှုမည်သည် ခံတွင်းနှုတ်လျှာ အသံ စကားနှင့် ပြည့်စုံသော လူ့အဖြစ်ကိုယူပြီးမှ စွမ်းနိုင်သော အမှုဖြစ်၏၊ ဝိညာဉ်တော် သက်သက်နှင့် စွမ်းနိုင်သော အမှု မဟုတ်လေသော ကြောင့် ခပ်သိမ်းသော စကြဝဠာအနန္တတို့၌လည်း ယေရှုခရစ်ဆရာ ကဲ့သို့ လူမိန်းမဝမ်း၌ ပဋိသန္ဓေနေ၍ လူ့အဖြစ်, လူ့ဇာတိကို ယူ၍သာ ကယ်ချွတ်နိုင်သည် အမှန်ဖြစ်၏။

[ကောင်းကင်ဘုံရှိ ဇာတိကိုစွန့်၍ လူမိန်းမဝမ်း၌ လူ့ဇာတိ, လူ့ပဋိသန္ဓေကို ယူမှုသည် ဘယ်အခါမှ မလွတ်သာမှုဖြစ်၏။]

### ခရစ်ယန်ဝမ္မဆရာတို့ကြံဖန်ပြောဆိုမှုများ

ဘုရားမည်သည် တန်ခိုးတော်အနန္တရှိ၏၊ ကောင်းကင်ဘုံရှိ ဇာတိတော် အတိုင်းနှင့် ကယ်ချွတ်လိုလျှင်လည်း ကယ်ချွတ်နိုင်၏၊ လူ့အဖြစ်, လူ့ဇာတိကိုယူဆောင်၍ ကယ်ချွတ်လိုလျှင်လည်း ကယ်ချွတ်နိုင်၏၊ လူ့အဖြစ်, လူ့ဇာတိကို ယူဆောင်တော်မူသည် ဆိုရာ၌လည်း ပကတိ လူသားစင်စစ်ဖြစ်သည်ကို ဆိုရင်းမဟုတ်၊ ကောင်းကင်ဘုံရှိ ဘုရား ဇာတိတော်ကို မစွန့်မူ၍ တန်ခိုးတော်အားဖြင့် အများယုံကြည်ကြရန် ဖန်ဆင်းမှုမျှသာဖြစ်သည်-ဟု ကြံဖန်၍ပြောကြကုန်ရာ၏။

ကောင်းကင်ဘုံရှိဘုရားဇာတိတော်အတိုင်းနှင့် တရွာလုံး, တမြို့လုံး, တနိုင်ငံလုံး မျက်မှောက် ထင်ထင်မြင်ကြရအောင် သဏ္ဌာန်တော် ကို ပြ၍ ဟောဘူး, ဆုံးမဘူး, ကယ်ချွတ်ဘူးသော သက်သေကား-တစုံ တခုမျှမရှိ၊ ကျမ်းပြုဆရာတို့ လုပ်ကြံလှည့်ပတ်မှုသာရှိ၏။

[သတ္တဝါအများကို ကယ်ချွတ်ခြင်းငှါ ယေရှုခရစ်-ဟူသော နာမတော် နှင့် လူ့ဇာတိကိုယူသည်-ဟူသော စကားသည်ကား- ခရစ်ယန်ဘာသာ ကျမ်းစုမှာ များစွာပါရှိ၏၊ ဤရှေ့ချိန်ခွင်စာမှာလည်း များစွာပါရှိ၏၊နိုင်လုံ သောသက်သေဖြစ်၏။]

"လူ့အဖြစ်,လူ့ဇာတိကို ယူဆောင်မှုသည် တန်ခိုးတော်အားဖြင့် အများယုံကြည်ကြရန် ဖန်ဆင်းမှုမျှသာ ဖြစ်သည်" ဟူသော စကား သည်လည်း လူသားပကတိတို့နှင့် ထပ်တူကျ၍ သွားမည်ကို စိုးရိမ် သောကြောင့် ကြံဖန်၍ ပြောခြင်းမျှသာဖြစ်၏။

www.dhammaransi.com



ထမင်းစားမှုကို ပကတိလူတို့၌ ထမင်းစားသည်-ဟုခေါ်၏၊ ရဟန်းတော်တို့၌ ဆွမ်းဘုဉ်းပေးသည်-ဟု ခေါ်၏၊ရှင်ဘုရင်တို့၌ ပွဲတော်တည်သည်-ဟု ခေါ်၏၊ဝေါဟာရမျှသာ ကွဲကြ၏၊စားမှု ချည်းပင်ဖြစ်၏။

အိပ်မှုကို ပကတိလူတို့၌ အိပ်သည်-ဟု ခေါ်၏၊ရဟန်းတို့၌ ကျိန်းတော်မူသည်-ဟု ခေါ်၏၊ ရှင်ဘုရင်တို့၌ စက်တော်ခေါ်သည်-ဟုခေါ်၏၊ဝေါဟာရမျှသာကွဲကြ၏၊အိပ်မှုချည်းပင်ဖြစ်၏။

ဤဥပမာကဲ့သို့ ထာဝရဘုရားသည် ပကတိသော ကောင်းကင်ဘုံဇာတိမှစုတေ၍ လူမိန်းမဝမ်း၌ ပဋိသန္ဓေနေမှု အမှန်ကျလျက် ပကတိလူတို့နှင့် ထပ်တူကျမည်ကို စိုးရိမ်မှုကြောင့် ခံသာနာပျော်ဖွယ်ရှိရုံ တန်ခိုးတော်အသံနှင့် ကြံဖန်၍ ပြောမှုသာ အမှန်ဖြစ်၏။

စင်စစ်အထူးအခြားမှာမူကား–

ပကတိ လူတို့မှာ ထာဝရဘုရား တန်ခိုးတော်နှင့်သာ လူသားစင်စစ်ဖြစ်နိုင်ကြ၏၊မိမိတို့၏ အစွမ်းနှင့် ဖြစ်နိုင်ကြသည်မဟုတ်၊ထာဝရဘုရားမှာ သတ္တဝါအများကို ကယ်ချွတ်ခြင်းငှါ မိမိအလိုတော်နှင့် လူမိန်းမဝမ်း၌ ပဋိသန္ဓေနေ၍ လူသားစင်စစ်ဖြစ်နိုင်၏၊ ဖြစ်သောအခါ၌လည်း ပကတိလူတို့နှင့်မတူ သတ္တဝါအများကို ကယ်ချွတ်မှု-ဟူသော ဘုရားအလုပ်, ဘုရားအကြံနှင့် နေသူဖြစ်၍ ဘုရားဇာတိပင် ဆိုရပြန်၏။

မာရိဆိုသူ လူမိန်းမဝမ်းမှ မွေးဖွားသော ခရစ်ယန်ဆရာသည် ထာဝရဘုရား အမှန်ဖြစ်ခဲ့လျှင် ပြဆိုခဲ့ပြီးသော အတိုင်းသာ အဖြေဝင့်အမှန်ကျ၏။

[ကောင်းကင်ဘုံရှိ ဘုရားဇာတိသက်သက်နှင့် သတ္တဝါအများကို ကယ်ချွတ်နိုင်သော တန်ခိုးအစွမ်း မရှိကြောင်း၌ကား-စက်ဆုပ်ရွံရှာဖွယ်သော မာရီဆိုသူ လူမိန်းမဝမ်း၌ ပဋိသန္ဓေနေ၍ ယေရှုခရစ်ယန်ဆိုသူ လူသားစင်စစ်ဖြစ်လာမှုသည် အလွန်ခိုင်လုံလှသောသက်သေပင်တည်း။]

### ထာဝရဘုရားဇာတိဝင့်ဆိုက်ပုံ

ထို့ကြောင့်–

၁။ ပဌမအချက်၌ အစမထင် အဆုံးမရှိ၊ ကမ္ဘာအဆက်ဆက် အနန္တကာလပတ်လုံး ဟူသောစကား,

www.dhammaransi.com



၂။ ဂ-နံပါတ်မျက်နှာ၌ "ခပ်သိမ်းသောစကြဝဠာ တကာတို့ကို အုပ်ချုပ်သည်"ဟူသော စကားများနှင့်အညီ-

၁။ ကမ္ဘာလည်း အစမရှိ, အဆုံးမရှိ၊ စကြဝဠာတွေလည်း အနန္တများပြား၏။

၂။ သတ္တဝါတွေလည်း အစမရှိ,အဆုံးမရှိ၊ စကြဝဠာတွေ အနန္တမှာလည်း သတ္တဝါတွေအနန္တ ရှိကြ၏။

၃။ ထာဝရဘုရား၏ ကယ်ချွတ်မှုသည်လည်း အစမရှိ,အဆုံးမရှိ၊ ကယ်ချွတ်မှု၏ဆိုင်ရာ စကြဝဠာနယ်ပယ်လည်း အနန္တဖြစ်၏။

၄။ ထာဝရဘုရား၏ လူမိန်းမဝမ်း၌ ပဋိသန္ဓေနေရမှုလည်း အစမရှိ,အဆုံးမရှိ၊တနာရီမျှ ကောင်းကင်ဘုံ၌ ချမ်းသာစွာနေသာသော အခွင့်မရှိ၊ လူမိန်းမဝမ်း၌ ပဋိသန္ဓေနေရသော ဝဋ်ဒုက္ခမှ ကျွတ်လွတ်ရန် စခန်းလည်း မရှိပြီ။

> "သူများ အတွက်နှင့် ဝေက် ကျမ်းကိုင်သည်, သူများ အတွက်နှင့် ဝေက်ကျမ်းစူးသည်, သူများအတွက်နှင့် ဝေက် ကျွန်ဖြစ်သည်" ဟူသော စကားကဲ့သို့-

ထာဝရဘုရားသည် အစမရှိ, အဆုံးမရှိသော သတ္တဝါအနန္တတို့ အတွက်ကြောင့် လူမိန်းမဝမ်း၌ ပဋိသန္ဓေ နေရခြင်း ဟူသော အစ, အဆုံးမရှိသော ဘယ်အခါမှ ကျွတ်ခွင့်လွတ်ခွင့်မရှိသော ဝဋ်ဒုက္ခကြီးကို အနန္တကာလပတ်လုံး ခံရလေ၏။

### ဘုရားနည်းတူ ဝဋ်ခံရသူများ

ထာဝရဘုရား ခံရသကဲ့သို့ ထာဝရဘုရားအထံသို့ ရောက်ကြလေကုန်သော "တပည့်တော်အပေါင်း" တို့သည်လည်း ထာဝရဘုရား၏ ကိုယ်စားလှယ်,ကိုယ်ပွါး, ကိုယ်စားပြုလုပ်၍ ယခုသိရှိကြသော "ကျမ်းပြုဆရာ,တရားဟောဆရာတို့ကဲ့သို့ သတ္တဝါတို့ကို ကယ်ချွတ်မှုနှင့် အစမရှိ၊အဆုံးမရှိသော ဝဋ်ဒုက္ခကြီးကိုအနန္တကာလပတ်လုံးခံကြရကုန်၏-ဟူသောလမ်းသည် အဖြောင့်အမှန် ကေန်ဆိုက်ရှိ၏။

> [ဤကား-ဘုရားဇာတိနှင့် အစဉ်ပြည့်စုံတော်မူ၍ သတ္တဝါအများကို ကယ်ချွတ်ခြင်းငှါသာ ယေရှုခရစ်ဟူသော နာမတော်နှင့် လူ့ဇာတိကို ယူဆောင်တော်မူသည်ဟူသော စကား၏ ဖြောင့်စင်းသော အနက်သွား,ထင်ရှားသော ယုတ္တိသက်သေများကို ပြဆိုချက်တည်း။]

www.dhammaransi.com



## ထာဝရဘုရား၏ အဓိကကယ်တင်မှုများ

၁။ "ကိုယ့်အပြစ်မရှိ၊ သူ့အပြစ်ကို ဖြေလိုသော၄ါ အသက်တော်ကိုစွန့်၍ သေပြီးလျှင်"ဟူသောစကား,

၂။ ယုံချက် ၁၂-ပါးကို ပြဆိုရာ စာမျက်နှာနံပါတ် ၂၃-၌ "လူတို့အတွက် ကြီးစွာသော ဆင်းရဲဒုက္ခ ဝေဒနာကိုခံ၍ လက်ဝါးကပ်တိုင်မှာ အသက်တော်ကို စွန့်တော်မူသော အားဖြင့် ယုံကြည်လိုသောသူတို့၏ အပြစ်ပြေရာလမ်းကို ဖွင့်တော်မူ၏"-ဟူသော စကားများ၌-

ထာဝရဘုရားနှင့် ယေရှုခရစ်ဆရာသည် အမည်နာမမျှသာ ကွဲကြသည်၊ ထာဝရဘုရားသည်ပင်လျှင် ယေရှုခရစ်ဟူသော နာမတော်ကို ခံယူ၍ ယေရှုခရစ်ဖြစ်လာသည်ဟူသော အထက်စကားနှင့်ဆက်၍ဖြောင့်မှန်သောအနက်ကို ပြဆိုပေအံ့။

ထာဝရဘုရားသည် မိမိကိုယုံကြည်စွာ ကိုးကွယ်ကြသူ တပည့်တော်အပေါင်းတို့၏ ဒုစရိုက်အပြစ်များကို ပျောက်ငြိမ်းအောင်-

ကယ်တင်မှုဆိုသည်ကား—သက်သက်သော တန်ခိုးတော်အားနှင့် ကယ်တင်နိုင်သည် မဟုတ်၊ မိမိကိုယုံကြည်စွာ ကိုးကွယ်သူတို့အတွက် ကြီးစွာသော ဆင်းရဲဒုက္ခ ဝေဒနာကို ခံ၍ လက်ဝါးကပ်တိုင်မှာ "အသတ်ခံမှုသည်"ထာဝရဘုရား၏"ကယ်တင်မှု"ပင်တည်း။

[ယုံကြည်စွာကိုးကွယ်သူတို့၏ အပြစ်ပြေရာ လမ်းရိုးဝမ္မတာပင်တည်း။]

တခြားတပါးသော သတ္တဝါတို့ကား—အနန္တတန်ခိုး မရှိကုန်သည်ဖြစ်၍ တပါးသော သူတို့၏ အပြစ်ကို ပြေငြိမ်းစေခြင်း၄ါ တယောက်သောသူက အသတ်ခံသော်လည်း တပါးသောသူတို့ အပြစ်ငြိမ်းသည်မရှိ။

ထာဝရဘုရားသည်မူကား—အနန္တတန်ခိုးနှင့် ပြည့်စုံတော် မူသည်ဖြစ်ပေ၍ မိမိကိုယုံကြည်စွာ ကိုးကွယ်ကြကုန်သော တထောင်သောသူ, တသောင်း-တသိန်းသော သူတို့၏အတွက် ကြီးစွာသော ဆင်းရဲဒုက္ခဝေဒနာကို ခံ၍ လက်ဝါးကပ်တိုင်မှာ မိမိကအသတ်ခံလိုက်သည်

www.dhammaransi.com



ရှိသော် ထိုသူတို့၌ရှိသော ဒုစရိုက်အပြစ် အလုံးစုံတို့သည် အကုန်ပြေပျောက်လေကုန်၏-ဟူလိုသည်။

[ဤသည်ကား-သတ္တဝါတို့၏ ဒုစရိုက်အပြစ်များကို ပြေငြိမ်းစေနိုင်သော တန်ခိုးတော်–ဟူသည် သတ္တဝါတို့၏အတွက် ကြီးစွာသော ဆင်းရဲဒုက္ခဝေဒနာကို ခံတော်မူမှု,လက်ဝါးကပ်တိုင်မှာ အသတ်ခံ၍ အသေခံမှုနှင့် ဖက်စပ်ရမှသာ ပြေငြိမ်းစေနိုင်သော တန်ခိုးဖြစ်သည်၊ မိမိကိုယ်ကို အသတ်, အသေ မခံဘဲနှင့် ပြေငြိမ်းစေ နိုင်သော တန်ခိုးမဟုတ်ကြောင်း အလွန်ခိုင်လုံလှသော ဒိဋ္ဌ,သုတ သာဓက သက်သေကြီးပေတည်း။]

သည့်ပြင်မှတပါး တန်ခိုးတော်အသံနှင့် ကြံဖန်၍ ပြောကြကုန်သော်လည်း ခိုင်လုံသော သက်သေမရှိပြီ၊ ကြီးစွာသော ဆင်းရဲဒုက္ခရမှု, လက်ဝါးကပ်တိုင်မှာ အသတ်ခံရမှု, အသေခံရမှုသည်ကား-ယခုအခါ လက်ဝါးကပ်တိုင်နှင့်တကွ ကိုးကွယ်ရာ ပြုကြလျက် ထင်ရှားလှသော သက်သေကြီးပေတည်း။

### ထာဝရဘုရား ဝဋ်ဆိုက်သေရပုံ

[ဤသို့ဖြစ်ခဲ့သော် အစမထင်သော ရှေးရှေးကမ္ဘာ အဆက်ဆက်တို့၌၎င်း, ဤကမ္ဘာမှ နောက်လာလတ္တံ့သော အဆုံးမရှိသော နောက်နောက်ကမ္ဘာအဆက်ဆက်တို့၌၎င်း, အစရှိသည်ဖြင့် ပဋိသန္ဓေနေခဏ်း၌ အကျယ်ဆိုခဲ့ပြီးသော အချက်အရာအလုံးစုံတို့ကို အကုန်ချီ၍ ဤမရဏခဏ်း၌ အကျယ်သိလေ၊ သတ္တဝါတို့ကို ကယ်ချွတ်ရန် ပဋိသန္ဓေနေရသော ငရဲဒုက္ခမှ ဆိုရာ၌ ကယ်ချွတ်၍ မိမိကိုယ်ကြည်စွာ ကိုးကွယ်ကြကုန်သော တပည့်တော်အပေါင်းတို့၏ ဒုစရိုက်အပြစ်ကို ပြေငြိမ်းကြစေရန် အသတ်ခံမှုကို ထည့်သွင်း၍ ဆိုလေ။]

### အကျယ်ဆိုပုံ

၁။ ကမ္ဘာလည်း ရှေးရှေး၌ အစမရှိ၊ နောက်နောက်၌ အဆုံးမရှိ၊ စကြဝဠာတွေလည်း အနန္တများပြား၏။

၂။ သတ္တဝါတွေလည်း အစမရှိ, အဆုံးမရှိ၊ စကြဝဠာတွေ အနန္တမှာလည်း သတ္တဝါတွေ အနန္တရှိကြ၏။

၃။ ထာဝရဘုရား၏ ကယ်တင်မှုသည်လည်း အစမရှိ,အဆုံးမရှိ၊ ကယ်တင်မှု၏ဆိုင်ရာ စကြဝဠာနယ်ပယ်လည်း အနန္တဖြစ်၏။

www.dhammaransi.com



၄ ထာဝရဘုရား၏ သတ္တဝါတို့အတွက် ကြီးစွာသော ဆင်းရဲဒုက္ခ ဝေဒနာကိုခံမှု, လက်ဝါးကပ်တိုင်မှာ အသတ်ခံမှု-ဟူသော မရဏာဝဋ် ဒုက္ခမှုလည်း အစမရှိ, အဆုံးမရှိ၊ တနာရီမျှ ကောင်းကင်ဘုံမှာ ချမ်း သာစွာ နေသာသော အခွင့်မရှိ၊ အသတ်ခံ၍ သေခြင်းဆိုးနှင့် သေရ သော ဝဋ်ဒုက္ခမှ ကျွတ်လွတ်ရန် စခန်းလည်းမရှိပြီ။

သူများအတွက်နှင့် ဝေက်ကျမ်းကိုင်သည်, သူများအတွက် နှင့် ဝေက်ကျမ်းစူးသည်, သူများအတွက်နှင့် ဝေက်ကျွန်ဖြစ် သည်'' ဟူသော စကားကဲ့သို့-

ယာဝရဘုရားသည် အစမရှိ, အဆုံးမရှိ၊ စကြဝဠာ နယ်ပယ် အ ပိုင်းအခြားမရှိ၊ သတ္တဝါ အနန္တတို့ အတွက်ကြောင့် ကြီးစွာသော ဆင်းရဲဒုက္ခတွေကို ခံရမှု,အသတ်ခံ၍ သေခြင်းဆိုးနှင့် သေရမှု-ဟူသော အစမရှိ, အဆုံးမရှိ၊ ဘယ်အခါမှ ကျွတ်လွတ်ခွင့်မရှိသော ဝဋ်ဒုက္ခကြီး ကို အနန္တကာလပတ်လုံး ခံရလေ၏။

### ဘုရားနည်းတူ ဝဋ်ခံရသူများ

ထဝရဘုရား ခံရသကဲ့သို့ ထာဝရဘုရားအထံသို့ ရောက်ကြလေ ကုန်သော ''တပည့်တော်အပေါင်း'' တို့သည်လည်း ထာဝရဘုရား၏ ကိုယ်စားလှယ်,ကိုယ်ပွါး,ကိုယ်စားပြုလုပ်၍ ယခုသိရှိကြသော ''ကျမ်း ပြုဆရာ, တရားဟောဆရာ'' တို့ကဲ့သို့ သတ္တဝါတို့အတွက် အသတ်ခံမှု, အသေခံမှုအတွက်နှင့် အစမရှိ, အဆုံးမရှိသောဝဋ်ဒုက္ခကြီးကို အနန္တ ကာလပတ်လုံး ခံကြရကုန်၏ဟူသော-လမ်းသည် အဖြောင့်အမှန်ကေန် ဆိုက်ရှိ၏။

ဆိုက်ရှိသည့်အတိုင်း ယုံကြည်နိုင်ရန် သက်သေမှာမူကား-ကောင်း ကင်ဘုံသို့ မရောက်သေးမီ ယခုဘဝ၌ပင်လျှင် ကျမ်းပြုဆရာ, တရား ဟောဆရာတို့ ကြီးစွာသော ဆင်းရဲဒုက္ခ ဝေဒနာကိုခံကြရမှု, အသက် အသေခံကြရမှုသည် ဤရွှေချိန်ခွင်စာတွင် သာသနာချင်းနှိုင်းယှဉ်ချက်, ကျမ်းချင်းနှိုင်းယှဉ်ချက် ၁၄-နံပါတ်, ၁၅-နံပါတ်တို့မှာ ဖေါ်ပြလျက် ပါရှိလေ၏။

[ဤကား-ထာဝရဘုရားသည် သတ္တဝါအပေါင်းတို့ကို ဒုစရိုက်အပြစ် မှ ကယ်ဆယ်ခြင်းငှါ ကြီးစွာသောဆင်းရဲဒုက္ခဝေဒနာကို ခံတော်မှုသည်,

www.dhammaransi.com



အသေသတ်ခြင်းအမှုကို ခံတော်မူသည်ဟူသော အယူစကားမှ အဖြောင့်သွားသောအနက်ကို ပြဆိုချက်တည်း။]

### ပညာရှိတို့ဝေဖန်ချက်

"ထာဝရဘုရားသည် မိမိကိုယုံကြည်သူ သတ္တဝါတို့အတွက်အသက်ကို အသေခံသည်"ဟူသော အယူစကား၌—

အသက်အသေခံမှုကား- ထင်ရှားလှပေ၏၊ ထာဝရဘုရား အသေခံသည့်အတွက်ကြောင့် တပည့်တော် အပေါင်းတို့၌ ဒုစရိုက်အပြစ်ပျောက်ငြိမ်းမှု၌ကား-တစုံတခု အကျုံမျှသက်သေပြရန် မရှိကြ၊တပည့်အဆက်ဆက်သေလွန်၍ သွားသူတို့လည်း မြို့ရွာအများ သိထင်ရှားအောင် ပြန်ပြောလာသူဟူ၍ တစုံတယောက်မျှ မရှိကြ။

လက်ဝါးကပ်တိုင်မှာ တင်သတ်၍ ခရစ်ဆရာသေဆုံးမှု၌ကား—

၁။ သေပြီးလျှင် သုံးရက်မြောက်သောနေ့၌ သေခြင်းမှထမြောက်ရှင်ပြန်သည်နှင့် အရက်လေးဆယ်ပတ်လုံး ကိုယ်ကိုပြလျက်နေပြီးမှ တပည့်တော်များ၏ မျက်မှောက်တွင် သန့်ရှင်းသောလောကုတ္တရာ ကိုယ်ခန္ဓာနှင့်တကွ နေရင်းပြည်ကောင်းကင်ဘုံသို့ တက်သွားကြောင်း,

၂။ ငါသည် ယခုထင်ရှားစွာ တက်သွားသကဲ့သို့ တဖန်ဆင်းသက်လိမ့်ဦးမည်ဟု ချက်ချင်း ကောင်းကင်တမန်နှစ်ပါးကို စေလွှတ်၍ တပည့်တော်တို့အား ပြောကြားကြောင်းကို ပြောဆိုကြကုန်၏။

[ထိုအမှုသည် သူများတို့မြင်ကြ-ကြားကြရသည်မဟုတ်၊တပည့်ရင်းကြီး ဖြစ်သူတို့ ပွေလီဆန်းပြား ပြောစကားသာဖြစ်သည်ဟု-ပညာရှိတို့ သိကြကုန်၏။]

ပွေလီဆန်းပြား ပြုလုပ်ခြင်း၏ အကြောင်းကား—

ခရစ်ယန်ဆရာသည် အတော်အတန်အံ့ဖွယ်သရဲရှိသောနတ်မှော်ကို တတ်သဖြင့် ဘုရားတန်ခိုးတော်ဆို၍ထိုနတ်မှော်အစွမ်းကိုရုံခါရုံခါပြ၏၊ ဉာဏ်ပညာနည်းလှသူ အချို့တို့သည် အဟုတ်ယုံမှတ်၍ ကပ်ရပ်တွယ်တာကြကုန်၏၊တပည့်ရင်းချာဖြစ်ကြကုန်၏၊ခရစ်ယန်ဆရာကို ထာဝရဘုရား အမြဲစောင်မသော သားတော်ဟု ကြော်ငြာဖြန့်ဖြူးကြကုန်၏။

www.dhammaransi.com



မင်းနှင့်တကွ မယုံမနှံ့ရှိကြသူ အပေါင်းတို့က အဆမတန်မောက်မာ ဝါကြွားသံကို မခံနိုင်ရှိကြ၍ ခရစ်ယန်ဆရာကို ဖမ်းယူပြီးလျှင် လက်ဝါး ကပ်တိုင်မှာ အတင်းအကြပ်ဖွဲ့နှောင်၍ သင်သည်ကြော်ငြာသည့်အတိုင်း မှန်လျှင် ယခုနေ့ညအတွင်း ထွက်သွားလော့ဟု အစောင့်အကြပ်နှင့် ဆိုင်းလင့်၍ မသွားနိုင်ရှိရာတွင် အသေသတ်ကြလေကုန်၏။

မတန်မရာ ကြော်ငြာကြသူ တပည့်ရင်းကြီးတို့သည် ခရစ်ယန်ဆရာ အသတ်ခံရ၍ သေလွန်သည်နှင့်တပြိုင်နက် အယုတ်ပျက် အဆင်းပျက် အရှက်ကွဲအကျိုးနဲ့ရှိနေကြရာတွင် ယုံကြည်မိကြသူ အများတို့အပေါ်၌ အသရေမပျက်ကြလေအောင် ကြံဖန်၍—

၁။ ငါတို့ဆရာသည် တန်ခိုးမရှိ၍ အသေခံရသည်မဟုတ်၊ မိမိကို ယုံကြည်စွာ ကိုးကွယ်သူ လူ့ဝပ်သိမ်းတို့၏ ဒုစရိုက်အပြစ်တို့ကို ပြေငြိမ်းစေရန် အသေသတ်ခြင်းကို ခံတော်မူသည် ဟူသော စကားနှင့်တကွ,

၂။ သေပြီးလျှင် သုံးရက်မြောက်သောနေ့၌ သေခြင်းမှထမြောက် ရှင်ပြန်သည် အစရှိသော ရှေး၌ပြဆိုခဲ့ပြီးသော လှည့်ပတ်မှု တို့ကို ပြုလုပ်ကြော်ငြာကြလေကုန်၏။

[ဤကား-ပွေလီဆန်းပြား ပြုလုပ်ခြင်း၏အကြောင်းတည်း၊ဤသို့ပညာ မဲ့တို့ ကြံသိ ယုံကြည်ကြ ကုန်၏။]

### ခမည်းတော်,သားတော်ဟု ဝေါဟာရနှစ်ပါး ဖြစ်ပွါးပုံ

၁။ အချို့သောအရာ၌ ဝိညာဉ်တော်ဟူ၍လာ၏။
၂။ အချို့သောအရာ၌ ခမည်းတော်,သားတော်ဟူ၍လာ၏။
၃။ အချို့သောအရာ၌ ဝိညာဉ်တော်,ခမည်းတော်,သားတော် ဤ သုံးပါးပေါင်းစုမှထာဝရဘုရားတပါးသာဖြစ်သည်ဟုလာ၏။

အဘယ်သို့ထူးကြသနည်းဟူမူ—

ခရစ်ယန်ဆရာမပေါ်မီရှေးကာလ၌ ဝိညာဉ်တော် သက်သက်ကို ထာဝရဘုရား ဆိုရိုးတည်း၊ နောက်အခါ၌ ခရစ်ယန်ဆရာပေါ်လိုလတ် သော် ယုဒပြည်၌ မာရီဆိုသူလူမိန်းမငယ်သည်ရှိ၏၊ ထိုမိန်းမငယ်သည် လျှပ်ပေါ်မှု အတွက်နှင့် ပဋိသန္ဓေရရှိလေရာ အတန်ငယ်ကြီးရင့်သဖြင့်

www.dhammaransi.com



ဖုံးဖိမရရှိသောအခါ အရပ်သူအိမ်နီးချင်းတို့က "ဟဲ့မာရီ နင့်ဟာ ဘယ့်နှယ်လဲ"ဟု ဆိုကြကုန်၏၊ ထိုအခါ ဟုတ်တိုင်းမှန်ရာကို အပြောခက်လှ၍ ဘုရားပေး၍ရသည်ဟု ကြံဖန်၍ ပြောလေ၏။

ဟတ္ထိပါလဇာတ်၌လင်ဟူ၍ပြောစရာမရှိဘဲ လျှပ်ပေါ်မှုနှင့် သားခုနစ်ယောက်ရရှိ၍နေသော မိန်းမကို မင်းဆရာပုဏ္ဏားက "ဤသူငယ်တို့၏ အဘကား-အဘယ်မှာနည်း" ဟု မေးလတ်သော် ဟုတ်တိုင်းကို ပြောရမည်ရှက်လှ၍ အနီး၌ရှိနေသော ညောင်ပင်ကြီးကိုပြ၍ ညောင်စောင့်ရုက္ခစိုးပေး၍ ရပါသည်ဟု ပြောလေသကဲ့သို့တည်း။

[ဘုရားထံမှ သားဆုတောင်း၍ ဘုရားတန်ခိုးတော်ကြောင့် ရပါသည်ဟု ဆိုလိုသတည်း။]

ဆယ်လစွေလတ်သော် ခရစ်ယန်ဆရာကို ဖွါးမြင်၏၊အရပ်သူတို့က သရော်ပြက်ချော်ပြုသောအားဖြင့် "သားတဲ့"ဟူ၍ ပြောဆိုကြကုန်၏၊ အချို့သောသူတို့ကလည်း အဟုတ်ပင်မှတ်ထင်ပြောဆိုကြကုန်၏၊ ထိုအခါမှ ထာဝရဘုရားကို- ခမည်းတော်, ယေရှုခရစ်ဆရာကို-သားတော်ဟု ခေါ်ဝေါ်မှုဖြစ်လာ၏။

အရွယ်ရောက်သောအခါ အတန်အရာ တန်ခိုး အံ့ဖွယ်ရှိသော "နတ်မှော်" ပညာတခုကို ထမြောက်အောင် စွဲမြဲအားထုတ်နိုင်၍ ထမြောက်လတ်သော် ဘုရားတန်ခိုးတော်ဟု ယုံကြည်သူ များကြလေကုန်၏၊ နတ်မှော်တန်ခိုးအားဖြင့် အတော်အတန် ရောဂါဝေဒနာများကိုလည်း ခဏချင်း ပျောက်ငြိမ်းအောင် တတ်နိုင်၏၊ ငါတို့နိုင်ငံ၌ ပုသိမ်နယ်မှာ ယင်နီးဆရာကဲ့သို့ သတင်းကြီးစွာ ဖြစ်လေ၏၊ ထာဝရဘုရား သားတော်ဟု ထင်ပေါ်ကျော်စောလေ၏။

[ဤကား - ခမည်းတော်, သားတော်ဟု ဝေါဟာရနှစ်ပါး ဖြစ်ပွါးပုံတည်း။]

### သုံးပါးပေါင်းမှ ဘုရားဖြစ်ပုံ

ထိုအခါ ထာဝရဘုရားကို ကိုးကွယ်သူအချို့တို့က သင်သည် မတန်မရာ ငါတို့ဘုရားကို သင့်အမိမာရီနှင့် စွပ်စွဲဘိသည်ဟု အမျက်ရှိကြ

www.dhammaransi.com



ကုန်၏၊ အချို့သောသူတို့ကလည်း မိန်းမပေါ့မ သားဟု အလေးမပြု ရှိကြကုန်၏။

ယုဒဘုရင်မင်းကြီး ကြားသိ၍ ဖမ်းစေပြီးလျှင် လက်ဝါးကပ်တိုင်မှာ တင်၍သတ်စေသဖြင့် သေဆုံးသောအခါ၌—

၁။ ကျန်ရှိသော တပည့်အပေါင်းတို့ မျက်နှာမလှ ရှိကြသည် တကြောင်း,

၂။ ခရစ်ယန်ဆရာသည်လည်း ရံဖန်ရံခါ အစိုးရဘုရားကဲ့သို့ အာဏာသံဖြင့် ပြောဆိုသည်ကိုကြားဘူးကြသည်တကြောင်း,

သို့ အကြောင်းများကြောင့် နောက်ထုတ်သော ကျမ်းများ၌ ဝိညာဉ်တော်,ခမည်းတော်,သားတော် အမည်သာကွဲကြ၏၊ ထာဝရဘုရား၏ အမည်ချည်းသာတည်းဟု ခရစ်ယန်ဆရာကိုပင် ထာဝရဘုရား ပြု၍ ရေးသားပါရှိ ကြကုန်၏။

[ဤကား-ဝိညာဉ်တော်, ခမည်းတော်,သားတော် ဤသုံးပါးပေါင်းမှ ထာဝရဘုရား တပါးသာဖြစ်သည်ဟု လာခြင်း၏အကြောင်းတည်း။]

ခရစ်ယန်ဘာသာကျမ်းစာများကို ကြည့်ရှုကြကုန်သော ပညာရှိတို့သည် ဤကဲ့သို့ အတတ်ကြံဖန်၍ သိကြကုန်၏၊ ပညာနည်းသော သူတို့ကား-ကျမ်းဆိုတိုင်းသာ အလွတ် ယုံမှတ်ကြကုန်၏။

[ဤသို့လျှင် ခရစ်ယန်ဘာသာ၌ မ-တည်,ရော-တည်ဖြစ်သော ဘုရားနေရာမကျရှိ၏၊ ဘုရားနေရာမကျရှိလျှင် တရားလည်းနေရာမကျ, ဘာသာလည်း နေရာမကျ,သာသနာလည်း နေရာမကျ,ကျမ်းစာလည်းနေရာမကျ, သံဃာလည်း နေရာမကျ ဖြစ်တော့သည်ဖြစ်၍ ရှေးချိန်ခွင်စာ၌ ကျန်ရှိသော စကားများ ဖြေဆိုဖွယ် ကိစ္စပင်မရှိ၊ ပြီးစီး၏။]

### အချုပ်အားဖြင့် ရှင်းလင်းတော်မူချက်

သို့သော်လည်း ကောင်းကောင်း ထင်ရှားစေခြင်းငှါ အချက်အချက်၌အတန်ငယ်အတန်ငယ်စီ ရွေးကောက်ထုတ်ဖော်၍ ဖြေဆိုဦးအံ့။

ရှေးချိန်ခွင်ဆိုသည်နှင့် အညီ-ဘုရားချင်း နှိုင်းယှဉ် ချိန်စက်ခန်းတို့၌ ယာဝရဘုရားဖက်က အကြီးအကျယ် အမြင့်အမြတ် အသာအလွန် ပြု၍ ထုတ်ဖော်ပြဆိုသမျှသော ဂုဏ်ဇ္ဈဒ္ဓိပါဒ်အသံကြီးတွေကို မူကား-

www.dhammaransi.com



ရှေး၌ ပဋိသန္ဓေခန်း, ကယ်ချွတ်ခန်း, သတ္တဝါတို့အတွက် ဆင်းရဲကြီးစွာ ဒုက္ခဝေဒနာခံရခန်း, အသေသတ် ခံရခန်းများ၌ ပြဆိုခဲ့ပြီးသော ဖြောင့်ချက်ယုတ္တိကြီးတွေနှင့်ပင် ဖြေဆိုမှုကိစ္စ ပြီးလေပြီ။

**အချုပ်ကား။** ရှေ့ချိန်ခွင်စာအုပ်အဆိုအတိုင်း အစမထင် အဆုံးမရှိသော ကမ္ဘာအဆက်ဆက်အနန္တ, စကြဝဠာလည်း အနန္တ,သတ္တဝါလည်း အစမထင် အဆုံးမရှိအနန္တ၊ ဤအားလုံးကို ဖန်ဆင်းမှုသည် ထာဝရဘုရား တာဝန်ချည်းဖြစ်၏၊ တခုတခုသော စကြဝဠာတွင် တခုတခုသော ကမ္ဘာအစ၌ ယောကျ်ား, မိန်းမအစုံ နှစ်ယောက် နှစ်ယောက်စီ ဖန်ဆင်း၏၊ နှစ်ယောက်ထဲ ရှိတုံးကပင် မိမိစကားကို ငြင်းပယ်၍ မာရ်နတ်စကားကိုသာ ယုံကြည်စွာ လိုက်နာကြကုန်၏။

မာရ်နတ်ကိုမူကား-တန်ခိုးချင်း မပြိုင်ဝံ့၊ ကြောက်ရွံ့ရ၏၊မကြောက်ရွံ့လို့ရှိခဲ့လျှင် ထိုအခါက မိမိအလုပ်ကိုဖျက်ဆီးသူ မာရ်နတ်ကို ခေါ်၍ ဒဏ်ပေးရမည်ကို မပေးမူ၍ အာဒန်, ဧဝတို့ကိုသာ အဆမတန် အဆုံးမရှိသော ဒဏ်ကြီးကိုပေး၏၊ ဒဏ်သာ ပေးနိုင်တော့သည်၊ တန်ခိုးအားဖြင့် မာရ်နတ်ကို မပြိုင်နိုင်သည့် အတွက်ကြောင့် နှစ်ယောက်ထဲ ရှိစဉ်ကစ၍ မာရ်နတ်ဖက်ပါချည်း ဖြစ်ကြကုန်၏။

ပကတိတန်ခိုးအားဖြင့် မာရ်နတ်ကို မနိုင်သည့်အတွက် မာရ်နတ်ဖက်က စိတ်ပြောင်းအောင် မတတ်နိုင်သောကြောင့် လူမိန်းမဝမ်းထဲ၌ ပဋိသန္ဓေယူ၍ လူ့ဇာတိသို့ ရောက်မှသာ ဖြေးညှင်း နားသွင်း ဖြောင်းဖြ ချော့မော့ ဖြားယောင်း၍ ပါကောင်း ပါရာမျှ ကယ်ချွတ်နိုင်တော့သည်။

မာရ်နတ်ဖက်က ကျွတ်လွတ်၍ မိမိဖက်သား ဖြစ်ကြပြန်လျှင်လည်း ထိုသူတို့အတွက် ထိုသူတို့၌ ဒုစရိုက်အပြစ်တို့ကို ပျောက်ငြိမ်းစေခြင်းငှါ ကြီးစွာသော ဆင်းရဲဒုက္ခ ဝေဒနာတွေကို ခံရမြဲမမှတာ, လက်ဝါးကပ်တိုင်မှာ အသေသတ် ခံရမြဲမမှတာကို ခံရပြန်၏။

ရှေ့နောက် ကမ္ဘာအနန္တ, စကြဝဠာ အနန္တတို့၌လည်း ဤနည်းအတိုင်း ထာဝရဘုရား၏ အလုပ်ကို အကုန်မြင်လေ။

[ဤကား-တန်ခိုးတော်နှင့် ကယ်ချွတ်သည်, တန်ခိုးတော်နှင့် ဒုစရိုက်အပြစ်တို့မှ ကယ်တင်သည်ဆိုရာ ဌာန-ဟူသမျှတို့၌ မာရ်နတ်ကို မနိုင်

www.dhammaransi.com



သည့်အတွက် ပကတိတန်ခိုးတော်နှင့် တတ်နိုင်သည် မဟုတ်ကြောင်း၌ အာဒန်,ဧဝတို့အတ္တုပ္ပတ္တိ,ယေရှုခရစ်ယန်ဆရာ၏ အတ္တုပ္ပတ္တိများသည် အလွန်ခိုင်မြဲလုံလောက်သော သက်သေခံကြီးအစစ် ဖြစ်ပေသတည်း။]

## စဉ်းစားချင့်ချိန်ရန်အချက်များ

ထာဝရဘုရား အသေခံသည့်အတွက် ထိုသူတို့၌ ဒုစရိုက်အပြစ်ပျောက်ငြိမ်းသည်, မငြိမ်းသည်ကိုမူကား- ယုံလောက်သောသက်သေတစ္စန်းတစမျှမရှိ၊ သတ္တဝါတို့ကို ပဋိသန္ဓေ နေရခြင်းဒုက္ခ, အိုရခြင်းဒုက္ခ, သေရခြင်းဒုက္ခမှ ကယ်တင်နိုင်သည်-ဟုပြောဟောကြ၏။

ထာဝရဘုရား ကိုယ်သည်မူကား-လူမိန်းမဝမ်း၌ ပဋိသန္ဓေနေရခြင်းဒုက္ခ, အသတ်ခံ၍ သေရခြင်းဒုက္ခတို့မှ ရှေးသို့အနမတဂ္ဂ သံသရာကမ္ဘာအဆက်ဆက် ကျွတ်လွတ်ရန် စခန်းပင် မရှိ၊ "ကယ်တင်နိုင်သည်" ဆိုကြသောစကား ဟုတ်မည်,မဟုတ်မည်ကို ချင့်ချိန်ရန်။

ထို့အတူ မာရ်နတ်ခေါ်သော နတ်ဆိုးနတ်ဝါးကိုမျှ နှိမ်နင်းနိုင်သော တန်ခိုးမရှိ, တယောက်သော လူသတ္တဝါကိုမျှ မိမိဖက်သို့ပါအောင် စွမ်းနိုင်သော တန်ခိုးမရှိ၊ ငွေနှင့်များ,တရားနှင့်ဖြောင်းဖြနိုင်မှ ရှေးရှေး၌ ပြခဲ့ပြီးသော အယုတ်အညံ့ လူငါးမျိုးကိုသာ ပါအောင်စွမ်းဆောင်နိုင်သည်ကို မြန်မာစာအဆိုလောက၌ ဒိဋ္ဌမျက်မြင် အထင်အရှား ရှိလေသောကြောင့် ကမ္ဘာကိုဖန်ဆင်းနိုင်သော တန်ခိုးရှိမရှိ, စကြဝဠာတွေကို ဖန်ဆင်းနိုင်သော တန်ခိုးရှိမရှိ, မိမိအသေခံ၍ သတ္တဝါတို့၏ ဒုစရိုက်အပြစ်ကို ပြေငြိမ်းစေနိုင်သောတန်ခိုးရှိမရှိ, သေမင်းကိုနိုင်သော တန်ခိုးရှိမရှိများကိုလည်း စဉ်းစားချင့်ချိန်ကြလေ။

[ဤကား-အချုပ်စကားတည်း။]

## ဘုရားချင်းနှိုင်းယှဉ်ချက်အဆက်

၆-နံပါတ်မျက်နှာ နိဗ္ဗာန်ရောက်ခန်း၌ နိဗ္ဗာန် အဓိပ္ပါယ်ကို မန္တလေးမြို့ ဗုဒ္ဓဘာသာသတင်းစာ၌ ဗုဒ္ဓဘာသာကို အပြစ်ဆိုချက် ၁၁-အဖြေမှာ နေရာကျ ဖြေပြီးရှိလေ၏။

www.dhammaransi.com



၆-နံပါတ်မျက်နှာ အောက်ဆုံးကြောင်း၌—

"တိုင်းမွန်,နိုင်ငံမွန်မြတ်မဟုတ်၊ ခတ်ယုတ်ယုတ်ဖြစ်သော သောဋ္ဌသ-တဆဲ့ခြောက်ပြည်အတွင်း ဟိန္ဒူကုလားနက် အမျိုး ထဲမှာ ပေါ်လာသော် ရှင်ဂေါတမကား-မြတ်သလော—

ဟူသောစကား၌—

ကမ္ဘာဦးမှစ၍ ငါတို့ဘုရားလက်ထက် ဇမ္ဗူဒီပါတွင် သောဋ္ဌသ-တဆဲ့ခြောက်ပြည်ထောင်ကို တုပြိုင်နိုင်သော နိုင်ငံမရှိ၊ ငါတို့ဘုရား ပွင့်တော်မူသော အခါ၌ သောဋ္ဌသ-တဆဲ့ ခြောက်ပြည်ထောင်လုံး၌ ဘုန်းတန်းပညာ ကြီးကျယ်ကြကုန်သော မင်းမျိုး,သူဋ္ဌေးမျိုး, သူကြွယ် မျိုး ဟူဟူသမျှတို့သည် တရားတော်၏ အရသာကို တွေ့ကုန်ကြသဖြင့် အသက်ခန္ဓာ တိုန္နောင်းလှစွာသော လူ့ဘဝ, လူ့ခန္ဓာ, လူ့ချမ်းသာ, လူ့စည်းစိမ်တို့ကို မစင်စု, အမှိုက်စုကဲ့သို့ စက်ဆုပ်ကြကုန်သဖြင့် ရရှိ ပြီးသော မင်းစည်းစိမ်, သူဋ္ဌေးစည်းစိမ်, သူကြွယ်စည်းစိမ် တို့ကိုပင် စွန့်ပစ်ကြကုန်၍ ဘုရားတပည့်တော် အရိယာသာဝကအဖြစ်သို့ချည်း ရောက်ကြလေကုန်၏၊ သောဋ္ဌသ-တဆဲ့ခြောက်ပြည်ထောင်လုံး၌ ဘုန်း တန်းပညာ နည်းပါးလှစွာသော အယုတ်အညံ့တို့သာ ကျန်ရှိကြ ကုန်၏၊ ငါတို့ဘုရား သာသနာထွန်းကားရာ ဌာနတို့၌ ဤနည်းချည်း တည်း၊ အယုတ်အညံ့တွေသာ ကျန်ရှိသော အခါမှ အနောက်နိုင်ငံ တလျှောက်သားတို့ ဝင်ရောက်သိမ်းယူ အုပ်စိုးကြကုန်၏။

[ရွှေချိန်ခွင်ဆရာကား-အစဉ်အလာ ဗဟုသုတဉာဏ်မရှိ၊ ယခုမျက်စိ မြင်သမျှသာ ဉာဏ်သွား၏၊ ထို့ကြောင့် ထာဝရဘုရား အသုံးပြုတော်မူ သောသူ လူငါးမျိုးတွင် ရွှေချိန်ခွင်ဆရာပါဝင်ကြောင်း သိသာထင်ရှား လေသတည်း။]

၇—နံပါတ်မျက်နှာ၌—

(က) ကံ၏ကျွန်ဖြစ်သော ရှင်ဂေါတမကား-မြတ်သလော။

(ခ) ကံ၏သခင် လောကုတ္တရာဘုရင် ထာဝရ ဘုရားရှင်ကား- မြတ်သလော"ဟူသောစကား၌—

ရှင်ဂေါတမမှာ မိမိပြုသော မကောင်းမှု အတွက်မျှသာ ရှိ၏။

www.dhammaransi.com



ထာဝရဘုရားမှာ အထက်၌ ပြဆိုခဲ့ပြီးသည့် အတိုင်း မိမိပြုသော မကောင်းမှုအတွက်မျှမက ခပ်သိမ်းသော သတ္တဝါတို့ပြုသောမကောင်း မှုကံတွေ အတွက် ဘယ်အခါမှ ကျွတ်ခွင့်မရှိ-လွတ်ခွင့်မရှိသော ကြီး စွာသော ဆင်းရဲဒုက္ခ ဝေဒနာကိုခံရခြင်း,လက်ဝါးကပ်တိုင်မှာ အသေ သတ် ခံရခြင်းတို့ဖြင့် ခပ်သိမ်းသော သတ္တဝါတို့ပြုသော ဒုစရိုက်ကံ အနန္တတို့၏ ထာဝရကျွန် ဖြစ်လေသတည်း။

[ခရစ်ယန်ဆရာဆိုသော်လည်း ထာဝရဘုရားပေတည်း၊ ခရစ်ယန် ဆရာခံရသော ဒုက္ခဆိုသော်လည်း ထာဝရဘုရားခံရသော ဒုက္ခပင် ဖြစ်၏-ဟု ရှေးချိန်ခွင်စာအရနှင့်ပင် ထင်ရှားလှ၏။]

၈—နံပါတ်မျက်နှာ၌—

(က) ကကုသန်, ကောဏာဂုမ်စသော မရေတွက်နိုင်အောင် များစွာအတုရှိသော ရှင်ဂေါတမကား-မြတ်သလော။

(ခ) ပစ္စုပ္ပန်, အတိတ်,အနာဂတ်ကာလ ၃-ပါး၌ တရံတခါမျှ ပြိုင်ဖက်နိုင်သူမပေါ် အတုမဲ့, အတုမရှိ ခပ်သိမ်းသော ပုဂ္ဂိုလ်တို့ထက် အလွန်အကဲ ထူးမြတ်တော်မူသော ကေ ထာဝရဘုရားကား-မြတ်သလော'' ဟူသောစကား၌—

မာရ်နတ်ဆိုသော တစ္ဆေကြီးကိုမှ မနိုင်၊ အစဉ်ထာဝရ အရှုံးပေး ထားရသော အာဒန်, ဝေတို့ အတ္တုပ္ပတ္တိကို ထောက်လေ။

မိမိကဖန်ဆင်း၍ထားသော သတ္တဝါတို့ကို ကယ်ချွတ်လိုသော်လည်း တန်ခိုးအားဖြင့် တစ္ဆေကြီးကို မတုနိုင်, မပြိုင်နိုင်သည့်အတွက် ချော့ မော့ဖြားယောင်း၍ မိမိတို့ဖက်သို့ ရတတ်သမျှ ဆွဲယူကယ်ချွတ်ခြင်း ငှါ လူ့ပြည်သို့ ထွက်ပြေးခဲ့၍ လူမိန်းမဝမ်း၌ ပဋိသန္ဓေနေ၍ တစ္ဆေ ကြီးမသိအောင်ကြံဆောင်ရသော ထာဝရဘုရားကို''အတုမဲ့,အတုမ- ရှိ'' ဆိုသလောဟု-ဖြေ။

ဘုရားချင်းနှိုင်းယှဉ်ချက်ပြီး၏။

---

## ရုပ်ပွါးဆင်းတုချင်းနှိုင်းယှဉ်ချက်

၉-နံပါတ်မျက်နှာ၌—

(က) အသက်မရှိ အဝိညာဏက ရုပ်ထု, ဆင်းတု, စေတီပုထိုး တည်းဟူသော ရှင်ဂေါတမ၏ ကိုယ်စားတော်ကား- မြတ် သလော။

www.dhammaransi.com



(ခ) ဘုရားသခင် တဆူတည်းဖြစ်အောင် ပေါင်းဖက်သော ခမည်းတော်, သားတော်, သန့်ရှင်းသော ဝိညာဉ်တော် တည်းဟူသော သုံးပါးသော သူတို့တွင် တတိယသူအတွင်း သက်သေ ဥပဇ္ဈာယ်ဆရာ ဝိညာဉ်တော် တည်းဟူသော ထာဝရ ဘုရား၏ ကိုယ်စားတော်ကား မြတ်သလော။

ဟူသောအချက်၌—

အသက်မရှိ အဝိညာဏက ရုပ်ထု, ဆင်းတုတည်းဟူသော ကိုယ်စားတော်ချင်း ပြိုင်ဆိုင်ခန်းဖြစ်၍ ယေရှုခရစ်ကျောင်းတို့၌ ရေးသားမှု, ထုလုပ်မှုတို့ဖြင့် အစဉ်ထာဝရ ကိုးကွယ်ကြသော အသက်မရှိ အဝိညာဏက ရုပ်တု,ဆင်းတုတည်းဟူသော လက်ဝါးကပ်တိုင်ကြီးကို ထုတ်ဆိုပြိုင်ဆိုင်ရမည့်အခန်း ဖြစ်ငြားသော်လည်း အစဉ်ထာဝရ ကိုးကွယ်ကြသော ရုပ်တု, ဆင်းတုလက်ဝါးကပ်တိုင်ကြီးက ဟန်မရလှသည့်အတွက်ကြောင့် ထိမ်ဂုက်ရှောင်ရှား၍ ထာဝရ ဘုရားကိုပင် စကားလိမ်လည် အမည်တပါး ကိုယ်တော်စား ပြုလုပ်ထုတ်ဖေါ်ယှဉ်ပြိုင်၍ ပြသောရွှေချိန်ခွင်ဆရာ-ဉာဏ်သည် အံ့ဩဖွယ်တခုဖြစ်ပေသည်ဟု-ဖြေ။

## ပညာရှိတို့ဝေဖန်ချက်

ဤစကား၌ ပကတိသောထာဝရဘုရားကား-ဝိညာဉ်တော်မျှ ဖြစ်၍ ရုပ်တု,ဆင်းတု ပြုလုပ်ကိုးကွယ်ရန် သဏ္ဌာန်မရှိ၊ခရစ်ယန်ဆရာအဖြစ်သို့ ရောက်ပြန်သော အခါ၌လည်း မာရီဆိုသော သူဆင်းရဲမသားဖြစ်ရ၍ ရုပ်ရည်သဏ္ဌာန် ဟန်ပန်မရရှိသည်နှင့် ဖလ်ပလ္လင်,မှန်ပလ္လင်, ရွှေပလ္လင်,ငွေပလ္လင်တို့နှင့် မသင့်မလျော်လှ၍ လက်ဝါးကပ်တိုင်ကြီးကိုပင် ပလ္လင်တော် အမှတ်ပြု၍ ကိုးကွယ်ကြလေသည်ဟု ယူဆဖွယ်ရှိ၏။

သို့မဟုတ် ထာဝရဘုရားလည်း မကယ်နိုင်, မိမိအစွမ်းနှင့်လည်း လွတ်အောင်မကြံနိုင်၍ အသတ်ခံရပါသည်ကို တပည့်ရင်းကြီးတို့က သတ္တဝါတို့အတွက် အသက်ကို အသေခံတော်မူသည်ဟု ကြွေးကြော်ချက်အရကျေးဇူးကြီးကို မမေ့နိုင်ကြလေအောင် လက်ဝါးကပ်တိုင်ကို ကိုးကွယ်ကြသည်ဟု ယူဆဖွယ်ရှိ၏။

www.dhammaransi.com



ထိုလက်ဝါးကပ်တိုင်ကြီး၌ နေတော်မူသော ကိုယ်တော်သဏ္ဍာန်ကို စေ့စုံပြည့်စုံစွာ အကုန်ဖေါ်ပြခြင်းကို မပြုကြသည်မှာမူကား—

၁။ ယေရှုခရစ် ဆရာတည်းဟူသော ထာဝရဘုရားသည် လက်ဝါးကပ်တိုင်မှာ နေရသောအခါ တင့်တယ်စွာ ဘုရားကြက်သရေနှင့် နေတော်မူတော့သည်မဟုတ်၊ယုန်သေကောင်ကိုအခြောက်သွေ့အောင် ကားကြက်၍ ထားသကဲ့သို့ လေးဖက်လက်တန်အကုန်ဖြန့်ကား၍ ခြေဖဝါးတော် ၂-ဖက်တို့၌ မယ်န-သံမှိုရိုက်နှက်လျက် ကိုးရိုးကားရားကြီး နေတော်မူရသည်ဖြစ်၍ ၎င်း,

၂။ သေသောအခါ၌လည်း ဓား,ပုံ သေနတ်တို့ဖြင့် ခုတ်ဖြတ်ထိုးပစ် သတ်ညှစ်ညှင်းဆဲမှုနှင့် သေရလေသောကြောင့် ရုပ်တုဆင်းတုပြုလုပ်ဖေါ်ပြရန် ဘယ်အင်္ဂါတခုမှ အကောင်းရှာမရ၊ မမြင်ဝံ့, မရှုဝံ့, အမြင်မကောင်း, အလောင်းတော်သဏ္ဍာန် ဟန်ပန်မရလှသည်ဖြစ်၍၎င်း,

လက်ဝါးကပ်တိုင်ပေါ်မှာ ကိုယ်တော်မြတ် ရုပ်သဏ္ဍာန်ကို စေ့စုံပြည့်စုံစွာအကုန်ဖေါ်ပြ၍ မကောင်းလှသည့်အတွက်ကြောင့် လက်ခြေအရိပ်အရောင်မျှ ဖေါ်ပြ၍ ရုပ်တု, ဆင်းတုရေးသား ထုလုပ်ကိုးကွယ်ကြကုန်သည်။

ယေရှုခရစ်ဆရာ တည်းဟူသော ထာဝရဘုရားကို ထိုမျှလောက်ကြီကြီဖန်ဖန် လုပ်ဆောင်ကိုးကွယ်ကြသေးသည်ကိုထောက်မြော်သော်-

ထာဝရဘုရားသည် အသက်ဝိညာဉ်တော်ရှိစဉ် အခါ၌၎င်း, သေ၍အလောင်းတော်ဖြစ်စဉ်အခါ၌၎င်း အတော်အတန်ဟန်ပန်ရရှိဖြစ်ပေမူကား- ဗုဒ္ဓဘာသာနိုင်ငံတလွှားမှာ ရုပ်ပွါး, ဆင်းတုတော်မျှ မကအကြီးအကျယ် လုပ်ဆောင်ကိုးကွယ် ကြပေလိမ့်မည်ဟု တွေးထင် ယုံကြည်ဖွယ်ရှိပေသည်။

ယခုမှာမူကား- ရှိမိုးပူဇော် လှူဒါန်းကျင်းပဖွယ် ခြယ်လယ်ဖေါ်ပြဟန်မလှသောကြောင့် ပြည့်စုံပြီးသစွာ ကိုးကွယ်ခွင့် မရမရှိကြလေသည်နှင့် ပြည့်စုံပြီသစွာ လှပတင့်တယ် တတ်နိုင်တိုင်း ခြယ်လယ်၍ ကိုးကွယ်

www.dhammaransi.com



ခွင့်ရကြသော ဗုဒ္ဓဘာသာ၌ ရုပ်ပွါး, ဆင်းတုကိုးကွယ်မှုကိုပင် တင်ရင်ကာဆီးအကျိုးမဲ့ကြီးပြုလုပ်ပြောဆို ဝန်တိုမိစ္ဆာရှိကြလေကုန်သည်။

"ယေရှုခရစ်ဆရာ တည်းဟူသော ထာဝရဘုရား"ဟု အမှန်ဆိုမှုမှာ ယေရှုခရစ်ဆရာနှင့် ထာဝရဘုရား တခြားစီမဟုတ်၊ အမည်နာမတော်သာပြား၍ ကိုယ်တော်မှုကား- တပါးတည်းဖြစ်ကြောင်း ရှေးချိန်ခွင်စာမှာပင် အထပ်ထပ်ပါရှိလေပြီ။

[ရုံဖန်ရံခါ တခြားစီကဲ့သို့ အသံပေါ်ရှိသည်မှာ အရာဌာနအားလျော်စွာ ဖန်တီး၍ဆိုရပေသော အမှုမျှသာတည်း။]

ရုပ်ပွါးဆင်းတုချင်းနှိုင်းယှဉ်ချက်ပြီး၏။

---

## တရားချင်းနှိုင်းယှဉ်ချက်

[တရားချင်းနှိုင်းယှဉ်ချက်မှာ ရှေး၌ပြခဲ့ပြီးသော သူကန်းဥပမာ,မဟာသမုဒ္ဒါဥပမာ ရွှံ့အိုင်ပွက်ဥပမာနှင့်ပင် ဖြေဆိုမှုကိစ္စပြီးပြီ။]

"ဝေံဂေလိတရား"အချက်မှာလည်း—

ခရစ်ဆရာသေခဏ်းမှာ ဖြေဆိုခဲ့ပြီ၊ခရစ်ဆရာအသတ်ခံရ၍ သေဆုံးသောအခါ တပည့်တော်ကြီးတို့ အဝင့်မှု, အဝါမှု, အမောက်အမာမှုပေါလောပေါ်ကြ၍ အရှက်ဝဲကွဲအကျိုးနဲ့ ရှိနေကြရာတွင် အသရေပျက် အရှက်ကြီးကွဲမှုကိုဖာရန် ထေးရန်, နာလံထူကြရန် ကြံဖန်လုပ်ဆောင်၍ဖြစ်လာသော တရားစုကို "ဝေံဂေလိတရား" ဆိုသည်။

တရားအကျိုးချင်း နှိုင်းယှဉ်ချက် ၁၁-နံပါတ်မျက်နှာ၌-

ဗုဒ္ဓဘာသာတရား၏ အကျိုးကား-၂-မျိုးရှိ၏။

၁။ အပါယ်ဘေး၌ ဘဝအဆက်ဆက်,ကမ္ဘာအဆက်ဆက် အစဉ်ကင်းလွတ်၍ လူ့ချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာ့ချမ်းသာ ကို အစဉ်ခံစား၍ နေကြရသော ဘုံစဉ်စံအကျိုးတချိုး,

၂။ ထိုစည်းစိမ်ချမ်းသာ တို့ကိုပင် အလိုမရှိ ငြီးငွေ့စက်ဆုပ်ကြသောအခါ ရုပ်,နာမ်-ခန္ဓာ ဟူသော အကာဓာတ်မျိုးကို စွန့်ပစ်၍ အနှစ်သာရ ဖြစ်သော အသခ်တဓာတ် သက်သက်သို့ ပြောင်းတက်ခံစံကြရသော အကျိုးတမျိုး,

www.dhammaransi.com



ဤအကျိုး ၂-မျိုးကိုမသိ၍ ငရဲမီးပူစေသော အကြောင်းသက်သေ ဖြစ်သော လူ့စည်းစိမ်, နတ်စည်းစိမ်, ဗြဟ္မာ့စည်းစိမ်ဟူ၍ ရှေ့ချိန်ခွင် ဇောက်ထိုး သွားလေသတည်း။

[နိဗ္ဗာန်၏အချင်းအရာကို ရှေး၌ညွှန်ပြဖြေဆိုခဲ့ပြီ ယေရှုခရစ်၏တရား ပေးသောအကျိုးစုကိုလည်း ခရစ်ဆရာ ပဋိသန္ဓေယူခဏ်း,အသတ်ခံ၍ သေ ခဏ်းတို့၌ အကြီးအကျယ်ဖြောင့်ချက် ယုတ္တိတွေနှင့်ဖြေဆိုခဲ့ပြီးပြီ။]

တရားချင်းနှိုင်းယှဉ်ချက်ပြီး၏။

ဘာသာချင်း နှိုင်းယှဉ်ချက်ကား-မပြောပလောက်ပြီ။

---

### သာသနာချင်းနှိုင်းယှဉ်ချက်

သာသနာချင်းနှိုင်းယှဉ်ချက် ၁၄-နံပါတ်မျက်နှာ၌—

(က) ရှင်ဂေါတမ သာသနာကား-မင်းစိုးရာဇာ အာဏာနှင့် ပြုစုမှ တည်တွန်းနိုင်သည်,

(ခ) ခရစ်တော် သာသနာကား ပင်းစိုးရာဇာတို့ အဆက်ဆက် ညှဉ်းဆဲ,နှိပ်စက်,ဖျက်ဆီးမှ မပျက်မစီး တည်နိုင်သည်-ဟူ ၍ ရှေ့ချိန်ခွင်ပြဆိုချက်သည် ဟုတ်မှန်သကဲ့သို့ရှိပေ၏။

၁။ လောက၌ သက်ရှိသက်မဲ့ အလုံးစုံတို့၌ပင်လျှင် အကောင်း အမွန်, အတွတ်အမြတ်-ဟူသည် အလွန်ပြုပြင် အားထုတ်နိုင်မှ ဖြစ်ပွါးတည်တွန်းနိုင်၏။

၂။ မကောင်းမမွန်, အယုတ်အညံ့-ဟူသမျှသည် အလိုလိုပင် ဖြစ် ပွါး ထွန်းကားနိုင်၏။

ယို့ကြောင့် လောက၌ လူချမ်းသာနှင့် လူဆင်းရဲ ၂-ပါးတို့တွင်—

၁။ လူချမ်းသာ နည်းပါးလှ၏၊ လူဆင်းရဲ များပြားလှ၏။

၂။ သူတော်ကောင်း နည်းပါးလှ၏၊ သူယုတ်မာ များပြားလှ၏။

၃။ ပညာရှိနည်းပါးလှ၏၊ ပညာမဲ့များပြားလှ၏။

၄။ လူလိမ်မာနည်းပါးလှ၏၊ လူမိုက်များပြားလှ၏။

www.dhammaransi.com



၅။ အဘိုးထိုက်တန်သော ကောက်စပါး, ပြောင်း, နှမ်းစသည်တို့သည် မိုယ်းရေ, မိုယ်းပေါက်ကြီးစွာရွာ၍ လူတို့အားထုတ်လုပ်ဆောင်နိုင်မှ ဖြစ်ပွါးထွန်းကားကုန်၏၊ အဘိုးမတန်သော မြက်မျိုးတို့သည် မပြုစုဘဲ သုတ်သင်ပယ်ရှား၍ မနိုင်အောင် ဖြစ်ပွါးတည်ထွန်း၏။

၆။ အဘိုးတန်သော သရက်, ပိန္နဲစသော ဥယျာဉ်တို့သည် လူတို့ပြုစုနိုင်မှ ဖြစ်ထွန်း၏၊ အသုံးမကျ အမှိုက်ဆူးပြောင့်မျိုး ဖြစ်သော သစ်ပင်, ချုံ, နွယ်တို့သည် ပြုစုဖွယ်မရှိ၊ ခုတ်ထွင်သုတ်သင်ပယ်ရှား၍မှ မနိုင်အောင် ဖြစ်ပွါးတည်ထွန်း၏။

[ရွှေချိန်ခွင် ဆရာစကားသည် လောကမျက်မြင်နှင့် အလွန်ညီညွတ်လှပေ၏။]

သို့သော်လည်း ကမ္ဘာမြေပေါ်၌ ဘာသာကြီး လေးပါးရှိသည်တွင် ဗုဒ္ဓဘာသာဝင် လူသူအရေအတွက်အများဆုံးဖြစ်သည်-ဟု ပထဝီဝင်ချုပ် ကျမ်းရင်းများ၌ ဂဏန်းအချုပ်နှင့် ပြဆိုလျက်ရှိသော ကြောင့် ဗုဒ္ဓဘာသာလူမျိုးတို့က ညှိုးငယ်ရန်အခွင့်မရှိသေး၊ ယခုလည်း ရုရှပြည်, ဂျာမနီပြည်, အင်္ဂလန်ပြည်, အမေရိကန်ပြည်, ပြင်သစ်ပြည် အစရှိသော တိုင်းကြီးပြည်ကြီးများ၌ တည်ထွန်းစပြုလျက်ရှိ၏။

သာသနာချင်းနှိုင်းယှဉ်ချက်ပြီး၏။

---

## ကျမ်းစာချင်းနှိုင်းယှဉ်ချက်

ကျမ်းစာချင်း နှိုင်ယှဉ်ချက် ၁၅-နံပါတ်မျက်နှာ၌—

(က) ဗုဒ္ဓဘာသာ ကျမ်းစာများသည် ဘုရားသခင် ကျမ်းရှင်မရှိသည့်နောက် အနှစ် ၄၅၀-နှစ်လွန်ပြီးမှ ပေါ်လာသူ ရေးထားသော ကျမ်းစာများဖြစ်ကြောင်း,

(ခ) ခရစ်ယန်ဘာသာ ကျမ်းစာများသည် ခရစ်တော် ကျမ်းရှင်၏ တပည့်ရင်းဖြစ်သူတို့ ကိုယ်တိုင်မျက်မြင်, ကိုယ်တိုင်နားကြားအတိုင်း ရေးထားသော ကျမ်းစာများ ဖြစ်ကြောင်းကို ဆိုရာ၌—

www.dhammaransi.com



ရွှေချိန်ခွင်ဆရာသည် ဘုရားမရှိသည့်နောက် အနှစ် ၄၀၀-ကျော် လွန်ပြီးမှ ပေါ်လာသူ အရှင်ဗုဒ္ဓဃောသ စီရင်သော ပါဠိတော်အဖွင့် အဋ္ဌကထာကျမ်းများကိုသာ ကြားဘူး၍ မြတ်စွာဘုရား ထင်ရှားရှိစဉ် ထိုထိုပရိသတ်တို့အား ဟောကြားတော်မူသောနေ့မှစ၍ တပည့်တော် အဆက်ဆက် ယနေ့ထက်ထိ ဆောင်ရွက် လေ့လာ၍ လာခဲ့သော ဘုရားဟောပါဠိမဗ္ဗကန္တာ ၈၄၀၀၀-ကျမ်းများကိုမူကား-ကြားယုံမှ မကြားဘူး၍ ချိန်ခွင်ဇောက်ထိုး သွားလေ၏။

ဗုဒ္ဓဘာသာ ပါဠိတော် ကျမ်းစာများကား-တထောင်သော ပရိသတ်အလယ်, တသောင်းသော ပရိသတ်အလယ်, တရွာလုံးပရိသတ် အလယ်, တမြို့လုံးပရိသတ်အလယ်, တနိုင်ငံလုံး ပရိသတ်အလယ်၌ ကိုယ်တော်တိုင် ဟောတော်မူရာ ဆောင်နိုင်ကြသူ လူရှင်ပရိသတ် အပေါင်းတို့က ဆောင်ရွက်ထားကြ၍ ယနေ့ထက်တိုင် တည်တွန်းလျက် ရှိလေသည်။

ခရစ်ယာန် ဘာသာကျမ်းစာသည်ကား- ဒပ်ါးဆန်းလုပ်သော အလုပ်ကဲ့သို့ တပည့်ရင်း,တပည့်ဖျား ကျမ်းပြုဆရာတို့သည် မိမိတို့နေရာ အိမ်ကြိုအိမ်ကြား တောကြိုတောကြား တောင်ကြိုတောင်ကြား တို့၌ စိတ်ထင်တိုင်းရေးသားပြီးမှ ထာဝရဘုရားလာလေဟန်, ဉာဏ်တော်ကိုပေးလေဟန်, ပရိယာယ် မာယာတွေကို ကြွေးကြော် ပြုလုပ်ပြီးမှ ထုတ်ကြသောကျမ်းဂန်စုပေတည်း။

[ထိုသို့သောအမှုကို မင်းပညာရှိ,မှူးမတ်ပညာရှိတို့ သိကြကုန်သည်နှင့် ကျမ်းစာကိုရေးထုတ်ကြသည့်အတွက် အညှင်းဆဲခံရကြ, အသက်သေခံရကြ၏။]

ရွှေချိန်ခွင်၌လည်း-"ကျမ်းစာကို ရေးထားသောကြောင့် ညှင်းဆဲနှိပ်စက်ခြင်းကို ခံရသည်သာမက အသေသတ်ခြင်း တိုင်အောင် တယောက်နောက်တယောက် ခံရကြသည်"-ဟု သက်သေခံချက်ပါရှိပေ၏။

သို့သော်လည်း ကျမ်းပြုဆရာကြီးအဆက်ဆက်တို့ အသက်သေခံကြရသောအမှုမှာ ဝမ်းနည်းဖွယ်မရှိပေ။

www.dhammaransi.com



အဘယ့်ကြောင့်နည်းဆိုသော်-အသက်သေခံမှုသည် သူတို့၏ အရှင်သခင် ဖြစ်တော်မူသော ထာဝရဘုရားကြီး ဓမ္မတာထုံးတမ်း လမ်းရိုးလမ်းစဉ်ကြီးအတိုင်း လိုက်ရသောအမှု ဖြစ်ပေသောကြောင့်တည်း။

[လမ်းရိုးလမ်းစဉ်ကြီးကိုကား-ခရစ်ဆရာအသက်သေခံရခဏ်းမှာအကျယ်ပြဆိုခဲ့ပြီ။]

ကျမ်းစာချင်း နှိုင်းယှဉ်ချက်ပြီး၏။

---

**အချက်ကြီးလေးပါးကိုရှင်းလင်းချက်**

**ဇမ္ဗူဒီပါအတိုင်းအထွာ**

၁၆-နံပါတ် ၁၇-နံပါတ်မျက်နှာတို့၌—

"ဇမ္ဗူဒီပါကျွန်းကို သင်္ဘောနှင့် အထပ်ထပ် ပတ်လည်လှည့်၍ တိုင်းထွာကြရာ အလျားယူဇနာ(၆၀၀)အနံယူဇနာ(၃၅၀) သာရှိသည်ကို အမှန်သိကြရသည် ဖြစ်ပါလျက် ယူဇနာ (၁၀၀၀၀) ရှိသည်ဆိုသော ပိဋကတ်ကျမ်းစာသည် ယုံစရာရှိသလော"ဟူရာ၌—

"ဇမ္ဗူဒီပါ ယူဇနာ (၁၀၀၀၀) ရှိသည်"-ဆိုသော စကားသည် ဘုရားဟောရင်း စကားမဟုတ်၊ ရှေးကမ္ဘာဦး ကျမ်းဟောင်းများမှာ လာရှိတိုင်း အဋ္ဌကထာ,ဋီကာကျမ်းဂန်အဆိုပေတည်း။

ချင့်ချိန်ရန်ကား- ကမ္ဘာဦးအခါနှင့် ယခုအခါသည် အလွန်ကွာဝေးလျက် ရှိကြချေသည်၊ မတရားအဓမ္မ အားကြီးလှသော မြို့, ရွာ, နိုင်ငံများကို ပင်လယ်ရေလွှမ်းမိုးမြုပ်နစ် ပင်လယ်ဖြစ်သွားသည်ဟူ၍လည်း ရှိကြချေသည်။

"ယခုကာလ တိုင်းထွာကြသည်"ဆိုရာမှာလည်း-ပကတိ မြေပြင်မှာ မြေတိုင်းဆရာတို့ကြိုးတန်းပနက်ချ၍ တိုင်းထွာကြသကဲ့သို့ တိုင်းထွာနိုင်ကြသည်မဟုတ်၊ ငါတို့သင်္ဘောသည် တနာရီလျှင် ခရီးမိုင်ပေါင်း မည်မျှသွားသည်, တနေ့လျှင် မည်မျှသွားသည် ဟူသောအမှတ်နှင့် အလှမ်းတာပါ တိုင်းထွာ,ရေတွက်မှုသာဖြစ်သည်။

"တနာရီတွင် ခရီးမိုင်ပေါင်း မည်မျှသွားသည်" ဟူသောအမှတ်သည်လည်း ပုံသေအမြဲကြီးမဟုတ်လှသေး၊ ရေစုံ ရေဆန်, ရေသေ

www.dhammaransi.com



ရေရှင်, ရေတိမ် ရေနက်, ရေလှိုင်း ရေမြိမ်စသော ရေအထွေထွေ၊ လေစို လေဆန်, လေသာလေပြင်းစသော လေအထွေထွေသို့လိုက်၍ အနှေးအလျင် ကွာခြားကြလျက်ရှိသေးသည်။

ရန်ကုန်မြို့မှ ဇင်လားမြို့သို့ ထွက်သွားရာ ၄-ည ၅-ရက်မှ ဆိုက်ရောက်သည်၊ ဇင်လားမြို့မှ ရန်ကုန်မြို့သို့ပြန်လာရာ ၃-ည ၄-ရက်နှင့် ဆိုက်ပါသည်။

အဘယ့်ကြောင့်နည်း မေးမြန်းရာ-အစုံ, အဆန် ဖြစ်သည့်အတွက်ဟု ပြောဆိုကြပေသည်၊ ၄-ရက် ၅-ရက်အတွင်းမှာပင် ရေအတွက်ကြောင့် တရက်လုံးလုံး ကွာ၍သွား၏။

[ဤသို့ချင့်ချိန်ရန် အလွန်များပြားလှသော အရာဋ္ဌာနဖြစ်သည်၊ မျက်တောင်မွေးကဆုံးမျှသာ ဉာဏ်သွားသော ရှေးချိန်ခွင့် ဉာဏ်နှင့်မတန်ချေ။]

ကျွန်းယူဇနာ အပိုင်းအခြားမှာလည်း-

ဇမ္ဗူဒီပါကျွန်းမှာ အလျား (၆၀၀) အနံ (၃၅၀)
အမေရိကန်ကျွန်းမှာ အလျား (၇၀၀) အနံ (၂၅၀)
ဟု ရှေးချိန်ခွင်စာမှာဆို၏။

အလျားအနံ အလွန်အယုတ်ကို ညှိ၍ယူသော်-

ဇမ္ဗူဒီပါကျွန်းနှင့် အမေရိကန်ကျွန်းသည် အကျဉ်း, အကျယ်, အကြီး,အငယ်တထပ်တည်းကျ၏၊ဇမ္ဗူဒီပါ၌ တိုက်ကြီး ၃-ပါး,တိုင်းကြီးတွေအများ, ပြည်ကြီးတွေအများ, ဘုရင်ထီးဆောင်း မင်းကြီး မင်းပေါင်းအများ, လူအရေအတွက် အများတို့နှင့် ချင့်ချိန်၍ ကြည့်သော် အလျားယူဇနာ (၆၀၀၀) အနံယူဇနာ (၃၅၀၀) သာ ပထဝီချုပ်စာအုပ်မူရင်းများ အမှန်ဖြစ်ရာ၏၊ အချင့်အချိန် ဉာဏ်မရှိသည့်အတွက် သုညတလုံးကျသည်ကို မကြံမိ၊လက်ရှိစာမူ၌ မျက်စိမြင်သမျှတွင် ဉာဏ်ဆုံးသူဖြစ်၍ အလျားယူဇနာ (၆၀၀) အနံယူဇနာ(၃၅၀)ဟု မူပျက်စာရှိကို အမှန်ကြီးပြု၍ ဆိုမိလေသည်ဖြစ်ရာ၏။

ဤကဲ့သို့ချင့်ချိန်ရန်အချက်တွေ မျက်မြင်,နားကြား အမြောက် အများ အလွန်ထင်ရှားလှသော လောကီ အရာဋ္ဌာနတို့၌ပင် ရှေးချိန်ခွင်

www.dhammaransi.com



ဆရာသည် အချင့်အချိန်ဉာဏ်မရှိ၊သူ့မျက်စိမြင်သမျှတွင်သာ ဉာဏ်ဆုံးသူဖြစ်သည်ဟု အလွန်ထင်ရှား၏။

၁။ မျက်မြင်မဟုတ်ကြသော ဓမ္မအရာ,

၂။ ကံအရာ,

၃။ သုစရိုက်-ဒုစရိုက်- အကျိုးအပြစ်အရာ,

၄။ ခရစ်ယန်ဘာသာတွင် အချုပ်အချာဖြစ်သော ကျမ်းပြုဆရာကြီး (၆၆) တမန်တော်ကြီး (၁၂)ဆိုသူတို့ လုပ်ကြံလှည့်ဖြား ရေးထားကြသောအရာ,

၅။ ဗုဒ္ဓဘာသာပိဋကတ်ကျမ်းစာ အရာတို့၌ ရွှေချိန်ခွင်ဆရာသည် ချင့်ဉာဏ်,ချိန်ဉာဏ် တဆံခြည်မျှထွက်နိုင်တော့မည် မဟုတ်ဟု သိသာထင်ရှားလှ၏။

ဤသို့ဖြစ်ပါလျက် ဘာသာကြီး ၂-ဖက်လုံးကို သိမ်းချုံး၍ ရွှေချိန်ခွင်ဟူသောအမည်နှင့် ချင့်စာ, ချိန်စာ ရေးထုတ်မှုသည် အလွန်ကြီးအံ့သြဖွယ်ကောင်းလှ၏၊ထာဝရဘုရားအသုံးပြုတော်မူသောလူစား ၅-မျိုးကို ထုတ်ဖေါ်ကြော်ငြာလျက် သက်သေခံပေသော မြန်မာတမန်စာသည် နေရာကျလှပေ၏။

[ဤကား-ဇမ္ဗူဒီပါ အတိုင်းအထွာကိုပြဆိုချက်တည်း။]

ပဌမအချက် ရှင်းလင်းချက်ပြီး၏။

### ဗေဓိပင်အတိုင်းအထွာ

ဗေဓိပင်စကား၌-

ဗောဓိညောင်တော်သည် သံတောင်တရာမျှသာ ရှိသည်ဟု ကျမ်းဂန်တို့၌ ဆိုလျက်ရှိ၏။

တခြားတပါးသော ညောင်ပင်ကြီးများထက် အလွန်ကြီး ကြီးလှသည်မဟုတ်၊တိုင်းကြီးသောဥသကို အင်္ဂလိပ်မင်းတို့ အုပ်စိုးသောအခါ ညောင်တော်အသက် အနှစ် ၂၀၀၀-ကျော်ရှိပြီးဖြစ်၍ ဆုတ်ယုတ် အိုမင်းလှလေပြီ။

''အံ့သြဘွယ်များနှင့်ချီးမွမ်းမှု'' ဆိုသည်မှာ-မိမိတို့ကြည်ဖြူရာ ဌာနကိုချီးမွမ်းချင်သမျှ စိတ်အားရအောင် ချီးမွမ်းကြမြဲ အများထုံးစံဖြစ်သည်။

www.dhammaransi.com



၁။ အထွတ်အမြတ် ဘုရားအဖြစ်သို့ ရောက်တော်မူသောအခါ မိ တော်မူရာလည်းဖြစ်,ပကတိနဂိုကလည်း ကြည်ညိုဖွယ်ကောင်းလှသော လုံးဝန်းမဏ္ဍလနှင့် ပြည့်စုံရင်းရှိသည်လည်း ဖြစ်ပေသော ဗောဓိရွှေ ညောင်တော်ကြီးကို မဆိုထားဘိဦး၊ ယေရှုခရစ်ဆရာတည်း ဟူသော ထာဝရဘုရားသည် ထွက်ပြေးပုန်းကွယ်နိုင်သော တန်ခိုးမရှိသည့် အ တွက် အသတ်ခံရ၍ မလှမပ မမြင့်ဝံ့,မရှုဝံ့ ထိတ်လန့်ဖွယ်မျိုး သေခြင်း ဆိုးနှင့် သေရသောအခါ မိတော်မူရာလည်း ဖြစ်ထသော ပကတိနဂိုက လည်း လက်ဝါးကပ်တိုင်မည်သည် အနှစ်မရှိသော ကသစ်သား,လက် ပံသားစိုက် တိုင်တခုမှာ အထက်အောက် တန်း ၂-ခုဖွဲ့ချည်၍ ပြုလုပ် သော သူသတ်သုသာန်ကြိယာ မင်္ဂလာမရှိ အယုတ်တမာမှုတွင် အတု မရှိသော လက်ဝါးကပ်တိုင်ကြီးကိုပင် တေးသီချင်းကဗျာနှင့် မင်္ဂလာ စကားဖြင့် မြှောက်စားချီးမွမ်းကြ ကုန်သေး၏တကား—

၂။ မာရ်နတ်ကို အောင်မြင်တော်မူသော ငါတို့ဘုရားကို မဆို ထားဘိဦး၊ အစမထင် အစမရှိသော အနန္တကာလပတ်လုံး မိမိအ ပေါ်၌ အနိုင်ကျင့်၍နေသော ၎င်းမာရ်နတ်ကိုပင်လျှင် အစဉ်ထာဝရ အရှုံးခံ၍ နေရသော ထာဝရဘုရားကိုပင်လျှင် အတုမရှိ, အဖက်မရှိ, အနန္တတန်ခိုးတော်ရှင်, ကမ္ဘာကို ဖန်ဆင်းပေသည်, သတ္တဝါခပ်သိမ်း ကို ဖန်ဆင်းပေသည်,သတ္တဝါတို့ပြုမိသောဒုစရိုက်အပြစ်ကိုဖြေဖျောက် ပေသည် အစရှိသည်ဖြင့် ချီးမွမ်းကြကုန်သေး၏တကား။

[အနိုင်ကျင့်ပုံ, အရှုံးခံပုံများမှာ ရှေ့၌ပြဆိုထင်ရှားစေခဲ့ပြီ။]

“ထာဝရဘုရားကိုချီးမွမ်းမှု”မှာလည်း-ခရစ်တော်မပေါ်မီ ဇူဒီယ နိုင်ငံဖြစ် ရှေးရှေးသော ထာဝရ ဘာသာကျမ်းရင်းများ၌ ဘုရား သားတော်တဦး သမုဒ္ဒရာသို့ ဆင်းသဖြင့် ရေနှစ်၍သေဆုံးရာ ထာဝရ ဘုရား အမျက်ပေါ်ထွက်၍—

၁။ သမုဒ္ဒရာကို အမြင်နိမ့်စေ-ဟု အာဏာထား၏၊ ထိုအခါမှစ၍ သမုဒ္ဒရာရေမှန်လျှင် အမြင်နိမ့်ရ၏။

၂။ မင်းစိုးရာဇာမှန်လျှင် မိမိပိုင်ဆိုင်ရာ နိုင်ငံကို အုပ်ချုပ်စီရင်စေ,

၃။ ဆင်းရဲသားမှန်လျှင် အရောင်းအဝယ် လယ်ယာလုပ်ခြင်းစ သည်ကို လုပ်ကိုင်စေ,

www.dhammaransi.com



၄။ ပုဏ္ဏားမျိုးမှန်လျှင် ဗေဒင်ဟောမှု-ယဇ်ပူဇော်မှုကို လုပ်ကိုင်စေ အစရှိသည်ဖြင့် ထာဝရဘုရား အာဏာထားချက်တွေ များစွာလာရှိ၏။

[ခရစ်ယန်ဘာသာကျမ်းဆရာတို့သည်ကား-ထိုကျမ်းရင်းများကိုမတွေ့ဘူးကြ၍ အနည်းငယ်မျှသာ ချိုးမွမ်းတတ်ကြကုန်၏။]

ထိုကဲ့သို့သော အာဏာထားမှုကို မူကား-ထာဝရ ဘုရားမှသာ ထားနိုင်သော တန်ခိုးရှိသည် မဟုတ်၊ ဖြစ်မြဲဓမ္မတာ သဘာဝကို သိကြသူ လူတိုင်းပင် ထားနိုင်သော တန်ခိုးရှိကြပါ၏။

၁။ ကမ္ဘာမှန်လျှင် ပေါ်ချိန်တန် ပေါ်စေ, ပျက်ချိန်တန်ပျက်စေ,

၂။ သတ္တဝါမှန်လျှင် ဖြစ်ပေါ်ပေါက်ပွါးချိန်တန် ဖြစ်ပေါ်ပေါက်ပွါးကြစေ, သေချိန်ကျ သေကြစေ,

၃။ မိန်းမမှန်လျှင် ကိုယ်ဝန်ဆောင်စေ,

၄။ ယောကျ်ားမှန်လျှင် လုပ်ကိုင်စေ,

၅။ တမာမှန်လျှင် ခါးစေ,

၆။ ဆားမှန်လျှင် ငန်စေ,

၇။ သမ္ဘာရာမှန်လျှင် ချဉ်စေ,

ဤသို့ အစရှိသည်ကား-ထာဝရဘုရား အာဏာထားမှု မျိုးချည်းတည်း၊ တန်ခိုးတော်ဖြင့် ဖန်ဆင်းမှုဆိုသည်လည်း ဤအာဏာထားချက်စုကိုပင် ဆိုသတည်း။

ဤအာဏာထားချက်မျိုးကို,ဘယ်သူမဆို ထားလျှင်လည်း ကမ္ဘာ, သတ္တဝါ, မိန်းမ, ယောကျ်ား, တမာ, ဆား, သမ္ဘာရာစသည်တို့က ထို အာဏာကို လွန်ဆန်နိုင်ကြမည် မဟုတ်။

ဤကား-ရှေးရှေးသောအခါက ဇမ္ဗူဒီပနိုင်ငံသား ပုဏ္ဏားလူနောက်တို့ရောက်တတ်ရာရာ ဗလချာ သပ္ပလာပတွေကို ကျမ်းစ, ဂန်စနှင့် ခဏလုပ်ကြ၍ ထားခဲ့ကြသည့် အတွက်ကြောင့် ယခုထက်ထိ ဇာတ်မျော၍ နေပုံတည်း၊ ခရစ်ယန်ဘာသာကျမ်းပြုဆရာတို့ကား-ထိုပုဏ္ဏားတို့၏ အကျကောက်သမားတို့တည်း။

[ဤကား-ဗောဓိပင်အတိုင်းအထွာကို ပြဆိုချက်တည်း။]

ဒုတိယအချက် ရှင်းလင်းချက်ပြီး၏။

www.dhammaransi.com



### ဇမ္ဗူသပြေပင်-ရှိမရှိ

ဇမ္ဗူသပြေပင်၌—

ဇမ္ဗူသပြေပင် ရှိကြောင်းမျှသာ ဘုရားဟော၏၊ အမြင့်ယူဇနာ ၁၀၀-စသည်မှာ ကမ္ဘာဦးကျမ်းများတွင် လာရှိသည့်အတိုင်း အဋ္ဌကထာ, ဋီကာကျမ်းဂန်တို့၌လာ၏။

မြောက်သမုဒ္ဒြာသို့ အစဉ်ထာဝရသွားလာ၍ နေကြသော သင်္ဘောသူကြီးတို့ ထိုမျှလောက်ကြီးသော သစ်ပင်ကို တွေ့မြင်, ကြား သိဘူးကြသူ တစုံတယောက်မျှ မရှိကြရာ၌ကား—

ဗုဒ္ဓဘာသာ၌ရှင်း,ခရစ်ယန်ဘာသာ၌ရှင်း ပကတိမျက်စိဖြင့် မမြင်ရသော မာရ်နတ်ဆိုသောနတ်မျိုးရှိကြ၏၊ မာရ်နတ်၏ အပင်းအသင်းဖြစ်သောနတ်မျိုးလည်း နတ်ပြည် ၆-ထပ်မှ မြေအပြင်သို့ ကျအောင် အနန္တများပြား၏၊ တန်ခိုးကြီးငယ်ရှိကြ၏၊ ထိုကဲ့သို့သော သစ်ပင်တကာတို့တွင် အတုမရှိကြီးကျယ်လှသော ဇမ္ဗူသပြေပင်စောင့်နတ်သည်မူကား-မြေအပြင်ရှိ ရုက္ခစိုးနတ်တကာတို့တွင် အတုမရှိ တန်ခိုးကြီးသောနတ်ဖြစ်ရာ၏၊ ဇမ္ဗူသပြေပင်ကို သူမြင်စေလိုမှမြင်ရအောင် စွမ်းနိုင်သော နတ်တန်ခိုးကြီးဖြစ်ပေရာ၏။

မျက်စိနှင့်မြင်ဘူးကြသူ မရှိသည့်အတွက်ကြောင့် လောက၌သစ်ပင်နေ ရုက္ခစိုးနတ်ဟူ၍မရှိ-ဆိုခဲ့လျှင် မာရ်နတ်လည်းမရှိ, ထာဝရဘုရားဆိုသူလည်း မရှိဟု ဆိုရလိမ့်မည်။

နတ်ပြည် ၆-ထပ်၊ ဗြဟ္မာ ၂၀-၏ အထက်ကောင်းကင် ဘုံကြီး၌ ထာဝရဘုရားနေသည်ကို ရှေ့ချိန်ခွင်အဆို ရှိသောကြောင့် ရှေ့ချိန်ခွင်အဆိုနှင့်ပင်—

၁။ ထာဝရဘုရားလည်းရှိ၏။

၂။ ဗြဟ္မာ ၂၀-လည်းရှိ၏။

၃။ နတ်ပြည် ၆-ထပ်လည်း ရှိ၏။

၄။ မာရ်နတ်မျိုး အနန္တလည်းရှိ၏။

၅။ ရုက္ခစိုး,ဘုမ္မစိုးနတ်မျိုး အနန္တလည်း ရှိရမည်ပင်ဖြစ်သတည်း။

ဤသို့ရှိရလျှင် ဇမ္ဗူသပြေပင်သည် ရှေ့ထွက်သော သစ်ပင်ဖြစ်၍ လူတို့ဖျက်ဆီးရန်ရှိသောကြောင့် သင်္ဘောသားတို့မမြင်ရအောင် တန်

www.dhammaransi.com



နိုးဖြင့် အခါခပ်သိမ်း ကွယ်၍ထားသည်ဟု ချင့်ချိန်ရန် တလမ်းရှိ၏၊ မဟုတ်ဘူးဟု အတတ်မပြောင်းနိုင်။

[မိမိတို့ယုံကြည်ရာဌာနကို ချီးမွမ်းကြခြင်းထုံးစံအတိုင်း ချီးမွမ်းစကားမျိုးသော်လည်းဖြစ်ရာ၏၊ ချီးမွမ်းစကားမျိုးဖြစ်သော်လည်း အပြစ်မဆိုသာ။]

[ဤကား-ဇမ္ဗူသပြေပင်ရှိ-မရှိ ပြဆိုချက်တည်း။]

## ကျွန်းကြီး ၄–ကျွန်းရှိ, မရှိ

လောကမျက်မြင်ဒိဋ္ဌအားဖြင့်–

၁။ ဇမ္ဗူဒိပါခေါ်သော အရှေ့ကျွန်းကြီးတကျွန်း,

၂။ အမေရိကန်ခေါ်သော အနောက်ကျွန်းကြီးတကျွန်း,

ဟူ၍ ကျွန်းကြီး ၂-ကျွန်းသာ မျက်မြင်ထင်ရှားရှိသည် ဖြစ်ပါလျက် မြင်းမိုရ်တောင်နှင့် ကျွန်းကြီး ၄-ကျွန်းရှိသည်ဟု ဆိုသောအရာကိုမယုံသာချက်ထုတ်ပြရာ၌-

မျက်မြင်ထင်ရှားရှိမှ အဟုတ်အမှန်ဟု ယူကြစတမ်း,မျက်မြင်ထင်ရှားမရှိလျှင် မဟုတ်မမှန်ဟု ပယ်စွန့်ကြစတမ်း-ဆိုခဲ့ပါလျှင်-

၁။ မာရ်နတ်,

၂။ နတ်ပြည် ၆-ထပ်,

၃။ ဗြဟ္မာ ၂၀,

၄။ ထိုအထက်မှာ ကောင်းကင်ဘုံကြီး,

၅။ ထိုဘုံကြီးမှာနေသော ထာဝရဘုရား,

၆။ ထိုထာဝရဘုရား အပါးတော်မှာ တပည့်တော်ဖြစ်သူအပေါင်းတို့ ကာလအနန္တ ကမ္ဘာအဆက်ဆက် ထာဝရကောင်းကင်စည်းစိမ်ကို ခံစား၍နေကြရမှု,

ဤအလုံးစုံကိုပင် မဟုတ်မမှန်ဟု သဘောတူ ပယ်စွန့်ကြရလိမ့်မည်၊ ရှေ့ချိန်ခွင်စာတွင် ဆိုဆိုသမျှ ထာဝရဘုရား အချက်တွေကို အကုန်ပယ်ဖျက်ရလိမ့်မည်။

အဘယ့်ကြောင့်နည်းဆိုသော်-ယခုရှိကြသော လောကီလူများ၏ မျက်မြင်ထင်ရှားရှိသည်လည်း မဟုတ်၊သေလွန်၍ သွားကြလေကုန်ပြီးသော ထာဝရဘုရား၏ တပည့်တော်ကြီး, တပည့်တော်လတ်,တပည့်

www.dhammaransi.com



တော်ငယ် အပေါင်းတို့တွင် တစုံတယောက်သောသူမှ ယခုကျန်ရှိသူ အပေါင်းတို့ကို အားပေးခြင်းငှါ တရံတခါမှပြန်လာ၍ များစွာသော ရွာသူ,မြို့သူ,တိုင်းသူ,ပြည်သူတို့အတူတကွမြင်ကြရအောင်ထင်စွာပြ၍-

"ငါသည် ဘယ်သူတည်း၊ ယခုထာဝရဘုရား၏ အပါးတော်သို့ရောက်၍ ကမ္ဘာ အဆက်ဆက် ထာဝရ ကောင်းကင်စည်းစိမ်ကိုခံစား၍ နေရပြီ"ဟု သက်သေခံလာသူ-ဟူ၍လည်း မရှိစဘူးလေသောကြောင့်တည်း။

## ချင့်ချိန်ရန်အချက်မှာမူကား

နေသွား, လသွားများကိုပြဆိုသော ကျမ်းဂန်တို့အရ ကျွန်းကြီး ၄-ကျွန်းတို့သည်မြင်းမိုရ်တောင်၏ အရှေ့, အနောက်,တောင်,မြောက် တည့်တည့်တည်ရှိကြကုန်၏၊အရှေ့ကျွန်း,အနောက်ကျွန်း, တောင်ကျွန်း မြောက်ကျွန်းဟုတ်-မဟုတ်ကို မြင်းမိုရ်တောင်နှင့် ချိန်တိုက်ရလိမ်မည်။

ထို့ကြောင့် ထိုကျွန်းကြီး ၄-ကျွန်း ရှိ-မရှိ, ဟုတ်-မဟုတ်ကို မြင်းမိုရ်တောင်သို့ ရောက်ပေါက်တွေ့မြင်နိုင်သူတို့သာ ပြောဆိုနိုင်ခွင့်ရှိသည်၊ မျက်မြင်တွင် ဉာဏ်ဆုံးသော ရွှေချိန်ခွင်ဆရာနှင့် အရာပင်မဟုတ်ပေ။

[ဤကား-ကျွန်းကြီး ၄-ကျွန်းရှိ-မရှိ ပြဆိုချက်တည်း။]

တတိယအချက် ရှင်းလင်းချက်ပြီး၏။

## မြင်းမိုရ်တောင်စသည် ရှိ,မရှိ

ဂူဝံကြယ် အောက်သို့ သင်္ဘောရောက်၍ ယုဂန္ဓိုရ်တောင်ကို မတွေ့၊ မြင်းမိုရ်တောင်ကိုမမြင်၊ထူးဆန်းသည့်အရာ တစုံတခုမျှ မရှိဘဲ၊ ဗေရဂင်ကျွန်းငယ်တခုသာ ရှိသည်ဖြစ်၍ သီတာခုနစ်တန်, သတ္တရဘန်တောင်စဉ် ခုနစ်ထပ် အစရှိသော ပိဋကတ်စကားကား-ယုံစရာရှိသလော"ဟူသောအချက်၌-

''ဓူဝံကြယ်သည် မြင်းမိုရ်တောင်ထိပ် ဝေဇယန္တာပြာသာဒ်၏ထုပိကာငှက်မနား၌ စိုက်ထားသော စိန်ဖူးပေတည်း''-ဟူ၍ လောကီလူပြိန်းတို့ ပျက်ချော်ကြီဆန်း ယုံတမ်းစကား ပြောဆိုရိုးရှိနေသည်

www.dhammaransi.com



ကို ဗုဒ္ဓဘာသာ ကျမ်းဂန်စကားထင်မှတ်မှား၍ ရှုဝံကြယ်ကို ဦးတည်လေသတည်း။

ကျွန်းငယ်တို့မည်သည် ယူဇနာများစွာ နက်လှစွာသော မဟာသမုဒ္ဒရာကြီးထဲမှာ ပေါ်ရှိနိုင်ကြသည်မဟုတ်၊ ထို့ထက် ရေတိမ်ရာအကွက်အရပ်၌သာ ပေါ်ရှိနိုင်သည်။

ဗေရဂင်ကျွန်းငယ်ကို တွေ့ရှိသည်ဆိုသော ကြောင့် မဟာသမုဒ္ဒရာခေါ်လောက်သော ယူဇနာများစွာနက်နဲရာသို့ရောက်ကြသည်မဟုတ်သေး၊ ရောက်အောင်သွားသော်လည်း ရေခဲ၍နေသည့်အတွက် ပျက်စီးခြင်းသို့သာ ရောက်ကြကုန်ရာ၏။

အဘယ့်ကြောင့် နည်းဆိုသော်-နေနှင့် အလွန် ဝေးကွာလှသောကြောင့်တည်း။

ထို့ကြောင့် သတ္တရဘန်တောင်စဉ်ခုနစ်ထပ်တွင် ပြင်ဆုံးကျသောအဿကဏ်တောင်ခြေကိုမျှ မရောက်နိုင်ကြကုန်၊ တောင်စဉ်ခုနစ်ထပ်တို့၏ အတွင်းမှာ တည်ရှိသော မြင်းမိုရ်တောင်ကိုမူကား-ဆိုဖွယ်မရှိ။

[ဤကား-မြင်းမိုရ်တောင်စသည် ရှိ-မရှိ ပြဆိုချက်တည်း။]

အချက်ကြီးလေးပါး ရှင်လင်းချက် ပြီး၏။

---

### သံဃာချင်းနှိုင်းယှဉ်ချက်

[သံဃာချင်းနှိုင်းယှဉ်ချက် အကြောင်းအရာ ၃-ခု၌ သံဃာချင်းဆိုသော်လည်း ခရစ်ယန်ဘာသာ၌ သံဃာ-ဟူ၍မရှိ၊ တရားဟောဆရာကို-ယူ။]

ဘာသာဆိုသည်ကား-အယူဝါဒကို ဆိုသတည်း၊ ထိုအယူဝါဒကို ဗုဒ္ဓဘာသာ၌ ''ဒိဋ္ဌိ''ဟူ၍ဆို၏၊ ထိုဘာသာများသည်—

၁။ သဿတဘာသာ,

၂။ ဥစ္ဆေဒဘာသာ-ဟူ၍ ၂-မျိုး။

၃။ ပုဗ္ဗေကတဟေတုဘာသာ,

၄။ ဣဿရနိမ္မာနဘာသာ,

၅။ အဟေတုအပစ္စယ ဘာသာ-ဟူ၍ ၃-မျိုး။

၆။ နိယတမိစ္ဆာ ဘာသာကြီး ၃-မျိုး။

www.dhammaransi.com



၇။ အန္တဂ္ဂါဟိက မိစ္ဆာဘာသာ ၁၀-မျိုး။
၈။ ဒသဝတ္ထုက မိစ္ဆာဘာသာ ၁၀-မျိုး။
၉။ အတ္တဂါဟ မိစ္ဆာဘာသာမျိုး ၂၀။
၁၀။ ဗြဟ္မဇာလသုတ်၌ လာသော မိစ္ဆာဘာသာ ၆၂-မျိုး။
၁၁။ ထိုထိုသုတ္တန်၌ လာသော ပါသဏ္ဍာဘာသာ ၉၆-မျိုး။
၁၂။ ထိုမှတပါး ထိုထိုသုတ္တန်တို့၌ စပ်ရာဆိုင်ရာ အမျိုးမျိုး လာသော များစွာသော မိစ္ဆာဘာသာမျိုး။

ဤအလုံးစုံသောဘာသာတို့သည် အရင်းအမြစ်နှင့်တကွ ဗုဒ္ဓဘာသာကျမ်းရင်းကြီးတို့မှာ အကုန်လာလျက်ရှိကုန်၏၊ ဗုဒ္ဓဘာသာ ကျမ်းရင်းကြီးများကို လယ်လယ်ပတ်ပတ် ကောင်းကောင်း တတ်ကုန်သော ဆရာတို့သည် ထိုဘာသာတို့ကို အကုန်သိကြကုန်၏။

ယခု ကမ္ဘာပေါ်၌ထင်ရှားသော ဘာသာကြီး ၄-ပါးတို့တွင်-

၁။ ပုဏ္ဏားဘာသာ,
၂။ ခရစ်ယန်ဘာသာ,
၃။ မဟာမက်ဘာသာတို့သည် ဇာလာရနိမ္မာနဘာသာ၌ ပါဝင်လေကုန်၏၊ကမ္ဘာမြေပေါ် နတ်ပြည်,ဗြဟ္မာ့ပြည်မှာ ရှိရှိသမျှသော ဘာသာတို့သည် ဗုဒ္ဓဘာသာကျမ်းဂန်တို့၌ အကုန်ပါရှိကုန်၏၊အခေါ်အဝေါ်စကားသံမျှသာ ကွဲကြကုန်၏။

ခရစ်ယန်ဘာသာ ကျမ်းဆရာတို့သည်ကား - ကမ္ဘာမြေပေါ် လူ့ပြည်,နတ်ပြည်, ဗြဟ္မာ့ပြည်တို့မှာ ဘာသာမျိုးဘယ်မျှ ကွဲပြားရှိနေကြကုန်သည်ဟု မသိကြကုန်သည်သာမက မိမိတို့စွဲယူကြသော ထာဝရ ဧကဗုဒ္ဓဘာသာကိုမျှလည်း ဘယ်ဘုံ-ဘယ်ပြည်ကစ၍ ဖြစ်သည်ဟူ၍ ၎င်း,အဘယ်သက်တန်းဆီကစ၍ ဖြစ်သည်ဟူ၍၎င်း,ကမ္ဘာမြေပေါ်မှာ ဘယ်လိုနှံ့ပြား၍ လာသည်ဟူ၍၎င်း, ထိုဘာသာရင်း၌ စကားအချက်ပေါင်း ဘယ်မျှရှိသည်ဟူ၍၎င်း မသိကြလေကုန်။

ခရစ်တော်ပေါ်ပြီးနောက် ယုဒပြည်မှစ၍ ဖြစ်ပွါးသော အဖျားအနား ကျမ်းစကားများကို အနောက်ပြည်သားတို့မှာ ဘာသာကျမ်းရင်းကြီးထင်မှတ်,လေးမြတ်, ယုံကြည်ကြကုန်၏၊ အဘယ့်ကြောင့်နည်း

www.dhammaransi.com



ဟူမှု မိမိတို့တိုင်းပြည်ဒေသ၌ "မိရိုးဖလာဘာသာ" ဟူ၍ ဖြိုဖြိုသသ မရှိဘူးကြလေသောကြောင့်တည်း။

[ထို့ကြောင့် ဗုဒ္ဓဘာသာဆရာတို့မှာ ဘာသာကျမ်းစာ ဟူသော အကြောင်းကြောင့် နိုင်ငံတပါးသို့သွား၍ ရှာကြံသင်ကြားဘွယ် ကိစ္စမရှိ။]

နောက်စကား ၂-ချက်၌ ဥပမာကိုရှေးဦးစွာပြဆိုအံ့။

၁။ ဗုဒ္ဓဘာသာဆရာတို့သည် အဘိုးထိုက်တန် လှစွာသော ရွှေဘဏ္ဍာ, ငွေဘဏ္ဍာ, ပတ္တမြားစသော ကျောက်မြတ်ရတနာ, ပိုး ဖဲ, ကတ္တီပါစသော အထည်မျိုး အဘိုးထိုက် အဘိုးတန်ကြီး ဟူသမျှတို့ကို တိုက်ဆိုင်ကြီး၌ တည်ခင်း၍ရောင်းချသော သူဌေးကုန်သည်ကြီးတို့နှင့် တူကြကုန်၏။

**တူပုံကား။** ထိုသူဌေး ကုန်သည်ကြီး တို့သည် ကုန်ဟူသော အကြောင်းကြောင့် သူတပါးတို့ကို မောင်မောင်,ဘာဘာ နှိမ့်ချဖြားယောင်း ဖွယ်ကိစ္စမရှိ၊ရပ်သိမ်ရွာသေး ကျေးတောကျေးလက် တိုင်းစွန်ပြည်နား တောသားတောင်သား အရိုင်းအစိုင်းတို့ရှိရာသို့ တချာချာလှည့်ပတ်လျက် အရပ်ရပ်အမျိုးမျိုး၌ တဗျိုး-ဗျိုးဟစ်အော် တကျော်ကျော် အသံပေး၍ ရောင်းချဖွယ်ကိစ္စလည်းမရှိ။

တိုက်ဆိုင်ကြီးသို့ ရောက်လာသူကိုပင် လူပုံလူပန်းကိုကြည့်ရှု၍ ဝယ်နိုင်လောက်အောင် လူဟုတ်လူဟတ် လူမြတ်လူပြောင်များကိုမှ စကားချိုသာ လိုရာမေးမြန်း နှုတ်ခွန်းချိုမြ ကုန်ကိုပြ၍ ရောင်းချကြလေကုန်၏၊ ဝယ်နိုင်မည့်သူမဟုတ်သော လူယုတ်လူညံ့ လူမသန့်တို့ကို မူကား-တိုက်တွင်းသို့ပင် အဝင်မခံ၊ဒရဝမ်တို့က အမြန်မောင်းနှင်၍ ထုတ်လိုက်ကြကုန်၏။

၂။ ခရစ်ယန်ဘာသာ တရားဟော ဆရာများသည် ရပ်သိမ်ရွာသေး ကျေးတောကျေးလက် ကုန်သည်များနှင့် တူကြကုန်၏။

**တူပုံကား။** ထိုကုန်သည်တို့သည် မြို့ကြီးပြကြီးသို့ ရောက်သော်လည်း အဘိုးထိုက် အဘိုးတန် ကုန်ကောင်း စည်ကောင်း အထည်ကောင်းကို ဝယ်ယူတည်ထားနိုင်ကြသည်မဟုတ်၊မြို့ကြီး ရွာကြီး အရပ်ကြီးနေ ကြက်သရေရှိသူ အပြောင်လူတို့ ရွေးယူကျန်ကြွင်း အဖျင်းအညံ့ မသန့်မသိုး အကျိုး အပဲ့ အစွန့် အစောင်း မကောင်း မလှ

www.dhammaransi.com



အဘိုး အနည်းအပါးနှင့် များများကြီး ရနိုင်သော ကုန်ကျစည်ကျ တွေကိုသာ ဝယ်ယူ၍ မိမိရပ်ရွာသို့ ရောက်ခါမှ ပေါက်ရာကိုဖာ နာ ရာကိုဖုံး ကုန်းရာ,ကော့ရာကိုပြင်ဆင် အရည်အရောင် တင်တန်ရာကို တင် ပြုပြင်နိုင်သမျှ ပြုပြင်ပြီးမှ ရွာသိမ်ရပ်သေး ကျေးတော ကျေးသား အရိုင်းတောသို့ သွားရောက်လှည့်လည် တဗျိုးဗျိုးဟစ်မြည် လျက် ကုန်စည်က ဘန်းမလှသည်နှင့် နှုတ်စလျှာစကို အားထား၍ ဖြားဖြားယောင်းယောင်း ဖြောင်းဖြောင်းဖြဖြ ရောင်းရကြကုန်၏။

သူဌေးကုန်သည်ကြီးတို့ကဲ့သို့ ဟန်ရေးပန်ရေး လုပ်ခဲ့လျှင် သင့်ကုန် နှုပ်ဗလချာတွေကို ဝယ်သူမှာဝေးလေစွ၊ ခွေးနှင့်ရှူးတိုက်၍လွှတ်လိုက် ကြကုန်လတံ့။

[ဤဥပမာအတိုင်းသာဖြေလေ။]

(က) "ဗုဒ္ဓဘာသာဆရာတို့မှာ အုန်း, ငှက်ပျော-စသော အဖိုး အခပေးမှသာ တရားဟောကြကုန်သည်။

(ခ) ခရစ်ယန်ဘာသာ ဆရာတို့မှာ အဖိုးအခမယူမူ၍ မပင့်မ ဖိတ်ဘဲနှင့်ပင် လှည့်လည်၍ဟောသည်"–

ဟူသောအမိပ္ပါယ်၌–

ဗုဒ္ဓဘာသာဆရာတို့မှာ-ပူဇော် သက္ကာရကို ပြုသည် ဖြစ်စေ,မပြု သည်ဖြစ်စေ, မိမိနေရာသို့ လာရောက်သူတို့အား တတ်အားသမျှပြော ဟောကြပါကုန်၏၊ ရဟန်းဖြစ်၍ ခွေးတယောင်းယောင်း ဒုတ်တ ချောင်းနှင့် မကောင်းဆိုးဝါး ဝင်ငြားသည့်နဲ့ အရပ်ထဲသို့ လှည့် လည်၍ကား-မဟောကြပေ၊ အရပ်ထဲမှာမူကား-လူဖြစ်သူ ဆရာတို့က တတ်အားသမျှ ပြောဟောကြပါ၏။

ခရစ်ယန် ဘာသာတရားဟော ဆရာတို့မှာ မူကား-သာသနာပြု ဆရာကြီးတို့ကမဝေငှသော တလတလလျှင် အစိတ်စ, ၃၀-စအဖိုးခနှ ကူလီခကို မရဘဲ,မယူဘဲ သူတော်စင် သဘောသက်သက်သာ လှည့် လည်၍ ဟောသူကို တလူမျှ မတွေ့ဘူးပေ။

သံဃာချင်းနှိုင်းယှဉ်ချက်ပြီး၏။

ဤတွင်ရွှေကား-သက္ကရာဇ် ၁၂၆၅-ခု တော်သလင်းလအတွင်း မန္တလေးမြို့ခန ပညာဝန်ထောက် မောင်ကျော်ရန် ဆိုသူက ရွှေချိန်ခွင်စာကို ဖြေဆိုရေးသား

www.dhammaransi.com



သာသနာချီးမြှင့်စေလိုကြောင်းနှင့် ရွှေချိန်ခွင်စာ, မြန်မာတမန်စာများကို လက်ပန်းတောင်းတောင်ပေါ် ဝါဆိုစကြီကျောင်းနေ မုံရွာမြို့ လယ်တီဆရာ ငါတို့ထံ ပေးပို့လိုက်သည်ဖြစ်၍ သီတင်းကျွတ်လအတွင်း ဥတုဇပြောင်း၍ နေမကောင်း ထိုင်မသာရှိနေခိုက် အပြင်းပြေဖြေဆိုလိုက်သော ရွှေချိန်ခွင်အဆိုကို ရှင်းလင်းချက် စာတမ်းသည် ၎င်းလဆန်း ၈-ရက်နေ့တွင် ပြီးသတည်း။

ခရစ်ယန်ရွှေချိန်ခွင်အဆိုအဖြေပြီး၏။

www.dhammaransi.com

# နှစ်ဘာသာရှင်းလင်းချက်ပုစ္ဆာအဖြေ

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

[အရိယမဂ္ဂအသင်းကြီးက ပေးပို့လိုက်သော လျှောက်လွှာကို လယ်တီဆရာတော်ဘုရားကြီးဖြေဆိုတော်မူချက်ဖြစ်သည်။]

## စကားချီ

### ပုရာဏဗြာဟ္မဏဘာသာကြီးထွန်းကားလာပုံ

၁၉၁၈-ခု၊ မတ်လ ၁၈-ရက်နေ့စွဲနှင့် "အရိယမဂ္ဂအသင်းကြီး" က ပေးပို့လိုက်သောလျှောက်လွှာသည် ၁၉၁၈-ခု၊ မတ်လ ၂၁-ရက်နေ့တွင် ဆရာတော်ထံသို့ရောက်လာသည်၊ ထိုလျှောက်လွှာကိုဘတ်ပြစေ၍ အကြောင်းအရာများကို ကြားနာသိရှိရသဖြင့် ဆရာတော်မှာ များစွာဝမ်းမြောက်ရခြင်းဖြစ်ပေသည်။

ဤအသင်းကြီးသည် နှစ်-လ မကြာမီ တကမ္ဘာလုံး ပျံ့နှံ့ပါစေဟု ဆရာတော် ဆုတောင်းမိပါ၏၊ အဘယ့်ကြောင့် ဆုတောင်းပါသနည်းဆိုသော် တကမ္ဘာလုံး လူသတ္တဝါ,တိရစ္ဆာန်သတ္တဝါတို့ ချမ်းသာကြဘို့ဖြစ်ပေသောကြောင့်တည်း။

အဘယ်သို့-ချမ်းသာကြဘို့ ဖြစ်သနည်းဆိုသော်— လျှောက်လွှာတွင်ပါရှိသော "သုတ္တနိပါတ် ပါဠိတော်"မှာ လာရှိသည့်အတိုင်း ဖြေဆိုရာ၏၊ သုတ္တနိပါတ်ပါဠိတော်မှာ လာရှိပုံကား-ငါတို့ဘုရားအလောင်းသိဒ္ဓတ်မင်းမြတ်၏ သာကီဝင်နွယ်တွင် အစဆုံးမင်းကား-ဥက္ကာမုခမင်းပေတည်း၊ထိုမင်း၏ အဘကား-ဩက္ကာကမင်းပေတည်း၊ထိုဩက္ကာကမင်း၏ လက်ထက်မတိုင်မီရှေးအခါ၌ လျှောက်လွှာတွင် ပါရှိသော "ပုရာဏဗြာဟ္မဏ" ဘာသာကြီးသည် တကမ္ဘာလုံး အနှံ့အပြားတည်ရှိပေ၏၊ ထိုအခါ၌ ထိုဘာသာကြီး တည်ရှိသည့်အတွက်ကြောင့်ကမ္ဘာပေါ်မှာ ကျွဲ,နွားတိရစ္ဆာန်တို့ကိုသတ်ဖြတ်၍အသားတို့ကို ပုဏ္ဏားတို့အားကျွေးမွေးမှု, အသွေးတို့ကို နတ်ဆိုး နတ်တန်ခိုးကြီးတို့အား

ကျွေးမွေးမှု ဟူသော ယစ်ပူဇော်ခြင်းအမှုမျိုးတို့သည် မရှိကြကုန်၊ လူသတ္တဝါတို့သည် ကျွဲ,နွားသတ္တဝါတို့၏ ကျေးဇူးကို ကောင်းကောင်းကြီး သိကြကုန်၍ ကျွဲ, နွားသတ္တဝါတို့၌ ရိုက်နှက်ညှင်းဆဲခြင်းကိုမျှ မပြုကြပေကုန်။

၁။ ယထာ မာတာ ပိတာ ဘာတာ၊
အညေ ဝါပိ စ ဉာတကာ။
ဂါဝေါ နော ပရမာ မိတ္တာ၊
ယာသု ဇာယန္တိ ဩသဓာ။ ။

၂။ အန္နဒါ ဗလဒါ စေတာ၊
ဝဏ္ဏဒါ သုခဒါ စတာ၊
ဧတ မတ္ထဝသံ ဉတွာ၊
နာဿု ဂါဝေါ ဟနိံသု တေ။ ။

[သုတ္တနိပါတ်ပါဠိတော်]

### အနက်ကား

၁။ ဂါဝေါ၊ နွားတို့သည်။ နော၊ ငါတို့၏။ မာတာယထာ၊ အမိကဲ့သို့ရင်း။ ပိတာယထာ၊ အဘကဲ့သို့ရင်း။ ဘာတာယထာ၊ ညီအစ်ကိုကဲ့သို့ရင်း။ အညေဝါပိ၊ ယိုမှတပါးလည်းဖြစ်ကုန်သော။ ဉာတကာယထာ၊ ဆွေရင်းမျိုးရင်းတို့ကဲ့သို့ရင်း။ နော၊ ငါတို့၏။ ပရမာမိတ္တာ၊ လွန်မြတ်သော မိတ်ကြီးဆွေကြီးဖြစ်ကြပေကုန်၏။ ယာသု၊ အကြင်နွားတို့၌။ ဩသဓာ၊ ငါတို့အသက်ရှည်ရာ ရှည်ကြောင်း,အနာကင်းရာကင်းကြောင်း ဖြစ်သောထောပတ်,ဆီဦ-အစရှိသော ဆေးကောင်း ဆေးမြတ်တို့သည်။ ဇာယန္တိ၊ ဖြစ်ပေကုန်၏။

၂။ ဧတာ၊ ထိုနွားတို့သည်။ နော၊ ငါတို့အား။ အန္နဒါစ၊ အစာထမင်းကိုလည်း အမြဲပေးကြပေကုန်၏။ ဗလဒါစ၊ အားခွန်ဗလကိုလည်း အမြဲပေးကြပေကုန်၏။ တာ၊ ထိုနွားတို့သည်။ ဝဏ္ဏဒါစ၊ အဆင်းအရောင်ကိုလည်း အမြဲပေးကြပေကုန်၏။ သုခဒါစ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းတို့ကိုလည်း အမြဲပေးကြပေကုန်၏။ ဧတံအတ္ထဝသံ၊ ဤသို့နွားတို့၏အကျိုးကျေးဇူးဂုဏ်အထူးကို။ ဉတွာ၊ မြော်မြင်သိရှိကြကုန်၍။ တေ၊

www.dhammaransi.com



ထိုဗြာဟ္မဏဘာသာကြီး ထွန်းကားသောအခါ ကမ္ဘာသူကမ္ဘာသား လူအများတို့သည်။ ဂါဝေါ၊ နွားတို့ကို။ နပဟနိံသု၊ ရိုက်ပုတ်ညှဉ်းဆဲခြင်းကိုမျှ မပြုကြပေကုန်။

ဤကဲ့သို့ ကျွဲ,နွားသတ္တဝါတို့ကို လူသတ္တဝါတို့က ရိုသေလေးမြတ်ကြသောအခါ၌ လောကတွင် ရှိနေကြကုန်သော "သမ္မာဒေဝ-နတ်ကောင်းနတ်မြတ်"တို့ကလည်း လူသတ္တဝါတို့ကို အလွန်ရိုသေလေးမြတ်ကြကုန်သဖြင့် လူသတ္တဝါတို့၌ အနာဆိုး ရောဂါဆိုး ကပ်ဥပဒ်အမျိုးမျိုးတို့ကို ပြုလုပ်တတ်ကြကုန်သောနတ်ဆိုးနတ်ဝါးတို့ထကြွသောင်းကျန်းခြင်း မရှိကြကုန်စေရန် လူ့လောကကို ကောင်းစွာစောင့်ရှောက်ကြကုန်၏၊ ထိုအခါ၌ လူသတ္တဝါတို့၏ အသွေးတို့ကိုငှင်း၊ ကျွဲ, နွားသတ္တဝါတို့၏ အသွေးတို့ကိုငှင်း အလွန် ကြိုက်နှစ်သက်ကြကုန်သော ယက္ခနတ်ဟူ၍ ခေါ်ဆိုကြသော နတ်ဆိုး အပေါင်းတို့သည် ထကြွသောင်းကျန်းခွင့် မရကြကုန်သဖြင့် လူ့လောကမှာ အနာဆိုး,ရောဂါဆိုး ကပ်ဥပဒ်အမျိုးမျိုးဟူ၍ တစုံတခုမျှပေါ်ပေါက်ခြင်းမရှိ၊ အလွန်ချမ်းသာကြလေကုန်သတည်း။

"တယော ရောဂါ ပုရေ အာသုံ၊ ဣစ္ဆာ အနသနံ ဇရာ"။
[ငှင်းပါဠိတော်]

**အနက်ကား။** ပုရေ၊ဗြာဟ္မဏဘာသာကြီးထွန်းကားရာရှေးအခါ၌။ လောကေ၊ လူ့လောက၌။ တယောရောဂါ၊ အနာသုံးမျိုးတို့သည်သာလျှင်။အာသုံ၊ရှိကြကုန်၏။ ဣစ္ဆာ၊ မိမိ၌မရှိသေးသော ဥစ္စာနေကိုလိုချင်တောင့်တခြင်း အနာတမျိုး။ အနသနံ၊စားချိန်ကျလျက် မစားရတဲ့လျှင်ဆာလောင်ခြင်း အနာတမျိုး။ ဇရာ၊ အိုချိန်ကျလျှင် အိုရခြင်းအနာတမျိုး။

[ဤကား-ပုရေ-ဏဗြာဟ္မဏဘာသာကြီးထွန်းကားလာပုံကည်း။]

## ထိုဘာသာကြီးပျက်စီးပုံ

ဩက္ကာကမင်း၏ လက်ထက်သို့ကျရောက်သောအခါမှ ထိုဗြာဟ္မဏဘာသာကြီး ဆုတ်ယုတ် ပျက်ပြားရှိလေ၍ ကမ္ဘာပေါ်မှာ ကျွဲ နွား တိရစ္ဆာန်တို့ကိုသတ်ဖြတ်၍ အသားတို့ကို ပုဏ္ဏားတို့အား ကျွေးမွေး

www.dhammaransi.com



မှု,အသွေးတို့ကို နတ်ဆိုးတို့အား ကျွေးမွေးမှုမျိုးဟူသော ယဇ်ပူဇော်ခြင်းအမှုတို့သည် ပေါ်ပေါက်၍ လာကုန်၏၊ ဤသို့ ကျွဲနွားသတ္တဝါတို့ကို မရိုမသေ မလေးမမြတ်သတ်ဖြတ်၍စားသောက်ခြင်း၊ကျွဲနွားသတ္တဝါတို့၏ အသွေးတို့ဖြင့် နတ်ဆိုးတန်ခိုးကြီးတို့အား ယဇ်ပူဇော်မှု ပေါ်ပေါက်လာသောအခါ ကမ္ဘာလောကတွင် ရှိနေကြသော သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တို့ကလည်း လူသတ္တဝါတို့ကို အလွန်နစ်နာ ရွံရှာ စက်ဆုပ်ကြကုန်သည်ဖြစ်၍ လူ့လောကကိုမစောင့်ရှောက်ကြကုန်ပြီ။

ကတော ဒေဝါ ပိတရောစ ဝါ၊
ဣန္ဒော အသုရရက္ခသာ။
အဓမ္မော ဣတိ ပက္ကန္ဒုံ၊
ယံ ဂါဝေါ နိပတိ ဂဝေ။ ။

[ငှင်းပါဠိတော်]

အနက်ကား

ယဒါ၊ အကြင်အခါ၌။ ဂဝေ၊ ကျွဲ,နွား တို့အပေါ်၌။ ယံသတ္ထံ၊ သတ်ဖြတ်ရိုက်နှက်သော အကြင် ဓါးလက်နက် ဒုတ်လက်နက်သည်။ နိပတိ၊ ကျရောက်လေ၏။ တတော၊ ထိုသတ်မှုကြီး နွားသားစားမှုကြီး ယဇ်ပူဇော်မှုကြီးတွေ ပေါ်ပေါက်လာသော အခါ၌။ ဒေဝါစ၊ လူ့လောကကိုစောင့်ရှောက်ကြကုန်သော နတ်ကောင်း နတ်မြတ်တို့သည်လည်းကောင်း။ ပိတရောစ၊ ပြဟ္မာတို့သည်၎င်း။ ဣန္ဒောစ၊ လူ့လောကကို စောင့်ရှောက်သော သိကြားမင်းသည်လည်းကောင်း။ အသုရရက္ခသာစ၊ လူ့လောကကိုစောင့်ရှောက်သောအသုရာနတ်, ရက္ခိုုသ်နတ်တို့သည်၎င်း။ အဓမ္မော ဣတိ၊ လူ့လောကမှာအယုတ်တမာမိစ္ဆာတရားကြီး ပေါ်ပေါက်လာပြီဟူ၍။ ပက္ကန္ဒုံ၊ လူ့လောကကိုမမြင်လိုဘဲ ရှောင်လွှဲ စွန့်ခွါ၍ သွားကြကုန်၏။

ထိုအခါ ပင်လယ်တခွင်,ကျွန်းငယ်တခွင်,မြို့နယ်တခွင်,ရွာနယ်တခွင်တို့၌ အစဉ်ထာဝရ ရှိနေကြကုန်သော အသွေးစုတ်မျိုး, အသွေးသောက်မျိုး နတ်ဆိုး နတ်ဝါးတို့သည် မိမိတို့နေရာမှထကြွကုန်၍ လူတို့နေရာမြို့ရွာသို့ အရာမက, အထောင်မက လာရောက်ကြကုန်ပြီးလျှင်

www.dhammaransi.com



လူအပေါင်းတို့အား ပုလိပ် ဖျားရောဂါ, ဝမ်းရောဂါ, ကျောက်ဆိုး ရောဂါအစရှိသော အနာဆိုး ရောဂါဆိုး ကပ်ဥပဒ် အမျိုးမျိုးတို့ကို မိမိတို့တန်ခိုးဖြင့် ဖြစ်ပွါးအောင်ပြုလုပ်ကြကုန်၍ လူတို့၏အသဲနှလုံးတို့မှ ဝင်း,လည်ကုပ် လည်ပင်းတို့မှဝင်း, ထိုထိုအကြောဆုံ အရပ်တို့မှဝင်း အသွေးကို စုတ်ယူမျိုသောက်ကြကုန်သဖြင့် ထိုထိုမြို့ရွာတို့၌ လူသတ္တဝါ တို့သည် များစွာသေဆုံးကြကုန်၏၊ လူသတ္တဝါတို့ကို မပြုမလုပ်သာ ရှိခဲ့ သော် ကျွဲ, နွား သတ္တဝါတို့၌ ထိုရောဂါဆိုး အနာဆိုးတို့ကို ဖြစ်ပွါး စေ၍ ကျွဲ,နွား သတ္တဝါတို့၏အသွေးတို့ကိုလည်း စုတ်ယူမျိုသောက်ကြ ကုန်၏၊ ဤနတ်ဆိုးတို့၏ သွေးစုတ်ယူမှုကိုပင် လောက၌ "ဘီလူးစား သည်-ဟု ခေါ်ကြ၏၊ တောခ၌နေသော ကျားကောင်များ လူကိုကိုက် စားသကဲ့သို့ အသားကိုကိုက်စားသည်-မဟုတ်၊ အပြတ်, အသတ်, အရာ, အဆာမရှိ၊ ရောင်ရုံ ရမ်းရုံ အဖုအကြိတ် ပေါ်ရုံမျှသာရှိ၏၊ ဤသို့လျှင် အကောင်အထယ်ကိုလည်းမမြင်ရ၊ အပြတ်အသတ် အရာ အဆာလည်း မထင်ရှားသည့် အတွက်ကြောင့် လောက, ဓမ္မ ဒိဋ္ဌ, သုတ အသိအလိမ်မာ မရှိကြကုန်သော ဗာလပုဂ္ဂိုလ်တို့သည် မသိနိုင်, မယုံကြည်နိုင်ရှိနေကြကုန်၏။

ပသူနဉ္စ သမာရမ္ဘာ၊ အဋ္ဌနဝုတိ အာဂမုံ—
[ငင်းပါဠိတော်]

**အနက်ကား။** ပသူနံ၊ ကျွဲ, နွားတိရစ္ဆာန်တို့ကို။ သမာရမ္ဘာ၊ သတ် ဖြတ်မှုပေါ်ပေါက်လာသော အခါမှ။ အဋ္ဌနဝုတိ၊ ကိုးဆဲ့ရှစ်ပါးသော အနာဆိုးရောဂါဆိုး ကပ်ဥပဒ် အမျိုးမျိုးတို့သည်။ အာဂမုံ၊လူ့လောက မှာပေါ်ပေါက်၍လာကုန်၏။

ဤသို့လျှင် လောက၌"ပြာဟ္မဏဘာသာကြီး" ထွန်းကားမှုသည် တကမ္ဘာလုံးချမ်းသာရန် အကြောင်း၊ ငင်းဘာသာကြီး ဆုတ်ယုတ် ပျက်ပြားမှုသည် တကမ္ဘာလုံး ကပ်ရောဂါအတွက် ပျက်ပြားရန် အကြောင်းဖြစ်သည်ကိုရှင်း ပါဠိတော်ကြီးများမှာ ငါတို့မြတ်စွာဘုရား ထင်လျှားစွာဟောတော်မူသောကြောင့် ယခုပုရာဏပြာဟ္မဏဘာသာ

www.dhammaransi.com



ကြီးကို တည်ထောင်မှုသည် တကမ္ဘာလုံး ချမ်းသာဖို့ဖြစ်ပေသည်-ဟု ဆိုပေသတည်း။

[ဤကား-ထိုဘာသာကြီးပျက်စီးပုံတည်း။]

ကမ္ဘာဦး မိစ္ဆာကျမ်းပေါ်လာပုံ

ဩက္ကာကမင်းလက်ထက်မှာ ထိုဘာသာကြီးပျက်ပြားပုံ မှုကား- ထိုမင်းလက်ထက်မှာ ကုသိုလ်ကံ အကုသိုလ်ကံကို မယုံကြည်နိုင်ကြကုန်သော မိစ္ဆာ ပုဏ္ဏားတို့သည် ပေါ်ပေါက်လာကုန်၏၊ ထိုပုဏ္ဏားတို့သည် အထက်ပုရာဏ ဗြဟ္မာကြီးတို့၏ ဘာသာကိုဖျက်ဆီး၍ မိစ္ဆာကျမ်းစာအုပ်ကို ပြုလုပ်စီရင်ပြီးလျှင် ကမ္ဘာဦးကျမ်းဆို၍ ဩက္ကာကမင်းသို့ဆက်သွင်းကြကုန်၏။

ထိုကျမ်း၌ ပြဆိုချက်ကား—

၁။ လောက၌ တိရစ္ဆာန်သတ္တဝါသည် လူတို့အလိုရှိတိုင်း သုံးဆောင်ရန် ထာဝရ ဘုရားဘန်ဆင်း၍ ထားခဲ့သော ကြောင့် တိရစ္ဆာန်သတ္တဝါတို့ကို သတ်ဖြတ်၍ အပြစ်မရှိ။

၂။ အလှူဝတ္ထုတို့တွင်လည်း အသွေး-ဟူသော အလှူဝတ္ထုသည် အမြတ်ဆုံးသော အလှူဝတ္ထုဖြစ်၏။

၃။ တိရစ္ဆာန် သတ္တဝါတို့ကို လည်ပင်း၌ လှီးဖြတ်၍ အသွေးကိုထုတ်ယူပြီးလျှင် ထာဝရဘုရားကို ပူဇော်ခြင်းသည် အလွန်မြတ်သော အလှူဖြစ်၏။

၄။ ပုဏ္ဏားလူမျိုးတို့သည် ထာဝရဘုရား၏ ခံတွင်းတော်မှ ပေါက်ဘွားသော လူမျိုးဖြစ်ပေ၍ ထာဝရဘုရား၏ မြင့်မြတ်သော သားတော်များ ဖြစ်ကြကုန်၏။

၅။ ထိုသားတော်များကို တိရစ္ဆာန်တို့၏ အသားဖြင့် ကျွေးမွေးခြင်း, နွားယီး, နွားမလှူဒါန်းခြင်း ရွှေ ငွေ ရတနာ,ဝတ်စား တန်ဆာ, ကညာသမီးတို့ကို လှူဒါန်းခြင်းများသည် အလွန်မြင့်မြတ်သော အလှူဖြစ်၏။

၆။ အထက်ကောင်းကင် ဘုံကြီးမှာ ထာဝရခံစားရ၏။

၇။ ထာဝရဘုရားကို အသွေးဖြင့်ပူဇော်ရာ၌ ဤထာဝရ ဘုရား၏ ခံတွင်းမှဖြစ်၍စင်ကြယ်လှသောဗြာဟ္မဏလူမျိုးများသာစီရင်ရ၏။

www.dhammaransi.com



၈။ လောက၌ ဥစ္စာဓနပြည့်စုံကြကုန်သော သူတို့သည် ဗြာဟ္မဏ ပုဏ္ဏားတို့အား ကျွေးမွေး ပေးလှူခြင်း ထာဝရ ဘုရားကို တိရစ္ဆာန်တို့၏ အသွေးဖြင့် ပူဇော်ခြင်း-ဟူသော ယဇ်ပူဇော်မှုများကို ပြုကြကုန်ရာ၏။

ဟု "မိစ္ဆာကျမ်းစာ" သစ်တွင် ပါရှိ၏။

ဩက္ကာကမင်းသည် ပညာမရှိသောမင်းဖြစ်၍ ထိုမိစ္ဆာကျမ်းစာကို အလွန်ယုံကြည်သဖြင့် ထိုယဇ်ပူဇော်ခြင်း အမှုကိုပြုလိုသော စိတ်ဆန္ဒ အားကြီးစွာဖြစ်လေ၏၊ ထိုမိစ္ဆာပုဏ္ဏားတို့သည် နတ်ဆိုး နတ်တန်ခိုးကြီးများကို ပူဇော်ခေါ်ယူမွေးမြူပြီးလျှင် တန်ခိုးအထူးထူးများကိုပြစေ၍ ထာဝရဘုရားဟု ခေါ်ဝေါ်သမုတ် ပြုလုပ်ကျွေးမွေးကြလေကုန်၏။

ဩက္ကာကမင်းသည် ထိုပုဏ္ဏားတို့ကိုခေါ်၍များစွာသော ဥစ္စာဓန တို့ကိုထုတ်ပေးပြီးလျှင်အာရေးအမှုကိုစီရင်စေ၍အရာများစွာ,အထောင် များစွာ နွားသတ္တဝါတို့ကို လည်ပင်း၌ ဓားသန်လျက်ဖြင့် ကိုယ်တိုင် ကိုယ်ကြပ်လှီးဖြတ်ပြီးလျှင် အသွေးတို့ကိုခံယူ၍ထာဝရဘုရားဟု ပုဏ္ဏား တို့ခေါ်ဝေါ်သမုတ်သော နတ်ဆိုးကြီးကိုကျွေးမွေးလေ၏၊ နတ်ဆိုးတန် ခိုးကြီးသည် အရာများစွာ အထောင်များစွာ နောက်ပါအခြွေအရံ နတ်ဆိုးတို့နှင့်တကွ ထိုအသွေးတို့ကို စားသောက်ကြလေကုန်၏။

ထိုတိရစ္ဆာန်တို့ကိုမှုကား-ကောင်းစွာချက်ပြုတ်ပြီးလျှင် အရာများ စွာ အထောင်များစွာသော ပုဏ္ဏားတို့အား ကျွေးမွေးလေ၏၊များစွာ သော နွားထီး,နွားမ,ဓနဥစ္စာ,ရတနာရွှေငွေ, ဝတ်စားတန်ဆာ, က ညာသမီးများတို့ကိုလည်း ပုဏ္ဏားတို့အား ပေးလှူလေ၏၊မိစ္ဆာပုဏ္ဏား တို့သည် ထိုနတ်ဆိုးတန်ခိုးကြီးတို့ကို ကျွေးမွေးမှုသည် ထိုမျှလောက် သောအကျိုး ခံစားရသည်မဟုတ်သေး၊ အမြို့မြို့အရွာရွာတို့သို့ လှည့် လည်ပြီးလျှင် ထာဝရဘုရားဟု ကြွေးကြော်ပြီး၍ ထွေထွေလာလာ တန်ခိုးပြမှုကို ပြုစေကြကုန်ပြီးလျှင် လာဘ်သပ်ပကာများကို ခံယူ ကြကုန်၍ နတ်ဆိုးတန်ခိုးကြီးပူးဝင်သဖြင့် မျက်စိမြင် နားကြားပေါက် ရောက်ကြကုန်၍ လူအများတို့က မေးမြန်းကြသော အကြောင်းအရာ များကို အမှန်အကန်ပြောဟောကြ၍ ဓနဥစ္စာများစွာရရှိကြကုန်၏။

www.dhammaransi.com



တိရစ္ဆာန်သတ္တဝါတို့ကိုလည်း တွင်တွင်သတ်ဖြတ်၍ အမြဲကျွေးမွေးကြရကုန်၏၊ လောကဥ္စဗေဒင်ဆရာများပြောဟောမှုထက်ပင် ထိုနတ်ကိုမွေးသူများ ပြောဟောမှုသည် ယခုလက်ငင်း အရေးအရာများမှာ သာလွန်၍ထင်လျား၏၊ လောကဥ္စဗေဒင်ပညာနှင့်ပြောဟောမှု, ဝိဇ္ဇာမယအတတ်နှင့်ပြောဟောမှု, နတ်ကောင်းပူးဝင်၍ပြောဟောမှု, နတ်ဆိုးတို့ကိုမွေးမြူ၍ ပြောဟောမှု အမျိုးမျိုးရှိကြသည်တွင် ဒုစရိုက်ကိုမကြောက်သောသူတို့မှာ နတ်ဆိုးကိုမွေးမြူ၍ ပြောဟောမှုသည် အလွယ်ဆုံးဖြစ်၏၊ ဤတိရစ္ဆာန်တို့၏ အသွေးကိုကျွေးမွေး၍ ယဇ်ပူဇော်မှုကြီး,နတ်ဆိုးမွေးမြူမှုကြီးသည်လည်းကြာကမင်းလက်ထက်တွင်အစပြု၍ တကမ္ဘာလုံး အနှံ့အပြားပျံ့ပွါးလျက်ရှိလေ၏။

ထိုမိစ္ဆာ ကျမ်းစာ အဆက်အနွယ်သည်လည်း ယခုထက်တိုင် ကမ္ဘာပေါ်မှာတည်ရှိလေ၏၊ သို့သော် ကမ္ဘာပေါ်မှာ ပညာရှိသော မင်း တန်ခိုးကြီးများ, ရသေ့ရဟန်း တန်ခိုးကြီးများ ပေါ်ထွန်းသည့်အခါ ထိုမိစ္ဆာအယူသည်တိမ်မြုပ်ရ၏၊ ငါတို့မြတ်စွာဘုရားမပွင့်မီ အခါ အိန္ဒိယနယ်ပယ်မှာ ထိုမိစ္ဆာအယူမှား များပြားလျက်ရှိပေ၏၊ ငါတို့မြတ်စွာဘုရားဖြစ်ပေါ်မှ အိန္ဒိယနယ်ပယ်မှာ ထိုမိစ္ဆာအယူတိမ်မြုပ်လေ၏၊ အနောက်နိုင်ငံ များမှာလည်း ခရစ်တော်ဆရာပေါ်ပေါက်မှ ထိုယဇ်ပူဇော်မှုဟူသော ဓလေ့နယ်ကြီးအလွန်နည်းပါး၍ သွားလေ၏၊ ခရစ်တော်ကို ဆရာတော်ကျေးဇူး တင်မိပါ၏၊ ခရစ်တော်ဝင်ကျမ်းစာ၌ ယဇ်ပူဇော်မှုထက် ကရုဏာတရားကို မွေးမြူမှုသည် သာ၍ကောင်းမြတ်၏ဟု ခရစ်တော်၏ ပြောဟောချက်များကို ဆရာတော်တွေ့မြင်ရဘူး၏။

သို့သော်ခရစ်တော်ဆရာသည် တိရစ္ဆာန်သတ္တဝါများကို သတ်ဖြတ်မှုကို ဒုစရိုက်ဖြစ်သည်ဟု တိုက်ရိုက်ပေါ်ထွက်၍မဟောခဲ့သည့်အတွက် ယခုခရစ်ယန်ဘာသာဝင် လူများသည် လူသတ်မှု ပါဏာတိပါတ ကံကိုသာကြောက်ရွံ့ကြ၏၊တိရစ္ဆာန်သတ်မှုပါဏာတိပါတကံကိုကြောက်ရွံ့ခြင်းမရှိကြ၊ ယခုတည်ထောင်သော အရိယာသမဂ္ဂ အသင်းကြီးနှင့်နှီးနှောမိကြလျှင် ထိုခရစ် ဘာသာဝင် လူများသည်လည်း တိရစ္ဆာန်

www.dhammaransi.com



သတ်မှုကို ကြောက်ဘွယ် လန့်ဘွယ် စက်ဆုပ်ဘွယ် ဖြစ်ကြောင်း မြန်မြန်ကြီးထင်မြင်နိုင်ကြ ပေလိမ့်မည်ဟု ဆရာတော် မြော်လင့်ပါ၏။

ဤသို့ ''သုတ္တနိပါတ်ပါဠိတော်''ကြီးမှာ လာရှိသော နွားသတ်မှု, နွားသားစားမှုကြောင့် ကပ်ဥပဒ်ကြီးဖြစ်မှု အပြစ်ကြီးကို အတန်ငယ် ဖေါ်ပြလိုက်ပေသည်မှာ–

၁။ ဈေးထဲတွင်ရှိနေသော နွားသားများကို အဘိုးဖြင့် ဝယ်ယူ၍ စားသောက်သူများမှာ ဘယ်အပြစ်ရှိပါသနည်းဟု ပေါ့ပေါ့ စားစား ပြောဆိုလေ့ရှိကြသောသူများအတွက်တချက်။

၂။ လူသတ္တဝါတို့၌ဎင်း၊ ကျွဲ, နွားတိရစ္ဆာန်သတ္တဝါတို့၌ဎင်း၊ ပုလိပ် ဖျားရောဂါ, ဝမ်းရောဂါ, ကျောက်ဆိုးကြီးရောဂါများ ကျ ရောက်ဖြစ်ပွါးမှုသည် နတ်ဆိုးတို့အတွက် ဖြစ်သည်ဟု ကမ္ဘာ ပေါ်မှာ ပိဋကတ်ကျမ်းစာ အစဉ်အလာ ထင်ရှားရှိပါလျက် ''ပုလိပ်'' ဖျားရောဂါကို ဆရာဝန်များပြုလုပ်၍ ဖြစ်သည်ဟု အထင်လွဲအယူလွဲ စွပ်စွဲလျက်ရှိနေကြသည်တချက်။

ဤအချက်များကို ပပျောက်စေခြင်းငှါ အတန်ငယ် အကျယ်ထုတ် ဖေါ်၍ ပြဆိုလိုက်ပေသတည်း။

''ကျွဲနွားတိရစ္ဆာန်တို့ အသက်အန္တရာယ်ကို ဆရာတော်ကာကွယ် သည့်အတွက် များစွာအောင်မြင် ထမြောက်ကြောင်း'' ဆိုသည်မှာ လည်း နွားသတ်ရုံတို့မှ ဖြစ်ပွါးသော သတ်မှုဖြတ်မှုအန္တရာယ်အတွက် သာမဟုတ်၊နတ်ဆိုးတို့ပြုလုပ်မှုကြောင့် ဖြစ်ပွါးသော ရုတ်တရက်သေ စေတတ်သော ဥပဒ်အန္တရာယ်မှ ကွယ်ကာမှုသည်လည်း ထမြောက် အောင်မြင်လျက်ရှိ၏၊ ထိုထိုမြို့ရွာ နယ်ပယ်အစိုးရများကို သင်တို့မြို့ရွာ နယ်ပယ်မှာ လူတို့၌ဎင်း, ကျွဲနွားတိရစ္ဆာန်တို့၌ဎင်း ကပ်ဥပဒ် အန္တ ရာယ်များ ပေါ်ပေါက် ကျရောက်ရှိခဲ့သော် ဆရာတော်ထံ မြန်မြန်လူ လွှတ်ကြရကုန်မည်ဟု ပြောဆို၍ထား၏၊မန္တလေးမြို့,ရန်ကုန်မြို့,မော်လ မြိုင်မြို့များမှာ ရှိနေကြသော နွားဘေးမဲ့ရုံအကြီးအကျယ်များကိုလည်း ထို့အတူပြောဆို၍ထား၏၊''ငွေဈေးငွေစုသမပါယာမအသင်းကြီး''မှာ

www.dhammaransi.com



လည်း ကွဲနွားများ ကျန်းမာကြစေရန် ဆောင်ရွက်မှုတွင် ဆရာတော် ကူညီမှု ထမြောက်အောင်မြင်လျက်ရှိ၏။

[ဤကား-ကမ္ဘာဦး မိစ္ဆာကျမ်းပေါ်လာပုံတည်း။]

စကားချီပြီး၏။

## လယ်တီဆရာတော်ရှင်းလင်းချက်

### ၁-ပုရာဏဗြာဟ္မဏဘာသာနှင့် ဗုဒ္ဓဘာသာတူညီသော အချက်များအကြောင်း

လျှောက်လွှာတွင်"ဗုဒ္ဓမြတ်စွာဘုရားလည်း သုတ္တနိပါတ်ပါဠိတော်တွင် ပုရာဏဗြာဟ္မဏတို့၏အကျင့်သည် ကောင်းမြတ်သောအကျင့်ဖြစ်ကြောင်း ထုတ်ဖော်ပြောဟောပါသည်"ဟူသောစကားအချက်၌၊ ဧင်း ပုရာဏဗြာဟ္မဏဘာသာနှင့် ဗုဒ္ဓဘာသာသည် များစွာကြီးတူမျှကြ၏၊ တူပုံကား-

ဗြာဟ္မဏဘာသာ၌-

၁။ သီလယောဂ,

၂။ စိတ္တယောဂ,

၃။ ပညာယောဂ,

ဟူ၍ ကျင့်ဝတ်တရားသုံးပါးရှိ၏။

ဗုဒ္ဓဘာသာ၌လည်း-

၁။ အဓိသီလသိက္ခာ,

၂။ အဓိစိတ္တသိက္ခာ,

၃။ အဓိပညာသိက္ခာ,

ဟူ၍ ကျင့်ဝတ်တရားသုံးပါးရှိ၏၊ ထိုတွင်-

၁။ သီလယောဂနှင့် အဓိသီလသိက္ခာသည် ဘိက္ခု ရဟန်းတို့၏ သီလမှတပါး ရသေ့တို့၏သီလ,လူတို့၏သီလမှာ တူမျှကြ၏၊ ကာယဒုစရိုက်သုံးပါး, ဝစီဒုစရိုက်လေးပါး, မိစ္ဆာဇီဝတရားတို့မှ ကြဉ်ရှောင်မှု၊ ဣန္ဒြေခြောက်ပါးတို့ကို ထိမ်းသိမ်းချုပ်တည်းမှု တရားများ ဖြစ်ကြ၏။

၂။ စိတ္တယောဂနှင့် အဓိစိတ္တသိက္ခာသည် ရဟန်း, ရသေ့, လူ သုံးပါးလုံးတူကြ၏၊ တူကြပုံကား-ဗြာဟ္မဏဘာသာမှာလည်း ပဌမဈာန်သမာပတ်,ဒုတိယဈာန်သမာပတ် အစရှိသော သမာပတ်ရှစ်ပါး၊ ဣဒ္ဓိ

www.dhammaransi.com



ဝိမအဘိညာဉ်, ဒိဗ္ဗစက္ခုအဘိညာဉ်စသော အဘိညာဉ်တရားများရှိ၏၊ ဗုဒ္ဓမြတ်စွာ လက်ထက်တော်မှာပင် ဗာဝရီပုဏ္ဏားကြီး၏တပည့် ပရိသတ် ပေါင်း တသောင်းခြောက်ထောင်မျှ ရှိကြသည်တွင် ထိုဈာန်သမာပတ် ကို ရရှိကြသော ရသေ့ ပုဏ္ဏားအများ ပါရှိကြ၏၊ ဗုဒ္ဓမြတ်စွာ၏ အဘဖြစ်သော သုဒ္ဓေါဒနမင်းကြီး၏ ပရောဟိတ် ဆရာဖြစ်သော "ဒေဝိဠ" ပုဏ္ဏား ကြီးသည် ရသေ့ ပြုလုပ်၍ ဣဒ္ဓိဝိဓ အဘိညာဉ် ကိုရသဖြင့် တာဝတိံသာ နတ်ပြည်သို့ သွားရောက်နိုင်ကြောင်း၊ ဗုဒ္ဓဘာသာ ကျမ်းဂန်တွင် အသေအချာ လာရှိ၏၊ "အာဠာရ" ခေါ်သော ရသေ့ ပုဏ္ဏားကြီးနှင့် "ဥဒက" ခေါ်သော ပုဏ္ဏား ရသေ့ကြီးများသည် အရူပဈာန်သမာပတ်ကိုရရှိကြ၏၊ ငါတို့ဗုဒ္ဓမြတ် စွာသည် ဘုရားအဖြစ်သို့ မရောက်မီ ထိုဆရာကြီးတို့၏ ထံမှာပင် ထို ဈာန်သမာပတ်များကို နာယူရ၏၊သို့သော်-ထိုသမာပတ်များသည် အ ထက်ကောင်းကင်ဘုံတွင် အမြင့်ဆုံးဖြစ်သော အရူပဘုံသို့ ရောက်ဘို့မျှ သာ ဖြစ်၏၊ သံသရာ ဝဋ်ဒုက္ခမှ ကျွတ်လွတ်နိုင်သည် မဟုတ်-ဟု စွန့်ခွါ ထွက်သွားတော်မူ၏။

နှစ်ဘာသာတူညီသော အချက်များအကြောင်းပြီး၏။

---

## ၂-နှစ်ဘာသာကွဲပြားသောအချက်များအကြောင်း

၃။ ပညာယောဂနှင့် အဓိပညာသိက္ခာမှာ မူကား-ဘာသာနှစ် ပါးကွဲလွဲကြ၏၊ ဤစကား၌ ပညာဆိုသည်ကား-ဝိဇ္ဇာတရားကို ဆို၏၊ ထိုဝိဇ္ဇာသည် သုံးပါးရှိ၏။

၁။ ပုဗ္ဗေနိဝါသ ဝိဇ္ဇာတပါး,
၂။ ဒိဗ္ဗစက္ခုဝိဇ္ဇာတပါး,
၃။ အာသဝက္ခယ ဝိဇ္ဇာတပါး,

ဟူ၍သုံးပါးရှိ၏ ထိုတွင်-

၁။ ပုဗ္ဗေနိဝါသ ဝိဇ္ဇာဆိုသည်ကား-လွန်လေပြီးသော အတိတ် သံသရာ၌ ဘဝများစွာ, ကမ္ဘာများစွာတို့ကို မြင်နိုင်သော အ ဘိညာဉ်ပညာပေတည်း။

www.dhammaransi.com



၂။ ဒိဗ္ဗစက္ခု ဝိဇ္ဇာဆိုသည်ကား-ယခုဒိဋ္ဌရှိနေကြကုန်သော လူ့ဘုံ, နတ်ဘုံ, အပါယ်ဘုံတို့ကို မြင်နိုင်သော အဘိညာဉ် ပညာ ပေတည်း။

၃။ အာသဝက္ခယ ဝိဇ္ဇာဆိုသည်ကား-မိမိတို့သန္တာန်၌ ရှိသော ကိလေသာအာသဝေါတရားတို့ကို အကြွင်းအကျန်မရှိ ကုန်ခန်းစေတတ်သောလောကုတ္တရာ အဘိညာဉ်ပညာကြီးပေတည်း။

ထိုသုံးပါးတို့တွင် ပုရာဏဗြာဟ္မဏ ဘာသာကြီးမှာ—

၁—ပုဗ္ဗေနိဝါသဝိဇ္ဇာ, ၂-ဒိဗ္ဗစက္ခုဝိဇ္ဇာ၊ဤဝိဇ္ဇာနှစ်ပါး ထင်ရှား ရှိကြ၏၊ ပုဗ္ဗေနိဝါသဝိဇ္ဇာဖြင့် လွန်လေပြီးသော အတိတ်သံသရာ၌ ဘဝများစွာ,ကမ္ဘာများစွာတို့ကို မြင်နိုင်ကြကုန်၏၊ဒိဗ္ဗစက္ခုဝိဇ္ဇာဖြင့် ယခုဒိဋ္ဌ ရှိနေကြကုန်သော လူ့ဘုံ, နတ်ဘုံ, အပါယ်ဘုံတို့ကို မြင်နိုင်ကြကုန်၏၊ ဗုဒ္ဓဘာသာမှာလည်း ထိုဝိဇ္ဇာနှစ်ပါးရှိ၏၊ ရှေးအခါ၌ ဗုဒ္ဓဘာသာ ရဟန်းတော်များသည် ထိုအတူ မြင်နိုင်ကြကုန်၏။

နှစ်ဘာသာကွဲပြားသောအချက်များအကြောင်းပြီး၏။

---

### ၃—ဗြာဟ္မဏဘာသာ၌ အာသဝက္ခယဝိဇ္ဇာမရှိခြင်း အကြောင်း

၃။ အာသဝက္ခယ ဝိဇ္ဇာကြီးသည်မူကား-ဗြာဟ္မဏဘာသာမှာမရှိ၊ ဗုဒ္ဓဘာသာမှာသာရှိ၏။

၁။ အဘယ့်ကြောင့် ဗြာဟ္မဏဘာသာမှာမရှိလေသနည်း ဆိုသော်-အတ္တအယူကို မစွန့်နိုင်သောကြောင့်တည်း။

၂။ အဘယ့်ကြောင့် ဗုဒ္ဓဘာသာမှာ ရှိလေသနည်း ဆိုသော်-အတ္တအယူကို စွန့်နိုင်သောကြောင့်ပေတည်း။

ဤသို့လျှင် ဘာသာနှစ်ပါးသည် "တတိယဝိဇ္ဇာ" အရာမှာ ကွဲလွဲကြ၏။

၁။ ဗြာဟ္မဏဘာသာမှာ အတ္တကိုဟုတ်၏-ဟု ရှိ၏-ဟု အလွန်ခိုင်မြဲစွာ စွဲလမ်းကြ၍၊

www.dhammaransi.com



၂။ ဗုဒ္ဓဘာသာမှာ ထိုအတ္တကိုမဟုတ်မရှိ-ဟု အတင်းငြင်းပယ်ကြရကုန်၏။

ဤသို့ အတ္တအယူ, အနတ္တအယူ နှစ်ပါးကွဲလွဲသည့် အတွက်ကြောင့် နိဗ္ဗာန်ခေါ်သော အထွတ်အထိပ်ဘုံချင်းလည်း ကွဲလွဲကြကုန်၏။

၁။ ဗြာဟ္မဏဘာသာမှာ အမြင့်ဆုံးဖြစ်သော "အရူပ" ဘုံကို အဘန်ဘန် ပဋိသန္ဓေ ယူရခြင်း-ဟူသော ဇာတိဒုက္ခ, အိုရခြင်း-ဟူသော ဇရာဒုက္ခ, သေရခြင်း-ဟူသော မရဏဒုက္ခဤဒုက္ခကြီးသုံးပါးမှ ကင်းရာအမှန်"နိစ္စထာဝရ နိဗ္ဗာန်ဘုံကြီး"ဖြစ်၏-ဟု ယူကြကုန်၏။

၂။ ဗုဒ္ဓဘာသာမှာ မူကား-ထိုအရူပဘုံသည် သံသရာ ဘဝတွင် အတွင်းဝင်လျက် ရှိသောကြောင့် ပြီးလျှင်ထိုဈာန်အရှိန် ဈာန်အဟုန်ကုန်ဆုံး၍ စုတေ သေလွန်သည် ရှိသော် အောက်အပါယ်ဘုံ တိုင်အောင် ကျရောက်လာပြန်ကြရကုန်၏၊ သံသရာမည်သည် လွန်ခဲ့ပြီးသော အတိတ်အဘို့မှာလည်း အစအစွန်းဟူ၍ မရှိ၊ အလွန်ရှည်လျားသည် ဖြစ်၍ ယခုလောကတွင် ရှိနေကြကုန်သော လူသတ္တဝါ,နတ်သတ္တဝါ,ဗြဟ္မာသတ္တဝါ,ခွေးဝက်ကြက်ငှက်အစရှိသော အပါယ်သတ္တဝါ အပေါင်းတို့သည် ထိုအရူပဈာန်ကို မကျင့်ဘူး, မရဘူးသောသူတို့၊ အရူပဘုံသို့ မရောက်ဘူးသူတို့ဟူ၍ တစုံတယောက်မျှ မရှိကြကုန်၊ အကြိမ်ပေါင်းအခါပေါင်း မရေမတွက်နိုင်အောင်ပင် ရောက်ဘူးကြကုန်၏၊ထိုဘုံမှာ ကမ္ဘာများစွာတည်နေကြကုန်ပြီးလျှင် ထိုဈာန်အရှိန်ဈာန်အဟုန်ကုန်ဆုံး၍ စုတေသေလွန်ကြကုန်သောအခါ အောက်မဟာအဝီစိငရဲတိုင်အောင် အောက်ဘုံ အောက်ဘဝတို့သို့ ကျရောက်လာပြန် ကြရလေကုန်၏၊ ထိုဘုံမှာ ကမ္ဘာကြီးများစွာသည် မျက်တောင်တခပ် လျှပ်တပြက်မျှကဲ့သို့ ရှိချေ၏၊ ထို့ကြောင့်ဗုဒ္ဓမြတ်စွာသည် ဘုရားအဖြစ်သို့မရောက်မီ အာဠာရ ဆရာကြီးတို့ထံမှာ နာခံအားထုတ်ရရှိပြီးသော အရူပဈာန်များကို စွန့်ပစ်တော်မူလေ၏၊ ထိုအရူပဘုံနှင့်တကွ သံသရာမှ

www.dhammaransi.com



ကျွတ်လွတ်ရာဖြစ်သော အသခ်တဘုံသည်သာလျှင် ဒုက္ခကြီးသုံးပါးတို့မှ ကင်းလွတ်ရာဖြစ်သော "နိစ္စထာဝရနိဗ္ဗာန်ဘုံကြီး" အရာဖြစ်၏။

ဤသို့လျှင် ဘာသာနှစ်ပါးမှာ အတ္တအယူ, အနတ္တအယူ-ဟူ၍အယူနှစ်ပါး ကွဲလွဲကြသည့်အတွက်ကြောင့် နိဗ္ဗာန်ခေါ်သော အထွတ်အထိပ်ဟူသော ထာဝရဘုံကြီးနှစ်ပါး ကွဲလွဲကြကုန်၏။

၁။ ဗြာဟ္မဏဘာသာမှာ ထိုအတ္တကိုသန့်ရှင်း ဖြူစင်စေခြင်းငှါ သီလယောဂ,စိတ္တယောဂ‥ပညာယောဂ ဟူသော ကျင့်ဝတ်တရားကြီးသုံးပါးတို့ဖြင့် အဆင့်ဆင့် ဆေးကြောသုတ်သင် အရေအရောင်တင်ကြကုန်၏၊ပဌမရျာန်ကိုရ၍ အတ္တဖြူစင်သောသူများသည် သေလွန်သောအခါ ပဌမရျာန်ဗြဟ္မာ့ဘုံသို့ ရောက်ကြရလေ၏၊ ထိုပဌမရျာန်ဘုံမှာ အညံ့,အလတ်,အမြတ်အားဖြင့် ဗြဟ္မာသတ္တဝါသုံးမျိုးရှိ၏၊ အညံ့စားမျိုးသည် ကမ္ဘာကို ၃-ပုံပုံလျှင် တပုံစာမျှ အသက်ရှည်၏၊အလတ်စားမျိုးသည် ကမ္ဘာထက်ဝက် အသက်ရှည်၏၊ ထိုအမြတ်စားမျိုးသည် တကမ္ဘာလုံး အသက်ရှည်၏၊ ထိုအမြတ်စားမျိုးတွင် အကြီးဆုံးဖြစ်သော မဟာဗြဟ္မာကို လူ့လောက,နတ်လောကတို့က ထာဝရဘုရားဟူ၍ စွဲလမ်းကြကုန်၏၊ အချို့သောဗြာဟ္မဏတို့က ဤပဌမဘုံကိုပင် "နိစ္စထာဝရနိဗ္ဗာန်"ဟူ၍ စွဲယူကြကုန်၏။

ဒုတိယရျာန်ကိုရ၍ အတ္တ၊ထို့ထက် ဖြူစင်သောသူများသည် သေလွန်သောအခါ ဒုတိယရျာန်ဘုံသို့ရောက်ကြရလေ၏၊ထိုဘုံမှာလည်းဗြဟ္မာသတ္တဝါသုံးစားရှိ၏၊အသက်တမ်းလည်း အဆင့်ဆင့်ထမ်းပိုး တိုးတက်၏၊အမြတ်စားမျိုးမှာ ရှစ်ကမ္ဘာအသက်ရှည်၏၊အချို့သော ဗြာဟ္မဏတို့က ဤဒုတိယဘုံကိုပင် "နိစ္စထာဝရနိဗ္ဗာန်"ဟူ၍ စွဲယူကြ၏။

တတိယရျာန်ကိုရ၍ အတ္တ၊ ထို့ထက် ဖြူစင်သောသူများသည် သေလွန်သောအခါ တတိယရျာန်ဘုံသို့ ရောက်ကြရလေ၏၊ ထိုဘုံမှာလည်း ဗြဟ္မာ သတ္တဝါသုံးစားရှိ၏၊အသက်တမ်းလည်း အဆင့်ဆင့်ထမ်းပိုး တိုးတက်၏၊အမြတ်စားမျိုးသည် ခြောက်ဆဲ့လေးကမ္ဘာ အသက်ရှည်၏၊ အချို့သောဗြာဟ္မဏတို့က ဤတတိယဘုံကိုပင် "နိစ္စထာဝရနိဗ္ဗာန်" ဟူ၍ စွဲယူကြကုန်၏၊

www.dhammaransi.com



စတုတ္ထဈာန်ကိုရ၍ အတ္တ၊ ထို့ထက် ဝင်းဝင်းတောက် ဖြစ်သောသူများသည် သေလွန်သောအခါ စတုတ္ထဈာန်ဘုံသို့ ရောက်ကြရလေ၏၊ ထိုဘုံမှာမူကား-ဗြဟ္မာသတ္တဝါချင်းချင်း အလွန်မခြားမနားကြ၊အသက်တမ်းလည်း ကမ္ဘာ ၅၀၀-ချည်းရှိကြ၏၊ အချို့သော ဗြာဟ္မဏတို့က ဤစတုတ္ထဘုံကိုပင်"နိစ္စထာဝရနိဗ္ဗာန်"ဟူ၍ စွဲယူကြကုန်၏။

တဘန်စတုတ္ထဈာန်ကိုပင် တမျိုးအားဖြင့် တိုးတက်ပွါးများ ရရှိသောသူများသည် သေလွန်သောအခါ ရုပ်ခန္ဓာကား မရှိ၊နာမ်ခန္ဓာမျှသာရှိသော အရူပဘုံသို့ရောက်ကြရကုန်၏၊ ထိုအရူပဘုံ သည်လည်း လေးဆင့်ရှိ၏၊ ပဌမဘုံမှာ ကမ္ဘာနှစ်သောင်း အသက်ရှည်၏၊ ဒုတိယဘုံမှာ ကမ္ဘာ-၄ သောင်း အသက်ရှည်၏၊ တတိယဘုံမှာ ကမ္ဘာ-၆ သောင်း အသက်ရှည်၏၊ အာဠာရ ဆရာကြီးသည် ဤဘုံသို့ ရောက်လေ၏၊ စတုတ္ထဘုံမှာ ကမ္ဘာရှစ်သောင်း လေးထောင် အသက်ရှည်၏၊ဤဘုံကို ကောင်းကင်ဘုံစုတွင် အမြင့်ဆုံးဖြစ်၍ ဘဝဂ်ဘုံ-ဟူ၍ ခေါ်၏၊ ဥဒကဆရာကြီးသည် ဤဘုံသို့ရောက်၏။

၂။ ဗုဒ္ဓမြတ်စွာသည် သုတ္တန်, အဘိဓမ္မာတို့၌ ဤအတိုင်း ဟောတော်မူ၏၊ ဤဗြာဟ္မဏ ဘာသာမှာ စွဲယူခြင်း အမျိုးမျိုးသို့ လိုက်၍ နိဗ္ဗာန်ဘုံအဆင့်ဆင့် ရှိကြကုန်၏၊ လူ့ဘုံ,နတ်ဘုံ-ဟူသော အောက်ဘုံသားများက ထိုအထက်ဗြဟ္မာဘုံများကို နိစ္စထာဝရ-ဟု စွဲယူကြကုန်၏၊ စွဲယူသောဥပမာကား-အနှစ်တသောင်းရှည်သော သစ်ပင်ကြီးတပင်ရှိရာ၏၊ ထိုသစ်ပင်ကြီး၏အောက်၌ မြက်သစ်ပင်ငယ်မျိုး အများရှိကြကုန်၏၊ ထိုသစ်ပင်ငယ်မျိုးတို့က ဆိုကြရာ၏၊ ငါတို့လည်း သေချည်ရှင်ချည် အတည်မမြဲ ရှိကြ၏၊ သစ်ပင်ကြီးမှာမူကား- နိစ္စထာဝရအမြဲ တည်၏-ဟူ၍ ဆိုကြကုန်ရာ၏၊ သစ်ပင်ကြီးများနှင့် အထက် ကောင်းကင်ဘုံရှိ ဗြဟ္မာမင်းကြီးများနှင့် တူကြ၏။

မြက်သစ်ပင်ငယ်များနှင့် အောက်ဘုံသားများနှင့်တူကြ၏၊ဤဥပမာ အတိုင်းပေတည်း။

[ဤကား-ပုရာဏဗြာဟ္မဏဘာသာ၏ကြီးကျယ်ပုံအလားကို အကျဉ်းအားဖြင့် ပြဆိုချက်ပေတည်း။]

ဗြာဟ္မဏဘာသာ၌ အာသဝက္ခယ ဝိဇ္ဇာမရှိခြင်းအကြောင်းပြီး၏။

www.dhammaransi.com



## ၄--နှစ်ဘာသာလုံး၌အနတ္တဉာဏ်ပေါက်ရန် ခဲယဉ်းပုံအကြောင်း

၁။ ဗုဒ္ဓဘာသာမှာ ထိုအတ္တကိုမဟုတ်မရှိ-ဟု ငြင်းပယ်ပြီးသော် ထိုအနတ္တဉာဏ်ကိုပေါက်ရောက်စေခြင်းငှါ—

၁။ အဓိသီလသိက္ခာ,
၂။ အဓိစိတ္တသိက္ခာ,
၃။ အဓိပညာသိက္ခာ—

ဟူသော ကျင့်ဝတ်တရားကြီးသုံးပါးကို ကျင့်ဆောင်ကြရကုန်၏၊ သို့သော် ထိုအနတ္တဉာဏ်ကို အထမြောက်အောင် ပေါက်ရောက်နိုင်ရန် ခဲယဉ်းလှ၏၊ ယခုကာလ၌ ၂-အဓိစိတ္တသိက္ခာ ဈာန်သမာပတ်ကိုပင် ပေါက်ရောက်အောင် မကျင့်ဆောင်နိုင်ကြ၊ ပရိယတ္တိကျမ်းဂန် အလုပ်ကြီးနှင့်တကွ ၁-အဓိသီလသိက္ခာမျှကိုသာ ကျင့်ဆောင်နိုင်ကြကုန်၏။

၂။ ဗြာဟ္မဏဘာသာမှာလည်း ၂-စိတ္တယောဂ, ၃-ပညာယောဂများကို ထမြောက် ပေါက်ရောက်သူ-ဟူ၍ ယခုကာလ မကြားဘူးရ၊ ဂန္ထာရိဝိဇ္ဇာအလုပ်ကြီးနှင့်တကွ ၁-သီလယောဂမျှကိုသာ ကျင့်ဆောင်နိုင်ကြကုန်၏၊ ဘာသာနှစ်ပါးလုံး၌ပင် သီလမျှကို ကျင့်နိုင်သော သူတို့သည် လူ့ဘဝ, နတ်ဘဝများသို့ ရောက်နိုင်ကြကုန်၏၊ ဗြဟ္မာ့ဘဝသို့ မရောက်နိုင်ကြကုန်၊ သမာဓိဈာန်ကို ပေါက်အောင်ကျင့်နိုင်ကြကုန်သော သူတို့သည်သာလျှင် အထက်ဗြဟ္မာ့ပြည် တခွင်သို့ ရောက်နိုင်ကြကုန်၏။

ထိုသူတို့သည် အနတ္တဉာဏ် မပေါက်နိုင်ကြသည့်အတွက် နိဗ္ဗာန်သို့ မရောက်နိုင်ကြကုန်၊ လူ့ဘုံ, နတ်ဘုံတို့မှရင်း၊ အထက်ဘုံဖြစ်သော ဘဝဂ်ဘုံတိုင်အောင် ထိုထိုဗြဟ္မာဘုံမှရင်း အောက်အပါယ်ဘုံသို့ တဘန်ကျရောက်ခြင်းအမှုကြီး မငြိမ်းကြလေကုန်၊ ဗုဒ္ဓဘာသာ၌ အနတ္တဉာဏ်ပေါက်ရောက်သော သူတို့သည်သာလျှင် နိဗ္ဗာန်သို့ ရောက်နိုင်ကြကုန်၏။

နှစ်ဘာသာလုံး၌ အနတ္တဉာဏ်ပေါက်ရန်ခဲယဉ်းပုံအကြောင်းပြီး၏။

www.dhammaransi.com



## ၅–နိဗ္ဗာန်သုံးမျိုး၏အကြောင်း

နိဗ္ဗာန်ဆိုသည်ကား–

၁။ ပဌမနိဗ္ဗာန်,

၂။ ဒုတိယနိဗ္ဗာန်,

၃။ တတိယနိဗ္ဗာန်,

ဟူ၍သုံးဘုံသုံးဆင့်ရှိ၏။

၁။ ပဌမနိဗ္ဗာန်သည်ကား-အပါယ်ဘဝတို့မှ အစဉ်ထာဝရ လွတ်ငြိမ်းမှုကြီးပေတည်း၊ ဤပဌမနိဗ္ဗာန်ကြီးသို့ ပေါက်ရောက်နိုင်ကြကုန်သော သူတို့သည် နောက်သံသရာ၌ အပါယ်ဘုံသို့ ကျရောက်ခြင်းမရှိကြကုန်ပြီ၊ အထက်ဗြဟ္မာဘုံမှာ ဖြစ်ခဲ့သော် အပါယ်ဘုံသို့ ကျရောက်မည်ဝေးစွ၊ အောက်အောက်သောဘုံများကိုမှ လျှောကျခြင်းမရှိလေကုန်ပြီ။

၂။ ဒုတိယ နိဗ္ဗာန်ဆိုသည်ကား-ကိလေသာ ဒုစရိုက် ထူပြောလှသောလူ့ဘုံ, နတ်ဘုံတို့မှ အစဉ်ထာဝရ လွတ်ငြိမ်းမှုပေတည်း၊ ထိုဒုတိယ နိဗ္ဗာန်တိုင်ရုံမျှ ပေါက်ရောက်နိုင် ကြကုန်သော သူတို့သည် ယခုဘဝသေဆုံးကြရာ နောက်သံသရာ၌ လူ့ပြည်,နတ်ပြည်-ဟူသော ကာမဘုံတို့မှ အစဉ်ထာဝရ လွတ်ငြိမ်းကြလေကုန်ပြီ၊ဗြဟ္မာ့ပြည်သို့သာ ရောက်ကြလေကုန်၏၊ ဗြဟ္မာ့ပြည်မှာလည်း မိမိတို့ဖြစ်ရာဘုံမှ အောက်အောက်ဘုံသို့ လျှောကျခြင်းမရှိလေကုန်ပြီ။

၃။ တတိယနိဗ္ဗာန်ဆိုသည်ကား-ဒိဋ္ဌိ, မာနထူပြော ကြကုန်သော ရူပဗြဟ္မာ့ဘုံ အရူပဗြဟ္မာ့ဘုံအလုံးစုံတို့မှ အစဉ်ထာဝရ လွတ်ငြိမ်းမှုပေတည်း၊ ထိုတတိယနိဗ္ဗာန်တိုင်အောင်ပေါက်ရောက်နိုင်ကြကုန်သော သူတို့သည်ကား-ရဟန္တာအစစ်ဖြစ်ကြလေကုန်၏၊ ကာမဘုံ, ရူပဘုံ, အရူပဘုံ-ဟူသော ဘုံသုံးပါးတို့မှ အစဉ်ထာဝရ လွတ်ငြိမ်းကြလေကုန်၏၊ ယခုဘဝတွင် ပရိနိဗ္ဗာန်စံဝင်ကြလေကုန်၏။

နိဗ္ဗာန်သုံးမျိုး၏အကြောင်းပြီး၏။

---

## ၆–အတ္တဒိဋ္ဌိနှင့် အပါယ်ဘုံအကြောင်း

ဤအရာ၌ အဘယ့်ကြောင့်အတ္တဒိဋ္ဌိ တင်းလင်း ရှိနေကြပေကုန်သော သူတို့မှာ အထက်အမြင့်ဆုံးဖြစ်သော ဘဝဂ်ဘုံမှ သော်လည်း

www.dhammaransi.com



အပါယ်ဘဝသို့ အဘန်ဘန်ကျရောက် ပြန်ရလေသနည်း-ဟူမူ အလွန်ကျ အပြစ်ဝန်လေးလှသော အတ္တဒိဋ္ဌိကြီး ရှိနေသော ကြောင့်ပေတည်း။ ၎င်းအတ္တဒိဋ္ဌိသည် အဘယ်သို့လျှင် အပြစ်ဝန်လေးလှလေသနည်း-ဟူမူကား-အတ္တဒိဋ္ဌိ တင်းလင်းရှိနေသော သူမှာ ရှေးရှေးဘဝ သံသရာ အနန္တတို့၌ ဖြစ်ပွါး၍လာကြကုန်သော ဒုစရိုက်ဟောင်း အနန္တတို့သည် ထိုအတ္တဒိဋ္ဌိ၌ ကပ်ငြိတွယ်တာ၍ ထိုပုဂ္ဂိုလ်ကျင်လည်ရာ အစဉ်အမြဲပါ ရှိ၍ နေကြပေကုန်၏၊ နောင်အနာဂတ် သံသရာဘဝ အနန္တတို့၌လည်း ဒုစရိုက်ကံသစ်အနန္တ ဖြစ်ပွါးကြရန် အတ္တဒိဋ္ဌိသည် အမြစ်မျိုးစေ့ကြီး ဖြစ်၏။

ထိုစကားမှန်၏၊ ဒုစရိုက်ကံဟောင်းအနန္တတို့သည်မိမိတို့ကိုယ်ခန္ဓာ တွင်း၌ ကိန်းအောင်းတည်ရှိလျက် နေကြကုန်၏၊ မိမိတို့ကိုယ်ခန္ဓာတို့ကို ငါ၏ အတ္တ-ဟု အခိုင်အမြဲ စွဲလမ်းသောသူတို့သည် ထိုဒုစရိုက်ကံ ဟောင်းတို့ကိုမပျောက်မပျက် မလွင့်ပါးဘဲ တလုံးတစည်းတည်းပါရှိကြ စေရန် အခိုင်အမြဲ ဆွဲငင်ဆုပ်ကိုင်၍ ထားခြင်းဖြစ်၏၊ ထိုအတ္တဒိဋ္ဌိရှိနေကြသည့် အတွက်ကြောင့်လည်း ကာမဘုံ, ရူပဗြဟ္မာ့ဘုံ, အရူပဗြဟ္မာ့ဘုံ-ဟူသော လောကကြီး၌—

၁။ မိမိတို့၏ အဇ္ဈတ္တသန္တာန်မှာလည်း ငါ၏ကိုယ်, ငါ၏ဦးခေါင်း, ငါ၏ခြေ, ငါ၏လက်, ငါ၏မျက်စိ, ငါ၏နား-အစရှိသည်ဖြင့် အသီးအသီးစွဲလမ်းချက် အများအပြားရှိနေကြကုန်၏။

၂။ ဗဟိဒ္ဓသန္တာန်မှာလည်း ငါ၏လင်, ငါ၏မယား, ငါ၏သား, ငါ၏သမီး, ငါ့ဆွေ, ငါ့မျိုး, ငါ့ကျွဲ, ငါ့နွား, ငါ့မြင်း-စသည်ဖြင့်၎င်း၊ ငါ့ရွှေ,ငါ့ငွေ,ငါ့အိမ်, ငါ့ယာ, ငါ့တိုက်, ငါ့တာ, ငါ့ရွာ, ငါ့မြို့, ငါ့တိုင်း, ငါ့ပြည်-စသည်ဖြင့်၎င်း အခိုင်အမြဲ စွဲလမ်းချက်ရှိနေကြကုန်၏။

ဤသို့လျှင် သူ့ဆိုင်ရာ, ငါ့ဆိုင်ရာ, သူ့ပိုင်နက်, ငါ့ပိုင်နက်,အကွက် အခြား အနန္တများပြားလျက်ရှိနေကြကုန်၏၊ ထိုခြားနားချက်တို့ကို အစွဲပြု၍လည်း လောဘကိလေသာ, ဒေါသကိလေသာ, မောဟကိလေသာ, ဣဿာ, မစ္ဆရိယအစရှိကုန်သော ကိလေသာတို့သည် ပွါးများလျက် ရှိကြကုန်၏၊ ထိုကိလေသာတို့ကို အစွဲပြု၍လည်း ဒုစရိုက်

www.dhammaransi.com



တရားတို့သည် ပွါးများ၍နေကြကုန်၏၊ဤသို့လျှင် ထိုအတ္တဒိဋ္ဌိကြီးသည် ဒုစရိုက်ကံဟောင်းတို့၏ ခိုအောင်းတည်နေရာ ဌာနကြီးဖြစ်သည် တကြောင်း၊ ဒုစရိုက်ကံသစ်တို့၏ အမြစ်မူလ ဗီဇမျိုးစေ့ကြီး ဖြစ်သည် တကြောင်း၊သို့ အကြောင်းများကြောင့် ထိုအတ္တဒိဋ္ဌိသည် အလွန်အပြစ် ဝန်လေးလှလေသတည်း။

၁။ ဖြာဟ္မဏတို့၏ ကျင့်ဝတ်တရား-ဟူသော သီလယောဂ,

၂။ ဈာန်သမာပတ်တို့ကို ပွါးများခြင်း-ဟူသောစိတ္တယောဂ,

တို့ဖြင့် အပဖြစ်သော ကိလေသာနယ်, ဒုစရိုက်နယ်တို့ကို ပယ်ရှင်း၍ထားကြကုန်သော်လည်း အတွင်းသန္တာန်၌ ငါ၏ကိုယ်,ငါ၏ဦးခေါင်း, ငါ၏ခြေ, ငါ၏လက်, ငါ၏မျက်စိ, ငါ၏နား အစရှိသည်ဖြင့်၎င်း၊ငါ၏စိတ်,ငါ၏သီလ,ငါ၏ဈာန်,ငါ၏သမာဓိ,ငါ၏ပညာ,ငါ၏တန်ခိုး-စသည်ဖြင့်၎င်း အခိုင်အမြဲ စွဲလမ်းမှုရှိနေကြကုန်သည့်အတွက် ဘဝဂ်ဘုံမှာပင် ဖြစ်နေကြကုန်သော်လည်း ဒုစရိုက်ဟောင်း အနန္တတို့သည် ထိုအတ္တဒိဋ္ဌိအတွင်းမှာရှိ၍ နေကြကုန်သည်သာလျှင်တည်း၊ ထို့ကြောင့် အတ္တဒိဋ္ဌိကိုမပယ်နိုင်ကြကုန်သောသူတို့သည် ပဌမဈာန်ဘုံမှလည်း ထိုဈာန်အဟုန်ကုန်လျှင် အောက်အပါယ်ဘုံသို့ ကျရောက်ကြရကုန်၏၊ဒုတိယဈာန်ဘုံမှလည်း ထို့အတူ ကျရောက်ကြရကုန်၏၊တတိယဈာန်ဘုံစသည်တို့မှလည်း အမြင့်ဆုံးဖြစ်သော ဘဝဂ်ဘုံတိုင်အောင် ထိုနည်းအတူဆိုလေ၊အပါယ်ဘုံသို့ ကျရောက်သမျှသော သူခပ်သိမ်းတို့သည်လည်း အပါယ်ဘဝပေါင်း အသောင်းမက, အသိန်းမက ကျင်လည်ကြကုန်ပြီးမှ တသောင်းတွင်တယောက်မျှ,တသိန်းတွင်တယောက်မျှ လူ့ဘုံ လူ့ဘဝသို့ တဘန်ပြန်လာနိုင်ကြကုန်၏၊ကမ္ဘာပျက်ဆုံးသည်တိုင်အောင် အပါယ်ဘုံတို့တွင် အစဉ်ထာဝရကျင်လည်၍ နေကြရကုန်သောသူတို့သည်သာလျှင် အသင်္ချေ အနန္တ များပြားလှလေကုန်၏။

ဥက္ခိတ္တာ ပုညတေဇေန၊
ကာမရူပဂတိံ ဂတာ။
ဘဝဂ္ဂမ္ပိ စ သမ္ပတ္တာ၊
ပုန ဂစ္ဆန္တိ ဒုဂ္ဂတိံ။ ။
[အဘိဓမ္မာဝိဘာင်းပါဠိတော်။]

www.dhammaransi.com



**အနက်ကား**။ ပုညတေဇေန၊မိမိတို့ပြုကြသော ဒါန,သီလ စသော ကာမကုသိုလ်, ပဌမဈာန်, ဒုတိယဈာန်စသော ရူပဗြဟ္မာကုသိုလ်၊ အရူပဗြဟ္မာကုသိုလ်တို့၏ အရှိန်အဟုန်သည်။ဥက္ကိတ္တာ၊ ချီးပင့်မြှောက်တင်အပ်ကုန်သည်ဖြစ်၍။ ကာမရူပဂတိံ၊ လူ့ပြည် နတ်ပြည်ဟူသော ကာမဘုံ,ပဌမဈာန်စသော ရူပဗြဟ္မာဘုံသို့။ ဂတာပိစ၊ ရောက်ကြကုန်သောသူတို့သည်လည်းကောင်း။ဘဝဂ္ဂံ၊ဘဝဂ်ခေါ်သော အရူပဗြဟ္မာဘုံသို့။သမ္ပတ္တာပိစ၊ရောက်ကုန်သောသူတို့သည်လည်းကောင်း။ပုန၊တဘန်။ ဒုဂ္ဂတိံ၊အပါယ်လေးဘုံဟူသော ဒုဂ္ဂတိဘုံသို့။ ဂစ္ဆန္တိ၊ကျရောက်လာကြကုန်၏။

[အပါယ်ဘုံသို့တကြိမ်ကျလျှင်လူ့ဘုံလူ့ဘဝသို့ တဘန်ပြန်ရောက်ရန် အရေးအခွင့် အလွန်ခဲယဉ်းကြောင်းမှုကား-မဇ္ဈိမနိကာယ် မူလပဏ္ဏာသ ပါဠိတော် ဗာလပဏ္ဍိတသုတ်တွင် ဗုဒ္ဓမြတ်စွာဟောတော်မူ၏။]

အတ္တဒိဋ္ဌိနှင့်အပါယ်ဘုံအကြောင်းပြီး၏။

---

## ၇-နိဗ္ဗာန်သို့ဆိုက်ရောက်ခြင်းအကြောင်း

အတ္တဒိဋ္ဌိကို အကြွင်းအကျန်မရှိ ပယ်သတ်နိုင်ကြကုန်သော ပဌမနိဗ္ဗာန်ဘုံသားတို့သည်ကား- ထိုဝန်လေးလှစွာသော အတ္တဒိဋ္ဌိတာဝန်ကြီးမှ ကင်းလွတ်ကြသည်ဖြစ်၍ လူ့ဘုံ,နတ်ဘုံ,ဗြဟ္မာ့ဘုံတို့၌တည်ရှိကြကုန်ရာ အောက်အပါယ်ဘုံသို့ကျမည်ဝေးစွ၊မိမိတို့တည်ရှိရာဘုံအောက်ယုတ်နိမ့်သောဘုံများကိုပင် လျှောကျခြင်းမရှိကြကုန်ပြီ။

**ဥပမာကား**။ လောက၌ သံခေါ်သောဓာတ်မျိုးသည် ရှိကြ၏၊ ထိုဓာတ်မျိုးတို့၏အတွင်းမှာ အနှစ်သာရဖြစ်သော အစွမ်းသတ္တိကြီးကျယ်လှသော ဓာတ်သတ္တုသည်ရှိ၏၊ အလွန်ယုတ်ညံ့လှသော သံချေးတို့သည် ထိုအနှစ်သာရကို ကိုက်တွယ်လုံးထွေးလျက်တည်ရှိကြကုန်၏၊ ထိုသံချေးတို့အတွက် အနှစ်သာရဖြစ်သော ဓာတ်သတ္တုသည် တန်ခိုးမရှိ၊အလွန်ညံ့ဖျင်းသောအနေ၌ တည်နေရ၏၊ လောကဟိတအကျိုးငှါ အထက်ပုရာဏပြာဟ္မဏကြီးတို့ လုပ်ကြံ၍ ထားခဲ့သော ဂန္ဓာရီဝိဇ္ဇာနည်းလမ်းများရရှိ၍ ထိုသံဓာတ်ကို ကျိုချက်ပြီးလျှင် ဓာတ်ခွဲဆေးကောင်းတို့ဖြင့် ထိုအညစ်အကြေးတို့ကို ထုတ်ပစ်၍ စင်ကြယ်စွာရရှိသော သံသတ္တုကို

www.dhammaransi.com



အဆင့်ဆင့် သိဒ္ဓိကြီးငယ်ပေါက်ရောက်အောင် လုပ်ကိုင်နိုင်သောသူသည် ဂန္ဓာရီဝိဇ္ဇာအဖြစ်သို့ရောက်၍ အသက်ရှည်ခြင်း, အနာကင်းခြင်း, ကောင်းကင်မြေမိုယ်း ပုံလျှိုးသွားလာနိုင်ခြင်း-စသော တန်ခိုးသတ္တိ အထူးနှင့် ပြည့်စုံသည်-ဟူ၍ လောကီကျမ်းများ၌ လာသော ဥပမာကဲ့သို့တည်း။

ဤဥပမာ၌—

၁။ သတ္တဝါတို့၏ စိတ်သန္တာန်သည် သံသတ္တုဓာတ်မျိုးနှင့် တူ၏။

၂။ အတ္တဒိဋ္ဌိသည် ထိုသတ္တု ဓာတ်ကို ကိုက်တွယ်လုံးထွေးလျက်တည်ရှိသော သံချေးနှင့် တူ၏။

၃။ အတ္တဒိဋ္ဌိရှိနေသော သူ၏ စိတ်သန္တာန်သည် ထိုသံချေးအပြည့်ရှိနေသော သံတုံး သံခဲနှင့်တူ၏။

၄။ အတ္တဒိဋ္ဌိမှ ကျွတ်လွတ်ပြီးသော သူ၏ စိတ်သန္တာန်သည် စင်ကြယ်ပြီးသော ဓာတ်ဆီ ဓာတ်နှစ်နှင့်တူ၏။

ထို့ကြောင့် အတ္တဒိဋ္ဌိ ရှိနေသောသူတို့မှာ အထက်ဘဝဂ်ဘုံမှသော်လည်း စိတ်သန္တာန်တွင် ပါရှိ၍နေသော အတ္တဒိဋ္ဌိဝန်လေးလှသည့်အတွက် အောက်အပါယ်သို့ကျရောက်ရခြင်း, စိတ်သန္တာန်၌ အတ္တဒိဋ္ဌိကင်းလွတ်ပြီးသောသူတို့မှာ လေးလံခြင်းမရှိသဖြင့် အောက်သို့ မကျရအောင် ဆောင်ရွက်နိုင်သော စိတ်သန္တာန်ရှိနေသည့်အတွက် မိမိဖြစ်ရာဘုံမှ အောက်အောက်ဘုံသို့လျှောကျခြင်းမရှိ-ဟူသော အထူးကိုသိအပ်၏။

သို့သော်—

"အဟုတ်အမှန်ရှိနေသော ထိုအတ္တကို မဟုတ်မမှန်-ဟု ကြံခြင်း, ယူခြင်း,ပယ်နုတ်ခြင်း၄ါ တတ်ကောင်းပါမည်လော" ဟု မေးရန်ရှိပြန်၏။

ဤအမေး၌ "အဟုတ်အမှန် ရှိနေသည်-ဟူသော စကားသည် အတ္တဒိဋ္ဌိအလွန်ခိုင်မြဲလှသော သူများ၏စကား ဖြစ်ချေ၏၊ထိုအတ္တသည် မူကား-အဟုတ်ရှိအမှန်ရှိမဟုတ်၊ မိစ္ဆာဉာဏ်ဖြင့် လုပ်ကြံ၍ ယူအပ်သော အာဂန္တုကမျှ ပေတည်း၊ထို့ကြောင့် ကသိုဏ်းရျာန်,ဖြဟ္မဝိဟာ

www.dhammaransi.com



ရရျာန်များကို ပွါးများ၍ ပယ်ဖျောက်သည့်ရှိသော် ကာမတဏှာ, ဒေါသ, ပဋိဃစသော ကိလေသာများသည် ပျောက်ပျက် ရသကဲ့သို့ ထိုမိစ္ဆာဉာဏ် ခေါ်သော အတ္တဒိဋ္ဌိသည်လည်း အနတ္တဝိပဿနာဉာဏ်ဖြင့် ပယ်ဖျောက်သည့်ရှိသော် ကေန္တပျောက်ရ၏။

သို့သော်-အထက်သံ ဥပမာ၌ သံတုံး သံခဲတို့မှာ အလွန်အစွမ်းသတ္တိရှိသော ဓာတ်သတ္တုရှိ၏-ဟု သိနိုင်သောသူသည် ပင်လျှင် အလွန်နည်းပါးလှ၏။ သံချေးကို ထုတ်ပစ်၍ ဓာတ်သတ္တုကို သိဒ္ဓိကြီးငယ်ပေါက်ရောက်သည် တိုင်အောင်ပင် လုပ်ကြံနိုင်သော သူသည်ကား-အလွန်ထက်အလွန် ရှားပါးသကဲ့သို့ သတ္တဝါတို့၏ စိတ်သန္တာန်မှာလည်း အပါယ်ဘုံသို့ကျခြင်းမှ အစဉ်ထာဝရ လွတ်ငြိမ်းရအောင်ဆောင်နိုင်သော အစွမ်းသတ္တိရှိ၏။

အတ္တဒိဋ္ဌိလုံးထွေး၍ နေသည့်အတွက်ကြောင့် ထိုအစွမ်းသတ္တိသည် အပျက်ကြီးပျက်၍ နေရသည်-ဟု သိနိုင်သောဘဝသည်ပင်လျှင် အလွန်ရှားပါးလှ၏၊ ထိုအစွမ်းသတ္တိကို ပေါ်ပေါက်အောင်လုပ်ကြံနိုင်သော သူသည်မူကား-အလွန်ရှားပါးလှ၏၊ ဗုဒ္ဓမြတ်စွာ ပေါ်ပေါက်လာမှသာလျှင် လုပ်ကြံနိုင်ကြကုန်၏၊ ထို့ကြောင့် အပါယ်လေးပါးမှ အစဉ်ထာဝရ လွတ်ကင်းမှု-ဟူသော ပဌမနိဗ္ဗာန်ကြီးသည် ဗုဒ္ဓဘာသာ၌သာရှိ၏။

ဤအရာ၌ အနတ္တ ဝိပဿနာဉာဏ် ဖြစ်ပွါးရန် အစီအရင်ကို"အရိယသမဂ္ဂ" အသင်းသားတို့အား ထင်လျှားစွာ သိမှတ် ယုံကြည်နိုင်ကြရန် ဝိပဿနာအဖွင့် စကားဆက်လက်ရေးသားခွင့်ဆိုက်၏။

နိဗ္ဗာန်သို့ဆိုက်ရောက်ခြင်းအကြောင်းပြီး၏။

---

## ၈-အတ္တ, အနတ္တ, စစ်တမ်းစစ်ချက်အကျယ်
## ပရမတ်, ပညတ်ခွဲပြခြင်း

လောကတွင်မြေကြီးကိုကို ပြုလုပ်အပ်သော မြေအိုး-ဟူ၍ ရှိကြ၏၊ ထိုတွင်—

၁။ မြေ-ဟူသော အမည်နှင့် ထိုအမည်၏အနက်ဖြစ်သော မြေမှုန့်များသည် "ပရမတ်"မျိုးဖြစ်ကြ၏။

www.dhammaransi.com



၂။ အိုး-ဟူသော အမည်နှင့် ထိုအမည်၏အနက်ဖြစ်သော အိုးပြင် သဏ္ဌာန်ဖြစ်သည် "ပညတ်"မျိုးဖြစ်ကြ၏။

လိုတွင်--

၁။ ပရမတ်မျိုးသည် အဟုတ်ရှိမျိုး, အမှန်ရှိမျိုးဖြစ်၏။

၂။ ပညတ်မျိုးသည် အဟုတ်ရှိမျိုး, အမှန်ရှိမျိုးမဟုတ်၊ သတ္တဝါတို့၏ စိတ်ထဲတွင် ထင်မြင်ရသော အရိပ်နိမိတ်မျိုးမျှသာဖြစ်၏။

ဤသို့လျှင် မြေအိုးကိုဆိုရာ၌ မြေသည်ကား တခြား၊ အိုးသည်ကား တခြား၊ မြေသည် အိုးမဟုတ်၊ အိုးသည် မြေမဟုတ်၊ မြေသည်ကား အနိစ္စမျိုးတည်း၊အိုးသည်ကား အနိစ္စမျိုးတည်း၊အနိစ္စမျိုးဆိုသည်ကား မြေသည်အဟုတ်ရှိ, အမှန်ရှိမျိုးဖြစ်၍ ဖြစ်မှုလည်းအမှန်ရှိ၏၊ ဟောင်းနွမ်းမှုလည်း အမှန်ရှိ၏၊ပျက်ဆုံးမှုလည်း အမှန်ရှိ၏၊ ထို့ကြောင့် မြေသည်အနိစ္စမျိုးဖြစ်၏။

အိုးသည်မူကား-အဟုတ်ရှိမျိုး,အမှန်ရှိမျိုး မဟုတ်သည်ဖြစ်၍ ဖြစ်မှုလည်းအမှန်မရှိ၊ ဟောင်းနွမ်းမှုလည်း အမှန်မရှိ၊ ပျက်ဆုံးမှုလည်း အမှန်မရှိ၊သို့သော် အိုးဖြစ်သည်၊ အိုးဟောင်းနွမ်းသည်၊ အိုးကွဲသည်၊ အိုးပျက်ဆုံးသည်ဟူ၍ ဝေါဟာရမူကား ရှိကြ၏။

ထိုဝေါဟာရမူကား- မြေမှုန့်တို့သည် အိုးသဏ္ဌာန်အနေနှင့် တခဲနက်ပေါ်ပေါက် လာသည်ရှိသော် ထိုတခဲနက်ကို အစွဲပြု၍ သဏ္ဌာန်ပညတ်အထူးသည် စိတ်ထဲတွင် ထင်မြင်ပေါ်ပေါက်လာ၏၊ထိုသဏ္ဌာန်ပညတ်ကိုအာရုံပြု၍ စိတ်ထဲတွင် အိုးဟူသောနာမပညတ်ပေါ်လာရ၏။

ဤသို့လျှင် အိုးဖြစ်သည်ဟူသော စကားသည် ဝေါဟာရပညတ်မျှသာဖြစ်သတည်း၊ထိုမြေမှုန့်တို့သည် အိုးသဏ္ဌာန်အနေအားဖြင့် တခဲနက်ဖြစ်ပေါ်သည်ရှိသော် ကာလကြာမြောင်းသဖြင့် ဟောင်းနွမ်းခြင်း ဖြစ်ရပြန်ကုန်၏၊ မြေမှုန့်တို့၏ ဟောင်းနွမ်းခြင်း ကိုပင်လျှင် အိုး၏ ဟောင်းနွမ်းခြင်းဟူ၍ ဝေါဟာရပညတ်သည် ဖြစ်ပေါ်ရ၏၊ မြေမှုန့်တို့၏ တခဲနက်ကွဲခြင်း ပျက်ခြင်းကိုပင်လျှင် အိုးကွဲသည် အိုးပျက်ဆုံးသည်ဟူ၍ ဝေါဟာရပညတ်သည် ဖြစ်ပေါ်ရှိနေ၏၊သို့သော်—

www.dhammaransi.com



မြေမှုန့်တို့သည် အိုးသဏ္ဌာန်အနေနှင့် ကေန်ဖြစ်ပေါ်ခြင်း ရှိခဲ့သော် အိုးသဏ္ဌာန်သည်လည်း ကေန်ဖြစ်ပေါ်ခြင်း ရှိသည် မဟုတ်လော"မေးရန်ရှိ၏။

**အဖြေကား။** မြေမှုန့်သည် ကေန်ရှိသော သဘာဝဓမ္မမျိုး ဖြစ်၍ ဖြစ်ပေါ်မှုလည်း ကေန်ရှိ၏၊ အိုးသဏ္ဌာန်သည်မူကား–အသီးအခြား ထင်ရှားရှိသော သဘာဝဓမ္မမျိုးမဟုတ်၊ စိတ်ထဲတွင် ထင်မြင်ရသော ပညတ္တိဓမ္မမျိုးမျှသာဖြစ်၍ ထိုသဏ္ဌာန်၏ ဖြစ်ပေါ်မှုသည်လည်း ကေန်ရှိမျိုးမဟုတ်၊စိတ်ထဲတွင် ထင်မြင်သောပညတ်မျှသာဖြစ်၏၊အိုးဟောင်း နွမ်းမှု အိုး၏ပျက်ဆုံးမှုကိုလည်း ထို့အတူသိလေ၊ မြေမှုန့်တို့သည် ကမ္ဘာမြေကြီးမှစ၍ ဖြစ်ပေါ်လာကုန်၏၊ အိုးသဏ္ဌာန်သည် မူကား- အိုးလုပ်သမား ပြုလုပ်ရာတွင်မှ ဖြစ်ပေါ်လာရ၏။

ဤဥပမာအတူ သတ္တဝါတို့၏ သဏ္ဌာန်၌လည်း မြေဓာတ်,ရေဓာတ် မီးဓာတ်, လေဓာတ်, အဆင်းဓာတ်, အသံဓာတ်, အနံ့ဓာတ်,ရသ ဓာတ် အစရှိသော ပရမတ်ဓာတ်မျိုးသည်သာလျှင် ကေန်ရှိမျိုးဖြစ်၏၊ ထိုကေန်ရှိမျိုး၌ ခေါ်ဝေါ်အပ်သော ပထဝီ, အာပေါ, တေဇော,ဝါ ယော, ဝဏ္ဏ, ဂန္ဓ, ရသ အစရှိသော အမည် ပညတ်မျိုးသည်သာလျှင် ဟုတ်မှန်သောပညတ်မျိုးဖြစ်၏၊ ပုဂ္ဂိုလ်သဏ္ဌာန်, သတ္တဝါသဏ္ဌာန်,လူ သဏ္ဌာန်,နတ်သဏ္ဌာန်,ခွေး, ဝက်,ကြက်, ငှက်-အစရှိသော သဏ္ဌာန် မျိုးသည်မူကား-ကေန်ရှိမျိုးမဟုတ်၊ စိတ်ထဲတွင် ထင်မြင်ရသော အတ္တ ပညတ်မျိုးသာဖြစ်ပေ၏။

ပုဂ္ဂလ,သတ္တ,ဒေဝ,မနုဿ အစရှိသောအမည်နာမပညတ်မျိုးသည် လည်း ဟုတ်မှန်သောပညတ်မျိုးမဟုတ်၊ ပညတ်နှင့် ပရမတ် ခွဲနည်းကို မသိသောသတ္တဝါတို့မှာ ပရမတ်နှင့်ပညတ်ကို တခုတည်းပြု၍ ရုပ်ပရ မတ်,နာမ်ပရမတ်တို့ကိုပင်လျှင် ပုဂ္ဂိုလ်ဟူ၍,သတ္တဝါဟူ၍,လူဟူ၍,နတ် ဟူ၍ အခိုင်အမြဲ စွဲလမ်းကြကုန်၏၊ ထိုစွဲလမ်းချက်မှာ ကေန်ရှိသော ရုပ်ဓာတ်, နာမ်ဓာတ်မျိုးတို့သည် ကေန်ရှိမဟုတ်သော သဏ္ဌာနပညတ် မျိုး၌ အမှားခံဖြစ်ရလေ၏၊ ဤသို့အမှားခံဖြစ်သည်ကို အတ္တဟု ဆိုပေသ ဘည်း။

[ဤကား-ပရမတ်,ပညတ်ခွဲပြခြင်းတည်း။]

www.dhammaransi.com



## အတ္တခေါ်ဆိုခြင်း

အဘယ့်ကြောင့် အတ္တခေါ်သနည်းဟူမူကား- "ဝသဝတ္တနဋ္ဌေန အတ္တာ" ဟူသည်နှင့် အညီ အတ္တဒိဋ္ဌိ မိစ္ဆာဉာဏ်တို့၏ အလိုအားဖြင့် ပုဂ္ဂိုလ်၏ အလိုသို့လိုက်တတ်သော အနက်ကြောင့်, သတ္တဝါ၏ အလိုသို့ လိုက်တတ်သော အနက်ကြောင့် အတ္တခေါ်၏၊ အဘယ်သို့ အလိုလိုက်တတ်သနည်း-ဟူမူကား-ဣရိယာပုထ်လေးပါးတို့တွင်—

၁။ ပုဂ္ဂိုလ်ကသွားမှုကို အလိုရှိ၍ သွားလိုသောစိတ်ဖြင့် သွားမှုကို ပြုပြင်သည်ရှိသော် သွားရုပ်, သွားနာမ်ဖြစ်၍ လိုက်၏။

၂။ ပုဂ္ဂိုလ်ကရပ်မှုကိုအလိုရှိ၍ ရပ်လိုသောစိတ်ဖြင့် ရပ်မှုကိုပြုပြင်သည်ရှိသော် ရပ်ရုပ်, ရပ်နာမ် ဖြစ်၍လိုက်၏။

၃။ ပုဂ္ဂိုလ်ကထိုင်မှုကို အလိုရှိ၍ ထိုင်လိုသော စိတ်ဖြင့် ထိုင်မှုကို ပြုပြင်သည်ရှိသော် ထိုင်ရုပ်, ထိုင်နာမ်ဖြစ်၍လိုက်၏။

၄။ ပုဂ္ဂိုလ်ကအိပ်မှုကိုအလိုရှိ၍ အိပ်လိုသောစိတ်ဖြင့် အိပ်မှုကိုပြုပြင်သည်ရှိသော် အိပ်ရုပ်,အိပ်နာမ်ဖြစ်၍လိုက်၏။

၅။ ပုဂ္ဂိုလ်ကကွေးခြင်း ဆန့်ခြင်းအစရှိသော ကာယကံမှု, ပြောခြင်း ဆိုခြင်းအစရှိသော ဝစီကံမှု, ကြံစည်ခြင်း အစရှိသော မနောကံမှုကို အလိုရှိ၍ ကွေးလိုသောစိတ်, ဆန့်လိုသောစိတ် အစရှိသည်ဖြင့် ကွေးမှု, ဆန့်မှုကို ပြုပြင်သည်ရှိသော် ကွေးရုပ်, ကွေးနာမ်, ဆန့်ရုပ်, ဆန့်နာမ်-အစရှိသည်ဖြစ်၍လိုက်၏။

ဤသို့လျှင် အတ္တဒိဋ္ဌိမိစ္ဆာဉာဏ်တို့၏ အလိုအားဖြင့် ပုဂ္ဂိုလ်၏အလိုသို့ လိုက်တတ်သောကြောင့် ပုဂ္ဂိုလ်နှင့် ရုပ်နာမ်သည် ခြားနားခြင်း မရှိရကား-လောက၌ သွားရုပ်, သွားနာမ်ဖြစ်ပေါ်၍ နေသည်ကို ပုဂ္ဂိုလ်သွားသည်၊ သတ္တဝါသွားသည်၊ ငါသွားသည်၊ သူသွားသည်-ဟု စွဲလမ်းခြင်း၊ လောက၌ ရပ်ရုပ်, ရပ်နာမ်ဖြစ်ပေါ်၍ နေသည်ကို ပုဂ္ဂိုလ်ရပ်သည် သတ္တဝါရပ်သည်-ဟု စွဲလမ်းခြင်း အစရှိသည်လည်း ရပ်ရုပ် ရပ်နာမ်ကို ပုဂ္ဂိုလ်-ဟု စွဲလမ်းခြင်းမည်၏။

[ဤကား-အတ္တခေါ်ဆိုခြင်းတည်း။]

www.dhammaransi.com



## အနတ္တကိုပြခြင်း

ရုပ်တရားမျိုး, နာမ်တရားမျိုးသည် အနတ္တမျိုးစင်စစ် ဖြစ်ကြ၏၊ အဘယ်အနက်ကြောင့် အနတ္တခေါ်သနည်း-ဟူမူကား-"အာဝသဝတ္တနတ္တေန အနတ္တာ"ဟူသည်နှင့်အညီ သမ္မာဒိဋ္ဌိ, သမ္မာဉာဏ်တို့၏အလိုအားဖြင့် ပုဂ္ဂိုလ်အလိုသို့ မလိုက်တတ်ခြင်း အနက်ကြောင့်,သတ္တဝါ၏အလိုသို့မလိုက်တတ်ခြင်း အနက်ကြောင့် အနတ္တခေါ်၏၊ အဘယ်သို့အလိုသို့မလိုက်တတ်သနည်း-ဟူမူကား-ဤသိုသရာ၌-

၁။ ဇာတိမှုကြီး,

၂။ ဇရာမှုကြီး,

၃။ ဗျာဓိမှုကြီး,

၄။ မရဏမှုကြီး-ဟူ၍ အမှုကြီးလေးပါးရှိ၏။

ထိုလေးပါးတို့တွင်-

၁။ ဇာတိမှုသည် ကိလေသာဇာတိ, ကမ္မဇာတိ, ဝိပါကဇာတိ-ဟူ၍ အရေးကြီးသုံးပါးရှိ၏။

ထိုသုံးပါးတွင်-

၁။ ကိလေသာ ဇာတိဆိုသည်ကား-ကိလေသာတို့၏ ဖြစ်ပေါ်ပေါက်ပွါးမှုပေတည်း။

၂။ ကမ္မဇာတိဆိုသည် ကား-ဒုစရိုက်ကံတို့၏ ဖြစ်ပေါ်ပေါက်ပွါးမှုပေတည်း။

၃။ ဝိပါကဇာတိ ဆိုသည်ကား-အပါယ်ဝိပါက်, အပါယ်ဘဝ, အပါယ်ခန္ဓာတို့၏ အပါယ်ဘုံတို့၌ ဖြစ်ပေါ်ပေါက်ပွါးမှုသည်လည်းကောင်း၊ ထိုထိုပစ္စက္ခဘဝမှာလည်း ဘေးအမျိုးမျိုး, ဒဏ်အမျိုးမျိုး, ရန်အမျိုးမျိုး, အန္တရာယ်အမျိုးမျိုး, ကာယိကဒုက္ခအမျိုးမျိုး, စေတသိကဒုက္ခအမျိုးမျိုးတို့၏ ဖြစ်ပေါ်ပေါက်ပွါးမှုသည်လည်းကောင်း ဇာတိဒုက္ခကြီးမည်၏။

၂။ ဇရာမှုကြီးဆိုသည်ကား-ဆုတ်ယုတ်လျော့ပါးမှုကြီး ပေတည်း၊ သုဂတိဘုံဘဝတို့၌ ဋ္ဌသုခဖြစ်သော ရုပ်နာမ်တို့သည် ပဋိသန္ဓေနေပြီးသည်မှစ၍ ဘယ်အခါ ဘယ်နာရီမှာ မဆို ဆုတ်ယုတ် လျော့ပါးခွင့်ဆိုက်တိုက်ခဲ့သော် ဆုတ်ယုတ်လျော့ပါးခြင်းသို့ ရောက်တတ်ကုန်၏၊ ဤ

www.dhammaransi.com



သို့ရှု၍, သုခဖြစ်သော ရုပ်နာမ်တို့၏ ဆုတ်ယုတ်လျော့ပါးမှုကို ဇရာမှုကြီးခေါ်ပေသတည်း။

၃။ ဗျာဓိမှုကြီးသည်ကား-အကျဉ်း ၉၆-ပါး၊ အကျယ်အားဖြင့် အထောင် အသောင်းမကသော ရောဂါမျိုး, အနာမျိုး တို့သည် ပဋိသန္ဓေနေပြီးသည်မှစ၍ ဘယ်အခါ ဘယ်နာရီမဆို ဖြစ်ခွင့်ဆိုက်တိုက်ခဲ့သော် ဖြစ်ပေါ်တတ်ကြကုန်၏၊ ဤသို့ရောဂါမျိုး, အနာမျိုးတို့၏ ဖြစ်ပေါ်ပေါက်ပွါးမှုကို ဗျာဓိမှုကြီးခေါ်ပေသတည်း။

၄။ မရဏမှုကြီးသည်ကား-ပဋိသန္ဓေ နေပြီးသည်မှစ၍ ဘယ်အခါ ဘယ်နာရီမဆိုသေခွင့်, ပျက်ဆုံးခွင့် ဆိုက်တိုက်ခဲ့သည်ရှိသော် သေခြင်း, ပျက်ဆုံးခြင်းသို့ ရောက်တတ်၏၊ ဤသို့သေမှု, ပျက်ဆုံးမှုကြီးကို မရဏမှုကြီး ခေါ်ပေသတည်း။

ထိုအမှုကြီးလေးပါးတို့တွင်–

၁။ ဇာတိမှုကြီးကိုလည်းအစိုးမရ၊ဤသတ္တဝါတို့သည် ကိလေသာဇာတိရှိနေသည့်အတွက် ယုတ်ညံ့ညစ်နွမ်းခြင်းသို့ ရောက်ကြရကုန်၏၊ ထိုကိလေသာဇာတိကိုလည်း မိမိတို့သန္တာန်မှာ တရံတဆစ်မျှ ဖြစ်ပေါ်ခြင်းမရှိအောင် အစိုးမရကြကုန်၊ ကိလေသာဇာတိကို အစိုးမရသည့်အတွက် ဒုစရိုက်တရားကိုလည်း မိမိတို့သန္တာန်မှာ တရံတဆစ်မျှ ဖြစ်ပေါ်ခြင်းမရှိရအောင် အစိုးမရကြကုန်၊ ကမ္မဇာတိကို အစိုးမရသည့်အတွက် အပါယ်ဝိပါက်,အပါယ်ဘဝ,အပါယ်ခန္ဓာတို့၏ အပါယ်ဘုံတို့၌ ဖြစ်ပေါ်ပေါက်ပွါးမှုတို့ကိုလည်း ဘဝအဆက်ဆက် တရံတဆစ်မျှ ဖြစ်ပေါ်ခြင်းမရှိရအောင် အစိုးမရကြကုန်။

ထို့အတူ ဘေးအမျိုးမျိုး,ဒဏ်အမျိုးမျိုး,ရန်အမျိုးမျိုး,အန္တရာယ်အမျိုးမျိုး,ကာယိကဒုက္ခအမျိုးမျိုး,စေတသိကဒုက္ခအမျိုးမျိုးတို့ကို မိမိသန္တာန်မှာ တရံတဆစ်မျှ ဖြစ်ပေါ်ခြင်းမရှိရအောင် အစိုးမရကြကုန်။

[ဤကား ဇာတိမှုကြီး အစိုးမရပုံတည်း။]

ဤဇာတိမှုကြီးကို အစိုးမရသည့် အတွက်ကြောင့် ဤသတ္တဝါ အပေါင်းတို့သည် အထက်အမြင့်ဆုံးဖြစ်သော ဘဝဂ်ဘုံမှသော်လည်း အောက်ဆုံးဖြစ်သော မဟာအဝီစိငရဲကြီးတိုင်အောင် ကျရောက်ကြကုန်၏။

www.dhammaransi.com



၂။ ဇရာမှုကြီး,မရဏမှုကြီးကို အစိုးမရပုံကား-လောက၌အလွန် ရခဲလှစွာသော လူ့ဘဝ,လူ့ချမ်းသာ၊ နတ်ဘဝ, နတ်ချမ်းသာ၊ ဗြဟ္မာ့ဘဝ,ဗြဟ္မာ့ချမ်းသာတို့ကို ရံခါ ရံခါ ရကြပါကုန်သော်လည်း ဇရာမီးကြီး,မရဏမီးကြီး လောင်မှုကျွမ်းမှု ရှိနေသည့်အတွက် ထိုလူ့ဘဝ, လူ့ချမ်းသာ၊ နတ်ဘဝ,နတ်ချမ်းသာ၊ ဗြဟ္မာ့ဘဝ, ဗြဟ္မာ့ချမ်းသာတို့သည် မကြာမီမကြာမီ ယုတ်လျော့ပျက်ဆုံးကြကုန်၏။

၎ယုတ်လျော့မှု, ပျက်ဆုံးမှုကြီးကို လူ့တန်ခိုး, လူ့အာဏာ,လူ့ပညာ, လူ့အစွမ်းတို့ဖြင့်လည်း တားမြစ်ပယ်ရှားခြင်းငှါ မတတ်နိုင်၊ နတ်တန်ခိုး,နတ်အာဏာ,နတ်ပညာ,နတ်အစွမ်းတို့ဖြင့်လည်းတားမြစ်ပယ်ရှားခြင်းငှါမတတ်နိုင်၊ဗြဟ္မာ့တန်ခိုး,ဗြဟ္မာ့အာဏာ,ဗြဟ္မာ့ပညာ, ဗြဟ္မာ့အစွမ်းတို့ဖြင့်လည်း တားမြစ်ပယ်ရှားခြင်းငှါ မတတ်နိုင်၊၎ယုတ်လျော့ ပျက်ဆုံးမှုကြီးသည် အောက်ဘုံ အောက်ဘဝသို့ လျှောကျမှုကြီး၏ ရှေ့ဆောင် ရှေ့သွားဖြစ်၏၊ ၎ယုတ်လျော့ ပျက်ဆုံးမှုကြီး မရှိချေက အောက်ဘုံအောက်ဘဝသို့လျှောကျမှုကြီးမရှိနိုင်ပေ၊ ဗြဟ္မာတို့၌ သော်လည်း ပဋိသန္ဓေနေပြီးသည်မှ နောက်၌ ဘယ်အခါ ဘယ်နာရီမှာမဆို ကျရောက်နိုင်သောအခွင့်ရှိ၏။

[၎ကား-ယုတ်လျော့ခြင်းဟူသောဇရာမှုကြီး, ပျက်ဆုံးခြင်း ဟူသော မရဏမှုကြီးကို အစိုးမရပုံတည်း။]

၃။ ၎အမှုကြီးနှစ်ပါး အခံတရားရှိနေသည့်အတွက်ကြောင့် အနာရောဂါ ဖြစ်ပေါ်ပေါက်ပွါးမှုဟူသော ဗျာဓိမှုကြီးကို အစိုးမရခြင်းသည်လည်းကောင်း၊ ဘေးအမျိုးမျိုး, ဒဏ်အမျိုးမျိုး, ရန်အမျိုးမျိုး, အန္တရာယ်အမျိုးမျိုး, ဥပဒ်အမျိုးမျိုးကို အစိုးမရခြင်း သည်လည်းကောင်း ပဋိသန္ဓေနေပြီးသည်မှနောက်၌ ဘယ်အခါ ဘယ်နာရီမှာမဆို ကျရောက် ပေါ်ပေါက်နိုင်သော အခွင့်အလမ်းကြီးလည်းထင်ရှားလေပြီ။

ထိုအစိုးမရမှုကြီး အမျိုးမျိုးတို့တွင် အထက်အမြင့်ဆုံးဖြစ်သော ဘဝဂ်ဘုံမှသော်လည်း အောက်ဆုံးဖြစ်သော မဟာအဝီစိ ငရဲကြီးတိုင်အောင် ကျရောက်မှုသည်လည်းကောင်း၊ အပါယ်ဘုံသို့တကြိမ်ကျ

www.dhammaransi.com



ရောက်ပြန်လျှင်လည်း ဘဝအပေါင်း အသောင်း များစွာ, အသိန်း များစွာ အပါယ်ဘုံမှာသာ မြုပ်မျော၍ နေခြင်းကြီးများ သည် လည်းကောင်း ကြောက်မက်ဘွယ်အကောင်းဆုံးသော အစိုးမရမှုကြီး များပေတည်း၊ အပါယ်ဘုံသို့ကျရောက်၍ ငရဲမီးစာတုံးကြီး, ပြိတ္တာမီး စာတုံးကြီးဖြစ်၍နေဆဲအခါ ငါ၏ကိုယ်ခန္ဓာသည် ယခုချက်ခြင်း လူ့ ပြည်မှာ ဖြစ်ပါစေသတည်း၊ နတ်ပြည်မှာဖြစ်ပါစေသတည်း၊ ဗြဟ္မာ့ ပြည်မှာဖြစ်ပါစေသတည်း-ဟု ဟစ်ကြွေးအော်ငြာ၍ တောင့်တသော် လည်း တောင့်တ၍ မရ၊ အလိုသို့မလိုက်၊ အကုသိုလ်ကံ မကုန်သမျှ နှစ်ပေါင်းအသိန်းများစွာကြာသော်လည်း ထိုအပါယဒုက္ခမှ မကျွတ်ရ ချေ၊ မလွတ်ရချေ။

ထိုခန္ဓာသည် ထိုသတ္တဝါကို ဤမျှလောက် နှိပ်စက်ညှဉ်းဆဲ၍နေဆဲ အခါမှာပင် ထိုပုဂ္ဂိုလ်သည် ထိုခန္ဓာကို ငါ၏ရန်သူကြီးပါတကား-ဟူ၍ မသိ၊ ငါ၏အတ္တ-ဟူသော စွဲလမ်းခြင်းကို မလွှတ်၊ ငါ၏ကိုယ်-ဟူသော ထင်မြင်ချက်ကိုမစွန့်၊ အတ္တဒိဋ္ဌိသည် ဤမျှလောက် ယုတ်ကန်း၏၊ ရှေး ဘဝ၌ ထိုငရဲဘဝသို့ ပစ်ချတတ်သော အကုသိုလ်ကံ-ဟူသည်လည်း ထို ခန္ဓာ၏ အတတ်ပင်တည်း၊ ငရဲမီးစာ ထင်းကိစ္စကို ရွက်ဆောင်ခြင်းသည် လည်း ထိုခန္ဓာပင်တည်း၊ ထိုငရဲ၌ ထိုသူတို့ နှစ်ပေါင်းအသိန်းများစွာ ကြာမြင့်အောင် ရွက်ဆောင်မှုသည်လည်း ထိုခန္ဓာ၏အတတ်ပင်တည်း။

ရှေး၌သွားမှု, ရပ်မှု, ထိုင်မှု, အိပ်မှုစသည်တို့၌ ရုပ်နာမ်ခန္ဓာသည် ပုဂ္ဂိုလ်၏အလိုသို့လိုက်၏-ဟု ဆိုသည်မှာလည်း ထိုခန္ဓာသည် ပုဂ္ဂိုလ်၏ အလိုသက်သက်နှင့် သွားမှု, ရောက်မှု, ဣရိယာပထကိစ္စပြီးစီးနိုင်သည် မဟုတ်၊ ရှေးရှေးနေ့တို့၌ အစာအာဟာရထောက်ပံ့ ကျွေးမွေးမှုကို ပြုခဲ့သည့်အတွက်ကြောင့် နောက်နောက်ရက်တို့၌ မတ်မတ် မားမား သွားမှုလာမှုအစရှိသော ဣရိယာ ပထကိစ္စပြီးစီးနိုင်လေသတည်း၊တနေ့ တရက်တွင် နံနက်တကြိမ် ညတကြိမ်ထမင်းနပ်ပေါင်း နှစ်ကြိမ်ရ၏၊ တလတလလျှင် ထမင်းနပ်ပေါင်း အကြိမ်ခြောက်ဆယ်ဖြစ်၏၊ တနှစ် တနှစ်လျှင် ထမင်းနပ်ပေါင်းခုနစ်ရာ့နှစ်ဆယ်ဖြစ်၏။

ဤသို့လျှင် တနှစ်အတွင်း၌ မတ်မတ်မားမား သွားမှု လာမှု အစရှိ သော ဣရိယာပထကိစ္စပြီးစီးနိုင်ရန်အတွက် ထမင်းနပ်ပေါင်း အ

www.dhammaransi.com



ကြိမ် ခုနစ်ရာ့နှစ်ဆယ် ထောက်ပံ့ကျွေးမွေးမှုကိုပြုရ၏၊ ဤကဲ့သို့အစာ အာဟာရထောက်ပံ့မှုကိုမပြုမူ၍ တခုခုသောနေ့ရက်တွင် အစာ အာ ဟာရထောက်ပံ့ချက်ကို နေ့ရက်များစွာ ဖြတ်ထားခဲ့သော်ထိုခန္ဓာကြီး သည် တနေ့တခြား ဘိုင်းဘိုင်းလဲ၍သာ သွားလတံ့၊ ပုဂ္ဂိုလ်၏ အလို သက်သက်နှင့် ထူထောင်နိုင်တော့မည် မဟုတ်။

ဤမျှသောစကားရပ်ဖြင့် သွားမှု, ရပ်မှုအစရှိသော ဣရိယာ ပထ ကိစ္စပြီးစီးနိုင်သည်မှာလည်း ပုဂ္ဂိုလ်၏အလိုအတွက် မဟုတ်၊ အစာ အာဟာရအတွက် ဖြစ်သည်-ဟု ထင်လျှားလေ၏။

ဤကား-အနတ္တကိုပြခြင်းတည်း။]

ရုပ်,နာမ်တရားသည်ပုဂ္ဂိုလ်၏အလိုသို့ လိုက်သည်,
မလိုက်သည်၏ စစ်တမ်း စစ်ချက်
အကျယ် ပြီး၏။

---

## ၉-စွဲလမ်းချက်သုံးရပ်ကိုပြဆိုခြင်းအကြောင်း

ငင်းစစ်တမ်းစစ်ချက်၌ ပြဆိုခဲ့ပြီးသည့်အတိုင်း ရုပ်နာမ်တရားသည် ပုဂ္ဂိုလ်၏အလိုသို့ မလိုက်သည်ရှိသော်—

၁။ ပုဂ္ဂိုလ်သည် ရုပ် နာမ် တရားကို ဧတံမမ-ဟူသော ပဌမစွဲ လမ်းချက်အရ ငါ၏ရုပ်, ငါ၏နာမ်-ဟူ၍ပင် မစွဲလမ်းထိုက်။

၂။ ဧသောဟမသ္မိ-ဟူသော ဒုတိယစွဲလမ်းချက်အရ ရုပ်နာမ်သည် ပင်လျှင် ငါဖြစ်၏-ဟူ၍ စွဲလမ်းချက်အရမှာ သာဝေးပေ၏။

၃။ ဧသောမေအတ္တာ-ဟူသော တတိယစွဲလမ်းချက်အရ ရုပ်နာမ် သည် ငါ၏အတ္တာဖြစ်၏-ဟူ၍ စွဲလမ်းချက် မူကား—ဆိုဘွယ် ရာမရှိ။

စွဲလမ်းချက်သုံးပါးတို့၏ အထူးမူကား—

၁။ ဧတံမမ-ဟူသော ပဌမစွဲလမ်းချက်သည် တဏှာ၏ စွဲလမ်း ချက်ပေတည်း။

၂။ ဧသော ဟမသ္မိ-ဟူသော ဒုတိယစွဲလမ်းချက်သည် မာန၏ စွဲလမ်းချက်ပေတည်း။

www.dhammaransi.com



၃။ သောမေအတ္တာ-ဟူသော တတိယစွဲလမ်းချက်သည် ဒိဋ္ဌိ၏ စွဲလမ်းချက်ပေတည်း။

၁။ တံမမဟူသော တဏှာ၏စွဲလမ်းချက်သည် အဇ္ဈတ္တသန္တာန်, ဗဟိဒ္ဓသန္တာန်နှစ်ပါးနှင့် ဆက်ဆံ၏၊ ဆက်ဆံပုံကား—

၁။ မိမိ၏အဇ္ဈတ္တသန္တာန်၌ရှိသော ရုပ်နာမ်တရားတို့ကိုအာရုံပြု၍ ရုပ်တရားတို့၌ ငါ၏မျက်စိ, ငါ၏နား, ငါ၏နှာခေါင်း, ငါ၏လျှာ, ငါ၏ကိုယ်, ငါ၏အဆင်း, ငါ၏အသံ, ငါ၏အနံ့, ငါ၏အရသာ, ငါ၏မြင်မှု, ငါ၏ကြားမှု, ငါ၏လောဘ, ငါ၏ဒေါသ, ငါ၏သဒ္ဓါ, ငါ၏ပညာ, ငါ၏သီလ, ငါ၏သမာဓိစသည်ဖြင့်ငင်း စွဲလမ်း၏။

၂။ ဗဟိဒ္ဓသန္တာန်၌ ငါ၏လင်, ငါ၏မယား, ငါ၏သား, ငါ၏သမီး, ငါ၏ရွှေ, ငါ၏ငွေ, ငါ၏အိမ်ယာ, တိုက်တာစသည်ဖြင့်ငင်း စွဲလမ်း၏။

ဤသို့လျှင် တံမမဟူသော တဏှာ၏စွဲလမ်းချက်သည် အဇ္ဈတ္တသန္တာန်၊ ဗဟိဒ္ဓသန္တာန်နှစ်ပါးနှင့်ဆက်ဆံ၏။

၂။ သောဟမသ္မိ—ဟူသော မာန၏စွဲလမ်းချက်သည် အဇ္ဈတ္တသန္တာန်နှင့်သာ ဆက်ဆံ၏၊ ဆက်ဆံပုံကား—

ရုပ်တရားတို့၌မျက်စိသည်ငါဖြစ်၏၊ နားသည်ငါဖြစ်၏၊ နှာခေါင်းသည်ငါဖြစ်၏၊ လျှာသည်ငါဖြစ်၏၊ ကာယသည်ငါဖြစ်၏၊ အဆင်းသည်ငါဖြစ်၏၊ အသံသည်ငါဖြစ်၏၊ အနံ့သည်ငါဖြစ်၏၊ အရသာသည်ငါဖြစ်၏၊အတွေ့အထိသည် ငါဖြစ်၏၊ နာမ်တရားတို့၌စိတ်သည်ငါဖြစ်၏၊ ငါသိ၏၊ ငါကြံ၏၊ ငါကြား၏၊ ငါလိုချင်၏၊ ငါအမျက်ထွက်၏၊ ငါကြည်ညို၏၊ ငါလိမ်မာ၏၊ ငါစောင့်စည်း၏၊ ငါတည်ကြည်၏—စသည်ဖြင့်ငင်း စွဲလမ်း၏။

ဤသို့လျှင် သောဟမသ္မိဟူသော မာန၏စွဲလမ်းချက်သည်လည်း အဇ္ဈတ္တသန္တာန်နှင့်သာ ဆက်ဆံ၏။

www.dhammaransi.com



၃။ သောမေအတ္တာ- ဟူသော ဒိဋ္ဌိ၏ စွဲလမ်းချက်သည်လည်း အဇ္ဈတ္တသန္တာန်နှင့်သာ ဆက်ဆံ၏၊ ဆက်ဆံပုံကား—

ရုပ်တရားတို့၌ စက္ခုသည်ငါ၏အတ္တတည်း၊ သောတသည် ငါ၏အတ္တတည်းစသည်ဖြင့်၎င်း၊ နာမ်တရားတို့၌ စိတ်သည်ငါ၏ အတ္တတည်း-စသည်ဖြင့်၎င်း စွဲလမ်း၏။

ဤသို့လျှင် သောမေအတ္တာ, ဟူသော ဒိဋ္ဌိ၏စွဲလမ်းချက်သည် အဇ္ဈတ္တသန္တာန်နှင့်သာ ဆက်ဆံ၏။

ထိုသုံးပါးတို့တွင်—

၁။ တဏှာ၏စွဲလမ်းချက်သည် တိမ်၏။

၂။ မာန၏စွဲလမ်းချက်သည် နက်၏။

၃။ ဒိဋ္ဌိ၏စွဲလမ်းချက်သည် အနက်ဆုံးဖြစ်၏။

မာန၏စွဲလမ်းချက်နှင့် ဒိဋ္ဌိ၏စွဲလမ်းချက်အထူးကား—

၁။ မာန၏စွဲလမ်းချက်မှာ ရုပ်တရား,နာမ်တရားနှင့်ငါသည် တခုတည်းဖြစ်၏ဟု တခုတည်း ပြုရုံမျှသာဖြစ်၏၊ဥပမာကား-ဂင်္ဂါရေနှင့်ယမုနာရေရောကျသကဲ့သို့တည်း။

၂။ ဒိဋ္ဌိ၏စွဲလမ်းချက်မှာမူကား-ရုပ်နာမ်တရားနှင့် ငါ့ကိုတခုတည်း ပြုရုံမျှသာမက ရုပ်နာမ်တရားသည် မြဲရာနိစ္စယ၊ ငါသည်မြဲတတ်သော နိစ္စတဖြစ်၏-ဟု ရုပ်နာမ်တရားကို အနှစ်သာရ ပဓာနပြု၍စွဲလမ်း၏၊ ဥပမာကား- တခုသောသစ်ပင်၌အခွံနှင့် ငါသည် တူ၏၊ အကာဖြစ်သော အသားနှင့် ရုပ်ခန္ဓာသည် တူ၏၊အနှစ်နှင့်နာမ်ခန္ဓာသည်တူ၏၊သစ်ပင်မှာအခွံ,အကာ,အနှစ်သုံးပါးပေါင်း၍ သစ်ပင်တခု ဖြစ်သကဲ့သို့ ၁-ငါ၊၁-ရုပ်ခန္ဓာ၊ ၁-နာမ်ခန္ဓာ သုံးပါးကိုပေါင်း၍ တယောက်သောပုဂ္ဂိုလ်,တယောက်သောသတ္တဝါ,တယောက်သောငါဖြစ်၏။

အထက်ပြဆိုခဲ့ပြီးသောအတိုင်း ရုပ်တရား,နာမ်တရားသည် ပုဂ္ဂိုလ်ဖြစ်၏၊အလိုသို့မလိုက်မူ ထင်လျှားခဲ့ပြီးဖြစ်သောကြောင် ရုပ်တရားတို့၌ ငါ၏စက္ခု,ငါ၏သောတ အစရှိသဖြင့် နာမ်တရားတို့၌ ငါ၏စိတ်,ငါ၏ အကြံအစရှိသဖြင့်စွဲလမ်းခြင်း၄ါပင် မထိုက်။

စွဲလမ်းချက်သုံးရပ်ကိုပြဆိုခြင်းအကြောင်းပြီး၏။

www.dhammaransi.com



## ၁၀–အတ္တ,အနတ္တ စိစ်ချက်အကျဉ်း

လောကမှာ ငါ၏ဥစ္စာဟု ပိုင်းခြားကြရာ၌ ငါဆိုသည်ကား-သာမိ-၏အမည်ပေတည်း၊သာမိ-ဆိုသည်ကား-ဥစ္စာ၏အရှင် ဥစ္စာကို ပိုင်သူ, နိုင်သူ,ဆိုလိုသည်၊ သန္တက-ဆိုသည်ကား-ထိုသူ၏ဥစ္စာ ထိုသူ၏ပိုင်ရာဆိုင်ရာ ဆိုလိုသည်၊ ထိုနှစ်ပါးတို့တွင် ထိုဥစ္စာကို ပိုင်သူနိုင်သူကိုမှ ထိုဥစ္စာ၏ အရှင်သခင်ဆိုထိုက်သည်၊ထိုဥစ္စာကို ပိုင်သူ နိုင်သူသည်သာလျှင် ငါ၏ဥစ္စာဟု ဆိုထိုက်သည်၊ မပိုင်မနိုင်က ငါ၏ဥစ္စာဟု မဆိုထိုက်။

ထို့အတူ ရုပ်တရားတို့၌ ငါ၏စက္ခု,ငါ၏သောတစသည်ဖြင့်စွဲလမ်းရာမှာလည်း ငါဆိုသည်ကား- သာမိ-၏ အမည်တည်း၊ သာမိ-ဆိုသည်ကား-ထိုစက္ခုသောတစသည်တို့၏ အရှင်သခင်, ထိုစက္ခုသောတစသည်တို့ကို ပိုင်သူနိုင်သူဆိုလိုသည်၊ ငါ၏စက္ခုဆိုရာ၌ သန္တကပြုသောစကားတည်း၊ သန္တက-ဆိုသည်ကား-သာမိဖြစ်သူ၏ဥစ္စာ သာမိဖြစ်သူ၏ပိုင်ရာနိုင်ရာဆိုလိုသည်၊ ထိုတွင် စက္ခုသောတကို ပိုင်သူနိုင်သူကိုမှ ထိုစက္ခု,သောတစသည်၏ အရှင်သခင်ဟု ဆိုထိုက်သည်၊ထိုစက္ခုသောတစသည်ကို ပိုင်သူ,နိုင်သူသည်သာလျှင် ငါ၏စက္ခု,ငါ၏သောတ-စသည်ဖြင့် ဆိုထိုက်သည်၊ စက္ခုသောတ စသည်ကို မပိုင်မနိုင်က ငါ၏စက္ခု, ငါ၏သောတစသည်ဖြင့် မဆိုထိုက်။

လောက၌ အလိုလိုက်မှုသည် သာမိ-ဆိုသူမှာလည်း သာမိအင်္ဂါမြောက်ကြောင်းဖြစ်၏၊သန္တက-ဆိုသော ဝတ္ထုမှာလည်း သန္တကအင်္ဂါမြောက်ကြောင်းဖြစ်၏၊သန္တကဝတ္ထု၏အပေါ်၌ သာမိဆိုသူက အလိုရှိတိုင်း စီရင်သည်ရှိသော် သန္တကဝတ္ထုကလည်း မသွေမလှန်နာခံလိုက်ပါမှ ဤသူသည် ဤသန္တကဝတ္ထု၏ အရှင်သခင်ပေတည်း၊ ဤဝတ္ထုသည် ထိုအရှင်၏ အပိုင်ဥစ္စာပေတည်းဟု ဆိုထိုက်၏၊ လောက၌ သာမိဆိုထိုက်ရန်,သန္တကဆိုထိုက်ရန် အလိုလိုက်မှုဆိုသည်မှာ ယခုဘဝတွင် မသေမီအတွင်း၌သာ ပြဋ္ဌာန်းချက်ဖြစ်၏၊ ဗုဒ္ဓဘာသာ သာသနာ၌ သာမိဆိုထိုက်ရန်,သန္တက ဆိုထိုက်ရန် အလိုလိုက်မှုဆိုသည်မှာ ဘဝအဆက်ဆက် ကမ္ဘာအဆက်ဆက် အစဉ်ထာဝရ အလိုလိုက်မှုတို့ဆိုလိုရင်းဖြစ်၏၊ အလိုလိုက်ဆိုသော စကားမှာလည်း ပကတိအလိုကို ဆိုလိုရင်း စကားပေတည်း။

www.dhammaransi.com



ထိုပကတိအလိုသည် ခပ်သိမ်းသော သတ္တဝါတို့၏ ပကတိအလိုတခြား,ရုပ်နာမ်ခန္ဓာတို့၏ ပကတိအလိုတခြား။

၁။ ခပ်သိမ်းသော သတ္တဝါတို့၏ ပကတိ အလိုသည်ကား- ဘဝအဆက်ဆက် ကမ္ဘာအဆက်ဆက် ကောင်းသည်ထက်ကောင်း မြတ်သည်ထက်မြတ် တတ်သည်ထက်တတ် လိမ်မာသည်ထက်လိမ်မာ ချမ်းသာသည်ထက်ချမ်းသာ အေးငြိမ်းသည်ထက် အေးငြိမ်းသည့်ကိုသာ အလိုရှိရင်းဖြစ်၏။

[ဤကား-ခပ်သိမ်းသောသတ္တဝါတို့၏ ပကတိအလိုပေတည်း။]

၂။ ရုပ်နာမ်ခန္ဓာတို့၏ ပကတိအလို ဆိုသည်ကား-ပြုပြင်မှု မရှိခဲ့သော်-ဘဝအဆက်ဆက် ကမ္ဘာအဆက်ဆက် ဆိုးသည်ထက်ဆိုး ယုတ်သည်ထက်ယုတ် မတတ်သည်ထက်မတတ် မိုက်သည်ထက်မိုက် ဆင်းရဲသည်ထက်ဆင်းရဲ ပူလောင်သည်ထက် ပူလောင်သည်ကိုသာ ဆိုလိုရင်းဖြစ်၏။

[ဤကား-ရုပ်နာမ်ခန္ဓာတို့၏ ပကတိအလိုပေတည်း။]

ရုပ်နာမ်ခန္ဓာတို့၏ ပကတိအလို ဆိုသည်ကား-ပြုပြင်မှု မရှိခဲ့သော်-ပကတိဓမ္မတာ အလားအလာကို ဆိုပေသတည်း၊ ဥပမာကား-ရေစီးအလွန်သန်သော မြစ်ကြီး၌ လှေသဘော်ာတို့မှာ စုန်မျောမှု, ဆန်တက်မှု နှစ်လမ်းရှိ၏၊ထိုတွင် ဆန်တက်မှုမည်သည်လှော်နိုင် ခပ်နိုင်မှဖြစ်၏၊ စုန်မျောမှုမည်သည် ပကတိဓမ္မတာသဘောဖြစ်၏၊ဤသံသရာကြီးသည် ရေစီးအလွန်သန်သော မြစ်ကြီးနှင့်တူ၏၊ သတ္တဝါတို့၏ ပကတိအလိုသည် လှေသဘော်ာတို့၏ ဆန်တက်မှုနှင့်တူ၏၊ ရုပ် နာမ်ခန္ဓာတို့၏ ပကတိအလားသည် လှေသဘော်ာတို့၏ စုန်မျောမှုနှင့်တူ၏၊ အထက်ဆုံးဖြစ်သော ဘဝဂ်ဘုံမှသော်လည်း အောက်ဆုံးဖြစ်သောမဟာအဝီစိငရဲကြီးတိုင်အောင် ကျရောက်မှုသည် ရုပ်နာမ်ခန္ဓာတို့၏ပကတိအလို-ဟု ဆိုအပ်သော ပကတိအလား ပေတည်း။

၁။ ဒါနမှု,သီလမှု,ဘာဝနာမှုကြီးကို ပြုလုပ်ခြင်းသည် လှေသဘော်ာတို့မှာဆန်တက်အောင် ပြုလုပ်မှုနှင့် တူ၏။

www.dhammaransi.com



၂။ ဒါနမှု, သီလမှု, ဘာဝနာမှုများကို ပစ်ထားခြင်းသည် လှေသဘော်တို့၌ ထိုးမှု,ခတ်မှု,စက်ခုတ်မှု, ကျောက်စွဲမှုတို့ကို လွှတ်ထားသည်နှင့်တူ၏။

ထိုအမှုများကို လွှတ်ထားခဲ့သော် ထိုလှေသဘော်များသည် မိမိတို့ပကတိဓမ္မတာအတိုင်း ကမ်းမမြင်သော ပင်လယ်ပြင်ကြီးသို့ ရောက်အောင် အတွင်မျောကြကုန်လတံ့၊ ဤအရာ၌ နခသိခသုတ္တန်ဒေသနာတော်ကြီး ကာဏကဇ္ဈောပမသုတ္တန် ဒေသနာတော်ကြီးများကို ထုတ်ဆောင်ရာ၏။—

အထက်ပြဆိုခဲ့ပြီးသော စွဲလမ်းခြင်းသုံးပါးတို့တွင်—

သောမေ အတ္တာ-ဟူသော ဒိဋ္ဌိစွဲလမ်းခြင်းသည်အနက်ဆိုးသော စွဲလမ်းခြင်းဖြစ်၏၊ နက်နဲပုံကား-ရုပ်နာမ်ခန္ဓာတို့ကို ငါ၏အတ္တ-ဟု စွဲလမ်းချက်သည် မိမိ၏ပကတိအလိုကို လုံးလုံးပစ်ထား၍ ရုပ်, နာမ် ခန္ဓာတို့၏ ပကတိအလိုကို လုံးလုံးပုံလွှဲ၍ လိုက်စားခြင်း ပေတည်း။

**ဥပမာကား။** လောက၌တယောက်သောသူကို အလွန်ကြမ်းတန်းသော ဘီလူးသဘက်ပူးဝင်ရာ၏၊ ထိုသူသည် ပယောဂရူး ဖြစ်၍နေ၏၊ ဘီလူးသည် ထိုသူ့ကို လူစိတ်လုံးလုံးပျောက်၍ မိမိစိတ်ရှိတိုင်း ခွင်လုံးပိုင်ဖြစ်ရလေအောင် နှောင့်ရှက်၏၊ ထိုသူသည် လူစိတ်မပျောက်မီအတွင်းတွင် ဆေးရှိသေး၏၊ရှက်ရမှန်း ကြောက်ရမှန်းသိသေး၏၊ဆေးဝါးပေးလျှင် စားသောက်သေး၏၊ ဆေးသမားကို ရိုသေသေး၏၊ ဆေးကုခွင့်လွယ်သေး၏၊ လူစိတ်ပျောက်သော အခါမှစ၍ ထိုအရူးမှာ ဆေးမရှိပြီ၊ ရှက်ရမှန်း ကြောက်ရမှန်းမသိပြီ၊ ဆေးစကား, ဝါးစကားကို မကြားချင်ပြီ၊ ဆေးသမားကို ရန်သူထင်လေ၏၊ ဆေးကုခြင်းငှါ ခက်ခဲလှပေ၏။

၁။ ရုပ်,နာမ်ခန္ဓာတို့၌ ဧတံမမ-ဟူသောတဏှာ၏ စွဲလမ်းချက်,

၂။ ဧသောဟမသ္မိ-ဟူသော မာန၏စွဲလမ်းချက်များသည် တိမ်သေး၏၊ လူစိတ်မပျောက်သော အရူးနှင့် တူ၏။

www.dhammaransi.com



၃။ သောမေအတ္တာ, ဟူသော ဒိဋ္ဌိ၏စွဲလမ်းချက်သည် မူကား- အနက်နဲ့ဆိုးဖြစ်၏၊လူစိတ်ပျောက်ပြီးသော အရူးနှင့်တူ၏၊မြတ်စွာဘုရားကြီး၏ ဒေသနာဆေးဝါးမှတပါး ဆေးမရှိပြီ။

အထက်၌ ပြဆိုခဲ့ပြီးသော မြေအိုးဥပမာနှင့်တကွ ပုဂ္ဂိုလ်သတ္တဝါ- ဟူသော သဏ္ဌာနပညတ်နှင့် ပရမတ်ခွဲနည်းများကို ခြားနားရှင်းလင်းစွာ ထင်နိုင်မြင်နိုင်သော သူတို့မှာ ပုဂ္ဂိုလ်,သတ္တဝါ-ဟူ၍ အဟုတ်အမှန်နည်းအားဖြင့် မရှိကြောင်း၊ စိတ်မနောတည်းတွင် ထင်မြင်ရသော သဏ္ဌာနပညတ်မျိုးမျှသာ ဖြစ်ကြောင်း အသိဉာဏ်တွင်ထင်ရှားလျက်ရှိပေ၏၊ ပုဂ္ဂိုလ်,သတ္တဝါ-ဟူ၍ အဟုတ်အမှန်အားဖြင့်မရှိ-ဟု ထင်လင်းစွာသိကြသော သူတို့မှာ အတ္တလည်းအသုံးမကျလေပြီ၊ .ထိုစကားသည်မှန်၏။

၁။ ပညတ်နှင့် ပရမတ်ခွဲနည်းကို မသိကြ၍ အဟုတ်ရှိမဟုတ်သော ပညတ်ကို ပရမတ်နှင့် တပေါင်းတည်းပြု၍ အဟုတ်ရှိအမှန်ရှိ-ဟု အခိုင်အမြဲ စွဲလမ်းလျက်ရှိသောသူတို့မှာသာလျှင် ရုပ်, နာမ် တရားကို ပုဂ္ဂိုလ်၏ အမာခံအထည်ခံ အတ္တပြုလုပ်ဘွယ်ကိစ္စ ရှိချေသည်။

၂။ ပုဂ္ဂိုလ်မရှိ၊သတ္တဝါမရှိ-ဟု အမှန်သိနိုင်သောသူတို့မှာ ရုပ်နာမ် တရားကို ပုဂ္ဂိုလ်အတ္တပြုလုပ်ဘွယ် ကိစ္စမရှိလေပြီ၊ ရုပ်နာမ် တရားတို့သည် ပုဂ္ဂိုလ်၏ အတ္တအရာမှ လွတ်ကင်းကြလေ၏၊ အတ္တမဟုတ်-ဟု ထင်လျှားပေ၏။

ဤသို့ အတ္တမဟုတ်သည်ကို အနတ္တ-ဟု ဆို၏၊ ဤအနတ္တဉာဏ်ကို ထင်လင်းစွာ ပေါက်ရောက်သော သူတို့မှာ သော မေအတ္တာ-ဟူသော အတ္တဒိဋ္ဌိကြီးသည် အမြစ်အရင်းနှင့်တကွ ကျွတ်လွတ်လေ၏၊ ပျောက်ဆုံးလေ၏၊ အနတ္တ သမ္မာဒိဋ္ဌိဉာဏ်ကြီးသည် တည်ထောင်မိလေ၏၊ ၎င်းသမ္မာဒိဋ္ဌိဉာဏ် တည်ထောင်မိသည်နှင့်တပြိုင်နက် တချက်တည်း- သမ္မာသင်္ကပ္ပ,သမ္မာဝါစာ,သမ္မာကမ္မန္တ,သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ,သမ္မာသမာဓိ-ဟူသော အဘော်အဘက် မဂ္ဂင်ခုနစ်ပါးတို့

www.dhammaransi.com



သည်လည်း ပေါ်ပေါက်လာကုန်၏၊မဂ္ဂင်ရှစ်ပါးတရားကြီးသည် အပြီး ထူထောင်မိလေ၏။

ထိုအခါမှစ၍-ထိုသူတို့မှာ ရုပ်နာမ်ခန္ဓာတို့၏ အလိုသို့လိုက်ရခြင်း မှ ကျွတ်လွတ်ကြလေကုန်၏၊ သေဆုံးသည်မှနောက်၌ အောက်ဘုံ အောက်ဘဝသို့လျှောကျခြင်းမှ အစဉ်ထာဝရ လွတ်ကင်းကြလေ၏၊ ရုပ်နာမ်ခန္ဓာတို့ကသာ ထိုသူတို့၏အလိုသို့ လိုက်ပါကြရကုန်၏၊တဘဝမှ တဘဝသို့ ပြောင်းရွှေ့ရသောအခါ၌လည်း ထိုသူတို့အလိုရှိရာ ကောင်း သည်ထက်ကောင်းရာ မြတ်သည်ထက်မြတ်ရာ တတ်သည်ထက်တတ်ရာ လိမ်မာသည်ထက်လိမ်မာရာ ချမ်းသာသည်ထက်ချမ်းသာရာအေးငြိမ်း သည်ထက် အေးငြိမ်းရာ လမ်းကြီးစခန်းကြီးသို့ ရုပ်, နာမ်ခန္ဓာတို့က လိုက်ပါကြရကုန်၏။

အထက် သူရူး ဥပမာတွင် ထိုသူရူးမှာ နောက်အခါ၌ ဆေး ကောင်း ဝါးကောင်းနှင့် တွေ့ရှိရသောအခါ ပူးကပ်လျက် ရှိနေသော ထိုဘီလူးသည် ထွက်ခွါပြေးရလေ၏၊ တဘန်ပူးဝင်ခြင်းမရှိရလေပြီ၊ ထိုသူသည် ပကတိမိမွေးတိုင်း,ဘမွေးတိုင်း ရှိရလေ၏။

၌ဥပမာ၌—

၁။ အနတ္တဉာဏ်ပညာသည် ဆေးကောင်းဝါးကောင်းနှင့်တူ၏။

၂။ အနမတဂ္ဂ သံသရာ၌ အစဉ်ပါရှိ၍နေသော အတ္တဒိဋ္ဌိကြီး၏ ကျွတ်လွတ်မှုသည် ထိုသူရူးမှာ ဘီလူးကောင်ကြီး ထွက်ခွါ ကျွတ်လွတ်၍ သွားသည်နှင့်တူ၏။

ထိုအခါမှစ၍ ပုထုဇ္ဇနဥမ္မတ္တကအဖြစ်မှကျွတ်လွတ်၍ အရိယာသူ မြတ်အဖြစ်သို့ ရောက်သဖြင့် အောက်ဘုံ အောက်ဘဝသို့ လျှောကျ ခြင်းမှအစဉ်ထာဝရလွတ်ငြိမ်းခြင်းဟူသော ပဌမနိဗ္ဗာန်၌တည်လေ၏။

၌အရာ၌ဥပမာကား—

၁။ လူဖြစ်သောသူသည် မြင့်စွာသော သစ်ပင်ထက်သို့တက်၍ တ ခုခုသော သစ်ကိုင်းကြီးယံ၌ မှီတွယ်၍နေလေရာ ထိုသူမှာ သစ် ကိုင်းမှတပါး မှီတွယ်ရာမရှိသဖြင့် ထိုသစ်ကိုင်းကျိုးသည်ရှိသော် ထိုသူသည်အောက်မြေကြီးသို့ ရောက်အောင်ပရမ်းပတာကျမြဲ မမွတာဖြစ်လေ၏သို့ ထို့အတူ အတ္တဒိဋ္ဌိစွဲလမ်းခြင်းရှိကြကုန်

www.dhammaransi.com



သောပုထုဇဉ်ဖြစ်ကြသူ လူ,နတ်,ဗြဟ္မာ သတ္တဝါတို့သည် ကံ အရှိန်,ကံအဟုန်ကုန်ကြ၍ ထိုထိုဘဝတို့မှ စုတေကြကုန်သော အခါ ထိုသူတို့မှာ ထိုဘဝခန္ဓာမှတပါး မှီတွယ်ရာမရှိကြကုန်သ ဖြင့် ထိုဘဝခန္ဓာပျက်ဆုံးသည်ရှိသော် အောက်ဆုံးဖြစ်သော မဟာအဝီစိငရဲကြီးတိုင်အောင် ပရမ်းပတာ ကျရောက်ကြရ လေကုန်၏။

၂။ အတ္တဒိဋ္ဌိမှ ကျွတ်လွတ်ကြကုန်ပြီးသော အရိယာဖြစ်ကြသူ လူ, နတ်,ဗြဟ္မာသတ္တဝါတို့မှာ ကံအရှိန်, ကံအဟုန်ကုန်ကြ၍ ထိုထို ဘုံဘဝတို့မှ စုတေကြကုန်သောအခါ ထိုသူတို့မှာ ထိုဘဝခန္ဓာမှ တပါး မဂ္ဂင်ရှစ်ပါးတည်းဟူသောအလွန်အားကြီးသောမှီတွယ် ရာကြီး လက်ရှိလက်မကျွာ အမြဲပါရှိကြကုန်သည်ဖြစ်၍ ထိုဘ ဝထိုခန္ဓာ ပျက်ဆုံးသည်ရှိသော် အောက်ဘုံ အောက်ဘဝတို့သို့ လျောကျခြင်းမရှိကြလေကုန်ပြီ၊ ဥပမာကား- အတောင်အား နှင့်ပြည့်စုံကြကုန်သော ကျေးငှက်များတို့သည် ထိုထိုသစ်ကိုင်း ကြီးငယ်တို့၌ နားနေကြကုန်ရာ သစ်ကိုင်းကြီးငယ်တို့ ကျိုး၍ကျ ကုန်သော်လည်း ပရမ်းပတာ ကျခြင်းမရှိကြကုန်ပြီ၊ အဘယ့် ကြောင့်နည်းဆိုသော် ထိုကျေးငှက်တို့သည် သစ်ကိုင်းကိုအားပြု ကြကုန်သည်မဟုတ် မိမိတို့အတောင်ကိုသာ အားပြုရင်းရှိ သောကြောင့်တည်း။

[ဤဥပမာကဲ့သို့မှတ်လေ။]

ဤစကား၌ ပုထုဇ္ဇနဥမ္မတ္တကအဖြစ်မှကျွတ်လွတ်၍ အရိယာသူမြတ် အဖြစ်သို့ ရောက်ကြသဖြင့် အောက်ဘုံအောက်ဘဝသို့ လျောကျခြင်းမှ အစဉ်ထာဝရ လွတ်ငြိမ်းခြင်းသည် ငါတို့ဗုဒ္ဓဘာသာသာသနာမှာ ရှေး ဦးစွာ ရောက်ကြရသော ပဌမနိဗ္ဗာန်ကြီးမည်၏၊ ဤပဌမနိဗ္ဗာန်သို့ ရောက်ကြကုန်သောသူတို့သည် ဤဘဝမှစ၍ နောက်အနာဂတ်သံသရာ ၌ ကျင်လည်ကြကုန်သော်လည်း မိမိတို့စိတ်အစဉ်မှာ မဂ္ဂင်ရှစ်ပါး ဟူ သော အားကိုးရာကြီး အမြဲပါရှိ၍နေသောကြောင့် ထိုသူတို့မှာ သာ သနာကွယ်ပသောဘဝ, သာသနာကွယ်ပသောကမ္ဘာဟူ၍ မရှိကြကုန်

www.dhammaransi.com



ပြီ၊ အထက်နိဗ္ဗာန်သို့ရောက်သည့်တိုင်အောင် ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး အပြီးပါရှိကြလေတော့သည်။

ဤသို့လျှင် ပုရာဏဗြာဟ္မဏ ဘာသာကြီးနှင့်ဗုဒ္ဓဘာသာကြီးနှစ်ပါးသည် အတ္တအယူ, အနတ္တအယူ ကွဲပြားကြသည့် အတွက်ကြောင့် ဗြာဟ္မဏဘာသာကြီးမှာ အထက်ဘဝဂ်ဘုံကို နိဗ္ဗာန်ဘုံဟူ၍ စွဲယူခြင်း၊ ဗုဒ္ဓဘာသာကြီးမှာ ထိုဘဝဂ်ဘုံကြီးမှ ကျွတ်လွတ်ရာဖြစ်သော အသင်္ခတဘုံကြီးကိုသာ နိဗ္ဗာန်ဘုံဟူ၍ ပြဋ္ဌာန်းခြင်းဟူသော နိဗ္ဗာန်ကြီးနှစ်ပါးသည် ကွဲပြားကြလေကုန်သတည်း။

အတ္တ,အနတ္တစစ်ချက်အကျဉ်းပြီး၏။

နှစ်ဘာသာရှင်းလင်းချက်ပုစ္ဆာအဖြေပြီး၏။

www.dhammaransi.com

# အသားစားခြင်းပုစ္ဆာအဖြေ

## နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ

## ကာလကတ္တားမြို့ သိပ္ပံကျောင်းကြီးနေ မြန်မာလူမျိုး မောင်ချစ်ဘေ၏ ပုစ္ဆာလျှောက်ချက်

တပည့်တော် ဒကာငယ် မောင်ချစ်ဘေ ခြေတော်ဦးခိုက် လျှောက်လိုက်ပါသည်-ကျေးဇူးတော်ရှင် လယ်တီဆရာတော် ဘုရားကြီးဘုရား။

ကာလကတ္တားမြို့ မြန်မာကျောင်းသားအသင်း၌ ဗုဒ္ဓဘာသာဝင်တို့နှင့် အသားစားခြင်းအကြောင်းကို ပြောဟောငြင်းခုံကြရာ—

၁။ အချို့က မြတ်စွာဘုရားသည် အသားစားခြင်းကို မမြစ်တားခဲ့ အသက်သတ်ခြင်းသာ မြစ်တားခဲ့ကြောင်း၊ သို့ဖြစ်၍ စားသူမှာ အပြစ်မရှိ၊ သတ်သူသာအပြစ်ရှိကြောင်း အချို့က စားသူရှိ၍ သတ်သူ ရှိသည်၊ သို့ဖြစ်၍ စားသူလည်းအပြစ်ရှိကြောင်း,

၂။ အချို့က သစ်ပင်၌လည်း အသက်ရှိ၍ သစ်သီးသစ်ရွက်ကို စားခြင်းသည်လည်း အပြစ်ဖြစ်ကြောင်း,

ပြောပြကြရာ တပည့်တော် ကျောင်းသားတို့မှာ ဓမ္မကျမ်းစာကျမ်း အစောင်စောင်တို့ကို ကောင်းမွန်စွာမတတ်ကြသဖြင့် ဗဟုသုတနည်းကြပါ၍ ၎င်းအထက်အဆိုပါ ငြင်းခုံချက်တို့ကို သက်သေသာဓကနှင့်တကွ မျက်ဝါးထင်ထင် သိမြင်ကြစေရန် မည်သူမျှကောင်းစွာ မပြောနိုင်ကြပါဘုရား။

သို့ဖြစ်ပါ၍ တပည့်တော်မှစ၍ အခြားကျောင်းသား ဒကာငယ်များနှင့် အမျိုးလေးပါးတို့အား သိမှတ်သားရန် ကရုဏာရှေ့ထား၍ အထက်အဆိုပါ ခဲရာ,ခဲဆစ်တို့ကို ဖြေကြားတော်မူပါမည့် အကြောင်း ရှိခိုးဝပ်တွား လျှောက်ထားပါသည်-ကျေးဇူးတော်သခင် အရှင်မြတ်ကြီးဘုရား။

www.dhammaransi.com



## ၎င်းအမေး၌စိစစ်ဆေးချက်

မောင်ချစ်ဘော၏ အမေးပုစ္ဆာသည်အပြည့်အစုံ မဟုတ်သေး၊ အကြွင်းအကျန်ရှိနေသည်၊ အပြည့်အစုံမေးရန်ကား—

၁။ သားငါးတို့၏ အရေ,အရိုး,အစွယ်-စသည်တို့ကို အသုံးပြုကြသည့်အတွက်လည်း အသုံးပြုကြသူတို့မှာ အသားစားသူတို့နှင့်အတူ သက်သတ်ကံထိုက်, မထိုက် ငြင်းခုံဘွယ် ရှိသည်သာလျှင်ဖြစ်သည်။

၂။ ထိုအတူ လောက၌ ပျားဖယောင်းတို့ကို ဝယ်ယူသုံးဆောင်ကြရာ၌၎င်း၊ ပင်လယ်ဖြစ်ပုလဲရတနာတို့ကို ဝယ်ယူသုံးဆောင်ကြရာ၌၎င်း၊ပိုးချည်အထည်တို့ကိုဝယ်ယူသုံးဆောင်ကြရာ၌၎င်း၊ ကြွက်သွေး ကြွက်ချိုတို့ကို ဝယ်ယူ သုံးဆောင်ကြရာ၌၎င်း၊ စပါးကြီး သည်းခြေတို့ကို ဝယ်ယူသုံးဆောင်ကြရာ၌၎င်း၊ ပင်လယ်ငါးကြီးဆီနှင့် ပြုလုပ်သောဖယောင်းတိုင်ကိုဝယ်ယူသုံးဆောင်ကြရာ၌၎င်း၊ ကတိုးခေါ်သောသားကောင်၏ အသွေးအမွှေးတို့နှင့်ပြုလုပ်သော ရေမွှေးအမျိုးမျိုး,ဆေးအမျိုးမျိုးတို့ကို ဝယ်ယူသုံးဆောင်ကြရာ၌၎င်း၊ ဟိမဝန္တာတောခြေ၌ ယောဘုယျအားဖြင့် ပေါက်ပွါး၍ နေလေ့ရှိသော ယစ်ခေါ်သောသားကောင်မတို့၏ ဝမ်းတွင်း၌တည်ရှိသော သားကောင်ငယ်တို့၏ အရေအမွှေးတို့ကို သားမွှေးအင်္ကျီ, လည်ပတ်, လည်စည်းပြုလုပ်သောသူ၊ ၎င်းတို့ကိုဝယ်ယူ သုံးဆောင်ကြသော သူတို့၌၎င်း သက်သတ် ကံထိုက်,မထိုက် ငြင်းခုံဘွယ်ရာ ရှိသည်သာလျှင်ဖြစ်၏။

ထိုတွင်—

၁။ အရေဟူသောစကားဖြင့်လည်း သားရေ ကုန်ကူးသောသူ၊ သားရေ,ခြေစွပ်,သားရေ ဘိနပ်, သားရေအိတ်, သားရေကြိုးပြုလုပ်ကြသောသူ၊ ထိုသားရေခြေစွပ်, စသည်တို့ကို ဝယ်ယူသုံးဆောင်ကြသောသူတို့ကိုဆိုသည်။

www.dhammaransi.com



၂။ အရိုးဟူသောစကားဖြင့်လည်း အရိုးကုန်ကူးသောသူ၊ ထိုအရိုးတို့ကို ခေါးရိုး,ဆံထိုး,ပုတီး,ဆပ်ပြာခဲ-စသည် ပြုလုပ်ရောင်းချသောသူ၊ ထိုခေါးရိုး,ဆံထိုး စသည်တို့ကို ဝယ်ယူသုံးဆောင်ကြသောသူတို့ကိုဆိုသည်။

၃။ အစွယ်ဟူသောစကားဖြင့်လည်း ဆင်စွယ်ကုန်ကူးသောသူ၊ထိုဆင်စွယ်တို့ကို ထိုထိုကြိယာ တန်ဆာပြုလုပ်ရောင်းချသောသူ၊ ထိုထိုကြိယာတန်ဆာတို့ကို ဝယ်ယူသုံးဆောင်ကြသော သူတို့ကိုဆိုသည်၊ ပျားရေ,ပျားဖယောင်း-စသည်တို့၌လည်း ထို့အတူယူလေ။

[ဤကား-ပဌမစကား၌အပြည့်အစုံထုတ်ဘော်ရန်တည်း။]

ဒုတိယစကား၌—

သစ်ပင်,ချုံ-မြက်,တို့မှာ အသက်ရှိသည် ဆိုသောကြောင့် အသီးကိုစားသောက်သူတို့မှာသာ သက်သတ်ကံ ထိုက်,မထိုက် ငြင်းခုံဘွယ်ရှိသည်မဟုတ်၊ တောတောင်၌ သစ်ဝါးတို့ကိုခုတ်လုပ်သောသူ၊ သစ်ကုန်ဝါးကုန်ကူးသောသူ၊ ထိုသစ်ဝါးတို့ကို ဝယ်ယူ၍တိုက်အိမ်စသည်ပြုလုပ်၍ သုံးဆောင်ကြသောသူ၊စပါးမျိုး, ပဲမျိုး,ပြောင်းမျိုး,ကြံမျို, ထိုထိုဟင်းသီး, ဟင်းရွက်မျိုး, ထိုထိုသစ်ပင်ချုံမြက်မျိုးတို့ကို ခုတ်လှည်း,ရိတ်ဖြတ်, ကြိတ်နယ်ချက်ပြုတ်-စသည်ဖြင့် ပြုလုပ်သုံးဆောင်ကြသော သူတို့၌လည်း ငြင်းခုံဘွယ်ရှိသည်သာလျှင်ဖြစ်၏။

[ဤကား-ဒုတိယစကား၌အပြည့်အစုံထုတ်ဘော်ရန်တည်း။]

---

## လယ်တီဆရာတော်ဘုရားကြီးဖြေဆိုချက်

### ပဌမစကားအဖြေ

"သားငါးတို့၏ အသားကို ဝယ်ယူစားသောက်သော သူတို့မှာလည်း သက်သတ်ကံထိုက်၏" ဟူသောအယူစကားသည် ကမ္ဘာဦးအခါ၌ ဗြာဟ္မဏလူမျိုးတို့၏ အယူစကားပေတည်း။

www.dhammaransi.com



၁။ ထိုလူမျိုးတို့သည် ဃရာဝါသအမှုကို မပြုကြကုန်မူ၍ တောတောင်သို့ထွက်ကြကုန်ပြီးလျှင် သတ္တဝါတို့၌မေတ္တာဈာန်တရား, ကရုဏာဈာန်တရားတို့ကို ပွါးများကုန်၍ သေသည်၏အခြားမဲ့၌ အထက်ဗြဟ္မာပြည်သို့လားကြရကုန်၏၊ထိုသူတို့သည် လောက၌သက်သတ်မှုကို အလွန်စက်ဆုပ်ကြကုန်၏၊ မေတ္တာဈာန်, ကရုဏာဈာန်၏ အစွမ်းဖြင့် တိရစ္ဆာန်သတ္တဝါတို့၌ အလွန်သနားကြကုန်၏၊ လောက၌ သက်သတ်မှုနှင့် ဝယ်ယူစားသောက်မှုတို့သည် အကြောင်း, အကျိုး ဘက်တွဲလျက်ရှိကြ၏၊ ဝယ်ယူစားသောက်မှုရှိခဲ့လျှင် သက်သတ်မှုကေန်ရှိမြဲဖြစ်၏၊ ဝယ်ယူစားသောက်မှုမရှိပါမှ သက်သတ်မှုကင်းရှင်းနိုင်မည်၊ သက်သတ်မှုကင်းရှင်းပါမှ ရေသတ္တဝါ,ကုန်းသတ္တဝါတို့သည်သတ်ဖြတ်သောဘေးမှ လွတ်ကင်းနိုင်ကြကုန်မည်-ဟု မြော်မြင်မိကြကုန်၍ ဝယ်ယူစားသောက်သူတို့မှာလည်း သက်သတ်ကံထိုက်သည်-ဟု ပညာရှိပရိယာယ်ဖြင့် စာအုပ် ရေးထုတ်ခြင်း, နှုတ်ဖြင့်ပြောဟော ဆုံးမခြင်းကို ပြုကြကုန်၏။

၂။ နောက်နောက်သော ဗြာဟ္မဏလူမျိုးသည်ကား-ထိုကျမ်းစာများကို တွေ့ရှိကြရာ ပညာရှိ ပရိယာယ်စကား-ဟု မယူကြကုန်မူ၍ ကေန်မုချစကား-ဟု မှတ်ယူကြကုန်ပြီးလျှင် သားငါးတို့ကိုစားသောက်ခြင်းမှ ဝေးစွာကြဉ်ရှောင်ကြကုန်၏၊မိမိတို့မှာလည်းပါဏာတိပါတကံမှ ကင်းဝေးကြကုန်၏၊မိမိတို့အတွက်တိရစ္ဆာန်သတ္တဝါတို့၌လည်း အသက်သတ်ဘေးမှ ချမ်းသာရကြကုန်၏၊အလွန် ကောင်းမြတ်လှသောပညာရှိပရိယာယ် ချည်းပေတည်း၊ သူတော်ကောင်းတို့ အလေ့ အလာချည်းပေတည်း။

ဤအရာ၌ ဝယ်ယူစားသောက်သူတို့မှာ သက်သတ်ကံ မထိုက်ပါဘဲလျက် ထိုက်သည်-ဟု ပြောဟောခြင်းများ, ကေန်မုချပင် သက်သတ်ကံထိုက်၏-ဟု မှတ်ယူခြင်းများသည် အပြစ်ရှိသော မုသာဝါဒမျိုး မိစ္ဆာအယူမျိုးမဟုတ်ပေ။

**ဥပမာကား။** ရပ်ရွာ၏ အနီး၌တခုသော ရေအိုင်ကြီးသည်ရှိရာ၏၊ အလွန်နက်သောရေရှိ၏၊ ထိုရွာ၌ရှိကြသော သူတို့သည် မိမိတို့၏သားငယ်သမီးတို့ကို ထိုရေအိုင်ကြီးသို့ ဆင်းသက်ခဲ့လျှင် နစ်မြုပ်သေဆုံး

www.dhammaransi.com



အံ့သော ဘေးကြီးမှ ကင်းဝေးကြစေခြင်းငှါ ထိုရေအိုင်ကြီးမှာ ရေဘီလူး, ရေသူရဲကြီးတွေရှိသည်-ဟု သားငယ် သမီးငယ်တို့အားပြော ကြား၍ ထားကြကုန်၏၊ သားငယ်သမီးငယ်တို့လည်း ထိုရေအိုင်ကြီးမှာ ရေဘီလူး, ရေသူရဲရှိသည်-ဟု ဧကန်မှတ်ယူကြ၍ ထိုရေအိုင်ကြီး အနီးအပါးသို့ပင် မသွားမရောက်ကြကုန်၊ ရေနစ်အံ့သော ဘေးမှ ကင်းဝေးကြကုန်၏။

ဤဥပမာ၌ မိဘဖြစ်သူတို့၏ စကားသည် ပညာရှိတို့၏ ပရိယာယ်စကားမျိုးပေတည်း၊ သားငယ်သမီးငယ်တို့၏ မှတ်ယူခြင်းသည်လည်း မိမိတို့၌ အသက်ဘေးမှ ကင်းဝေးရန် အကြောင်းပေတည်း၊ အပြစ်ရှိသောမုသာဝါဒစကားမျိုးမဟုတ်၊အပြစ်ရှိသောမိစ္ဆာအယူမျိုးမဟုတ်။

[ဤဥပမာအတိုင်းမှတ်ယူလေ၊]

### စေတနာသာ ပဓာနဖြစ်ပုံ

ကမ္ဘာဦးအခါ၌ ဗြာဟ္မဏလူမျိုးတို့မှတပါး ခတ္တိယ လူမျိုး, ဝေဿလူမျိုး, သုဒ္ဒလူမျိုးတို့သည်မူကား-အိမ်ရာထောင်သော လူ့ဘောင်၌ နေကြကုန်၍ ဒုစရိုက်တရားတို့မှ ကြဉ်ရှောင်ခြင်း၊ ဒါန, သီလ တရားတို့ကို ပြုလုပ်ခြင်းတို့ဖြင့် နတ်ရွာသုဂတိလမ်းတို့ကို တည်ထွင်ကြကုန်၏၊ ထိုလူမျိုးသုံးပါးတို့မှလည်း ဃရာဝါသကိစ္စကို စွန့်ပစ်ကြကုန်၍ တောထွက်ကြကုန်ပြီးလျှင် ရသေ့ရဟန်းပြုလုပ်ကြသူ၊ မေတ္တာဈာန်,ကရုဏာဈာန်ပွါးများကြသူတို့လည်း အလွန်များပြားကြကုန်၏၊ ထိုလူမျိုးသုံးပါးတို့၏ အယူသည်ကား- စိတ်စေတနာသည်သာလျှင် ပဓာနဖြစ်၏။

**ဥပမာကား။** လောက၌ တယောက်သောသူမှာ အမိသည်အဖျားအနာရောဂါကပ်ရောက်၏၊ ထိုသူသည် အမိဖြစ်သူအား ထိုရောဂါမှ လွတ်ငြိမ်းစေလို၍ ခြေဖျားမှစပြီးလျှင် ဦးခေါင်းတိုင်အောင် တကိုယ်လုံး အားတိုက်ဘိစီး၍ နင်း၏၊ စေတနာကောင်းသည့် အတွက်ကြောင့် ထိုသူမှာ အပြစ်မရှိ၊ အနင်းချော်ချွတ်သည့် အတွက်နှင့် အမိဖြစ်သူသည် သေဆုံး၍ သွားသော်လည်း ထိုသူမှာ အပြစ်မရှိသည်သာတည်း။

www.dhammaransi.com



**တနည်း။** အခိဖြစ်သူမှာ အနာဆိုးကြီး တခုပေါ်ပေါက်၍ လာ၏၊ သားဖြစ်သူသည် ထိုအနာအတွက်နှင့် အသက်ဘေးမှ ချမ်းသာရစေခြင်းငှါ မိမိကိုယ်တိုင် အမိ၏ခြေကို ဖြတ်၏၊ လက်ကိုဖြတ်၏၊ ဝမ်းကိုခွဲ၏၊ အမိသည် ထိုဒဏ်ချက်နှင့် သေဆုံး၍ သွားသော်လည်း အပြစ်မရှိဟု တကမ္ဘာလုံးကြေနပ်ကြ၏၊ထိုသူသည် အမိ၌ ပြစ်မှားလိုသောစိတ်ဖြင့် ဒန်ပူလက်ဝါးနှင့် ထိပါးပုတ်ခတ်ခြင်းမျှကို ပြုမိလျှင် ထိုသူမှာ အပြစ်အလွန်ကြီး၏-ဟု တကမ္ဘာလုံး ကြေနပ်ကြသောအယူပေတည်း။

[ဤကား-ဝိဘ်စေတနာသာ ပဓာနဖြစ်ပုံတည်း]

### စိတ်စေတနာ ၂-မျိုးခြားနားပုံ

သက်သတ်မှုတွင် ပါဝင်ထိုက်သော စိတ်စေတနာလွတ်ကင်းခဲ့လျှင် ဝယ်ယူစားသောက်သူတို့၌ သက်သတ်ကံမထိုက်ဟု ယူကြကုန်၏၊ ဤစကား၌ သက်သတ်မှုတွင်ပါဝင်ထိုက်သော စိတ်စေတနာဆိုသည်ကား—

၁။ သတ်ဖြတ်မှုမှာ ကာယကံ,ဝစီကံတို့ဖြင့်တိုက်တွန်းခြင်း,

၂။ သတ်ဖြတ်မှုကို ချီးမွမ်း ချီးမြှောက်ပြုခြင်း,

၃။ သတ်ဖြတ်မှု,တိရစ္ဆာန်သတ္တဝါတို့၏သေဆုံးမှုကို ကောင်းလေစွဟု အားရစိတ်တူ ဖြစ်ခြင်းတို့ပေတည်း။

ထိုကာယကံ, ဝစီကံ, မနောကံတို့မှ ကင်းလွတ်၍ အသားကိုမြင်လျှင် စားသောက်ချင်တတ်သော ရသတဏှာကြီး ရှိနေကြသည့်အတွက် ဝယ်ယူ စားသောက်ကြသူတို့မှာ သက်သတ်ကံ ထိုက်သည်ဟု မဆိုသာပေ။

၁။ သက်သတ်မှုတွင်ပါဝင်ထိုက်သော စိတ်စေတနာကား-တမျိုး,

၂။ အသားကိုမြင်လျှင် စားသောက်ချင်တတ်သော စိတ်စေတနာကား-တမျိုး,

စိတ်စေတနာ ၂-မျိုး ခြားနားသျှက်ရှိကြ၏။

**ဥပမာကား။** တယောက်သောသူမှာ နွားခြံ၌ နွားအမြောက်အများရှိနေရာ နွားတို့အပေါ်၌ တစုံတခုသောရောဂါဥပဒ် ကျရောက်ရာ၏၊ နွားရှင်သည် ထိုနွားတို့ကို ရောဂါဥပဒ်မှချမ်းသာစေခြင်းငှါ အား

www.dhammaransi.com



ထုတ်၏၊ နွားတို့ သေကြေပျက်စီးမည်ကို အလွန်စိုးရိမ်၏၊ အားထုတ်မှု မနိုင်မနင်းရှိ၍ နွားတို့ သေကြေပျက်စီးခဲ့သော် ကြေးငွေလိုချင်သော တဏှာ၏အစွမ်းဖြင့် နွားရေ,နွားသားတို့ကို ရောင်းချလိုသော စိတ်စေတနာ ဖြစ်ပွါး၍လာ၏၊ အသားကို စားသောက်လိုသော ရသတဏှာ၏ အစွမ်းဖြင့် အသားတို့ကိုချက်ပြုတ်၍ စားသောက်၏၊ စားသောက်လိုသောစိတ်စေတနာဖြစ်ပွါး၍လာ၏၊ အစိုအခြောက်တို့ကိုချက်ပြုတ်ကြော်လှော်စားသောက်၏။

ဤဥပမာ၌—

၁။ နွားတို့ကိုမသေမီ စိတ်စေတနကား-တမျိုး,

၂။ သေပြီးသည်နောက်၌ စိတ်စေတနာကား-တမျိုး,

စိတ်စေတနာ ၂-မျိုး ခြားနားကြ၏၊ ဤဥပမာအတိုင်းမှတ်လေ။

[ဤကား-စိတ်စေတနာ ၂ မျိုးခြားနားပုံလည်း။]

### တရားကိုသာ ပဓာနပြုသင့်ပုံ

ထိုအမျိုးလေးပါးတို့တွင် ကမ္ဘာပေါ်၌ ဗြာဟ္မဏ လူမျိုးတို့သည် နည်းပါးကြကုန်၏၊ ကျန်ရှိသောလူမျိုးသုံးပါးတို့သည် အလွန်များပြားကြကုန်၏၊ထိုတွင် ဗြာဟ္မဏလူမျိုးတို့သည် အထက်ကောင်းကင်ဘုံ၌ရှိသောမဟာဗြဟ္မာကြီးကို ဘုရား အစစ်အနေနှင့် အလွန်ယုံကြည်အားကိုးကြကုန်၏၊ ယခုအခါ ထိုဗြဟ္မာကို ထာဝရဘုရားဟုခေါ်ကြ၏၊ လူ့ပြည်၌ဖြစ်သော မြတ်စွာဘုရားတို့ကို ထိုဗြဟ္မာကြီး၏ ကိုယ်စားလှယ်ကိုယ်စား အနေမျှသာ ယုံကြည်ကြကုန်၏၊ မြတ်စွာဘုရား၏ တရားတော်ကိုကြားနာရ၍ အကျွတ်ရကြသောဗြာဟ္မဏ တို့သည်သာလျှင် လူမှဖြစ်သောဘုရားကို ယုံကြည်ကြကုန်၏၊ ထို့ကြောင့် ငါတို့မြတ်စွာဘုရားသာသနာတော်သည် ဗြာဟ္မဏလူမျိုးတို့၏ အလယ်၌များစွာမတည်ထွန်းနိုင်။

ကျန်ရှိသောလူမျိုးသုံးပါးတို့သည်မူကား-ထိုဗြဟ္မာကြီးကို ယုံကြည်အားကိုးမရှိကြကုန်၊နောက်ဘဝအတွက် မိမိတို့ပြုကြသောဒါန,သီလ, ဘာဝနာအစရှိသော ကုသိုလ်ကံကိုသာ ယုံကြည်အားကိုး ရှိကြကုန်၏၊ ထို့ကြောင့် ဗုဒ္ဓဘာသာ သာသနာတော်သည် ထိုလူမျိုးသုံးပါးတို့၏

www.dhammaransi.com



အလယ်၌သာ များစွာတည်ထွန်းနိုင်၏၊ ထိုလူမျိုးသုံးပါးတို့တွင်လည်း အချို့သောသူတို့သည် လူအဖြစ်၌တည်၍ပင် အကျွတ်တရားကိုရနိုင်ကြကုန်၏၊ အချို့သောသူတို့သည် လူအဖြစ်ကိုစွန့်၍ရဟန်းပြုကြမှအကျွတ်တရားကိုရနိုင်ကြကုန်၏၊ထိုတွင်လည်း သားငါးစားမှုကိုရှောင်ကြဉ်နိုင်သူကနည်းပါး၏၊လူတရာမှာ ၂၀-ခန့်လူတထောင်မှာ ၂၀၀-ခန့်မျှသာရှိရာ၏၊ သား ငါး စားမှုကိုမရှောင်ကြဉ်နိုင်သောသူကား-များပြား၏၊ လူတရာမှာ ၀၀-ခန့်,လူတထောင်မှာ ၀၀၀-ခန့်ရှိရာ၏၊ သား ငါးတို့၏အသားကို မစားကြစေရန် အတင်းအကြပ် ပညတ်ခဲ့သော် မရှောင်မကြဉ်နိုင်သောလူအပေါင်းတို့သည် ရဟန်းပြုခြင်းငှါ မစွမ်းနိုင်ကြကုန်သဖြင့် အကျွတ်တရားကိုမရကြကုန်ရာ၊သက်သတ်ရှောင်မှု ပညတ်တော်သည် ထိုသူတို့မှာဓမ္မန္တရာယ်ကြီးဖြစ်လေရာ၏၊ထို့ကြောင့် ဗုဒ္ဓဘာသာမှာ အသားစားမှုကိုရှောင်ကြဉ်ကြစေရန် အတင်းအကြပ်ပညတ်ခြင်း မရှိလေသတည်း။

### မေးမြန်းဘွယ်

ဤအရာ၌ပြောဆိုရန်ရှိပြန်သည်ကား—

အသားစားမှုကို မစွမ်းနိုင်သော သူတို့မှာ ဓမ္မန္တရာယ်ကြီး ဖြစ်သည်ဖြစ်စေ, မဖြစ်သည်ဖြစ်စေ၊ ပုဂ္ဂိုလ်၏ အလိုကိုပဓာန မပြုသင့်၊ တရားကိုသာ ပဓာနပြုသင့်၏၊ အထက်၌ ထုတ်ဖေါ်ပြဆိုခဲ့သည့် အတိုင်း အသားစားခြင်းမှ ကြဉ်ရှောင်မှုသည် အလွန်ကောင်းမြတ်သော ကိုယ်ကျင့်တရားကြီးဖြစ်ပေက ထိုတရားကို ဗုဒ္ဓဘာသာမှာလည်း အသားစားခြင်း ကြဉ်ရှောင်ကြစေရန် ပညတ်ဘို့ကောင်းပါသည်-ဟု ဆိုရန်ရှိ၏။

**အဖြေကား။** အသား စားခြင်းမှ ကြဉ်ရှောင်မှုသည် အလွန်ကောင်းမြတ်သော ကိုယ်ကျင့်တရားကြီးဖြစ်ပေသည် ဆိုငြားသော်လည်း ဗုဒ္ဓဘာသာမှာအထက်အထက်သော သမထဘာဝနာ,ဝိပဿနာဘာဝနာ, မဂ်ဉာဏ်, ဖိုလ်ဉာဏ် တရားတို့နှင့် နှိုင်းစာသည်ရှိသော် ထိုသက်သတ်ရှောင်မှုသည် အလွန်အောက်ကျသော ကိုယ်ကျင့်တရားဖြစ်၍ သီလဝိသုဒ္ဓိ-ဟူသော ပဌမ

www.dhammaransi.com



တန်း၏ အခြေအရံမျှသာဖြစ်၏၊ အသားစားမှုကို မကြဉ်ရှောင်သော်လည်း ဝီရိယတရားကိုလုံလောက်စွာ အားထုတ်နိုင်ပါလျှင် မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ဈာန်, သမာပတ်အစရှိသော အထက်ထက်သော တရားကြီးတို့ကို ရောက်နိုင်ရနိုင်သည်သာ ဖြစ်၏၊ ထို့ကြောင့် ဗုဒ္ဓဘာသာမှာ အသားစားမှုကိုရှောင်ကြဉ်စေရန် အတင်းအကြပ်ပညတ်ခြင်း မရှိလေသတည်း။

ဆိုရန်တနည်းရှိသေး၏–

ထိုသူတို့မှာ ဓမ္မန္တရာယ် ဖြစ်ငြားသော်လည်း တိရစ္ဆာန်သတ္တဝါတို့နှင့် နှိုင်းစာသည်ရှိသော် ထိုသူဆိုသော လူသတ္တဝါများသည် အသိန်း, အသန်းမျှသာ ရှိရာ၏၊ တိရစ္ဆာန်သတ္တဝါတို့သည်မူကား-အသင်္ချေ အနန္တများပြားလှ၏၊ ထို့ကြောင့် အများကိုငဲ့၍ ပညတ်တော်မူသင့်ပါ၏-ဟု ဆိုရန်ရှိ၏။

**အဖြေကား။** တိရစ္ဆာန် သတ္တဝါတို့မှ ယခုရှိကြသောအသက်ဘေးမှ ကင်းလွတ်ရုံမျှသာ တတ်နိုင်ရာ၏၊ ဘဝအဆက်ဆက် အသက်ဘေးမှ ကင်းလွတ်ကြစေရန်လည်း မတတ်ကောင်း၊ သံသရာဝဋ်မှ ကျွတ်လွတ် ကြစေရန်လည်း မတတ်ကောင်း၊ ထိုသူဆိုသော လူတို့မှာ သံသရာဝဋ်မှ တခါတည်း ကျွတ်လွတ်စေရန် တတ်ကောင်း၏၊ ထို့ကြောင့် ထိုလူတို့အတွက်သာ အထူး အရေးယူထိုက်၏၊တိရစ္ဆာန်သတ္တဝါတို့အတွက် အထူးအရေးယူဘွယ်မရှိလှ။

**ဥပမာကား။** တကျိပ်သော သူတို့မှာ အသီးအသီး တရာတန်စီ ကြွေးမြီတင်ရှိကြ၏၊ တထောင်သော သူတို့မှာ အသီးအသီး တကုဋေ တန်စီ ကြွေးမြီတင်ရှိကြ၏၊ သူဌေးကြီး တဦးသည် ကြွေးမြီ တင်ရှိသူတို့ကို အလွန်သနားတတ်၏၊ ထိုသူဌေးကြီးသည် တရာစီတင်ရှိသော သူများကို ထိုကြွေးမြီမှ ကျွတ်လွတ်စေခြင်းငှါ အထူး အလေးပြုရာ၏၊

www.dhammaransi.com



အကြောင်းမူကား-ငွေတရာစီပေးလိုက်လျှင် ထိုသူတို့သည် တခါတည်း ကျွတ်လွတ်ကြလေရာ၏၊ တထောင်စီကြွေးမြီရှိသော သူတို့ကိုမူကား- ထိုကြွေးမှကျွတ်လွတ်အောင် မတတ်နိုင်ရာ၊ ထို့ကြောင့် ထိုသူများကို လစ်လျူရှု၍ တကျပ်သောသူတို့အတွက် အထူးကြောင့်ကြစိုက်ရ၏၊ ဤဥပမာအတိုင်းမှတ်လေ။

[ဤကား-တရားကိုသာ ပဓာနပြုသင့်ပုံတည်း။]

## လူနှင့်ရဟန်း အသားစားခြင်း၌ ထူးခြားပုံ

ဗုဒ္ဓဘာသာ၌ အသားစားမှုမှာ လူဖြစ်သူတို့နှင့် ရဟန်းဖြစ်သူတို့ အထူးရှိပြန်သည်ကား—

၁။ လူဖြစ်သူတို့မှာ အထက်၌ ပြဆိုခဲ့သည့်အတိုင်း သက်သတ်မှုတွင် ပါဝင်ထိုက်သော စိတ်စေတနာမျိုးမှ လွတ်ကင်းခဲ့သည် ရှိသော် စားလိုလျှင်စားရ၏။

၂။ ရဟန်းဖြစ်သူတို့မှာ အစွန်းသုံးပါးလွတ်ကင်းမှ စားအပ်လေသည်၊ အစွန်းသုံးပါးကား-ဒိဋ္ဌပါး, သုတပါး,ပရိသင်္ကိတ တပါးပေတည်း။

ထိုသုံးပါးတို့တွင်—

၁။ ဒိဋ္ဌဆိုသည်ကား-ရဟန်းတို့ကိုကျွေးမွေးရန် သတ်ဖြတ်သည်ကို ရဟန်းတို့ကိုယ်တိုင် တွေ့မြင်သိရှိခြင်းသည်ဒိဋ္ဌမည်၏။

၂။ သုတဆိုသည်ကား- ရဟန်းတို့ကို ကျွေးမွေးရန် သတ်သည်ဟု ကိုယ်တိုင်ကြားသိခြင်းသည် သုတမည်၏။

၃။ ပရိသင်္ကိတဆိုသည်ကား-ရဟန်းတို့ကိုကျွေးမွေးရန် သတ်လေ သလောဟု တွေးတောယုံမှားခြင်းသည် ပရိသင်္ကိတမည်၏။

ထိုသုံးပါးတို့တွင် တပါးပါးရှိနေခဲ့သော် ရဟန်းတို့မှာ ထိုအသားကို မစားအပ်၊ ထိုသုံးပါးမှလွတ်ကင်းခဲ့သော် စားအပ်၏။

[ဤကား-လူနှင့်ရဟန်းအထူးပေတည်း။]

ဆိုဘွယ်အထူးရှိသေး၏။

အထက်ပြဆိုခဲ့သော ဗြာဟ္မဏတို့၏ သာသနာမှာ တောတောင် ထွက်၍ ကိုယ်ကျိုးကိုယ်စီးပွါးကိုသာ လိုရင်းထား၍ အားထုတ်ကြကုန်

www.dhammaransi.com



၏၊ ဗုဒ္ဓဘာသာသာသနာမှာ လူသတ္တဝါတို့၏အတွက် သာသနာ အကျိုးစီးပွါးကိုအားထုတ်ရန် အရေးသည် ရဟန်းတော်တို့၏တာဝန်ကြီးဖြစ်၏၊ ရဟန်းတော်တို့၏ အသက်မွေးမှုသည်လည်း လူဖြစ်သူတို့၏တာဝန်ကြီးဖြစ်၏၊လူဖြစ်သူတို့၏စားဦးသောက်ဦးကိုခံယူ၍ အသက်မွေးကြရကုန်၏၊မြို့ရွာနေ လူတို့မည်သည်လည်း အသားစားမှုမှ ရှောင်ကြဉ်နိုင်သူအလွန်နည်းပါးကြ၏၊ ရဟန်းတော်တို့၌ အသားစားမှုကိုရှောင်ကြဉ်ရန်ပညတ်ခဲ့သော် ထိုမြို့ရွာနေလူတို့နှင့် အသက်မွေးမှုတလမ်းစီကွဲပြားလျက်ရှိရာ၏၊ကွဲပြားလျက်ရှိခဲ့သော် ရဟန်းတို့မှာ မိမိတို့အသက်ကို မိမိတို့ကိုတိုင် လုပ်ကိုင်ရှာကြံ၍ အသက်မွေးကြကုန်ရာ၏၊ လောက၌ အသက်မွေးမှုမည်သည် အလွန်ဝန်လေးသော အရေးအရာကြီးဖြစ်၏၊ ထိုအသက်မွေးမှုကြီးသည် ရဟန်းတို့မှာ ပရိယတ်၏အန္တရာယ်ကြီး,ပဋိပတ်၏အန္တရာယ်ကြီး,ပဋိဝေဓ၏အန္တရာယ်ကြီးဖြစ်လေရာ၏၊ထို့ကြောင့် ရဟန်းတော်တို့မှာ တိကောဋိပရိသုဒ္ဓရှိလျှင် အသားစားမှုကို ဝိနည်းတော်၌ ခွင့်ပြုတော်မူလေသတည်း။

ဝိနည်းပညတ်တော်မည်သည်ကား-အာဏာဒေသနာတော်ဖြစ်၏၊ ပညတ်တော်မူတိုင်း ကျင့်နိုင်သူတို့မှာ သီလဝိသုဒ္ဓိဖြစ်၏၊ ပညတ်တော်မူတိုင်း မကျင့်နိုင်သူတို့မှာ ဘုရားအာဏာတော်ကိုကျူးလွန်သည့်အတွက် အပါယ်လေးပါးသို့ ကျရောက်တတ်၏၊ ထို့ကြောင့် ဝိနည်းပညတ်မည်သည် အယုတ်,အလတ်, အမြတ် သုံးပါးတို့နှင့် တိုင်းတာ၍ မလျော့မတင်းပညတ်တော်မူရ၏။

[ဤကား-စေတနာကိုပဓာနပြု၍ လာရှိသောဗုဒ္ဓဘာသာ အလိုပေတည်း။]

ဤဗုဒ္ဓဘာသာအလိုအတိုင်း စေတနာကို ပဓာနပြု၍ယူခဲ့သော် အထက်၌ပြဆိုခဲ့ပြီးသော အသားကို ဝယ်ယူစားသောက်သောသူတို့သည် သတ်ဖြတ်မှုတွင်ပါဝင်ထိုက်သော စိတ်စေတနာမရှိခဲ့လျှင် သက်သတ်ကံမှလွတ်ကင်း စင်ကြယ်ကြလေကုန်၏၊ ထို့အတူ အရေကိုဝယ်ယူ၍သားရေဘိနပ်စသည်လုပ်ကိုင်ရောင်းချသူတို့သည်ငှင်း၊ ထိုဘိနပ်စသည်တို့ကို ဝယ်ယူသုံးဆောင်ကြသောသူတို့သည်ငှင်း သက်သတ်ကံမှကင်းလွတ်စင်ကြယ်ကြကုန်၏၊ ထို့အတူ အစွယ်,အရိုး, အသွေး, အမွေး, အဆီ,

www.dhammaransi.com



သည်းခြေ, ပျားရေ, ပျားဖယောင်း ပုလဲ,ကတိုး, ပိုးချည်, ပိုးထည် စသည်တို့ကိုဝယ်ယူသုံးဆောင်ကြသောသူတို့သည်လည်း သက်သတ်ကံမှကင်းလွတ်စင်ကြယ်ကြလေကုန်တော့သည်။

[ဤကား-လူနှင့်ရဟန်း အသားစားမှု၌ ထူးခြားပုံတည်း။]

## အသားစားမှုမှ ကြဉ်ရှောင်ခြင်း၏အကျိုး

သုတ္တန် ဒေသနာတော်များ၌မူကား- အသားစားမှု၏ အပြစ်, အသားစားမှုမှကြဉ်ရှောင်ခြင်း၏အကျိုးသည် များစွာလာရှိ၏၊ထိုတွင် သုတ္တနိပါတ် ပါဠိတော်-ဗြာဟ္မဏ ဓမ္မိယသုတ်၌လာသော အပြစ် အကျိုးများကို ပြဆိုလိုက်အံ့။

ငါတို့မြတ်စွာဘုရား၏ အလောင်းတော် သိဒ္ဓတ်မင်း၏ သာကီနွယ်ဝင်တွင် ဥက္ကာမုခ မင်းသည် အစဖြစ်၏၊ထိုမင်း၏ အဘကား-ဩက္ကာကမင်းတည်း၊ထို ဩက္ကာကမင်း၏ လက်ထက် သို့ မတိုင်မီရှေးကာလ၌ လူ့လောကမှာ သားငါးတို့ကို သတ်လေ့ စားလေ့ မရှိကြကုန်သေး၊ အထူးအားဖြင့် နွားသတ္တဝါတို့၌ အလွန် အလေးပြုကြကုန်၏၊ အဘယ်သို့ ပြုကြကုန်သနည်း-ဟူမူကား—

၁။ ဤနွားသတ္တဝါတို့သည် ငါတို့၏ အမိနှင့်လည်း တူပေကုန်၏။
၂။ အဘနှင့်လည်းတူပေကုန်၏။
၃။ ဘကြီးဘထွေးစသော ဆွေရင်း မျိုးရင်း တို့နှင့်လည်း တူပေကုန်၏။
၄။ ဤနွားသတ္တဝါတို့သည် ငါတို့မှာ အလွန်ကောင်းမြတ်သောမိတ်ဆွေကြီးများဖြစ်ကြကုန်၏။
၅။ ငါတို့၏ အသက်ရှည်ရာ ရှည်ကြောင်း, အနာကင်းရာ ကင်းကြောင်း ဖြစ်သော ထောပတ်ဆီဥ အစရှိသော ဆေးကောင်း ဆေးမြတ်တို့ကို ထိုနွားသတ္တဝါတို့မှ ရနိုင်ကြကုန်၏။
၆။ ထိုနွား သတ္တဝါတို့သည် ငါတို့အား အစာထမင်းကိုလည်း ပေးကြကုန်၏။
၇။ အဆင်းအရောင်ကိုလည်း ပေးကြကုန်၏။
၈။ ကိုယ်, စိတ်နှစ်ဖြာ ချမ်းသာခြင်းတို့ကိုလည်း ပေးကြကုန်၏။

www.dhammaransi.com



ဟူ၍ ဤသို့သော နွားတို့၏ အကျိုးကျေးဇူးတို့ကို ဟုတ်မှန်သည့်အတိုင်း ကောင်းစွာ မြော်မြင်ကြကုန်၍ နွားတို့ကို သတ်မည်စားမည်ကို ဝေးစွ၊ ရိုက်နှက်ပုတ်ခတ်ခြင်းကိုမျှ မပြုကြလေကုန်၊ ထိုအခါ၌ အထက်ကောင်းကင်ရှိ နတ်သိကြား ဗြဟ္မာတို့သည် လူတို့ကို အလွန်ကြည်ညိုလေးမြတ်ကြကုန်၍လူ့လောကကိုကောင်းစွာကြည့်ရှုစောင့်ရှောက်ကြလေကုန်၏၊ ထိုအခါ၌ လောကတွင်ရှိနေကြသောဘီလူး, သားရဲ, သံဘက်-ဟု ခေါ်ကြသော နတ်ဆိုး နတ်ဝါး အပေါင်းတို့သည် လူသတ္တဝါတို့ကို ညှဉ်းဆဲနှိပ်စက်ခြင်းငှါ အခွင့်မရကြလေကုန်၊ လူ့လောကမှာ ရောဂါဆိုး, အနာဆိုး,ကပ်ဥပဒ်ဆိုး-ဟူ၍ တစုံတခုမျှ မရှိပေ။

[ဤကား-နွားသတ်မှု, နွားသားစားမှုမှ ကင်းလွတ်ခြင်း၏ အကျိုးကြီးပေတည်း။

### အသားစားမှုမှ မရှောင်ကြဉ်ခြင်း၏အပြစ်

ဩက္ကာကမင်း၏ လက်ထက်သို့ တိုင်ရောက်သော အခါ၌ မူကား-ယုတ်မာသော ဗြာဟ္မဏလူမျိုးတို့ ပေါ်ပေါက်လာကြ၍ ကာမဂုဏ်စည်းစိမ်ချမ်းသာကို များစွာမက်မောခြင်း ရှိကြကုန်သဖြင့် ယုတ်မာသောအကြံကို လုပ်ကြံကြကုန်၏၊ အဘယ်သို့ လုပ်ကြံကြကုန်သနည်း-ဟူမူကား—

၁။ မဟုတ်မတရားသော ကျမ်းစာအုပ်ကို ပြုလုပ်ကြကုန်၏။
၂။ ထိုကျမ်းစာအုပ်၌ နွားသတ္တဝါတို့မည်သည် စပါး, ဆန်, ရေ, ရွှေ, ငွေ, ရတနာစသည်တို့ကဲ့သို့ လူတို့၏ အသုံးအဆောင်မျိုးဖြစ်၏။
၃။ သတ်ဖြတ်စားသောက်သော်လည်း တစုံတခုအပြစ်မရှိ။
၄။ ထိုနွားတို့ကို သတ်ဖြတ်၍ ဗြာဟ္မဏ လူမျိုးတို့အား ကျွေးမွေးပေးလှူခြင်းကို ပြုသော သူသည် မြင့်မြတ်သော နတ်ရွာသုဂတိဘဝသို့ရောက်ရာ၏-

ဟု ထိုစာအုပ်၌ ဂါထာဗန္ဓဖွဲ့စီလျက် များစွာပါလေ၏။

ထိုစာအုပ်ကို ကမ္ဘာဦးမှ ဖြစ်လာသော ကျမ်းထူးကျမ်းမြတ်ဆို၍ ဩက္ကာကမင်းအား ဆက်သကြကုန်၏၊ ထိုမင်းသည် အဆင်ခြင်ပညာ မရှိသည်ဖြစ်၍ ထိုကျမ်းစာအုပ်ကို အလွန်ယုံကြည်ပြီးလျှင် အထောင်

www.dhammaransi.com



မကသော နွားသတ္တဝါတို့ကို ကိုယ်တိုင်သတ်ဖြတ်၍ ပုဏ္ဏားလူမျိုးတို့အား များစွာကျွေးမွေးလှူဒါန်းလေ၏၊ထိုအခါမှစ၍ လူ့လောကမှာ နွားသတ်မှု, နွားသားစားမှု, သားငါးသတ်မှု, အသားစားမှုတို့သည် ပေါ်ပေါက်လာကုန်၏။

ထိုအခါ၌ လူ့လောကကို ကြည့်ရှုစောင့်ရှောက် ကြကုန်သော နတ်, သိကြား, ဗြဟ္မာအပေါင်းတို့သည် လူ့လောကကို အလွန်စက်ဆုပ်ကြကုန်၍ ကြည့်ရှုစောင့်ရှောက်မှုတို့ကို မပြုကြလေကုန်ပြီ၊ ထိုအခါ၌ လောကတွင် ရှိနေကြကုန်သော ဘီလူး, သားရဲ, သံဘက်-ဟု ခေါ်ကြသော နတ်ဆိုး နတ်ဝါးအပေါင်းတို့သည် အခွင့်ရကြကုန်သဖြင့် လူတို့နေရာ ထိုထိုမြို့ရွာသို့ လာရောက်ကြကုန်၍ လူအပေါင်းတို့၌ မိမိတို့ တန်ခိုးဖြင့် ပလိတ်ဖျားရောဂါ, ကာလဝမ်းရောဂါ အစရှိသော ရောဂါဆိုးအနာဆိုး, ကပ်ဥပဒ်မျိုးတို့ကို ကျရောက်ဖြစ်ပွါးစေကြကုန်ပြီးလျှင် လူတို့၏ အသွေးအဆီတို့ကို စုတ်ယူမျိုသောက်, သေကြေပျက်ဆုံးသည် တိုင်ရောက်အောင် နှိပ်စက်ညှဉ်းပန်းကြကုန်၏။

လူတို့၌ ပြုလုပ်ခွင့် မသာသည့်အခါ ကျွဲ,နွားသတ္တဝါတို့၌၎င်း၊ သိုး ဆိတ်,ကြက် ဝက်အစရှိသော တိရစ္ဆာန်သတ္တဝါတို့၌၎င်း၊မိမိတို့တန်ခိုးဖြင့် လည်ပင်းကြီးနာ,အဆုပ်ကြီးနာ, အသဲကြီးနာ, ကျောက်ကြီးနာ အစရှိသောရောဂါဆိုး, အနာဆိုး, ကပ်ဥပဒ်မျိုးတို့ကို ကျရောက်ဖြစ်ပွါးစေကြကုန်ပြီးလျှင် ထိုကျွဲ,နွား အစရှိသော တိရစ္ဆာန်သတ္တဝါတို့၏ အသွေးအဆီကို စုတ်ယူမျိုသောက် သေကြေပျက်ဆုံးသည် တိုင်ရောက်အောင် နှိပ်စက်ညှဉ်းပန်းကြကုန်၏။

ဤစကား၌ အင်္ဂုတ္တိုရ် တိကနိပါတ်ပါဠိတော်မှာ ကပ်သုံးပါးတို့တွင် ရောဂန္တရကပ်သည် နတ်ဆိုးတို့ ပြုလုပ်၍ဖြစ်ကြောင်း တိုက်ရိုက်လာရှိ၏။

[ဤကား-နွားသတ်မှု,နွားသားစားမှု အပြစ်ကြီးပေတည်း။]

## သတိပြုရန်

ဤသို့လာသောပါဠိတော်များကိုထောက်မြော်၍ ယခုလောကမှာ ဖြစ်ပွါးလျက်ရှိနေကြသော ကပ်ရောဂါအမျိုးမျိုးတို့သည် ထိုနတ်ဆိုး

www.dhammaransi.com



နတ်ဝါးတို့ပြုလုပ်၍ဖြစ်သော ကပ်ဥပဒ်မျိုး အမှန်ဖြစ်ကြကုန်သည်ဟု ယုံကြည်ကြကုန်ရာ၏။

ထိုကပ်ဥပဒ်မျိုးတို့ကိုမူကား-လောက၌ နတ်ဆိုးတို့နှင့် သက်ဆိုင်သောတန်ခိုးသတ္တိနှင့်ပြည့်စုံသော မန္တန်,မန္တရား, ဆေးဝါး, အင်း, အိုင်တို့သည်ကွယ်ကာနိုင်ကြကုန်၏၊ထိုကပ်ဥပဒ်မျိုးတို့၏ အကြောင်းအရာကို အသေအချာ မှန်ကန်စွာသိလိုကြလျှင် ဆရာတော်စီရင်သော ရောဂန္တရဒီပနီခေါ်သောစာအုပ်ငယ်ကို လက်ကိုင်လက်စွဲပြု၍ ကြည့်ရှုကြကုန်ရာ၏။

ဤတွင်ရွေ့ကား- သက်သတ်စားမှုနှင့်စပ်သော
ပဌမစကားရပ်ဖြေဆိုချက်ပြီး။

---

## ဒုတိယစကားအဖြေ

သစ်သီးသစ်ရွက်နှင့်စပ်သော ဒုတိယစကား၌- ''သစ်သီးများကို စားမှုသည်လည်း သက်သတ်ကံထိုက်သည်''ဟူသော အယူသည်ကမ္ဘာ၏ အရိုးအစဉ်နှင့် ဆန့်ကျင်သော အယူဖြစ်၏၊ ကမ္ဘာ၏အရိုးအစဉ်ဆိုသည်ကား- အမျိုးလေးပါးတို့မှ တောထွက်ကြကုန်ပြီးလျှင် ရသေ့ရဟန်းပြုကြကုန်၍ သစ်ဉ,သစ်မြစ်,သစ်ရွက်,သစ်သီးတို့ကိုစားသောက်ကြကုန်ပြီးလျှင် မေတ္တာ,ကရုဏာ အစရှိသော ဗြဟ္မဝိဟာရတရားတို့ကို ပွါးများကြကုန်၍ သေသည်၏အခြားမဲ့၌ ထိုက်သည်အားလျော်စွာ အထက်နတ်ပြည်တို့၌ သော်၎င်း,ဗြဟ္မာပြည်တို့၌သော်၎င်း ဖြစ်ကြရကုန်၏-ဟု ကမ္ဘာ့အရိုးအစဉ်ရှိ၏။

သစ်သီးများကိုစားမှုသည်လည်း သက်သတ်ကံထိုက်၏- ဟုအမှန်ယူခဲ့သော် ထိုရသေ့ရဟန်းတို့သည် နတ်ပြည်, ဗြဟ္မာပြည်သို့မသွား၊ သစ်ဉ,သစ်မြစ်, သက်ရွက်, သစ်သီးတို့ကို စားသောက်မှုကြောင့် အပါယ်လေးပါးသို့သာ ကျရောက်ကြ လေကုန်ရာ၏၊ သည်မျှမကသေး၊ လောက၌ စပါး, ဂျုံ, ပြောင်း,နှမ်း, ဘူး, ခရမ်းစသည်တို့ကို စားသောက်ကြသောသူတို့သည်၎င်း၊ သစ်,ဝါး,နွယ်, မြက်တို့ကို အသုံးပြုကြသောသူတို့သည်၎င်း အပါယ်လေးပါးသို့သာ ကျရောက်ကြလေကုန်ရာ၏။

www.dhammaransi.com



ဤသို့လျှင် ထိုအယူသည် ကမ္ဘာ၏အရိုးအစဉ်နှင့် ဆန့်ကျင်ဘက်ဖြစ်လေ၏၊ ထို့ကြောင့် သစ်ပင်တို့မှာ အသက်ရှိသည်ဟူသောအယူ, သစ်သီးတို့ကို စားခြင်း၌ သက်သတ်ကံထိုက်သည်ဟူသောအယူကို အလျှင်အမြန် စွန့်ပစ်ကြကုန်၍ အထက်၌လာခဲ့သည့်အတိုင်း သစ်ပင်,ချုံ မြက်တို့မှာသတ္တဝါတို့၌ကဲ့သို့"အာယု-ပါဏ-ဇီဝိတ"ဟူသော မုချ အသက်မျိုး မရှိ၊ဟရိတခေါ်သော စိမ်းရှင်ပေါက်ရောက်ကြီးပွါးစေတတ်သော တေဇောဓာတ်အထူးကို အစွဲပြု၍ ထိုဓာတ်ရှိနေလျှင် အရှင်ဟုခေါ်ရသည်၊ ထိုဓာတ်မရှိလျှင် အသေဟုခေါ်ရသည်ဟူသော အယူကိုသာ အမှန်အားဖြင့် ယုံကြည်လေးမြတ် မှတ်ယူကုန်ရာ၏။

ဤတွင်ရွှေကား-သစ်သီးစားမှုနှင့်စပ်သော
ဒုတိယစကားရပ်ဖြေဆိုချက်ပြီး၏။

ဤကား-ကာလကတ္တားမြို့ သိပ္ပံကျောင်းကြီးနေ မြန်မာလူမျိုးမောင်ချစ်ဘော်၏ အသားစားခြင်းနှင့် အသီးစားခြင်းလျှောက်လွှာအဖြေပြီး၏။

အသားစားခြင်းပုစ္ဆာအဖြေပြီး၏။

www.dhammaransi.com

# ကမ္ဘာ့ဝိဝါဒပုစ္ဆာအဖြေ

နမော တဿ ဘဂဝတော အရဟတော
သမ္မာ သမ္ဗုဒ္ဓဿ

## ကမ္ဘာ့ဝိဝါဒ လျှောက်ထားချက်

အမေရိကန်နိုင်ငံ, အင်္ဂလန်နိုင်ငံ, ပြင်သစ်နိုင်ငံ, ဂျာမနီနိုင်ငံ,အိန္ဒိယနိုင်ငံ, မြန်မာနိုင်ငံမှစ၍ တိုင်းကြီး ပြည်ကြီး အသီးသီးသော နိုင်ငံကြီးတို့၌ နေထိုင်ကြကုန်သော လောကီ, လောကုတ္တရာ အရာ ပညာရှိသူ ရဟန်းရှင်လူ ဟူသမျှသော ပုဂ္ဂိုလ်ကျော် အပေါင်းတို့ထံမှ အားကိုး အားထားကြီး ပြုလုပ်၍ ရောက်လာသမျှသော အမေးပုစ္ဆာ ပြဿနာ အရှုပ်အထွေးတို့ကို ဖြေရေးကြုံကြိုက်လာရကား–

> "ထိုထိုပဥှာ ပြဿနာအချက်တို့ကို မကြန့်မကြာလျင်သော ပညာ, ထက်သော ပညာတို့ဖြင့် လျင်မြန်စွာ ဝိဝါဒကင်းရှင်း စိတ်သဘော ကျေနပ်ခြင်းသို့ လှလှကြီး ရောက်လွယ်အောင် နက်နဲထောက်လှမ်း ခွဲခြမ်း ဖြေဆိုတော် မူနိုင်သည် ဖြစ်၍ ဗဟုဿုတဓရီ ဝါဒီပါကဋ သမ္ဘာရကံဉာဏ် ရဲရဲသန်ခြင်းကြောင့် ခြောက်တန်နာယက ဂုဏ်ပေါင်းခသဖြင့် ဘယဒဿီ ဇာနီမာတင် ပါရင်တဆူ ဖြစ်တော်မူသော "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ရ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးသည်"

အထက်မြန်မာနိုင်ငံ ပျဉ်းမနားမြို့ လယ်တီစံကျောင်း ပိဋကတ်တိုက်ကြီး၏ အနီး ငွေတောင်ကျောင်းကြီးတွင် ယာပိုထ်လေးလီ မျှတည်သဖြင့် ရှင်ကြည်ပျော်မွေ့ သီတင်းသုံးနေထိုင်တော်မူစဉ်အခါ ၁၂၇၀-ပြည့် ပြာသိုလအတွင်း ပျဉ်းမနားမြို့ ကန်ဦးဆရာတော် ရှင်ကုသလ, ရှမ်းစုကြီးဆရာတော် ရှင်အာသဘတို့ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ ခြေတော်ရင်းသို့ ကိုယ်တိုင်သွားရောက်၍ အိန္ဒိယနိုင်ငံ, အာဖဂန်နိုင်ငံ, ဘလူးချစ်စတံနိုင်ငံ, ပါရှားနိုင်ငံ, တူရကီနိုင်ငံ,, အရေဗျ

www.dhammaransi.com



နိုင်ငံ, ဂျာမနီနိုင်ငံ, ပြင်သစ်နိုင်ငံ, အင်္ဂလန်နိုင်ငံ, အမေရိကန်နိုင်ငံ, ဣဂျစ်နိုင်ငံ များနှင့်တကွ မြန်မာနိုင်ငံရှိ လောကဓာတ် ပညာသင်ကျောင်းသားများမှစ၍ အသီးသီးသော တိုင်းသူပြည်သား ပညာရှိပုဂ္ဂိုလ်အများတို့ပင် ရှေးပဝေဏီကာလ ခါသမယကစ၍ ယခုထက်တိုင် အကြီးအကျယ်ဝိဝါဒ ဒွိဟသံသယဖြစ်ပွါးလျက် ရှိနေကြသော အယူဝါဒတို့ကို ထင်ရှားအောင် လျှောက်ထားချက် တို့သည်ကား—

၁။ နေ,လ,ဂြိုဟ်,နက္ခတ်,ကြယ်, တာရာ အပေါင်းတို့သည် လှည့်လည် သွားလာခြင်းမရှိ၊ ကမ္ဘာ မြေကြီးသည်သာ ဇန်းဆန်ကောမျှားကဲ့သို့ အပြားလိုက် အားဖြင့်သာ အစဉ်မပြတ်လက်ျာဘက်သို့ လှည့်လည်သည်-ဟူသော အယူ,

၂။ ကမ္ဘာမြေကြီးသည် လုံးယောင်ယောင် ရှိသဖြင့် ခပ်စောင်းစောင်းအားဖြင့် လက်ျာဘက်သို့ အမြဲ လှည့်လည်သည်၊နေ, လ စသော နက္ခတ်, တာရာတို့မူကား-မလှည့်လည် အမြဲတည်သည်-ဟူသောအယူ,

၃။ ကမ္ဘာမြေကြီးလုံးသည် အနောက်မှ အရှေ့သို့ ထောင်လိုက်အားဖြင့် အမြဲနေရာမရွှေ့ဘဲ အစဉ်မပြတ်လိမ့်၍ နေ, လ စသော နက္ခတ်, တာရာတို့မူကား-မလှည့်မလည် တနေရာတည်း အမြဲတည်နေသည်-ဟူသော အယူ,

၄။ ကမ္ဘာမြေကြီးလုံးနှင့် အတူတကွ နေ,လ စသော နက္ခတ်, တာရာတို့ပါ လှည့်လည်လျက် အမြဲရှိနေသည်-ဟူသောအယူ,

၅ ကမ္ဘာမြေကြီးသည် အလုံးမဟုတ်၊ နိမ့်ရာ မြင့်ရာ တောစဉ်တောင်ထပ်တို့နှင့်တကွ အပြားလိုက်အားဖြင့် အမြဲတည်ခြင်း, ၎င်းမြေအထုအောက်၌ ရေထုကြီးတည်ရှိခြင်း, ၎င်းရေထုကြီးအောက်က လေထုကြီးတည်ရှိခြင်း, ၎င်းလေထုကြီးအောက်က အတိုင်းမသိ ကျယ်ဝန်း လှစွာသော ကောင်းကင် ဟင်းလင်းကြီးတည်ရှိခြင်း, နေ,လစသော နက္ခတ်တာရာတို့သည် ကျွန်းကြီးလေးကျွန်း၏ အလယ်၌ တည်ရှိသော မြင်းမိုရ်တောင်ကြီး

www.dhammaransi.com



နှင့် စကြဝဠာတောင်ကြီး ၂-ခုတို့၏ အကြား၌ လေတို့၏ အဟုန်ဖြင့် အမြဲအားဖြင့် မြင်းမိုရ်တောင်ကြီးကို လှည့်လည်၍ သွားလာလျက် နေသည်-ဟူသောအယူ,

၆။ သတ္တဝါတို့၏ အရပ်မျက်နှာတို့၌ တွေ့ဝေမှုကြောင့် မှောက်မှောက်မှားမှား ယူမိယူရာ ယူကြသော အယူ,

၇။ မြေကြီးဆိုင်ရာ ကောင်းကင်ဆိုင်ရာ လောကဓာတ် ဝိဝါဒ အမျိုးမျိုးတို့နှင့်တကွ ဘာသာ ဝိဝါဒကြီးများသည် သံသရာ ကမ္ဘာလောကကြီး၌ အလွန်အရေး ကြီးကျယ်လှသည် ဖြစ်ပါသောကြောင့် ထိုထိုအယူဝါဒ သံသယ ကြီးများကို အထက်က လျှောက်ထားဖေါ်ပြခဲ့ပြီးသော တိုင်းကြီး, ပြည်ကြီး, နိုင်ငံကြီး တို့၌ နေထိုင်ကြကုန်သော ပညာရှိ ပုဂ္ဂိုလ်ကျော်-ဟူသမျှတို့၏ ဝိဝါဒ သံသယ လှလှကြီးကင်းရှင်းကြ၍ သားစဉ် မြေးဆက် မြစ်အဆွန့် အဓွန့်ရှည်ကြာ နှစ်ပေါင်းများစွာ ကာလပတ်လုံး မှားယွင်းသော မိစ္ဆာ ဝါဒတို့ကို ပယ်ဖျက်၍ ဟုတ်မှန်သော သဘာဝအချက် ဝိဘဇ္ဇဝါဒီ အမြဲတည်စေခြင်းငှါ တပည့်တော် ရှင်ကုသလ, ရှင်အာသဘတို့ လျှောက်ထားတောင်းပန်ပါသောဝိဝါဒအရပ်ရပ်တို့ကိုအဖြာဖြာသော ယုတ္တိသက်သေ သာဓကဖြင့် လုံလောက်စွာဖေါ်ပြ၍ ရှင်းလင်းစွာ ဆုံးဖြတ်ဟောပြရှိသာမက မေတ္တာ,ကရုဏာပုဗ္ဗင်္ဂမဖြင့် ကျမ်းစာအုပ်တစောင် ပြုလုပ်စီရင်ရေသား ကယ်မသနားတော် မူပါမည့်အကြောင်း ဂရုသက္ကစ္စ နိဝါတဖြင့် ရိုသေစွာလျှောက်ထားပါသည် ကျေးဇူးတော်ရှင်အရှင်သူမြတ်ဘုရား။

ရှင်ကုသလ— ကံဦးဆရာတော်။

ရှင်အာသဘ— ရှမ်းစုကြီးဆရာတော်။

www.dhammaransi.com



# လယ်တီဆရာတော်ဖြေဆိုတော်မူချက် ဗုဒ္ဓဘာသာပါဠိတော်လာကမ္ဘာမြေဝိုင်းကြီးကို ပြဆိုချက်

ဗုဒ္ဓဘာသာပါဠိတော်အလာ ဗုဒ္ဓမြတ်စွာဘုရား၏ နှုတ်တော်ထွက် အစစ် ကမ္ဘာမြေသနစ်ကို ရှေးဦးစွာ ပြဆိုရာ၏။

## ၁-ကမ္ဘာမြေကြီးလှုပ်ပုံကိုပြဆိုချက်

အဋ္ဌ ခေါ ဣမေ အာနန္ဒ ဟေတူ အဋ္ဌ ပစ္စယာ မဟ-တော ဘူမိစာလဿ ပါတုဘာဝါယ။

ကတမေ အဋ္ဌ အယံ အာနန္ဒ မဟာပထဝီ ဥဒကေ ပတိ-ဋ္ဌိတာ၊ ဥဒကံ ဝါတေ ပတိဋ္ဌိတံ၊ ဝါတော အကာသဋ္ဌော ဟောတိ။

သော ခေါ အာနန္ဒ သမယော-ယံ မဟာဝါတာ ဝါယန္တိ၊ မဟာဝါတာ ဝါယန္တာ ဥဒကံ ကမ္ပေန္တိ၊ ဥဒကံ ကမ္ပိတံ ပထဝိံ ကမ္ပေတိ၊ အယံ ပဌမော ဟေတူ ပဌမော ပစ္စယော မဟ-တော ဘူမိစာလဿ ပါတုဘာဝါယ။

ပုန စပရံ အာနန္ဒ သမဏော ဝါ ဟောတိ ဗြာဟ္မဏော ဝါ ဣဒ္ဓိမာ စေတောဝသိပ္ပတ္တော ဒေဝေါ ဝါ မဟိဒ္ဓိကော မဟာနုဘာဝေါ တဿ ပရိတ္တာ ပထဝီသညာ ဘာဝိတာ ဟောတိ အပ္ပမာဏာ အာပေါသညာ သော ဣမံ ပထဝိံ ကမ္ပေတိ သံကမ္ပေတိ သမ္ပကမ္ပေတိ သံပဝေဓေတိ၊ အယံ ဒုတိယော ဟေတု ဒုတိယော ပစ္စယော မဟတော ဘူမိစာ-လဿ ပါတုဘာဝါယ။ လ။ ဣမေ ခေါ အာနန္ဒ အဋ္ဌ ဟေ-တူ၊ အဋ္ဌ ပစ္စယာ မဟတော ဘူမိစာလဿ ပါတုဘာဝါ-ယာတိ။

[ဒီဃနိကာယ်ဒုတိယအုပ်၊ သုတ်မဟာဝါပါဠိတော်- မဟာပရိနိဗ္ဗာ သုတ်စာအုပ်နံပါတ် ၇၈-ကြောင်းရေ ၁၀။]

www.dhammaransi.com



**အနက်ကား။** အာနန္ဒ၊အာနန္ဒာ။ မဟတော၊ ကြီးကျယ်စွာသော။ ဘူမိစာလဿ၊ ကမ္ဘာမြေကြီးလှုပ်ရှားခြင်း၏။ ပါတုဘာဝါယ၊ ထင်ရှားစွာဖြစ်ပေါ်ခြင်းငှါ။ ဟေတူ၊ အကြောင်းတို့သည်။ ဣမေအဋ္ဌ၊ ဤရှစ်ပါးတို့တည်း။ ပစ္စယာ၊ အကြောင်းတို့သည်။ ဣမေအဋ္ဌ၊ ဤရှစ်ပါးတို့တည်း။

ကတမေအဋ္ဌ၊ အဘယ်ရှစ်ပါးတို့နည်းဟူမူကား။

အာနန္ဒ၊ အာနန္ဒာ။ အယံမဟာပထဝီ၊ ဤကမ္ဘာမြေကြီးသည်။ ဥဒကေ၊ ကမ္ဘာရေပြင်ကြီး၌။ ပတိဋ္ဌိတာ၊ တည်၏။ ဥဒကံ၊ ကမ္ဘာရေပြင်ကြီးသည်။ ဝါတေ၊ ကမ္ဘာလေပြင်ကြီး၌။ ပတိဋ္ဌိတံ၊ တည်၏။ ဝါတော၊ ကမ္ဘာလေပြင်ကြီးသည်။ အာကာသဋ္ဌော၊ အောက်အဇဋာကာသကောင်းကင်ပြင်ကြီး၌ တည်သည်။ ဟောတိ၊ ဖြစ်၏၊

အာနန္ဒ၊ အာနန္ဒာ။ ယံသမယံ၊ အကြင်အခါ၌။ မဟာဝါတာ၊ ကြီးစွာသောလေမုန်တိုင်းတို့သည်။ ဝါယန္တိ၊ ထကြွသောင်းကျန်းစွာလာကုန်၏။ မဟာဝါတာ၊ ကြီးစွာသောလေမုန်တိုင်းတို့သည်။ ဝါယန္တာ၊ ထကြွသောင်းကျန်းစွာ လာကြသည်ရှိသော်။ ဥဒကံ၊ ကမ္ဘာရေပြင်ကြီးကို။ ကမ္ပေန္တိ၊ လှုပ်ရှားစေကုန်၏။ ဥဒကံ၊ ကမ္ဘာရေပြင်ကြီးသည်။ ကမ္ပိတံ၊ လှုပ်ရှားသည်ရှိသော်။ ပထဝိံ၊ ကမ္ဘာမြေကြီးကို။ ကမ္ပေတိ၊ လှုပ်ရှားစေ၏။ သောသမယော၊ ထိုကဲ့သို့ကမ္ဘာလေကြီး ထကြွလှုပ်ရှားခြင်းကြောင့် ကမ္ဘာမြေကြီး လှုပ်ရှားသောအခါသမယသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤသည်ကား။ မဟတော၊ ကြီးကျယ်စွာသော။ ဘူမိစာလဿ၊ ကမ္ဘာမြေကြီးလှုပ်ရှားခြင်း၏။ပါတုဘာဝါယ၊ ထင်ရှားစွာဖြစ်ပေါ်ခြင်းငှါ။ ပဌမော၊ ရှေးဦးစွာသော။ ပစ္စယော၊ အကြောင်းတည်း။

အာနန္ဒ၊ အာနန္ဒာ။ ပုနစပရံ၊ တဖန်အကြောင်းတပါးသည်ကား။ သမဏောဝါ၊ ရဟန်းသည်၎င်း။ ဗြာဟ္မဏောဝါ၊ ပုဏ္ဏားရသေ့သည်၎င်း။ ဣဒ္ဓိမာ၊ တန်ခိုးနှင့်ပြည့်စုံသည်။ စေတောဝသိပ္ပတ္တော၊ မိမိစိတ်၌ အစိုးရခြင်းသို့ရောက်သည်။ ဟောတိ၊ ဖြစ်၏။ မဟိဒ္ဓိကော၊ တန်ခိုးကြီးသော။မဟာနုဘာဝေါ၊အာနုဘော်ကြီးသော။ဒေဝေါဝါ၊နတ်,သိကြား,

www.dhammaransi.com



ဖြပဟ္မာသည်လည်း။ ဟောတိ၊ဖြစ်၏။ တဿ၊ထိုတန်ခိုးကြီးသောသူအား။ ပရိတ္တာ၊ သေးငယ်သော။ ပထဝီသညာ၊ ပထဝီကသိုဏ်း နိမိတ်လျှင် အာရုံရှိသော ပထဝီသညာကို။ ဘာဝိတာ၊ ပွါးများ စေအပ်သည်။ ဟောတိ၊ ဖြစ်၏။ အပ္ပမာဏာ၊ ကြီးကျယ်သော ပမဏာရှိသော။အာပေါသညာ၊ အာပေါကသိုဏ်းနိမိတ်လျှင် အာရုံရှိသောအာပေါ သညာကို။ ဘာဝိတာ၊ ပွါးများစေအပ်သည်။ ဟောတိ၊ ဖြစ်၏။ သော၊ ထိုတန်ခိုးကြီးသော သူသည်။ ဣမံပထဝိံ၊ ဤကမ္ဘာ မြေကြီးကို။ ကမ္ပေတိ၊ လှုပ်ရှားစေ၏။ သံကမ္ပေတိ၊ ပြားစွာလှုပ်ရှားစေ၏။ သမ္ပကမ္ပေတိ၊ ကောင်းစွာ အထွေထွေ အပြားပြား လှုပ်ရှားစေ၏။ သံပဝေဓေတိ၊ ကောင်းစွာတုံလှုပ်စေ၏။ အယံ၊ ဤသည်ကား။ မဟတော၊ ကြီးကျယ်စွာသော။ ဘူမိစာလဿ၊ ကမ္ဘာမြေကြီးလှုပ်ရှားခြင်း၏။ ပါတုဘာဝါယ၊ ထင်ရှားစွာဖြစ်ပေါ်ခြင်းငှါ။ဒုတိယော၊နှစ်ခုမြောက်သော။ ဟေတု၊ အကြောင်းတည်း။ ဒုတိယော၊ နှစ်ခုမြောက်သော။ ပစ္စယော၊အကြောင်းတည်း။လ။အာနန္ဒ၊အာနန္ဒာ။ မဟတော၊ ကြီးကျယ်စွာသော။ ဘူမိစာလဿ၊ ကမ္ဘာမြေကြီး လှုပ်ရှားခြင်း၏။ ပါတုဘာဝါယ၊ ထင်ရှားစွာဖြစ်ပေါ်ခြင်းငှါ။ ဟေတူ၊ အကြောင်းတို့သည်။ ဣမေအဋ္ဌ၊ ဤရှစ်ပါးတို့တည်း။ ပစ္စယာ၊ အကြောင်းတို့သည်။ ဣမေအဋ္ဌ၊ ဤရှစ်ပါးတို့တည်း။

ပေယျာလ၌ပါဝင်သော အကြောင်းခြောက်ပါးကား–

၁။ ပစ္ဆိမ ဘဝိက ဖြစ်သော ဘုရား အလောင်းတော်သည် မယ်တော်ဝမ်း၌ ပဋိသန္ဓေ နေသောအခါ ကမ္ဘာမြေကြီးစွာ လှုပ်ရှားခြင်းတပါး,

၂။ မယ်တော်ဝမ်းမှ ဖွါးမြင်သောအခါ ကြီးစွာ လှုပ်ရှားခြင်း တပါး,

၃။ ဘုရားဖြစ်တော်မူသော အခါ ကြီးစွာလှုပ်ရှာခြင်းတပါး,

၄။ ဓမ္မစကြာတရားကို ဟောတော်မူသော အခါ ကြီးစွာ လှုပ်ရှားခြင်းတပါး,

၅။ အာယုသင်္ခါရကို စွန့်လွှတ်တော်မူသော အခါ ကြီးစွာလှုပ်ရှားခြင်းတပါး,

www.dhammaransi.com



၆။ ပရိနိဗ္ဗာန် စံတော်မူသောအခါ ကြီးစွာ လှုပ်ရှားခြင်းတပါး– ဟူ၍ ခြောက်ပါးဖြစ်၏။

ဤခြောက်ပါး၌ ကြီးစွာ လှုပ်ရှားခြင်း ဆိုသည်ကား-ဤလောက ဓာတ် တခု၌သာ လှုပ်ရှားသည်မဟုတ်၊ လောကဓာတ်ပေါင်း တ သောင်း တိုင်တိုင် တပြိုင်နက်အားဖြင့် လှုပ်ရှားခြင်းပေတည်း၊ ထို့ ကြောင့် ဤလောကဓာတ်နှင့်တကွ လောကဓာတ်ပေါင်း တသောင်း တို့ကို ဇာတိခေတ်-ဟူ၍ ဆိုအပ်၏၊ ဗုဒ္ဓခေတ်-ဟူ၍လည်း ဆိုအပ်၏။

၁။ ဇာတိခေတ်ဆိုသည်ကား-ဘုရားအလောင်းတော်ကြီးများ ပဋိ သန္ဓေယူသောအခါ, ဖွါးမြင်တော်မူသော အခါတို့၌ အတူ တကွ လှုပ်ရှားကြရသည်ဖြစ်၍ ဇာတိခေတ်-ဟု ဆို၏။

၂။ ဗုဒ္ဓခေတ်ဆိုသည်ကား-ဘုရားဖြစ်တော်မူသော အခါ ထိုလော ကဓာတ်ပေါင်း တသောင်း၌ ရှိနေကြကုန်သောနတ်,သိကြား, ဗြဟ္မာအပေါင်းတို့သည် မြတ်စွာဘုရား၏ တပည့်သား အဖြစ် နှင့် မြတ်စွာဘုရား၏ တရားတော်ကို ကြားနာ၍ အကျွတ်တရား ကို ရကြကုန်သောကြောင့် ထိုလောကဓာတ် တသောင်းကို တဆူသော မြတ်စွာဘုရား၏ ဗုဒ္ဓဘာသာ သာသနာတော်တည် ထွန်းရာဖြစ်၍ ဗုဒ္ဓခေတ်-ဟု ဆို၏။

[ဤအရာ၌ လိုရင်းမူကား-ပဌမ လှုပ်ရှားချက်ပေတည်း။]

ဤပဌမ လှုပ်ရှားချက်ကြီးမှာ မူကား-လောက ဓာတ်ပေါင်း တသောင်းမကသော်လည်း လှုပ်ရှားလေရာ၏။

"အယံ အာနန္ဒ မဟာပထဝီ ဥဒကေ ပတိဋ္ဌိတာ၊ ဥဒကံ ဝါတေ ပတိဋ္ဌိတံ၊ ဝါတော အာကာသဋ္ဌော ဟောတိ၊ သော ခေါ အာနန္ဒ သမယော ယံ မဟာဝါတာ ဝါယန္တိ၊ မဟာဝါ တာ ဝါယန္တာ ဥဒကံ ကမ္ပေန္တိ၊ ဥဒကံ ကမ္ပိတံ ပထဝိံ ကမ္ပေတိ"။

ဟူသော မြတ်စွာဘုရား၏ ပါဠိတော်ကို ထောက်၍ ဤကမ္ဘာ မြေကြီးသည် ဘော့လုံး, လိမ္မော်သီးများကဲ့သို့ အလုံးမဟုတ်၊ တပါး သောလောက ဓာတ်တို့နှင့် ကမ္ဘာမြေပြင်ကြီး, ကမ္ဘာရေပြင်ကြီး,

www.dhammaransi.com



ကမ္ဘာလေပြင်ကြီးတို့သည် တဆက်တည်း, တခုတည်း, တပြင်တည်း တည်ရှိကြကုန်သည်-ဟု အမှန်မုချသိအပ်လှ၏၊ ဤကမ္ဘာမြေကြီးသည် နေ,လ,နက္ခတ်, တာရာတို့ကဲ့သို့ ကောင်းကင်၌ တည်သည်လည်းမဟုတ်၊ လှည့်လည် ရွေ့ရှားသွားလာသည်လည်း မဟုတ်၊ ကမ္ဘာရေပြင်ကြီး အပေါ်၌သာ အမြဲတည်နေသည်-ဟု အမှန်မုချသိအပ်လှ၏။

"ဤကမ္ဘာမြေကြီးသည် ဘော့လုံးများ, လိမ္မော်သီးများ ကဲ့သို့ လုံး၏၊ လည်၏၊ ရွေ့ရှားသွားလာ၍ နေ၏" ဟူသော အယူသည် မူကား—

၁။ ကမ္ဘာမြေပြင်ကြီး တပါး,

၂။ ကမ္ဘာရေပြင်ကြီး တပါး,

၃။ ကမ္ဘာလေပြင်ကြီး တပါး,

ဟူ၍ လောကဓာတ်အနန္တတို့၏ အခြေခံကြီးသုံးပါး တဆက်တည်း တပြင်တည်းရှိနေသည်ကို မသိရှာကြကုန်သောသူတို့၏ နာနာဝါဒ ကြံဆ၍ ယူခြင်းမျှသာတည်း။

[ဤကား-ကမ္ဘာမြေကြီးလှုပ်ပုံကို ပြဆိုချက်တည်း။]

## ၂--ကမ္ဘာလောကဓာတ်အနန္တရှိပုံပြဆိုချက်

ဤ၌ လောကဓာတ်ပေါင်းအနန္တရှိကြောင်းကား—

ဟံသာဝတီတိုက်ထွက် သံယုတ္တနိကာယ်၊ ဒေဝပုတ္တသံယုတ် ပဋ္ဌမအုပ်နံပါတ် ၃၆၊ ကြောင်းရေ ၂၃-မှာလာရှိသည်။

ရောဟိတနတ်သား ဝတ္ထုကို ဤအရာ၌ ပြဆိုရာ၏၊ ထိုနတ်သားသည် မြတ်စွာဘုရားကို ဤသို့နားတော်လျှောက်၏။

**လျှောက်ကြားပုံကား။** အကြင်လောက၏ အဆုံး၌ ပဋိသန္ဓေနေခြင်းမရှိ,အိုခြင်းမရှိ,သေခြင်းမရှိ,ဤဘဝမှ ထိုဘဝသို့ ရွေ့ရှားခြင်းမရှိ၊ ဘဝတပါးသို့ ကပ်ရောက်ခြင်းမရှိ၊ထိုလောက၏ အဆုံးကို တန်ခိုးဖြင့် သွား၍ သိခြင်းငှါရင်း, မြင်ခြင်းငှါရင်း, ရောက်ခြင်းငှါရင်း တတ်ကောင်းပါမည်လော-ဟု မေးလျှောက်၏။

အသင်နတ်သား····အကြင်လောက၏ အဆုံး၌ ပဋိသန္ဓေ နေခြင်းစသည်မရှိ၊ ထိုလောက၏ အဆုံးကို ကိုယ်ဖြင့်သွား၍ သိအပ်၏-ဟူ၍

www.dhammaransi.com



ဇင်း,-မြင်အပ်၏ဟူ၍ဇင်း,-ရောက်အပ်၏-ဟူ၍ ဇင်း ငါဘုရားသည် မဟောပေ-ဟု မိန့်တော်မူ၏။

ထိုအခါ နတ်သားသည် အံ့ဩဖွယ်ကြီးဖြစ်ပြီးလျှင် ဓိမိသည် ရှေးဘဝ၌ ပဋိသန္ဓေနေခြင်းစသည်မရှိသော လောက၏ အဆုံးကို တွေ့အောင် သွားမည်-ဟု သွားဘူးကြောင်းကို လျှောက်ကြားပေ၏။

**လျှောက်ကြားပုံကား။** အရှင်ဘုရား····အကျွန်ုပ်သည် ရှေးဘဝ၌ မုဆိုး၏ သားဖြစ်၍ ရသေ့လုပ်ရာ ရောဟိတ ရသေ့-ဟူ၍ ထင်ရှားစွာ ဖြစ်ခဲ့ဘူး၏၊ တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံ၏၊ ကောင်းကင်သို့ သွားနိုင်၏၊ အကျွန်ုပ်သည် အလွန်လျင်မြန်သော အဟုန်ရှိ၏၊ အဘယ်သို့ လျင်မြန်သနည်း-ဟူမူ-လေးသမား ပစ်လွှတ်အပ်သော မြှားသည် ထန်းပင်ရိပ်ကို ဖီလာဖြတ်သန်း၍ သွားလေရာ ထန်းပင်ရိပ်ကို မြှားလွန်သော ခဏမျှ၌ တခုသော လောကဓာတ်၏ အရှေ့စွန်းမှသည် အနောက်စွန်းသို့ ခြေတလှမ်းဖြင့် ပေါက်ရောက်အောင် သွားနိုင်၏၊ အရှင်ဘုရား····အကျွန်ုပ်သည် ဤသို့သော လျင်မြန်ခြင်းနှင့် ပြည့်စုံသည်ဖြစ်၍ လောက၏ အဆုံးကိုရောက်အောင် သွားမည်-ဟု အကြံပြု၍ လောဓာတ်တခုကို ခြေတလှမ်းပြု၍ အနှစ်တရာပတ်လုံးသွားလေရာ လောက၏အဆုံးသို့ မရောက်မူ၍ သေလွန်ပြီးလျှင် ဤလောကဓာတ်မှာပင် နတ်သားဖြစ်လာပါ၏၊ ထို့ကြောင့် လောကဓာတ်မည်သည် တန်ခိုးဖြင့်သွား၍ အဆုံးသို့ရောက်နိုင်သည် မရှိ-ဟု ဟောတော်မူခြင်းသည် အလွန်မှန်လှပါ၏၊ အလွန်အံ့ဩဖွယ် ရှိလှပါ၏-ဟု လျှောက်ကြားလေ၏။

[ဤကား-ရောဟိတနတ်သားဝတ္ထုပေတည်း။]

ဤဝတ္ထု၌ ထန်းပင်ရိပ်ကိုဖီလာဖြတ်သန်းသောမြှားသည် ထန်းပင်ရိပ်ကို မြှားလွန်သောခဏမျှ၌ လောကဓာတ်တခုကို ပေါက်အောင်သွားသော ရသေ့သည် တနေ့အဘို့တွင် လောကဓာတ်ပေါင်း ဘယ်နှစ်သောင်းပေါက်လိမ့်မည်မသိ၊ အနှစ်တရာမှာ ဆိုဖွယ်မရှိ၊ လောကဓာတ်ပေါင်းအနန္တ ပေါက်ရောက်သည်-ဟု ဆိုဖွယ်ရှိ၏၊ အဆုံးသို့ ရောက်သည်လည်း မဟုတ်သေး၊နောင်ကို အနှစ်တသိန်းပင် သွားသော်

www.dhammaransi.com



ဂုဏ်း, နှစ်ပေါင်းကုဋေ၊ နှစ်ပေါင်းအသင်္ချေပင်သွားသော်ဂုဏ်း, လောကဓာတ်အဆုံးကို ပေါက်ရောက်နိုင်မည်မဟုတ်။

ဤဝတ္ထု၌ ရောဟိတရသေ့ကဲ့သို့ ရှေးအခါ၌ ရသေ့တန်ခိုးကြီးတို့သည်များစွာပေါ်ရှိကြကုန်။

ပေါ်ရှိပုံကား။ ယခုကာလ၌ လူသတ္တဝါတို့သည် အသက်တိုကြကုန်သည့်အတွက် ကာယဗလ,ဉာဏဗလ နိုင်လုံခြင်း မရှိကြသောကြောင့် ဗြဟ္မာ့ပြည်သို့ ရောက်အောင် မလုပ်နိုင်ကြကုန်ပြီ၊ အထက်အထက်သောနတ်ပြည်သို့ရောက်ကြအောင် ဒါန,သီလမျှကိုသာ လုပ်နိုင်ကြကုန်၏၊ ရှေးအခါ၌မူကား- အသက်ရှည်ကြသည့်အတွက် ကာယဗလ, ဉာဏဗလ နိုင်လုံကြသောကြောင့် ဗြဟ္မာ့ပြည်သို့ရောက်ရန် ဈာန်သမာပတ်တရားတို့ကို အားထုတ်နိုင် ကြကုန်၏၊ သေသည်၏အခြားမဲ့၌ ဗြဟ္မာ့ပြည်သို့ ရောက်ကြလေကုန်၏။

အချို့အချို့သော သူတို့သည်လည်း ဤရောဟိတရသေ့ကဲ့သို့ တန်ခိုးအဘိညာဉ်ရနိုင်ကြကုန်၏၊ တန်ခိုးအဘိညာဉ်ကို ရကြသဖြင့် ဤရောဟိတရသေ့ကဲ့သို့ လောကဓာတ်အများကို လှည့်လည်နိုင်ကြကုန်၏၊ အောက်၌လည်း ကမ္ဘာမြေ,ကမ္ဘာရေ,ကမ္ဘာလေဆုံးအောင် ရောက်နိုင်ကြကုန်၏၊ အထက်၌လည်း နတ်ပြည်အဆင့်ဆင့်,ဗြဟ္မာ့ပြည်အဆင့်ဆင့်သို့ရောက်နိုင်ကြကုန်၏၊ ထိုသို့ သွားလာကြရာ၌လည်း တမိနစ်ခန့်သွားလျှင် ယူဇနာမည်မျှပေါက်သည်၊ တနာရီခန့်သွားလျှင် ယူဇနာမည်မျှပေါက်သည်-ဟု အတိုင်းအတာ အမှတ်အသားနှင့် သွားလာနိုင်ကြကုန်၏။

ထို့ကြောင့် အလုံးစုံသော လောကဓာတ် အဆောက်အဦတို့၌ အဝေးအနီး, အကြီးအငယ်, အကျယ်အကျဉ်း, အတိုင်းအရှည်ပမာဏတို့သည် ရှေးကမ္ဘာဦးမှစ၍ ယခုထက်တိုင် ကျမ်းစာတို့၌ ရှိနေကြကုန်၏။

ရှိပုံကား။ ကမ္ဘာမြေကြီးသည် အထုယူဇနာပေါင်း နှစ်သိန်းလေးသောင်းရှိ၏၊ ကမ္ဘာရေပြင်ကြီးသည် လေးသိန်းရှစ်သောင်းရှိ၏၊ ကမ္ဘာလေပြင်ကြီးသည် ကိုးသိန်းခြောက်သောင်းရှိ၏၊ တခုသော လောကဓာတ်သည် အရှေ့အနောက် ထုတ်ခြင်းပေါက် ယူဇနာပေါင်း

www.dhammaransi.com



တသန်း,နှစ်သိန်း, သုံးထောင့်, လေးရာ့, ငါးဆယ်ရှိ၏၊ တောင်နှင့် မြောက်လည်း ထို့အတူတည်း၊ လောကဓာတ်အဝန်းအဝိုင်း ယူဇနာ ပေါင်း သုံးသန်း, ခြောက်သိန်း, တသောင်းသုံးရာ့, ငါးဆယ်ရှိ၏၊ ဤသို့ အစရှိသဖြင့် အထက်ကို ဘဝဂ် အောက်ကိုအဝီစိတိုင်အောင် အလုံးစုံသော ကမ္ဘာအဆောက်အဦတို့၌ အတိုင်းအရှည် ပမာဏ တို့သည် အသီးအသီး ရှိကြကုန်၏။ သို့သော် ကျောင်းသားသူငယ်တို့ နှင့် မတန်မရာ-ဟု သင်္ချိုးစာတို့၌ အသုံးမပြုကြလေကုန်၊ဤရောဟိတ ရသေ့ဝတ္ထု၌ ဗုဒ္ဓမြတ်စွာ၏ နှုတ်တော်ထွက်စကားကိုသာပြဆိုရာ၏။

ယတ္ထ ခေါ အာဝုသော န ဇာယတိ န ဇိယျတိ န မိယျတိ န စဝတိ န ဥပပဇ္ဇတိ၊ နာဟံ တံ ဂမနေန လောကဿ အန္တံ ဉာတေယျံ ဒိဋ္ဌေယျံ ပတ္တေယျန္တိ ဝဒါမိ၊

န ခေါ ပနာဟံ အာဝုသော အပ္ပတွာ လောကဿ အန္တံ ဒုက္ခဿ အန္တကိရိယံ ဝဒါမိ၊

အပိ စ ခွါဟံ အာဝုသော ဣမသ္မိံယေဝ ဗျာမ မတ္တေ ကဠေဝရေ သသညမှိ သမနကေ လောကဉ္စ ပညာပေမိ လောက သမုဒယဉ္စ လောကနိရောဓဉ္စ လောကနိရောဓဂါမိနိဉ္စ ပဋိပ ဒန္တိ။

[ငုင်းသံယုတ်ပါဠိတော် မျက်နှာနံပါတ်-၃၇၊ စာကြောင်းရေ-၁၅။]

**အနက်ကား။** အာဝုသော၊ အသင်နတ်သား။ ယတ္ထ၊ အကြင် လောက၏အဆုံး၌။ နဇာယတိ၊ တဖန်ဖြစ်ခြင်းမရှိ။ နဇိယျတိ၊ တဖန် အိုခြင်းမရှိ။ နမိယျတိ၊ တဖန်သေခြင်းမရှိ။ နစဝတိ၊ တဖန်ရွေ့လျော ခြင်းမရှိ။ နဥပပဇ္ဇတိ၊ တဖန်ဘဝသို့ ကပ်ရခြင်းမရှိ။ အဟံ၊ ငါဘုရား သည်။ ဂမနေန၊ တန်ခိုးနှင့်သွားသဖြင့်။ တံလောကဿအန္တံ၊ ထို လောက၏အဆုံးကို။ ဉာတေယျံ၊ သိအပ်၏ဟူ၍။ ဒိဋ္ဌေယျံ၊ မြင်အပ်၏ ဟူ၍။ ပတ္တေယျံ၊ ရောက်အပ်၏ဟူ၍။ ဣတိ၊ ဤသို့။ နဝဒါမိ၊မဟော။

အာဝုသော၊ အသင်နတ်သား။ ခေါပန၊ စင်စစ်။ အဟံ၊ ငါဘုရား သည်။ လောကဿ၊ လောက၏။ အန္တံ၊အဆုံးသို့။အပ္ပတွာ၊ မရောက် ပြန်သည်ရှိသော်။ ဒုက္ခဿ၊ ဝဋ်ဒုက္ခ၏။ အန္တကိရိယံ၊ အဆုံးကိုပြုနိုင် ခြင်းကို။ နဝဒါမိ၊ မဟော။

www.dhammaransi.com



အာဝုသော၊ အသင်နတ်သား။ အဟံ၊ ငါဘုရားသည်။ အပိစခေါ၊ စင်စစ်သော်ကား။ ဗျာမမတ္တေ၊ တလန်မျှ လောက်သော။ သသညမှိ၊ သညာနှင့်တကွသော။ သ မနကေ၊ စိတ်နှင့်တကွသော။ ဣမသ္မိံ ဃေဝ ကဠေဝရေ၊ ဤခန္ဓာကိုယ်တွင်း ၌သာလျှင်။ လောကဉ္စ၊ လောကကို လည်း။ပညာပေမိ၊ ပညတ်၏။လောကသမုဒယဉ္စ၊ လောက၏ အဆက် ဆက် ပွါးစီးကြောင်း ကိုလည်း။ ပညာပေမိ၊ ပညတ်၏။ လောကနိ ရောဓဉ္စ၊ လောက၏ ချုပ်ရာ နိဗ္ဗာန်ကို လည်း။ ပညာပေမိ၊ ပညတ်၏။ လောကနိရောဓဂါမိနိံ၊ လောက၏ချုပ်ရာနိဗ္ဗာန်သို့ ရောက်စေတတ် သော။ ပဋိပဒဉ္စ၊ မဂ္ဂင်ရှစ်ပါးတည်းဟူသော အကျင့်ပဋိပတ်ကိုလည်း။ ပညာပေမိ၊ ပညတ်၏။

န ဂမနေန ပတ္တဗ္ဗော၊
လောကဿန္တော ကုဒါစနံ။
န စ အပ္ပတွာ လောကန္တံ၊
ဒုက္ခာ အတ္ထိ ပမောစနံ။

**အနက်ကား။** လောကဿ၊ ကမ္ဘာလောကကြီး၏။ အန္တော၊ အ ဆုံးကို။ ကုဒါစနံ၊ တရံတဆစ်မျှ။ ဂမနေန၊ သွားခြင်းဖြင့်။ နပတ္တဗ္ဗော၊ ရောက်သင့်ရောက်ထိုက်သည်မဟုတ်။ လောကန္တံ၊ လောက၏ အဆုံး သို့။ အပ္ပတွာ၊ မရောက်ပါဘဲလည်း။ ဒုက္ခာ၊ ဆင်းရဲအပေါင်းမှ။ပမော စနံ၊ လွတ်မြောက်ခြင်းသည်။ နစအတ္ထိ၊ မရှိသည်သာ လျှင်တည်း။

**ဤပါဠိတို့၏အဓိပ္ပါယ်ကား။** လောက၏ အဆုံးမည်သည် တန်ခိုး ဖြင့်သွား၍ ရောက်ရိုးမရှိ၊ မဂ္ဂင်ရှစ်ပါးတည်းဟူသော အကျင့်ပဋိပတ် ဖြင့်သွားမှသာရောက်နိုင်၏၊ မဂ္ဂင်ရှစ်ပါးတည်းဟူသော အကျင့်ပဋိ ပတ်ဖြင့် သွားပါမူကား တခြားတပါးသို့သွားဘွယ်မရှိ၊ ဤခန္ဓာကိုယ် ၏ အတွင်း၌ပင်လျှင် လောက၏အဆုံးကို တွေ့နိုင်၏-ဟူလိုသည်၊လော က၏ အဆုံးဆိုသည်ကား၊ နိဗ္ဗာန်ကိုဆို၏။

[ဤကား-လောကဓာတ်မည်သည်၊ အဆုံးမရှိအနန္တဖြစ်ရကား-လောကဓာတ် ၏ မူတည်,မတည်, ရေတည်ဖြစ်သော ကမ္ဘာမြေကြီး, ကမ္ဘာရေကြီး, ကမ္ဘာ လေကြီးတို့သည်လည်း အဆုံးမရှိ အနန္တဖြစ်ကြောင်းကို ပြဆိုချက်ပေတည်း]

www.dhammaransi.com



## ၃–မြင်းမိုရ်တောင်ရှိပုံပြဆိုချက်

ဤ၌မြင်းမိုရ်တောင်ကြီးကိုပြဆိုရာ၏။

တခုသော လောကဓာတ်၏ အလယ်ချက်မ၌ မြင်းမိုရ်တောင်ကြီး သည် တည်ရှိ၏၊ အောက်မဟာသမုဒ္ဒရာ ရေထဲ၌ ယူဇနာပေါင်း ၈၄၀၀၀-နှစ်၏၊ မဟာသမုဒ္ဒရာ ရေအပြင်မှ အထက်သို့ ယူ ဇနာပေါင်း ၈၄၀၀၀-မြင့်၏၊ ထိုအမြင့် ၈၄၀၀၀-တို့တွင်လည်း အောက်အဘို့ ၄၂၀၀၀-သည် စာတုမဟာရာဇ် နတ်ပြည်တွင်အပါ အဝင် ဖြစ်၏ အထက်အဘို့ ၄၂၀၀၀-သည် တာဝတိံသာ နတ်ပြည် တွင် အပါအဝင်ဖြစ်၏၊ ၎င်းမြင်းမိုရ်တောင်ထိပ်၌ သုဒဿနမည် သော နတ်မြို့ကြီးသည်ရှိ၏၊ သိကြားမင်းကြီးသည် ထိုမြို့၌နေ၍ နတ် ပြည် နှစ်ပြည်တို့ကို အုပ်စိုး၏၊ ဘုရင်ခံ နတ်မင်းကြီးပေါင်းလည်း ၃- ကျိပ် ၂-ပါးရှိ၏၊ အောက်စာတုမဟာရာဇ်နတ်ပြည်၌လည်း ဘုရင်ခံ နတ်မင်းကြီး လေးပါးရှိ၏။

၁။ မြင်းမိုရ်တောင်မှ အရှေ့မျက်နှာ တခွင်လုံးကို ဓတရဋ္ဌ နတ် မင်းကြီး အုပ်စိုး၏။

၂။ မြင်းမိုရ်တောင်မှ တောင်မျက်နှာ တခွင်လုံးကို ဝိရူဠှကနတ် မင်းကြီး အုပ်စိုး၏။

၃။ မြင်းမိုရ်တောင်မှ အနောက်မျက်နှာ တခွင်လုံးကို ဝိရူပက္ခနတ် မင်းကြီး အုပ်စိုး၏။

၄။ မြင်းမိုရ်တောင်မှ မြောက်မျက်နှာ တခွင်လုံးကို ကုဝေရ နတ်မင်းကြီး အုပ်စိုး၏။

နတ် ဘီလူး စစ်သူကြီးပေါင်းလည်း ၃-ကျိပ်ရှစ်ယောက်ရှိ၏။

တရံရောအခါ နတ်မင်းကြီးတို့သည် အာဠာနာဋ မည်သော နတ်မြို့၌ အစည်းအဝေးကြီး ပြုကြကုန်၍ အာဋာနာဋိယ မည်သော ပရိတ်တော်ကြီးကို စီရင်ကြကုန်၍ မြတ်စွာဘုရားအား လျှောက် ကြား ဆက်သကြကုန်၏၊ အဘယ်အကျိုးငှါ ထိုပရိတ်တော်ကြီးကို စီရင် ဆက်သကြကုန် သနည်းဆိုသော် လူတို့နေရာ မြေအပြင်,တော တခွင်, တောင်တခွင်, မြစ်သမုဒ္ဒရာတခွင်တို့၌ အလွန်ရိုင်းစိုင်းသော

www.dhammaransi.com



အလွန်ကြမ်းတန်းသော နတ်ဆိုး နတ်ဝါးတို့သည် သိန်းသန်း များစွာ ရှိကြကုန်၏။

လူတို့၌ ကပ်ဥပဒ်အန္တရာယ် အမျိုးမျိုးတို့ကို မိမိတို့တန်ခိုးဖြင့်ပြုလုပ်ကြကုန်၍ လူတို့၏ အသွေးတို့ကိုငင်း, နွား, ကျွဲ တိရစ္ဆာန်တို့၏ အသွေးတို့ကိုငင်း, စုတ်ယူမျိုသောက် သေကြေပျက်ဆုံးသည်တိုင် ရောက်အောင် နှိပ်စက်ညှဉ်းပန်း တတ်ကြကုန်၏၊ လူတို့အား ထိုနတ်ဆိုးတို့ အန္တရာယ်ကို ကွယ်ကာခြင်းအကျိုးငှါ ထိုပရိတ်တော်ကြီးကို စီရင်ဆက်သကြကုန်၏၊မြတ်စွာဘုရား သခင်သည်လည်း ထိုပရိတ်တော်ကြီးကို နတ်မင်းကြီးတို့ လျှောက်ကြားကြသည့် အတိုင်း ရဟန်းတော်တို့အား အန္တရာယ်ဟင်း ဆောင်ရွက်ကြရန် ဟောကြားတော်မူပေ၏၊ ယခုအခါ၌လည်း မြို့ရွာတို့၌ ကပ်ဥပဒ် အန္တရာယ် ရှိနေကြရာ ထိုပရိတ်တော်ကြီးကို များစွာရွတ်ဖတ်လျှင် ကပ်ဥပဒ်အန္တရာယ် ငြိမ်းတက်သည်အမှန်ဖြစ်၏။

သို့သော် ထိုပရိတ်တော်ကြီးကို များစွာရွတ်ဖတ်လျှင် ရွတ်ဖတ်သူကို နတ်ဆိုးတို့က ငြိုးတတ်သည်- ဟူ၍ အမှတ်ရှိ ကြသောကြောင့် မဖတ်ဝံ့ရှိနေကြကုန်၏၊ ထိုပရိတ်တော်ကြီးမှာ အနည်းငယ်မျှကိုသာ ယုတ်ဟူ၍ ပရိတ်ကြီးစာ၌ ပါရှိသော အာဋာနာဋိယ သုတ်မျှကိုသာ ရွတ်ဖတ်ကြကုန်၏။

ဆရာတော်မှာ မူကား-ထိုပရိတ်တော်ကြီးကို မဖတ်သော်လည်း ကပ်ဥပဒ်အန္တရာယ်တို့ကို ပြုလုပ်လျက် ရှိနေသော နတ်ဆိုးတို့ကို ထိုမြို့ ထိုရွာမှ နေ့ချင်း, ညချင်း ထွက်ပြေးကြစေရန် ပြုလုပ်နိုင်သော နည်းလမ်းတို့ကို များစွာသိရှိသောကြောင့် ထိုနည်းလမ်း တို့ကိုသာ ပြုလုပ်ပေ၏။

မြင်းမိုရ်တောင်ကြီးရှိကြောင်းကို အာဋာနာဋိယ ပရိတ်တော်ကို ထောက်၍ အမှန်သိအပ်၏။

၁။ ဣတော သာ ပုရိမာ ဒိသာ၊
ဣတိ နံ အာစိက္ခတိ ဇနော။
ယံ ဒိသံ အဘိပါလေတိ၊
မဟာရာဇာ ယသဿီ သော။

www.dhammaransi.com



ဂန္ဓဗ္ဗာနံ အဓိပတိ၊
ဓတရဋ္ဌောတိ နာမသော။ ။

**အနက်ကား။** ဍုတော၊ ဤမြင်းမိုရ်တောင်ကြီးမှ။ သာ၊ ထိုနေ ထွက်သော အရပ်သည်။ ပုရိမာဒိသာ၊ အရှေ့အရပ်မည်၏။ ဍုတိ၊ ဤသို့။ ဇနော၊ လူအပေါင်းသည်။ နံ၊ ထိုအရှေ့အရပ်ကို။ အာစိက္ခတိ၊ ပြောကြားတတ်၏။ ယံဒိသံ၊ အကြင်အရှေ့အရပ်ကို။ ယသဿိ၊ များသော အခြံအရံရှိသော။ သော မဟာရာဇာ၊ ထိုနတ်မင်းကြီးသည်။ အဘိပါလေတိ၊ အုပ်စိုးစောင့်ရှောက်၏။ ဂန္ဓဗ္ဗာနံ၊ ဂန္ဓဗ္ဗနတ်မျိုးတို့၏။ အဓိပတိ၊ အကြီးအကဲဖြစ်၏။ နာမသော၊ အမည်အားဖြင့်။ ဓတရဋ္ဌောတိ၊ ဓတရဋ္ဌနတ်မင်းကြီး-ဟူ၍။ ဝိသုတော၊ ကျော်စော၏။

[ဤပါဠိတော်၌ ''ဍုတော''ဟူသောပါဌ်သည် မိမိတို့နေရာ မြင်းမိုရ်တောင်ကြီးကို စွဲချက်ပေတည်း။]

တောင်မျက်နှာအရပ်၌—

၂။ ဍုတော သာ ဒက္ခိဏာ ဒိသာ၊
ဍုတိ နံ အာစိက္ခတိ ဇနော။
ယံ ဒိသံ အဘိပါလေတိ၊
မဟာရာဇာ ယသဿိ သော။
ကုမ္ဘဏ္ဍာနံ အဓိပတိ၊
ဝိရုဠှော ဍုတိ နာမသော။ ။

ဟူ၍လာ၏။

အနောက်မျက်နှာအရပ်၌လည်း—

၃။ ဍုတော သာ ပစ္ဆိမာ ဒိသာ၊
ဍုတိ နံ အာစိက္ခတိ ဇနော။
ယံ ဒိသံ အဘိပါလေတိ၊
မဟာရာဇာ ယသဿိ သော။
နာဂါနဉ္စ အဓိပတိ၊
ဝိရူပက္ခောတိ နာမသော။ ။

ဟူ၍လာ၏။

www.dhammaransi.com



မြောက်မျက်နှာအရပ်၌လည်း—

၄။ ယတော သာ ဥတ္တရ ဒိသာ၊
ဣတိ နံ အာစိက္ခတိ ဇနော။
ယံ ဒိသံ အဘိပါလေတိ၊
မဟာရာဇာ ယသဿီ သော။
ယက္ခာနဉ္စ အဓိပတိ၊
ကုဝေရော ဣတိ နာမသော။ ။

ဟူ၍လာ၏။

[အနက်သိသာပြီ။]

ဤမြောက်မျက်နှာစကားရပ်၌မူကား—

မြင်းမိုရ်တောင်ကြီးသည်လည်း တိုက်ရိုက်ပါရှိ၏၊ မြောက်ကျွန်းသူ, မြောက်ကျွန်းသားတို့၏ အကြောင်းအရာ သည်လည်းတိုက်ရိုက် ပါရှိ၏။

၁။ ယေန ဥတ္တရကုရုဝှော၊
မဟာနေရု သုဒဿနော။
မနုဿာ တတ္ထ ဇာယန္တိ၊
အမမာ အပရိဂ္ဂဟာ။ ။

၂။ န တေ ဗီဇံ ပဝပ္ပန္တိ၊
နာပိ နီယန္တိ နင်္ဂလံ။
အကဋ္ဌပါကိမံ သာလိံ၊
ပရိဘုဉ္ဇန္တိ မာနုသာ။ ။

၃။ အကဏံ အထုသံ သုဒ္ဓံ၊
သုဂန္ဓံ တဏ္ဍုလပ္ဖလံ။
တုဏ္ဍိကီရေ ပစိတွာန၊
တတော ဘုဉ္ဇန္တိ ဘောဇနံ။ ။

**အနက်ကား**

၁။ သုဒဿနော၊ အလွန်ကြည့်ရှုဖွယ်ကောင်းသော။ မဟာနေရု၊ မြင်းမိုရ်တောင်ကြီးသည်။ အတ္ထိ၊ ရှိ၏။ တတော၊ ထိုမြင်းမိုရ်တောင်

www.dhammaransi.com



ကြီးမှ။ ယေန၊ အကြင်မြောက်အရပ်၌။ ဥတ္တရကုရုဝှ၊ ဥတ္တရကုရု အမည်ရှိသော မြောက်ကျွန်းသည်။ အတ္ထိ၊ ရှိ၏။ တတ္ထ၊ ထိုမြောက် ကျွန်း၌။ အမမာ၊ ငါ၏ဟိုင်နက်-ဟူ၍ စွဲလမ်းခြင်း မရှိကြကုန်သော။ အပရိဂ္ဂဟာ၊ ငါ၏လင်, ငါ၏မယား, ငါ၏သား,ငါ၏ဥစ္စာ-ဟူ၍ သိမ်း ပိုက်ခြင်းမရှိကြကုန်သော။ မနုဿာ၊ လူတို့သည်။ ဝသန္တိ၊ နေကြ ကုန်၏။

၂။ တေ၊ ထိုမြောက်ကျွန်းသူတို့သည်။ ဗီဇံ၊ ကောက်ပဲ မျိုးစေ့ ကို။ နပဝပန္တိ၊ စိုက်ပျိုးခြင်းမရှိကြကုန်။ နင်္ဂလံ၊ ထွန်မှု, ယက်မှုကိုပဲ ယာကိုလည်း။ နာပိနိယျန္တိ၊ ဆောင်ယူထွန်ယက်ခြင်း မရှိကြကုန်။ မာနုသာ၊ မြောက်ကျွန်းသားတို့သည်။ အကဋ္ဌပါကိမံ၊ မထွန်မယက် ဘဲ သလေးခင်းတို့၌ အလိုအလျောက် ပေါက်ရောက်ပွင့်သီး မှည့်ရင့် ပြီးသော။ သာလိံ၊ သလေးဆန်ကို။ ပရိဘုဉ္ဇန္တိ၊ သုံးဆောင်ကြကုန်၏။

၃။ အကဏံ၊ဆန်ကျိုး, ဆန်ကွဲလည်းမပါထသော။ အထုသံ၊ အ ကြမ်းလည်းမပါထသော။ သုဒ္ဓံ၊ စင်ကြယ်စွာသော။ သုဂန္ဓံ၊ ကောင်း သောအနံ့ရှိသော။တဏ္ဍုလပ္ဖလံ၊ဆန်သီးကို။တုမ္ဗိယံ၊ကရားအိုးပ၌သော ကာမည်သောကျောက်ပေါ်၌။ပစိတွာန၊တင်ထားချက်ပြုတ်၍။ တတော၊ ထိုကျောက်ပေါ်မှ။ ဘောဇနံ၊ဘောဇဉ်ကို။ ဘုဉ္ဇန္တိ၊စားကြကုန်၏။

[ဤပါဠိ၌ မြင်းမိုရ်တောင်ကြီးသည် တိုက်ရိုက်ပါ၏၊ အဆိုင်းအရှည် ပမာဏမူကား မပါ၊ တပါးသော ပါဠိတော်များ၌ ပါရှိ၏။

သိနေရု ဘိက္ခဝေ ပဗ္ဗတရာဇာ စတုရာသီတိယောဇန သဟဿာနိ အာယာမေန၊ စတုရာသီတိ ယောဇန သဟ ဿာနိ ဝိတ္ထာရေန၊ မဟာသမုဒ္ဒေ အဇ္ဈောဂါဠှော စတု ရာသီတိယောဇန သဟဿာနိ၊ မဟာသမုဒ္ဒါ အစ္စုဂ္ဂတော ဟောတိ။

[သတ္တသူရိယုဂ္ဂမနသုတ်ပါဠိတော်]

**အနက်ကား။** ဘိက္ခဝေ၊ ရဟန်းတို့။ သိနေရုပဗ္ဗတရာဇာ၊ မြင်းမိုရ် တောင်မင်းသည်။ အာယာမေန၊ အလျားအားဖြင့်။ စတုရာသီတိ ယောဇနသဟဿာနိ၊ ယူဇနာပေါင်း ၈၄၀၀၀-တို့သည်။ဟောန္တိ၊

www.dhammaransi.com



ဖြစ်ကုန်၏။ ဝိတ္ထာရေန၊ အနံအားဖြင့်။ စတုရာသီတိယောဇနသဟဿာနိ၊ ယူဇနာပေါင်း ၈၄၀၀၀- တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ စတုရာသီတိယောဇနသဟဿာနိ၊ ယူဇနာပေါင်း ၈၄၀၀၀-တို့တိုင်တိုင်။ မဟာသမုဒ္ဒေ၊ မဟာသမုဒ္ဒရာ၌။ အဇ္ဈောဂါဠှော၊ နစ်မြုပ်၏။ စတုရာသီတိယောဇနသဟဿာနိ၊ ယူဇနာပေါင်း ၈၄၀၀၀-တို့တိုင်တိုင်။ မဟာသမုဒ္ဒါ၊ မဟာသမုဒ္ဒရာ ရေအပြင်မှ၊ အစ္စုဂ္ဂတော၊ အထက်သို့ မြင့်သည်။ ဟောတိ၊ ဖြစ်၏။

[ဤကား- မြင်းမိုရ်တောင်ကြီး၏ အလျား, အနံ, အမြင့် ပမာဏကို ပြဆိုသော ပါဠိသာဓကများပေတည်း။]

### ၄-မြင်းမိုရ်တောင်ကို နေမိမာန် လှည့်လည်ပုံပြဆိုချက်

နေမိမာန်သည် မြင်းမိုရ်တောင်ကြီးကို အမြဲလှည့်လည်၍ နေကြောင်းကိုလည်း ဤပရိတ်တော်ကြီး၌ လာရှိလေ၏။

၁။ ယတော ဥဂ္ဂစ္ဆတိ သူရိယော၊
အာဒိစ္စော မဏ္ဍလီ မဟာ။
ယဿ ဥဂ္ဂစ္ဆမာနဿ၊
သံဝရီပိ နိရုဇ္ဈတိ။
ယဿ ဥဂ္ဂတေ သူရိယေ၊
ဒိဝသောတိ ပဝုစ္စတိ။

၂။ ယတ္ထ စောဂ္ဂစ္ဆတိ သူရိယော၊
အာဒိစ္စော မဏ္ဍလီ မဟာ။
ယဿ စောဂ္ဂစ္ဆမာနဿ၊
ဒိဝသောပိ နိရုဇ္ဈတိ။
ယဿ စောဂ္ဂတေ သူရိယေ၊
သံဝရီတိ ပဝုစ္စတိ။

#### အနက်ကား

၁။ ယတော၊ အကြင်အရှေ့အရပ်မှ။ အာဒိစ္စော၊ လျှံလျှံတောက်သော။ မဏ္ဍလီမဟာ၊ ကြီးသော အဝန်းအဝိုင်းရှိသော။ သူရိယော၊ နေသည်။ ဥဂ္ဂစ္ဆတိ၊ တက်၏။ ယဿ၊ အကြင်နေဝန်းသည်။ ဥဂ္ဂစ္ဆမာ

www.dhammaransi.com



နဃာ၊ တက်ဆဲဖြစ်သည်ရှိသော်။ သံဝရိပိ၊ ညဥ့်မှောင်သည်လည်း။ နိရုဇ္ဈတိ၊ ချုပ်ပျောက်၏။ ယဿ-ယသ္မိံ သူရိယေ၊ အကြင်နေဝန်းသည်။ ဥဂ္ဂတေ၊ နေလုံးပေါ်အောင် တက်သည်ရှိသော်။ ဒိဝသောတိ၊ နေ့အခါဟူ၍။ ပဝုစ္စတိ၊ဆိုအပ်၏။

၂။ ယတ္ထ၊ အကြင်အနောက်အရပ်၌။ အာဒိစ္စော၊ လျှံလျှံတောက်သော။ မဏ္ဍလိမဟာ၊ ကြီးသောအဝန်းအဝိုင်းရှိသော။ သူရိယော၊ နေသည်။ ဩဂ္ဂစ္ဆတိ၊ ဝင်ဆဲဖြစ်၏။ ယဿ။ အကြင်နေဝန်းသည်။ ဩဂ္ဂစ္ဆမာနဿ၊ ဝင်ဆဲဖြစ်သည်ရှိသော်။ သံဝရိတိ၊ ညဥ့်အခါဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။ ယဿ-ယသ္မိံ သူရိယေ၊ အကြင်နေဝန်းသည်။ ဩဂ္ဂတေ၊ နေလုံးပျောက်အောင် ဝင်ပြီးသည်ရှိသော်။ ဒိဝသောပိ၊ နေ့အခါသည်လည်း။ နိရုဇ္ဈတိ၊ ချုပ်၏။

၁။ အရှေ့ကျွန်း၌ မွန်းမတ်မတ်တည့်ဆဲအခါ ဤတောင်ကျွန်း၌ အရုဏ်တက်၏၊ ညဥ့်မှောင်ပျောက်၏၊ အရှေ့ကျွန်း၌မွန်းလွဲသောအခါ ဤတောင်ကျွန်း၌နေဝန်းပေါ်၏၊ နေ့အခါဖြစ်၏။

၂။ အနောက်ကျွန်း၌ မွန်းတည့်ဆဲအခါ ဤတောင်ကျွန်း၌ ညချမ်းသို့ရောက်၏၊ အနောက်ကျွန်း၌ မွန်းလွဲသောအခါ ဤတောင်ကျွန်း၌ နေ့အခါလုံးလုံးပျောက်၏၊ ညဥ့်အခါသို့ရောက်၏။

ဤစကား ၂-ရပ်ဖြင့် ''သုံးကျွန်းလင်းခိုက် တကျွန်းမိုက်၏'' ဟူသောအချက် ''နှစ်ကျွန်းလင်းခိုက် နှစ်ကျွန်းမိုက်၏''ဟူသော အချက်ကိုပြဆိုရာ၏။

**ပြဆိုပုံကား။** အရှေ့ကျွန်း၌ မွန်းမတ်မတ် တည့်ခိုက်မြောက်ကျွန်း၌ နေရောင်ရှိသေး၏၊ လင်းသေး၏၊ တောင်ကျွန်း၌ အရုဏ်တက်၏၊ လင်း၏၊အနောက်ကျွန်း၌ သန်းခေါင်ဖြစ်၏။

[ဤကား-သုံးကျွန်းလင်းခိုက်-တကျွန်းမိုက်ပုံတည်း။]

အရှေ့ကျွန်း၌ မွန်းလွဲသောအခါ အရှေ့ကျွန်းနှင့် တောင်ကျွန်း၌ နေ့အခါဖြစ်၏၊ အနောက်ကျွန်းနှင့်မြောက်ကျွန်း၌ ညဥ့်အခါဖြစ်၏။

[ဤကား-နှစ်ကျွန်းလင်းခိုက် နှစ်ကျွန်းမိုက်ပုံတည်း။]

www.dhammaransi.com



ဤနည်းတူ ကျန်ရှိသောကျွန်းတို့၌ မွန်းတည့်ခိုက်,မွန်းလွဲခိုက်တို့ကို ဆိုလေ၊ ဤစကားရပ်တို့ဖြင့် နေသည် မြင်းမိုရ်တောင်ကြီးကို အစဉ် အမြဲ လှည့်လည်၍ နေသည့်အတွက်ကြောင့် လေးကျွန်းလုံးတို့၌ နေ့ အခါ,ညဉ့်အခါဟူ၍ ခြားနားချက်ရှိသည်ကို အမှန်သိအပ်၏။

**သိပုံကား။** လ,ကြယ် နက္ခတ်တို့မည်သည် နေရောင်ရှိသော နေ့ အခါ၌ မပေါ်မထွန်းနိုင်ကြကုန်၊ နေရောင်မရှိသော ညဉ့်အခါ၌သာ ပေါ်ထွန်းနိုင်ကြကုန်၏၊ အထက်ကောင်းကင်မှာ ညဉ့်မှောင် တည်ရှိ သောအခါ၌သာ လ,ကြယ်,နက္ခတ်တို့ကို မြင်ကြရကုန်သည်၊ လူအများ တို့၏ မျက်မြင်ဒိဋ္ဌဖြစ်ကြ၏၊ ထိုအထက်ကောင်းကင်၌ ညဉ့်မှောင်သည် အဘယ်မှ ဖြစ်သနည်းဆိုသော် နေရောင်ကို ကွယ်ကာနိုင်သော မြင်းမိုရ် တောင်ကြီးမှဖြစ်သော မြင်းမိုရ်တောင် ရိပ်ကြီးပင်တည်းဟု အမှန် အားဖြင့် သိအပ်၏၊ လူ့ပြည်၌မူကား-နေသည် အလွန်ဝေးစွာသော အရှေ့အရပ်၌ တည်ခဲ့သော်ငြား, အလွန်ဝေးစွာသော အနောက်အရပ်၌ တည်ခဲ့သော်ငြား အကြား၌ရှိနေကြကုန်သော သစ်ပင်,တော,တောင် တို့သည် နေရောင်ကို ကွယ်ကာနိုင်ကြကုန်၏၊ ညဉ့်မှောင်ကို ပြုနိုင်ကြ ကုန်၏။

[ဤကား-နေသည်မြင်းမိုရ်တောင်ကြီးကို အမြဲလှည့်လည်၍ နေရာ၌ ပါဠိသက်သေ,ယုတ္တိသက်သေ များပေတည်း။]

### ၅-အတွင်းသမုဒ္ဒရာရှိပုံပြဆိုချက်

ထိုမြင်းမိုရ်တောင်ကြီးကိုလည်း အတွင်းမဟာသမုဒ္ဒရာကြီးဝန်းရိုင်း လျက် တည်ရှိကြောင်းကို ငြိးပရိတ်တော်ကြီး၌—

ရဟဒေါပိ တတ္ထ ဂမ္ဘီရော သမုဒ္ဒေါ သရိတောဒကော၊

ဟူ၍လာ၏။

**အနက်ကား။** တတ္ထ၊ ထိုအရှေ့အရပ်၌။ ရဟဒေါပိ၊ ရေအိုင်ကြီး သည်လည်း။ ဂမ္ဘီရော၊ အလွန်နက်၏။ သရိတောဒကော၊ လှုပ်ရှား သောရေရှိသော။ သမုဒ္ဒေါ၊ မဟာသမုဒ္ဒရာကြီးပေတည်း။

ဤအတွင်းသမုဒ္ဒရာကြီးသည်ကား-အနက်, အကျယ် အဘယ်မျှရှိ သည်ဟု ဤပါဠိတော်၌ မလာ၊တပါးသော ပါဠိတော်များ၌ အနက်, အကျယ်ယူဇနာ ၈၄၀၀၀-ရှိသည်ဟုလာ၏။

www.dhammaransi.com



နေမိဇာတ်ပါဠိတော်၌ကား-မြင်းမိုရ်တောင်ကြီး၏အရံ တောင်စဉ် ၇-ထပ်ရှိကြောင်းလာ၏၊ တောင်စဉ် ၇-ထပ်တို့၏ အကြား၌လည်း အတွင်းသမုဒ္ဒရာကြီးနှင့် တကွ သီတာသမုဒ္ဒရာ ၇- တန်ရှိကြောင်း လာ၏။

[ဤကား-အတွင်းသမုဒ္ဒရာတို့ကို ပြဆိုချက်ပေတည်း။]

### ၆-အံ့ဘွယ်ရှစ်ဖြာ အပသမုဒ္ဒရာပြဆိုချက်

အဋ္ဌိမေ ဘိက္ခဝေ မဟာသမုဒ္ဒေ အစ္ဆရိယာ အဗ္ဘုတာဓမ္မာ၊ ကတမေ အဋ္ဌ။

၁။ မဟာသမုဒ္ဒေါ ဘိက္ခဝေ အနုပုဗ္ဗနိန္နော အနုပုဗ္ဗပေါဏော အနုပုဗ္ဗပဗ္ဘာရော န အာယတကေနေဝ ပပါတော၊ အယံ ဘိက္ခဝေ မဟာသမုဒ္ဒေ ပဌမော အစ္ဆရိယော။

၂။ ပုန စပရံ ဘိက္ခဝေ မဟာသမုဒ္ဒေါ ဌိတဓမ္မော ဝေလံနာတိ ဝတ္တတိ၊အယံ ဘိက္ခဝေ မဟာသမုဒ္ဒေ ဒုတိယော အစ္ဆရိယော။

၃။ ပုန စပရံ ဘိက္ခဝေ မဟာသမုဒ္ဒေါ န မတေန ကုဏပေန သံဝသတိ၊ ယံ ဟောတိ မဟာသမုဒ္ဒေ မတံ ကုဏပံ၊တံ ခိပ္ပ-ညေဝ တီရံ ဝါဟေတိ၊ ထလံ ဥဿာပေတိ၊ အယံ ဘိက္ခဝေ မဟာသမုဒ္ဒေ တတိယော အစ္ဆရိယော။

၄။ ပုန စပရံ ဘိက္ခဝေ ယာကာစိ မဟာနဒိယော သေယျထိဒံ၊ ဂင်္ဂါ ယမုနာ အစိရဝတီ သရဘူ မဟီ၊ တာ မဟာ သမုဒ္ဒံ ပတ္တာ ဇဟန္တိ ပုရိမာနိ နာမဂေါတ္တာနိ၊ မဟာသမုဒ္ဒေါတွေဝ သင်္ခံ ဂစ္ဆန္တိ၊ အယံ ဘိက္ခဝေ မဟာသမုဒ္ဒေ စတုတ္ထော အစ္ဆရိယော။

၅။ ပုန စပရံ ဘိက္ခဝေ ယာ စ လောကေ သဝန္တိယော မဟာ-သမုဒ္ဒံ အပ္ပေန္တိ၊ယာ စ အန္တလိက္ခာဓာရာ ပပတန္တိ၊န တေန မဟာသမုဒ္ဒဿ ဦနတ္တံ ဝါ ပူရတ္တံ ဝါ ပညာယတိ၊ အယံ ဘိက္ခဝေ မဟာသမုဒ္ဒေ ပဉ္စမော အစ္ဆရိယော။

၆။ ပုန စပရံ ဘိက္ခဝေ မဟာသမုဒ္ဒေါ ဧကရသော လောဏ ရသော၊ အယံ ဘိက္ခဝေ မဟာသမုဒ္ဒေ ဆဋ္ဌော အစ္ဆရိ-ယော။

www.dhammaransi.com



၇။ ပုန စပရံ ဘိက္ခဝေ မဟာသမုဒ္ဒေါ ဗဟု ရတနော အနေက ရတနော၊ တတြိမာနိ ရတနာနိ၊ သေယျထိဒံ၊ မုတ္တာ မဏိ ဝေဠုရိယော သင်္ခေါ သိလာ ပဝါဠံ ရဇတံ ဇာတရူပံ လောဟိတင်္ကော မသာရဂလ္လံ၊ အယံ ဘိက္ခဝေ မဟာသမုဒ္ဒေ သတ္တမော အစ္ဆရိယော။

၈။ ပုန စပရံ ဘိက္ခဝေ မဟာသမုဒ္ဒေါ မဟတံ ဘူတာနံ အာဝါသော၊တတြိမေ ဘူတာ၊တိမိ တိမိင်္ဂလော တိမိတိမိင်္ဂလော အသုရာ နာဂါ ဂန္ဓဗ္ဗာ သန္တိ၊ မဟာသမုဒ္ဒေ ယောဇနသတိကာပိ အတ္တဘာဝါ ဒွိယောဇနသတိကာပိ အတ္တဘာဝါ တိယောဇနသတိကာပိ အတ္တဘာဝါ စတုယောဇနသတိကာပိ အတ္တဘာဝါ ပဉ္စယောဇနသတိကာပိ အတ္တဘာဝါ၊ အယံ ဘိက္ခဝေ မဟာသမုဒ္ဒေ အဋ္ဌမော အစ္ဆရိယော အဗ္ဘုတော ဓမ္မော။

[ဝိနည်း စူဠဝါပါဠိတော်- ပါတိမောက္ခ ထပနက္ခန္ဓက-စာအုပ်နံပါတ် ၃၅၅–ကြောင်းရေ-၁၈။]

### အနက်ကား

၁။ ဘိက္ခဝေ၊ ရဟန်းတို့။ မဟာသမုဒ္ဒေ၊ မဟာသမုဒ္ဒရာ၌၊အစ္ဆရိယာ၊ အံ့ဘွယ်သရဲတို့သည်။ အဗ္ဘုတာဓမ္မာ၊မဖြစ်ဘူးမြဲ ဖြစ်ပေါ်လာသောဓမ္မသဘောတို့သည်။ ဣမေအဋ္ဌ၊ ဤရှစ်ပါးတို့တည်း။

ကတမေအဋ္ဌ၊ အဘယ်ရှစ်ပါးတို့နည်းဟူမူကား-

ဘိက္ခဝေ၊ ရဟန်းတို့။ မဟာသမုဒ္ဒေါ၊ မဟာသမုဒ္ဒရာသည်။ အနုပုဗ္ဗနိန္နော၊ အစဉ်အတိုင်းနိမ့်၏။ အနုပုဗ္ဗပေါဏော၊ အစဉ်အတိုင်းကိုင်း၏။ အနုပုဗ္ဗပဗ္ဘာရော၊အစဉ်အတိုင်းရှိုင်း၏။ အာယတကေနေဝ၊ စတဲ့ခြင်းဖြင့်သာလျှင်။ ပပါတော၊ အနက်ကြီးနက်၍သွားသည်။ န၊ မဟုတ်။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤသည်ကား။ မဟာသမုဒ္ဒေ၊ မဟာသမုဒ္ဒရာ၌။ ပဌမော၊ ရှေးဦးစွာသော။ အစ္ဆရိယော၊ အံ့ဘွယ်သရဲကြီးပေတည်း။

[အလယ်၌ ကျွန်းစွန်း, ကျွန်းစမှစ၍ ပြင်ဘက်၌စကြဝဠာတောင်ခြေရင်းတိုင်အောင် အစဉ်အတိုင်း နိမ့်ရှိုင်း၍သွားသည်ဟုလို။]

www.dhammaransi.com



၂။ ဘိက္ခဝေ၊ ရဟန်းတို့။ ပုနစပရံ၊ တဖန်တပါးတုံ။ မဟာ-သမုဒ္ဒေါ၊ မဟာသမုဒ္ဒရာသည်။ ဌိတဓမ္မော၊ တည်တံ့သောသဘော ရှိ၏။ ဝေလံ၊ ကမ်းကို။ နာတိဝတ္တတိ၊ မလွန်။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤသည်ကား။ မဟာသမုဒ္ဒေ၊မဟာသမုဒ္ဒရာကြီး၌။ ဒုတိယော၊ နှစ်ခုမြောက်သော။ အစ္ဆရိယော၊ အံ့ဘွယ်သရဲကြီးပေတည်း။

[တရံတခါ၌ မည်သည့်ကျွန်းကို မည်သည့်မြို့ကို မည်သည့်နယ်ကို ပင်လယ်ရေလွှမ်းသည်ဟု-ဖြစ်ရသည်ကား- ထိုအရပ်၌ နေသောသူတို့၏ ပါဏာတိပါတ စသောအကြောင်းထူးပေတည်း ဟူလို။]

၃။ ဘိက္ခဝေ၊ ရဟန်းတို့။ ပုနစပရံ၊ တဖန်တပါးတုံ။ မဟာ သမုဒ္ဒေါ၊ မဟာသမုဒ္ဒရာသည်။ မတေန၊ သေပြီးသော။ ကုဏပေန၊ အကောင်ပုပ်နှင့်။ နသံဝသတိ၊ မပေါင်းဖေါ်။ မဟာသမုဒ္ဒေ၊ မဟာ သမုဒ္ဒရာ၌။ မတံ၊သေပြီးသော။ယံကုဏပံ၊ အကြင်အကောင်ပုပ်သည်။ ဟောတိ၊ ရှိလာ၏။ တံကုဏပံ၊ ထိုအကောင်ပုပ်ကို။ ခိပ္ပမေဝ၊ လျင်စွာသာလျှင်။ တီရံ၊ ကမ်းသို့။ ဝါဟေတိ၊ မျောလိုက်၏။ ထလံ၊ ကုန်းသို့။ ဥဿာပေတိ၊ တင်လိုက်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤသည်ကား။ မဟာသမုဒ္ဒေ၊ မဟာသမုဒ္ဒရာ၌။ တတိယော၊ သုံးခု မြောက်သော။ အစ္ဆရိယော၊ အံ့ဘွယ်သရဲကြီးပေတည်း။

[မဟာသမုဒ္ဒရာကြီးမည်သည် ရေနက်ရာ၌ အလွန်လှိုင်းကြီး၏၊ ရေ နက်လေလေ အလွန်လှိုင်းကြီးလေလေ ဖြစ်၏၊ မဟိန္ဒမည်သောလှိုင်းသည် ယူဇနာခြောက်ဆယ်မျှတက်၏ဟု- ကျမ်းဂန်တို့၌ဆို၏၊လေဖြင့် အထက်သို့ တက်သောလှိုင်းဖြစ်လေ၏၊ ထိုလှိုင်းတို့မှဖြစ်သော ဂရက်တို့သည် ကမ်းဆီ သို့သာပြေးကုန်၏၊ ထို့ကြောင့်အသေကောင်ဟူသမျှတို့သည် ကမ်းသို့သာ ရောက်လာကြရကုန်၏၊အသေကောင်သာ မဟုတ်သေး၊ သမုဒ္ဒရာ၌ ပျက် သောသင်္ဘောကြီးပင် ဖြစ်သော်လည်း ကမ်းသို့ လာရောက်ရမြဲဓမ္မတာ ပေတည်းဟူလို။]

၄။ ဘိက္ခဝေ၊ ရဟန်းတို့။ ပုနစ၊ တဖန်လည်း။ အပရံ၊ တပါးတုံ။ ယာကာစိ၊ အလုံးစုံကုန်သော။ မဟာနဒိယော၊ မြစ်ကြီးတို့သည်။ သန္တိ၊ ရှိကုန်၏။ သေယျထိဒံ၊ အဘယ်တို့နည်းဟူမူကား။ ဂင်္ဂါ၊ ဂင်္ဂါမြစ်ကြီး ၎င်း။ ယမုနာ၊ ယမုနာမြစ်ကြီး၎င်း။ အစိရဝတီ၊ အစိရဝတီမြစ်ကြီး ၎င်း။ သရဘူ၊ သရဘူမြစ်ကြီး၎င်း။ မဟီ၊ မဟီမြစ်ကြီး၎င်း။ တာ၊

ထိုမြစ်ကြီးငါးသွယ်တို့သည်။ မဟာသမုဒ္ဒံ၊ မဟာသမုဒ္ဒရာသို့။ ပတ္တာ၊ ရောက်ကုန်သည်ရှိသော်။ ပုရိမာနိ၊ ရှေး၌ဖြစ်ကုန်သော။ နာမ-ဂေါတ္တာနိ၊ အမည်အနွယ်တို့ကို။ ဇဟန္တိ၊စွန့်ကြကုန်၏၊ မဟာသမုဒ္ဒေါတွေဝ၊ မဟာသမုဒ္ဒရာဟူ၍သာလျှင်။ ၊သင်္ခံ၊ ရေတွက်ခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤသည်ကား။ မဟာမုဒ္ဒေ၊ မဟာသမုဒ္ဒရာ၌။ စတုတ္ထော၊ လေးခုမြောက်သော။ အစ္ဆရိယော၊ အံ့ဘွယ်သရဲကြီးပေတည်း။

၅။ ဘိက္ခဝေ၊ ရဟန်းတို့။ ပုနစပရံ၊ တဖန်တပါးတို့။ လောကေ၊ ကောက၌၊ ယာစသဝန္တိယော၊ အကြင်မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာ ချောင်းများစွာတို့သည်။ မဟာသမုဒ္ဒံ၊ မဟာသမုဒ္ဒရာသို့။အပ္ပေန္တိ၊ စီးဝင်ကုန်၏။ ယာစအန္တလိက္ခာဓာရာ၊အကြင်ကောင်းကင်ရှိ မိုဃ်းရေအယဉ်တို့သည်။ ပပတန္တိ၊ နှစ်စဉ်ကျကုန်၏။ တေန၊ ထိုသို့ကျခြင်းကြောင့်။မဟာသမုဒ္ဒဿ၊ မဟာသမုဒ္ဒရာကြီး၏။ ဦနတ္တံဝါ၊ယုတ်လျော့သည်၏ အဖြစ်သည်၎င်း။ပူရတ္တံဝါ၊ ပြည့်ဖြိုးသည်၏ အဖြစ်သည်၎င်း။ နပညာယတိ၊ မထင်။ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤသည်ကား။ မဟာသမုဒ္ဒေ၊ မဟာသမုဒ္ဒရာ၌။ပဉ္စမော၊ ငါးခုမြောက်သော။အစ္ဆရိယော၊ အံ့ဘွယ်သရဲကြီးပေတည်း။

[မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာ ချောင်းများစွာတို့သည် တကမ္ဘာလုံး နာရီမစဲ အမြဲစီးဝင်၍ နေပါလျက်၊ ကောင်းကင်ကျမိုဃ်းရေ အယဉ်တို့သည် နှစ်စဉ် ရွာသွန်း၍ နေပါလျက်၊ သမုဒ္ဒရာရေသည် ပြည့်ဖြိုးတိုးတက်သည်-ဟု မရှိခြင်းသည်ကား-အလျား, အနံ, အနက်, အကျယ်, ကြီးကျယ်သည့်အတွက် ပေတည်း၊ အနံသည်လည်း ယူဇနာပေါင်းရှစ်သောင်းနှစ်ထောင်ကျယ်၏၊ အနက်သည်လည်း စကြဝဠာ တောင်ခြေ၌ ရှစ်သောင်းနှစ်ထောင် နက်၏၊ အလျားအားဖြင့်လည်း ယူဇနာပေါင်း သုံးသန်းခြောက်သိန်း တသောင်းသုံးရာ့ ငါးဆယ် ၃၆၁၀၃၅၀-ရှိ၏-ဟုလိုသည်၊ ဤအလျားယူဇနာသည် ပင်လျှင် တခုသော လောကဓာတ်ကြီး၏ အဝန်းအဝိုင်းကြီးပေတည်း၊ ထိုတခုသော လောကဓာတ်ကြီး၏ အဝန်းဝိုင်းသည်လည်း အင်္ဂလိပ်မိုင်အားဖြင့် လေးကုဋေ ခြောက်သန်း ကိုးသိန်းသုံးသောင်းလေးထောင့် ငါးရာ့ငါးဆယ်၊ ၄၆၉၃၄၅၅၀-ရှိ၏၊ လောကဓာတ်ဆရာတို့ ကမ္ဘာမြေလုံးမည်သည်ကား-အင်္ဂလိပ်မိုင်ပေါင်း ၂၄၀၀၀-မျှရှိသည် ဆို၏။]

www.dhammaransi.com



၆။ ဘိက္ခဝေ၊ရဟန်းတို့။ ပုနစပရံ၊တဖန်တပါးတုံ။ မဟာသမုဒ္ဒေါ၊ မဟာသမုဒ္ဒရာသည်။ ဧကရသော၊ တခုသော အရသာရှိ၏၊ လောဏရသော၊ ဆားငန်ရေအရသာရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤသည်ကား။မဟာသမုဒ္ဒေ၊ မဟာသမုဒ္ဒရာ၌။ ဆဋ္ဌော၊ ခြောက်ခုမြောက်သော။ အစ္ဆရိယော၊ အံ့ဘွယ်သရဲကြီးပေတည်း။

[ကြီးကျယ်လှသော ရေအစုအပေါင်း အလွန်ကြာညောင်းလှသောကြောင့် ဆားငန်ရေအတိဖြစ်၏-ဟု မိလိန္ဒပဉှာ၌လာ၏။]

၇။ ဘိက္ခဝေ၊ ရဟန်းတို့။ ပုနစပရံ၊ တဖန်တပါးတုံ။ မဟာသမုဒ္ဒေါ၊ မဟာသမုဒ္ဒရာသည်။ ဗဟုရတနော၊ များစွာသော ရတနာရှိ၏။ အနေကရတနော၊ အလွန်များသော ရတနာအတိရှိ၏။တတြ၊ ထိုစကား၌။ ဣမာနိ၊ ဤဆိုလတံ့သည့်တို့ကား။ ရတနာနိ၊ ရတနာတို့တည်း။ သေယျထိဒံ၊ အဘယ်တို့နည်း-ဟူမူကား။ မုတ္တာ၊ ပုလဲရတနာမျိုးငင်း။ မဏိ၊ ပတ္တမြားရတနာမျိုးငင်း။ ဝေဠုရိယော၊ ကျောက်မျက်ရွှဲရတနာမျိုးငင်း။ သင်္ခေါ၊ ခရုသင်း ရတနာမျိုးငင်း။ သိလာ၊ ကျောက်သလင်းရတနာမျိုးငင်း။ပဝါဠံ၊ သန္တာရတနာမျိုးငင်း။ရဇတံ၊ ငွေရတနာမျိုးငင်း။ ဇာတရူပံ၊ ရွှေရတနာမျိုးငင်း။ လောဟိတင်္ကော၊ ပတ္တမြားနီ ရတနာမျိုးငင်း။ မသာရဂလ္လံ၊ ပတ္တမြားပြောက်ရတနာမျိုးငင်း။ ဣမာနိရတနာနိ၊ ဤရတနာမျိုးတို့ပေတည်း။ ဘိက္ခဝေ၊ ရဟန်းတို့။အယံ၊ ဤသည်ကား။ မဟာသမုဒ္ဒေ၊ မဟာသမုဒ္ဒရာ၌။ သတ္တမော၊ ခုနစ်ခုမြောက်သော။ အစ္ဆရိယော၊ အံ့ဘွယ်သရဲကြီးပေတည်း။

၈။ ဘိက္ခဝေ၊ ရဟန်းတို့။ ပုနစ၊ တဖန်လည်း။ အပရံ၊ တပါးတုံ။ မဟာသမုဒ္ဒေါ၊ မဟာသမုဒ္ဒရာသည်၊ မဟတံ၊ ကြီးကျယ်စွာကုန်သော။ ဘူတာနံ၊ သတ္တဝါတို့၏။ အာဝါသော၊ နေရာကြီးပေတည်း။ တတြ၊ ထိုစကား၌။ ဣမေ၊ ဤဆိုလတံ့သည်တို့ကား။ ဘူတာ၊ သတ္တဝါတို့ပေတည်း။ တိမိ၊ တိမိမည်သော ငါးကြီးမျိုးတို့သည် ငင်း။ တိမိင်္ဂလော၊ တိမိင်္ဂလမည်သောငါးကြီးမျိုးတို့သည်ငင်း။တိမိတိမိင်္ဂလော၊တိမိတိမိင်္ဂလမည်သော ငါးကြီးမျိုးတို့သည်ငင်း။အသုရာ၊နတ်အသုရာကြီးတို့သည်ငင်း။ နာဂါ၊ ရေနဂါးကြီးတို့သည်ငင်း။ ဂန္ဓဗ္ဗာ၊ ဂန္ဓဗ္ဗမည်သော ရေဘီလူးကြီးတို့သည်ငင်း။ မဟာသမုဒ္ဒေ၊ မဟာသမုဒ္ဒရာ၌။ယောဇနသ-

www.dhammaransi.com



တိကာပိ၊ ယူဇနာတရာရှိကုန်သော။အတ္တဘာဝါ၊ အတ္တဘောတို့သည်။ သန္တိ၊ရှိကုန်၏။ ဒွိယောဇနသတိကာပိ၊ ယူဇနာနှစ်ရာ ရှိကုန်သော။ အတ္တဘာဝါ၊ အတ္တဘောတို့သည်။ သန္တိ၊ရှိကုန်၏။ တိယောဇနသတိကာပိ၊ ယူဇနာသုံးရာရှိကုန်သော။ အတ္တဘာဝါ၊ အတ္တဘောတို့သည်။ သန္တိ၊ ရှိကုန်၏။ စတုယောဇနသတိကာပိ၊ ယူဇနာလေးရာရှိကုန်သော။ အတ္တဘာဝါ၊ အတ္တဘောတို့သည်။ သန္တိ၊ ရှိကုန်၏။ ပဉ္စယောဇနသတိကာပိ၊ ယူဇနာငါးရာရှိကုန်သော။ အတ္တဘာဝါ၊ အတ္တဘောတို့သည်။ သန္တိ၊ ရှိကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤသည်ကား။ မဟာသမုဒ္ဒေ၊ မဟာသမုဒ္ဒရာ၌။ အဋ္ဌမော၊ ရှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော။ အစ္ဆရိယော၊ မဖြစ်ဘူးမြဲဖြစ်ပေါ်လာသော ဓမ္မသဘောသည်။ အဗ္ဘုတဓမ္မော၊ အံ့ဘွယ်သရဲကြီးပေတည်း။

ဤ၌ ယူဇနာငါးရာဆိုသည်ကား—အလျားယူဇနာငါးရာ ပေတည်း။ အင်္ဂလိပ်မိုင်အားဖြင့် မိုင်ပေါင်း ၆၅၀၀-ကျော်ရှိ၏။ လောကဓာတ်မြေလုံး၌ကား-တောင်နှင့်မြောက်ထုတ်ချင်း မိုင်ပေါင်း ခုနစ်ထောင်ကိုးရာမျှသာရှိ၏။ ထိုအတ္တဘောကြီးထက် မိုင်ပေါင်း ၁၄၀၀-မျှသာ ပို၏၊ မဟာသမုဒ္ဒရာ၌ မူကား-ဤအတ္တဘောကြီးမျိုး သိန်းသန်းများစွာရှိလေရာ၏။

[ဤကား-ခေလးကျွန်းလုံးကို ပြင်ဘက်၌ ပတ်ဝိုက်လျက် တည်သော လောကဓာတ်ကျွန်းပဘ် အပေသမုဒ္ဒရာကြီးကို ပြဆိုချက်ပေတည်း။]

### ၇—စကြဝဠာတောင်နှင့်လောကန္တရိက်ငရဲကြီး

ဤသမုဒ္ဒရာကြီး၏ ပြင်ဘက်၌လည်း စကြဝဠာ တောင်ဝိုင်းကြီးသည်ရှိ၏၊ စကြဝဠာတောင်ဝိုင်းကြီး သုံးခုတို့၏ ပေါင်းဆုံရာ ဌာန၌ လောကန္တရိက်ခေါ်သော အလွန်နက်လှစွာသော နရက်ချောက်တွင်းကြီးသည်ရှိ၏၊ ထို့ကြောင့်-သုတ်မဟာဝါပါဠိတော် မဟာပဓာနသုတ်ကြီး၌ ဟောတော်မူပေ၏။

> ယထာ လောကန္တရိကာ အဃာ အသံဝုဋာ အန္ဓကာရာ အန္ဓကာရတိမိသာ၊ ယတ္ထပိမေ စန္ဒိမ သူရိယာ ဧဝံမဟိဒ္ဓိကာ ဧဝံမဟာနုဘာဝါ အာဘာယ နာနုဘောန္တိ၊ တတ္ထပိအပ္ပမာဏော ဥဠာရော ဩဘာသော ပါတုဘဝတိ အတိက္ကမ္မေဝ ဒေဝါနံ ဒေဝါနုဘာဝံ။

www.dhammaransi.com



**အနက်ကား။** ယထာ လောကန္တရိကာ၊ အကြင်လောက ဓာတ်သုံးပါးတို့၏ ပေါင်းဆုံရာတွင်ရှိသော နရက်ချောက်တွင်းကြီးတို့သည်။ အဃာ၊ အမြဲဟင်းလင်းပွင့်ကုန်၏။ အသံဝုဋာ၊ အောက်အထက်၌ အပိတ်မရှိကုန်၊အန္ဓကာရာ၊ အမိုက်တိုက်ဖြစ်ကုန်၏။ အန္ဓကာရတိမိသာ၊ စက္ခု၏ မမြင်ခြင်းကို ပြုလုပ်တတ်သော အမိုက်တိုက်နှင့် ပြည့်စုံကုန်၏။ ယတ္ထစ၊ အကြင်နရက်ချောက်တွင်းကြီးတို့၌လည်း။ဧဝံ၊ ဤသို့။ မဟိဒ္ဓိကာ၊ ကြီးသောတန်ခိုးရှိကုန်သော။ ဧဝံ၊ဤသို့။ မဟာနုဘာဝါ၊ ကြီးသောအာနုဘော်ရှိကုန်သော။ ဣမေစန္ဒိမသူရိယာ၊ ဤလ,နေတို့သည်။ အာဘာယ၊ မိမိတို့အရောင်ဖြင့်။ နာနုဘောန္တိ၊ ထွန်းလင်းခြင်းငှါ မစွမ်းနိုင်ကုန်။ တတ္ထပိ၊ ထိုနရက်ချောက်တွင်းကြီးတို့၌လည်း။အပ္ပမာဏော၊ အတိုင်းအရှည်မရှိသော။ ဥဠာရော၊ မြတ်သော။ သြဘာသော၊ ပစ္ဆိမဘဝိက ဘုရားလောင်းတို့၏-ပဋိသန္ဓေ နေတော်မူသောအခါ, ဖွါးတော်မူသောအခါစသည်တို့၌ ဖြစ်သော အရောင်အလင်းသည်။ ဒေဝါနံ၊ နတ်တို့၏။ဒေဝါနုဘာဝံ၊ နတ်တို့၏ အရောင်အလင်းအာနုဘော်ကို။ အတိက္ကမ္မေဝ၊လွန်၍သာလျှင်။ ပါတုဘဝတိ၊ ထင်ရှားဖြစ်၏။

ထိုနရက်ချောက်တွင်းကြီး၌ နေရောင်,လရောင်တို့ မရောက်နိုင်ခြင်းအကြောင်းကား—

စကြဝဠာတောင်ကြီးသည် သမုဒ္ဒရာရေထဲ၌ ယူဇနာ ရှစ်သောင်းနှစ်ထောင်မြုပ်၏၊ သမုဒ္ဒရာရေပေါ်၌-ယူဇနာ ရှစ်သောင်း နှစ်ထောင်မြင့်၏၊ နေ, လတို့သည် ယူဇနာလေးသောင်း နှစ်ထောင်တွင် လှည့်လည်ကြကုန်၏၊ စကြဝဠာတောင်ကြီးသည် နေ, လတို့မှ အထက်၌ ယူဇနာ လေးသောင်း မြင့်သေး၏၊ ထို့ကြောင့် နေရောင်,လရောင်တို့သည် ထိုနရက် ချောက်တွင်းကြီး၌ မထွန်းလင်းနိုင် ရှိလေသတည်း။

ထိုနရက် ချောက်တွင်းကြီးသည်ကား—

အလျား, အနံယူဇနာ ရှစ်ထောင်ရှိ၏၊ အောက်၌ကမ္ဘာရေပြင်ကြီးသို့ဆိုက်၏၊ဤနေရာ၌ကမ္ဘာမြေကြောပြတ်၏၊လောက၌ စေတီပေါဓိပင်များကို ဖျက်ဆီးသောသူ,ရတနာသုံးပါးကိုပြစ်မှားသောသူ,ဆရာ

www.dhammaransi.com



မိဘကို ပြစ်မှားသော သူတို့သည် ထိုချောက်ကြီး၌ ဖြစ်ကြကုန်၍ ကြီးစွာသောဒုက္ခကို ခံစားကြရကုန်၏၊ ထို့ကြောင့် ထိုနရက် ချောက်တွင်းကြီးတို့ကို လောကန္တရိက်ငရဲ-ဟူ၍လည်းဆိုအပ်ကုန်၏၊ငရဲကြီးရှစ်ထပ်တို့သည် မူကား-ဇမ္ဗူဒီပါ ကျွန်း၏အောက်၌ မဟာပထဝီ မြေကြီး၏အတွင်း ယူဇနာ အထောင်များစွာ ကျယ်သော မြေဥမင်ကြီးတို့၌ ယူဇနာ သောင်းငါးထောင်စီ ကွာခြား၍ အထက်အောက် တည်ရှိကြကုန်၏။

ငရဲကြီးရှစ်ထပ်ဆိုသည်ကား—

၁။ သိဉ္စိုဝ်းငရဲကြီး,

၂။ ကာလသုတ် ငရဲကြီး,

၃။ သင်္ဃာတငရဲကြီး,

၄။ ရောရုဝငရဲကြီး,

၅။ မဟာရောရုဝ ငရဲကြီး,

၆။ တာပနငရဲကြီး,

၇။ မဟာတာပန ငရဲကြီး,

၈။ အဝီစိငရဲကြီး,

ဤကား-ငရဲကြီးရှစ်ထပ်တို့ပေတည်း။

ဤကား-စကြဝဠာတောင်ပိုင်းကြီးနှင့် လောကန္တရိက် ငရဲကြီးများကို ပြဆိုချက်ပေတည်း။

ဤတွင်ရွှေကား-စကြဝဠာ တောင်ကြီးနှင့်တကွ ထိုတောင်ကြီး၏ အတွင်း၌ တည်ရှိသော တခုသော လောကဓာတ်ကြီး၏ ကြီးမားထင်ရှားသော အဆောက်အဦကြီးတို့ကို ပြဆိုခဲ့ပြီးတည်း။

ထိုအဆောက်အဦကြီးတို့ကို စွေစုံစွာ ထုတ်ဖော်လာရှိသော ပါဠိတော်ကြီးကား—

ဘဂဝါ တေဒဝေါစ၊ ယာဝတာ အနန္တ စန္ဒိမသူရိယာ ပရိဟရန္တိ ဒိသာ ဘန္တိ ဝိရောစမာနာ၊ တာဝ သဟဿဓာတု လောကော၊ တသ္မိံ သဟဿဓာတုလောကေ သဟဿံ စန္ဒာနံ သဟဿံ သူရိယာနံ၊ သဟဿံ သိနေရုပဗ္ဗတရာဇာနံ သဟဿံ

www.dhammaransi.com



ဇမ္ဗုဒီပါနံ သဟဿံ အပရဂေါယာနံ သဟဿံ ဥတ္တရကုရူနံ သဟဿံ ပုဗ္ဗဝိဒေဟာနံ စတ္တာရိ မဟာသမုဒ္ဒ သဟဿာနိ စတ္တာရိ မဟာရာဇသဟဿာနိသဟဿံ စာတုမဟာရာဇိကာနံ သဟဿံ တာဝတိံသာနံ သဟဿံ ယာမာနံ သဟဿံ တုသိတာနံ သဟဿံ နိမ္မာနရတီနံ သဟဿံ ပရနိမ္မိတဝသဝတ္တီနံ သဟဿံ ဗြဟ္မလောကာနံ၊အယံဝုစ္စတိ-အာနန္ဒ သဟဿီ စူဠနိကာ လောကဓာတု။

[တိကင်္ဂုတ္တရပါဠိတော်။]

**အနက်ကား။** ဘဂဝါ၊ မြတ်စွာဘုရားသခင်သည်။ တေ၊ ဤစကားကို။ အဝေါစ၊ မိန့်တော်မူ၏။ အာနန္ဒ၊ အာနန္ဒာ။ ယာဝတာ၊အကြင်မျှလောက်သော အရပ်၌။ စန္ဒိမသူရိယာ၊ လ,နေတို့သည်။ ပရိဟရန္တိ၊ လှည့်လည်ကုန်၏။ ဒိသာ၊အရပ်မျက်နှာတို့ကို-ဝါ-အရပ်မျက်နှာတို့၌။ ဝိရောစမာနာ၊ တင့်တယ်ကုန်လျက်။ ဘန္တိ၊ ထွန်းတောက်ပ ကုန်၏။ တာဝ၊ထိုမျှလောက် လ,နေတို့လှည့်လည် တောက်ပရာအရပ်အားဖြင့်။ သဟဿ ဓာတုလောကော၊ တထောင်သော လောကဓာတ်သည်။ ဟောတိ၊ဖြစ်၏။

တသ္မိံ သဟဿဓာတုလောကေ၊ ယိုတထောင်သော လောကဓာတ်၌။ စန္ဒာနံ၊ လတို့၏။ သဟဿံ၊တထောင်သည်။ သူရိယာနံ၊ နေတို့၏။ သဟဿံ၊ တထောင်သည်။ သိနေရုပဗ္ဗတရာဇာနံ၊ မြင်းမိုရ်တောင်မင်းတို့၏။ သဟဿံ၊ တထောင်သည်။ ဇမ္ဗုဒီပါနံ၊ ဇမ္ဗူဒိပ်ကျွန်းတို့၏။ သဟဿံ၊ တထောင်သည်။ အပရဂေါယာနံ၊ အပရဂေါယာကျွန်းတို့၏။ သဟဿံ၊ တထောင်သည်။ ဥတ္တရကုရူနံ၊ ဥတ္တရကုရုကျွန်းတို့၏။ သဟဿံ၊ တထောင်သည်။ ပုဗ္ဗဝိဒေဟာနံ၊ ပုဗ္ဗဝိဒေဟကျွန်းတို့၏။ သဟဿံ၊ တထောင်သည်။

စတ္တာရိ မဟာသမုဒ္ဒသဟဿာနိ၊ လေးထောင်သော မဟာသမုဒ္ဒရာတို့သည်။ စတ္တာရိမဟာရာဇသဟဿာနိ၊ လေးထောင်သော နတ်မင်းကြီးတို့သည်။ စာတုမဟာရာဇိကာနံ၊ စာတုမဟာရာဇ်နတ်ပြည်တို့၏။ သဟဿံ၊ တထောင်သည်။ တာဝတိံသာနံ၊ တာဝတိံသာ

www.dhammaransi.com



နတ်ပြည်တို့၏။ သဟဿံ၊ တထောင်သည်။ ယာမာနံ၊ ယာမာနတ်ပြည်တို့၏။ သဟဿံ၊ တထောင်သည်။ တုသိတာနံ၊ တုသိတာနတ်ပြည်တို့၏။ သဟဿံ၊ တထောင်သည်။ နိမ္မာနရတီနံ၊ နိမ္မာနရတိ နတ်ပြည်တို့၏။ သဟဿံ၊ တထောင်သည်။ ပရနိမ္မိတ ဝသဝတ္တီနံ၊ ပရနိမ္မိတ ဝသဝတ္တီနတ်ပြည်တို့၏။ သဟဿံ၊ တထောင်သည်။ ဗြဟ္မလောကာနံ၊ ဗြဟ္မာပြည်တို့၏။ သဟဿံ၊ တထောင်သည်။ ဟောတိ၊ ဖြစ်၏။

အာနန္ဒ၊ အာနန္ဒာ။ အယံ၊ ဤတထောင်သော စကြဝဠာလောကဓာတ်ကို။ သဟဿီစူဠနိကာ လောကဓာတု၊သဟဿီစူဠနိကာ လောကဓာတ်ဟူ၍။ ဝါ၊ အတိညာဉ်ရသော သာဝကတို့ အသံပျံ့နှံ့ရာ တထောင်သော အရေအတွက်ရှိသောငယ်သော လောကဓာတ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

၁။ ငယ်သောလောကဓာတ် ဆိုသည်ကား-အလတ်, အကြီးတို့ကိုထောက်၍ဆိုသတည်း။

၂။ အလတ်ဆိုသည်ကား-ငင်းတထောင်ကိုတည်၊ တထောင်နှင့်မြှောက် လောကဓာတ်ပေါင်းတသန်းဖြစ်၏၊ မဇ္ဈိမိက လောကဓာတ်ဖြစ်၏။

၃။ အကြီးဆိုသည်ကား-ငင်းတသန်းကိုတည်၊ တသန်းနှင့်မြှောက် လောကဓာတ်ပေါင်း ကုဋေတသိန်းဖြစ်၏၊ မဟာသဟဿီလောကဓာတ်မျိုးမည်၏၊ ဖြစ်အတူ,ပျက်အတူ ဖွဲ့စည်းလျက်ရှိသော စကြဝဠာ ကုဋေတသိန်းပေတည်း၊ အာဏာခေတ်ဟူ၍လည်းခေါ်၏။

[ထိုမှကြွင်းသော စကြဝဠာအနန္တတို့ကိုမူကား-ဝိသယခေတ်ဟူ၍ခေါ်၏။]

ဤ၌ စကြဝဠာတောင်၏အတွင်း၌ တည်ရှိသော တခုသော လောကဓာတ်အဝန်းအဝိုင်းကြီး၏ ပမာဏကား-အရှေ့,အနောက်,တောင်,မြောက် ထုတ်ချင်းခပ်အားဖြင့် အင်္ဂလိပ်မိုင်ပေါင်း၃၆၁၀၃၅၀-ရှိ၏၊ ထိုတခုသော လောကဓာတ်ကြီး၏ အဝန်းအဝိုင်းအားဖြင့် အင်္ဂလိပ်မိုင်ပေါင်း ၄၆၈၃၄၅၅၀-ရှိ၏၊ ဗုဒ္ဓဘာသာ ကျမ်းဂန်တို့၌ ယူဇနာ

www.dhammaransi.com



ကိုသာဆို၍၊ တယူဇနာကို အင်္ဂလိပ်မိုင်ပေါင်း ၁၃– မိုင်ထား၍ တွက်လေ။

ဤတွင်ရွေကား-မုဒ္ဒဘာသာ ပါဠိတော်ကြီးကို၌လာသော
တခုသောကမ္ဘာမြေဝန်းကြီး, ကမ္ဘာမြေဝိုင်းကြီးကို
ပြဆိုချက်ပြီး၏။

---

## ပထဝီဝင်စာအုပ်များ၌ပါသော မြေလုံးဝါဒ ရှင်းလင်းချက်

**ပထဝီဝင်။** ထိုစာအုပ်ငယ်များ၌ မြေကြီး၏ပုံသဏ္ဌာန်မှာ ဘောလုံး သဖွယ်ရှိ၍၊ သို့သော် ရှောက်သီးများကဲ့သို့ ထိပ်နှစ်ဖက်က အနည်း ငယ်ပြား၏၊ မြေကြီးသည် ပြားပြန့်နေသည်ဟု ထင်မှတ်ရသည်၊ ဤကဲ့ သို့ထင်မှတ်ရခြင်းမှာ ၎င်း၏အစိတ်အပိုင်း အနည်းငယ်လောက်ကိုသာ မြင်ရ၍ဖြစ်ပါသည်။

[ဤကား-မြေလုံးဝါဒအဆိုတည်း။]

**အဖြေကား။** ထိုကဲ့သို့ အရပ်ဆယ်မျက်နှာ၌ မြေကြောပြတ်အောင် လုံးလျက်ရှိနေသော ကမ္ဘာမြေလုံးဟူ၍ မရှိကြောင်း၊ လောကဓာတ် အနန္တတိုင်အောင် တပြင်တည်းတည်ရှိသောကမ္ဘာမြေပြင်ကြီး, ကမ္ဘာ ရေပြင်ကြီး, ကမ္ဘာလေပြင်ကြီး များသည်သာလျှင် ရှိကြောင်းကိုပါဠိ တော်ကြီးများနှင့်တကွထုတ်ပြခဲ့ပြီ။

[ဤကား-အဖြေတည်း။]

**ပထဝီဝင်။** ထိုစာအုပ်ငယ်များ၌ လုံးကြောင်းကို အောက်ပါသက် သေထုတ်ချက်တို့ဖြင့် ထင်ရှားပါသည်၊ ဥပမာကား–သင်္ဘော တစင်းသည် သမုဒ္ဒရာပင်လယ်ထဲတွင် ကုန်းဖက်သို့ ရွက်တိုက် လာသည့်အခါ ရွက်တိုင်များကို ပဌမမြင်ပြီးနောက် တဖြည်း ဖြည်းသင်္ဘောဝမ်းကို မြင်ရပါသည်၊ အဘယ့်ကြောင့်ဆိုသော် သင်္ဘောဝမ်းကို ပဌမ၌ ခုန်း၍နေသောမြေကြီးက ဖုံးကွယ်ထား သည်နှင့် သင်္ဘောဝမ်းသည် ရွက်တိုင်ထက် ကြီးမားပါသော် လည်း အရင်မမြင်ရ၊ မြေကြီးသာပြားပါမူ-၎င်းကိုပဌမအရင် မြင်ရစရာ အကြောင်းရှိပါသည်။

[ဤကား-မြေလုံးဝါဒအဆိုတည်း။]

www.dhammaransi.com



**အဖြေကား။** ထိုဥပမာ၌ သင်္ဘောဝမ်းကိုမမြင်ရသည်မှာ အကြား၌ ခုန်းကြွ၍ နေသော မြေလုံး ဖုံးကွယ်မှုကြောင့် မမြင်ရသည်မဟုတ်၊ အကြား၌ ထကြွ၍နေသော လှိုင်းဂရက်များ ဖုံးကွယ်မှုကြောင့်သာ သင်္ဘောဝမ်းကိုမမြင်ရခြင်းဖြစ်သတည်း။

**ယုတ္တိကား။** လက်ဝါးဖြင့် ဝတ္ထုတပါးကို ကွယ်ကာ၍ကြည့်ရှုရာ၌ ထိုလက်ဝါးသည် အနီးတွင်ရှိသော ဝတ္ထုများမှာ လက်ဝါးမျှရှိသော အရပ်ကိုသာ ကွယ်ကာနိုင်၏၊အဝေး၌ရှိသော ဝတ္ထုများမှာ လက်ဝါး နှစ်ပြန်စာ သုံးပြန်စာရှိသော ဝတ္ထုများကို ကွယ်ကာနိုင်၏၊ ထိုထက် ဝေးသော ဝတ္ထုများမှာမူကား-ထိုလက်ဝါးသည် သစ်ပင်ကြီးတခုလုံး ကို ကွယ်ကာနိုင်၏၊ အလွန်ဝေးခဲ့မူကား-ထိုလက်ဝါးသည်တောင်ကြီး တခုလုံးကို ကွယ်ကာနိုင်၏၊ ဤယုတ္တိအတိုင်း ဥပမာ၌သင်္ဘောဝမ်းကို မမြင်ရသည်မှာ အကြား၌ ခုန်းကြွ၍နေသောမြေလုံး၏ ကွယ်မှုကြောင့် မမြင်ရသည်မဟုတ်၊ အကြား၌ ထကြွ၍နေသော လှိုင်းဂရက်များ၏ ကွယ်မှုကြောင့်သာ သင်္ဘောဝမ်းကို မမြင်ရခြင်း ဖြစ်သတည်း။

[ဤကား-အဖြေတည်း။]

**ပထဝီဝင်။** ဥပမာကား—သင်္ဘောတို့သည် တနေရာမှ အရှေ့စူးစူး ဖြစ်စေ, အနောက်စူးစူးဖြစ်စေ,ထွက်ခွါသွားပါမူ နောက်ဆုံး တနေ့၌ ပရွက်ဆိပ်တကောင်သည် လိမ်မော်သီးပေါ်တွင် သွားလာဘိသကဲ့သို့ မိမိထွက်ခွါ၍လာခဲ့သော နေရာဖက်သို့ ရောက်ရှိပါသည်။

[ဤကား-မြေလုံးဝါဒအဆိုတည်း။]

**အဖြေကား။** ထိုသင်္ဘောသည် မြေလုံးကို လှည့်ပတ်၍လာသော ကြောင့် နောက်ဆုံးတနေ့၌ မိမိတို့၏နေရာသို့ ရောက်သည်မဟုတ်၊ ကျွန်းမြေပြင်ကိုပတ်သော ကျွန်းပတ် သင်္ဘောဖြစ်၍ နေသောကြောင့် သာလျှင် နောက်ဆုံးတနေ့၌ မိမိတို့ထွက်ခွါလာခဲ့သော နေရာဖက်သို့ ရောက်ရှိကြကုန်သတည်း။

**ယုတ္တိကား။** သမုဒ္ဒရာ၌ အံ့ဘွယ်ရှစ်ပါးတို့တွင် တတိယအံ့ဘွယ်၌ မဟာသမုဒ္ဒရာမည်သည် ရေနက်ရာ၌ အလွန်လှိုင်းကြီး၏၊ ရေအလွန်

www.dhammaransi.com



နက်လေလေ အလွန်လှိုင်းကြီးလေလေဖြစ်၏၊ ထိုလှိုင်းတို့မှဖြစ်သော ဂရက်တို့သည် ကမ်းဆီသို့သာပြေးကုန်၏၊ ထို့ကြောင့် အသေကောင် ဝတ္ထု ဟူသမျှတို့သည် ကမ်းသို့သာရောက်လာကြရကုန်၏၊ အသေကောင် ဝတ္ထုသာ မဟုတ်သေး၊ သမုဒ္ဒရာ၌ပျက်သော သင်္ဘောကြီးပင် ဖြစ်သော်လည်း ကမ်းသို့ရောက်ရမြဲ ဓမ္မတာပေတည်းဟူ၍ ဆိုခဲ့သော အတိုင်း ထိုသင်္ဘောသည် ကျွန်းပတ် သင်္ဘောတို့သာဖြစ်၍ နေကြကုန်၏။

အဘယ့်ကြောင့်နည်း ဆိုသော် လူတို့၏အကျိုး ကိစ္စမည်သည် ရေတိမ်ရာမြို့ရွာ ဆိပ်ကမ်းတို့၌သာရှိကြ၏၊ ရေအလွန်နက်ရာ၌ မရှိကြ၊ သင်္ဘောမည်သည် ပဲ့တက်ကို ခိုင်မြဲစွာထား၍ ရွက်ဟုန်စက်ဟုန်တို့ဖြင့် အတင်းတိုက်လွှင့်မှသာလျှင် အလွန်ရေနက်ရာသို့ ဖြောင့်တန်းစွာ သွားနိုင်၏၊ သို့မဟုတ်လျှင် အလွန်ရေနက်ရာမှ လှိုင်းဂရက်တို့သည် ခုခံတွန်းလှန်သည့်အတွက် ရေတိမ်ရာကမ်းရှိရာသို့သာ တလဲလဲ ရောက်လာလတ့်၊ ရေတိမ်ရာကမ်းရှိရာကို လုံးလုံးစွန့်ပစ်၍ ရေအနက်ဆုံးဖြစ်သော ဌာနသို့ သေသေကြေကြေမဆုတ်တန်း, မပြန်တန်း ရောက်အောင်သွားမည်ဟု ပေါက်လွှတ်သွားသော သင်္ဘောမည်သည်မရှိ၊ ထို့ကြောင့် ထိုသင်္ဘောတို့သည် ကျွန်းပတ် သင်္ဘောဖြစ်၍ နေသောကြောင့်သာလျှင် နောက်ဆုံးတနေ့၌ မိမိတို့ ထွက်ခွါလာခဲ့သော နေရာသို့ ရောက်ရှိကြကုန်သတည်း။

[ဤကား-ဥပမာ ၂-မျိုးကို ယှဉ်တွဲနှင့်တကွ ဖြေဆိုချက်ပေတည်း။]

**ပဏ္ဍိတ်။** ဥပမာကား-လ-ငပုတ် ဖမ်းသည့် အခါ လ-အပေါ်တွင် မြေအရိပ်သွား၍ ထိုးခြင်းကြောင့် ဖြစ်ပါသည်၊ ၎င်းအရိပ်သည် ဝိုင်းနေသည် ဖြစ်၍ မြေကြီးလုံးကြောင်း ထင်ရှားပါသည်။

[ဤကား-မြေလုံးဝါဒအဆိုတည်း။]

**အဖြေကား။** ထိုအရိပ်သည် မြေလုံး၏ အရိပ်မဟုတ်၊ ရာဟုဂြိုဟ်၏ အရိပ်သာဖြစ်၏။

www.dhammaransi.com



**ယုတ္တိကား။** လ,မည်သည် နေရောင်ကင်းလွတ်ရာ ညဦ့အခါ၌သာ ထွန်းလင်းတောက်ပ၏၊ ညဦ့အခါမည်သည်လည်း ထိုသူတို့ အလိုအား ဖြင့် မြေလုံး၏အောက်၌သာ ရှိ၏၊ မြေလုံးသည် အထက်၌ ရှိသော နေရောင်ကို ကွယ်ကာ၍ အောက်၌ အရိပ်ညဦ့မှောင်ကို ဖြစ်စေ၏၊ လ-သည် ထိုညဦ့မှောင်ကိုရ၍ ထွန်းလင်းတောက်ပနိုင်၏၊ အကယ်၍ လ,ပေုတ်ဖမ်းသောအခါ လ,၌မည်းညစ်သော အရိပ်သည်မြေလုံးရိပ် ဖြစ်ခဲ့ပြားအံ့၊လ-သည် တလလျှင် ၂၆-ရက်ပတ်လုံး မြေလုံး၏အောက် ၌သာရှိနေသောကြောင့် ၂၆-ရက်ပတ်လုံးလပေုတ်ဖမ်းသောနေ့ချည်း ဖြစ်လေရာ၏၊ ထို့ကြောင့် လ,ပေုတ်ဖမ်းသောအခါ လ၌ပေါ်သော အရိပ်သည် မြေလုံး၏ အရိပ်မဟုတ်၊ ရာဟုဂြိုဟ်၏ အရိပ်သာ ဖြစ်၏။

[ဤကား-အဖြေတည်း။]

ဤအရာ၌ ထိုကျမ်းစာအုပ်တွင် နောက်ဖျား၌ လာသော နေ, ပေုတ်ဖမ်းခဏ်း လ-ပေုတ်ဖမ်းခဏ်း ပြဆိုရာ၏။

**ပထစိဝင်။** နေ့,ပေုတ်ဖမ်းခြင်းမှာ-လသည် နေနှင့် မြေကြီးကြား တွင်ရောက်ရှိသည့်အခါ ဖြစ်ပါသည်၊ လ, ပေုတ်ဖမ်း ခြင်းမှာ-လနှင့် နေကြားတွင် မြေကြီးရောက်ရှိသည့် အခါဖြစ်ပါသည်။

[ဤကား-မြေလုံးဝါဒအဆိုတည်း။]

**အဖြေကား။** နေ, ပေုတ်ဖမ်းခြင်းမှာ- လ,သည် နေ, နှင့်မြေကြီး ကြားတွင် ရောက်ရှိသည့်အခါမဟုတ်၊နေသည် ရာဟုဂြိုဟ်နှင့် တိုက် ဆိုင်မိသော အခါပေတည်း။

**ယုတ္တိကား။** လ-သည် နေနှင့် မြေလုံးကြားတွင် ရောက်ရှိသော အခါ မည်သည်ကား-လကွယ်နေ့ပေတည်း၊ ထို့ကြောင့် ထိုသို့ယူခဲ့ သော် လကွယ်နေ့တိုင်း နေ-ပေုတ်ဖမ်းသော နေ့ချည်းဖြစ်ရာ၏။

လ-ပေုတ်ဖမ်းခြင်း မည်သည်လည်း-လနှင့် နေကြားတွင် မြေကြီး ရောက်ရှိသည့် အခါမဟုတ်၊ လသည် ရာဟုဂြိုဟ်နှင့် တိုက်ဆိုင်မိသော အခါ ပေတည်း။

[**ယုတ္တိကား**-ရှေး လ, ပေုတ်ဖမ်းခဏ်း၌ ပြဆိုခဲ့ပြီ။]

www.dhammaransi.com



ဤ၌ နေ, လတို့မှာ ပေပုတ်ဖမ်းမှုကို အကြီအဆ ချော်ချွတ်သည်မှာ မြေလုံးဝါဒီဆရာသည် ကောင်းကင်၌ရာဟုဂြိုဟ်ရှိမှန်းကို မသိ၊အဘယ့်ကြောင့် မသိသနည်း-ဟုဆိုမူ-ရာဟုဂြိုဟ်မည်သည် အရောင်အဝါမရှိ၊ မည်းညစ်သော အဆင်းရှိသောကြောင့် မှန်ပြောင်း၌ မထင်လေ၊ ထို့ကြောင့် နောက် ကြယ်တို့ကို ပြဆိုခဏ်း၌ ရာဟုဂြိုဟ်ကြယ်-ဟူ၍ မပါချေ၊ ဗေဒင်ကျမ်းဂန်တို့၌ မူကား-ရာဟုဂြိုဟ်သည် အခမ်းအနားကြီးကျယ်သော ဂြိုဟ်ကြီးတလုံးဖြစ်ပေ၏။

ဗုဒ္ဓဘာသာ ပါဠိတော်၌လည်း-တရံရောအခါ ရာဟုခေါ်သော အသူရိန်နတ်ကြီးသည် လဗိမာန်ကိုဖမ်း၏၊ လဗိမာန်၌ရှိသော နတ်တို့သည် ကြောက်လန့်တကြား ဖြစ်ကြကုန်၏၊ ထိုအခါ လနတ်သားသည် မြတ်စွာဘုရားကို ကယ်တော်မူပါ-ဟု တောင်းပန်လိုက်၏၊ မြတ်စွာဘုရားသည် ဂါထာကိုရွတ်ဆို၍ ရာဟုကို ခြိမ်းမောင်းတော်မူရာ ရာဟုသည် လဗိမာန်ကိုလွှတ်၍ ပြေးရလေ၏၊ ခြိမ်းမောင်းသော ဂါထာကား—

တထာဂတံ အရဟန္တံ၊ စန္ဒိမာ သရဏံ ဂတော။
ရာဟု စန္ဒံ ပမုစ္စဿု၊ ဗုဒ္ဓါ လောကာနု ကမ္ပကာ။ ။
[ဒေဝပုတ္တသံယုတ်ပါဠိတော်။]

**အနက်ကား။** အရဟန္တံ၊ အရဟံဂုဏ်နှင့် ပြည့်စုံသော။ တထာဂတံ၊ ငါဘုရားကို။ စန္ဒိမာ၊ လနတ်သားသည်။ သရဏံ၊ ကိုးကွယ်ရာ-ဟူ၍။ ဂတော၊ ဆည်းကပ်၏။ ရာဟု၊ ဟဲ့-ရာဟု။ စန္ဒံ၊ လဗိမာန်ကို။ ပမုစ္စဿု၊နင်ယခု လွှတ်လော့။ ဗုဒ္ဓါ၊ ငါတို့ဘုရား မည်သည်။ လောကာနုကမ္ပကာ၊ သတ္တလောကကို သနားစောင်မ ကယ်ဆယ်ရကုန်၏။

တရံရောအခါ၌ နေဗိမာန်ကိုလည်း ရာဟုဖမ်းလေရာ နေနတ်သား၏ တောင်းပန်ချက်နှင့် ရာဟုကို ခြိမ်းမောင်းတော် မူသော ဂါထာကား—

တထာဂတံ အရဟန္တံ၊ သူရိယော သရဏံ ဂတော။
ရာဟု သူရိယံ ပမုစ္စဿု၊ဗုဒ္ဓါ လောကာနုကမ္ပကာ။ ။
[ဒေဝပုတ္တသံယုတ်ပါဠိတော်။]

www.dhammaransi.com



**အနက်ကား။** အရဟန္တံ၊ အရဟံဂုဏ်နှင့်ပြည့်စုံသော။ တထာဂတံ၊ ငါဘုရားကို။ သူရိယော၊ နေနတ်သားသည်။ သရဏံ၊ ကိုးကွယ်ရာ ဟူ၍။ ဂတော၊ ဆည်းကပ်၏။ ရာဟု၊ ဟဲ့-ရာဟု။ သူရိယံ၊ နေဗိမာန်ကို။ ပမုဉ္စဿု၊ နင်ယခု လွှတ်လော့။ ဗုဒ္ဓါ၊ငါဘုရားတို့ မည်သည်။ လောကာနုကမ္ပကာ၊ သတ္တလောကကို သနားစောင်မ ကယ်ဆယ်ရကုန်၏။

ဤနှစ်ဂါထာသည် လူကို စုန်း, နတ်, သူရဲ, သူဘက် ဖမ်းသောအခါ၌ ခေါင်းရင်းကထိုင်၍ အခေါက်များစွာ အာသံ, လျှာသံပေး၍ ရွတ်ရသည်၊ချက်ချင်း လွတ်ငြိမ်းတတ်၏၊ ရအောင် ဆောင်ကြလေ။

[ဤသည်ကား-နေ,လဘို့ကို ရာဟုအသူရိန် နတ်ကြီးဖမ်းပုံတည်း။]

နေ, လတို့နှင့် ရာဟုဂြိုဟ်ဗိမာန် တိုက်ဆိုင်မိရာမှာလည်း ဗေဒင်ကျမ်းဂန်တို့၌ တွက်ကိန်းနှင့် တကွလာ၏။

[ဤတွင်ရွေကား-မြေလုံးကြောင်းကို သက်သေပြသော လ-ငပုတ်ဖမ်းမှုနှင့် စပ်၍ ရာဟုဖမ်းချက်အမျိုးမျိုးကို ပြဆိုချက်ပေတည်း။]

**အချို့အယူ။** ဤနေရာ၌ အချို့သော သူတို့က ပြောဆိုတတ်ကြ၏၊ "မြေလုံးသည်ကား-အမှန်ဖြစ်၏၊ အဘယ့်ကြောင့် နည်းဆိုသော် နေ, လ, နက္ခတ်, တာရာတို့၏ အသွားအလာကို တွက်ချက်ရာ၌ရင်း, ရာဟုဖမ်းခဏ်းကို တွက်ချက်ရာ၌ရင်း, မြေလုံးနှင့်စပ်သောဂဏန်းသင်္ချာကို တည်၍ တွက်လျှင် ကောင်းကင်၌ မျက်မြင်ဒိဋ္ဌ အမှန်သိရ၏"ဟု ပြောဆိုတတ်ကြ၏။

**အဖြေကား။** အမှန်ကို သိရသည်မှာမြေလုံးသည့်အတွက် မဟုတ်၊ ဂဏန်းသင်္ချာမှန်ကန်သည့် အတွက်ပေတည်း၊ ဂဏန်းသင်္ချာ မှန်ကန်ခဲ့သည်ရှိသော် မြေလုံးနှင့်စပ်သော ဂဏန်းသင်္ချာဆို၍ တွက်လျှင်လည်း မှန်ကန်တော့သည်-နေ,လနှင့် စပ်သော ဂဏန်းသင်္ချာ ဆို၍တွက်လျှင်လည်း မှန်ကန်တော့သည်၊ ထို့ကြောင့် သူရိယသိဒ္ဓန္တ ခေါ်သော ဗေဒင်ကျမ်းဂန်မြေလုံးလည်ခဏ်း၌ မြေလုံးနှင့်စပ်သော ဂဏန်းသင်္ချာ

www.dhammaransi.com



ဆို၍ တွက်၏၊ မှန်၏၊ တပါးသော ဗေဒင်ကျမ်းဂန်တို့၌ နေ, လနှင့် စပ်သော ဂဏန်းသချာဆို၍ တွက်၏၊ မှန်သည်သာလျှင်ဖြစ်၏။

[ဤကား-အဖြေတည်း။]

[ဤတွင်ရွေ့ကား-အောက်၌ကမ္ဘာလေပြင်ကြီးအနန္တ, ကမ္ဘာရေပြင်ကြီးအနန္တ, ကမ္ဘာမြေပြင်ကြီးအနန္တတို့၏ အပေါ်၌ တည်ရှိကြကုန်သော လောကဓာတ်ပေါင်း အနန္တတို့တွင်တစုံတခုသော လောကဓာတ်မှာမှ အောက်၌ မြေကြောပြတ်အောင် လုံးသော ကမ္ဘာမြေလုံး-ဟူ၍ မရှိကြောင်းကို ပြဆိုချက်ပေတည်း။]

ကမ္ဘာမြေလုံးဟူ၍ မရှိလျှင်လည်း ကမ္ဘာမြေလုံး၏အလျား, အနံ ပမာဏဟူ၍လည်း မရှိလေပြီ၊ အလုံးအဝန်း ပမာဏဟူ၍လည်း မရှိ လေပြီ၊ တနေ့လျှင် တပတ်ကျ အရှေ့,အနောက်,အောက်, အထက် လည်ခြင်းဟူ၍လည်း မရှိလေပြီ၊ တနှစ်လျှင် တပတ်ကျနေမင်းကိုလှည့် လည်ခြင်းဟူ၍လည်း မရှိလေပြီ၊ မရှိသော်လည်း ထိုသူ၏ ဉာဏ်တိမ် ချက်ကို အများသိကြရန် ရှင်းလင်း၍ ပြဆိုဦးအံ့။

**ပထဝိဝင်။** ထိုပထဝိဝင်စာအုပ်ငယ်များ၌ မြေကြီးလုံး၏ ထုတ်ချင်းပေါက်အရှေ့မှအနောက်သို့မိုင်ပေါင်း ၇၉၂၆-ရှိပါသည်၊ ၎င်း၏ပတ်လည်မှာ မိုင်ပေါင်း ၂၄၉၀၀-ရှိပါသည်၊ ၎င်း၏ ထုတ်ချင်းပေါက် မြောက်မှတောင်သို့ ၇၉၀၀-သာရှိပါသည်၊ မြေကြီးသည် ဂြိုဟ်, နက္ခတ်, တာရာတို့တွင် အပါအဝင်တခု ဖြစ်ပါသည်ဟု-အဆိုရှိ၏။

**အဖြေကား။** ၎င်းကမ္ဘာမြေလုံးသည် အလွန်သေးငယ်၏၊၎င်းမြေ လုံးကို ပတ်ဝိုက်လျက်တည်ရှိသော မဟာသမုဒ္ဒရာကြီးများနှင့် ထို မဟာသမုဒ္ဒရာကြီးတို့၏ အောက်၌ တည်ရှိသော ကမ္ဘာမြေကြီးများ သော်မှလည်း ထိုမြေလုံး၌ မပါချေ၊ဗုဒ္ဓဘာသာ၌ လာသောတခုသော လောကဓာတ် ကမ္ဘာမြေဝိုင်းကြီး, ကမ္ဘာမြေဝန်းကြီးကို အစိတ်တ ထောင်စိတ်သော်လည်း တစိတ်စာမျှမရှိချေ၊ ထို့ကြောင့် ၎င်းမြေလုံး ကို ကမ္ဘာမြေလုံးဟူ၍ ဆိုခွင့်မရှိချေ၊ မီးသင်္ဘော, မီးရထားတို့၏ ပေါက်ရောက်ရာဖြစ်သော ကျွန်းငယ်များနှင့်တကွ တောင်ဇမ္ဗူဒိပ ကျွန်းကြီး တခုစာမျှသာ ရှိချေ၏၊ ထို့ကြောင့် ဇမ္ဗူဒိပါ မြေလုံးဟူ၍

www.dhammaransi.com



သာဆိုရန်ရှိ၏၊ ရှိသော်လည်း ကျွန်းပတ် အပသမုဒ္ဒရာကြီးတို့၏ အောက်၌ တည်ရှိသော ကမ္ဘာမြေကြီးများနှင့် မြေကြောပြတ်သည် မဟုတ်သောကြောင့် မြေလုံးဟူ၍ပင် ဆိုခွင့်မရှိချေ။

[ဤကား-မြေလုံးပမာဏ ဖြေဆိုချက်ပေတည်း။]

**ပထဝီဝင်။** ထိုစာအုပ်ငယ်များ၌ မြေကြီးလည်ခြင်းမှာ ၂-မျိုးရှိပါသည်၊ (၁) ဂျင်များ လည်သကဲ့သို့ လှည့်ပတ်၍လည်ခြင်း၊ (၂) ဝင်ရိုးဟုမှန်းထား၍ ခေါ်ဝေါ်ကြရသော ဗဟိုကြောင်းကို ရစ်ပတ်၍လည်ခြင်း၊ ဝင်ရိုးစွန်းတဘက်၏ မျက်နှာမူရာ အရပ်မှာ ကြယ်တခုဖြစ်ပါသည်၊ ၎င်းကို ''ပိုက်စတား'' ဟု ခေါ်ကြပါသည်၊ ၎င်းကြယ်သို့ မျက်နှာမူသော ဝင်ရိုးစွန်းကို မြောက်ဝင်ရိုးစွန်းဟု-ခေါ်ပါသည်၊ မြေကြီးသည် အနောက်မှ အရှေ့သို့ ၂၄-နာရီအတွင်း တပတ်ရစ်ပတ်မိပါသည်၊ ဤကဲ့သို့ ရစ်ပတ်မိခြင်းအားဖြင့် နေ့,ညဉ့်ဖြစ်ပေါ်လာပါသည်ဟု-အဆိုရှိ၏။

**အဖြေကား။** မြေလုံးသည် ထိုကဲ့သို့အထက်အောက်လည်ခဲ့သော် မြေပေါ်၌ရှိနေကြကုန်သော သက်ရှိသက်မဲ့ ဝတ္ထုတို့သည် အောက်ကောင်းကင်သို့ အကုန်ကျ၍ ကုန်ရာအရေးအခွင့်ကြီးသည် အလွန်ကြီးလှ၏၊ မကျနိုင်ခြင်း၏ အကြောင်းယုတ္တိကို လုံလောက်စွာ ပြဆိုနိုင်ရန် မရှိချေ၊ အကြောင်း ယုတ္တိအတုအပကိုမူကား-ပြဆိုကြ၏။

**ပြဆိုပုံကား။** ''သူရိယသိဒ္ဓန္တ'' ကျမ်း မြေလုံးလည်ခဏ်း၌ သက်ဿရအမည်ရှိသော နတ်မင်းကြီးသည် မြေလုံးပေါ်၌ထိုင်၍ သင်မြေလုံးသည် မိမိနှင့်စပ်ဆိုင်သမျှ သက်ရှိသက်မဲ့ ဝတ္ထုတို့ကို အောက်ကောင်းကင်သို့လွင့်စင်၍ မကျစေရန် ဆွဲထားရမည်-ဟု တန်ခိုးအာဏာ ပေးထားကြောင်းကိုဆို၏၊ ထိုစကား၌ သက်ဿရနတ်မင်းကြီးဆိုသည်ကား-ထာဝရဘုရားကိုဆို၏၊ လောက၌ အကြောင်းယုတ္တိကို လုံလောက်စွာ မဆိုနိုင်လျှင် ထာဝရဘုရားဉာဏ်တော် တန်ခိုးတော်ကို ချမြဲ ဖြစ်ကြသည့်အတိုင်း ထိုကျမ်းဆရာသည်လည်း အကြောင်းယုတ္တိကို လုံလောက်စွာ မပြနိုင်၍ သက်ဿရ နတ်မင်းကြီး တန်ခိုးကိုချရလေ၏။

www.dhammaransi.com



အချို့သောသူတို့ကား-မြေကြီးမှာ ထိုဝတ္ထုတို့ကို ဆွဲနိုင်သောအစွမ်းသတ္တိရှိ၏၊ ယုတ္တိကား-အထက်ကောင်းကင်သို့ ပစ်လိုက်သော အုဋ်, ကျောက်, ဒုတ်,လှန် ဒဏ်ဘို့သည် တက်သောအခါ၌ လက်ရှိန်ဖြင့် တက်ကြကုန်၏၊ လက်ရှိန်သေသောအခါ မြေကြီး၏ဆွဲချက်ဖြင့် မြေရှိရာအောက်သို့သာ ကျလာရကုန်၏-ဟု ဆိုကြ၏။

ဤစကား၌ ထိုဝတ္ထုတို့သည် မြေ၏ဆွဲချက်ဖြင့် ကျလာသည်မဟုတ်ကုန်၊ ထိုဝတ္ထုတို့၌ လေးသောပထဝီဓာတ်သည်ရှိ၏၊ အာပေါဓာတ်သည်ရှိ၏၊ ထိုဓာတ်တို့၏ ဖိစီးမှုကြောင့် အောက်သို့ကျလာရကုန်၏၊ ထို့အတူ ပထဝီဓာတ်လွန်ကဲသောဝတ္ထုဟူသမျှသည် အတွယ်အတာအဆီးအတား မရှိခဲ့သော် ထိုဓာတ်၏ ဖိစီးမှုကြောင့် အောက်သို့ကျမြဲဓမ္မတာဖြစ်၏၊ အာပေါဓာတ် လွန်ကဲသော ဝတ္ထုတို့သည်လည်း ထို့အတူပင်တည်း။

အချို့သောသူတို့ကလည်း မြေလုံး၏လည်မှုသည် အလွန်လျင်မြန်၏၊ အရှိန်အဟုန်ကြီး၏၊ ထိုအရှိန်အဟုန်သည် ထိုဝတ္ထုတို့ကို ဆွဲထားနိုင်၏၊ ယုတ္တိကား-ရေအပြည့်ရှိသော ရေပုန်းယံတခုကို ကိုင်း၌ကိုင်၍ အလွန်ပြင်းထန်စွာ အထက်အောက် လှည့်လည်သည်ရှိသော် ရေပုန်း၌ရှိသောရေသည် လှည့်လည်မှု အရှိန်အဟုန် ဆွဲထားသောကြောင့် ထွက်၍ မကျနိုင်ဘူးဟု-ဆိုကြကုန်၏။

ဤယုတ္တိ၌ ရေပုန်းတွင်းမှာ ရှိသောရေသည်ကား- မကျသည်မှန်၏၊ ရေပုန်း၏ ပြင်ဘက်၌ မှီတွယ်လျက် ရှိနေကြကုန်သော ရေသီး, ရေပေါက်တို့သည်မူကား- လွင့်စင်၍ ကျကြကုန်သည်သာဖြစ်၏၊ ထို့အတူ မြေကြီး၌ အတွယ်အတာမရှိဘဲ မြေကြီးပေါ်၌ ရှိနေကြကုန်သော ထိုဝတ္ထုတို့သည် မြေလုံးလိမ့်လည်ခဲ့သော် အောက်ကောင်းကင်သို့ ကေန်လွင့်စင်၍ ကျကြကုန်လတ့်။

အချို့သူတို့က အလွန်လျင်မြန်သော လျှပ်စစ်ဓာတ်မျိုးသည်ရှိ၏၊ မြေလုံးလည်ရာ၌ ထိုလျှပ်စစ်ဓာတ်မျိုးသည် ပါရှိ၏၊ ထိုလျှပ်စစ်ဓာတ်မျိုးသည် ဆွဲငင်၍ ထားသည့်အတွက် ထိုဝတ္ထုတို့သည် လွင့်စင်၍ မကျနိုင်ကုန်ဟု-ဆိုကြ၏။

www.dhammaransi.com



ဤစကား၌ လျှပ်စစ်ဓာတ်မည်သည်နေရောင်, မီးရောင်တို့၌လည်း ရှိ၏၊ အသံတို့၌လည်းရှိ၏၊နေကို တိမ်ဖုံး၍နေရာ၌ တိမ်လွင့်၍သွားသဖြင့် နေပေါ်၍လာသောအခါ ပေါ်သည်နှင့် တပြိုင်နက် နေရောင်သည် မြေအပြင်သို့ ရောက်လာ၏။

[ဤကား-အရောင်၌ လျှပ်စစ်ဓာတ်အား ရှိပုံတည်း။]

မိုယ်းသံ,မိုယ်းကြိုးသံ အစရှိသည်တို့လည်း ခဏချင်း မြေပြင်သို့ ရောက်လာကုန်၏။

[ဤကား-အသံ၌ လျှပ်စစ်ဓာတ်အား ရှိပုံတည်း။]

မြေလုံး၌ပါရှိသော လျှပ်စစ်ဓာတ်သည် ထိုနေရောင် မိုယ်းသံများ၌ပါရှိသော လျှပ်စစ်ဓာတ်များနှင့် နှိုင်းယှဉ်သော် အလွန်နှေးသေး၏၊ ထိုလျှပ်စစ်ဓာတ်များသည် အလွန်လျင်မြန်ကား-လျင်မြန်၏၊ တစုံတခုသောဝတ္ထုကို ဆွဲနိုင်သော သတ္တိကား မရှိချေ။

မြေလုံး၏ အထက်အောက်လည်မှုသည် အောက်ကောင်းကင်၌ ၎င်း,မြေပြင်၌၎င်း,ညဥ့်အဖို့ ဖြစ်ပေါ်နိုင်ရန် အကြောင်းပေတည်း၊ နေရောင်ကို နိုင်နင်းစွာ ကွယ်ကာနိုင်မှ ညဥ့်မှောင်ရိပ်မည်သည် ဖြစ်နိုင်၏၊ မြေလုံးမှတပါး နေရောင်ကို နိုင်နင်းစွာ ကွယ်ကာနိုင်သော ဝတ္ထု တစုံတခုမျှမရှိ-ဟု ဆိုလို၏။

အမှန်မူကား-မြင်းမိုရ်တောင်ကို နေလှည့်လည်သည့် အတွက် အထက်ကောင်းကင်၌၎င်း နေ့အဖို့, ညဥ့်အဖို့ ဖြစ်ပေါ်ချက်ကိုသာ ယုံကြည်စွာ မှတ်ယူလေ။

**ပထဝီဝင်။** အချို့သော ပထဝီဝင် ကျမ်းဟောင်းများ၌—မြင်းမိုရ်တောင် မည်သည်မရှိ၊ဗုဒ္ဓဘာသာ၌ မြောက်စူးစူးမှာ မြင်းမိုရ်တောင်ရှိသည် ဆိုသောကြောင့် သင်္ဘောဖြင့် မြောက်စူးစူးသို့ နှစ်လ တိုင်တိုင်သွား၍ မြင်းမိုရ်တောင်ကိုရှာ၏၊ မတွေ့-ဟု ပါရှိ၏။

**အဖြေကား။** ပင်လယ် ဆုံးအောင်မသွား၊ ပင်လယ်ပြင်တွင်ပြန်၍ လာခဲ့သောကြောင့် မတွေ့လေသည်၊ နှစ်လ တိုင်တိုင်သွား၏ ဆိုသော်လည်း မြောက်သမုဒ္ဒရာသည် ရေခဲမှု အလွန်အားကြီး၏၊တောင်သမုဒ္ဒရာ၌ကဲ့သို့ အလွတ်တွင်တွင် သွားနိုင်သည်မဟုတ်ချေ။

www.dhammaransi.com



ပထဝိဝင်။ ထိုစာအုပ်ငယ်များ၌-နေကို ဝိုင်းမိအောင် လှည့်လည် ခြင်း၊ ဤကဲ့သို့ လှည့်လည် ခြင်းသည် ရက်ပေါင်း (၃၆၅¼) တွင် တပတ်ပြည့်ပါသည်၊ ၎င်းကို တနှစ်-ဟု ခေါ်ကြပါသည်၊ဤကဲ့သို့ လှည့်လည်ရာ တခါတခါ မြောက် ဝင်ရိုးစွန်းသည် နေဘက်သို့ နီးကပ်လာ သည်၊ တခါတခါနေနှင့် ဝေးကွာသွားပါသည်၊ ထိုအ ခြင်း အရာတို့ကြောင့် ဥတုများ ဆောင်း, နွေ, မိုယ်း စသည်ဖြင့် ပေါ်ပေါက်လာပြီးလျှင် နေ့တို၍ ညဉ့်ရှည် ညဉ့်တို၍နေ့ရှည်စသည်ဖြင့်ပေါ်ပေါက် လာပါသည်၊ မြေကြီးသည်နေကို လှည့်လည် သွားလာ နေသကဲ့သို့ လ-သည် မြေကြီးကို လှည့်လည်၍ သွားနေပါသည်၊ မြေကြီးကို ရက်ပေါင်း (၂၇¾) သာသာတွင် တပတ် ပတ်မိသည်-ဟု အဆိုရှိ၏။

အဖြေကား။ ဤလှည့်လည်ခြင်း၌ မြေလုံးသည် နေ၏တောင်ဘက် မှာ သုံးလ-လှည့်လည်ရာ၏၊ နေ၏ အနောက်ဘက်မှာ သုံးလ, နေ၏ မြောက်ဘက်မှာ သုံးလ,နေ၏ အရှေ့ဘက်မှာ သုံးလ လှည့်လည်ရာ၏၊ ညဉ့်အခါမည်သည် မြေလုံးရှိမှသာ ဖြစ်နိုင်သည်-ဟု ရှေ့၌ ဆိုခဲ့ပြီ၊ထိုသို့ လှည့်လည်ခဲ့သည်ရှိသော် မြေလုံးရှိရာ၌သာ နေ့အခါ ညဉ့်အခါ-ဟူ၍ ရှိရာ၏၊ မြေလုံးမရှိရာ၌ ညဉ့်အခါ-ဟူ၍ မရှိရာ၊နေ့အခါချည်းဖြစ်ရာ၏၊ မြေလုံးသည် နေ၏ တောင်မျက်နှာ၌ နေစဉ်အခါ ၎င်းတောင်မျက် နှာ၌သာ နေ့, ညဉ့်နှစ်ပါး ရှိရာ၏၊ နေ၏ အောက်၌၎င်း, နေ၏ အ နောက်, နေ၏မြောက်, နေ၏ အရှေ့တို့၌၎င်း, နေ့,ညဉ့်နှစ်ပါး-ဟူ၍ မရှိရာ၊ နေ့, အခါချည်းရှိရာ၏၊ ထို့အတူ မြေလုံးသည် နေ၏ မြောက် မျက်နှာ၌ ရှိနေစဉ်အခါ ၎င်းမြောက်မျက်နှာ၌သာ နေ့, အခါ ညဉ့် အခါ-ဟူ၍ ရှိရာ၏၊ နေ၏အောက်၌ ၎င်း, နေ၏ အရှေ့, နေ၏ တောင်, နေ၏ အနောက်တို့၌၎င်း, နေ့အခါ, ညဉ့်အခါ-ဟူ၍ မရှိရာ၊ နေ့အခါ ချည်းသာရှိရာ၏။

ထိုသို့ကား-မဟုတ်၊ မြေလုံးသည် နေ၏တောင်ဘက်၌ ရှိနေသော အခါမှာလည်း ၎င်းတောင်ဘက်၌လည်း နေ့, ညဉ့်နှစ်ပါးရှိသည်သာ

www.dhammaransi.com



လျှင် ဖြစ်ရာ၏၊ နေ၏မြောက်အရပ်မှာ ရှိနေစဉ်အခါ၌လည်း၊ ထို့ အတူပင် အရပ်ငါးမျက်နှာတို့၌ နေ့, ညဉ့်နှစ်ပါး ရှိသည် သာလျှင် ဖြစ်ရာ၏၊ ထိုမှတပါးလည်း မြေလုံးသည် နေ၏ အရှေ့အရပ်, အောက် အရပ်,အနောက်အရပ်တို့မှာ ရှိနေသောအခါတို့၌ ထိုကဲ့သို့လှည့်လည် ခြင်းမရှိကြောင်း သာ၍ထင်ရှား၏။

**ထင်ရှားပုံကား**။ နေ့တိုင်း, နေ့တိုင်း၌ပင် နေထွက်သော အခါ နေသည်အရှေ့၌ မြေလုံးသည် အနောက်၌ ရှိနေကြ၏၊ မွန်းတည့်သော အခါ၌ နေ, သည် မြေအပြင်၏ အထက်၌၊ မြေအပြင်သည် နေ, ၏ အောက်၌ ရှိနေကြ၏၊ နေဝင်သောအခါမှာ နေ, သည် အနောက်၌ မြေလုံးသည်အရှေ့၌ ရှိနေကြ၏၊ နေ့တိုင်းနေ့တိုင်း မျက်မြင်ဒိဋ္ဌ ဖြစ်ကြ ၏၊ ထို့ကြောင့် နေကိုဝိုင်းမိအောင် လှည့်လည်ခြင်း-ဟူသော ဒုတိယ လှည့်လည်ခြင်းမည်သည်လည်း မရှိသည်သာလျှင်တည်း၊ ဒုတိယလှည့် လည်ခြင်း မရှိလျှင်လည်း၊ နေကို မြေလုံး လှည့်လည်သည့် အတွက် ကြောင့် ဥတုသုံးပါး ပေါ်ပေါက်ခြင်း,နေ့,ညဉ့်တိုရှည်ခြင်း များသည် လည်းမဟုတ်လေ။

လ-သည် မြေလုံးကြီးကို လှည့်လည်ရာ၌ ၂၇-ရက်-၃/၄-တွင် တပတ် ပတ်မိသည်-ဟု ဆိုသောကြောင့် လ, သည် မြေလုံး၏ အောက်၌ ၁၃-ရက်ခွဲ, မြေလုံး၏အထက်၌ ၁၃-ရက်ခွဲလှည့်လည်သည်-ဟု ယူ ရာ၏၊ ထိုသို့ယူခဲ့သော် လတိုင်း လတိုင်း, တို့၌ပင်လျှင် လပေါ်နိုင် သော ရက်ကား—၁၃-ရက်ခွဲ၊ လမပေါ်နိုင်သောရက်ကား-၁၃-ရက် ခွဲ အမြဲရှိနေရာ၏၊ ထိုသို့ကား မရှိ၊ ထို့ကြောင့် လ-သည် မြေလုံးကို လှည့်လည်သည်,ဟူသော စကားသည်လည်း မဟုတ်။

**ပထဝီဝင်**။ လသည် နေကဲ့သို့ အလင်းပေးနိုင်သောသတ္တိမရှိ၊ သို့ သော် နေမင်းထံမှ ရရှိသော အလင်းက တဖန်ပြန်ထုတ်ပေး ခြင်းအားဖြင့် ဖြစ်ပါသည်ဟူသော နောက်စကား၌လည်း၊ လ,သည် နေ,နှင့် ဆိုင်မိသောအခါ အရောင်အဝါနှင့်တကွ မပေါ်နိုင်၊ ညဉ့်အခါ၌သာ အရောင်အဝါနှင့်တကွ ပေါ်နိုင် သောကြောင့် ထိုစကားကိုဆို၏။

www.dhammaransi.com



**အဖြေကား။** လ,သည် နေနှင့်ဆိုင်မိသောအခါ၌ အရောင်အဝါနှင့် တကွ မပေါ်နိုင်ခြင်းသည် လ-၌ အရောင်အဝါမရှိသောကြောင့်မဟုတ်၊ အလွန်အားကြီးသော နေရောင်က လွှမ်းမိုးသည့်အတွက်ကြောင့်ငှင်း, လူတို့က အလွန်ဝေးကွာသောမြေပေါ်မှ ကြည့်ရှုရလေသောကြောင့် ငှင်း, အရောင်အဝါနှင့်တကွ မပေါ်နိုင်ခြင်းဖြစ်လေသတည်း၊ လ၏ အနီးအပါးသို့ သွား၍ကြည့်ကြပါမူကား-လ,ကိုအရောင်အဝါနှင့် မြင်ကြရလတ္တံ့၊ ဥပမာကား-ညဥ့်အခါတောင်ထိပ် ဘုရားစေတီ၌ ခါတ်မီး အိမ်ကြီးတခု,ခါတ်မီးအိမ်ငယ်တခုထွန်းထားရာ၏၊အနီး၌နေ၍ ကြည့်ကြသူတို့မှာ ခါတ်မီးအိမ်ကြီးကိုလည်း မြင်ရ၏၊ ခါတ်မီးအိမ်ငယ်ကို လည်းမြင်ရ၏၊တောင်အောက် အဝေးမှနေ၍ ကြည့်ကြသူတို့မှာ ခါတ် မီးအိမ်ကြီးကိုသာ မြင်ရ၏၊ ခါတ်မီးအိမ်ငယ်ကို မမြင်ရ၊ ဤဥပမာ အတိုင်းမှတ်လေ။

**ပထ ဝိဝင်။** ထိုစာအုပ်ငယ်များ၌-နေမင်းသည် ဂြိုဟ်,နက္ခတ်, တာရာတို့ ဝန်းဝိုင်း၍ အလယ်တွင်တည်ရှိ၏၊ နေမင်းကို အခြား ဂြိုဟ်,နက္ခတ်,တာရာတို့က ခြံရံ၍ လှည့်လည်နေကြ၏-ဟု အဆို ရှိ၏။

**အဖြေကား။** ဂြိုဟ်, နက္ခတ်, တာရာ တို့သည် နေမင်းကိုလှည့် လည်ကြရာ၌ တနှစ်တွင် တပတ်ကျ လှည့်လည်လေသလော၊ သို့မဟုတ် တနေ့တရက်တွင် တပတ်ကျလှည့်လည်လေသလော-ဟု မေးရန်ရှိ၏၊ ထိုအမေး၌ တနှစ်တွင် တပတ်ကျလှည့်လည်ပါသည်ဆိုခဲ့သော် ဂြိုဟ်, နက္ခတ်,တာရာတို့ကို တညဥ့်လုံး နေဝင်နေထွက်ကြည့်ရှု၍ နေကြသူများ မှာ ဂြိုဟ်,နက္ခတ်,တာရာတို့ကို မြင်ကြရ၏၊မြေလုံးနှင့်နေ နှစ်ပါးတို့တွင် တပါးကသွားလျှင် တပါးကတည်နေမှ နေ့,ညဥ့်,လ,နှစ်,ဥတု အပိုင်း အခြားပေါ်နိုင်၏၊ နှစ်ပါးလုံး သွားခဲ့လျှင် ထိုအပိုင်းအခြားမပေါ်နိုင်၊ မြေလုံးဝါဒ၌ မြေလုံးကသွားသောကြောင့် နေကတည်နေရ၏။

ဤအဖြေ၌ကား-မြေလုံးလှည့်လည်မှု မရှိဖြစ်၍ နေကသွားခွင့်ဆိုက် ၏၊ နေသွားမှသာလျှင် နေ့,ညဥ့်,လ,နှစ်,ဥတု အပိုင်းအခြားပေါ်နိုင် ၏၊ ထို့ကြောင့်နေသည် ဂြိုဟ်,နက္ခတ်, တာရာတို့၏အလယ်တွင်တည်

www.dhammaransi.com



ရှိ၏-ဟူသောစကားသည် မဟုတ်ချေ၊ နေမင်းကိုအခြားဂြိုဟ်, နက္ခတ်, တာရာတို့က ခြံရံ၍လှည့်လည်နေကြ၏ ဟူသောစကား၌လည်း ထိုဝါဒအလိုအားဖြင့် ဂြိုဟ်, နက္ခတ်, တာရာတို့သည် မြေလုံးအောက်သို့ မရောက်မူ၍ နေကိုသာလှည့်လည်၍ နေကြကုန်ငြားအံ့၊ ထိုဂြိုဟ်, နက္ခတ်, တာရာတို့ကို လူတို့အဘယ်အခါမှ မြင်ရလိမ့်မည်မဟုတ်၊ ညဉ့်တိုင်းပင် မြင်ကြလျက်ရှိကုန်၏၊ ထိုကြောင့် ထိုစကားသည်လည်း မဟုတ်ချေ။

**ပထဝီဝင်။** ထိုစာအုပ်ငယ်များ၌-နေသည် မြေကြီးထက် အဆပေါင်း (၁၃၀၀၀၀၀) တသန်း,သုံးသိန်းပို၍ကြီး၏ ဟူသောစကားတရပ်,၎င်း၏ထုတ်ချင်းပေါက် မိုင်ပေါင်း(၈၆၇၀၀၀) ရှစ်သိန်း,ခြောက်သောင်း, ခုနစ်ထောင် ဖြစ်ပါသည်ဟူသောစကားတရပ်လာရှိသည့်အတွက် ရှေးစကားနှင့် နောက်စကားသည် အလွန်ကွဲလွဲလျက် ရှိ၏။

**ကွဲလွဲပုံကား။** ထိုဝါဒအလိုအားဖြင့် မြေလုံးအဝန်းသည်မိုင်ပေါင်း (၂၃၀၀၀) နှစ်သောင်းသုံးထောင်ကျော်ရှိ၏၊ ထိုကို အဆပေါင်း တသန်းသုံးသိန်းနှင့်မြှောက်သည်ရှိသော် နေ၏အဝန်းသည် မိုင်ပေါင်း ကုဋေသုံးထောင်ကျော်ရှိ၏။

[ဤကား ရှေးစကားရပ်၏ အရတည်း။]

နောက်စကားရပ် အလိုမှာ-နေ၏ ထုတ်ချင်းပေါက် မိုင်ပေါင်း (၈၆၇၀၀၀) တည်၊ အဝန်းသုံးပြန်နှင့်မြှောက်၊ နေ၏အဝန်း မိုင်ပေါင်း နှစ်သန်း ခြောက်သိန်းကျော်မျှသာရှိ၏၊ ဤသို့ စကားနှစ်ရပ် ကွဲလွဲကြ၏။

စကားကြီး, အသံကြီးဖြစ်ရုံမျှ ရုတ်တရက် ထွက်ဆိုလိုက်သော စကားများဖြစ်သည်-ဟု ထင်ရှားပေ၏ရှိ၏၊ ဤစကား နှစ်ရပ်သည် စကားကြီး,အသံကြီးဖြစ်ရုံမျှ ရုတ်တရက် ထွက်ဆိုလိုက်သော စကားဖြစ်သည်-ဟု ထင်ရှားပေ၏ရှိသဖြင့်လည်း နောက်၌ နေမှထုတ်လိုက်သော အပူကို အပုံပေါင်း (၂၂၇၀၀၀၀၀) ပုံပါလျှင် -မြေကြီးသို့ တပုံသာရောက်လာ၏-ဟူသော စကားတရပ်,ကြာသပတေးဂြိုဟ်

www.dhammaransi.com



သည် မြေကြီးထက်အဆပေါင်း (၁၄၀၀) ကြီးသည်-ဟူသောစကား တရပ်, ၎င်းမှနောက်၌ နေနှင့် ဂြိုဟ်ကြီးတို့၏ အဝေးအကွာကို ဆိုရာ တွင်—

၁။ ဗုဒ္ဓဟူးဂြိုဟ်သည်- ၃၆-သန်းမိုင်ပေါင်းကွာပါသည်။
၂။ သောကြာဂြိုဟ်သည်- ၉၃-သန်းမိုင်ပေါင်းကွာပါသည်။
၃။ ကိတ်ဂြိုဟ်-(မြေကြီး)သည် ၉၉-သန်းမိုင်ပေါင်းကွာပါသည်။
၄။ အင်္ဂါဂြိုဟ်သည်- ၁၃၉-သန်းမိုင်ပေါင်းကွာပါသည်။
၅။ ကြာသပတေးဂြိုဟ်သည်-၄၇၅-သန်းမိုင်ပေါင်း ကွာပါသည်။
၆။ စနေဂြိုဟ်သည်- ၈၇၂-သန်းမိုင်ပေါင်းကွာပါသည်။
၇။ တနင်းလာဂြိုဟ်သည်- ၁၇၅၂-သန်းမိုင်ပေါင်းကွာပါသည်။
၈။ တနင်္ဂနွေဂြိုဟ်သည်- ၂၇၉၄-သန်းမိုင်ပေါင်းကွာပါသည်—

ဟူသောစကားရပ်များသည်လည်း စကားကြီး, အသံကြီးဖြစ်ရုံမျှ ရုတ်တရက်တွက်ဆိုလိုက်သော စကားများဖြစ်သည်-ဟုထင်ရှားပေါ် ရှိတော့သည်သာလျှင်တည်း။

အမှန်မူကား—ထိုဂြိုဟ်တို့သည် ထိုဝါဒ၌ ပြဆိုသည့် အတိုင်း နေနှင့် အမြဲကွာဝေးကြသည် မဟုတ်၊ နီးချည်တခါ, ဝေးချည်တလှည့်သာ ဖြစ် ကြကုန်၏။

**ဖြစ်ပုံကား။** နေ၏ သွားရာလမ်းသည် အလယ်လမ်း, အတွင်း လမ်း, အပြင်လမ်း-ဟူ၍ သုံးလမ်းရှိ၏၊ ထိုတွင် အလယ်လမ်းသည် လူတို့ခေါင်းပေါ်၌ကျ၏၊ အတွင်းလမ်းသည် မြောက်ဘက်၌ ကျ၏၊ အ ပြင်လမ်းသည် တောင်ဘက်၌ကျ၏၊ ဂြိုဟ်နက္ခတ်တို့သည် ထိုသုံးလမ်း အပြင်၌ လှည့်လည်ကြကုန်၏၊ နေသည် အလယ်လမ်း၌ သွားခိုက် အလယ်လမ်းရှိ ဂြိုဟ်တို့နှင့်နီး၏၊ အတွင်းလမ်း အပြင်လမ်းရှိ ဂြိုဟ်တို့ နှင့်ဝေး၏၊ နေသည် အတွင်းလမ်း၌ သွားခိုက် အတွင်းလမ်းရှိ ဂြိုဟ်တို့ နှင့်နီး၏၊ အပြင်လမ်း, အလယ်လမ်းရှိ ဂြိုဟ်တို့နှင့်ဝေး၏၊ နေသည် အ ပြင်လမ်း၌ သွားခိုက်၊ အပြင်လမ်းရှိ ဂြိုဟ်တို့နှင့်နီး၏၊ အလယ်လမ်း, အတွင်းလမ်းရှိ ဂြိုဟ်တို့နှင့် ဝေး၏၊အလျားလိုက် သွားကြရာမှာလည်း ထို့အတူ နီးချည်တခါ, ဝေးချည်တလှည့်သာ ဖြစ်ကြကုန်၏၊ ဤသို့ဆိုမှ သာလျှင် မျက်မြင် ဒိဋ္ဌနှင့်လည်း ညီညွတ်၏၊ ဗေဒင်တွက်ရိုးတို့နှင့်လည်း

www.dhammaransi.com



ညီညွတ်၏၊ ဇာတာပြင်တို့နှင့်လည်း ညီညွတ်၏၊ ဂြိုဟ်ပူး,ဂြိုဟ်ကွာဟော ကိန်းများနှင့်လည်း ညီညွတ်၏-ဟု မှတ်လေ။

ဤမျှသော စကားရပ်တို့ဖြင့် နေ့, ညဥ့်, ရက်, လ, ဥတု, နှစ်အပိုင်း အခြားများသည် မြေလုံးလည်ခြင်းကြောင့် ဖြစ်သည် မဟုတ်၊ လ, နေ, နက္ခတ်, တာရာ, ဂြိုဟ်,ကြယ်တို့၏ လှည့်လည်ခြင်း ကြောင့်သာ နေ့, ညဥ့်, ရက်, လ, ဥတု, နှစ် အပိုင်းအခြားများ ဖြစ်သည်-ဟု ပြဆိုချက်ပေတည်း။

ထို့ကြောင့် ဒီဃနိကာယ် သုတ်ပါထေယျ ပါဠိတော် အဂ္ဂညသုတ်ကြီး၌—

> အထခေါ တေသံ ဝါသေဋ္ဌ သတ္တာနံ သယံ ပဘာအန္တရဓာယိ၊သယံ ပဘာယ အန္တရဟိတာယ စန္ဒိမသူရိယာ ပါတုရဟေသုံ၊ စန္ဒိမသူရိယေသု ပါတုဘူတေသု နက္ခတ္တာနိ တာရကရူပါနိ ပါတုရဟေသုံ၊ နက္ခတ္တေသု တာရကရူပေသု ပါတုဘူတေသု ရတ္တိ ဒိဝါ ပညာယိံသု၊ ရတ္တိဒိဝေသု ပညာယမာနေသု မာသဍ္ဍမာသာ ပညာယိံသု၊ မာသဍ္ဍမာသေသု ပညာယမာနေသု ဥတုသံဝစ္ဆရာ ပညာယိံသု။

ဟူ၍ဟောတော်မူ၏။

**ပါဠိလျှောက်အဓိပ္ပါယ်ကား။** ကမ္ဘာဦးအခါ၌ ထိုကမ္ဘာဦး သူတို့အား မိမိတို့ ကိုယ်ရောင် ကိုယ်ဝါသည် ကွယ်ပျောက်လေ၏၊ ကိုယ်ရောင်ကိုယ်ဝါ ကွယ်ပျောက်သည်ရှိသော် လ, နေ နှစ်ပါးတို့သည် ထင်ရှားပေါ်လာကုန်၏၊ လ, နေ နှစ်ပါး ထင်ရှားပေါ်လာကုန်သည်ရှိသော် နက္ခတ်, တာရာတို့သည် ထင်ရှားပေါ်လာကုန်၏၊ နက္ခတ်, တာရာနှစ်ပါး ထင်ရှား ပေါ်လာ ကုန်သည် ရှိသော် နေ့,ညဥ့်တို့သည်၎င်း, လနှင့်လခွဲတို့သည်၎င်း, ဥတုသုံးပါး နှစ်အပိုင်း အခြားတို့သည်၎င်း အစဉ် အတိုင်း ပေါ်လာကုန်၏-ဟူလိုသည်။

[ဤတွင်ရွေ့ကား-ပထဝီဝိဝါဒ ဖြေရှင်းချက်ကြီး ပေတည်း။]

### ဘုရားဟောသက်သက်ဖြင့်သာဖြေရှင်းကြောင်း

ဤပထဝီဝိဝါဒဖြေရှင်းချက်၌ ဗုဒ္ဓဘာသာ အဋ္ဌကထာ, ဋီကာများကို မထုတ်ပြဘဲ ပါဠိတော်ရင်းကြီးများကိုသာထုတ်ပြ၍ ရေးသားခြင်း

www.dhammaransi.com



၏ အကြောင်းကား-ဘာသာတပါး သာသနာပြုဆရာများတို့က ဗုဒ္ဓဘာသာမှာ ရှင်ဂေါတမ၏ စကားသည် အနည်းငယ်မျှသာ ပါရှိ၏၊ နောက်ကာလ၌ သီဟိုဠ်ကျမ်းပြု ဆရာများ အဝါ အကြွား ရေးထားချက်တွေသာ များ၏-ဟူ၍၎င်း, ဟိန္ဒူရာဇဝင်ကျမ်းများ ဟိန္ဒူပုရာဏ်ကျမ်းများသည် အလွန်အဝါအကြွားများပြား၏၊ ဗုဒ္ဓဘာသာ အဋ္ဌကထာ, ဋီကာကျမ်းများသည် ထိုဟိန္ဒူကျမ်းများကို လိုက်၍ ရေးသားကြ၏၊ ထို့ကြောင့် ဗုဒ္ဓဘာသာကျမ်းများသည်လည်း မဟုတ်မတရား အဝါအကြွားအလွန်များပြား၏-ဟူ၍၎င်း, ဘာသာတပါး သာသနာပြု ဆရာများ ပြောဟောကြကြောင်းကို ဆရာတော်များစွာ ကြားဘူးရ၏၊ စာအုပ်ငယ်များ ရေးသားထားသည်ကိုလည်း တွေ့ဘူးရ၏၊ ထိုဘာသာ တပါး သာသနာပြု ဆရာများတို့၏ စကားသည် ယခုအခါ အချို့အချို့သော ဗုဒ္ဓဘာသာ လူမျိုး လောကဓာတ် ကျောင်းဆရာများနှင့် လောကဓာတ်ကျောင်းသားများ ခံတွင်းနှုတ်လျှာသို့ ရောက်နေခဲ့ပြီ၊ ယခုအခါ လောကဓာတ် စာသင်ကျောင်းများတို့တွင် ရှိနေသော ကမ္ဘာမြေလုံးများမှာလည်း ကမ္ဘာအချက် အမျိုးမျိုးပါရှိပေ၏။

၁။ ကျွန်းကြီးကျွန်းငယ်တို့၏ တည်ရှိရာဒေသ ဌာနခရီး မိုင်အကွာအလှမ်းများကို ပြဆိုချက်၊ နိုင်ငံ, ပြည်,မြို့တို့၏ တည်ရှိရာ အရပ်ဒေသ ဌာနခရီး မိုင်အကွာ အလှမ်းများကို ပြဆိုချက်များသည် ထိုထိုနိုင်ငံ, ပြည်,မြို့ အစိုးရများ၏ ပြဆိုချက်ပေတည်း။

၂။ ပင်လယ်ရေကြောင်း မြစ်ရိုးမြစ်စဉ်တို့၌ ခရီးမိုင်အကွာ အလှမ်းများကို ပြဆိုချက်သည် သင်္ဘောသူကြီးတို့၏ ပြဆိုချက်ပေတည်း။

၃။ မီးရထားလမ်းတို့၌ ခရီးမိုင်အကွာ အလှမ်းများကို ပြဆိုချက်သည် မီးရထားဆိုင်ရာက ပြဆိုချက်ပေတည်း။၊

[မြေလုံးတွင်ပါရှိသော ဤအချက်ကြီးသုံးပါးသည် သိမှတ်ဖွယ်အလွန်ကောင်းလှပေ၏၊ သိမှတ်သူတို့မှာ အကျိုးကျေးဇူး အလွန်များလှပေ၏။]

၄။ အထက်ကောင်းကင်၌ နေ, လ, နက္ခတ်, တာရာ, ဂြိုဟ်,ကြယ် အပေါင်းတို့၏ အကြီး, အငယ် အသွားအလာ အဝေးအကွာ များကို

www.dhammaransi.com



ပြဆိုချက်သည် လောကဓာတ် မှန်ပြောင်းဆရာများ၏ ပြဆိုချက်ပေတည်း။

[မှန်ပြောင်းမည်သည် မြေအပြင်၌မိုင်တရာ မိုင်တထောင်မကပင်အမှန် အကန်ပြနိုင်ရာ၏၊မှန်, မမှန်သက်သေကိုလည်းရနိုင်၏၊ အလွန်ဝေးကွာလှသော ကောင်းကင်၌မူကား-အမှန် အကန်ကိုလည်း မပြနိုင်ပြီ၊ မှန်သည် မမှန်သည် သက်သေကိုလည်း မရနိုင်ပြီ။]

(၅) မြေလုံးခြင်း လည်ခြင်းသည် ''သူရိယသိဒ္ဓန္တ'' ဗေဒင်ကျမ်းတွက်ပေတည်း။

[ဤ (၄)အချက် (၅)အချက်များသည်မူကား-ရှေး၌ ပြဆိုခဲ့ပြီးသောအတိုင်း ဟုတ်မှန်သည်လည်းမဟုတ်၊ အကျိုးကျေးဇူးလည်းမရှိ၊ မျက်မြင်ဒိဋ္ဌတို့နှင့်လည်း အလွန်ဆန့်ကျင်၏၊ ကမ္ဘာကျမ်းဟောင်းများနှင့်လည်း အလွန်ဆန့်ကျင်၏၊ဗုဒ္ဓဘာသာကျမ်းစာများနှင့်လည်းအလွန်ဆန့်ကျင်၏။]

ထို့ကြောင့် ဗုဒ္ဓဘာသာရာဇဝင်အဆက်ဆက်တို့၌ ထိုမြေလုံးခက်း, မြေလည်ခက်းတို့ကို ပြောဆိုခြင်းမရှိကြစေရန် အစဉ်အဆက် နှိပ်ကွပ်၍ထားကြရ၏၊ ယခုအခါ ထိုမြေလုံးမှု,မြေလည်မှု ပေါ်ပေါက်၍လာပြန်သည့်အတွက် ဗုဒ္ဓဘာသာ လူမျိုးချင်းချင်းပင်အငြင်းအခုန်ဖြစ်ပွါးကြသည်ကို ဆရာတော်ကိုယ်တိုင် များစွာကြားဘူးရ၏၊ ထိုမြေလုံးမှု, မြေလည်မှုကိုယုံကြည်ကြသော လောကဓာတ်ကျောင်းဆရာအချို့တို့က ဗုဒ္ဓဘာသာကျမ်းစာသည် ကမ္ဘာမြေကြီးကစ၍ မှားသည်ဟု- ပြောဆိုသည်များကို ကြားဘူးရ၏၊ ဆရာတော်ကိုပင် ခုံငြင်းဆန်သူများကိုလည်း တွေ့ဘူးရ၏၊ ထို့ကြောင့် ဤမြေလုံးမှု,မြေလည်မှု,အယူဝါဒကြီးပေါ်ပေါက်မှုသည် ဗုဒ္ဓဘာသာကျမ်းဂန်များ၏ ဓမ္မန္တရာယ်ကြီးဖြစ်ချေသည်-ဟု သတိသံဝေဂရရှိသောကြောင့် ဤမြေလုံးမှု,မြေလည်မှု,ဝိဝါဒရှင်းလင်းချက်ကြီးမှာ အဋ္ဌကထာ ဋီကာမပါမူ၍ ဗုဒ္ဓဘာသာပါဠိတော်ရင်းကြီးများကိုသာ ထုတ်ပြန်၍ စေ့စုံစွာ ရှင်းလင်းလိုက်ပေသတည်း။

ကမ္ဘာ့ဝိဝါဒပုစ္ဆာအဖြေပြီး၏။

**ဘာသာရေး ပုစ္ဆာအဖြေပေါင်းချုပ်ကျမ်းပြီးပြီ။**

ဟံသာဝတီစာအုပ်တိုက်
ရန်ကုန်

ဟံသာဝတီစာအုပ်တိုက်
အမှတ်-၃၅၇၊ ဗိုလ်အောင်ကျော်လမ်း
ရန်ကုန်မြို့။